နိုင်ငံတော် ဩဝါဒါစရိယ၊ မြန်မာစာ ဩဝါဒါစရိယ

အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ

ထီးချိုင့်မြို့

# တည်တောဆရာတော်ဘုရားကြီး

၏

# ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ(၁)

ဓမ္မဗျူဟာစာစဉ် (၂၂)

# မွေဖျူဟောစာစဉ် (၂၂)

**ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်** –(၅၂၉/၉၉) (၈)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – –(၄၅၅/၉၉) (၉)

**စတုတ္ထအကြိမ်**

၁၉၉၉–ခု၊ အောက်တိုဘာလ

**အုပ်ရေ** – (၁၀၀၀)

**တန်ဖိုး** – (　　) ကျပ်

**မျက်နှာဖုံးပန်းချီ** – ဦးကျော်

**မွမ်းမံပြင်ဆင်** – ဦးဇေဝ (လစ်သိုအတ်–ဖလင်)

**ကွန်ပျူတာစာစီ** – ရန်ကုန်ကွန်ပျူတာ

**ထုတ်ဝေသူ**

ဦးဝင်းမြင့် (မြ–၁၅၁၂)

ဝင်းမြင့်အောင်စာပေ၊ ၃၁၅/၂၊ ၁–ရပ်ကွက်၊ တိုးချဲ့ထောက်ကြန့်။

**မျက်နှာဖုံးနှင့် အတွင်းရိုက်**

ဒေါ်ခင်သန်း (မြ–၀၂၆၇၂)

နဝရတ်ပုံနှိပ်တိုက်၊ ၁၈၊ သင်္ဃဟာလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

**ဖြန့်ချိရာဌာန**


မွေဖျူဟောသာသနမာမကအဖွဲ့

အမှတ်(၆)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း– ၅၄၉၃၉၇)

# မာတိကာ

အကြောင်းအရာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်းအမှာ | ... | (က) |
| သာသနာနှင့် ဂိုဏ်းကွဲ ဝါဒကွဲများနိဒါန်း | ... | ၁ |
| ခန္ဓာဘုရားနှင့် ဉာဏ်ဘုရား | ... | ၁၆ |
| ဘုရားရေးထုံး | ... | ၂၂ |
| ဗုဒ္ဓ၏ ကျင်ကြီးကျင်ငယ်နံ့ | ... | ၃၀ |
| ဘုရားလောင်း၏ ကြင်ယာတော်နှင့် သားတော်များ | ... | ၃၅ |
| ရဟန်းတော်များ၏ သင်္ကန်းတော် အသွင်အပြင် | ... | ၄၂ |
| အံသကိုဋ်နှင့် လုံကွင်း | ... | ၆၄ |
| အငှားသင်္ကန်းနှင့် ရဟန်းဖြစ်မဖြစ်, သိမ်စပ်မှုပြဿနာ | ... | ၆၈ |
| အသျှင်, အရှင်, ဦးပဥ္စင်း, ကိုရင် ဝေါဟာရ | ... | ၇၅ |
| ရဟန်းတော်များနှင့် အစားလေးမျိုး | ... | ၈၃ |
| မသမာဖြေ စာအောင်ပုဂ္ဂိုလ်များ | ... | ၈၇ |
| ရဟန်းယောင်ကပေးသောပြဿနာများ | ... | ၉၅ |
| အလဗ္ဗီကိုလှူ၍ အကျိုးရှိမရှိ | ... | ၁၀၇ |
| အရာမ်တွင်းနှင့် ထီး, ဖိနပ် | ... | ၁၂၀ |
| ပဗ္ဗာဇနီယကမ္မဝါ, သာသနိကပစ္စည်း, လူ့စိတ်နှင့်ငြိုဟ်နက္ခတ်တာရာ | | ၁၄၂ |
| သီလခံယူမှုနှင့် ကျင့်သုံးမှု | | ၁၆၂ |
| ကာလပရိယန္တသီလ | ... | ၁၇၈ |
| သရဏဂုံတင်ပြဿနာ | ... | ၁၈၆ |
| ဘုံကိုးပါးနှင့် ဘုံခုနစ်ပါး | ... | ၁၉၆ |
| တရားအားထုတ်သူတိုင်း မဂ်ဖိုလ်ရမရ | ... | ၂၀၄ |
| အတ္တ, အနတ္တ, အနတ္တလက္ခဏာ | ... | ၂၁၂ |



ထီးချိုင့်မြို့ တည်တောဆရာတော်
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်သြဝါဒါစရိယ၊ မြန်မာစာသြဝါဒါစရိယ

# နိဒါန်းအမှာ

(၁)

"ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ"

ထီးချိုင့်မြို့ တည်တောဆရာတော်၏ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများကို စာအုပ်ရိုက်ရန် အားထုတ်နေပြီဟု ကြားသိရ၍ စာရေးသူဝမ်းမြောက်ဝမ်းသာဖြစ်မိသည်၊ ဓမ္မဗျူဟာတွင် ဗုဒ္ဓဝါဒဆိုင်ရာ ခဲရာခဲဆစ်များကို အရပ်ရပ် စာဖတ်ပရိသတ်များထံမှ မေးသမျှကို တည်တောဆရာတော်ဘုရားက တာဝန်ယူ၍ ဖြေကြားနေသောအခန်းကဏ္ဍ 'ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ' မှာ စာဖတ်သူတိုင်း ရှေးဦးစွာ လှန်လှောဖတ်ရှုရသော အခန်းကဏ္ဍပင်ဖြစ်ပါသည်၊ ဗုဒ္ဓဝါဒဟူသော ဗုဒ္ဓစာပေမှာ လေ့လာဖတ်ရှု၍ မကုန်မခန်းနိုင်သော စာပေသမုဒ္ဒရာကြီး ဖြစ်ပေရာ ယင်းစာပေသမုဒ္ဒရာကြီးအတွင်းမှ ရတနာအဖြာဖြာ သိစရာမှတ်စရာတို့ကလည်း မကုန်နိုင် မခန်းနိုင် ပေါများကြွယ်ဝလှပါသည်။

ကံအားလျော်စွာ ဆရာသမားတို့ထံ သင်ကြားဖူးသည့်တိုင်အောင် သင်ရုံကြားရုံမျှဖြင့် ဗုဒ္ဓဝါဒ ခဲရာခဲဆစ်တို့ကို မကြေညက်နိုင်၊ ဆရာသမားနှင့် မခွဲမခွာ ခြေရာထပ်မျှ လိုက်ပါနေနိုင်မှ၊ မေးနိုင်မြန်းနိုင် ဆွေးနွေးနိုင်ပါမှ ဗုဒ္ဓဝါဒ အခက်အခဲတို့ကို အတော်အတန် ချေဖျက်နိုင်စရာရှိပါသည်၊ ဤအကြောင်းနှင့်စပ်၍ ပါရာဇိကကဏ်အဋ္ဌကထာလာ မဟာပဒုမထေရ်နှင့် မဟာသုမထေရ်တို့အကြောင်းကို အမှတ်ရမိသည်၊ မဟာသုမထေရ်သည် ဝိနည်းကိုးခေါက်သင်ယူပြီး ဆရာနှင့်ခွဲ၍ ကျောင်းထိုင်ထွက်သွားသည်ကို ဝိနည်းတစ်ဆယ့်ရှစ်ခေါက် သင်ယူပြီးသည့်တိုင်အောင် ဆရာနှင့် မခွဲမခွာ အမြဲနေသော မဟာပဒုမထေရ် အတန်တန်တား၍မရသောအခါ 'သူရော

ဝတ ရေ သေ ဝိနယဓရော’ စသည်ဖြင့် ‘ဩော်–ဤဝိနည်းမိုရ်ကား ရဲရင့်လှပေစွ၊ ဝိနည်းတတ်ကျွမ်း အစွမ်းထက်လှသော ဆရာမြတ်ကြီး ထင်ရှားရှိနေဆဲဖြစ်ပါလျက် ဆရာကိုလက်လွှတ်ပြီး အရပ်တစ်ပါးမှာ နေသင့်နေထိုက်သည်ဟု ထင်မြင်နေဘိ၏၊ ဝိနည်းတတ်ကျွမ်း အစွမ်းထက်မြက်လှသော ဆရာမြတ်ကြီး ထင်ရှားရှိနေဆဲမှာ ဝိနည်းပိဋက ပါဠိ, အဋ္ဌကထာများကို အကြိမ်များစွာအချိန်ယူပြီး မစွန့်မခွာ ကောင်းစွာသင်ကြား၍ မနေသင့်ပါကလား၊ နှစ်ပေါင်းများစွာ မေးမြန်းမှတ်သား သင်ကြားလေ့ကျက်၍ မနေသင့်ပါလား’ ဟု အားမလို အားမရ ညည်းတွားလေသည် ဟူပါ၏။

ဤသည်မှာ ဝိနယပိဋက ဗုဒ္ဓဝါဒဆိုင်ရာ လွန်စွာခက်ခဲလှ၍ ဆရာသမားနှင့် အမြဲနေကာ မေးမြန်းလေ့လာသင်ကြားနေပါမှ သင့်လျော်ကြောင်း ပြောဆိုလိုရင်း ပင်ဖြစ်ပါသည်၊ ထို့အတူ ခဲခက်သော သုတ္တန္တပိဋက, အဘိဓမ္မပိဋကတို့၌လည်း အမြဲတစေ ဆွေးနွေးလေ့လာသင့်ကြောင်း အထူးဆိုစရာမလိုပါချေ၊ ဤကဲ့သို့ ဗုဒ္ဓဝါဒဆိုင်ရာ မေးနေဖြေနေ လေ့လာနေရခြင်းမှာ ယခုခေတ်မှသာမဟုတ်၊ ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါကပင် အစဉ်အလာဓလေ့ထုံးစံကြီးများပင် ဖြစ်ပါ၏။

ပါဠိတော်များတွင် ရှင်သာရိပုတ္တရာ, ရှင်မဟာကောဋ္ဌိက, ရှင်အာနန္ဒာ စသည် တို့ အချင်းချင်း မေးကြဖြေကြသော သုတ္တန်များ, အနာဂါမ်ဝိသာခသူဌေးမေး၍ ရဟန္တာမ ဓမ္မဒိန္နာဖြေသော စူဠဝေဒလ္လ စသော သုတ္တန်များ, နန္ဒကောဝါဒသုတ်, ပါယာသိသုတ် စသည်တို့ဖြင့် မေးကြဖြေကြသော သုတ္တန်များ များစွာရှိပေသည်၊ သာသနာတော် တစ်လျှောက်လုံးတွင် ထို့အတူ မေးကြဖြေကြသော မိလိန္ဒပဉှာ စသော ပါဠိတော်များလည်း ထင်ရှားလှပေသည်၊ မြန်မာသာသနာတွင် စတုရင်္ဂ အမတ်ကြီးမေး၍ ဆူးတွင်းပစ်(ပုဂံ)ဆရာတော် ဖြေကြားပုံ၊ သာလွန်မင်းမေး၍ တောင်ဖီလာဆရာတော်ဖြေကြားပုံ၊ လက်ဝဲနော်ရထာမေး၍ တောင်တွင်းဆရာတော် ခင်ကြီးဖျော်ဖြေကြားပုံ စသည် စာအုပ်စာတမ်းများလည်း ထင်ရှားလှပေသည်၊ ဘိုးတော်မင်းတရားမေး၍ ပထမ မောင်းထောင်ဆရာတော် ဖြေကြားသော ‘အမေး တော်ဖြေ’ ကျမ်းကြီးမှာလည်း ဤခေတ်တွင် မြန်မာစာပေ၏ အမြုတေ ရတနာ ကြီးပင် ဖြစ်ပေတော့သည်။

ဤတွင် အမေးငါးထွေ အဖြေလေးပါးရှိရာ အထက်ဖော်ပြပါ ကျမ်းစာများရှိ အချို့အမေးများမှာ ရိုးရိုးမသိ၍ မေးသော အဒိဋ္ဌဇောတနာမျိုးမဟုတ်ဘဲ ဉာဏ်စမ်း အစွမ်းပြ ဒိဋ္ဌသံသန္ဒနာပုစ္ဆာများလည်း ဖြစ်နိုင်လေသည်။

**အမေး ငါးမျိုးမှာ-**

| | |
|---|---|
| (၁) အဒိဋ္ဌဇောတနာ | =မသိမမြင်၍ သိချင်သဖြင့်မေးသော အမေး။ |
| (၂) ဒိဋ္ဌသံသန္ဒနာ | =မိမိသိပြီးလျက် အယူအဆ တူမတူ သိလို၍ မေးသောအမေး။ |
| (၃) ဝိမတိစ္ဆေဒနာ | =သံသယရှိသဖြင့် ရှင်းလင်းစွာသိလို၍ မေးသော အမေး။ |
| (၄) အနုမတိ | =မိမိနှင့် သဘောတူဖြစ်ရန် ညှိနှိုင်းလို၍ မေးသော အမေး။ |
| (၅) ကထေတုကမျတာ | =မိမိကိုယ်တိုင် ဖြေကြားလို၍ မေးသော အမေး။ |

ဟု (၅)မျိုး ဖြစ်၏။

**အဖြေလေးမျိုးမှာ-**

| | |
|---|---|
| (၁) ဧကံသဗျာကရဏ | =မေးသလောက်ကိုသာ လိုရင်းတိုရှင်းဖြင့် **တိတိ** ပပ ဖြေကြားခြင်း။ |
| (၂) ဝိဘဇ္ဇဗျာကရဏ | =အကျယ်ဝေဖန်၍ ဖြေကြားခြင်း။ |
| (၃) ပဋိပုစ္ဆာဗျာကရဏ | =ပုစ္ဆာတုံ့မေး၍ အရေးအရာအားလျော်စွာ **ဖြေကြား**ခြင်း။ |
| (၄) ဌပနီယဗျာကရဏ | =မေးသည်ကို မဖြေဘဲထား၍ အခြား စကားဖြင့် ဖြေဆိုရခြင်း။ |

ဟူ၍ အဖြေလေးမျိုး ဖြစ်ပေသည်။

စတုရင်္ဂအမတ်ကြီးသည် ဆူးတွင်းပစ်ဆရာတော်အား မသိ၍မေးသော **အဒိဋ္ဌ**ဇောတနာမျိုးဖြင့် မေးသည်မဟုတ်၊ ဒိဋ္ဌသံသန္ဒနာ, အနုမတိပုစ္ဆာမျိုးနှင့် မေးခြင်းမျိုး ဖြစ်ပေသည်၊ သို့သော် ဆူးတွင်းပစ်ဆရာတော်ကား ဝိဘဇ္ဇဗျာကရဏ အဖြေမျိုးဖြင့် အကျယ်ဝေဖန်၍ ထိုက်ထိုက်တန်တန် ဖြေပြလိုက်သဖြင့် ရာသက်ပန်ဆရာတစ်ဆူအဖြစ် ကိုးကွယ်ဆည်းကပ်သွားလေတော့သည်၊ ထို့နောက် ခေတ်အမေးများဖြစ်ကြသော သာလွန်မင်း, အလောင်းမင်းတရား, လက်ဝဲနော်ရထာ, ဘိုးတော်မင်းတရားတို့ အမေးများကား အဒိဋ္ဌဇောတနာများပင် ဖြစ်ကြသည်၊ ဖြေဆိုသူများကလည်း ဧကံသဗျာကရဏ, ဝိဘဇ္ဇဗျာကရဏတို့ဖြင့် တိကျပြတ်သားစွာ ပိုင်းခြားဝေဖန်၍ ထိုက်ထိုက်တန်တန် ဖြေဆိုထားကြသည်ကို တွေ့ရပေသည်။

(၂)

"အမေးကျွဲကျောင်း–အဖြေဘုရားလောင်း" ဟူသော စကားတစ်ရပ်ရှိပေသည်၊ အမေးဟူသည်မှာ လွယ်ကူ၍ ကျွဲကျောင်းသား နွားကျောင်းသားများပင် မေးနိုင်သည်၊ ယင်းကျွဲကျောင်းသား နွားကျောင်းသား မေးသောအမေးကို ဘုရားလောင်းများမှသာ တိတိကျကျဖြေဆိုနိုင်သည်ဟု ဆိုလို၏၊ အဖြေမှာ အကြောင်းယုတ္တိကိုရှာကြံ၍ သင့်လျော်အောင် မေးသူ နားလည်အောင်ဖြေရမည်ဖြစ်ရာ ခက်ခဲလှသည်မှာ မှန်ပါသည်၊ တစ်ခါတစ်ရံ ကြံကြံဖန်ဖန်စိတ်ကူး၍ မေးသူကမေးသဖြင့် အာဘော်မမိ အလိုကိုမသိသဖြင့် ပညာရှိကြီးများပင် အဖြေခက်သွားနိုင်သည်လည်း ရှိပေသေးသည်။

စွယ်စုံကျော်ထင်ကျမ်း နိဂုံးတွင် ကျွဲကျောင်းသား တစ်ယောက်သည် ခလောက်ဆွဲလျက် မြက်စားနေသော ကျွဲ၏လည်ပင်းမှ ဗျပ်ကြောင်းဗျပ်ကြောင်းနှင့် မြည်နေသော အသံကို မှတ်ပြီးလျှင် ပညာရှိရဟန်းတော်တစ်ပါးအား 'အရှင်ဘုရား–ဗျပ်ကြောင်းသဒ္ဒါသည် အဘယ်ကို ဟောပါသနည်း' ဟု မေးလျှင် ထိုအရှင်သည် ကျမ်းဂန်တွင် တွေးမြော်၍မမြင်သဖြင့် ဖြေတော်မမူနိုင်ဘဲရှိလေသည်ဟူ၍ တစ်ရပ်၊ ပုဂံပြည်၌ တစ်ဦးသောရက်ကန်းသည် ဒါယိကာမသည် ဗိုင်းထုပ်ကို ရွက်၍လာစဉ် အကြံရသဖြင့် ကျမ်းတတ်မထေရ်တစ်ပါးအား 'အရှင်ဘုရား–ပြဿနာတစ်ခု ဒကာမအား မေးခွင့်ပြုပါ၊ ဗုဒ္ဓေသဒ္ဒါ, ဗုဒ္ဓေါသဒ္ဒါ, ဗုဒ္ဓံသဒ္ဒါတို့သည် ဘုရားရှင်ကိုဟော၏၊ မှန်ပါပြီ၊ ဗုဒ္ဓိုင်းသဒ္ဒါသည် အဘယ်အနက်ကို ဟောပါသနည်း'ဟု မေးလျှင် ထိုကျမ်းတတ်မထေရ်အရှင် ဆင်ခြင်၍မရသဖြင့် အရှုံးပေးလိုက်ရသည်ဟူ၍ ပါရှိ၏၊ ကျွဲကျောင်းသား၏ နှလုံးသွင်း, ရက်ကန်းသည်၏ အာဘော်ကို သိမထားသော ကျမ်းတတ်ဆရာတို့သည် အမေးရှိလျက် အဖြေမထွက်နိုင်သည်မှာ မဆန်းလှပါချေ။

ယင်းစွယ်စုံကျော်ထင်နိဂုံးတွင်ပင် ဤသို့ပါရှိ၏၊ အမေးအဖြေနှစ်ပါးသည် အမေးသည်ခဲယဉ်းသလော၊ အဖြေသည်ခဲယဉ်းသလောဟူငြားအံ၊ မေးလိုသောသူသည် မိမိသင်၍လည်းကောင်း, သူတစ်ပါးထံမှကြား၍လည်းကောင်း, အလိုလိုကြံဆ၍လည်းကောင်း ရအပ်သောအနက်သဘောကို မေးရသောကြောင့် ဝန်လေးသည်၊ ခဲယဉ်းသည်မဟုတ်၊ ဖြေသောသူသာလျှင် ဥပမာ ဥပမေယျ သာဓကယုတ္တိကို နှိုင်းညှိ၍ ဖြေဆိုရသောကြောင့် ဝန်လေးခဲယဉ်းလှသည်ဖြစ်၏၊ တစ်နည်းလည်း အကြောင်းယုတ္တိကို ရှာလျက် သင့်လျော်စွာမေးခြင်းလည်း ခဲယဉ်း၏၊ အကြောင်းကို ဖော်ဖွေ၍

အဖြေပြုရခြင်းသည်လည်း ခဲယဉ်း၏၊ သတိပညာကြီးစွာသောသူတို့၏ အာရုံမှုရာသာဖြစ်၏။

ထို့ကြောင့် ရထဝိနီတသုတ်အဋ္ဌကထာ၌–

> ကိံ ပဥှသ ပုစ္ဆနံ ဘာရိယံ ဥဒါဟု ဝိဿဇ္ဇနန္တိ . ဥဂ္ဂဟေတွာ နော ဘာရိယံ။ ဝိဿဇ္ဇနံ ပန ဘာရိယံ၊ သဟေတုကံ ဝါ သကာရဏံ ကတွာ ပုစ္ဆနမ္ပိ ဝိဿဇ္ဇနမ္ပိ ဘာရိယမေဝါတိ၊ ဥပဋ္ဌိတသဿတိနံ ပန ဥဘယမ္ပေတံ န ဒုက္ကရံ–

ဟု ဖွင့်ဆို၏၊ အထက်ဖော်ပြပါ အဓိပ္ပာယ်ပင်ဖြစ်၏။

ယင်းသို့ အဋ္ဌကထာဆရာ စကားနှစ်ခွန်းဆိုသည်တွင် 'အမေးလွယ်၏၊ အဖြေခက်သည်' ဟူသော ပထမစကားသာလျှင် များစွာသော ဇာတ်နိပါတ်ဝတ္ထုသက်သေတို့နှင့်ညီသည်၊ အဘယ်သို့ ညီသနည်းဟူမူ ဥမင်္ဂဇာတ်တော်၌ မဟောသဓသုခမိန် ပညာရှိမရှိ စမ်းခြင်းငှာ တစ်ဆယ့်လေးရပ်သော ပြဿနာတို့ကို ပညာသင့်ရုံရှိသော သိန်း, ဒေဝိန်း, ကာမိန်း, ပက္ကုသ်တို့ပင် ပြုလုပ်နိုင်ပါသည်၊ တစ်ဦးလုပ်သောပြဿနာကို တစ်ဦးဖြေခြင်းငှာ မတတ်နိုင်၊ ဘုရားလောင်း သုခမိန်သာလျှင် မေးလာသမျှပုစ္ဆာ၏အနက်တို့ကို ပြက်ပြက်ထင်ထင် သိမြင်နိုင်ပေသည်။

မိလိန္ဒပဥှာတွင်လည်း ပုထုဇဉ်ပညာရှိဖြစ်သော မိလိန္ဒမင်းကြီး မေးသောပြဿနာတို့ကို ပဋိသမ္ဘိဒါပတ္တ တိပိဋကရေဖြစ်သော ရဟန္တာအရှင်မြတ်တို့မှ ဖြေဆိုခြင်းငှာ မစွမ်းနိုင်ကြသောကြောင့် ယောနကတိုင်းမှ ရှောင်ခွာ၍ ဟိမဝန္တာအစပ်၌ နေကြရသည်၊ ရှေးပါရမီဝိသေသကြီးမြတ်လှသော အရှင်နာဂသေနမထေရ် ရောက်လာမှ ရဟန္တာအပေါင်းတို့သည် သာဂလမြို့သို့ လာဝံ့ကြသည် (မိလိန္ဒ ပါ–၆) ဟု ဆိုပေသည်။

ဤသည်တို့ကို ထောက်ထား၍ ဖြေဆိုရခြင်းမှာ လွန်စွာခဲယဉ်းလှသည်ကို သိမြင်နိုင်ကြပါ၏။

(၃)

ဤစာအစတွင် ဖော်ပြခဲ့သည့်အတိုင်း 'ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ' ဆိုသောကဏ္ဍမှာ ဓမ္မဗျူဟာစာစောင်၌ လစဉ်ပါရှိနေသော ထီးချိုင့်မြို့ တည်တောဆရာတော်၏ နိဗဒ္ဓဆောင်းပါးများပင်ဖြစ်၏၊ တည်တောဆရာတော်သည် ယခင်ကကြုံရာကြုံရာ လျော်စွာသော ဆောင်းပါးများကိုရေး၍နေရာ ဆရာတော်၏ ဆောင်းပါး

လက်ရာအရ ပညာအရည်အသွေးကိုပါ သိလာကြသော မွေ့ဗျူဟာ စာဖတ်ပရိသတ်များက ဗုဒ္ဓဝါဒဆိုင်ရာ ပြဿနာမေးခွန်းပုစ္ဆာများကို သိလိုရေးဖြင့် စာရေးမေးမြန်းကြကုန်၏၊ ပထမတွင် ဆရာတော်သည် ရေးနေကြဆောင်းပါးများတွင် ကြားညှပ်၍ ဖြေဆိုနေရာမှ ကြာသော် အမေးပြဿနာများ များပြားလာသည်နှင့်အမျှ ဤ 'ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ' ဟု အခန်း သီးသန့်ဖွင့်၍ လစဉ် ဖြေဆိုနေရပေတော့သည်။

ဆရာတော်သည် ယခုအချိန်တွင် စိန်ရတုသဘင်ရောက် သက်တမ်းတော် ပေါက်ခဲ့သည်အထိ တောက်လျှောက် စာပေရေးသားခြင်း၌ မွေ့လျော်ခဲ့ပေသည်၊ စာပေအရေး မွေ့လျော်တော်မူသည်နှင့်အမျှ စာပေပညာကလည်း လိုက်လျောညီထွေ ရှိလှပေသည်၊ ဤနိဒါန်းရေးသူသည် စာပေဖတ်ရှုတတ်ခါစ ဗာလအရွယ်ကပင် ဆရာတော်၏စာပေတို့နှင့် တွေ့ကြုံဆုံဆည်းခဲ့ရ၏၊ ထိုစဉ်ကပင် 'ထီးချိုင့်နတ်စိုး' ဟူသော ကလောင်အမည်အပြင် 'ရွှေထီးကုန္တရာ' စသော အခြားအမည်ခွဲများစွာလည်း ရှိသေးသည်၊ 'ထီးချိုင့်နတ်စိုး' ဟူသော ကလောင်၏ သွေးဆောင်ခေါ်ငင်ရာသို့ ပျော်ပျော်ရွှင်ရွှင်ကြီး လိုက်ပါခဲ့ရ၏၊ တစ်ဖန် 'ထီးချိုင့်နတ်စိုး' ဟူသည် 'တည်တော် ဆရာတော်'ဟု သိရှိသောအခါ ပို၍ နှစ်သိမ့်ကြည်နူးမိကာ မြူးမြူးရွှင်ရွှင်ပင် နည်းယူလိုက်နာခဲ့ပေသည်၊ ယခုသော် စာပေတာဝန် သာလွန်ကြီးလေးလှသော အဖွဲ့အစည်းတစ်ခုတွင် ဆရာတော်နှင့် ဤနိဒါန်းရေးသူအတူတာဝန်ထမ်းဆောင် ရသောအခါတွင် ပိုမိုနီးနီးကပ်နေရ၍ ဆရာတော်၏ အရည်အသွေးကို လေးလေး နက်နက် သိလာရသဖြင့် အထူးပင် ကြည်ညိုမြတ်နိုး ရိုကျိုးဆည်းကပ်မိတော့သည်။

ထိုအခါမှပင် ဤ 'ယနေ့ ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ'လို အခန်းကဏ္ဍမျိုး ကျမ်းစာမျိုးမှာ ထိုက်ထိုက်တန်တန်နှင့် ပြုစွမ်းနိုင် ဖြေစွမ်းနိုင်သော ဆရာတော်နှင့်မှ အံဝင်ဂွင်ကျ တွေ့ကြုံရပေသည်ဟု ကြည်နူးနှစ်သိမ့်မှု ပွားများရပေသည်၊ အဘယ်ကြောင့် ဆိုသော် ဤယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အချို့အမေးများမှာ သာမန်ပညာအရည်အချင်းမျှဖြင့် ဖြေဆိုခြင်းငှာမထိုက်သော အမေးများ ဖြစ်ကြပါ၏၊ သာမန် ဇျပ်ကြောင်း ဗုဒ္ဓိုင်းလို အမေးမျိုး ပါသလို သုတ္တန်ဆိုင်ရာ ဝိနည်းဆိုင်ရာ အဘိဓမ္မာဆိုင်ရာ များစွာသော အမေးတို့လည်း ပါပေသည်၊ ကျွဲကျောင်းသားလို အမေးရှင်များမှသည် ပညာရှင် ရဟန်းတော်များထံမှ အဒိဋ္ဌဇောဒနာ, ဒိဋ္ဌသံသန္ဒနာ ပုစ္ဆာတို့ ပါရှိရာ သာမန်ပညာရှင်အဖို့ ဉာဏ်အမြင်သက်ဝင်ရန်ပင် မလွယ်လှပေ၊ ဆရာတော်ကား ကလောင် ဝါရင့်သလောက် နှိုက်နဲသော လောကုတ္တရာ စာပေအမြင်, လောကီဗဟုသုတ အမြင်တို့ကြောင့်

အဆင်သင့် အခွင့်လျော်အောင် ဂေါ်သဗျာကရဏလို တစ်မျိုး, ဝိဘင်္ဂဗျာကရဏလို တစ်ထွေ အမျိုးမျိုးပင် ဖြေဆိုတော်မူနိုင်ခဲ့ပေသည်၊ ထို့ပြင် ဤခေတ်တွင် ထင်ရှားသမျှ လောကီ လောကုတ္တရာစာပေ စာအုပ်စာတမ်း အထွေထွေကလည်း လိုလေသေးမရှိ ပြည့်စုံအောင် သိုမှီးထားနိုင်သဖြင့် ဆရာတော်၏ ဉာဏ်အစဉ်ကို ဝင်ရောက် အထောက်အကူပေးနေပြန်ပေသည်။

ထို့ကြောင့် ဆောင်းပါးများစွာကို စုဆောင်းပေါင်းချုပ်၍ စာအုပ်ပြုလုပ်ထားသော ဤ 'ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ' ခေါ်သော ကျမ်းစာသည် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာနှင့် ဗုဒ္ဓဘာသာလောကတွင် ဝိဝါဒ, ဝိမတိ ရှိသမျှ ငြိသမျှ အညစ်အကြေး အပြစ်ဘေးတို့ကို ဆေးကြောသုတ်သင် သန့်စင်ပေးနိုင်သည့် ကျမ်းကြီးတစ်ကျမ်း ဖြစ်လာမည်မှာ သေချာလှပေသည်၊ လပေါင်းများစွာ နှစ်ပေါင်းများစွာ ဓမ္မဗျူဟာ စာစောင်တွင် ဖြေဆိုလာခဲ့သဖြင့် စာအုပ်အနေဖြင့်လည်း တစ်အုပ်နှင့်မပြီး နှစ်အုပ်နှင့်မပြီး ဆက်ကာဆက်ကာ ထွက်လာရမည်သာဖြစ်ရာ စာအုပ်အဖြစ်သို့ရောက်အောင် ပို့ဆောင် ထုတ်ဝေမှုတာဝန်ကို ယူနေပေသော 'ဓမ္မဗျူဟာမိသားစု' တို့ကသာ စာပေတာဝန် ကို ကျေပါစေဟု ဆုတောင်းရပေတော့သည်။

ရဝေထွန်း
(ဖုန်း-၅၂၁၈၀)

၁၄-၆-၈၈
ရန်ကုန်မြို့။

[illegible]

[illegible]

[illegible]

[illegible]

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ




# သာသနာနှင့် ဂိုဏ်းကွဲဝါဒကွဲများနိဒါန်း

အာဂန္တု ဦးဓမ္မကိတ္တိအကြံ

“ကိုရင်တို့ ဆရာတော်ရှိသလား”

“ရှိတယ်ဘုရား၊ အခန်းထဲမှာ စာကြည့်နေတယ်”

ကျောင်းခန်းအပြင်ဘက်မှ မေးသံ ဖြေသံများကိုကြားရ၍ အာဂန္တုရောက်ပြီဟူသောအသိဖြင့် ကျောင်းခန်းအပြင်ဘက်သို့ ထွက်လာခဲ့ပါသည်၊ ဧည့်ခန်းဆောင်တွင် ဦးပဉ္စင်းတစ်ပါး ထိုင်နေသည်ကိုတွေ့ရ၏၊ ကျောင်းခန်းတွင်းမှ ထွက်လာသည်ကိုမြင်၍ ဦးပဉ္စင်းသည် ဒူးတုပ်ထိုင်နေရာမှ ဆောင့်ကြောင့်ပြန်ထိုင်ရင်း ရိုရိုသေသေ ဦးချရှိခိုးလေသည်၊ ရှိခိုးပြီးသော် ‘ဆရာတော်နေကောင်းပါရဲ့လားဘုရား’ မှာ [illegible]င်နှုတ်ဆက်လာသည်၊ နေကောင်းကြောင်းပြန်လည်ပြောဆိုရင်း အာဂန္တုဦးပဉ္စင်းအား သိသလိုလို မသိသလိုလို ဇဝေဇဝါဖြစ်နေသည်၊ သေသေချာချာတွေးကြည့်သောအခါမှ ဦးပဉ္စင်း၏ ငယ်ရုပ်ပေါ်လာသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်ကာလက ဓမ္မကိတ္တိ အမည်ရှိသော ဦးပဉ္စင်းတစ်ပါးသည် တည်တောကျောင်းသို့ ခေတ္တလာရောက်ဖူးသည်၊ ၎င်းသည် စာပေအရေးအသား၊ ကဗျာအရေးအသားများ လိုက်စားလိုသောကြောင့် ခေတ္တမျှ လာရောက်လေ့လာခြင်းဖြစ်ပါသည်၊ ထိုစဉ်က နှစ်လခန့်မျှ နေထိုင်သွားဖူးပါသော်လည်း နှစ်ကာလကြာညောင်းလာသည်နှင့်အမျှ ရုပ်ရည်အသွင်သဏ္ဌာန်များလည်း ပြောင်းလဲနေသောကြောင့် ရုတ်တရက် မမှတ်မိခြင်းဖြစ်လေသည်၊ ပြန်လှန်စဉ်းစားသောအခါ ငယ်ရုပ်ကိုဖမ်းမိ၍ 'ဓမ္မကိတ္တိ' ဖြစ်ကြောင်း သိလာပါသည်။

"ဩော်–ဘယ်သူများလဲလို့ စဉ်းစားနေလိုက်ရတာ၊ ဓမ္မကိတ္တိကိုး"

"မှန်ပါ–ဆရာတော်မှတ်မိသားပဲ၊ တပည့်တော်က မှတ်မိမှာမဟုတ်ဘူးလို့ထင်နေတာ"

"အေး–ဟုတ်တယ်၊ ရုတ်တရက်တော့ မမှတ်မိဘူး၊ အတော်စဉ်းစားမှ မှတ်မိလာတယ်၊ ခုဓမ္မကိတ္တိ ဘယ်မှာနေသလဲ"

"တပည့်တော် ဘယ်မှာမှ အမြဲအစွဲ မနေဘူးဘုရား၊ ဆရာတော်ဘုရား ခြေရင်းကထွက်သွားပြီး တပည့်တော်မြန်မာနိုင်ငံအားလုံး အနှံ့အပြားလည်ပတ်နေတယ် ဘုရား၊ မြန်မာနိုင်ငံတော်အတွင်း ပြည်နယ်တွေရော တိုင်းတွေရော တပည့်တော် မရောက်တဲ့အရပ်ရယ်လို့ မရှိတော့ဘူးဘုရား"

"အင်း–ယခင်ခေတ်ဟောင်းတုန်းက ဂျာနယ်ကျော်မှာ အမည်မဖော်လိုသော လူငယ်တစ်ဦးက 'ထိုင်း, ဂျပန်တစ်ခွင် ပြိုပြိုစင် ရောက်ခဲ့စဉ်က ' ခေါင်းစဉ်တပ်ပြီး ထိုင်းအကြောင်း၊ ဂျပန်အကြောင်း ရေးထားသလို ဓမ္မကိတ္တိလည်း 'မြန်မာနိုင်ငံအတွင်းပြိုပြိုစင် လှည့်ခဲ့စဉ်က' လို့ ခေါင်းစဉ် တပ်ပြီး စာတစ်အုပ်ရေးသေးတာပေါ့ကွယ်၊ အရေးကောင်းရင်လည်း စာပေဗိမာန် ဆုကလေးများ ရလိုရငြားပေါ့"

"တပည့်တော်ရဲ့ မူလရည်ရွယ်ချက်က ဒီလိုစာတစ်အုပ်ရေးသားဖို့ အချက်အလက်ရှာဖွေတာပါပဲဘုရား၊ ဒါပေမယ့် အချက်အလက်ရှာဖွေရင်း သာသနာတော်အတွက် အရေးကြီးတဲ့အချက်တွေ တွေ့နေလို့ လမ်းစဉ်ပြောင်းသွားတယ်ဘုရား"

"ဘယ်လိုအချက်တွေများ တွေ့လာသလဲဆိုစမ်းပါဦး"

"မြန်မာနိုင်ငံတော်မှာ အလွန်ခေါင်လှတဲ့ အချို့နေရာတွေမှ တစ်ပါး များသောအားဖြင့် ဗုဒ္ဓသာသနာတော်ထွန်းလင်းတဲ့ဌာနတွေ များပါတယ် ဘုရား၊ ဒါပေမယ့် ခက်တာက ဗုဒ္ဓသာသနာတော်တော့ ထွန်းလင်းပါရဲ့၊ အယူအဆ ကျတော့ အချို့နေရာတွေမှာ ဝါဒကွဲတွေ အတော်များများ တွေ့နေရတယ်ဘုရား၊ အဲဒီဝါဒကွဲတွေကို ဘယ်ဟာမှန်တယ်၊ ဘယ်ဟာမှားတယ်လို့ အတိအကျ အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေဆိုတာလည်း နယ်စွန်းနယ်ဖျားတွေမှာ မရှိဘူး၊ ဒီလို ခိုင်ခိုင်မာမာ အဆုံးအဖြတ်ပေးနိုင်တဲ့ပုဂ္ဂိုလ် မရှိလေတော့ အချို့ အရပ်တွေမှာ ဗုဒ္ဓဘာသာဝင်အချင်းချင်း သူ့အယူမှန်တယ်၊ ငါ့အယူမှန်တယ်လို့ ငြင်းခုံမှုတွေဖြစ်လာကြတယ်ဘုရား၊ အမှန်မှာ ဗုဒ္ဓဘုရားရှင်ဟာ သည်းခံမှုခန္တီ တရားကို အလေးအနက်ထားတော်မူတာမို့ ဗုဒ္ဓဘာသာဝင်များဟာ စွမ်းနိုင် သမျှ သည်းခံသင့်ကြပါတယ်၊ ခုတော့ ဒီလိုမဟုတ်ဘူး၊ သူ့ဟာမှန်တယ်၊ ငါ့ဟာမှန်တယ်နဲ့ ဗုဒ္ဓဘာသာဝင်အချင်းချင်း တုတ်တစ်ပြက်ဓားတစ်ပြက်တောင် ဖြစ်လာကြတယ်ဘုရား၊ ဒါတွေကို မြင်နေ ကြားနေရတော့ တပည့်တော် အကြံတစ်ခု ဖြစ်ပေါ်လာတယ်ဘုရား"

"ဘယ်လိုအကြံများ ဖြစ်ပေါ်လာတုန်း ဆိုစမ်းပါဦး"

"အကြံက ဒီလိုပါဘုရား၊ ဥပရိပဏ္ဏာသပါဠိတော်မှာ ဝိဇ္ဇာကွဲတာနဲ့ ပတ်သက်တဲ့ သုတ်တစ်သုတ်လာရှိတယ်ဘုရား၊ သုတ်ရဲ့အမည်ကတော့ 'သာမဂါမသုတ်' ပါဘုရား၊ သုတ်ရဲ့အဓိပ္ပာယ်ကတော့–

## သာမဂါမသုတ်

"အခါတစ်ပါး မြတ်စွာဘုရားသခင်ဟာ သက္ကတိုင်း သာမအမည်ရှိတဲ့ ရွာမှာ ခေတ္တ သီတင်းသုံး စံနေတော်မူပါသတဲ့၊ အဲဒီအချိန်မှာ ရာဇဂြိုဟ်ပြည်က ဘုရားကြီးခြောက်ဆူ စာရင်းဝင်ဖြစ်တဲ့ နာဋ္ဌရဲ့သား နိဂဏ္ဌာတက္ကတွန်းဟာ ပါဝါပြည်မှာ ကွယ်လွန်ပါသတဲ့ ဘုရား"

"ဘုရားကြီး ခြောက်ဆူဆိုတာ ဘယ်သူတွေများလဲ စာရင်းထုတ်ပြဦးမှ ပေါ့ကွယ်"

"ဂေါတမရှင်တော်ဘုရား မပွင့်ပေါ်မီ ရာဇဂြိုဟ်ပြည်မှာ ကိလေသာကုန်ခမ်းဘဲနှင့် ကိလေသာကုန်ပြီလို့ဝန်ခံပြီး သူတို့ထင်ရာ တရားများဟောကြားနေကြတဲ့ တိတ္ထိဘုရားကြီး ခြောက်ဆူတို့က–

(၁) ပုရာဏ ကဿပ၊
(၂) မက္ခလိ ဂေါသာလ၊
(၃) အဇိတ ကေသကမ္ဗလ၊
(၄) ပကုဓ ကစ္စာယန၊
(၅) သဉ္စယ ဗေလဋ္ဌပုတ္တ၊
(၆) နိဂဏ္ဌ နာဋပုတ္တ–လို့ ခေါ်ဝေါ်ကြပါသတဲ့ ဘုရား"

"သူတို့ရဲ့ အယူဝါဒကကော ဘယ်လိုတဲ့တုန်းကွယ့်"

"မှန်ပါ၊ ပုရာဏကဿပရဲ့ အယူက မကောင်းမှုပြုသော်လည်း မကောင်းမှုမဖြစ်၊ ကောင်းမှုပြုသော်လည်း ကောင်းမှုမဖြစ်ဘူးလို့ ယူဆပါသတဲ့၊ မက္ခလိဂေါသာလကတော့ သတ္တဝါများဟာအကြောင်းမရှိဘဲ ဖြစ်ကြတယ်၊ သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကြတယ်၊ ရှစ်သန်းလေးသိန်းသော မဟာကပ်တို့ပတ်လုံး ကျင်လည်ကြ၍ ကပ်ကုန်သောအခါ ဆင်းရဲခြင်းဆုံးလိမ့်မယ်လို့ အယူရှိတယ်၊ အဇိတကေသကမ္ဗလက အလှူပေးလို့အကျိုးမရှိ၊ ကောင်းမှု မကောင်းမှုကံတို့ရဲ့ အကျိုးမရှိ၊ အမိကျေးဇူးမရှိ၊ အဖကျေးဇူးမရှိ၊ သေ၍တစ်ဖန်ဖြစ်သော သတ္တဝါမရှိ၊ အရိယာဖြစ်သော သတ္တဝါဟူ၍မရှိ၊ သတ္တဝါဟာ မဟာဘုတ်လေးပါးအစုမျှသာဖြစ်လို့ သေသောအခါ မြေဓာတ်သည် မြေနှင့် ပူးပေါင်း၍ ရေ, မီး, လေဓာတ်တို့ဟာလည်း ရေ, မီး, လေဓာတ်အချင်းချင်း ပေါင်းသွားကြလိမ့်မည်၊ နာမ်တရားက ကောင်းကင်ကို ပြန်တက် ပျောက်ကွယ်သွားမယ်၊ ခန္ဓာကိုယ်ပျက်စီးသည်၏နောက်၌ ပြတ်စဲတယ်လို့ အယူရှိပါတယ်။

ပကုဓကစ္စာယနက ရေ, မြေ, မီး, လေ, ချမ်းသာ, ဆင်းရဲ, အသက်ဤခုနစ်ပါးသောတရားများဟာ အမြဲတည်တယ်၊ မဖောက်ပြန်ဘူး၊ ချမ်းသာအောင် ဆင်းရဲအောင် ပြုလုပ်လို့မဖြစ်ဘူး၊ သတ်လို့လည်းမသေဘူးလို့အယူရှိတယ်၊ သဉ္စယ ဗေလဋ္ဌပုတ္တက သူတစ်ပါးက ရှိသလားမေးလျှင် ရှိတယ်၊

မရှိဘူးလားမေးလျှင် မရှိဘူး စသည်ဖြင့် မခိုင်မာတဲ့အယူရှိပါသတဲ့၊ နိဂဏ္ဌ နာဋပုတ္တက ရေဘေးကိုတားမြစ်ခြင်း၊ မကောင်းမှုကိုတားမြစ်ခြင်း၊ မကောင်းမှုကို တားမြစ်ခြင်းဖြင့်ပယ်ခွာပြီးဖြစ်တယ်၊ လွတ်မြောက်ရာကိုတွေ့ပြီးဖြစ်တယ်လို့ အယူရှိပါသတဲ့၊ ဒီလိုအယူဝါဒအမျိုးမျိုးရှိနေကြတဲ့ဘုရားကြီး ခြောက်ဆူအနက် နိဂဏ္ဌနာဋပုတ္တ ကွယ်လွန်တဲ့အခါ ကျန်ရစ်ကြတဲ့တပည့်တွေဟာ နှစ်ပက္ခဖြစ်ပြီး အချင်းချင်း ငြင်းခုံကြသတဲ့၊ အချင်းချင်း သူမှန် ငါမှန်ငြင်းခုံပြီး ခိုက်ရန်တွေ ဖြစ်ကြသတဲ့ ဘုရား"

"အင်း-ဆက်စမ်းပါဦး"

"နိဂဏ္ဌရဲ့တပည့်တွေ ဒီလို ခိုက်ရန်ဖြစ်လာကြတော့ သူတို့ကို ယုံကြည် ကိုးကွယ်နေကြတဲ့ ဒကာ ဒကာမတွေဟာ သူတို့အပေါ် ငြီးငွေ့လာကြပါသတဲ့၊ ကြည်ညိုချစ်ခင်ခြင်း ကင်းလာကြပါသတဲ့၊ ရိုသေခြင်း နှိမ့်ချခြင်းလည်း ဆုတ်နစ်လာကြပါသတဲ့၊ အဲဒီအခါ အရှင်သာရိပုတ္တရာရဲ့ညီတော် အရှင်စုန္ဒဟာ ပါဝါပြည်မှာ ဝါဆိုတော်မူတယ်၊ ဝါလကျွတ်တဲ့အခါ ပါဝါပြည်က သူ့ရဲ့ ဥပဇ္ဈာယ်ဆရာ အရှင်အာနန္ဒာရှိရာ သာမဂ္ဂာကို ကြွလာပါသတဲ့၊ သာမဂ္ဂာကို ရောက်တော့ ဆရာရင်းဖြစ်တဲ့ အရှင်အာနန္ဒာထံ ဦးစွာဝင်ပြီး ရှိခိုးကန်တော့ ပါသတဲ့၊ ရှိခိုးကန်တော့ပြီးတော့ ပါဝါပြည်မှာ နိဂဏ္ဌကွယ်လွန်တဲ့အတွက် သူ့တပည့်များ ကွဲပြားသွားကြပုံကို လျှောက်ထားသတဲ့ဘုရား၊ ဒီလိုလျှောက်ထား တော့ အရှင်အာနန္ဒာဟာ ဒီစကားဟာ ဘုရားရှင်ကို လျှောက်ထားဖို့ စကား လက်ဆောင်ဖြစ်တယ်၊ ဘုရားရှင်ထံသွားပြီး ဒီအကြောင်း လျှောက်ထားကြစို့ လို့ အရှင်အာနန္ဒာနှင့် အရှင်စုန္ဒတို့ဟာ ဘုရားရှင်ထံ သွားရောက်ကြပြီး အရှင် အာနန္ဒာက-

"အရှင်ဘုရား-ဤစုန္ဒ ဟာ ယခုပါဝါပြည်မှလာပါတယ်၊ ပါဝါပြည်မှာ နာဋပုတ္တ*(ကချေသည်၏သား) နိဂဏ္ဌ ကွယ်လွန်တဲ့အတွက် နိဂဏ္ဌ တည် ထောင်ခဲ့တဲ့ နိဂဏ္ဌဂိုဏ်းဟာ အချင်းချင်းကွဲပြားပြီး ငြင်းခုံခိုက်ရန်ဖြစ်ကြပါ သတဲ့၊ အချင်းချင်းဆန့်ကျင်ဘက်စကားကိုဆိုပြီး သူ့အပြစ်ငါပြော ငါ့အပြစ်

ပြောနှင့် မာန်အမျက်တွေ ထူပြောနေကြပါသတဲ့၊ နိဂဏ္ဌာအချင်းချင်း စေ့စပ်မရအောင် ကွဲပြားမှုရှိနေတဲ့အတွက် သူတို့ကို ကိုးကွယ်ကြတဲ့ ဒကာ ဒကာမတွေလည်း သူတို့အပေါ်စိတ်ပျက်ပြီး ငြီးငွေ့ကြပါသတဲ့ဘုရား၊ ဒီသတင်းကို ကြားရတော့ တပည့်တော်ရဲ့စိတ်ထဲမှာ စိုးရိမ်မှုတွေဖြစ်လာပါတယ်၊ အကယ်၍များ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့လျှင် သာသနာတော်အတွင်း မှီတင်း နေထိုင်ကြတဲ့ ရဟန်းတော်များလည်း နိဂဏ္ဌာတို့လိုများ ကွဲပြားကြကုန်မလား၊ တစ်ပါးနှင့်တစ်ပါး ရန်သူတွေလိုဆန့်ကျင်ဘက်ဖြစ်ကုန်ကြမလား၊ ရဟန်းတော် အချင်းချင်း တိုက်ခိုက်မှုတွေဖြစ်လာတဲ့အတွက် သာသနာတော်ကို ထောက်ပံ့ အားပေးနေကြတဲ့ ဒကာ ဒကာမတွေစိတ်ဓာတ်ကျပြီး သာသနာတော်ကြီးကို မျက်ကွယ်ပြုကုန်ကြမလားလို့ တပည့်တော်စိုးရိမ်မိပါတယ်ဘုရား၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာတော်မှာ ကျန်ရစ်တော်မူကြတဲ့ ရဟန်းတော်များ ဒီလိုငြင်းခုံမှု၊ ခိုက်ရန်ဖြစ်မှု၊ တစ်ယောက်အပြစ်တစ်ယောက်ရှာမှု မဖြစ်ကြပါစေနှင့်၊ သံဃာတော်အချင်းချင်း ငြင်းခုံခြင်း ကွဲပြားခြင်းဟာ များစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ကောင်းကျိုးမပေးပါဘူး၊ ဆိုးကျိုးသာ ပေးပါတယ်ဘုရား၊ များစွာသောလူတို့ရဲ့ အစီးအပွားမဲ့၊ များစွာသော လူတို့ရဲ့ ချမ်းသာမဲ့၊ များစွာသောလူနတ်တို့ရဲ့ အကျိုးမဲ့ကို ဖြစ်စေတတ်တဲ့

---

* နိကဏ္ဌာကို ဗုဒ္ဓဘာသာဝင်တို့က နာဋပုတ္တ ကချေသည်မ၏သားဟုဆိုကြသော်လည်း ၎င်း၏အတ္ထုပ္ပတ္တိ၌မူကား ဝေသာလီပြည် လိစ္ဆဝီမင်းမျိုးမှဖွားမြင်၍ ဝယ်နာမည် ပဒ္ဓမာနဖြစ်သည်၊ အရွယ်ရောက်သောအခါ ယသောဓာမည်သော မင်းသမီးနှင့်လက်ထပ်ပြီး သမီးတစ်ယောက်ရသည်၊ ၎င်းနောက် ဂျာမာလီနှင့် လက်ထပ်ပြန်သည်၊ အသက် ၃၀–အရွယ်တွင် ဃရာဝါသကိုရှောင်၍ ၁၃–လ တိုင်တိုင် အဝတ်မဝတ်သောအကျင့်ကိုကျင့်သည်၊ အလွန်လုံ့လကြီးသောကြောင့် (မဟာဝီရဆွာမိ)ဟုခေါ်ဝေါ်ကြသည်၊ မက္ခလိဂေါသာလနှင့်အတူ ခြောက်နှစ်ကြာအောင် အလွန်ပြင်းထန်သောအကျင့်များကို ကျင့်ခဲ့ကြပြီးနောက် အယူဝါဒကွဲသွားကြသည်၊ မဟာဝီဆွာရသည် ပြင်းထန်သောအကျင့်ကို ၁၂–နှစ်တိုင်အောင်ကျင့်၍ ၁၃–နှစ်မြောက်တွင် ကိလေသာအထုံးအဖွဲ့မှ လွတ်မြောက်ပြီဟူသော အယူအဆ နှင့် (နိကန္ထ)ဟူသောအမည်ကို ခံယူသည်၊ ကိလေသာအောင်နိုင်ပြီဟူသောယူဆချက် ဖြင့် ဇိနဟူသောအမည်ကိုလည်း ခံယူသည်၊ ဇိနမှဂျိနဖြစ်၍ ဂျိနကို(ဂျိန်း)ဟု ယခုခေါ်ဝေါ်ကြသည်၊ ၎င်းသည် အသက် ၇၀ အရွယ်တွင် ပဏ္ဍနာဒိစတြိတ်ပါဝါမြို့၊ ဟတ္ထိပါလမင်း၏ စာရေးအိမ်၌ ပရိနိဗ္ဗာန်စံလွန်သည်ဟု ထို၌ာနသို့များစွာကျန်သော ဂျိန်းဘာသာဝင်များ ဘုရားဖူးသွားရောက်ကြသည်၊ ၎င်းကို (တိရတ္ထံကရဘုရား)ဟူ၍လည်း ခေါ်ဝေါ်ကြလေသည်။

ဒီလိုကွဲပြား ခြင်းမျိုး သာသနာတော်အတွင်းမှာ မဖြစ်ပါစေနှင့်လို့ တပည့်တော် စိတ်အကြံ ဖြစ်မိပါတယ်ဘုရား' လို့ လျှောက်ထားပါသတဲ့ ဘုရား။

ဒီအခါ ဘုရားရှင်က–

"အာနန္ဒာ–ငါဟောတဲ့ သတိပဋ္ဌာန်တရားလေးပါး၊ သမ္မပ္ပဓာန်တရား လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဤသုံးဆယ့်ခုနစ်ပါးသောဗောဓိပက္ခိယ တရားတို့အပေါ်မှာ အယူအဆ ကွဲပြားတဲ့ ရဟန်းပုဂ္ဂိုလ်များကို သင်မြင်တွေ့ဖူးသလား' လို့ မေးတော်မူတယ်၊ အရှင်အာနန္ဒာက 'မြတ်စွာဘုရား၊ အရှင်ဘုရားဟောကြားတော်မူခဲ့တဲ့ ဤသုံးဆယ့် ခုနစ်ပါးသော ဗောဓိပက္ခိယတရားများအပေါ်မှာ အယူအဆကွဲပြားသော ရဟန်း များကို တပည့်တော် မမြင်မတွေ့ဖူးပါဘုရား၊ ထို့ကြောင့် ဗောဓိပက္ခိယ ကျင့်စဉ် နှင့်ပတ်သက်ပြီး သံဃာကွဲပြားခြင်းဖြစ်လိမ့်မယ်လို့တပည့်တော် မထင်မြင်မိပါ၊ သို့ပါသော်လည်း ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက် သာသနာတော် ဝန်ထမ်းရဟန်းအချို့ဟာ ဝမ်းရေးကိုအကြောင်းပြုပြီး လွန်ကျူးတတ်တဲ့ သိက္ခာ ပုဒ် ၆–ပါးမှာဖြစ်စေ၊ ကြွင်းသောဝိနည်းသိက္ခာပုဒ်များမှာဖြစ်စေ၊ ငြင်းခုံမှု ဖြစ်ခဲ့လျှင် ထိုငြင်းခုံမှုဟာလည်း များစွာသော လူနတ်တို့ရဲ့အကျိုးမဲ့ကို ဖြစ်ပွား စေတတ်ပါတယ်၊ ဆင်းရဲခြင်းကိုဖြစ်ပွားစေတတ်ပါတယ်၊ ဒါကြောင့် အဲဒီလို ကွဲပြားမှုမျိုးလည်း သာသနာတော်အတွင်းမှာ မဖြစ်ပွားစေချင်ပါဘူး ဘုရား' လို့ လျှောက်ထားပါတယ် ဘုရား"

ဘုရားရှင်က 'အာနန္ဒာ–လောကမှာ အကြောင်းတရား၊ အကျိုးတရား တွေဟာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြတယ်၊ အကြောင်းမရှိဘဲအကျိုးဆိုတာ မဖြစ်ပေါ်ဘူး၊ ဖြစ်ပေါ်လာတဲ့အကျိုးကိုကြည့်ပြီး အကြောင်းကိုရှာဖွေရတယ်၊ ငြင်းခုံမှုဆိုတာလည်း အကြောင်းမရှိဘဲ မဖြစ်ပေါ်လာဘူး၊ အကြောင်းကြောင့် ဖြစ်ပေါ်လာတာဖြစ်တယ်၊ အာနန္ဒာ–ငြင်းခုံမှုရဲ့ အကြောင်းတွေဟာ ခြောက်မျိုး ရှိတယ်၊ ခြောက်မျိုးဆိုတာက ဤသာသနာတော်မှာ ရဟန်းဖြစ်သူဟာ အမျက် စောင်းမာန်ကြီးတယ်၊ ရန်ငြိုးဖွဲ့တတ်တယ်၊ ရတနာသုံးပါးအပေါ် ရိုသေမှုမရှိဘူး၊ အကျင့်ယုတ်တယ်၊ အဲဒီရဟန်းမျိုးဟာ ငြင်းခုံမှုကိုဖြစ်ပွားစေတတ်တယ်၊ သံဃာ ဂိုဏ်းကိုခွဲတတ်တယ်၊ အာနန္ဒာ–အချို့သောရဟန်းဟာ သူ့ကျေးဇူးကိုမသိတတ်

ဘူး၊ ပြိုင်ဆိုင်လေ့ရှိတယ်၊ ငြူစူလေ့ရှိတယ်၊ ဝန်တိုလေ့ရှိတယ်၊ ဟန်ဆောင်တတ်တယ်၊ လှည့်ပတ်တတ်တယ်၊ ယုတ်ညံ့တဲ့အလိုဆိုးရှိတယ်၊ မှားသောအယူရှိတယ်၊ ငါမှန်တယ်လို့အငြင်းသန်တယ်၊ အယူကိုစွန့်နိုင်ခဲတယ်၊ အဲဒီလိုရဟန်းမျိုးဟာ ရတနာသုံးပါးကိုလည်း မရိုသေတတ်ဘူး၊ အကျင့်လည်း ယုတ်မာတတ်တယ်၊ ငြင်းခုံမှုကိုဖြစ်စေတတ်တယ်၊ အာနန္ဒာ–ဤလိုငြင်းခုံမှုရဲ့အကြောင်းကို မိမိပရိသတ် သူတတစ်ပါးပရိသတ်မှာမြင်ခဲ့လျှင် ဒီအကြောင်းရင်းကိုပယ်ဖို့ရာ အားထုတ်ကြရမယ်၊ အာနန္ဒာ–ငြင်းခုံမှုရဲ့အကြောင်းရင်းဟာ ဤခြောက်မျိုးဖြစ်တယ်’လို့ ဘုရားရှင် ဟောတော်မူပါတယ် ဘုရား။

## ငြင်းခုံမှုအကြောင်း ၆–ပါး

(၁) **ကောဓန၊ ဥပနာဟ** အမျက်ကြီးခြင်း၊ ရန်ငြိုးဖွဲ့တတ်ခြင်း၊
(၂) **မက္ခီ၊ ပလာသီ** ကျေးဇူးမသိခြင်း၊ ဂုဏ်ပြိုင်တတ်ခြင်း၊
(၃) **ဣဿုကီ၊ မစ္ဆရီ** ငြူစူတတ်ခြင်း၊ ဝန်တိုတတ်ခြင်း၊
(၄) **သဌော၊ မာယာဝီ** စဉ်းလဲကောက်ကျစ်ခြင်း၊ လှည့်ပတ်တတ်ခြင်း၊
(၅) **ပါပိစ္ဆ၊ မိစ္ဆာဒိဋ္ဌိ** ယုတ်မာသောအလိုရှိခြင်း၊ အယူမှားယွင်းခြင်း
(၆) **သန္ဒိဋ္ဌိ၊ ပရာမာသီ** အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ = ငါ့အယူသာမှန်သည်ဟု မှားသောအားဖြင့် သုံးသပ်လေ့ရှိခြင်း၊ စွဲမြဲစွာယူလေ့ရှိခြင်း၊ အယူကို စွန့်နိုင်ခဲခြင်း၊၊။

## အဓိကရုဏ်း ၄–ပါး

ငြင်းခုံခြင်းရဲ့အကြောင်း ခြောက်ပါးကို ဟောတော်မူပြီးတဲ့နောက် ငြင်းခုံခြင်းကြောင့် ဖြစ်ပေါ်လာတတ်တဲ့ အဓိကရုဏ်း လေးပါးကိုလည်း ဘုရားရှင်ဆက်ပြီး ဟောတော်မူပါတယ်ဘုရား”

“အင်.–ဟောပုံကို အမိန့်ရှိစမ်းပါဦး”

“အဓိကရုဏ်းဟာ လေးမျိုးရှိသတဲ့ ဘုရား၊ လေးမျိုးဆိုတာက–

(၁) ဝိဝါဒါဓိကရုဏ်း၊ (၂) အနုဝါဒါဓိကရုဏ်း၊ (၃) အာပတ္တာဓိကရုဏ်း၊ (၄) ကိစ္စာဓိကရုဏ်းတို့ ဖြစ်ကြပါသတဲ့ ဘုရား”

"အဓိကရုဏ်းရဲ့ အခြင်းအရာကိုလည်း ဆိုပါဦးကွယ်"

"မှန်ပါ–အဓိကရုဏ်းရဲ့ အခြင်းအရာကတော့ (၁) ဓမ္မ အဓမ္မစသည် ငြင်းခုံခြင်းကို ဝိဝါဒါဓိကရုဏ်းခေါ်ပါသတဲ့၊ (၂) သီလပျက်တယ်၊ အကျင့်ပျက်တယ်၊ အယူပျက်တယ်၊ အသက်မွေးမှုပျက်တယ်လို့ စွပ်စွဲပြောဆိုခြင်းကို အနုဝါဒါဓိကရုဏ်းခေါ်ပါသတဲ့၊ (၃) ခုနစ်ပါးသော အာပတ်သင့်ရောက်ခြင်းကို အာပတ္တာဓိကရုဏ်းခေါ်ပါသတဲ့၊ (၄) ရဟန်းတော်များ ရွက်ဆောင်ပြုလုပ်ကြတဲ့ ကံလေးပါးကိုတော့ ကိစ္စာဓိကရုဏ်းလို့ ခေါ်သတဲ့ဘုရား"

## အဓိကရုဏ်းငြိမ်းအေးကြောင်း သမထ ၇–ပါး

"ဒီလို အဓိကရုဏ်းဖြစ်လာတော့ ငြိမ်းအေးအောင် ဘယ်လိုလုပ်မှာတဲ့လဲ ကွယ်"

"အဓိကရုဏ်းဖြစ်လာလျှင် ငြိမ်းအေးအောင် ပြုလုပ်ရမယ့် အဆုံးအမတော် ၇–ပါးကိုလည်း ဘုရားရှင်ဟောတော်မူတယ်ဘုရား၊ အဆုံးအမတော် ၇–ပါးက (၁) သမ္မုခါဝိနည်း၊ (၂) သတိဝိနည်း၊ (၃) အမူဠှဝိနည်း၊ (၄) ပဋိညာတကရဏဝိနည်း၊ (၅) ယေဘုယျသိကာဝိနည်း၊ (၆) တဿပါပိယသိကာဝိနည်း၊ (၇) တိဏဝတ္ထာရကဝိနည်းများ ဖြစ်ကြပါတယ်ဘုရား"

"ဝိနည်း ၇–ပါးနှင့် အဓိကရုဏ်းငြိမ်းသက်ပုံကိုလည်း ဆက်ပြောပါဦး"

"သာသနာတော်အတွင်း တရား ဟုတ်မဟုတ်၊ ဝိနည်း ဟုတ်မဟုတ် ငြင်းခုံမှုဖြစ်ပေါ်လာခဲ့လျှင် ရဟန်းတော်အားလုံး စည်းဝေးရပါမယ်၊ စည်းဝေးကြပြီး တရားဥပဒေစည်းမျဉ်းကို ဆင်ခြင်ကြရပါမယ်၊ ဆင်ခြင်ပြီး ဒီနည်းနှင့်ဆိုလျှင် တရားဥပဒေနှင့်ညီညွတ်တယ်၊ ဒီနည်းသည်သာလျှင် မှန်ကန်တယ်လို့ ရဟန်းတော်များအညီအညွတ် ဆုံးဖြတ်ချက်ချခြင်းဖြင့် အချို့ငြင်းခုံမှု ဝိဝါဒါဓိကရုဏ်းဟာငြိမ်းအေးပါတယ်၊ အဲဒီလိုရဟန်းသံဃာတော်များ မျက်မှောက်ငြိမ်းအေးခြင်းမျိုးကို သမ္မုခါဝိနည်းဖြင့် ငြိမ်းအေးစေတယ်လို့ ဆိုပါတယ်ဘုရား"

"သတိဝိနည်းဆိုတာက ဘယ်လိုဟာလဲ၊ ရှင်းပြစမ်းပါဦး"

"မှန်ပါ–ရဟန္တာပုဂ္ဂိုလ်ဟာ ဘယ်သောအခါမှ သတိကင်းလွတ်တဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ပါဘူး၊ သတိအမြဲရှိနေတဲ့အတွက် သစိတ္တက အာပတ်မျိုးလည်း မသင့်ရောက်ပါဘူး၊ ဒီလို ရဟန္တာပုဂ္ဂိုလ်ကြီးအပေါ် အာပတ်တင်ပြီးစွပ်စွဲဖို့ အနုဝါဒါဓိကရဏ်းဖြစ်ပေါ်လာလျှင်သတိဝိနည်းဖြင့်ငြိမ်းအေးရမယ်လို့ ဆိုပါတယ်ဘုရား"

"အမူဠ္ဟဝိနည်းကိုလည်း ဆက်ပြောပါဦးကွယ့်"

"အမူဠ္ဟဝိနည်းက ရူးသွပ်တဲ့ရဟန်းနှင့်ပတ်သက်တဲ့ ဝိနည်းဖြစ်ပါတယ်ဘုရား၊ သိက္ခာပုဒ်တိုင်းမှာပါရှိတဲ့ အာနာပတ္တိအရာမှာ ရူးသောရဟန်းပါရှိပါတယ်ဘုရား၊ ရူးတဲ့ရဟန်းဟာ စိတ်မကောင်းတဲ့အတွက် ရဟန်းတို့နှင့်မလျော်တဲ့ အကျင့်တွေကျင့်တတ်ပါတယ်၊ ဒါပေမယ့် သူပြုကျင့်တာကို သူမမှတ်မိပါဘူး၊ ဒီလိုရဟန်းမျိုးအပေါ်ကျရောက်တဲ့ အနုဝါဒါဓိကရဏ်းမျိုးကိုတော့ အမူဠ္ဟဝိနည်းဖြင့် ငြိမ်းအေးစေရမယ်လို့ ဆိုပါတယ်ဘုရား"

"ပဋိညာကရဏဝိနည်းဆိုတာက ဘယ်လိုဟာလဲ ရှင်းပြပါဦး"

"ပဋိညာတကရဏဝိနည်းဆိုတာက ရဟန်းတစ်ပါးဟာ ပညတ်တော်ကို ကျော်နင်းတဲ့အတွက် အာပတ်သင့်တယ်ပေါ့ဘုရား၊ အဲဒီသင့်တဲ့အာပတ်ကို ရဟန်းတစ်ပါးပါးရဲ့ထံမှာ တပည့်တော်မှာ ဒီလိုအာပတ်သင့်နေပါတယ်၊ နောင်အခါ ဒီလိုအလုပ်မျိုး မပြုလုပ်တော့ပါဘူးလို့ဝန်ခံလိုက်လျှင် သင့်ရောက်တဲ့ အာပတ္တာဓိကရဏ်းဟာ ငြိမ်းအေးသွားတယ်လို့ ဆိုပါတယ်ဘုရား"

"ယေဘုယျသိက ဝိနည်းက ဘယ်လိုတဲ့လဲကွယ့်"

"ယေဘုယျသိကဝိနည်းက သမ္မုခါဝိနည်းနှင့် သဘောချင်း တူတယ်ဘုရား၊ သမ္မုခါဝိနည်းက ဓမ္မ အဓမ္မ စသောငြင်းခုံမှုဖြစ်ခဲ့လျှင် မိမိတို့တိုက်တာအတွင်း သံဃာမျက်မှောက်မှာ အဓိကရဏ်းကိုငြိမ်းအေးစေပါတယ်၊ ယေဘုယျသိကဝိနည်းက မိမိတို့တိုက်အတွင်း သံဃာနှင့် ငြိမ်းအေးမှုမရလျှင် အခြားသံဃာများရာတိုက်တာမှာ များပြားတဲ့ သံဃာရဲ့မျက်မှောက်မှာ အဓိကရဏ်းကို ငြိမ်းအေးစေခြင်း ဖြစ်ပါတယ်ဘုရား"

"တဿပါပိယသိကဝိနည်းရဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းပြပါဦး"

"သဒ္ဒါကြီး–ဝိသေသေတရတမိသိကိယိဋ္ဌာသုတ်မှာ ပြယုဂ်ထုတ်ထားတဲ့ 'သဗ္ဗေ ဣမေ ပါပါ အယမိမေသံ ဝိသေသေန ပါပေါတိ ပါပိယော' လို့ဆိုတဲ့အတိုင်း ပါပိယဆိုတာ ယုတ်မာသောသူတို့အောက် အထူးသဖြင့် ယုတ်မာသောသူ လို့ ဆိုတယ်ဘုရား၊ ဒီပုဂ္ဂိုလ်ကို ဘာကြောင့် အထူးယုတ်မာတယ်လို့ဆိုရတာလဲဆိုတော့ အမှန်ကိုမပြောတဲ့အတွက်ကြောင့်ပါတဲ့ဘုရား၊ 'အကုသိုလ်မှာ မုသာဝါဒ၊ ကုသိုလ်မှာကား၊ သစ္စဝါစာ၊ လေးလုံးသာတည်း' လို့ မဃဒေဝလင်္ကာသစ်မှာ မိန့်ဆိုတော်မူတဲ့အတိုင်း အမှန်ကိုမပြောတဲ့ မုသာဝါဒဟာ အကုသိုလ်နယ်ဘက်မှာအကြီးလေးဆုံးဖြစ်သတဲ့ဘုရား၊ ဒါကြောင့် အမှန်မပြောတဲ့ပုဂ္ဂိုလ်ကို ဒီနေရာမှာ 'ပါပိယ'လို့ခေါ်ပါသတဲ့၊ ဒီပုဂ္ဂိုလ်က ဘယ်လိုအမှန်ကို မပြောသလဲဆိုတော့ သူ့အပေါ်မှာ ဒုက္ကဋ်စသောအာပတ်များဖြင့် တစ်ဦးဦးက စောဒနာခဲ့ပါလျှင် အမှန်ကိုဝန်မခံဘဲ တောင်ပြောမြောက်ပြော လုပ်တတ်ပါသတဲ့၊ ဒါကြောင့် သူ့ကို ပါပိယလို့ခေါ်ပါသတဲ့၊ ဒီလိုပုဂ္ဂိုလ်အပေါ်ပြုလုပ်တဲ့ဝိနည်းကို တဿပါပိယသိကဝိနည်းလို့ ခေါ်ပါတယ်ဘုရား"

"တိဏဝတ္ထာရက ဝိနည်းဆိုတာလည်း ဆက်ပါဦးကွယ်"

"လူမြင်လို့ မတင့်တယ်တဲ့ ကျင်ကြီးကို မြက်ဖြင့်ဖုံးအုပ်ထားလိုက်သလို ရဟန်းတော်များလည်း ခိုက်ရန်ငြင်းခုံမှုမငြိမ်းလျှင် နှစ်ဦးနှစ်ဘက် ပင့်ဖိတ်ပြီး သင်ပုန်းချေစနစ်ဖြင့် နှစ်ဘက်အပြစ်တွေကို ဖုံးအုပ်ငြိမ်းစေခြင်းမျိုးကို တိဏဝတ္ထာရက ဝိနည်းလို့ ဆိုပါတယ်ဘုရား"

"တိဏဝတ္ထာရက ဝိနည်းက သုံးပုံဖဲစကားနှင့်ဆိုတော့ အုပ်ထေထေတယ်လို့ ဆိုရမှာပေါ့"

"မှန်ပါ၊ အုပ်ထေ ထေတယ်ဆိုလိုလျှင် ဆိုနိုင်ပါတယ် ဘုရား၊ အစုရှိလျှင် အမှုရှိတယ်ဆိုတဲ့စကားအတိုင်း အစုရှိလာလျှင် အမှုကတော့ရှိမြဲပေါ့ဘုရား၊ သာသနာတော်မှာလည်း ရဟန်းအစုများလာတော့ သူ့ဟာမှန်တယ်၊ ငါ့ဟာ မှန်တယ်ဆိုတဲ့အမှုတော့ ဖြစ်ရမှာပါပဲ၊ အမှုဖြစ်လာလျှင်ဖြစ်တဲ့အမှုကို ငြိမ်းအေး အောင်ပြုလုပ်တဲ့နည်းကိုလည်း ဘုရားရှင်ညွှန်ပြထားတော်မူခဲ့ပါတယ်၊ ဘုရားရှင် ညွှန်ပြထားတော်မူခဲ့တဲ့နည်းကိုယူပြီး မြန်မာနိုင်ငံအရပ်ရပ်မှာရှိတဲ့

ငြင်းခုံမှု အဓိကရုဏ်းတွေကို ငြိမ်းအေးအောင်လုပ်လိုက်လျှင် အလွန်ကောင်းမှာပဲလို့ တပည့်တော် အကြံရပါတယ်ဘုရား"

"ဟုတ်တာပေါ့၊ ငြင်းခုံမှုကွဲပြားမှုဖြစ်လာခဲ့လျှင် နှစ်ပက္ခလုံးဟာ စိတ်မချမ်းမသာဖြစ်ကုန်ကြတော့တာပေါ့၊ စိတ်မချမ်းသာမှုတွေဖြစ်ပွားလာလျှင် ကုသိုလ်တရားပွားများလို့မဖြစ်ဘူး၊ ဒါကြောင့် ဒီလိုသံဃာကွဲပြားမှုရှိနေလျှင် ကမ္မဋ္ဌာန်းအားထုတ်လို့တောင် မဖြစ်ဘူးလို့ ဘုရားရှင် ဟောတော်မူထားသတဲ့ကွယ်"

## တရားအားမထုတ်သင့်သည့်အခါ ၅–ပါး

"ဘယ်မှာဟောတော်မူတာလဲဘုရား၊ အမိန့်ရှိပါဦး"

"အင်္ဂုတ္တရပါဠိတော် ပဉ္စကနိပါတ် နီဝရဏဝဂ် သမယသုတ်မှာပေါ့ကွယ်၊ ဘုရားရှင်က ကမ္မဋ္ဌာန်းအားထုတ်ဖို့အခါမဟုတ်တဲ့ သမယ ငါးပါးကို ဟောတော်မူထားတယ်၊ (၁) အိုမင်းတဲ့အခါ၊ (၂) အနာရောဂါနှိပ်စက်ခြင်းခံရတဲ့အခါ၊ (၃) အစာငတ်မွတ်တဲ့အခါ၊ (၄) တိုင်းပြည်အတွင်း သူခိုး ဓားပြများ ဆူကြွသောင်းကျန်းတဲ့အခါ၊ (၅) သံဃာတော်အချင်းချင်း ကွဲပြားကြတဲ့အခါ သည်အခါ ငါးမျိုးမှာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်လို့ မဖြစ်ဘူးလို့ ဘုရားရှင် ဟောတော်မူထားသတဲ့ကွယ်။

အဲဒီအခါငါးမျိုးအနက် သံဃာကွဲပြားတဲ့အခါ ကမ္မဋ္ဌာန်းအားထုတ်ရန် အခါမဟုတ်ပုံကို ဘုရားရှင်က ရဟန်းတို့ နောက်တစ်မျိုးကား သံဃာကွဲပြား၏၊ သံဃာကွဲပြားသည်ရှိသော် အချင်းချင်းဆဲရေးလည်း ဆဲရေးကုန်၏၊ အချင်းချင်း ခြိမ်းခြောက်လည်း ခြိမ်းခြောက်ကုန်၏၊ အချင်းချင်း ပစ်ပယ်လည်း ပစ်ပယ်ကုန်၏၊ အချင်းချင်း စွန့်ပစ်လည်းစွန့်ပစ်ကုန်၏၊ ထိုသံဃာကွဲပြားရာ၌ မကြည်ညိုသေးသောသူတို့သည် မကြည်ညိုကြကုန်၊ ကြည်ညိုပြီးအချို့သူတို့သည်လည်း အကြည်ညိုပျက်ရန်ဖြစ်ကုန်၏၊ ရဟန်းတို့ ဤသည်ကား ကမ္မဋ္ဌာန်းအားထုတ်ရန် ပဉ္စမဖြစ်သော အခါမဟုတ်ခြင်းတည်းလို့ အထူးဟောတော်မူထားတယ်၊ ဒါကြောင့် ငြင်းခုံမှုကွဲပြားမှုတွေ ဖြစ်လာလျှင် သာသနာတော်ဟာ အလွန်အထိနာသကွယ်"

## သမ္မုခါဝိနည်းနှင့် ကြီးလေးသောတာဝန်

"ဒါကြောင့် ဒီကွဲပြားမှု မညီညွတ်မှုတွေကို ငြိမ်းအေးအောင် လုပ်နိုင်လျှင် ကောင်းမှာပဲလို့ တပည့်တော်လျှောက်ထားတာပေါ့ဘုရား၊ တပည့်တော်များ ကလည်း အုတ်တစ်ချပ်၊ ကျောက်တစ်ခဲ၊ သဲတစ်ပွင့်အနေနှင့် မြန်မာနိုင်ငံတော် အတွင်း ဖြစ်ပွားနေတဲ့ ဝါဒကွဲများကို ကျမ်းတင်ပြီး သမ္မုခါဝိနည်းလုပ်ရလျှင် ကောင်းမှာပဲလို့ အကြံဖြစ်မိပါတယ်ဘုရား"

"အင်း–ကိုယ်တော့်အကြံက ကောင်းတော့ကောင်းပါရဲ့ ဒါပေမယ့် ဒီဝါဒကွဲတွေကို ကျမ်းတင်ပြီးစစ်ဆေးမှာ ဘယ်သူတုန်း၊ ကိုယ်တော်လား"

"ဝါဒကွဲတွေကို ကျမ်းတင်စစ်ဆေးနိုင်တဲ့ ပညာအရည်အချင်း တပည့်တော် မှာ မရှိပါဘူး၊ တပည့်တော်ကတော့ ဝါဒကွဲများကိုသာ တတ်နိုင်သလောက် စုဆောင်းထားသူမျှပါပဲဘုရား"

"နို့–ဒီဝါဒကွဲတွေကို မှတ်ကျောက်တင်မှာက ဘယ်သူတုန်းကွယ့်"

"ဒါကို လျှောက်ထားချင်လို့ ဆရာတော့်ဆီ တပည့်တော်လာတာပါ ဘုရား၊ တပည့်တော်ရဲ့ သဘောကတော့ တပည့်တော်စုဆောင်းလာခဲ့တဲ့ ဝါဒ ကွဲများကို ဆရာတော်ထံလျှောက်ထားချင်ပါတယ်၊ ဒီဝါဒကွဲများကို ဆရာ တော်က ဝေဖန်ပေးစေလိုပါတယ်ဘုရား"

"ဟာ–တပည့်တော်လည်း ကိုယ်တော့်လိုပဲ၊ ဒီလောက်အရည်အချင်း မရှိပါဘူး၊ ဒီလောက်ကြီးလေးတဲ့တာဝန်ကို ဘယ်မှာ တစ်ဦးတည်းထမ်းဆောင် နိုင်မှာလဲကွယ့်"

"မှန်ပါ–တတိယသင်္ဂါယနာတင်ပွဲမှာ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်တင်သွင်းတဲ့ ကထာဝတ္ထုကျမ်းဟာ မူကွဲပေါင်း ငါးရာရှိပါသတဲ့ ဘုရား၊ ဒီမူကွဲငါးရာကို တစ်ပါးတည်းအဖြေပေးသွားပါတယ်ဘုရား၊ ယခု တပည့်တော်လေ့လာခဲ့တဲ့ နာနာဝါဒဟာ ငါးရာမရှိပါဘူး၊ ဘာကြောင့် ဆရာတော် တစ်ပါးတည်း မစွမ်းဆောင်နိုင်ရမှာလဲ၊ ဆရာတော်ကြိုးစားလျှင် ဖြစ်နိုင်မယ်လို့ ယူဆပါတယ်၊ ဒါကြောင့် တပည့်တော် ဆရာတော့်ထံ လာရောက်ရခြင်းဖြစ်ပါ တယ် ဘုရား"

"မြန်မာနိုင်ငံတော်မှာ အရည်အချင်းပြည့်ဝကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ အမြောက်အမြားရှိကြပါတယ်၊ တို့က ပမာဏ မပြုလောက်ပါဘူးကွယ့်"

"မှန်ပါတယ်ဘုရား၊ မြန်မာနိုင်ငံတော်အရပ်ရပ်မှာ အရည်အချင်းပြည့်ဝကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ အမှန်တကယ်ရှိတော်မူကြပါတယ်၊ သို့သော်လည်း ထိုပုဂ္ဂိုလ်ကြီးတွေဟာ စာသင် စာချ စတဲ့ သာသနာရေးကိစ္စတွေကြောင့် ဆရာတော်လို အမြဲ စာပေရေးသားနေတော်မမူအားကြပါဘူး၊ ဆရာတော်ကတော့ စာပေရေးသားတဲ့အရှိန်ရနေပါတယ်၊ ဆရာတော်ရေးသားတဲ့ စာမူများကိုလည်း ဓမ္မဗျူဟာစာစောင်နှင့် ဗုဒ္ဓဓမ္မလောကစာစောင်များက မပြတ်မပြတ်ထည့်သွင်းဖော်ပြပေးနေကြပါတယ်၊ ဒါကြောင့် ဆရာတော်က ဝါဒကွဲများရဲ့အဖြေကို ပြုစုတော်မူလျှင် ဒီအဖြေစာကို ဓမ္မဗျူဟာ စာစောင်က ဆီးကြိုပြီး ထည့်သွင်းဖော်ပြပေးလိမ့်မယ်လို့ ယူဆပါတယ်၊ ဓမ္မဗျူဟာစာစောင်က အပတ်စဉ်ဖော်ပြပေးခဲ့ပါလျှင် ဆရာတော်ရဲ့အဖြေလွှာဟာလည်း သမ္မုခါဝိနည်း, ယေဘုယျသိကာဝိနည်းအတွင်းပါဝင်ပြီး ယခုသာသနာတော်အတွင်း ငြင်းခုံနေကြတဲ့ အချို့သော ဝိဝါဒါဓိကရဏ်းများဟာ ငြိမ်းအေးတန်သလောက် ငြိမ်းအေးသွားလိမ့်မယ်လို့ တပည့်တော်ထင်ပါတယ်၊ ဒါကြောင့် ဒီဝါဒကွဲများကို ပင်ပန်းတယ်လို့ သဘောမထားဘဲ ဆရာတော်ကိုယ်တိုင် မှတ်ကျောက်တင်ပေးတော်မူပါလို့ တပည့်တော်လျှောက်ထားပါတယ် ဘုရား"

"အေး–ကိုယ်တော်လျှောက်ကောင်းတာနှင့်ပဲ တပည့်တော် မှတ်ကျောက်တင်ဆရာလုပ်ကြည့်ရသေးတာပေါ့ကွယ်"

"ဒီစကားကြားရတာ တပည့်တော် အလွန်ဝမ်းသာပါတယ်ဘုရား၊ ဒီနေရာမှာ ဆရာလုပ်တယ်လို့တော့ သဘောမထားပါနှင့်၊ နည်းနည်းတော့ လျှောက်ထားချင်သေးတယ်ဘုရား"


"ဘာများလျှောက်ထားချင်သေးတာတုန်းကွယ့်"

"တခြားမဟုတ်ပါဘူးဘုရား၊ ဝါဒကွဲများကို ဆရာတော် မှတ်ကျောက်တင်တဲ့အခါမှာ စကားလုံးကြီးကြီးမသုံးဘဲ စကားလုံးသေးသေးနှင့် ပေါ်ပေါ်လွင်လွင် သုံးတော်မူစေချင်ပါတယ်"

"ဘာကြောင့်တုန်းကွယ့်"

"စကားလုံးကြီးကြီးသုံးလိုက်လျှင် လူတိုင်း နားမလည်ကြဘူးဘုရား၊ ပါဠိပါဠိသားတွေဆိုလျှင် ပိုပြီးတော့တောင်မသိဘဲဖြစ်သွားတတ်သေးတယ်ဘုရား၊ စကားလုံးသေးသေး ပေါ်ပေါ်လွင်လွင်ရေးပြမှ လူတိုင်းသဘောပေါက်ပါတယ်ဘုရား၊ လူတိုင်းသဘောပေါက်စေချင်တဲ့အတွက် စကားလုံးသေးသေးသုံးရန် လျှောက်ထားရခြင်းပါဘုရား"

"အေးပါကွယ်၊ ဒါကတော့ ကိုယ်ရေးတတ်သလို ရေးရမှာပေါ့၊ ပေါ်လွင်တယ် မပေါ်လွင်ဘူး စကားလုံးကြီးတယ် ငယ်တယ်ဆိုတာတော့ ဘယ်သိမလဲ၊ သူ့ဖြစ်ချင်သလိုဖြစ်သွားပါလိမ့်မယ်၊ ကိုင်းကိုင်း–နိဒါန်းနှင့်ပင် စကားအတော်ရှည်သွားပြီ၊ လိုရင်းကို ဆက်ကြစို့ရဲ့၊ ကိုယ်တော် လေ့လာခဲ့တဲ့ မူကွဲတွေ ဘယ်မှာလဲ၊ ထုတ်စမ်းပါဦး၊ အလို–အတော်များပါလား၊ အမှတ်(၁)ကို ဖတ်လိုက်စမ်းပါဦး"



# ခန္ဓာဘုရားနှင့် ဉာဏ်ဘုရား

"ဘုရား–ဘုရားလို့ ပြောနေကြပါတယ်တဲ့၊ အဲဒီဘုရားဆိုတာ သဗ္ဗညုတ ဉာဏ်တော်ကိုပြောတာလား၊ ဉာဏ်တော်ရဲ့တည်ရာ ခန္ဓာတော်ကို ပြောတာလား တဲ့"

"ဟာ–ကိုယ်တော်ရဲ့ပြဿနာက ရှေးကဖြစ်ပြီးသားပြဿနာပဲ၊ ပြဿနာ ဟောင်းကြီးကို ရေနွေးဖို့မလိုဘူးထင်ရဲ့ကောကွယ်"

"မှန်ပါ–သာသနာတော်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ကာလက စတင်လာတာဖြစ်လို့ သာသနာတော်ရဲ့ပြဿနာမှန်လျှင် ပြဿနာ သစ်ရယ်လို့ရှိမှာမဟုတ်ပါဘူး၊ ပြဿနာဟောင်းတွေချည်းနေမှာပါပဲ၊ ဒါပေမယ့် အဟောင်းကအသစ်ဖြစ်၊ အသစ်ကအဟောင်းဖြစ်ဆိုတာလို ရှေးကအဟောင်း တွေဟာလည်း အခုပြန်ပြီး အသစ်လို အငြင်းအခုံဖြစ်နေကြတယ်ဘုရား၊ ဒါကြောင့် ရှေးဟောင်းပြဿနာကိုလည်း ခေတ်လူတွေနားရှင်းသွားအောင် ထပ်ပြီး ရှင်းပြစေချင်ပါသေးတယ်ဆရာတော်"

"၁၉၇၈–ခုနှစ်က တပည့်တော်ရဲ့ရေးဖက်တစ်ဦးဖြစ်တဲ့ ပုသိမ်ကြီးအရှင် အရိယဝံသက သဗ္ဗညုတဉာဏ်တော်အမည်နှင့် စာတစ်အုပ်ထုတ်ဝေခဲ့ပါတယ်၊ သူ့စာအုပ်ထဲမှာ ဉာဏ်တော်ဘုရား၊ ခန္ဓာတော်ဘုရားနှင့်စပ်တဲ့စကားရပ်များကို စာမျက်နှာ ၉၉ – က ၁၀၈ – အထိ ရေးသားထားတယ်၊ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ပ–၄၇ နှင့် ၂၂၉)တို့မှာလည်း လုံးတော်ဆရာတော်ဘုရားဖြေကြားထားတော်

မူတယ်၊ သထုလဝိသောဓနီကျမ်းဆိုတာဟာလည်း ဉာဏ်တော်ဘုရား ခန္ဓာတော်ဘုရားနှင့်စပ်ပြီး ရေးသားဖွင့်ဆိုထားတဲ့ စာအုပ်ပါပဲ၊ ကျမ်းလာစကားအကျယ်ကိုတော့ အဲဒီစာအုပ်စာတမ်းတွေမှာ ကြည့်ပေါ့ကွယ်၊ ဒီမှာတော့ အရပ်စကားနှင့်ပင် အဖြေပေးကြပါစို့”

“တပည့်တော်လည်း အရပ်စကားအဖြေကိုပဲ နာချင်ပါတယ်ဘုရား”

“အေး–နာချင်လျှင် ဘုရားရှင်ရဲ့ခန္ဓာတော်ကို ဦးစွာစစ်ဆေးကြည့်ကြဦးစို့၊ ဘုရားရှင်ရဲ့ခန္ဓာတော်နှင့် ပကတိလူသားတို့ရဲ့ခန္ဓာကိုယ်ဟာ ဘာခြားနားသလဲ၊ အရှင်ဘုရားသဘောကျသလို ဖြေစေချင်ပါတယ်”

“ဘုရားရှင်လည်း ခန္ဓာငါးပါး၊ ပကတိလူသားတွေလည်း ခန္ဓာငါးပါးမို့ မခြားနားဘူးလို့ ဖြေရမှာပဲဘုရား”

“ဟုတ်တာပေါ့ကွယ်၊ ဘုရားရှင်လည်း လူသားဇာတ်တစ်ဦးမို့ ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်းစတဲ့ သုံးဆယ့်နှစ်ပါးသော အစုအဝေးပဲ၊ ပကတိလူသားဆိုတာလည်း သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသအစုအဝေးချည်းမို့ ဘုရားရှင်ခန္ဓာနှင့် ပကတိလူသားခန္ဓာဟာအတူတူပဲပေါ့၊ ဒီလိုခန္ဓာချင်းတူပါလျက် ဘုရားရှင်ရယ်လို့ ထူးခြားသွားရခြင်းက ဘာကြောင့်လို့ ထင်သလဲကွယ့်”

“ဘုရားရှင်ရယ်လို့ ထူးခြားသွားရခြင်းကတော့ သဗ္ဗညုတဉာဏ်တော်တည်တော်မူတဲ့အတွက်ကြောင့်ပေါ့ဘုရား”

“ဟုတ်တယ်၊ သဗ္ဗညုတဉာဏ်တော်ကိုရမှ ဘုရားရှင်က ဗုဒ္ဓလို့ဝန်ခံတော်မူတာပဲ၊ သဗ္ဗညုတဉာဏ်တော်ကိုမရမီက ဗုဒ္ဓမဟုတ်သေးဘူး၊ ဒီစကားရပ်ကိုထောက်ချင့်ကြည့်လျှင် ဗုဒ္ဓဘုရားဆိုတာ သဗ္ဗညုတဉာဏ်တော်အပေါ်မှာ တည်နေတယ်၊ ဘယ်လိုပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သဗ္ဗညုတဉာဏ်တော်ကိုသာ ရမည်ဆိုလျှင် ‘ဗုဒ္ဓဘုရား’ လို့ ခေါ်ရမှာပဲ၊ ဟုတ်တယ်မဟုတ်လားကွယ့်”

“ဟုတ်ပါတယ် ဘုရား”

“ဒီလိုဆိုတော့ ခန္ဓာတော်ဟာ ဗုဒ္ဓဘုရားမဟုတ်ဘူး၊ ဉာဏ်တော်သည်သာ ဗုဒ္ဓဘုရားလို့ဆိုသင့်နေတာပေါ့ကွယ့်၊ ဒါကြောင့် ပကိဏ္ဏက ဝိသဇ္ဇနာကျမ်း (ပ–၄၉)မှာ ‘သဗ္ဗညုတဉာဏ်တော်သည်သာ သိခြင်းကိစ္စ ဗုဇ္ဈနသတ္တိကို ပြီးစေတတ်သောကြောင့် မုချဘုရားမှတ်ရာ၏’လို့ အဖြေပေးထားတယ်၊

သို့သော်လည်း သဗ္ဗညုတဉာဏ်တော်ဟာ သီးခြားတည်နေတာမဟုတ်ဘူး၊ ခန္ဓာတော်ကိုမှီပြီးတည်နေတယ်၊ မှီပြီးတည်နေတာက (၁) ကော်ဖြင့်ကပ်ထားသလို တည်နေတဲ့ 'သြပသိလေသိကာ'တည်နေမျိုးလည်း မဟုတ်ဘူး၊ (၂) အရာမျှ ဖြစ်၍တည်တဲ့ 'ဝေသယိကာ'တည်နေမျိုးလည်းမဟုတ်ဘူး၊ (၃) အနီးကပ်တည် နေတဲ့ 'သာမိပိယာ'တည်နေမျိုးလည်း မဟုတ်ဘူး၊ (၄) ခန္ဓာတော်အလုံး မွှမ်းထုံပြီးတည်နေတဲ့ 'ဗျာပိကာ' တည်နေမျိုးဖြစ်တယ်။

ဒီနေရာမှာ စောဒကဝင်စရာရှိနေလို့ နည်းနည်းစာစကားပြောလိုက်ရဦးမယ်၊ သဗ္ဗညုတဉာဏ်တော်ဆိုတာ အဘိဓမ္မာနည်းအရတော့ အမောဟခေါ်တဲ့ ပညာစေတသိက်ပါပဲ၊ ဒီပညာစေတသိက်က ဘယ်မှာတည်သလဲဆိုတော့ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်မှာ တည်နေတယ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်က ဘယ်မှာတည်နေသလဲဆိုတော့ နှလုံးမှာတည်နေတယ်၊ နှလုံးကဘယ်မှာ တည်နေသလဲဆိုတော့ ခန္ဓာကိုယ်မှာတည်နေတယ်။

ဒီလို အဆင့်ဆင့် တည်နေတာကိုထောက်ပြီး သဗ္ဗညုတဉာဏ်တော်ဟာ ခန္ဓာတော်အလုံး မွှမ်းထုံပြီး တည်နေတယ်လို့ဆိုရတယ်၊ လောကဥပမာအား ဖြင့် အမွှေးအထုံကို အလိုရှိတဲ့သူဟာ အမွှေးအထုံတို့ရဲ့ တည်ရာနံ့သာသားကို ဆောင်ယူကြတယ်၊ တကယ်လိုချင်တာက အသားမဟုတ်ဘူး၊ အဲဒီအသားမှာ တည်နေတဲ့ အမွှေးအထုံပဲ၊ ဒါပေမယ့် အမွှေးအထုံကို သီးခြားထုတ်ယူလို့ မရဘူး၊ ဒီတော့ အမွှေးအထုံအလိုရှိတဲ့သူဟာ အမွှေးအထုံတို့ရဲ့ တည်ရာ နံ့သာသားကို ဆောင်ယူကြရတာပေါ့၊ ဒီသဘောအတိုင်းပါပဲ၊ သဗ္ဗညုတဉာဏ်ဟာ မုချအားဖြင့် ဘုရားလို့ဆိုရသော်လည်း ဉာဏ်တော်ကိုချည်း သီးသန့် ထုတ်ယူလို့ မရဘူး၊ ဒါကြောင့် ဉာဏ်တော်ရဲ့တည်ရာ ခန္ဓာတော်ကိုပါ ဘုရားအဖြစ် ကောက်ယူရတယ်၊ ဒီစကားရပ်ကို လယ်တီဆရာတော်ဘုရားရဲ့ သာသနဝိသောဓနီ ကျမ်းက ဘယ်လိုဖွင့်ပြထားသလဲဆိုတော့–

"ဗုဒ္ဓေါ–ဘုရားဟူရာ၌၊ ဗုဓဓာတ်နှင့် တ–ပစ္စည်းစပ်၍ 'ဗုဒ္ဓ'ဟု ဖြစ်လာသည်၊ ဗုဓဓာတ်မှာ သဗ္ဗညုတဉာဏ်တော်ကိုကောက်ရသည်၊ တ– ပစ္စည်းမှာ ခန္ဓာတော်နှင့်တကွ သဏ္ဌာန်တော်ပညတ်ကိုကောက်ရသည်၊ သဒ္ဒါ မှာ 'ဗုဓနှင့် တ'ပေါင်းမိမှ 'ဗုဒ္ဓ'ဖြစ်လာသည်၊ အနက်မှာလည်း 'သဗ္ဗညုတဉာဏ် တော်နှင့် ခန္ဓာတော်ဒြပ်နှစ်ပါးစပ်မှ ဘုရားဖြစ်လေသည်'လို့ ပြဆိုထားတယ်ကွယ်"

ဒါကြောင့် ဘုရားဆိုတာ 'ဗုဒ္ဓေါ သဗ္ဗညုတဉာဏံ' ဂါထာမျှကိုသာ ထောက်ပြီး သဗ္ဗညုတဉာဏ်တော်သည်သာ ဘုရားဖြစ်တယ်၊ ခန္ဓာတော်ဟာ ဘုရားမဟုတ်ဘူးလို့မဆိုကောင်းဘူး၊ ဒီလိုဆိုခဲ့လျှင် ဘုရားရှင်ရဲ့ခန္ဓာတော်ကို သွေးစိမ်းတည်အောင်ပြုတဲ့ ဒေဝဒတ်ဟာ အနန္တရိယကံကြီး ထိုက်ဖို့မရှိဘူး၊ ဘုရားရှင်ရဲ့ ခန္ဓာတော်, ဓာတ်တော်, မွေတော်, စေတီတော်တွေ ပူဇော်တာလည်း အကျိုးမရှိဘူး၊ ဘုရားရှင်ဆံတော်နှင့် မြင်းမြီးဘာထူးသလဲလို့ အဆိုမှားသွားလိမ့်မယ်၊ အမှန်ကတော့ ဉာဏ်တော်လည်း ဘုရားပဲ၊ ခန္ဓာတော်လည်း ဘုရားပဲ၊ ခန္ဓာနှင့်ဉာဏ်တော် နှစ်ပါးစပ်နေတာလည်း ဘုရားပဲ၊ ဘုရားရှင်ခွင့်ပြုတော်မူထားတဲ့ ဓာတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီတော်များလည်း ဘုရားပဲ၊ မိမိတို့စိတ်က ဘုရားပဲလို့ယုံကြည်ပူဇော်ခဲ့လျှင် ကောင်းကျိုးကို ရတာပဲ၊ ပြစ်မှားလျှင်လည်း ဆိုးကျိုးကိုရတာပဲ၊ ဒီအကြောင်းကို ဝိမာနဝတ္ထုပါဠိတော်မှာ—

**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။**
**စေတောပဏိဓိဟေတု ဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ—**

လို့ ပြထားသကွယ့်။

"အဲဒီဂါထာတော်ရဲ့ အနက်အဓိပ္ပာယ်က ဘယ်လိုတဲ့လဲဘုရား"

"အနက်ကတော့ ဒီလိုကွယ့်"

တိဋ္ဌန္တေ စ—သက်တော်ထင်ရှား မြတ်စွာဘုရားကိုလည်းကောင်း၊ နိဗ္ဗုတေ စ—ပရိနိဗ္ဗာန်ဝင်စံကြွသွား မြတ်စွာဘုရား၏ လေးပါးသောစေတီတော်၌သော်လည်းကောင်း၊ စိတ္တေ—ကြည်ညိုသောစိတ်သည်၊ သမေ—တူမျှခဲ့လျှင်၊ သမံဖလံ—အကျိုးချင်းလည်းတူမျှလေ၏၊ ကသ္မာ—အဘယ်ကြောင့်နည်းဟူမူကား၊ သတ္တာ—သတ္တဝါတို့သည်၊ စေတောပဏိဓိဟေတု—စိတ်ထားကောင်းသောကြောင့်၊ သုဂတိံ—သုဂတိဘဝသို့၊ ဂစ္ဆန္တိ—လားကြရလေကုန်၏ တဲ့။

အဓိပ္ပာယ်ကတော့ သတ္တဝါတွေ ဘာကြောင့် သုဂတိဘဝရောက်တာလဲ ဆိုလျှင် စိတ်ထားကောင်းလို့ရောက်တာတဲ့ကွယ်၊ထို့အတူ သတ္တဝါတွေ ဘာကြောင့် ဒုဂ္ဂတိဘဝရောက်တာလဲဆိုလျှင် အဖြေကတော့ စိတ်ထားမကောင်းတဲ့အတွက်ကြောင့်လို့ ဖြေရမှာပဲတဲ့၊ ဒါကြောင့် သတ္တဝါတစ်ယောက် ကောင်းရာရောက်

ခြင်း, မကောင်းရာရောက်ခြင်းတွေဟာ ဘယ်သူကမှ ဆွဲပို့လို့ မဟုတ်ဘူး၊ **'စိတ္တေန နိယျတေ လောကော'**ဆိုတဲ့အတိုင်း ကိုယ့်စိတ်က ဆွဲပို့လို့ရောက်တာပဲလို့ မှတ်ရမယ်တဲ့။

ယခုအရေးမှာလည်း ဘုရားရှင်ရဲ့ခန္ဓာတော်နှင့် ခန္ဓာတော်အစိတ်အပိုင်းဖြစ်တဲ့ ဓာတ်တော်, မွေတော်, စေတီတော်, ရုပ်ပွားတော်များအပေါ်မှာ ဘုရားရှင်နှင့်ထပ်တူ အာရုံယူနိုင်လျှင် ယူနိုင်သလောက် ကုသိုလ်တရားတိုးပွားနိုင်ပါတယ်၊ ဒီခန္ဓာတော်, စေတီတော်, ရုပ်ပွားတော်, ဓာတ်တော်, မွေတော်, ဆံတော်, အံတော်တွေအတွင်းမှာ သဗ္ဗညုတဉာဏ်မရှိဘူး၊ သဗ္ဗညုတဉာဏ်တော်မရှိလို့ ဘုရားမဟုတ်ဘူး၊ သာသနာတော်ရဲ့ အမှိုက်သရိုက်တွေသာဖြစ်တယ်၊ ဒါကြောင့် ဒါတွေကို မကိုးကွယ်နိုင်ဘူး၊ မပူဇော်နိုင်ဘူးဆိုလျှင်လည်း သူ့ရဲ့စိတ်ဓာတ်အတိုင်း ခန္ဓာတော်, စေတီတော်, ရုပ်ပွားတော်တွေကိုအမှီပြုပြီး သူ့သန္တာန်မှာ ကုသိုလ်တရား မတိုးပွားတော့တာပေါ့၊ ဒီကတစ်ဆင့်တက်ပြီး ဖျက်ဆီးပစ်မယ်ဆိုလျှင်လည်း စိတ်သာချ၊ သူ့မှာ အနန္တရိယကံကြီးလောက် ကြီးမားတဲ့ အကုသိုလ်ကံကြီးဖြစ်ပြီး မသေမီဘဝမှာပင် အသရေပျက်ခြင်း၊ စည်းစိမ်ပျက်ခြင်း၊ ကျန်းမာရေးပျက်ခြင်းစတဲ့ ဘေးဒဏ်တွေထိပြီး သေပြီးတဲ့နောက်လည်း ဒေဝဒတ်တို့လို အဝီစိငရဲကို ရောက်တတ်တယ်ကွယ့်။

ဒါကြောင့် ဉာဏ်ဘုရား ခန္ဓာဘုရားရယ်လို့ ဉာဏ်ကြီးရှင်လုပ်ပြီး ခွဲဝေမနေချင်ပါနှင့်၊ ဘုရားရှင်လက်ထက်ကစပြီး ကိုးကွယ်လာရိုးအတိုင်း ဉာဏ်တော်ကိုရော ခန္ဓာတော်ကိုရော ဉာဏ်နှင့်ခန္ဓာတော်နှစ်ပါးစပ်နေတဲ့ သက်တော်ထင်ရှား ဘုရားရှင်ကိုရော ဘုရားရှင်ကိုယ်တော်စား ဓာတ်တော်, မွေတော်, ရုပ်ပွားတော်, စေတီတော်များကိုရော ဘုရားရှင်အစစ်နှင့်မခြား သဒ္ဓါတရားထားပြီး ကိုးကွယ်နိုင်ခြင်း ပူဇော်နိုင်ခြင်းဟာ အကောင်းဆုံးပဲလို့ အဖြေပေးလိုက်ချင်ပါတယ်ကွယ်"

"ဆရာတော်ရဲ့အဖြေကို တပည့်တော်သဘောကျပါတယ်၊ ဒါပေမယ့်ဖြည့်စွက်ဖို့ အနည်းငယ် လိုသေးတယ်လို့ ထင်ပါတယ်ဘုရား"

"ဘာများလိုတယ်လို့ ထင်သလဲကွယ်"

"တစ်ခြားမဟုတ်ပါဘူးဘုရား၊ ဆရာတော်က သဗ္ဗညုတဉာဏ်တော်ပင် မရှိသော်လည်း ဉာဏ်တော်တည်နေဖူးတဲ့ ဓာတ်တော်တို့, စေတီတော်တို့ကို ပူဇော်လျှင်ကောင်းကျိုးရမယ်၊ ပြစ်မှားလျှင် မကောင်းကျိုးဖြစ်မယ်လို့ မိန့်သွားပါတယ်၊ ဒီလိုမိန့်ဆိုချက်ဟာ ခြိမ်းခြောက်တဲ့သဘောလား၊ တကယ်ဖြစ်နိုင်သလားဆိုတာ အများသံသယရှိဖို့ဖြစ်ပါတယ်၊ ဒါကြောင့် အများသံသယကင်းသွားအောင် ကျမ်းလာသာဓကထုတ်ပြနိုင်လျှင် ပိုကောင်းမှာပဲလို့ တပည့်တော်ထင်ပါတယ် ဘုရား"

"အင်း–ကျမ်းလာသာဓက ထုတ်ပြရမှာဆိုလျှင် ပေတဝတ္ထု အဋ္ဌကထာ ၁၉၆–၁၉၇ – မှာ ဒီလို မိန့်ဆိုထားသကွယ့်"

"မိန့်တော်မူပါ ဘုရား"

"ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့နောက် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးဟာ မိမိတိုင်းပြည်အတွက် ဝေစုရတဲ့ဓာတ်တော်များကို ပင့်ယူပြီး ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်ပတ်လုံး ဓာတ်တော်ပူဇော်ပွဲကြီးကျင်းပသတဲ့၊ အဲဒီဓာတ်တော်များကို ကြည်ညိုတဲ့စိတ်နှင့်ပူဇော်ကြလို့ များစွာသောလူတွေဟာ ကွယ်လွန်တော့ နတ်ပြည်မှာဖြစ်ကြသတဲ့၊ ရှစ်သောင်း လေးထောင်မျှလောက်သောပုဂ္ဂိုလ်များကတော့ သဒ္ဓါတရားမရှိ၊ ဓာတ်တော်များကို ပြစ်မှားကြတဲ့အတွက် ကွယ်လွန်တဲ့အခါ ပြိတ္တာဖြစ်တယ်လို့ ပြဆိုထားသကွယ့်၊ ဒါကြောင့် ဓာတ်တော်, မွေတော်, စေတီတော်, ရုပ်ပွားတော်များကို ယုံကြည်တဲ့သဒ္ဓါတရားနှင့်ပူဇော်လျှင် အကျိုးရှိတယ်၊ မယုံကြည်လို့ပြစ်မှားလျှင် အကျိုးယုတ်တယ်လို့ ဆိုခဲ့ခြင်းဖြစ်တယ်ကွယ့်"

"မှန်ပါ–ဒီလောက်ဆိုလျှင် သည်ပြဿနာ ပြေတန်လောက်ပါပြီ၊ သာဓုပါ ဘုရား–သာဓု–သာဓု"

✪✪✪✪✪

# ဘုရား ရေးထုံး

"ဉာဏ်တော်ဘုရားနှင့် ခန္ဓာတော်ဘုရားကို ရှင်းလင်းပြီးတဲ့နောက် ဆက်လက်ဖြေရှင်းရမယ့် ပြဿနာက ဘာများတုန်းကွယ့်"

"ဆက်လက်ဖြေရှင်းရမှာကတော့ ဘုရားပြဿနာပါဘုရား"

"ဘယ်လိုဘုရားပြဿနာတုန်းကွယ့်၊ ဆိုစမ်းပါဦး"

"ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ရွှမ်းမှာ ဘုရားဆိုတဲ့ သတ်ပုံအရေးအသားဟာ သုံးမျိုးတွေ့ရပါတယ်ဘုရား"

"ဘယ်လို သုံးမျိုးများလဲ"

"တစ်ချို့က ဘုရားလို့ ဘကုန်းတစ်ချောင်းငင်နဲ့ရေးပါတယ်၊ တစ်ချို့က ဗုရားလို့ ဗထက်ခြိုက် တစ်ချောင်းငင်နှင့်ရေးပါတယ်၊ တချို့က ဗရားလို့ တစ်ချောင်းငင်မပါဘဲ ဗထက်ခြိုက်နှင့်ရေးကြပါတယ်၊ ဒီရေးနည်း သုံးမျိုးအနက် ဘယ်ရေးနည်းဟာ အမှန်ဖြစ်မလဲလို့ သိချင်ပါတယ်ဘုရား"

"သတ်ပုံ သတ်ထုံးဆိုတာ ခေတ်ရေစီးကြောင်းအားလျော်စွာရေးသွားကြတာပဲ၊ အမှန်ဆုံးဖြစ်ဖို့ခက်ခဲတယ်၊ သည်သဒ္ဒါက ဘာအနက်ကိုဟောတယ်လို့သိလျှင် ကိစ္စပြီးတာပဲပေါ့၊ သည်နေရာမှာ သတိမူစရာက ကန်္ခါဝိတရဏီ အဋ္ဌကထာ ပထမပါရာဇိကအဖွင့်ရဲ့အဆုံးမှာ ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသက ဆုံးမစကားလေးတစ်ခု ဂါထာဖွဲ့ပြီး ထုတ်ပြထားတယ်။

အတ္ထံ ဟိ နာထော သရဏံ အဝေါစ၊
န ဗျဉ္ဇနံ လောကဟိတော မဟေသီ။
တသ္မာ အကတွာ ရတိမက္ခရေသု၊
အတ္ထေ နိဝေသေယျ မတိံ မုတိမာ။

လောကဟိတော–လောက၏ အစီးအပွားဖြစ်တော်မူသော၊ မဟေသီ–မြတ်သောကျေးဇူးကို ရှာမှီးလေ့ရှိတော်မူသော၊ နာထော–မြတ်စွာဘုရားသည်၊ အတ္ထံဟိ–အနက်အဓိပ္ပာယ်ကိုသာလျှင်၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ အဝေါစ–ဟောတော်မူပြီ၊ ဗျဉ္ဇနံ–အက္ခရာအရေးအသားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ န အဝေါစ–ဟောတော်မမူ၊ တသ္မာ–ထို့ကြောင့်၊ အက္ခရေသု–အက္ခရာပုဒ်ဗျည်းတို့၌၊ ရတိံ–မွေ့လျော်ခြင်းကို၊ အကတွာ–မပြုမူ၍၊ မုတိမာ–ပညာရှိသည်၊ အတ္ထေ–အနက်အဓိပ္ပာယ်၌၊ မတိံ–မိမိပညာကို၊ နိဝေသေယျ–သွင်းထားရာ၏။

"အနက်အဓိပ္ပာယ်ကိုသာ ကိုးကွယ်ရာလို့ ဘုရားဟောတော်မူတယ်၊ ဗျည်းအက္ခရာ သတ်ပုံသတ်ထုံးကို ကိုးကွယ်ရာလို့ မဟောဘူးတဲ့၊ ဒါကြောင့် ဗရားပင်ဖြစ်စေ၊ ဗုရားပင်ဖြစ်စေ၊ ဘုရားပင်ဖြစ်စေ၊ သတ်ပုံကို အလေးမထားဘဲ သည်ပုဒ်ဟာ သဗ္ဗညုတဉာဏ်တော်ရှင်ကို ဟောတာပဲလို့ သိခဲ့လျှင် ပြီးတာပါပဲ၊ လောကမှာလည်း 'အများညီလျှင် ဤကိုကျွဲဖတ်' ဆိုတဲ့စကားရှိတယ်မဟုတ်လား၊ အများက (ဤ)အက္ခရာကို (ကျွဲ)လို့သဘောတူခဲ့လျှင် ဤဟာကျွဲဖြစ်တာပါပဲ၊ ဒါကြောင့် သတ်ပုံဆိုတာ နင်လား ငါလား ငြင်းခုံနေဖို့ မဟုတ်ပါဘူးကွယ့်"

"ဟုတ်တော့ ဟုတ်ပါတယ်ဘုရား၊ ဒါပေမယ့် တချို့က ကိုယ့်အယူကို လက်မလွှတ်ချင်ကြဘူး၊ လက်မလွှတ်ရုံဆို အရေးမဟုတ်သေးဘူး၊ သူတို့ရေးသလို လိုက်မရေးခဲ့လျှင် အဲဒီမရေးသူဟာ ဘာမျှအသုံးမကျသလို စောင်းမြောင်းပြောဆိုတတ်ကြသေးတယ်၊ ဒါကြောင့် သတ်ပုံအရေးအသားကို အလေးမပြုထိုက်သော်လည်း အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုတာလို ဒီငြင်းခုံမှုကလေးက ကူးစက်ပြီး ငြင်းခုံမှုကြီးဖြစ်ပွားလာနိုင်တဲ့အတွက် ယခု သတ်ပုံအရေးအသားကိုလည်း ဆရာတော်လက်လှမ်းမီသလောက် ဖော်ပြပေးစေချင်ပါတယ် ဘုရား"

"သတ်ပုံရေစီးကြောင်းဆိုတာ ကြားဖူးသလားကွယ့်"

"မကြားဖူးပါ ဘုရား"

"မြစ်တစ်ခုရဲ့ ရေစီးကြောင်းဟာ မပြဘူး၊ တစ်ခါတစ်ရံအနောက်ဘက်ကို စီးသွားသော်လည်း တစ်ခါတစ်ရံလှည့်ပတ်ပြီး တောင်ဘက် မြောက်ဘက်ဆီကို စီးသွားတတ်သလို သတ်ပုံဟာလည်း မြစ်ရဲ့ရေစီးကြောင်းလိုပဲ ဟိုတစ်ခေတ်မှာ ယပင့်ဆုံးဖြတ်ထားသော်လည်း ဤခေတ်ကျတော့ ရရစ်ဖြစ်ချင်ဖြစ်နေတတ်တယ်၊ ထို့အတူ တစ်ခေတ်မှာ ပသတ်အရေးအသားများသော်လည်း တစ်ခေတ်ကျတော့ တသတ်ဖြစ်ချင်ဖြစ်နေတတ်တယ်၊ မြန်မာဘာသာမှာတင် မဟုတ်ဘူး၊ ပါဠိ စတဲ့ အခြားဘာသာတွေမှာလည်း အတူတူပဲကွယ့်၊ ဥပမာ သာစုဆိုတဲ့ ပုဒ်ကိုကြည့်စမ်းပါဦး၊ သာစု သာဒ–ဓာတ် ဥ–ပစ္စည်းနှင့်ပြီးတဲ့ သာဒု၊ သာဓ–ဓာတ် ဥ–ပစ္စည်းနှင့်ပြီးတဲ့ သာဓု၊ ဓကို ဟပြုပြီး ရုပ်ပြီးတဲ့ သာဟု ရယ်လို့ အမျိုးမျိုးရှိနေတယ်၊ ဒီတော့ သာဒုမှန်တယ်၊ သာဓုမှန်တယ်၊ သာဟု မှန်တယ်ရယ်လို့ တစ်ဘက်သတ်ငြင်းလို့မဖြစ်ဘူးပေါ့ကွယ်၊ မြန်မာသတ်ထုံးမှာလည်း ထို့အတူ သတ်ပုံဟာ သူဖြစ်ချင်သလို ဖြစ်နေမှာပါပဲ၊ အဓိပ္ပာယ် အယူအဆမှန်ကန်လျှင် ပြီးစတမ်းပေါ့၊ သို့သော်လည်း ဘုရား–သတ်ထုံး သိချင်တယ်ဆိုတော့ ဥဏ်မီသလောက် ဖော်ပြရသေးတာပေါ့"

## ရှေးဟောင်းဘုရားသတ်ပုံ

"ရှေးဦးစွာ ဘုရားသတ်ပုံကို ဘယ်မှာရှာရမလဲဆိုတော့ ရှေးဟောင်းကျောက်စာတွေမှာ ရှာရလိမ့်မယ်၊ ကောဇာသက္ကရာဇ် ၄၇၄–ခုနှစ်မှာ ရေးထိုးတဲ့ ပုဂံမြစေတီကျောက်စာ စာကြောင်းရေ ၁–၂ – တို့မှာ

ဂြိ၊ နမော ဗုဒ္ဓါယ။ ။ပုရှာသ္ခင် သာသနာအနှစ် တစ်ထောင့်ခြောက်နှစ်ဆာယ် ပေါတ်နှစ် လောန်–

လို့ရေးထိုးထားတယ်၊ ဒီကျောက်စာမှာ ဘုရားကို(ပုရှာ)လို့ ရေးထိုးထားတယ်၊ သက္ကရာဇ် ၄၇၄–ခုနှစ်ထိုး နဘဲဘုရားကျောက်စာ ပုဂံပြတိုက် ကျောက်တိုင်အမှတ် ၁၁၆–မှာတော့–

ဂြိ။ ။ပုဟြာသ္ခိင် သာသနာ–

ရယ်လို့ ဘုရားကို (ပုဟြာ)လို့ **ရေးထိုးထားတယ်**၊ ပုရှာနှင့် ပုဟြာတို့ဟာ အသံထွက်တဲ့အခါမှာတော့ (ပုရှာ) လို့ချည်းပဲ အသံထွက်ကြတယ်၊

(ရနှင့် ဟ)ရှေ့နောက်ဖြစ်ပြီး အက္ခရာပုံစံသာ (ရှာ–ဟြာ)လို့ ဖြစ်နေတယ်၊ ဒါကို ထောက်ဆလို့ ဘုရားရဲ့ မူလရေးထုံးဟာ (ပုရဟာ)ဖြစ်တယ်လို့ မှတ်သင့်တာပေါ့ကွယ်၊ ဒီရေးထုံးဟာ သက္ကရာဇ် ၅၉၀ – ခုနှစ်လောက်အထိ (ပုရှာ) အဖြစ်နှင့် တည်နေသေးတယ်၊ ၅၉၀ – ပြည့်နှစ်ကလွန်လာတော့ (ပ,ဟာဖ)ဖြစ်လာသကွယ့်၊ မန္တလေး နန်းတွင်းရှိ ကျောက်တိုင်အမှတ် ၂၈၊ စာကြောင်းရေ ၃– မှာ 'မဟာဓမ္မရာဇာစေညျ အမည်တော်ဟိသော ဖုရာဆုတောင်းသော' လို့ ရေးထိုးထားတယ်၊ ဒီကျောက်စာမှာ ပ မှ ဖ ဖြစ်လာရုံမျှမက ဟထိုးလည်းပျောက်ကွယ်သွားတာကို မြင်တွေ့ရတယ်၊ အဲဒီနောက်တော့ ဖ ဟာ ဘအဖြစ်ကို ပြောင်းလဲလာပြီး (ဘုရား)လို့ပင် အများအပြားရေးသားလာကြတယ်၊ အများရေးရာနောက်ကိုလိုက်ပြီး ကဗျာကျမ်း, သတ်ပုံကျမ်းများကလည်း (ဘုရား) လို့ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြတယ်၊ ကင်းဝန်မင်းကြီးရဲ့ ခွဲထားကျော်မှာ–

"အကယ်၍ငြား၊ ဘဝလျားလည်း၊ ဘုရားစက်ကွင်း၊ ခြေတော်ရင်းဝယ်"

(အရညကောဝါဒလင်္ကာ)

"နတ်လူအများ၊ နောင်ဘုရား၌၊ တရားမင်္ဂဖိုလ်"

(ရွှေဟသ်ာပျို့ ၆၈)

"သံလွင်ရိုက်တီး၊ မြှောက်ချီးဖုရား၊ မိုးလွှံ့ကြားမှ၊ ဘုရားကျိန်းတန်"

(မင်းရဲဒိဗ္ဗဧချင်း)

"ငယ်လင်သက်ထား၊ တို့ဘုရားတည့်၊ လျှင်လျားမင့်၊ လိုက်ကြအံ့ဟု"

(မဟာဇနကပျို့)

ကဝိမျက်မှန်သတ်ပုံကျမ်း ၂၄၉–မှာလည်း 'ထောင့်ကပ်ဖားရား၊ ယန္တရား၊ ဘုရားရကြီးမှတ်' လို့ ရေးစပ်ထားတယ်၊ ခေတ်ပေါ် မြန်မာစာရေးထုံးကျမ်း ၂၄၄၊ သံတူကြောင်းကွဲသတ်ပုံကျမ်း ၁၈၄၊ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း ၂၅၁ – တို့မှာလည်း အားလုံး တညီတညွတ်တည်း (ဘုရား)လို့ ရေးထုံးအတည်ပြုထားကြတယ်၊ ဒါကြောင့် ဘုရားရဲ့မူလစပ်ထုံးဟာ ပုရှာဖြစ်ပြီး ပုရှာက ဖုရာ–ဖုရာက ဘုရားဖြစ်လာတယ်ကွယ့်၊ ဒီနေရာမှာ အထူးမှတ်စရာက သဗ္ဗညုတဉာဏ်တော်ရှင်ကို (ဘုရား)လို့ ရေးသော်လည်း မိဖုရားကျတော့ ဖဦးထုပ်နှင့်ပင် ယနေ့တိုင် ရေးနေကြဆဲဖြစ်တယ်။

"မိဖုရားဟု၊ လျောက်လျှားထိုက်တန်" (ကိုးခန်းပျို့)

"ထိုသို့စိစ္စေ၊ မေးလတ်ရကား၊ မိဖုရားလည်း၊ ကြောင်းလျှာခြင်းရာ"

(ဘူရိဒတ်လင်္ကာကြီး ၈၇)

ဒါတွေက မိဖုရားကို ဖဦးထုပ်နှင့်ရေးပုံ သာဓကတွေပေါ့ကွယ်၊ ယခု တင်ပြခဲ့တာတွေကို ထောက်ချင့်ကြည့်ခဲ့လျှင် ဘုရားရဲ့ မူလအခြေခံ သတ်ပုံ ဟာ (ပုရှာ)ဖြစ်ကြောင်း၊ ပုရှာကဖုရား–ဘုရားပြောင်းလဲလာတဲ့ သတ်ပုံရေစီး ကြောင်းကို မြင်နိုင်တာပေါ့ကွယ်"

"ဒီလောက်ဆိုလျှင် သတ်ပုံအခြေခံတော့ ရလောက်ပါပြီဘုရား၊ ဒါပေသိ ဗျူပ္ပတ်ကျန်နေသေးတယ်၊ ဘာကြောင့် ဘုရားကို ပုရှာရေးသလဲဆိုတဲ့ အကြောင်း ပေါ့ဘုရား၊ ဒါလည်း အများသိသင့်တာမို့ မိန့်တော်မူပါဦး"

"အေး–ဗျူပ္ပတ်ကိုပြောဖို့ကျတော့ တစ်ဦးနှင့်တစ်ဦး အယူအဆချင်း မတူညီကြလို့ ခက်နေသကွယ့်၊ ကဝိမျက်မှန်သတ်ပုံကျမ်း ၂၄၉–မှာ (ဘုရားဟု မြန်မာလို ခေါ်ဝေါ်ရေးသားခြင်းကား 'ဘူရိ'ဟူသော မဂဓပုဒ်ပျက်စကားဖြစ် သည်၊ ဘူရိဋ္ဌ ဏ္ဍသရကို အားပြု၍ 'ဘုရား'ဟု ခေါ်ဝေါ်ရေးသားအပ်သည်)လို့ ပြဆိုထားတယ်၊ သို့သော်လည်း အဘိဓာန် သဂ္ဂကဏ္ဍ ဘုရားပရိယာယ်၃၂– ပုဒ် ပြရာမှာ ဘူရိရယ်လို့ ဘုရားဟောပုဒ်မပါဘူး၊ ဘူရိပညော–မြေကြီးအထုနှင့် တူသော ပညာရှင်ဘုရားလို့သာပါတယ်၊ ဒါကြောင့် ဘူရိက ဘုရားဖြစ်တယ် ဆိုတဲ့သတ်ထုံးဟာ အင်မတန်အားနည်းတဲ့ သတ်ထုံးဖြစ်နေတယ်၊ ပြီးတော့ မိဖုရားကို ဘာကြောင့် ဖဦးထုပ်နှင့်ရေးတာလဲဆိုတော့ မိဖုရားဆိုတာ အတွေ့ အထိကောင်းတဲ့အတွက် ဖုသနအနက်ကိုရည်ရွယ်ပြီး ဖဦးထုပ်နှင့် ရေးတာလို့ ဆိုကြတယ်၊ အမှန်ကတော့ ကျောက်စာကရွေ့လာတဲ့ သတ်ထုံးဖြစ်ကြောင်း သိသာပါတယ်၊ ဒါကြောင့် ဗျူပ္ပတ်ကိုရှာလျှင် ကျောက်စာလာ သတ်ထုံးရဲ့ ဗျူပ္ပတ်ကိုသာ ရှာသင့်တယ်၊ ရှေးဟောင်းကျောက်စာများမှာ ရှိနေတာက (ပုရဟာ–ပုတြာ–ပုရှာ)ဖြစ်နေတော့ ဒီပုဒ်ဟာ ဧဝဏ္ဏ–အက္ခရာတစ်လုံးမျှသာ ရှိတဲ့ မြန်မာစကား ဟုတ်ဟန်မတူဘူး၊ ရှေးဟောင်းမွန်စကားသော်လည်းကောင်း၊ တိဗက်စကားသော်လည်းကောင်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဆရာတော်ကြီးများ ကတော့ (ပုရဟာ)ဆိုတာ ပူဇာရဟပုဒ်ရင်းက ပျက်လာတာဖြစ်သတဲ့၊ ပူဇာရဟပုဒ်ဟာ စင်စစ် သဗ္ဗညုတဘုရားကိုချည်း မဟောဘူး၊ ပူဇော်ထိုက်သူ

အားလုံးကို ဟောတယ်၊ သခင်ဘုရား, ခင်ဗျား, အရှင်ဘုရားဆိုတာတွေဟာ လူရဟန်းအားလုံး သုံးစွဲနေကြတဲ့ စကားဖြစ်တယ်၊ ဟိတောပဒေသကျမ်း သန္ဓိကဏ္ဍမှာ—

ဇေ့ညာ သေဋ္ဌာ ဒွိဇော ပုဇ္ဇော၊ ခတ္တိယော ဗလဝေန ဝါ။
ဓနဓညာဓိကာ ဝေဿော၊ သုဒ္ဒေါ တု ဒွိဇသေဝယာ။

ဒွိဇော—ရဟန်းပုဏ္ဏားကို၊ ဇေ့ညာသေဋ္ဌာ—အတတ်ပညာဖြင့် မြင့်မြတ်ခြင်းကြောင့်၊ ပုဇ္ဇော—ပူဇော်ထိုက်၏၊ ခတ္တိယော—မင်းမျိုးကို၊ ဗလဝေန ဝါ—ဗိုလ်ပါခွန်အား ကြီးမားခြင်းကြောင့်လည်း၊ ပုဇ္ဇော—ပူဇော်ထိုက်၏၊ ဝေဿော—ကုန်သည်မျိုးကို၊ ဓနဓညာဓိကာ—ဥစ္စာစပါး ပေါများခြင်းကြောင့်၊ ပုဇ္ဇော—ပူဇော်ထိုက်၏၊ သုဒ္ဒေါတု—သူဆင်းရဲမျိုးကိုကား၊ ဒွိဇသေဝယာ—ရဟန်း, ပုဏ္ဏား, မင်း အများ၏ ကြီးမားပွားတိုး မြတ်အကျိုးကို သယ်ပိုးဆည်းကပ်တတ်ခြင်းကြောင့်၊ ပုဇ္ဇော—ပူဇော်ထိုက်၏လို့ ပြထားတယ်။

"လောကမှာ မင်းမျိုး, ရဟန်းမျိုး, ကုန်သည်မျိုး, ဆင်းရဲသားမျိုးရယ်လို့ အမျိုးလေးပါးရှိရာမှာ အလှူခံစားတတ်တဲ့ ရဟန်းမျိုး, ဗြဟ္မဏမျိုးဟာ သာမန်လူတို့ထက် ပိုမိုပြီး အတတ်ပညာ တတ်မြောက်တတ်ကြတယ်၊ အတတ်ပညာ ပိုမိုတတ်မြောက်တဲ့အတွက် တစ်ဆင့်ပို့ချပေးခြင်း၊ ဟောပြောပေးခြင်းဖြင့် အသိဉာဏ်တိုးပွားအောင် အားထုတ်ပေးကြတဲ့အတွက် ရဟန်း, ဗြာဟ္မဏတို့ဟာ ပူဇော်ခြင်းကိုခံထိုက်သတဲ့၊ တိုင်းပြည်ကိုအုပ်ချုပ်ကြတဲ့ မင်းအစိုးရတို့လည်း စစ်သည်အင်အားဖြင့် တိုင်းပြည်ကြီးကို ဘေးမသီ ရန်မသန်းရအောင် စောင့်ရှောက်ကာကွယ်ပေးတဲ့အတွက် ပူဇော်ခြင်းကို ခံယူထိုက်သတဲ့၊ ကုန်သည်များလည်း ဥစ္စာပစ္စည်း ပေါများတဲ့အတွက် တစ်နယ်က ကုန်ပစ္စည်းများကို တစ်နယ်သို့ပို့ပေးခြင်းဖြင့် တိုင်းသူပြည်သားများ အလွယ်တကူဝယ်ယူစားသုံးနိုင်ကြတဲ့အတွက် ပူဇော်ခြင်းကို ခံယူထိုက်ကြပါသတဲ့၊ အလုပ်သမား, လယ်သမား, ဆင်းရဲသားများလည်း ရဟန်း, ပုဏ္ဏား, မင်း, အမတ်များကို ဆည်းကပ်တတ်ကြတဲ့အတွက် ပူဇော်ခြင်းကို ခံထိုက်သတဲ့၊ ဒါကြောင့် ပူဇော်ခြင်း ခံယူထိုက်တဲ့အနက် 'ပူဇာရဟ' ပုဒ်ဟာ သဗ္ဗညုတဘုရားရှင်ကိုချည်း ဟောတဲ့ပုဒ်မဟုတ်ဘူး၊ အမျိုးလေးပါးကို ဟောတဲ့ပုဒ်ဖြစ်တယ်၊ ဒါကြောင့် မှန်ပါ့ဘုရား၊ အရှင်ဘုရား၊ သခင်ဘုရား၊ ခင်ဗျား၊ မိဖုရား၊ ဘုရားရှင်စတဲ့ ဘုရားမှန်သမျှ

ဟာ (ပူဇာရဟ) ပုဒ်ပျက် ပူရဟာ–ပုရဟာ–ပုရှာ–ပုဟြာ–ဖုရှာ–ဖုရာ–ဘုရား ရယ်လို့ အဆင့်ဆင့် ပြောင်းလဲလာတဲ့ သတ်ထုံးလို့ ယူဆကြရမယ်"

"မှန်ပါ–ဘကုန်းတစ်ချောင်းငင် ဘုရားနှင့်ပတ်သက်လို့တော့ အတော် ကလေး သဘောပေါက်သွားပါပြီ၊ ဗထက်ခြိုက်(ဗရား)ရဲ့ ဗျုပ္ပတ်ကိုလည်း မိန့်တော်မူပါဦး"

"ဗရားဆိုတာကိုတော့ (ဝရ)ပုဒ်က ပျက်လာတယ်လို့ ယူဆကြတယ်၊ စရ, မှာ ဝ,ကို ဗပြု၊ ရ, အက္ခရာက(ရား)ဖြစ်ပြီး (ဗရား)ဖြစ်လာတယ်ပေါ့ကွယ်"

"နို့ အဲဒီ ဝရပုဒ်က ဘုရားဟော ပရိယာယ် ၃၂–ပုဒ်အတွင်း ပါဝင် ပါသလားဘုရား"

"ဝရပုဒ်သန့်သန့်ရယ်လို့ ဘုရားဟောပရိယာယ်မှာ မလာဘူး၊ (အနဓိဝရ ဝရပည)ရယ်လို့ အခြားပုဒ်များနှင့်တွဲပြီးတော့ဖြင့် လာပါရဲ့"

"ဒါလိုဆို ဘူရိပုဒ်က ဘုရားဖြစ်တာ မခိုင်မာသလို ဝရပုဒ်က ဗရား ဖြစ်တယ်ဆိုတာလည်း မခိုင်မာလှ ဘူးပေါ့ဘုရား၊ ဗထက်ခြိုက်တစ်ချောင်းငင် နှင့် (ဗုရား)ဖြစ်ပုံကိုလည်း နာချင်ပါသေးတယ်ဘုရား"

"ဗထက်ခြိုက်တစ်ချောင်းငင်နှင့် ဗုရားအရေးအသားကတော့ သိပ်မကြာ လှသေးပါဘူး၊ ဒီသတ်ပုံကို စတင်ရေးသားခဲ့သူကတော့ သခင်ကိုယ်တော်မှိုင်း ဖြစ်တယ်ကွယ့်၊ သခင်ကိုယ်တော်မှိုင်းဟာ သခင်ဘွဲ့ကို မခံယူမီ မစ္စတာ မောင်မှိုင်းဘဝက သူရိယသတင်းစာ ဆောင်းပါးပေါင်းချုပ်အခန်း၊ နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းကို ကောင်းချီးပေးတဲ့ တေးထပ်တစ်ပုဒ်ကိုဒီလိုရေးခဲ့တယ်"

### ဗုဒ္ဓပဏ္ဏာမတေးထပ်

မိုလ်ဝေနေ ဦးခိုက်၊ ဖူးထိုက်ဖို့ခွင့်သာ၊ ကျူးရိုက်လို့ ဆင့်ညာတယ်၊ ပွင့်လာသည်ထင်ရှား။ ဥရောပ အတွင်းမှောင်ကို၊ အလင်းရောင်ပြမယ့် ဗုဓ ၁း။

ဘုရားရှင့် ဗျာနူတ်သံငယ်၊ သာရပ္ပံ ထပ်ပွား။ သာမုက္ကံ အမှတ် ထားပါလို့၊ မြတ်တရားဆယ်ဖြာ။ မင်္ဂလေးတန် ဖိုလ်စတုငယ်နှင့်၊ ထိုသမု ပေါင်းတဲ့သဃ်ာ။

မြတ်သုံးပါး ရတနာကို၊ ကေဝတ်ညာထုံးတာဖြန့်ပါလို့၊ သုံးဖြာကုံ ဖူးလက်တင်ချီ၊ ဦးရွက်ဆင်ပြီ။ ရွှေပါဒ သန်ဋ္ဌိကို၊ အဥ္စလီ ညွတ်တွားငဲ့လေး။

ဒီတေးထပ်မှာ(ဗုဓ ၁း)ဆိုတဲ့ သတ်ပုံထူးတစ်ခုပါတယ်၊ ဗုဓ,သဒ္ဒါမှာ သက္ကတဘာသာ 'ရေဖ' ရောက်လာခြင်းဖြစ်သကွယ့်"

"ရေဖ, ဆိုတာ ဘာလဲဘုရာ့"

"ရေဖ, ဆိုတာ ရ,ကောက်အက္ခရာကို ဆိုတာပါပဲကွယ်"

"နို့ ခု ဓအောက်ခြိုက်ထက်မှာတော့ ရ,ကောက် မဟုတ်ဘဲ ခြောက်ဂဏန်း ဖြစ်နေပါတယ်ဘုရား"

"အေး–ဒီနေရာမှာ သတိထားစရာ ပြောရဦးမှာပေါ့၊ ရှေးက ရေးထိုး ထားခဲ့ကြတဲ့ ကျောက်စာတွေမှာကြည့်လျှင် ရ,ကောက်အရေးအသားဟာ ခုခေတ် ရေးသားပုံနှင့် ပြောင်းပြန်ဖြစ်နေတယ်၊ ရ,ကောက်ပြောင်းပြန်ကို အမြီးရှည်ရှည် ဝိုက်ဆွဲလိုက်တော့ ၆–ဂဏန်းနှင့်တူသွားသကွယ့်၊ ဒါကြောင့် ရေဖ,ဆိုတာ ရ, ကောက်လို့ပဲမှတ်ရမယ်၊ ရေဖ,ဆိုတဲ့ ရ,ကောက်အက္ခရာတစ်လုံးလုံး အပေါ်စီးနေလျှင် ရကောက်က သူစီးတဲ့အက္ခရာရဲ့ ဦးစွာအသံထွက်တယ်၊ ဥပမာ ကမာ ဆိုလျှင် ကရမ၊ နိမ ဏမ်ဆိုလျှင် နိရမာဏမ်လို့ အသံထွက်တယ်၊ ခုတေးထပ်မှာလည်း ဓ, အထက် ရေဖ, ရောက်တော့ ဗုရဓား လို့ အသံထွက် တယ်၊ သခင်ကိုယ်တော်မှိုင်းဟာ ဒီသတ်ထုံးက ဘုရားဖြစ်လာတယ်လို့ယူဆပြီး ရေးခဲ့တာမဟုတ်ပါဘူး၊ အလင်္ကာရသ ဝစနာလင်္ကာရဖြစ်အောင်သာ တေးထပ်ကို တန်ဆာဆင်ခဲ့ခြင်းဖြစ်သကွယ့်၊ သို့သော်လည်း နောက်လူတွေက ဒီသတ်ထုံးကို အမှီပြုပြီး ဗုဓခေတ်က ဗုရား‌ဖြစ်လာတယ်ရယ်လို့ ကြံကြံဖန်ဖန် ဉာဏ်စူးရောက် ကြတာပါပဲကွယ်၊ ဒါကြောင့် သတ်ပုံရေစီးကြောင်းအရ ပြောရလျှင် ယနေ့ ဘုရားသတ်ထုံးဟာ ဘကုန်းရေးတစ်ချောင်းငင်ပြီး ရကောက်ရေးချ ဝစ္စနှစ်လုံး ပေါက်တဲ့ ဘုရားသာ အများက အတည်ပြုကြောင်း မှတ်သားသင့်ကြပေသ ပေါ့ကွယ်"

မှန်ပါ၊ ဒီလို ရှင်းရှင်းလင်းလင်း သိရတဲ့အတွက် အလွန်ဝမ်းသာပါတယ်၊ သာဓုပါဘုရား၊ သာဓု–သာဓု"

❁❁❁❁❁

# ဗုဒ္ဓ၏ကျင်ကြီးကျင်ငယ်နှ

"သည်တစ်ခါပြဿနာကတော့ ရယ်စရာပြဿနာများ ဖြစ်နေမလား မသိဘူးဘုရား"

"ဘာ့ကြောင့်တုန်းကွယ့်"

"ရွာတစ်ရွာမှာ ဒါယကာတစ်စု ပြဿနာဖြစ်နေကြတယ်ဘုရား၊ ပြဿနာက ကတိုးကောင်ကထွက်တဲ့ အဆီအခဲတို့ ကျင်ငယ်တို့ဟာ မွှေးကြိုင်သတဲ့ဘုရား၊ ပြီးတော့ ကြောင်နံ့သာခေါ်တဲ့ တောကြောင်ကစွန့်တဲ့ ကျင်ငယ်နံ့ဟာလည်း နံ့သာလိုမွှေးသတဲ့ဘုရား၊ ပြီးတော့ ခုကာလ ခေတ်စားလာတဲ့ သစ်မွှေးဆိုတာဟာလည်း တကယ် သစ်သားက မွှေးတာမဟုတ်ဘဲ ပိုးကောင်တစ်မျိုးက ထုတ်ပစ်တဲ့ အညစ်အကြေးက သစ်သားထဲစိမ့်ဝင်ပြီး မွှေးတာတဲ့ဘုရား၊

သည်လို ပိုးမွှားတိရစ္ဆာန်တွေရဲ့ အညစ်အကြေးတွေတောင် မွှေးကြိုင်တယ်ဆိုလျှင် ပါရမီတော်ပြည့်ဝလို့ ဗုဒ္ဓအဖြစ်ရောက်တော်မူတဲ့ ဘုရားရှင်ရဲ့ ကျင်ကြီးကျင်ငယ် တံတွေး ချွေးစသော အညစ်အကြေးများလည်း မွှေးကြိုင်ရလိမ့်မယ်လို့ ပြောဆိုနေကြတယ်ဘုရာ့၊ သည်အခါ ဒါယကာတစ်ယောက်က ထောက်ခံပြီး ဘယ်လိုပြောသလဲဆိုတော့ အပဒါန်ဝတ္ထုမှာ သုဂန္ဓထေရ်ဟာ ရှေးအခါက ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ထုတ်ဖော်ချီးကျူးခဲ့တဲ့ ကောင်းမှုကြောင့် ယခုဘဝမှာ စကားပြောခဲ့လျှင် ပရိသတ်အဆုံးတိုင်အောင် ခံတွင်းကကြာပန်းနံ့နှင့် စကားပန်းနံ့များ မွှေးကြိုင်တယ်၊ ကိုယ်အနံ့ ချွေးအနံ့များလည်း ထို့

အတူမွှေးကြိုင်တယ်လို့ဆိုထားတယ်၊ သာမန်မထေရ်တစ်ပါးပင်လျှင် ဤကဲ့သို့ မွှေးကြိုင်ခဲ့လျှင် ဘုရားရှင်ရဲ့ အညစ်အကြေး အနံ့များလည်း ကေန်မွှေးကြိုင် သင့်တယ်လို့ ဆိုတယ်ဘုရား၊ သည်လိုဆိုတော့ ဒါယကာတစ်ဦးက ပြန်ပြော တယ်ဘုရား"

"ဘယ်လိုပြန်ပြောသလဲကွယ့်"

"ဟုတ်မှာပဲဗျို့၊ ကျုပ်လည်း ခုမှ စဉ်းစားမိတယ်တဲ့၊ မဟာဝင်ဝတ္ထုမှာ ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ သားတော် သာလိကုမာရမင်းသားရဲ့ ကြင်ယာတော် အသောကဒေဝီဟာလည်း ခံတွင်းက ကြာညိုပန်းနံ့မွှေးတယ်၊ ကိုယ်အနံ့က စန္ဒကူးနံ့ သရက္ခန်နံ့လို သင်းပျံ့တယ်လို့ ဆိုထားတာကိုတွေ့ဖူးတယ်၊ မိန်းမသား ဖြစ်ပါလျက်နှင့်ပင် သည်လို မွှေးကြိုင်သေးလျှင် ဘုရားရှင်ရဲ့ အညစ်အကြေးဟာ လည်း မွှေးကြိုင်မှာ အမှန်ပဲ၊ အရှင်ဘုရားကကော ဘယ်လို သဘောရပါသလဲလို့ တပည့်တော်ကို အဖော်ညှိပြန်တယ် ဘုရား"

"သည်တော့ ကိုယ်တော်က ဘယ်လို ဖြေတုန်း"

"တပည့်တော်ကလည်း သဘောခပ်ကျကျပါပဲ၊ ဒါပေမယ့် ခိုင်ခိုင်လုံလုံ အကြောင်းပြစရာ ကိုယ့်မှာမရှိတာကြောင့် အေး–ဒကာများပြောတာ သဘောတော့ ကျပါရဲ့၊ သို့သော်လည်း ထောက်ခံခြင်း, ကန့်ကွက်ခြင်းတော့ မလုပ်လိုသေးဘူး၊ ကိုယ့်ဆရာသမားထံ လျှောက်ထားမေးမြန်းပြီးမှပဲ အကြောင်းပြန်တော့မယ် လို့ ပြောခဲ့ရတယ်ဘုရား၊ အခု စကားစပ်မိလို့ ဆရာတော်ကို လျှောက်ထားတာ ပဲ၊ သည်အဖြေကိုလည်း မိန့်ကြားတော်မူပါဦး ဘုရား"

"သည်ပြဿနာက ရှေးကဖြစ်ပြီးသားပြဿနာပဲ၊ ပကိဏ္ဏက ဝိသဇ္ဇနာ ကျမ်း ပထမတွဲမှာ မြန်အောင်မြို့က ရဟန်းတော်ဦးရေဝတက လျှောက်ထား တဲ့အတွက် လုံးထော် ဆရာတော်ဘုရားက ဖြေကြားတော်မူထားသတဲ့ကွယ့်"

"ဘယ်လို ဖြေကြားထားပါသလဲဘုရား"

"ဆရာတော်ဘုရားရဲ့ အဖြေကတော့ သာမန်လူသားတို့ရဲ့ ကျင်ကြီး ကျင်ငယ်နံ့ဟာ မမွှေးကြိုင်ဘဲနံသလို ဘုရားရှင်ဟာလည်း လူသား တစ်ဦး မျှသာ ဖြစ်တော်မူတဲ့အတွက် ဘုရားရှင်ရဲ့ ကျင်ကြီးကျင်ငယ်ဟာလည်း နံသတဲ့ကွယ်၊ မမွှေးဘဲနံကြောင်းကို ဆရာတော်ဘုရားက ရှေးဦးစွာ ဝက္ကလိထေရ

**ဝတ္ထု**ကြောင်းကို ထုတ်ပြတော်မူတယ်၊ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် **ဝေဠုဝန်ကျောင်း**၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ်ကာလက သာဝတ္ထိပြည်သား ဝက္ကလိအမည်ရှိတဲ့ ရဟန်းဟာ ဘုရားရှင်ရဲ့ လှမသန့်ရှင်းတဲ့ ရူပကာယတော်ကို ဖူးမြင်ရတော့ ဖူးမြင်ရတာ မရောင့်ရဲတဲ့အတွက် ဘုရားရှင်နှင့်အတူတကွ လိုက်ပါသွားတယ်၊ ဒီလိုလိုက်ပါသွားရင်း ငါဟာ လူဝတ်နှင့်ဆိုလျှင် **ဘုရား**ရှင်ကို အမြဲဖူးမြော်ရဖို့မလွယ်ကူဘူး၊ သင်္ကန်းဝတ်နှင့်ဆိုလျှင် ဖူးမြော်**ရဖို့**လွယ်ကူတယ်၊ သည်တော့ ငါရဟန်းဝတ်မှ တော်မယ်လို့စိတ်ကူးပေါက်ပြီး ဘုရားရှင်ထံတော်မှာ ရဟန်းဝတ်တယ်၊ ရဟန်းဝတ်ပြီးတော့ ရဟန်း**ကိစ္စ**ဖြစ်တဲ့ ပရိယတ် ပဋိပတ်တရားတို့ကို ပွားများအားထုတ်ခြင်း မပြုတော့ဘဲ အချိန်ရသလောက် ဘုရားရှင်ရဲ့မျက်နှာတော်ကို ဖူးမြော်လို့သာနေသတဲ့၊ ဘုရားရှင်ကလည်း ဝက္ကလိရဲ့ဉာဏ် မရင့်ကျက်သေးတာကို ငဲ့လင့်တော်မူရင်း မသိသလိုဘာမျှ မိန့်ဆိုတော်မမူဘဲနေတယ်။

ဝက္ကလိရဲ့ဉာဏ် ရင့်ကျက်လောက်တဲ့အချိန်မှာ ဘုရားရှင်က **'ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ'** ဆိုတဲ့ ပါဠိနှင့် ဝက္ကလိ ငါ၏ကိုယ်ကောင်ပုပ်ကို ကြည့်နေသဖြင့် သင် ဘာအကျိုးရှိသလဲ၊ ဝက္ကလိ တရားကိုမြင်သောသူဟာ ငါဘုရားကို မြင်တယ်၊ ငါဘုရားကို မြင်ချင်လျှင် တရားကိုမြင်အောင် အားထုတ်လို့ မိန့်တော်မူတယ်၊ ဘုရားရှင်က သည်လို မိန့်ဆိုသော်လည်း ဝက္ကလိဟာ ဘုရားဖူးမြင်ခြင်းကိုပယ်ပြီး အခြားအရပ်ကိုမသွားနိုင်ဘူး၊ ဒါကြောင့် ဘုရားရှင်က သည်ရဟန်းဟာ သံဝေဂမရဘဲ တရားမြင်မှာမဟုတ်ဘူး၊ သံဝေဂဉာဏ်ပေါ်အောင်လုပ်မှပဲလို့ ဝါဆိုလပြည့်နေ့မှာ ဝက္ကလိကိုခေါ်တော်မူပြီး ရဟန်း– သင် သည်ကျောင်းမှာမနေနှင့် သွားတော့လို့ နှင်ထုတ်တော်မူလိုက်တယ်၊ ဘုရားရှင် နှင်ထုတ်တော်မူလိုက်တော့ ဝက္ကလိဟာ အလွန် စိတ်မချမ်းမသာဖြစ်ပြီး ဘုရားရှင်ရဲ့ မျက်မှောက်မှာမနေရလျှင် သေရတာက မြတ်သေးတယ်လို့ ဂိဇ္ဈကုဋ်တောင်ပေါ်တက်ပြီး တောင်ထိပ်က ချောက်အတွင်း ခုန်ချမယ်လုပ်တယ်။

**သည်အကြောင်း** ဘုရားရှင်သိတော်မူ၍ ဂိဇ္ဈကုဋ်တောင်ကိုလိုက်ပြီး ချေချွတ်တော်မူတယ်၊ သည်ဝတ္ထုမှာ ဘုရားရှင်က မိမိကိုယ်ကို (ဣမိနာ

ပူတိကာယေန) ဤကိုယ်ကောင်ပုပ်လို့ ညွှန်ပြတော်မူတယ်၊ ဘုရားရှင်ရဲ့ အဆင်းတော်ဟာ ရွှေအဆင်းကဲ့သို့ သန့်ရှင်းစင်ကြယ်တော်မူသော်လည်း ချွေး သလိပ်, ကျင်ကြီး ကျင်ငယ်စတဲ့ အညစ်အကြေးများ မပြတ်ယိုစီးတတ်လို့ အကောင်မုပ်လို့ ဟောတော်မူသတဲ့။

သည်အကြောင်း ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ ၂၈၈–မှာ 'ပူတိကာယေနာတိ အတ္တနော သုဝဏ္ဏဝဏ္ဏမ္ပိ ကာယံ ဘဂဝါ ဓုဝပဂ္ဃရဏဋ္ဌေန ဧဝမာဟ' လို့ ဖွင့်ပြထားတယ်ကွယ့်၊ သည်အထောက်အထားကြောင့် ဘုရားရှင်ရဲ့ ကျင်ကြီး ကျင်ငယ်ဟာ သာမန်လူသားများရဲ့ ကျင်ကြီးကျင်ငယ်လို နံ့စော်ကြောင်း ဖော်ပြထားတယ်၊ ဒုတိယအကြောင်းပြချက်ကတော့ အခါတစ်ပါး ဘုရားရှင်ဟာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ ကိန်းအောင်း မွေ့လျော်တော်မူစဉ် ဝမ်းသွန်တဲ့ ရောဂါဝေဒနာ ကပ်ရောက်တော်မူလာသတဲ့၊ သည်အခါ သိကြားမင်းဟာ မထင်ရှားသောအသွင်ဖြင့် ဘုရားရှင်ရဲ့ ခြေတော်ကို ဆုပ်နယ်လာသတဲ့ကွယ်၊ ဘုရားရှင်က ဘယ်သူလဲလို့ မေးတော်မူတော့ တပည့်တော် သိကြားပါဘုရားလို့ လျှောက်သတဲ့၊ ဘုရားရှင်က သိကြားမင်း လူတို့ရဲ့အနံ့ဟာ အလွန်နံ့တယ်၊ နတ်တို့ရဲ့စိတ်ထဲမှာ ယူဇနာတစ်ရာလောက်ကစပြီး လည်ပင်းမှာ ခွေးကောင်ပုပ်အဆွဲခံရသလို အလွန်နံ့တယ်လို့ထင်ကြတယ်၊ အသင်သိကြားမင်း သွားလေ၊ ငါ့ထံမှာ ကောင်းစွာပြုစုမည့် ရဟန်းများရှိတယ်လို့ မိန့်တော်မူတယ်၊ သိကြားမင်းက အရှင်မြတ်ရဲ့ သီလရနံ့ဟာ ယူဇနာ ရှစ်သောင်းလေးထောင် အမြင့်ဆောင်တဲ့ မြင်းမိုရ်တောင်များကပင် စံပယ်၊ စကား၊ ခရား၊ စွယ်တော်၊ ကံ့ကော်အနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင် လှိုင်တော်မူတဲ့အတွက်ကြောင့် လာခဲ့ရပါတယ်၊ ကောင်းမွန်စွာလုပ်ကျွေးပါရစေလို့ ဘုရားရှင်ရဲ့ ကျင်ကြီးကျင်ငယ် ရွံရှာဖွယ်စွန့်တဲ့အိုးကို ဦးခေါင်းဖြင့်ရွက်ယူကာ ဆေးကြောသုတ်သင်ပြီးမှ တာဝတိံသာကို ပြန်သတဲ့ကွယ်။

သည်အကြောင်း ရဟန်းများကသိကြတော့ ဘုရားရှင်၌ သိကြားမင်းရဲ့ ချစ်ခင်ကြည်ညိုခြင်းဟာ အလွန်အံ့ဩဖွယ်ရာကောင်းတယ်၊ ကြီးကျယ်သော သိကြားမင်းဖြစ်ပါလျက် ဘုရားရှင်ရဲ့ အညစ်အကြေးစွန့်တဲ့အိုးကို မရွံမရှာ ဦးခေါင်းဖြင့်ရွက်ပြီး လုပ်ကျွေးပြုစုပေးတယ်လို့ ချီးမွမ်းကြသတဲ့၊ သည်အခါ

ဘုရားရှင်က ငါ့အပေါ် သိကြားမင်း ချစ်ခင်ကြည်ညိုတာဟာ ဘာမျှအံ့သြဖွယ်မရှိဘူး၊ ငါဟာ သိကြားအိုကို သိကြားအသစ်ဖြစ်အောင် ပြုပေးခဲ့တယ်၊ အရိယာဖြစ်အောင်လည်း ပြုပေးခဲ့တယ်၊ အဲဒါကသာ အံ့သြစရာကောင်းတယ်လို့ **'အနစ္ဆရိယမေတံ သက္ကော ဒေဝရာဇာ မယိ သိနေဟံ ကရောတိ'** စသောအားဖြင့် မိန့်ကြားတော်မူသတဲ့၊ ဓမ္မပဒအဋ္ဌကထာ သုခဝဂ် သက္ကဝတ္ထုကလာတဲ့ သည်စကားရပ်ကို ဒုတိယအကြောင်းပြပြီး ဘုရားရှင်ရဲ့ ကျင်ကြီးကျင်ငယ်ဟာ သရက္ခန် စန္ဒကူးများလို မမွှေးကြိုင်ဘဲသာမန်လူသားများရဲ့ ကျင်ကြီးကျင်ငယ်နဲ့လိုပင် စက်ဆုပ်ဖွယ်အနံ့ရှိတယ်လို့ ဖြေဆိုတော်မူထားတယ်၊ တို့ကလည်း သည်အဖြေအတိုင်း အဖြေရှိမှာပဲကွယ့်။

တို့တစ်တွေဟာ ဗုဒ္ဓဘုရားရှင်ရဲ့အပေါ် ဘယ်လိုအထင်ကြီးထားကြသော်လည်း တရားကိုယ်အားဖြင့် ဗုဒ္ဓဘုရားရှင်ဟာ နတ်လည်းမဟုတ်ဘူး၊ ဗြဟ္မာလည်းမဟုတ်ဘူး၊ သူလိုငါလို လူသားပုဂ္ဂိုလ်မျှသာဖြစ်တယ်၊ လူသားပုဂ္ဂိုလ်မျှသာဖြစ်တဲ့အတွက် သာမန်လူသားများလို ၃၂-ပါးသော ကောဋ္ဌာသ အစုအဝေးများဖြင့် တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ရှိတော်မူတယ်၊ ခန္ဓာကိုယ် တည်ဆောက်ထားကြတဲ့ အစုအဝေးအားလုံးတို့ဟာ တင့်တယ်မှုမရှိတဲ့ အသုဘတွေချည်းဖြစ်ကြတယ်၊ ဒါကြောင့် ဘုရားရှင်ရဲ့ ကျင်ကြီးကျင်ငယ်ဟာလည်း တင့်တယ်မှုမရှိ၊ ရွံရှာဖွယ်အတိသာ ဖြစ်ကြောင်းကို မှတ်သင့်တာပေါ့ကွယ်။

**"သာဓုပါဘုရား–သာဓု–သာဓု"**

ooooo

# ဘုရားလောင်း၏ ကြင်ယာတော်နှင့်သားတော်များ

"သည်တစ်ခါ လျှောက်ထားရမှာကတော့ ဗုဒ္ဓဝင်နှင့်ပတ်သက်တဲ့ ပြဿနာပဲဘုရား"

"ဘယ်လိုပြဿနာလဲကွယ့် ဆိုစမ်းပါဦး"

"မြို့တစ်မြို့မှာ ဗုဒ္ဓဝင်နှင့်စပ်ပြီး သုံးပွင့်ဆိုင် အငြင်းအခုံ ဖြစ်နေကြတာ တွေ့ရတယ်ဘုရား၊ ပထမလူတစ်စုက ဂေါတမဘုရားရှင်ဟာ မင်းသားဘဝက မယား ၇–ယောက်၊ သား–၇ယောက်ရှိကြောင်း ပြောဆိုပါတယ်၊ မယား ၄–ယောက်တို့ကလည်း (၁) သုဘနာ၊ (၂) သဗ္ဗကာမာ၊ (၃) သုစိတ္တာ၊ (၄) ရောစီနီ၊ (၅) ရုစဂ္ဂတီ၊ (၆) သုနန္ဒ၊ (၇) ယသောဓရာဗိမ္ဗာဒေဝီ တို့ ဖြစ်ကြပါသတဲ့၊ သားတော် ၇–ယောက်တို့ကလည်း (၁) သမဝတ္တက္ခန္ဓ၊ (၂) အတုလ၊ (၃) သုပ္ပဗုဒ္ဓ၊ (၄) ဥတ္တရ၊ (၅) သတ္တဝါဟ၊ (၆) ဝိဇိတသေန၊ (၇) ရာဟုလာ တို့ဖြစ်ကြပါသတဲ့ ဘုရား။

ဒုတိယလူစုကတော့ ဘုရားအလောင်းတော်မှာ မယား ၇–ယောက်၊ သား ၇–ယောက်ရှိတယ်လို့ မကြားဖူးဘူးတဲ့၊ (ဗုဒ္ဓဘာသာအထွေထွေနိဗ္ဗာန်ပေါက်လက်စွဲကျမ်း) စာမျက်နှာ ၉၀–မှာ မယား ၅–ယောက်၊ သား ၅–ယောက်ရှိကြောင်းပြဆိုထားတာတော့ တွေ့ဖူးကြောင်း ပြောဆိုတယ်ဘုရား၊ အဲဒီမယားအမည်၊ သားအမည်များကို ပြောစမ်းပါဆိုတော့ သူတို့က စာအုပ်ကိုထုတ်ပြကြတယ်ဘုရား၊ စာအုပ်ကြီးက အတော်ထူတယ်၊ စာမျက်နှာ ၆၀၀–ကျော်ရှိတယ်၊ ဒါပေမယ့် စာအုပ်က အတော်ပျက်စီးနေလို့ ရေးတဲ့ပုဂ္ဂိုလ်၊

ရိုက်တဲ့ခုနှစ်၊ ရိုက်တဲ့အမည်များ မပါတော့ဘူးဘုရား၊ သူတို့ပြောတဲ့အတိုင်းပဲ စာမျက်နှာ ၉၀–မှာ ဒီလိုရေးထားတယ် ဘုရား။

ဗုဒ္ဓဝင်အဋ္ဌကထာ၌ ဤသို့လာ၏၊ သိဒ္ဓတ္ထမင်းသားအား မြောက်သား ငါးယောက်ရှိ၏၊ ပထမ ယသောဓရာ၊ ထို့နောက် သုမိတ္တာ၊ ကဋ္ဌန၊ မင်္ဂလနှင့် မလ္လိကာမိဖုရားဟူ၍ ငါးပါးဖြစ်သဖြင့် သားလည်း ငါးယောက်ဖြစ်လေသည်၊ ယသောဓရာ၏သားကြီး ရာဟုလာ၊ သုမိတ္တာ၏သားကား ပုတ္တာ၊ ကဋ္ဌန၏သားကား ဥပဓောဂ၊ မင်္ဂလ၏သားကား သဃ်ာဝရ၊ မလ္လိကာ၏သားကား ဓာတိဝရ ဖြစ်၏၊ ပေါင်းစုက ပဥ္စပုတ္တာဘွဲ့တော်ရ၍ အရိယာ ငါးပါးဖြစ်ကြောင်း ဗုဒ္ဓဝင်မှအကျဉ်းပြ၏၊ အမှန်ကိုသိလိုက ဒီဃနိကာယ်အကျယ်ကျမ်း ကြည့်ပါလေလို့ ဖော်ပြထားပါတယ် ဘုရား”။

“အင်း–အင်း ဦးပဋ္ဌင်းပြောမှပဲ အမှတ်ရတယ်၊ သည်စာဟာ အနာဂတဝင် ကျမ်းငယ်ကလာတာပဲ၊ အနာဂတဝင်ကျမ်းငယ်မှာ သည်အကြောင်း လင်္ကာလေးနှင့် ပြထားသကွယ့်”

“အမိန့်ရှိတော်မူပါဦး ဘုရား”

“ကဿပဟု၊ ဗုဒ္ဓမြတ်စွာ၊ သုံးရွာသခင်၊ မြတ်ချစ်ရှင်၏၊ ဗုဒ္ဓဝင် မွေခံ၊ နာမံမည်မှတ်၊ သိဒ္ဓတ်မင်းသား၊ မြောက်သားငါးယောက်၊ ကြီးမြောက် ရသော်၊ ထိုရော်သုမိတ္တာ၊ ကဋ္ဌနနှင့်၊ မင်္ဂလဟူ၊ ဘွဲ့မူသာယာ၊ မာလိကာ မိဖုရား၊ စဉ်လိုက်ထားမှ၊ သားကားငါးယောက်၊ ကြီးမြောက်နန်းလျာ၊ ရာဟုလာဟု၊ ရေမှတ်ပြုမှ၊ ထိုမှတစ်ဖန်၊ သုမိတ္တံလျှင်၊ မွေးမြင်သည်သား၊ အများခေါ်ကြ၊ သားပုတ္တလျှင်၊ အမည်တွင်မှ၊ ကဋ္ဌနမိဖုရား၊ မွေးသည့် သားကား၊ အများတွင်ခေါ်၊ သားတော်ဥပယောဂ၊ တွင်ဆေစွဟု၊ မင်္ဂလဟူ၊ သားတော်မှူလည်း၊ ထို့တူမည်ရ၊ သဃ်ာဝရ၊ ထိုမှတစ်ပါး မိဖုရားမလ္လိကာ၊ သားတော်မှာလည်း၊ မည်သာတွင်သိ၊ ဓာတိဝရ၊ ပေါင်းစုကလည်း၊ ပဥ္စဗုဒ္ဓ၊ ဘွဲ့တော်ရ၏၊ အရိယာငါး၊ ဖြစ်ကြောင်းများကို နောက်သားသိမြင်၊ ဗုဒ္ဓဝင်မှ၊ မကျဉ်းပြ၏၊ ထိုမှတစ်ဖန်၊ အမှန်သိရ၊ ဒီဃနိကာယ်၊ အကျယ်ကျမ်းပြ၊ သိပါရ၏၊ လောကသခင်၊ လူတွင်လူမြတ်၊ သိဒ္ဓတ်မင်းသား၊ ဘုရားအနွယ်၊ ကျဉ်းကျယ်ထုတ်ပြ၊ လေးရပ်သောသူ၊

လေးမျိုးလူတို့၊ သိယူသောအား၊ မှတ်သားစိမ့်ငှာ၊ ပို့ကဗျာနှင့်၊ သိသာစိမ့်ကြောင်း၊ ဉာဏ်ဖြင့်လောင်း၍၊ ထုံးဟောင်းသက်သေ၊ ကျမ်းကိုဖွေမှ၊ တွေ့ပါကလည်း၊ ခဏမကြာ၊ ကဗျာစီကုံး၊ အကျဉ်းရုံး၍၊ နောင်ထုံးစဉ်လာ၊ မျိုးလေးဖြာတို့၊ သိသာခြားနား၊ မှတ်သားစရာ၊ ကျမ်းလာအလို၊ လင်္ကာဆိုသည်၊ မှတ်လိုသူတို့ သိကြောင်းတည်း"တဲ့ကွယ်

သည်လင်္ကာကိုယူပြီး ဗုဒ္ဓဘာသာအထွေထွေ နိဗ္ဗာန်ပေါက် လက်စွဲကျမ်းက စကားပြေရေးထားတာ ဖြစ်ပါလိမ့်မယ်"

"မှန်ပါ၊ ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်ဘုရား၊ ဒုတိယလူတစ်စုက သည်လိုပြောတော့ တတိယလူတစ်စုက ဘုရားအလောင်းတော်မှာ မိဖုရား ငါးပါးရှိတယ်ဆိုတာလည်း မဟုတ်ဘူး၊ ၇–ပါးရှိတယ်ဆိုတာလည်း မဟုတ်ဘူးတဲ့ ဘုရား"

"နို့ မိဖုရား ဘယ်နှစ်ယောက်ရှိသတဲ့လဲကွယ်"

"သူတို့ကတော့ မိဖုရားလည်း ယသောဓရာတစ်ပါးပဲရှိတယ်၊ သားတော်လည်း ရာဟုလာတစ်ပါးပဲရှိတယ်လို့ ဆိုကြတယ်ဘုရား၊ ဒီပြဿနာကို ဆရာတော်ဘုရား စွမ်းနိုင်သလောက် ဖြေရှင်းပေးတော်မူပါဦး ဘုရား"

"ကိုယ်တော့်ပြဿနာက သုံးပွင့်ဆိုင်ပြဿနာဖြစ်နေတယ်၊ လေးပွင့်ဆိုင်ဖြစ်သွားအောင် တပည့်တော်က ပြဿနာတစ်ခု ထပ်ထည့်လိုက်ဦးမယ်"

"ဘယ်လိုပြဿနာပါလဲဘုရား"

"ယသောဓရာထေရီ အပဒါနပါဠိ စာမျက်နှာ ၂၆၆၊ ဂါထာနံပါတ် ၃၃၁–မှာ–"

**ထိနံ သတသဟဿာနံ၊ နဝုတိနံ ဆဒုတ္တရိ။**

**အဂ္ဂါရေ တေ အဟံ ဝီရ၊ ပါမောက္ခာ သဗ္ဗာ ဣဿရာ**

ဆိုတဲ့ ဂါထာတစ်ပုဒ်ပါတယ်ကွယ့်၊ သည်ဂါထာဟာ အသက် ၇၈–နှစ်အရွယ်ရှိတဲ့ ယသောဓရာထေရီမ ပရိနိဗ္ဗာန်ဝင်စံခါနီး ဘုရားရှင်ကို လျှောက်ထားတဲ့ ဂါထာဖြစ်တယ်၊ ဂါထာရဲ့အဓိပ္ပာယ်က 'အို–ဘုရားရှင်၊ အကျွန်ုပ်ယသောဓရာဟာ အရှင်မြတ် နန်းတော်အတွင်း စံနေစဉ်က မိန်းမပေါင်း ကိုးသန်း ခြောက်သိန်းတို့ရဲ့ အကြီးအမှူးဖြစ်ပါတယ်၊ မိန်းမအားလုံးတို့ကို

အစိုးရသူဖြစ်ပါတယ်တဲ့'၊ သည်စကားရပ်က အဲဒီခေတ်က ကပိလဝတ် မင်းနေပြည်မှာ အမျိုးသမီး ပေါင်း ကိုးသန်းခြောက်သိန်းရှိတယ်၊ အဲဒီမိန်းမ ကိုးသန်းခြောက်သိန်းတို့ကို မိဖုရားခေါင်ကြီးဖြစ်တဲ့ ယသောဓရာက အစိုး ရတယ်လို့ ဆိုလိုတယ်။

ဂါထာ နံပါတ် ၃၃၃–လုံးကို ကြည့်လိုက်စမ်းပါဦး။

**ကညာ သတသဟဿပမုခါ၊ သကျပုတ္တနိဝေသနေ။**

**သမာနသုခဒုက္ခတာ၊ ဒေဝတာ ဝိယ နန္ဒနေ–**

ဆိုတဲ့ဂါထာကို တွေ့ရလိမ့်မယ်၊ သာကီဝင်မင်းသားရဲ့နန်းတော်မှာ သတို့သမီးပေါင်း တစ်သိန်းရှိပါသတဲ့၊ သည်တစ်သိန်းထဲမှာ ယသောဓရာက အကြီးဆုံတဲ့၊ နန္ဒဝန်ဉယျာဉ်တွင်းက နတ်သမီးတွေလို အတူတကွ ချမ်းသာဆင်းရဲ ခံစား စံစားခဲ့ကြသတဲ့။

ဒီဂါထာကိုကြည့်လိုက်လျှင် ကပိလနန်းတွင်းမှာ သိဒ္ဓတ္ထမင်းရဲ့ မောင်းမ ပေါင်း တစ်သိန်းရှိတယ်လို့ အတိအလင်း ဖော်ပြထားတယ်၊ သည်မောင်းမ တစ်သိန်းထဲက နောင်အခါ အကျွတ်တရားရသွားတာတွေ အတော်များများ တွေ့ကြရတယ်၊ ထေရီအပဒါနပါဠိ ဆဠမှုစာမျက်နှာ ၂၇၂–မှာ မောင်းမပေါင်း တစ်သောင်းကျွတ်တမ်းဝင်ပုံ ပြထားတယ်၊ စာမျက်နှာ ၂၇၃–မှာ မောင်းမ ပေါင်း တစ်သောင်းရှစ်ထောင် ကျွတ်တန်းဝင်ပုံပြထားတယ်၊ သည်မှတစ်ပါး ထေရီဂါထာပါဠိတော်ကလာတဲ့ တိဿာထေရီ, အညတြာတိဿထေရီ, ဓိရာထေရီ, ဝိရာထေရီ, ဘဒြာထေရီ, မိတ္တာထေရီ, ဥပသမာထေရီတို့ဟာလည်း ဘုရားလောင်းရဲ့ ရံရွေတော်များပင် ဖြစ်ကြတယ်။

ဒါကြောင့် ဘုရားလောင်း မိဖုရားပေါင်း ဘယ်လောက်လဲလို့မေးခဲ့လျှင် မိဖုရားပေါင်း တစ်သိန်းလို့ပြောမည်ဆိုလျှင် ပြောနိုင်တာပေါ့ကွယ်၊ ဒါပေမယ့် ဥပမာပြောရလျှင် သီပေါမင်းရဲ့ မန္တလေးနန်းတော်တွင်းမှာ မောင်းမပေါင်းများစွာ ရှိကြတယ်၊ သို့သော်လည်း အဲဒီမောင်းမတိုင်းဟာ သီပေါမင်းရဲ့ မိဖုရားများ မဟုတ်ကြဘူး၊ တရားဝင်မိဖုရားကတော့ စုဖုရားကြီးရယ်၊ စုဖုရားလေး၊ စုဖုရားလတ်ရယ် အားလုံးပေါင်းမှ သုံးယောက်သာရှိသလို ကပိလဝတ်နန်းတွင်းမှာ မောင်းမပေါင်း တစ်သိန်းရှိတာမှန်သော်လည်း ဘုရားလောင်းရဲ့ တရားဝင်

မိဖုရားကတော့ 'ယသောဓရာဗိမ္ဗာဒေဝီ'တစ်ဦးတည်းသာ ရှိတယ်ကွယ့်"

"နို့ မယားခုနစ်ယောက်, သားခုနစ်ယောက်၊ မယားငါးယောက်, သား ငါးယောက်ဆိုတာ မဟုတ်ဘူးပေါ့ဘုရား"

မဟုတ်ပါဘူးကွယ့်၊ မယားခုနစ်ယောက်၊ သားခုနစ်ယောက်ဆိုတာက ဒီလိုပါ"

"ဘယ်လိုပါလဲဘုရား"

"ဒီဃနိကာယ် မဟာဝဂ္ဂဋ္ဌကထာ ဆဋ္ဌမူ စာမျက်နှာ ၁၅, ၁၆-တို့မှာ ဘုရားခုနစ်ဆူနဲ့ သားတော် ၇-ပါးနှင့် ကြင်ယာတော် ၇-ပါးတို့ကို ဂါထာဖွဲ့ပြီး ပြထားတယ်၊ သားတော် ၇-ပါးဘွဲ့ ဂါထာ-

**သမဝတ္တက္ခန္ဓော အတုလော၊ သုပ္ပဗုဒ္ဓေါ စ ဥတ္တရော။**

**သတ္တဝါဟော ဝိဇိတသေနော၊ ရာဟုလော ဘဝတိ သတ္တမော-**

တဲ့ကွယ်၊ သည်ဂါထာဟာ ဘုရားလောင်း ခုနစ်ပါးတို့ရဲ့ အစဉ်အတိုင်း သားတော် ၇-ပါးဖြစ်ကြောင်းကို 'ဧတေ တာဝ သတ္တန္နံ ဗောဓိသတ္တာနံ အနုက္ကမေနေဝ သတ္တပုတ္တာ ဝေဒိတဗ္ဗာ'လို့ အတိအလင်း ဖော်ပြထားတယ်၊ ထို့အတူ ဘုရားလောင်း ၇-ပါးတို့ရဲ့ ကြင်ယာတော် ၇-ယောက်တို့ကိုလည်း-

**သုတနုာ သဗ္ဗကာမာ စ၊ သုစိတ္တာ အထ ရောစိနီ။**

**ရုစဂ္ဂတီ သုနန္ဒာ စ၊ ဗိမ္ဗာ ဘဝတိ သတ္တမာ-**

လို့ ဂါထာဖွဲ့ပြီး 'ဧတာ ဧတေသံ သတ္တန္နမ္ပိ ပုတ္တာနံ မာတရော အဟေသုံ'လို့ ဆက်ပြီး ပြဆိုတယ်၊ အဓိပ္ပာယ်ကတော့ သည်အမျိုးသမီး ၇-ဦးတို့ဟာ ထို သားတော် ၇-ပါးတို့ရဲ့ မိခင်များ ဖြစ်ကြပါတယ်လို့ ဆိုလိုတယ်၊ ဘုရား ၇-ဆူ တို့ရဲ့ သည်သားတော် ကြင်ယာတော်များကို ဗုဒ္ဓဝံသအဋ္ဌကထာနှင့် ညှိကြည့်မည် ဆိုပါလျှင်-

(၁) ဗုဒ္ဓဝံသ အဋ္ဌကထာ။ ဆဋ္ဌမူ နှာ- ၂၈၃-မှာ

'သုတနု နာမသာ အဂ္ဂမဟေသီ၊ သမဝတ္တက္ခန္ဓော နာမသာ ပုတ္တော'

ဝိပဿီဘုရားရှင်ရဲ့ မိဖုရားက သုတနု၊ သားတော်က သမဝတ္တက္ခန္ဓ

တဲ့ကွယ်။

(၂) စာမျက်နှာ ၂၈၉–မှာ–

**'သဗ္ဗကာမာ နာမဿ အဂ္ဂမဟေသီ၊ အတုလော နာမဿ ပုတ္တော'**

သိခီဘုရားရှင်ရဲ့ မိဖုရားက သဗ္ဗကာမာ၊ သားတော်က အတုလ တဲ့ကွယ်။

(၃) စာမျက်နှာ ၂၉၄–မှာ–

**'သုစိတ္တာ နာမဿ ဘရိယာ၊ သုပ္ပဗုဒ္ဓေါ နာမဿ ပုတ္တော'**

ဝေဿဘူဘုရားရှင်ရဲ့ မိဖုရားက သုစိတ္တာ၊ သားတော်က သုပ္ပဗုဒ္ဓ တဲ့ကွယ်။

(၄) စာမျက်နှာ ၃၀၀–မှာ–

**'ဘရိယာ ပနဿ ရောစိနီနာမ ဗြာဟ္မဏီ၊ ဥတ္တရော နာမ ပုတ္တော'**

ကကုသန်ဘုရားရှင်ရဲ့ မိဖုရားက ရောစိနီပုဏ္ဏေးမ၊ သားတော်က ဥတ္တရတဲ့ကွယ်။

(၅) စာမျက်နှာ ၃၀၅–မှာ–

**'ဘရိယာ ပနဿ ရုစိဂတ္တာ နာမ ဗြာဟ္မဏီ၊ သတ္တဝါဟော နာမ ပုတ္တော'**

ကောဏာဂုမ်ဘုရားရှင်ရဲ့ မိဖုရားက ရုစိဂတ္တပုဏ္ဏေးမ၊ သားတော်က သတ္တဝါဟတဲ့ကွယ်။

(၆) စာမျက်နှာ ၃၁၂–မှာ–

**'သုနန္ဒာ နာမဿ အဂ္ဂမဟေသီ၊ ဝိဇိတသေနော နာမ ပုတ္တော'**

ကဿပဘုရားရှင်ရဲ့ မိဖုရားက သုနန္ဒာ၊ သားတော်က ဝိဇိတ သေန တဲ့ကွယ်။

(၇) ဂေါတမဘုရားရှင်ရဲ့ မိဖုရားကတော့ ယသောဓရာ ဗိမ္ဗာဒေဝီ၊ သားတော်ကတော့ ရာဟုလာတဲ့ကွယ်။

"ဒါကြောင့် ဂေါတမဘုရားလောင်းမှာ မယား ၇–ယောက်၊ သား ၇–

ယောက်မရှိပါဘူး၊ မယားတစ်ယောက် သားတစ်ယောက်သာရှိတယ်၊ ဘုရား ၇–ဆူတို့ရဲ့ သားမယားများနှင့် မှားယွင်းပြီး မယား ၇–ယောက်၊ သား ၇–ယောက်လို့ရေးတယ်၊ သည်ကမ္ဘာမှာပွင့်တဲ့ ဘုရားငါးဆူတို့ရဲ့ သားမယားများနှင့် ရောပြွမ်းပြီး မယား ၅–ယောက်၊ သား ၅–ယောက်လို့ရေးတယ်၊ ဒါပေမယ့် အဲသည်ရေးသားချက်တွေဟာ မမှန်ပါဘူး၊ ယခုရေးပြခဲ့တာတွေသာ မှန်တယ်ဆိုတာ အသေအချာ မှတ်သင့်တာပေါ့ကွယ်”

“မှန်ပါ–သာဓုပါဘုရား၊ သာဓု–သာဓု”

✪✪✪✪✪





# ရဟန်းတော်များ၏ သက်န်းတော်အသွင်အပြင်

"မော်လမြိုင်ခရိုင် မုဒုံနယ်ဘက်ကို တပည့်တော်ရောက်သွားတော့ တော်ကူး၊ ကျိုက္ကာကျေးရွာ ဓမ္မရက္ခိတကျောင်း ဆရာတော် ဦးတေဇဆိုတဲ့ တောရပုဂ္ဂိုလ်ကြီးနှင့် တပည့်တော်ဆုံတွေ့ပါတယ်၊ တပည့်တော် မော်လမြိုင်နယ်ဘက်ရောက်တဲ့ ၁၃၃၉–ခုနှစ်က အဲဒီဆရာတော်ကြီးဟာ သိက္ခာတော် ၃၅–ဝါ ရှိနေပါပြီ၊ ဆရာတော်ကြီးဟာ ဝိနည်းတရားတော်ကို အလွန်လေးစားတော်မူတယ်၊ စာပေကိုလည်း အတော်လေ့လာတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ပါတယ်၊ ဆရာတော်ကြီးက ဘယ်လိုမိန့်တော်မူပါသလဲဆိုတော့ ယနေ့မြန်မာနိုင်ငံတော်မှာ ရှိနေကြတဲ့ ရဟန်းတော်များရဲ့ သင်္ကန်းတင်ပုံ၊ ရုံပုံ အသွင်အပြင်များဟာ ဘုရာရှင်လက်ထက်တော်ကအတိုင်း ဟုတ်မဟုတ် တိတိကျကျသိချင်တယ်လို့ မိန့်တော်မူတယ်ဘုရား"

"သည်တော့ ကိုယ်တော်က ဘယ်လိုဖြေခဲ့သလဲ"

"တပည့်တော် ဘယ်လိုဖြေတတ်မှာလဲ၊ ဆရာတော်အားကိုးနဲ့ အဲဒီပြဿနာကို ဆောင်ယူခဲ့တာပဲ၊ သည်ပြဿနာကိုလည်း ဆရာတော် အဖြေပေးတော်မူပါဦး ဘုရား"

"အေးကွယ့်–သည်ပြဿနာဟာ မေးခွန်းကတော့ တိုတိုပဲ၊ အဖြေကတော့ ဟုတ်တယ်မဟုတ်ဘူး၊ ဖြေရုံနှင့်မပြေဘူး၊ အတော်ကလေး ကျယ်ကျယ်ပြန့်ပြန့်ဖြေမှ နည်းနည်းလောက် ပြေလိမ့်မယ်ထင်တယ်ကွယ့်"

"နည်းနည်းလောက်ဆိုတဲ့စကားကို ဘာကြောင့်သုံးရတာလဲဘုရား"

"နည်းနည်းလောက်ဆိုတဲ့ စကားက 'အလုံးစုံအမှန်'လို့ မပြောနိုင်တဲ့ အတွက်ကြောင့်ပေါ့ကွယ်"

"အလုံးစုံအမှန် မဖြေဆိုနိုင်တာက ဘာကြောင့်လဲဘုရား"

"အလုံးစုံအမှန် မဖြေဆိုနိုင်တာက ဘုရားရှင်လက်ထက် ကိုယ်တိုင်မမီဘူးလေ၊ ကိုယ်တိုင်မမီတော့ ဘုရားရှင်လက်ထက်တော်က ရဟန်းတော်များ ဝတ်ရုံပုံကို ကိုယ်တွေ့မသိရဘူး၊ စာထဲကဆိုသမျှကိုသာ အားကိုးပြီး ဖြေဆိုရမှာကိုးကွယ့်၊ စာဆိုတာ လက်တွေ့နှင့် ကိုက်ညီတာလည်းရှိတယ်၊ မကိုက်ညီတာလည်းရှိတတ်တယ်၊ အကောက် အယူအဆလည်း လွဲတတ်တယ်၊ ဒါကြောင့် အလုံးစုံ အမှန်မဖြေဆိုနိုင်တာပဲကွယ်"

"သည်လိုဆိုတော့လည်း ဟုတ်တာပေါ့ဘုရား၊ စာထဲကအတိုင်း သိရလျှင်ပဲ တပည့်တော်များ ကျေနပ်ပါတယ်၊ ဒါကြောင့် စာလာအတိုင်း မိန့်တော်မူပါ ဆရာတော်"

"စာလာအတိုင်း မိန့်ရမယ်ဆိုလျှင် ရှေးဦးစွာ သင်္ကန်းသမိုင်း အတိုချုပ် ပြောကြဦးစို့ရဲ့"

"မှန်ပါ–မိန့်တော်မူပါ ဘုရား"

## သင်္ကန်းဟူသည်

"သင်္ကန်းကို ပါဠိလိုအားဖြင့် 'စီဝရ'လို့ခေါ်သကွယ့်၊ စီဝရဆိုတာ ဓာတ်ရင်းကတော့ 'စိဓာတ်'ပဲ၊ စိဓာတ်နောင် 'ဈာဒီဟိ ဤ၀ရော' ဆိုတဲ့ သုတ်နှင့် 'ဤ၀ရပစ္စည်း'သက်ထားလို့ စီဝရလို့ရုပ်ပြီးနေတယ်၊ စိဓာတ်က စယေ–ဆည်းပူးခြင်း၊ စပ်ခြင်းဆိုတဲ့ အနက်ကိုဟောတယ်၊ 'ဆည်းပူး'ဆိုတဲ့ ပုဒ်မှာ ပုဒ်အက္ခရာနှစ်လုံးရှိတယ်၊ ဆည်းကတစ်ပုဒ် ပူးကတစ်ပုဒ်ပေါ့၊ သည်နှစ်ပုဒ်အနက် ဆည်းဆိုတဲ့ပုဒ်က ရှာဖွေခြင်း, သိမ်းဆည်းခြင်း, ဆည်းကပ်ခြင်းအနက်ကိုဟောပြီး ပူးဆိုတဲ့ပုဒ်ကတော့ ပူးပေါင်းခြင်း, ပူးကပ်ခြင်း, အတူတကွဖြစ်ခြင်းဆိုတဲ့ အနက်ကိုဟောတယ်ကွယ့်၊ ဆည်းနှင့်ပူးနှစ်ပုဒ် စပ်လိုက်တော့ ရှာဖွေ၍ ပူးပေါင်းခြင်းရယ်လို့ အနက်ထွက်လာတယ်၊ သင်္ကန်း

ဆိုတာ အစမူလ ဒါယကာများ စွန့်ပစ်ထားတဲ့ အဝတ်အစများကို ရှာဖွေ စုဆောင်းပြီး ဆက်စပ်ထားတဲ့ အဝတ်အထည်မျိုးဖြစ်တယ်၊ ဒါကြောင့် အဘိဓာန် ဋီကာမှာ 'ဝတ္ထခဏ္ဍေဟိ စီယတေတိ စီဝရံ'လို့ ဝိဂြိုဟ်ဆိုထားတယ်၊ ဝတ္ထခဏ္ဍေဟိ-အဝတ်အပိုင်းတို့ဖြင့်၊ စီယတေ-စိအပ်စပ်အပ်၏၊ ဣတိ-ထို့ကြောင့်၊ စီဝရံ-စီဝရမည်၏တဲ့ကွယ့်"

သင်္ကန်းဆိုတာ အဲဒီလိုအဝတ်အစုတ်အပြတ်တွေကို ချုပ်စပ်ပြီးတဲ့နောက် ချေးညှော်တွေ တင်နေလျှင်လည်း မသိသာအောင်, ကိုယ်ရဲ့မကောင်းတဲ့ အနံ့အသက်များကိုလည်း ထိန်းသိမ်းနိုင်အောင်ရယ်လို့ ဖန်ရည်ဆိုးထားပြန် တယ်၊ ဖန်ရည်ဆိုးထားပြန်တဲ့အတွက် 'ကသာယေန ရတ္တံ ကာသာယံ' ဟူ၍ လည်းကောင်း၊ 'ကသာဝေန ရတ္တံ ကာသာဝံ'ဟူ၍လည်းကောင်း ဝိဂြိုဟ်ဆို ပြီး သင်္ကန်းကို ပါဠိဘာသာအားဖြင့် 'ကာသာယ'ဟူ၍လည်းကောင်း၊ 'ကာသာဝ' ဟူ၍လည်းကောင်း ခေါ်ကြပြန်တယ်ကွယ့်"

"ဖန်ရည်ဆိုတာက ဘာလဲဘုရာ့"

"ဖန်ရည်ဆိုတာက လျှာနှင့် တို့စမ်းလိုက်လျှင် ဖန်သောအရသာရှိတဲ့ အရည်ပေါ့ကွယ်၊ သည်စကားကို သည်မျှလောက်ဖြေရုံနှင့်တော့ ပေါ့ဆဆဖြစ် နေလိမ့်မယ်ထင်တယ်၊ ဒါကြောင့် နည်းနည်းချဲ့ပြီး ပြောကြဦးစို့"

"မှန်ပါ-မိန့်တော်မူပါဘုရား"

"အဘိဓာန်ဋီကာ ၁၄၈-မှာ 'ကံ ပါနီယံ သေဝတီတိ ကသာဝေါ၊ ကံ သဝါပေတီတိ 'ကသာဝေါ'လို့ ကသာဝပုဒ်'ရဲ့ ဝိဂြိုဟ်နှစ်မျိုးပြထားတယ်၊ ပထမဝိဂြိုဟ်ရဲ့အနက်က 'ကံ ပါနီယံ-ရေကို၊ သေဝတိ-မှီဝဲတတ်၏၊ ဣတိ- ထို့ကြောင့်၊ ကသာဝေါ-ကသာဝမည်၏တဲ့'၊ ဒုတိယဝိဂြိုဟ်ရဲ့အနက်က 'ကံ- ရေကို၊ သဝါပေတိ-ယိုစီးစေတတ်၏၊ ဣတိ-ထို့ကြောင့်၊ ကသာဝေါ- ကသာဝမည်၏တဲ့'၊ ဝိဂြိုဟ်နှစ်ခုရဲ့ အဓိပ္ပာယ်က 'ကသာဝ'ဆိုတာ အဆီအစေး ဓာတ်များတဲ့အတွက် ရေကိုစုပ်ငုံထားတတ်တယ်၊ သို့မဟုတ် အဆီအစေးဖြစ်တဲ့ ရေများယိုစီးထွက်တတ်တယ်တဲ့၊ အဲဒီလို အဆီအစေးများတဲ့ အခေါက် အပွင့် အသီးအသား အနှစ်များကို ကသာဝ (ဖန်ရေ)လို့ ဆိုလိုတယ်၊ အဲဒီဖန်ရေဖြင့် ဆိုးထားတဲ့ အဝတ်များကိုတော့ 'ကာသာဝ'လို့ ခေါ်သတဲ့၊ ဏာရာဂါ-တဓာဒ မည်တွေသု စ ဆိုတဲ့ သဒ္ဒါကြီး တဒ္ဓိတ်ကျမ်းရဲ့ အစီအရင်ပေါ့ကွယ်"

"ဖန်ရည်ဆိုးတယ်ဆိုတော့ အရသာဖန်လျှင် ဘာဖန်ရည်ဖြင့်ပင် ဆိုးဆိုး ဆိုးနိုင်တယ်လို့ ယူဆလျှင် ဖြစ်မလားဘုရား"

"အခုပြောနေတာက ပုဒ်ရဲ့အဓိပ္ပာယ်ကို ပြောနေတုန်းရှိသေးတယ်၊ ဆိုးပုံဆိုးနည်းပြောနေတာမဟုတ်သေးဘူး၊ ဒါကြောင့် အရသာဖန်တိုင်း ဆိုးလို့ မဖြစ်ဘူး၊ သည်နေရာမှာ အထူးသတိပြုစရာက ကာသာဝဆိုတဲ့ပုဒ်နှင့်တွဲလျက် ကာသာယဆိုတဲ့ သင်္ကန်းဟော ပုဒ်တစ်ပုဒ်ပါတယ် မဟုတ်လား"

"မှန်ပါ–ပါကြောင်းပါ ဘုရား"

"အဲဒီ ကာသာယပုဒ်ဟာ ဖန်ရည်ဆိုးသော အဝတ်မျှကိုသာ ပေးတာ မဟုတ်သေးဘူး၊ အနီအရွှေရောစပ်သောအဆင်းဖြင့် ဆိုးထားသောအဝတ်ဆိုတဲ့ အနက်ကိုလည်း ဟောတယ်၊ မဂဓအဘိဓာန် ဂါထာနံပါတ် ၉၆၁–မှာ 'ဒြဝေ ဝဏ္ဏေ ရသဘေဒေ၊ ကသာယော သုရဘိမှိ စ'လို့ ဆိုထားတယ်၊ ကသာယော– ကာသာယ သဒ္ဒါကို၊ ဒြဝေ–အရည်၌လည်းကောင်း၊ ဝဏ္ဏေ–အနီအရွှေရောသော အဆင်း၌လည်းကောင်း၊ ရသဘေဒေ–အဖန်အရသာ၌လည်းကောင်း၊ သုရဘိမှိ– ကောင်းသောအနံ့၌လည်းကောင်း၊ ဝုတ္တော–ဟောအပ်၏တဲ့ကွယ့်၊ ဒါကြောင့် အရည်ဖန်ရုံနှင့် မဆိုးအပ်သေးဘူး၊ အရောင်ကလည်း အနီအရွှေရောစပ်ကဲ့ အရောင်ဖြစ်ပါမှ အပ်တဲ့ဆိုးရည်ဖြစ်တယ်"

"အပ်သည်ဆိုလို့ အနီအရွှေအရောင်ထွက်အောင် စပ်ပြီးဆိုလျှင် သင်္ကန်း ဆိုးရည်အပ်တယ်လို့ ဆိုနိုင်ပါ့မလား ဘုရား"

"သင်္ကန်းဆိုးရည်နှင့်ပတ်သက်ပြီး အပ်တဲ့ဆိုးရည် မအပ်တဲ့ဆိုးရည်၊ အပ်တဲ့အရောင် မအပ်တဲ့အရောင်များကို ဝိနည်းဒေသနာတော်မှာ ပညတ်ပြီး ရှိပါတယ်၊ ပညတ်ပြီးကိုကျော်လွန်လို့တော့ မဖြစ်ပါဘူး"

"အဲဒီ ဆိုးရည်အကြောင်း နည်းနည်း နာပါရစေ ဘုရား"

## ဆိုးရည်ခြောက်မျိုး

"ဘုရားရှင် ခွင့်ပြုတော်မူတဲ့ ဆိုးရည်ဟာ ခြောက်မျိုးရှိသကွယ့်၊ ခြောက် မျိုးဆိုတာ (၁) ပင်စည်ဆိုးရည်၊ (၂) အသီးဆိုးရည်၊ (၃) အပွင့်ဆိုးရည်၊ (၄) အခေါက်ဆိုးရည်၊ (၅) အရွက်ဆိုးရည်၊ (၆) အမြစ်ဆိုးရည်များ ဖြစ်ကြတယ်၊

သည်ခြောက်မျိုးအနက် ပင်စည်ဆိုးရည်မှာ ထန်းကျင့်နှင့် ပိန္နဲနွယ်ရည်ဟာ ဆိုးရည် မအပ်ဘူးကွယ့်"

"မှန်ပါ၊ ထန်းကျင့်ဆိုတာ ဘယ်လိုအပင်ပါလဲဘုရား"

"ထန်းကျင့်ကို ပါဠိဘာသာအားဖြင့် 'မဥ္ဇဋ္ဌာ'ဟူ၍လည်းကောင်း၊ 'ဝိကသာ' ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြောင်း မဂဓအဘိဓာန်မှာဆိုထားတယ်၊ အပင်က ကင်ပွန်းချဉ်ပင်နှင့်တူတယ်၊ အပင်ရဲ့အနှစ်က အနီရောင်ရှိတယ်၊ နံ့သာနီအစစ် ကို ရှာမရလျှင် ထန်းကျင့်နှစ်ကို နံ့သာနီအစား ဆေးမှာ သုံးရတယ်၊ အဲဒီအနှစ် ကို ရေနွေးမှာစိမ်လိုက်လျှင် ပန်းရောင်အသွေးထွက်လာတယ်၊ ဖြူတဲ့အဝတ်ကို အဲဒီ ထန်းကျင့်ရည်နှင့်ဆိုးလိုက်လျှင် နီလွင်တဲ့အဝတ်ဖြစ်လာတယ်၊ သည်အပင်ကို ရှေးကာလက ထန်းကျင့်လို့ခေါ်ကြသော်လည်း ယခုအခါမှာ 'တိမ်းညက်ပင်' လို့ ခေါ်ကြတယ်၊ အချို့က 'သဘော်နီဆေးပင်'လို့ ခေါ်ကြတယ်၊ ဆိုးရည် ခြောက်ပါးမှာ ထန်းကျင့်ဆိုးရည်ကို ပင်စည်ဆိုးရည်လို့ သာမန်ပြထားသော် လည်း ပင်စည်ရဲ့ အခွံအကာမှာ အရောင်မရှိဘူး၊ အနှစ်မှာသာ အရောင်ရှိတယ်"

"ပိန္နဲနွယ်ပင်ဆိုတာလည်း အမိန့်ရှိပါဦး"

"ပိန္နဲနွယ်ပင်နှင့်ပတ်သက်ပြီး သိစရာက ကမ္ဘာမြေပြင်မှာ အဖိုရှိလျှင် အမရှိသလို ပင်စောက်မျိုးရှိလျှင်လည်း နွယ်ပင်မျိုးလည်း ရှိတတ်သကွယ့်၊ ဥပမာမှာ ညောင်ပင်ဟာ ပင်စောက်ရှိသလို ညောင်နွယ်လည်းရှိတယ်၊ သရက်ပင် စောက်ရှိသလို သရက်နွယ်ပင်လည်းရှိတယ်၊ ယမနေပင် ကြောင်လျှာပင်တို့ ပင်စောက်ရှိသလို ယမနေနွယ် ကြောင်လျှာနွယ်ပင်များလည်းရှိတယ်၊ အဲဒီ ဥပမာလို ပိန္နဲပင်စောက်ရှိသလို ပိန္နဲနွယ်လည်း ရှိတာပေါ့ကွယ်၊ ပိန္နဲနွယ်ဟာ အရွက်က ပိန္နဲရွက်နှင့်တူသော်လည်း ပင်စောက်မျိုးမဟုတ်ဘူး၊ ပိန္နဲနွယ်ကို ပြုတ်လိုက်လျှင် နနွင်းရောင်ထွက်တယ်၊ အဲဒီဆိုးရည်ကို သင်္ကန်းမှာမဆိုးအပ်ဘူး"

"ပိန္နဲနွယ်ဆိုးရည်တော့ မအပ်ဘူး၊ ပိန္နဲပင်ဆိုးရည်တော့ကော အပ်ပါ သလားဘုရား"

"ပိန္နဲပင်ဆိုးရည်တော့အပ်ပါတယ်၊ ရှေးက ကိုယ်တော်တွေဟာ များသော အားဖြင့် ပိန္နဲဆိုးရည်ကို ဆိုးကြတာများပါတယ်"

"ပိန္နဲပင်က ဆိုးရည်ထုတ်တော့ ပိန္နဲအခေါက်ကိုပြုတ်ပြီး ထုတ်ရတယ်ဆိုတာ ဟုတ်ပါသလား ဘုရား"

"ပိန္နဲခေါက်ကို ပြုတ်လို့ ဘယ်မှာ ဆိုးရည်ထွက်မလဲကွယ်၊ ပိန္နဲပင် အနှစ်ကောင်းကောင်းကို တောက်တောက်စင်းပြီး ဒယ်အိုးကြီးဖြင့် အစေးထွက် အောင်ပြုတ်မှ အဝါရောင်ဆိုးရည်ထွက်လာတယ်၊ အဲဒီဆိုးရည်က ထပ်ခါထပ်ခါ ဆိုးပါမှ အဝါရောင်သင်္ကန်းထွက်လာတယ်ကွယ့်"

"မှန်ပါ–ဆက်ပြီး မိန့်တော်မူပါဘုရား"

"အင်း–ကိုယ်တော်ကြားဖြတ်မေးလိုက်တာနဲ့ ဘယ်ရောက်သွားပါလိမ့်"

"ပင်စည်ဆိုးရည် ရောက်သွားပါပြီဘုရား"

"ပင်စည်ဆိုးရည်ပြီးတော့ အသီးဆိုးရည်ပေါ့ကွယ်၊ အသီးဆိုးရည်မှာတော့ မအပ်သောအသီးရယ်လို့မရှိဘူး၊ သို့သော်လည်း သင်္ကန်းရောင်မဟုတ်တဲ့ အပြာရောင်၊ အနီရောင်၊ အစိမ်းရောင်မျိုးဆိုလျှင်တော့ မအပ်ဘူးကွယ့်၊ အပွင့် ဆိုးရည်ကျတော့ ဝတ်ပန်းပွင့် ပေါက်ပွင့်တို့ရဲ့ဆိုးရည်ဟာ မအပ်ဘူး၊ ကျန်အပွင့် ဆိုးရည်တော့အပ်တယ်၊ အခေါက်ဆိုးရည်မှာတော့ တောက်ရပ်ခေါက်၊ ကြပိုင် ခေါက်ဆိုးရည်များဟာ မအပ်ဘူး၊ တောက်ရပ်မှာ အခေါက်မအပ်သော်လည်း ရွက်ရည်ကျတော့ ပိန္နဲဆိုးထားတဲ့ သင်္ကန်းရောင်မကျွတ်အောင် တောက်ရပ် ရွက်ဆိုးရည်နှင့် ထက်အုပ်ရတယ်"

"တောင်ရပ်ရွက်ဆိုးရည်က အရောင်ကို ထိန်းထားနိုင်သလားဘုရား'

"အေးကွယ့်၊ တောက်ရပ်ရွက်က ချဉ်တာကိုး၊ အချဉ်ဓာတ်က အရောင် ကို ထိန်းထားနိုင်တယ်ဆိုကိုးကွယ့်"

"ကြပိုင်ဆိုတာလည်း အမိန့်ရှိပါဦး ဘုရား"

"ကြပိုင်ကို အခု 'မဒမ'လို့ခေါ်ကြတယ်၊ မဒမပင်အကြောင်း မြန်မာ့စွယ်စုံ ကျမ်း အတွဲ (၈)မှာ အကျယ်ဖွင့်ပြထားပါတယ်၊ မဒမဆိုးရည်က အညိုရောင် ကွယ့်၊ လှေရွက်တို့ ပိုက်ကွန်တို့ကိုဆိုးကြတယ်၊ သင်္ကန်းဆိုးရည်အတွက်ကတော့ မအပ်ဘူးကွယ့်"

"မအပ်ဘူးသာဆိုတယ်၊ ခုခေတ် ကိုယ်တော်များက မဒမအရောင်ကို တောင် ပိုကြိုက်နေကြသေးတယ်ဘုရား"

"ကြိုက်–မကြိုက်ဟာ ပမာဏမဟုတ်ပါဘူးကွယ်၊ အပ်–မအပ်ကသာ ပမာဏပါ၊ ကြိုက်ပင်ကြိုက်သော်လည်း မအပ်လျှင် မလုပ်ကောင်းဘူးပေါ့ကွယ်"

"မှန်ပါ–ဆက်ပြီး မိန့်တော်မူပါဦး ဘုရား"

"အရွက်ဆိုးရည်မှာတော့ မဲရွက်တို့၊ ဒန်းရွက်တို့က အပြာရောင်တွေမို့ မအပ်ဘူး၊ အမြစ်ဆိုးရည်ကျတော့ နနွင်းမြစ်ဆိုးရည်က မအပ်ဘူးကွယ့်၊အဲဒီ ဆိုးရည်မအပ်တဲ့ အပင်, အသီး, အပွင့်, အခေါက်, အရွက် အမြစ်များကို အကျဉ်းချုံးပြီး–

နနွင်း, ထန်းကျင့်၊ ဆူးပန်းပွင့်၊ ပေါက်ပွင့် ပိန္နဲရယ်၊

ကြပိုင် တောက်ရပ်၊ မဲ ဒန်း မှတ်၊ မအပ်ဆိုးရည်ပယ်–

လို့ လယ်တီဆရာတော်ဘုရားက သံခိပ်ရေးသားတော်မူခဲ့တယ်။

"သင်္ကန်းအရောင်အဆင်းကိုလည်း အမိန့်ရှိပါဦး ဘုရား"

## မအပ်သော သင်္ကန်းအရောင်ခြောက်မျိုး

"မဟာဝါ စီဝရက္ခန္ဓကမှာ မအပ်သော သင်္ကန်းအရောင်ခြောက်မျိုးကို ဘုရားရှင် ပညတ်တော်မူထားသကွယ့်၊ အရောင်ခြောက်မျိုးက–

(၁) သဗ္ဗနီလက – အလုံးစုံညိုမောင်းသောအရောင်၊
(၂) ပီတ – ရွှေသောအရောင်၊
(၃) လောဟိတ – နီသောအရောင်၊
(၄) ကဏှက – မည်းနက်သောအရောင်၊
(၅) မဟာရင်္ဂ – ကင်းခြေများကျောကုန်းအရောင်၊
(၆) မဟာနာမရင်္ဂ – ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သောအရောင်

သည်အရောင်ခြောက်မျိုးဟာ သင်္ကန်းအတွက် မအပ်တဲ့အရောင်များ ဖြစ်တယ် ကွယ့်"

"အရောင်ခြောက်ပါးကို တစ်ပါးစီခွဲခြားပြီး မိန့်ပါဦးဘုရား"

"အရောင်ခြောက်ပါးအနက် သဗ္ဗနီလက အလုံးစုံညိုမောင်းတယ်ဆိုတဲ့ စကားမှာ အညိုဆိုတာက အောက်မဲညိုပွင့်အရောင်တဲ့ကွယ့်၊ အောက်မဲညိုပွင့်ဟာ ညိုတယ်ဆိုသော်လည်း ဆံပင်ရောင်အနက်ညိုမျိုး မဟုတ်ဘူး၊ ကောင်းကင်ရောင်အပြာညိုမျိုးဖြစ်တယ်၊ ဒါကြောင့် သင်္ကန်းကို အပြာရောင်မဆိုးအပ်ဘူး၊ မောင်းတယ်ဆိုတာက အမည်း, အပြာ, အနီ သုံးပါးရောစပ်တဲ့ အရောင်တဲ့

ကွယ့်၊ အမည်း, အပြာ, အနီ အရောင်သုံးပါးရောစပ်တော့ မဥ္ဇိဋ္ဌဆိုတဲ့ အနီဖျော့ ပန်းရောင်ဖြစ်လာတယ်၊ ဒါကြောင့် သင်္ကန်းကို ပန်းရောင်လည်း မဆိုးကောင်းဘူး၊ ပီတ–ရွှေသောအရောင်ဆိုတာကိုတော့ မဟာလေ့ခါးပန်းနှင့်နှိုင်းပြထားတယ်၊ မဟာလေ့ခါးဆိုတာ အရွက်နှစ်ခွရှိတဲ့ စွယ်တော်ပင်မျိုးပဲကွယ့်၊ စွယ်တော်ဟာ အဖြူမျိုး, အနီမျိုး, ပန်းရောင်မျိုး, အပြာရောင်မျိုး, အဝါရောင်မျိုးရယ်လို့ မျိုးကွဲတွေရှိနေတယ်၊ သည်နေရာမှာဆိုလိုတဲ့အရောင်ကတော့ ဝါရွှေသောအရောင်ဖြစ်တယ်၊ သင်္ကန်းကို ဝါရွှေသောအရောင်မျိုး မဆိုးကောင်းဘူး၊ လောဟိတ–နီသောအရောင်ဆိုတာကိုတော့ လယ်ခေါင်ရမ်းပွင့်နှင့် နှိုင်းပြထားတယ်၊ ယခုအခါမှာတော့ ကြက်သွေးရောင်, ငါးရှဉ့်သွေးရောင်လို့ ခေါ်နေကြတယ်၊ သင်္ကန်းကို ကြက်သွေးရောင်လည်း မဆိုးကောင်းဘူး၊ ကဏှက–မည်းနက်သောအရောင်ကိုတော့ ဆင်ပုတီးစေ့အဆင်းနှင့်နှိုင်းထားတယ်၊ ဆင်ပုတီးစေ့ဟာ မီးသွေးလိုမည်းနက်တာမို့ သင်္ကန်းကို မီးသွေးရောင်လည်း မဆိုးကောင်းဘူး၊ မဟာရင်္ဂအဆင်းကိုတော့ ကင်းခြေများကောင်များရဲ့ ကျောကုန်းအဆင်းနှင့် နှိုင်းထားတယ်၊ မဟာနာမရင်္ဂအဆင်းကိုလည်း ဖက်ရွက်ရော်အဆင်းနှင့် နှိုင်းထားပြန်တယ်၊ သည်အဆင်းခြောက်မျိုးဟာ သင်္ကန်းအတွက် မအပ်တဲ့ အဆင်းအရောင်များဖြစ်ကြတယ်၊ သည်အကြောင်းကို–

အညိုအမောင်း၊ နီရွှေဆောင်း၊ တစ်ကြောင်းမည်းနက်ရောင်။

ကင်းခြေကျောဆင်း၊ ဖျော့တော့ခြင်း၊ အလျဉ်းမအပ်ရောင်

လို့ ဆရာများက သံခိပ်ရေးသားတော်မူခဲ့ကြတယ်”

## သင်္ကန်းအစ ကြာပန်းက

“သင်္ကန်းဆိုတာ မအပ်တဲ့ဆိုးရည်၊ မအပ်တဲ့အရောင်များကို ပယ်စွန့်ပြီး အပ်တဲ့ဆိုးရည်၊ အပ်တဲ့အရောင်များဖြင့် ဆိုးထားတဲ့အတွက် ‘ကသာဝေန ရတ္တံ ကာသာဝံ’ လို့ ပါဠိလို ခေါ်ရတယ်၊ ကာသာဝ, ကာသာယ, စီဝရ အမည်ရတဲ့ သည်သင်္ကန်းဟာ ဘယ်ကစခဲ့သလဲဆိုရင် ‘သင်္ကန်းအစ ကြာပန်းက’ လို့ ဆိုရလိမ့်မယ်ကွယ့်”

“ဘယ်အတွက်ကြောင့်တုန်း ဘုရား”

"ကမ္ဘာ့နိမိတ်ဖြစ်တဲ့ ကြာပန်းအတွင်း တန်ခိုးအားဖြင့် ဖြစ်ပေါ်လာတဲ့ သင်္ကန်းက စတင်ခဲ့တဲ့အတွက်ကြောင့်ပေါ့ကွယ်"

"ကြာပန်းအတွင်းက သင်္ကန်းဖြစ်ပေါ်လာတယ်ဆိုတဲ့ စကားဟာကျမ်းလာ စကားပဲလားဘုရား၊ တပည့်တော်ကပုံပြင်များလားလို့"

"ပုံပြင်မဟုတ်ပါဘူး၊ ကျမ်းလာစကားပါပဲ၊ သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ ၅၊ မဟာပဓာနသုတ်အဖွင့်မှာ ရှိပါတယ်"

"ဖွင့်ဆိုပုံနည်းနည်းလောက် နာချင်လိုက်တာဘုရား"

"သည်ကမ္ဘာကြီးတည်စက ကမ္ဘာမြေကြီးဟာ ရေပြင်ပေါ်တည်တဲ့ ကြာရွက် လို ရေပြင်ထက်မှာတည်နေသတဲ့၊ မဟာဗောဓိပလ္လင်တော်တည်ရာအရပ်ဟာ ကမ္ဘာပျက်စဉ်ကလည်း နောက်ဆုံးမှပျက်ပြီး တည်ပြန်တော့လည်း ရှေးဦးစွာ တည်သတဲ့၊ ရှေးဦးစွာတည်တဲ့ ထိုမြေပြင်ထက်မှာ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် ကြာတစ်ရုံ ပေါက်သတဲ့၊ အကယ်၍ယခုဖြစ်ပေါ်တဲ့ကမ္ဘာအတွင်း ဘုရားမပွင့်ဘူးဆိုလျှင် ကြာရုံက အပွင့်မပွင့်ဘူး၊ ဘုရားပွင့်မယ်ဆိုမှ ကြာရုံကပွင့်သတဲ့၊ ပွင့်တဲ့အခါ မှာလည်း တစ်ဆူပွင့်မယ်ဆိုလျှင် ကြာတစ်ပွင့်သာပွင့်တယ်၊ နှစ်ဆူ, သုံးဆူ, လေးဆူ, ငါးဆူပွင့်မယ်ဆိုလျှင် အစဉ်အတိုင်း နှစ်ပွင့်၊ သုံးပွင့်၊ လေးပွင့်၊ ငါးပွင့်အထိပွင့်တယ်၊ အဲသည်ကြာပန်းတွေဟာလည်း အရိုးတစ်ခုတည်းမှာသာ ပန်းအချပ်ကဲ့သို့ ပွင့်ကြသတဲ့၊ အရိုးတစ်ခု အပွင့်တစ်ခုမဟုတ်ကြဘူးတဲ့၊ ပုဗ္ဗနိမိတ် ကြာပွင့်တဲ့အချိန်မှာ သုဒ္ဓါဝါသဗြဟ္မာများဟာ ကြာပွင့်ရာဌာနကို လာရောက်ကြည့်ရှုကြပြီး ကြာပွင့်တာမမြင်လျှင် လောကကြီးဟာ အမိုက်တိုက် သာဖြစ်လိမ့်မယ်၊ သေကုန်သောသတ္တဝါများဟာ အပါယ်ဘုံသို့ လားကြလိမ့် မယ်၊ နတ်ပြည်၊ ဗြဟ္မာပြည်များဆိတ်သုဉ်းကြလိမ့်မယ်လို့ ညည်းတွားကြပြီး ကြာပွင့်ကိုမြင်တဲ့အခါ နှစ်သက်ဝမ်းမြောက်ကြသတဲ့၊ ပွင့်တဲ့ကြာရဲ့အတွင်းမှာ လည်း ပွင့်တော်မူသောဘုရားရှင်များ သုံးဆောင်တော်မူဖို့ ပရိက္ခရာရှစ်ပါး တန်ခိုးအားဖြင့်ပါကြသတဲ့၊ သည်အကြောင်းကို သံဝရပျို့မှာ–

"ဝိဝဋ္ဋဝယ်၊ ဘဒ္ဒလက္ခဏာ၊ ပေါ်ဦးခါက၊ သချာအနေ၊ သိန်းကုဋေ ဟု၊ တွက်ရေစက္ကဝါ၊ မြေတကာ၏၊ အချာဓိပတိ၊ ဗောဓိရှေ့ပြင်၊ ပလ္လင် ရောက်ရာ၊ ရပ်ခန်းဝါထက်၊ ငါးဖြာခက်မ၊ ၄ံပွပွဋ္ဌ၊ ဘုရာ့ပရိက္ခရာ၊

လေးဆယ်ပါလျက်၊ ဗြဟ္မာဦးညိတ်၊ ရွှင်သည့်စိတ်နှင့်၊ နိမိတ်ဆိုရာ၊ ငါးပွင့်ကြာတွင်လို့ စပ်ဆိုထားတယ်ကွယ့်”

“မှန်ပါ–ကြာပွင့်အတွင်း ပရိက္ခရာ ရှစ်ပါး ပါတယ်ဆိုပြီး သံဝရပျို့ ကျတော့ ‘ဘုရားပရိက္ခရာ လေးဆယ်ပါလျက်’လို့ ဘယ့်အတွက်ကြောင့် စပ်ဆိုရတာလဲဘုရား့”

“ယခုဘဒ္ဒကမ္ဘာက ဘုရားငါးဆူပွင့်မှာမို့ ပုဗ္ဗနိမိတ်ကြာကလည်း ငါးပွင့် ပွင့်သကိုးကွယ့်၊ တစ်ပွင့်တစ်ပွင့်မှာ ပရိက္ခရာရှစ်ပါးစီပါလေတော့ ကြာငါးပွင့် မှာ ပရိက္ခရာ ၄၀–ပါတော့တာပေါ့ကွယ်”

“ဟုတ်ပြီဘုရား့၊ ဖြုန်းခနဲဆိုတော့ တပည့်တော် နားလှုံသွားမိတယ်၊ ဆက်ပြီး မိန့်တော်မူပါဦး”

“အဲသည် ကြာငါးပွင့်အတွင်းက ပရိက္ခရာများကို သုဒ္ဓါဝါသ ဗြဟ္မာ များက ဗြဟ္မာပြည်ကိုဆောင်ယူသွားပြီး ဘုရားလောင်းများတောထွက်တော် မူကြတဲ့အခါ လာရောက်ဆက်ကပ်ကြမြဲဖြစ်တယ်၊ သည်ကြာသကၤန်းအကြောင်း ကို တို့ငယ်ငယ်က ပဟေဠိတေးထပ် ရေးစပ်ဖူးသေးတယ်ကွယ့်”

“အဲဒီ ပဟေဠိတေးထပ်လည်း မိန့်တော်မူပါဦး”

“ပဟေဠိတေးထပ်က သည်လိုကွယ့်”

လောကမှာ လျှမ်းဝေတင့်၊ ပန်းငွေပွင့်ငုံအာ၊
ဖြစ်အဦး ပျက်နောက်ရာဝယ်၊ ထွက်ပေါက်လာ ပေါ်ထွန်း။
တစ်ရုံ၌ လင့်မကွာ၊ ပွင့်ပဥ္စာ တိုး၍မစွန်း။
ရုံခါ၌ ပွင့်မမြင်၊ အသင့်ပင် ဉာဏ်ညွှန်း။
တစ်ပွင့်လျှင် ဆံဝန်းက၊ မှန်မယွင်း ရှစ်ဖြာ။
ကိုးပုဂ္ဂိုလ် ဆွတ်မခူးသာဘူး၊ ထွတ်အဖူး ပန်းမြတ်မာလာ၊
ရွှေဆွတ်သူ မပန်သာတယ်၊ စံကွာသူ ပန်ထိုက်ကဲ့၊
ဉာဏ်နှိုက်လို့ လေးကဝိပုဂ္ဂိုလ်၊ တွေးသိထုတ်ဆို၊
မေးလိုက်သည့် ပုဒ်အလိုကို၊ နှုတ်ချိုချို မိန့်ကြားပါ့လေး။

"သည်တေးထပ်က ကြာသင်္ကန်းကို ဝှက်ဆိုထားတဲ့ ပဟေဠိတေးထပ် ပေါ့ကွယ်၊ သုဒ္ဓါဝါသဗြဟ္မာမင်းဟာ သည်ကြာသင်္ကန်းကို ဗြဟ္မာ့ပြည်ဆောင်ယူထားပြီး သိဒ္ဓတ္ထမင်းသား တောထွက်တော်မူတော့ နေရဉ္ဇရာမြစ်ကမ်းမှာ လာရောက် ဆက်ကပ်တယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သည်ကြာသင်္ကန်းနှင့်ပင် ဘုရားအဖြစ်ကို ရောက်တော်မူခဲ့တယ်၊ ဒါကြောင့် 'သင်္ကန်းအစ ကြာပန်းက' လို့ ပြောခဲ့တာပေါ့ကွယ်"

"တင်ပါ့ နားရှင်းပါပြီဘုရား"

"ပုဗ္ဗနိမိတ်ကြာပန်းအတွင်း ဓမ္မတာအတိုင်း ဖြစ်ပေါ်လာတဲ့သင်္ကန်းဟာ လူလုပ်တာမဟုတ်တဲ့အတွက် ယခုသင်္ကန်းများလို အခန်းငယ်, အခန်းကြီးတွေ ပါသလား မပါဘူးလားဆိုတာကိုတော့ အသေအချာ မပြောနိုင်ဘူး၊ အလျားအနံဘယ်လောက်ရှိတယ်ဆိုတာလည်း မသိဘူးပေါ့၊ သို့သော်လည်း သည်ပုဗ္ဗနိမိတ်ကြာသင်္ကန်းဟာ သင်္ကန်းသမိုင်းရဲ့ အဦးအစတော့ အမှန်ပဲပေါ့၊ ဘုရားအလောင်းတော် ဟာ သည်ကြာသင်္ကန်းကိုဝတ်ရုံပြီးတော့ ဘုရားအဖြစ်ကို ရောက်တော်မူတယ်၊ ဘုရားဖြစ်ပြီးတဲ့နောက် သာသနာတော်တွင်းကို ပဉ္စဝဂ္ဂီငါးဦး ပထမဝင်ရောက်လာကြတယ်၊ အဲသည်နောက် နာလကထေရ်နှင့် ယသသူဌေးသား ဝင်ရောက်လာပြန်တယ်။

နောက်တစ်ခါ ယသသူဌေးသားရဲ့သူငယ်ချင်းဟောင်း ငါးကျိပ်လေးဦးတို့ ဝင်ရောက်လာကြပြန်တယ်၊ သည်ပုဂ္ဂိုလ်တွေအားလုံး ဧဟိဘိက္ခုရဟန်းတွေချည်းဖြစ်လို့ ထိုပုဂ္ဂိုလ်များဝတ်ရုံတဲ့သင်္ကန်းဟာ လူလုပ်တာမဟုတ်တဲ့ ဣဒ္ဓိဇသင်္ကန်းတွေချည်းဖြစ်ကြတယ်ကွယ့်၊ အဲသည်နောက် ဘဒ္ဒဝဂ္ဂီနောင်ညီ သုံးကျိပ်တို့နှင့် ရသေ့ညီနောင် ရှစ်ထောင်တို့ ရဟန်းဖြစ်ကြပြန်တယ်၊ သည်ပုဂ္ဂိုလ်တွေဟာလည်း ဧဟိဘိက္ခုတွေချည်းမို့ ကိုယ်တော်များသုံးဆောင်ကြတဲ့ သင်္ကန်းတွေဟာလည်း ဣဒ္ဓိဇသင်္ကန်းတွေချည်းဖြစ်ကြတယ်၊ သည်အချိန်တိုင်အောင် လူနတ်လှူဒါန်းတဲ့ သင်္ကန်းကို ဘုရားရှင် ခွင့်ပြုတော်မမူသေးတဲ့အတွက် ရဟ န်းပြုလိုတဲ့ပုဂ္ဂိုလ်ဟာ ဣဒ္ဓိဇသင်္ကန်းကိုဖြစ်စေ၊ ဣဒ္ဓိဇသင်္ကန်းကိုမရခဲ့လျှင်

ပံ့သကူသင်္ကန်းကိုဖြစ်စေ သုံးဆောင်ကြရတယ်၊ ကိုယ့်မှာ သင်္ကန်းသပိတ် ပရိက္ခရာရှိပြီးဖြစ်စေကာမူ ပံ့သကူသင်္ကန်းမဟုတ်ခဲ့လျှင် ဘုရားရှင် ခွင့်ပေးတော် မမူဘူးကွယ့်”

“ဆရာတော်အမိန့်ရှိမှ တပည့်တော် စဉ်းစားမိသွားတယ်ဘုရား”

“ဘာများ စဉ်းစားမိတာတုန်းကွယ့်”

“ပက္ကုသာတိ မင်းကြီးအကြောင်း စဉ်းစားမိတာပါဘုရား”

“ဘယ်လိုများ စဉ်းစားမိတာတုန်း”

“ပက္ကုသာတိမင်းကြီးဟာ ဂန္ဓာရတိုင်းကထွက်ကြွတော်မူလာစဉ်က သပိတ် သင်္ကန်းဖြင့် ရဟန်းအသွင်နှင့်ကြွတော်မူလာတယ်၊ ဘုရားရှင်နှင့်တွေ့လို့ ဓာတုဝိဘင်္ဂသုတ် ကြားနာတဲ့အခါ ပုထုဇဉ်ဘဝကလွတ်ပြီး အနာဂါမ်တည်တော် မူတယ်၊ သည်အခါ သာသနာတော်အတွင်းရဟန်းပြုလိုတဲ့အတွက် ဘုရားရှင် ထံ ခွင့်တောင်းတော့ ဘုရားရှင်က ရှိရင်းသင်္ကန်း သပိတ်ပရိက္ခရာဖြင့် ရဟန်း ပြုခွင့်ပေးတော်မမူဘဲ ရဟန်းပြုလိုလျှင် သပိတ်သင်္ကန်းရှာချေလို့ ခိုင်းတော်မူလိုက် တယ်၊ ပက္ကုသာတိမင်းကြီးမှာ သပိတ်သင်္ကန်းရှိပြီးဖြစ်ပါလျက်နှင့် ဘာကြောင့် ဘုရားရှင် သပိတ်သင်္ကန်းအရှာခိုင်းပါလိမ့်မလဲလို့ စိတ်ထဲမှာ သံသယရှိနေ တာ ခုမှပဲ ရှင်းတော့တယ်ဘုရား၊ ဆက်ပြီးအမိန့်ရှိတော်မူပါဦး”

“ဒါကြောင့် ဘုရားရှင်ပွင့်တော်မူစက ရဟန်းမှန်လျှင် ဣဒ္ဓိဇသင်္ကန်းနှင့် ပံ့သကူသင်္ကန်းနှစ်မျိုးကိုသာ ဘုရားရှင်ခွင့်ပြုတော်မူခဲ့တယ်၊ အခြားသင်္ကန်း မျိုးကို ခွင့်ပြုတော်မမူဘူးကွယ့်၊ ဘယ်တော့မှ ဒါယကာလှူတဲ့သင်္ကန်း ခွင့်ပြုတော် မူသလဲဆိုတော့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် အခါ ဆေးဆရာကြီးဇီဝကရဲ့လျှောက်ထားချက်ကြောင့် ဒါယကာများကပ်လှူတဲ့ သင်္ကန်း အလှူခံစေလို့ ဘုရားရှင်ခွင့်ပြုတော်မူတယ်၊ သည်လိုခွင့်ပြုရာမှာလည်း–

“ရဟန်းတို့–ဒါယကာတို့လှူသောသင်္ကန်းကို ငါခွင့်ပြု၏၊ ပံ့သကူ သင်္ကန်းဆောင်လိုသောရဟန်းလည်း ဆောင်လေ၊ ရဟန်းတို့ မည်သည့် သင်္ကန်းကိုဆောင်သည်ပင်ဖြစ်စေ သင်္ကန်းဖြင့်ရောင့်ရဲခြင်းကို ငါ ချီးမွမ်း တော်မူတယ်”

လို့ မိန့်တော်မူတယ်၊ ဆိုလိုရင်းက ဘယ်သင်္ကန်းကိုဆောင်သည်ပင်ဖြစ်စေ

သင်္ကန်းအပေါ်တပ်မက်သော တဏှာကင်းမှုနှင့် ရသမျှ ရောင့်ရဲတင်းတိမ်မှုက အဓိကဖြစ်တယ်လို့ဆိုလိုရင်းဖြစ်တယ်၊ ဘုရားရှင်က သင်္ကန်းလှူဒါန်းမှု ခွင့်ပြုတယ်ဆိုတော့ ဒါယကာ ဒါယိကာမများက သင်္ကန်းမျိုးစုံကို ပေးလှူကြတယ်၊ သည်အခါမှာ ဘုရားရှင်က 'ခုံ,ပိုး,ဝါ,ဘန်,ကမ္ဗလ် ပိုက်ဆံချည် ခြောက်ပါးကို'လို့ သံခိပ်စပ်ထားရတဲ့ သင်္ကန်းခြောက်ထည်ကို ခွင့်ပြုတော်မူတယ်"

"သံခိပ်ရဲ့ အဓိပ္ပာယ်ကိုလည်း နည်းနည်း မိန့်တော်မူပါဦးဘုရား"

## သင်္ကန်းခြောက်မျိုး

"သံခိပ်ရဲ့အဓိပ္ပာယ်က (၁)ခေါမသင်္ကန်း၊ (၂) ပိုးသင်္ကန်း၊ (၃) ဝါချည် သင်္ကန်း၊ (၄) ချည်ငါးပါးရောတဲ့သင်္ကန်း၊ (၅) ကမ္ဗလာသင်္ကန်း၊ (၆) ပိုက်ဆံချည်နှင့် ရက်တဲ့သကန်းများ ဖြစ်ကြတယ်၊ သည်သင်္ကန်းခြောက်မျိုးဟာ အခြေခံမူလသင်္ကန်းပဲကွယ့်"

"မူလမဟုတ်တဲ့ သင်္ကန်းရယ်လို့ ရှိသေးသလားဘုရား"

"မူလမဟုတ်တဲ့ အနုလောမသင်္ကန်းဆိုတာလည်း ရှိသေးတယ်၊ အနုလောမ သင်္ကန်းခြောက်မျိုးကို 'ပျံ,သော,ဒု,စိ၊ ဒေ,ဣဒ္ဓိ၊ ခြောက်ထည်အနုပြား' လို့ သံခိပ်စပ်ထားကြတယ်ကွယ့်၊ သံခိပ်ရဲ့အဓိပ္ပာယ်က (၁) ပဉ္စုဏ္ဏတိုင်းက ဖြစ်တဲ့သင်္ကန်း၊ (၂) ဒုကူလခေါ်တဲ့ဘွဲ့ဖြူသင်္ကန်း၊ (၃) သောမာရတိုင်းကဖြစ် တဲ့သင်္ကန်း၊ (၄) စိန်တိုင်းကဖြစ်တဲ့သင်္ကန်း၊ (၅) ဒေဝဒိန္နခေါ်တဲ့ နတ်လှူသော သင်္ကန်း၊ (၆) ဣဒ္ဓိဇခေါ်တဲ့တန်ခိုးကြောင့်ဖြစ်သောသင်္ကန်း သည်သင်္ကန်းခြောက် မျိုးနှင့်တကွ နောက်မှဖြစ်ပေါ်လာတဲ့ တက်ထရွန်စတဲ့ ချည်သင်္ကန်းမျိုးကို အနုလောမသင်္ကန်းလို့ ခေါ်ဆိုရတယ်ကွယ့်"

"မူလသင်္ကန်းများဟာ ယခုခေတ်မှာလို ချုပ်ပုံဆိုးပုံ ဟုတ်ပါ့မလား ဘုရား"

"မူလကတော့ ခုခေတ်မှာလို ဘယ်မှာ ပုံမှန်ဦးမလဲကွယ့်၊ ပညတ်ချက် စည်းကမ်းချက်ကလည်း မရှိသေးပဲကိုး၊ ဒါကြောင့် အချို့ရဟန်းတော်များဟာ သင်္ကန်းကို နွားချေးနှင့် ဆိုးလိုဆိုး၊ မြေနီနှင့်ဆိုးလိုဆိုးမို့ သင်္ကန်းအရောင်တွေ

မကောင်းအောင်ဖြစ်နေကြတယ်၊ ဒါကြောင့် ဘုရားရှင်က ဆိုးရည်ခြောက်မျိုးကို ခွင့်ပြုတော်မူရတာပေါ့၊ ဆိုးရည်ကို ဆိုးပုံဆိုးနည်းနှင့်တကွ ပညတ်ချက်ထုတ်လိုက်တော့ ရဟန်းတော်များရဲ့သင်္ကန်းအရောင်ဟာ ကြည်ညိုဖွယ်ဖြစ်လာပြီ၊ သို့သော်လည်း ချုပ်ပုံချုပ်နည်းကတော့ မဟုတ်သေးဘူး၊ သူချုပ်ချင်သလိုချုပ်၊ ကိုယ်ချုပ်ချင်သလိုချုပ်နှင့် ပုံပျက်နေသေးတယ်"

"တစ်ရက်တော့ဘုရားရှင်ဟာ ရာဇဂြိုဟ်ပြည်က ဒက္ခိဏာဂီရိဇနပုဒ်ကို ဒေသစာရီကြွချီတော်မူတယ်၊ ကြွချီတော်မူရင်း မဂဓတိုင်းသားတို့ရဲ့ လယ်ကန်သင်းဖွဲ့ထားတာကို မြင်တော်မူတယ်၊ ကန်သင်းဖွဲ့ထားပုံက လေးထောင့်လယ်ကွက်နှစ်ခုရဲ့ အကြားမှာခရီးဆုံးသကဲ့သို့ အကန့်ငယ်ဖွဲ့ထားသတဲ့၊ လယ်နှစ်ကွက်ရဲ့ အကြားမှာတည်ရှိတဲ့ အကန့်ငယ်က လယ်ကိုရေသွင်းဖို့ဖွဲ့ထားတဲ့ ရေမြောင်းငယ်ပဲကွယ့်၊ စနစ်တကျ ကန်သင်းဖွဲ့ထားတဲ့ မဂဓလယ်ကို မြင်တော်မူတော့ ဘုရားရှင်က 'အာနန္ဒာ–မဂဓ လယ်ကန်သင်းဖွဲ့ထားပုံမြင်ရဲ့လား' လို့ မေးတော်မူတယ်၊ ရှင်အာနန္ဒာက 'မြင်ပါကြောင်း' လျှောက်ထားတော့ ဘုရားရှင်က 'သင်ဟာ လယ်ကန်သင်းဖွဲ့ထားသလို သင်္ကန်းကို စီရင်နိုင်ပါ့မလား' လို့ မေးတော်မူတယ်၊ ရှင်အာနန္ဒာက 'စီရင်နိုင်ပါတယ်ဘုရား' လို့ လျှောက်ထားပြီး ဒက္ခိဏာဂီရိဇနပုဒ်က ရာဇဂြိုဟ်ပြန်ရောက်တဲ့အခါ မဂဓလယ်ကွက်သဏ္ဌာန် သင်္ကန်းချုပ်ပြီး ဘုရားရှင်ထံပြသတယ်၊ သည်အခါ ဘုရားရှင်က ချီးမွမ်းတော်မူပြီး ရဟန်းများဟာ မဖြတ်သောသင်္ကန်းများကို မသုံးဆောင်ရ၊ ဖြတ်သောဒုကုဋ်၊ ဖြတ်သောကိုယ်ဝတ်၊ ဖြတ်သောသင်းပိုင်များကိုသာ သုံးဆောင်စေလို့ ခွင့်ပြုတော်မူတယ်ကွယ့်"

"ဘုရားရှင်က ဘာကြောင့် လယ်ကွက်သဏ္ဌာန် ဖြတ်ချုပ်စေရတာလဲဘုရား"

"အထည်ကို အပိုင်းအပိုင်းဖြတ်ပစ်လိုက်တော့ သူတစ်ပါး မရချင်တဲ့အကြောင်းကတစ်ကြောင်း၊ စနစ်တကျချုပ်ထားလို့ ကြည်ညိုဖွယ်ဆောင်တာက တစ်ကြောင်း၊ 'ပုညက္ခေတ္တံ အနုတ္တရံ'ဆိုတဲ့အတိုင်း သံဃာတော်သည်ကောင်းမှုတည်းဟူသောမျိုးစေ့၏တည်ရာ လယ်မြေနှင့်တူတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်တာကတစ်ကြောင်း သည်အကြောင်းသုံးမျိုးကြောင့် သင်္ကန်းကိုလယ်ကွက်သဏ္ဌာန်ဖြတ်ချုပ်တော်မူစေခြင်းဖြစ်တယ်ကွယ့်"

"သက်န်းများရဲ့ အလျားအနံကိုလည်း အမိန့်ရှိတော်မူပါဦး"

"ပါတိမောက် ရတနဝဂ်မှာ ရဟန်းသည် ဘုရားရှင်ရဲ့သင်္ကန်းတော် ပမာဏရှိသော သင်္ကန်းပမာဏထက်လွန်သော သင်္ကန်းများကို မသုံးဆောင်ရ၊ သုံးဆောင်လျှင် ပါစိတ်အာပတ်သင့်စေလို့ ပညတ်ချက်ရှိတယ်၊ ဒါကြောင့် ရဟန်းတော်များရဲ့သင်္ကန်းဟာ ဘုရားရှင်ရဲ့သင်္ကန်းတော်အောက် ငယ်ရမယ် ကွယ့်၊ ဘုရားရှင်ရဲ့သင်္ကန်းတော်က ဘုရားရှင်ရဲ့အထွာနှင့်အလျား ၉–ထွာ၊ အနံ ၆–ထွာရှိတယ်၊ အဲသည်အတိုင်းအတာအောက် နည်းနည်းလျော့လျှင် အပ်တော့တာပဲ၊ ကခ်ါ ပထမ ကထိနသိက္ခာပုဒ်မှာ အယုတ်ဆုံးအတိုင်းအတာ အားဖြင့် နှစ်ထပ်သင်္ကန်းကြီးနှင့် ကိုယ်သင်္ကန်းမှာ အလျားငါးတောင် တောင်ဆုပ် ရှိရမယ်၊ အနံသုံးတောင် တောင်ဆုပ်ရှိရမယ်တဲ့၊ သင်းပိုင်မှာ အလျားငါးတောင် တောင်ဆုပ်၊ အနံနှစ်တောင်ရှိရမယ်တဲ့၊ သည်အောက်တော့ မငယ်စေရဘူးတဲ့ ကွယ်၊ သည့်ထက် သေးငယ်သော်လည်းကောင်း၊ ဘုရားရှင်သင်္ကန်းထက် ကြီးသော်လည်းကောင်း အဓိဋ္ဌာန်ဝိကပ္ပနာမပြုအပ်ဘူး၊ ပရိက္ခာရစောဠအဖြစ် ဖြင့်သာ ဆောက်တည်ထားအပ်တယ်တဲ့ကွယ်"

"မှန်ပါ–သင်္ကန်းဝတ်ရုံပုံများကိုလည်း အမိန့်ရှိပါဦး"

## သင်္ကန်းဝတ်ရုံနည်း

"သင်္ကန်းဝတ်ရုံနည်းကတော့ ဂေါသဝတ်ရုံနည်း၊ ပရိမဏ္ဍလဝတ်ရုံနည်း၊ သုပ္ပဋိစ္ဆန္နဝတ်ရုံနည်းရယ်လို့ သုံးမျိုးထင်တယ်ကွယ့်၊ သည်သုံးမျိုးအနက် ဂေါသ ဝတ်ရုံနည်းဆိုတာ ကံကြီးကံငယ် ရွက်ဆောင်တဲ့အခါ၊ ရတနာသုံးပါးပူဇော် သောအခါ၊ မိမိကျောင်းတိုက်တာအတွင်း နေထိုင်သောအခါမျိုးမှာ ဝတ်ရုံတဲ့နည်း ဖြစ်တယ်၊ ပရိမဏ္ဍလဝတ်ရုံနည်းဆိုတာလည်း ဂေါသဝတ်ရုံနည်းပါပဲ၊ သို့သော် ဂေါသဝတ်ရုံနည်းမှာ–

"ဂေါသံ ဥတ္တရာသင်္ဂံ ကရိတွာ ဥက္ကုဋိကံ နိသီဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ' လို့ ကခ်ါ ၁၂–မှာဆိုတဲ့အတွက် သင်္ကန်းကို စံပယ်တင်ပြီး ဆောင့်ကြောင့်ထိုင်ရတယ်၊ ဒါကြောင့် ခန္ဓာကိုယ်ရဲ့အောက်ပိုင်း သင်္ကန်းအနေ အထားပုံကိုမပြဘူး၊ အပေါ်ပိုင်းသင်္ကန်းအနေအထား ပုံသဏ္ဌာန်ကိုသာဖော်ပြ တယ်၊ ပရိမဏ္ဍလဝတ်ရုံနည်းကျတော့ သင်္ကန်းအဝန်းညီစွာ ဝတ်ရုံပုံဝတ်ရုံနည်း

နှင့်တကွ ကိုယ်ခန္ဓာရဲ့အောက်ပိုင်း သင်္ကန်းအနေအထား ပုံသဏ္ဌာန်ကိုပြထားတယ်၊ သုပဋိစ္ဆန္နဝတ်ရုံနည်းကတော့ မြို့တွင်း ရွာတွင်းသွားလာတဲ့အခါ၊ လူစုလူဝေးထံချဉ်းကပ်တဲ့အခါမျိုးမှာ ဝတ်ရုံနည်းဖြစ်တယ်”

“မှန်ပါ–အဲသည်ဝတ်ရုံနည်းများကိုလည်း အမိန့်ရှိတော်မူပါဦး”

“အင်း–ပြောရတာပေါ့၊ ရှေးဦးစွာ ကေသဝတ်ရုံနည်းကို ပြောကြစို့ရဲ့၊ ‘ကေသံ ဥတ္တရာသင်္ဂံ ကရိတွာ’ ဆိုတဲ့ ကင်္ခါအဋ္ဌကထာစကားကို ကင်္ခါဋီကာသစ်က ‘ကေသိမ္ဘိ’ အံသေ၊ သာဓုကံ ဥတ္တရာသင်္ဂံ ကရိတွာတိ အတ္ထော’လို့ ဖွင့်ပြသကွယ့်၊ ‘ကေသိမ္ဘိ’ အံသေ–လက်ဝဲပခုံးထက်၌၊ သာဓုကံ–ကောင်းမွန်စွာ၊ ဥတ္တရာသင်္ဂံ–ကိုယ်ဝတ်စံပယ်တင်သည်ကို၊ ကရိတွာ–ပြု၍လို့ အနက်ပြန်ရမယ်၊ အဓိပ္ပာယ်က ကိုယ်ဝတ်သင်္ကန်းကို ဝဲယာအညီအမျှချိန်ဆပြီး လက်ယာလက်ဖြင့် လက်ယာဘက်က သင်္ကန်းအစွန်းကို လက်ဝဲဘက်ပခုံးပေါ်တင်ရမယ်တဲ့၊ တင်တဲ့အခါမှာလည်း ကြည်ညိုဖွယ်အသွင်ကိုဆောင်နိုင်အောင် ကောင်းကောင်းတင်ရမယ်တဲ့၊ သည်လိုကြည်ညိုဖွယ်ဖြစ်အောင် တင်တာကိုပင် စံပယ်တင်တယ်ဆိုတဲ့ ပေါရာဏစကားလုံးနှင့် သုံးထားတယ်၊ စံပယ်ဆိုတာ စံပယ်ပန်းကို ပြောတာမဟုတ်ဘူး၊ တင့်တယ်စွာနေခြင်းကို ဆိုလိုတယ်ကွယ့်”

“လက်ယာလက်ဖြင့် သင်္ကန်းအစွန်းတစ်ဘက်ကိုကိုင်ပြီး လက်ဝဲပခုံးထက်ကို ကောင်းစွာတင်ပြီးတဲ့နောက် လက်ဝဲဘက်က သင်္ကန်းအစွန်းတစ်ဘက်ကို ဘယ်လိုထားရမယ်လို့ ညွှန်ကြားချက် ရှိပါသေးသလားဘုရား”

“ကေသဝတ်ရုံနည်းမှာတော့ လက်ဝဲဘက်သင်္ကန်းအကြောင်း ဖော်ပြတာမရှိဘူး၊ သို့သော်လည်း ပရိမဏ္ဍလဝတ်ရုံနည်းမှာ သည်အကြောင်းကို ဖော်ပြထားတယ်ကွယ့်”

“ဘယ်လိုဖော်ပြပါသလဲဘုရား”

“ဥဘောကဏ္ဏေ သမံ ကတွာ ပါရုပန် ပရိမဏ္ဍလပါရုပန် နာမ’ လို့ ဖော်ပြထားတယ်၊ ဥဘောကဏ္ဏေ–အနားထောင့်စွန်းနှစ်ဘက်တို့ကို၊ သမံ–အညီအမျှ၊ ကတွာ–ပြု၍၊ ပါရုပန်–တင်ရုံခြင်းသည်၊ ပရိမဏ္ဍလံ–အဝန်းညီစွာ၊ ပါရုပန် နာမ–တင်ရုံသည်မည်၏တဲ့ကွယ့်”

“သင်္ကန်းထောင့်စွန်းနှစ်ဘက်တို့ကို အညီအမျှပြုရမယ်ဆိုတာ ဘယ်လိုပြုရမှာတဲ့လဲဘုရား”

## သင်္ကန်းတင်နည်း နှစ်မျိုး

"သင်္ကန်းထောင့်စွန်းနှစ်ဘက် အညီအမျှပြုရမယ်ဆိုတဲ့ နေရာမှာတော့ အယူအဆကလေးတွေကွဲနေကြတယ်၊ အချို့သောဆရာများက ပထမအယူအဆ သုပ္ပဋိစ္ဆန္န–သင်္ကန်းရုံတဲ့အခါ သင်္ကန်းအနားစွန်းနှစ်ခု ညီညီထားပြီး လိပ်ရသလို ပရိမဏ္ဍလ–တင်ရုံတဲ့အခါမှာလည်း သင်္ကန်းအနားနှစ်ခုကို ညီညီလိပ်ပြီး လက်ဝဲဘက်ပခုံးပေါ် ရန်းတင်လိုက်ခြင်းကို ပရိမဏ္ဍလရုံနည်းလို့ယူဆကြတယ်၊ သည်တင်ရုံနည်းအတိုင်း သင်္ကန်းရုံခဲ့လျှင် သင်္ကန်းအစွန်းနှစ်ဘက်လုံး လက်ဝဲလက်ကိုဖုံးနေတာမို့ ရှေ့ဘက်မှာ သင်္ကန်းအစွန်းမကျသင့်ဘူးပေါ့၊ သည်ပထမ အယူအဆ ပရိမဏ္ဍလတင်ရုံနည်းကို အချို့သော သီဟိုဠ်ရဟန်းတော်, ထိုင်းရဟန်းတော်, လောရဟန်းတော်, မြန်မာရဟန်းတော်များ ဝတ်ပြုတဲ့အခါမျိုးမှာ တင်ရုံတတ်ကြတယ်ကွယ့်၊ ဒုတိယအယူအဆတစ်ခုက ယခုမြန်မာရဟန်းတော်များ သင်္ကန်းတင်ရုံကြသလို ညာဘက်သင်္ကန်းအစွန်းကို ညာဘက်လက်ဖြင့် လက်ဝဲပခုံးပေါ်ကိုတင်၊ ဘယ်ဘက်သင်္ကန်းစွန်းကို ဘယ်ဘက်လက်ဖြင့် လက်ဝဲပုခုံးပေါ်ပြန်တင်၊ သည်လိုတင်လိုက်တဲ့အခါ ကျောဘက်မှာသင်္ကန်းထောင့်စွန်းတစ်ခု၊ ရှေ့ရင်ဘတ်ထက်မှာ သင်္ကန်းထောင့်စွန်းတစ်ခု၊ သည်လို သင်္ကန်းထောင့်စွန်းနှစ်ခု ပြိုင်ကျနေတယ်၊ သည်လိုကျနေတဲ့သင်္ကန်းထောင့်စွန်းနှစ်ဘက်ညီစေရမယ်လို့ ယူဆကြတယ်"

"သည်နှစ်ခုအနက် မည်သည့်အယူအဆက ပိုမိုမှန်ကန်ပါသလဲဘုရား"

"ဝိနယသာရဂဏ္ဌိကျမ်း စာမျက်နှာ ၂၄၆–မှာ ပရိမဏ္ဍလ တင်ရုံမှုနှင့် ပတ်သက်တဲ့ ဆုံးဖြတ်ချက်တစ်ခု ရေးသားထားတာရှိတယ်ကွယ့်"

"အမိန့်ရှိတော်မူပါ ဘုရား"

"ရေးသားထားပုံက ပရိမဏ္ဍလ သိက္ခာပုဒ်နှင့်အညီ လက်ဝဲပခုံးတစ်ဘက်ကိုသာ ရုံရာ၌လည်း သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့်အညီရုံတင်ခြင်းကဲ့သို့ အစွန်းနှစ်ဘက်ကို အညီပြုသဖြင့် လိပ်၍သာတင်ရုံအပ်၏ဟု ကေစိဆရာတို့ဆိုကုန်၏၊ မသင့်အနေတည်း၊ ထိုသို့သော် အသို့ရုံအပ်သနည်းဟူမူကား လက်ဝဲပခုံးတစ်ဘက်၌ တင်သောကိုယ်ဝတ်၏ ကျောကုန်း၏အနီးဖြစ်သော နံပါး၌လည်းကောင်း၊

ဝမ်း၏အနီးဖြစ်သော နံပါး၌လည်းကောင်း၊ တွဲရရွဲကျကုန်သော အစွန်းနှစ်ဘက်တို့ကို အညီအညွတ်ပြု၍ ရုံအပ်၏၊ ထို့ကြောင့် ဝိနယ ဝိနိစ္ဆယဋီကာ၌ ‘ဥဘောကဏ္ဏေ သမံ ကတွာတိ ပါရုပနဿ ဇင်္ဃသေကတဿ ပိဋ္ဌိပဿေ ဥဒရပဿေ စ ဩလမ္ဗမာနေ ဥဘော ကဏ္ဏေ သမံ ကတွာ’ ဟု ဝါနိဿရ မဟာထေရ် မိန့်အပ်ပြီလို့ ပြဆိုထားတယ်၊ သည်ပြဆိုချက်ကိုထောက်လျှင် ပထမအယူအဆဟာ မှားပြီး ဒုတိယအယူအဆက မှန်ကန်တယ်လို့ဆိုသင့်တာပေါ့၊ သာသနာတော်လောကမှာ သင်္ကန်းအတင်ဂိုဏ်း၊ အရုံဂိုဏ်းရယ်လို့ နှစ်ဂိုဏ်းကွဲပြားခဲ့ဖူးပေမယ့် ပရိမဏ္ဍလ တင်ရုံနှင့်ပတ်သက်လို့တော့ ဂိုဏ်းကွဲအောင် ငြင်းခုံမှုမဖြစ်ခဲ့ပါဘူး၊ သို့သော်လည်း အချို့သောရှေးဟောင်းရုပ်ပွားတော်များရဲ့ သင်္ကန်းရုံတင်မှုကိုလေ့လာမယ်ဆိုလျှင် အတင်ဂိုဏ်းသားရဟန်းတော်များဟာ တစ်ဘက်ရုံနည်းခေါ်ကြတဲ့ ပထမအယူအဆဟာ ပရိမဏ္ဍလ တင်ရုံနည်းအတိုင်း သင်္ကန်းကိုတင်ရုံပြီး အဲသည်သင်္ကန်းအထက် လက်ဝဲဘက်မှာ ဒုကုဋ်ခေါ်ကြတဲ့ သင်္ကန်းခေါက်ကလေးကို တင်ထားကြလိမ့်မယ်လို့ ယူဆဖွယ်ရှိတယ်ကွယ့်”

“ဘယ်လိုဘုရား၊ သည်စကားမရှင်းလို့ ထပ်ပြီးအမိန့်ရှိပေးပါဦး”

“အင်းဝခေတ် ကုန်းဘောင်ခေတ်တို့မှာ တုံဂိုဏ်း ရုံဂိုဏ်းကွဲကြတယ်”

“မှန်ပါ– ကြားဖူးကြောင်းပါ ဘုရား”

တုံဂိုဏ်းဆိုတာ မန်အောင်ရတနာစေတီတော် ဒါယကာ မင်းတရားလက်ထက် အနောက်ဘက် တုံရွာကျောင်း ရှင်ဂုဏာဘိလင်္ကာရတို့ အဦးထားပြီး ကွဲပြားတဲ့ဂိုဏ်းဖြစ်လို့ တုံဂိုဏ်းလို့ခေါ်ကြတယ်၊ အယူအဆကတော့ သာမဏေများ ရွာတွင်းမြို့တွင်းဝင်တဲ့အခါ သုပ္ပဋိစ္ဆန္နနည်းအရ သင်္ကန်းမရုံစေဘဲ သင်္ကန်းလက်ကန်တော့တင်ပြီးဝင်စေတဲ့ ဂိုဏ်းဖြစ်တယ်၊ အမှန်တော့ သည်အယူအဆကို တုံဆရာတော်က စပြီးထွင်တာမဟုတ်ဘူး၊ သီဟိုဠ်က စတင်တည်ထွင်လာတဲ့ ဂိုဏ်းဖြစ်တယ်၊ မြန်မာနိုင်ငံမှာလို အငြင်းအခုံမဖြစ်ပွားဘဲ သီဟိုဠ်မှာရော, ပုဂံမှာရော, ထိုင်းမှာရော, ကမ်ပူးချားတို့ လောတို့မှာရော သည်အယူအဆဟာ တော်တော်လေးပျံ့နှံ့ဟန်တူတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီခေတ်ကထုလုပ်ခဲ့ကြတဲ့ အချို့သောရုပ်ပွားတော် ပုံဟန်များကြောင့်ဖြစ်တယ်၊ တုံဂိုဏ်းသင်္ကန်းတင်တယ်ဆိုတာ ယခုမြန်မာရဟန်းတော်များလို ညာဘက်သင်္ကန်းကို

ညာဘက်လက်ဖြင့် ဘယ်ဘက်ပခုံးတင်၊ ဘယ်ဘက်သင်္ကန်းကို ဘယ်ဘက်လက်ဖြင့် ဘယ်ဘက်ပခုံးပေါ်ပြန်တင်တာကို ဆိုလိုတာမဟုတ်ဘူး၊ ပထမပရိမဏ္ဍလတင်ရုံနည်းအတိုင်း သင်္ကန်းအစွန်းနှစ်ဘက် ညီညီညာညာဗယ်လက်ဖြင့်လိပ်ကိုင်ပြီး ဘယ်ဘက်လက်ကို ဖုံးမိအောင် ဗယ်ဘက်ပခုံးပေါ်ယမ်းတင်လိုက်တယ်၊ အဲသည်နောက် ဘယ်ဘက်ပခုံးပေါ်ဒုကုဋ်အတုတစ်ခု ထပ်တင်တာကို ဆိုလိုတယ်ကွယ့်"

"ဒုကုဋ်အတုဆိုတာ ဘယ်လိုဟာလဲ၊ နှစ်ထပ်သင်္ကန်းကြီးကို ဒုကုဋ်ခေါ်တာမဟုတ်လား ဘုရား"

"နှစ်ထပ်သင်္ကန်းကြီးကို ဒုကုဋ်လို့ခေါ်တာမှန်ပါတယ်၊ ဒါပေမယ့် အတင်ဂိုဏ်းက ဒုကုဋ်ဆိုတာ နှစ်ထပ်သင်္ကန်းကြီးမဟုတ်ဘူး၊ အနံတစ်တောင်၊ အလျား သုံးတောင်မျှသာရှိတဲ့ သင်္ကန်းငယ်ဖြစ်တယ်ကွယ့်၊ ပခုံးတင်ဖို့အတွက် အဲသည်သင်္ကန်းငယ်ကို အတွန့်အလိပ်များနှင့် ပိပိရိရိချုပ်ထားတယ်၊ ပထမ အယူအဆ ပရိမဏ္ဍလရုံနည်းမျိုးနှင့် သင်္ကန်းတင်ရုံပြီး ကြည်ညိုဖွယ်ဖြစ်အောင် အဲသည်ဒုကုဋ်အတု ပခုံးပေါ်ထပ်တင်ထားရတယ်"

"ဆရာတော်အမိန့်ရှိမှပဲ သတိပြုမိတယ်"

"အင်းဝခေတ်ကစပြီး ထုလုပ်ခဲ့ကြတဲ့ ဗုဒ္ဓရုပ်ပွားတော်များရဲ့ အသွင်အပြင်ကို သတိပြုမိရဲ့လား"

"ရုပ်ပွားတော်တိုင်းတော့ ဖူးမြော်နေတာပဲ၊ သေသေချာချာတော့ သတိမပြုမိဘူး ဘုရား"

"သည်လိုဆို အမြင်ရှင်းသွားအောင် ရုပ်ပွားတော်ပုံထုတ်ပြီး လေ့လာကြည့်ကြဦးစို့လားကွယ့်"

"အလွန်ကောင်းလှပါတယ် ဘုရား"

"အမှတ်(၁) ဗုဒ္ဓရုပ်ပွားတော်ပုံကိုကြည့်စမ်း၊ အမှတ်မဲ့ကြည့်လျှင် ယခု ရဟန်းတော်များ ကေသစံပယ်တင်နည်းကို လက်ဝဲပခုံးထက် ကိုယ်ထက်ဝက်ကို တင်ပြီး လက်ဝဲဘက်က သင်္ကန်းအစွန်းပခုံးပေါ် ပြန်တင်ထားသလိုလို ထင်လိမ့်မယ်၊ အမှန်ကတော့မဟုတ်ဘူး၊ လက်ဝဲဘက်က သင်္ကန်းအစွန်း ပခုံးထက် ပြန်တင်လျှင် လက်ဝဲဘက်တစ်ခုလုံး သင်္ကန်းဖုံးအုပ်လို့မဖြစ်ဘူး၊ ဒါကြောင့်

ယခုပုံဟာ ကိုယ်ဝတ်သင်္ကန်းကို ပထမအယူအဆ ပရိမဏ္ဍလရုံနည်းအတိုင်း အစနှစ်ဘက်ညီညီ လက်ဝဲပခုံးထက်လိပ်တင်ကာ လက်ဝဲလက်ကို ဖုံးအုပ်ထားပြီးမှ လက်ဝဲပခုံးထက် ဒုကုဋ်ခေါက်ပြီး တင်ထားပုံဖြစ်တယ်၊ လက်ဝဲပခုံးထက် တင်ထားတဲ့ဒုကုဋ်ကိုပယ်လိုက်လျှင် ဟောသည် ပုံတော်အမှတ်(၂)ဖြစ်လာမယ်ကွယ့်"

"မှန်ပါသဘောပေါက်ပါပြီဘုရား"

"ဒါကြောင့် ပထမအယူအဆ ပရိမဏ္ဍလတင်ရုံနည်းဟာ များပင်များသော်လည်း သီဟိုဠ်ခေတ်ကစပြီး ရဟန်းတော်လောကအတွင်း စိမ့်ပြီးပျံ့နှံ့နေဟန်တူတယ်၊ သို့သော်လည်း သည်အတွက် ငြင်းခုံမှုပြဿနာ မကြီးထွားခဲ့ဘူး၊ ကုန်းဘောင်ခေတ်ဦးကျမှ အတင်ဂိုဏ်း အရုံဂိုဏ်းရယ်လို့ ပြဿနာဖြစ်ပြီး အတင်ဂိုဏ်းရှုံးနိမ့်သွားတယ်၊ အတင်ဂိုဏ်းရှုံးနိမ့်တော့ သူတို့အားထားတဲ့ ပထမအယူအဆပရိမဏ္ဍလတင်ရုံနည်းဟာလည်း မြန်မာနိုင်ငံတော်တစ်ဝန်းမှာ မှေးမှိန်သွားတယ်၊ သို့သော်လည်း ဗုဒ္ဓရုပ်ပွားတော်များမှာတော့ ရှေးပုံစံအတိုင်း သမိုင်းအထောက်အထားအဖြစ်ဖြင့် တင်ကျန်ရစ်ခဲ့တယ်ကွယ့်"

"ပထမအယူအဆ ပရိမဏ္ဍလတင်ရုံနည်း မြန်မာနိုင်ငံမှာ မှေးမှိန်သွားတယ်ဆိုတာ ဘယ်လိုအထောက်အထားကြောင့် မိန့်ဆိုတော်မူနိုင်တာလဲဘုရား"

"ကုန်းဘောင်ခေတ်ရဲ့နောက်ပိုင်းဖြစ်တဲ့ မန္တလေးခေတ်ရဟန်းတော်များ ဝတ်ပုံကို လေ့လာကြည့်လျှင် ပထမအယူအဆ ပရိမဏ္ဍလတင်ရုံနည်းမျိုး သိပ်မတွေ့ရဘူး၊ ဒုတိယအယူဆ ပရိမဏ္ဍလတင်ရုံနည်းသာ အများအပြားတွေ့ကြရတယ်၊ ဥပမာအားဖြင့် လယ်တီဆရာတော်ဘုရား မန်လည်ဆရာတော်ဘုရား များရဲ့ဓာတ်ပုံတွေ သံဃာဂိုဏ်းကြီး ကိုးဂိုဏ်းစာအုပ်မှာ ပါဝင်တဲ့ ရွှေကျင်ဂဏာသမုဒ္ဒာပက ပထမရွှေကျင်ဆရာတော်ဘုရား ဓာတ်ပုံ၊ အုတ်ဖိုဆရာတော်ဘုရားဓာတ်ပုံ၊ ရွှေမင်းဝံငှက်ကွင်းဆရာတော်ဘုရားဓာတ်ပုံနှင့် လောကစက္ခုကျမ်းဦးမှာပါတဲ့ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ဒီပဲယင်းဆရာတော်ဘုရားဓာတ်ပုံများဟာ ဒုတိယအယူအဆ ပရိမဏ္ဍလတင်ရုံနည်းသာ ဖြစ်ကြတယ်ကွယ့်"

"တဖြည်းဖြည်းမှေးမှိန်သွားတယ်ဆိုတော့ ပျောက်ကွယ်သွားတာမဟုတ်ဘူးပေါ့၊ ကျန်ရှိသင့်သလောက် ကျန်ရှိနေသေးတယ်ဆိုတဲ့ အဓိပ္ပာယ်လားဘုရား"

"ပထမအယူအဆ ပရိမဏ္ဍလတင်ရုံနည်းဟာ အလွန်သိမ်မွေ့တဲ့ တင်ရုံနည်းဖြစ်တယ်၊ ကြည်ညိုဖွယ်ကိုလည်း ဆောင်ပါတယ်၊ ဒါကြောင့် လုံးလုံးတော့ မပျောက်ဘူးကွယ့်၊ အချို့သောဆရာတော်များ မြတ်မြတ်နိုးနိုး ဆောင်ကြတယ်လို့ သိရတယ်ကွယ့်"

"မှန်ပါ–သည်လောက်ဆိုလျှင် ခန္ဓာကိုယ်ရဲ့အထက်ပိုင်း ပရိမဏ္ဍလသင်္ကန်းတင်ရုံပုံသိပါပြီ၊ ခန္ဓာကိုယ်ရဲ့အောက်ပိုင်း သင်္ကန်းအနေအထားကိုလည်း အမိန့်ရှိပါဦး"

"ခန္ဓာကိုယ်ရဲ့အောက်ပိုင်း ပရိမဏ္ဍလဖုံးလွှမ်းမှုနှင့်ပတ်သက်လို့တော့ မူကွဲမရှိပါဘူး၊ သင်းပိုင်ကိုဝတ်တဲ့အခါ ခါးပတ်ပတ်ဝန်းကျင်မှာ ညီညီဝတ်ရမယ်၊ ဒူးဆစ်အောက် လက်ရှစ်သစ်လောက်မှန်းပြီး ညီညီဝတ်ရမယ်၊ ကိုယ်ဝတ်ကိုတော့ သင်းပိုင်ရဲ့အထက် လက်လေးသစ်လောက်တိုပြီး ညီညီဝတ်ရမယ်ကွယ့်"

"သင်္ကန်းရုံတာကော မူကွဲရှိသေးသလားဘုရား"

"သင်္ကန်းရုံနည်းကိုတော့ သုပ္ပဋိစ္ဆန္နရုံနည်းလို့ ခေါ်တာပေါ့ကွယ်၊ သုပ္ပဋိစ္ဆန္နရုံနည်းကို ကင်္ခါအဋ္ဌကထာမှာ သည်လိုပြထားသကွယ့်"

"အမိန့်ရှိပါဘုရား"

"ရှေးဦးစွာ အနားပတ်သီးတပ်ရမယ်၊ ပြီးတော့ ကိုယ်ဝတ်ကို မြှင့်တင်၊ သင်္ကန်းအနားနှစ်ခုတို့ကို ညီညီလိပ်ပြီး ယခုမြန်မာရဟန်းတော်များ ရုံတော်မူကြတဲ့အတိုင်း လက်ကောက်ဝတ်ကိုဖုံးမိအောင်ရုံရမယ်တဲ့၊ သင်္ကန်းအလျား အနားပတ်စွန်းဖြင့်လည်း လည်ပင်းကိုဖုံးထားရမယ်တဲ့၊ သင်္ကန်းကိုရုံပြီးသွားတဲ့အခါ ပုဆစ်ဒူးဝန်းနှင့် ရင်ဘတ်ကိုဖွင့်ပြီးမသွားရဘူးတဲ့၊ ထိုင်တဲ့အခါမှာ လည်ချိုင့်ရဲ့အထက် ဦးခေါင်း၊ လက်ကောက်ဝတ်ရဲ့ အဖျားဖြစ်တဲ့ လက်ခြေသလုံးဖျားဖြစ်တဲ့ ခြေများကိုဖွင့် တစ်ကိုယ်လုံးကိုခြုံရုံပြီးထိုင်ရမယ်လို့ ဆိုထားတယ်၊ သည်အဆိုအတိုင်းပဲယနေ့အထိ ရဟန်းတော်များကျင့်သုံးနေထိုင်ကြတယ်၊ မူကွဲရယ်လို့ မရှိပါဘူး၊ သို့သော်လည်း ခေတ်အလျောက် ဒေသအလျောက် အနည်းငယ်ဟန်အမူအရာ ထူးခြားတာလေးတွေတော့ ရှိသပေါ့ကွယ့်၊ သို့သော်လည်း ပုံပျက်လောက်အောင်တော့ မရှိပါဘူး၊ အချုပ်အားဖြင့်တော့ သည်ယနေ့

မြန်မာနိုင်ငံတော်မှာ သီတင်းသုံးနေထိုင်တော်မူကြတဲ့ ထေရဝါဒ ရဟန်းတော်များရဲ့ အသွင်အပြင်ဟာ ခေတ်ကာလအလျောက် အနည်းငယ် ကွဲလွဲချက်ရှိစေကာမူ ဘုရားရှင်လက်ထက်တော်က ရဟန်းတော်များရဲ့ အသွင်အပြင်နှင့် မကွဲခြားဘူး ဘုရားရှင်ရဲ့ လိင်္ဂသာသနာတော်ကို ယနေ့အထိ ထိန်းသိမ်းထားနိုင်သေးတယ်လို့ အဖြေပေးရမှာပဲကွယ့်"

"မှန်ပါ–ဝမ်းသာလှပါပြီ ဘုရား"

"သာဓု–သာဓု–သာဓု"

❂❂❂❂❂



# အံသကိုဋ္ဌနှင့်လုံကွင်း

"သင်္ကန်းနှင့်ပတ်သက်ပြီး ဆက်လက်လျှောက်ထားဖို့ ကျန်ပါသေးတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ဘာများကျန်သေးတုန်း"

"ကသာမြို့နယ် သမ္ဗုတိရဝန်ဆောင်ဆရာတော်ဖြစ်တဲ့ ကျောက်ပုံဆရာတော် ဦးစန္ဒိမာက မြန်မာနိုင်ငံအရပ်ရပ်ရှိ အချို့ရဟန်းတော်များဟာ အံသကိုဋ္ဌဆိုတဲ့ အတွင်းခံသင်္ကန်းကို ဝတ်ဆင်နေကြပါတယ်တဲ့၊ အဲဒီအံသကိုဋ္ဌဟာ ဘယ်ကျမ်းကလာတာလဲ၊ အပ်ကောအပ်ပါရဲ့လားလို့ ဆရာတော်ထံ အလျှောက်ခိုင်းပါတယ်၊ သည်ပြဿနာကိုလည်း ဖြေရှင်းပေးပါဦးဘုရား"

"အံသကိုဋ္ဌဆိုတာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကလာတဲ့ သင်္ကန်းငယ်ပဲကွယ့်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာဆိုတာက တေစီဝရိက ဓုတင်ဆောက်တည်တဲ့ရဟန်းဟာ 'စတုတ္ထကစီဝရံ ပဋိက္ခိပါမိ' ဆိုတဲ့အတိုင်း လေးထည်မြောက်သင်္ကန်းဟာ မအပ်ဘူး၊ သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ္ဌအားဖြင့် သုံးထည်သောသင်္ကန်းသာအပ်တယ်၊ သို့သော်လည်း လေးထည်မြောက် အရံသင်္ကန်းကို ဆောင်လိုလျှင် အံသကိုဋ္ဌသင်္ကန်းငယ်သာ အပ်သတဲ့ကွယ်။

"ဓုတင်္ဂတေစီဝရိကဿ ပန စတုတ္ထံ ဝဋ္ဋမာနံ အံသကာသာဝမေဝ ဝဋ္ဋတိ"

ဓုတင်္ဂတေစီဝရိကဿ ပန–ဓုတင်တိစီဝရိက်ဆောင်သော ရဟန်းအားကား၊ စတုတ္ထံ–လေးထည်မြောက်၊ ဝဋ္ဋမာနံ–ဖြစ်သော၊ အံသကာသာဝမေဝ–

အံသကိုဋ်သည်သာလျှင်၊ ဝဋ္ဋတိ–အပ်၏ တဲ့ကွယ်၊ ဒါကြောင့် အံသကိုဋ်သက်န်းဟာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကလာတဲ့ သက်န်းလို့မှတ်ရလိမ့်မယ်၊ သို့သော်လည်း အချို့ကိုယ်တော်များ အတွင်းခံချုပ်လုပ်ဝတ်ဆင်ကြတဲ့ အထည်ကတော့ အံသကိုဋ် အမည်ခံထားသော်လည်း အံသကိုဋ်အစစ်မဟုတ်ဘူး။

အံသကိုဋ်အစစ်က 'တဉ္စ ခေါ ဝိတ္ထာရတော ဝိဒတ္ထိ ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိ'လို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပထမဘာဂ ၆၂–မှာ ဆိုထားတယ်၊ တဉ္စ ခေါ–ထိုအံသကိုဋ်သက်န်းသည်လည်း၊ ဝိတ္ထာရတော–အနံအားဖြင့်၊ ဝိဒတ္ထိ– တစ်ထွာ၊ ဒီဃတော–အလျားအားဖြင့်၊ တိဟတ္ထမေဝ–သုံးတောင်သာလျှင်၊ ဝဋ္ဋတိ–အပ်၏ လို့ ဆိုတဲ့အတိုင်း အနံတစ်ထွာ၊ အလျားသုံးတောင်ရှိတဲ့ သက်န်းပိုင်းကလေးဖြစ်တယ်ကွယ့်"

"သည်သက်န်းအပိုင်းကလေးကို ဘယ်နေရာမှာ အသုံးချရပါသလဲဘုရား"

"သုံးထည်သောသက်န်းကို ဆိုးရည်အပ်တဲ့အခါ, ရေစိုတဲ့အခါ, ရေသပ္ပာယ်တဲ့အခါ စသည်တို့မှာ အရန်သက်န်းအဖြစ် အသုံးချရသတဲ့ကွယ့်"

"ဒီလိုဆို အံသကိုဋ်ဆိုတာ သင်းပိုင်လို သက်န်းငယ်တစ်မျိုးပဲ၊ အခုဝတ်ကြတာက အံသကိုဋ်အစစ်မဟုတ်တော့ ဘာခေါ်ရမလဲဘုရား"

"ပါဠိလိုတော့ ကဉ္စုက၊ မြန်မာလိုတော့ အင်္ကျီလို့ ခေါ်ရမှာပဲကွယ်"

"အင်္ကျီခေါ်ရလျှင် ရဟန်းတော်များအတွက် အပ်ပါ့မလားဘုရား"

"ဝိနယ မဟာဝါပါဠိ ၄၂၂–မှာ–

> တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ကဉ္စုကံ ဓာရေန္တိ၊ မနုဿာ ဥဇ္ဈာယန္တိ ခိယျန္တိ ဝိပါစေန္တိ။ ပ။ န ကဉ္စု ကံ ဓာရေတဗ္ဗံ၊ ယောဓာရေယျ အာပတ္တိဒုက္ကဋဿာတိ–

လို့ ပညတ်ချက်ရှိတယ်၊ ပညတ်ချက်ရဲ့အဓိပ္ပာယ်က ဆဗ္ဗဂ္ဂီရဟန်းများဟာ ကဉ္စုကခေါ်တဲ့ အင်္ကျီကိုဝတ်ကြသတဲ့၊ လူတွေကမြင်တော့ ကဲ့ရဲ့ရှုတ်ချကြတယ်၊ ဒီအကြောင်း ရဟန်းတော်များကသိတော့ ဘုရားရှင်ထံလျှောက်ထားကြတယ်၊ သည်တော့ ဘုရားရှင်က အင်္ကျီ, ဒုယင်, သင်တိုင်းကို မဝတ်ရ၊ မဆောင်ရဘူး၊ ဝတ်သောရဟန်း၊ ဆောင်သောရဟန်း ဒုက္ကဋ်အာပတ်သင့်စေလို့ ပညတ်ချက်

ထုတ်တော်မူတယ်၊ ဒါကြောင့် ရဟန်းတော်များဟာ အင်္ကျီ, ဒုယင်, သင်တိုင်းကို မဝတ်ကောင်းဘူး၊ မဆောင်ကောင်းဘူးကွယ့်"

"အကယ်လို့ အင်္ကျီ, ဒုယင်, သင်တိုင်းမျိုးကို ဒကာကပေးလှူခဲ့လျှင် ဘယ်လိုလုပ်ရမှာလဲဘုရား"

"ကဥ္စုကံ လဘိတွာ ဖာလေတွာ ရဇိတွာ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ'လို့ မဟာဝဂ္ဂဋ္ဌကထာ ၄၁၆– မှာ ပြဆိုထားတဲ့အတိုင်း အင်္ကျီ, ဒုယင်, သင်တိုင်းကိုရခဲ့လျှင် ရှေးဦးစွာဖျက်လိုက်ရမယ်၊ နောက်ဆိုးရည်ထပ်ပြီး သုံးဆောင်နိုင်တယ်ကွယ့်"

"မှန်ပါ–အဲ့သကိုင့်ပြဿနာတော့ သဘောကျပါပြီ၊ သင်းပိုင်ပြဿနာကို ဆက်ပြီး လျှောက်ထားပါရစေ"

"လျှောက်ထားစမ်းပါဦး၊ ဘယ်လိုများတုန်း"

"ယခုခေတ် အချို့သောရဟန်းငယ်များဟာ သင်းပိုင်ကို လူသားများဝတ်တဲ့ ပုဆိုးလို လုံးကွင်းချုပ်ပြီး ဝတ်နေကြပါတယ်တဲ့၊ ဒီလိုဝတ်တာ အပ်မအပ်ကိုလည်း ဖြေရှင်းပေးပါဦးလို့ ကျောက်ပုံဆရာတော် ဦးစန္ဒိမာက လျှောက်ထားလိုက်ပါတယ်ဘုရား"

"သင်းပိုင်ကို လူယောကျ်ားများဝတ်တဲ့ ပုဆိုးလို ကွင်းချုပ်ပြီး မဝတ်အပ်ကောင်းဘူး၊ စူဠဝဂ္ဂပါဠိတော် ၂၇၈–မှာ–

> န ဘိက္ခဝေ ဂိဟီနိဝတ္ထံ နိဝါသေတဗ္ဗံ၊ ဟတ္ထိသောဏ္ဍကံ၊ မစ္ဆဝါဠကံ၊ စတုကဏ္ဏကံ၊ တာလဝဏ္ဋကံ၊ သတဝလိကံ၊ ယော နိဝါသေယျ အာပတ္တိ ဒုက္ကဋဿာတိ–

လို့ ဘုရားရှင်ရဲ့ပညတ်ရှိတယ်ကွယ့်၊ ရဟန်းတော်များဟာ လူသားများလို မဝတ်ကောင်းဘူး၊ လူသားလိုဝတ်လျှင် ဒုက္ကဋ်အာပတ်သင့်တယ်၊ ပါဠိတော်မှာ လူသားများဝတ်ပုံ ငါးမျိုးကို ပြထားသကွယ့်၊ ငါးမျိုးက (၁) ဟတ္ထိသောဏ္ဍက ဝတ်နည်း၊ (၂) မစ္ဆဝါဠကဝတ်နည်း၊ (၃) စတုကဏ္ဏကဝတ်နည်း၊ (၄) တာလဝဏ္ဋကဝတ်နည်း၊ (၅) သတဝလိကဝတ်နည်းများ ဖြစ်ကြတယ်။

(၁) ဟတ္ထိသောဏ္ဍ–ဝတ်ပုံဝတ်နည်းက စောင်တိုင်းသူအမျိုးသမီးများ ဝတ်ကြသလို ချက်ရင်းကစပြီး ဆင်နှာမောင်းသဏ္ဍာန် တွဲလျားချပြီး ဝတ်သတဲ့။

(၂) မစ္ဆဝါဠက–ဝတ်နည်းက တစ်ဘက်ကအမြိတ်အစွန်း, တစ်ဘက်က ကွင်းအစွန်း တွဲလျားချပြီး ငါးအမြီးလို နှစ်ဘက်အစွန်းထွက်တဲ့ ဝတ်နည်းဖြစ်သတဲ့။

(၃) စတုကဏ္ဏက–ဝတ်နည်းက အထက်အစွန်းနှစ်ခု အောက်က အစွန်း နှစ်ဘက်အားဖြင့် အစွန်းလေးဘက်ထွက် ဝတ်နည်းဖြစ်သတဲ့။

(၄) တာလဝဏ္ဋက–ဝတ်နည်းက ထန်းရွက်သဏ္ဍာန်ပုဆိုးကို တွဲလျားချပြီး ဝတ်သတဲ့ကွယ်။

(၅) သတဝလိက–ဝတ်နည်းက ရှည်တဲ့ပုဆိုးကို အကြိမ်များစွာ ခေါက်ချိုးပြီး ကွင်းချပ်ဝတ်တာတဲ့ကွယ်၊ သတဝလိက ဝတ်နည်းကို အဋ္ဌကထာက–

သတဝလိကံ နာမ ဒီဃသာဋကံ အနေကက္ခတ္တုံ ဩဘဉ္ဇိတွာ ဩဝဋ္ဋိကံ၊ ကရောန္တေန နိဝတ္ထံ–

စသည်ဖြင့် ဖွင့်ပြထားတယ်၊ သတဝလိကံ နာမ –သတဝလိက ဝတ်နည်း မည်သည်ကား၊ ဒီဃသာဋကံ–ရှည်သောပုဆိုးကို၊ အနေကက္ခတ္တုံ–အကြိမ်များစွာ၊ ဩဘဉ္ဇိတွာ–ချိုး၍၊ ဩဝဋ္ဋိကံ–ကွင်းကို၊ ကရောန္တေန–ပြုလျက်၊ နိဝတ္ထံ–ဝတ်ခြင်းတည်းတဲ့၊ ဒါကြောင့် သင်းပိုင်ကို ကွင်းချပ်ဝတ်ခြင်းဟာ မအပ်ဘူးလို့ မှတ်သင့်တာပေါ့ကွယ်”

“မှန်ပါ–ဝမ်းမြောက်လှပါတယ် ဘုရား”

“သာဓု–သာဓု–သာဓု”

❂❂❂❂❂

# အငှားသက်န်းနှင့် ရဟန်းဖြစ်မဖြစ် သိမ်စပ်မှုပြဿနာ

"၁၃၄၄–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁–ရက်၊ ဗုဒ္ဓဟူးနေ့စွဲဖြင့် ဆရာတော်ထံကပ်ဖို့ စာတိုက်က စာတစ်စောင် ရောက်ခဲ့တယ်ဘုရား"

"ဘယ်သူ့ဆီက စာလဲကွယ့်"

"ရှင်လာသနဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ထံက စာပါဘုရား"

"ဘယ်က ရှင်လာသနတဲ့လဲကွယ့်"

"ညောင်တုန်းမြို့၊ မေဓာဝီသာလင်္ကာရတိုက်၊ လေးထပ်ကျောင်းကပါတဲ့ဘုရား"

"သူ့စာထဲမှာ ဘာတွေများရေးထားတုန်းကွယ့်"

## အငှားသင်္ကန်းနှင့် ရဟန်းဖြစ်မဖြစ်

"သူ့စာထဲမှာ ဆရာတော်ကိုလျှောက်ထားဖို့ မေးခွန်းနှစ်ခု ပါပါတယ်ဘုရား၊ ရှေးဦးစွာလျှောက်ထားရမည့်မေးခွန်းက ဒုလ္လဘရဟန်းခံပွဲကြီးတစ်ပွဲမှာ ဒုလ္လဘရဟန်းလောင်းပေါင်း လေးဆယ်ကျော် ပါဝင်ပါသတဲ့၊ အဲဒီရဟန်းလောင်း လေးဆယ်ကျော်အတွက် သံဃာငှိုခါတဲ့ ဒုကုဋ်သင်္ကန်းကြီးဟာ သုံးထည်မျှသာပါပါသတဲ့ဘုရား၊ ရဟန်းလောင်း ၃–ပါးစီ, ၃–ပါးစီ ဒွန်တွဲတဲ့အခါ အလှည့်ကျတဲ့ ရဟန်းလောင်းရဲ့ပုခုံးမှာ သင်္ကန်းကြီးကိုတင်၊ ကမ္မဝါစာဖတ်ပြီးလျှင် အဲဒီသင်္ကန်းကြီးကိုပြန်ယူ၊ နောက်အလှည့် ရဟန်းလောင်းတို့ရဲ့ပခုံးမှာတင်ပေးပြီး ကမ္မဝါစာဖတ်ကြပါသတဲ့၊ အဲဒီသင်္ကန်းကြီးဟာ ရဟန်း

လောင်းများရဲ့ ကိုယ်ပိုင်မဟုတ်ကြတဲ့အတွက်ကြောင့် ထိုရဟန်းလောင်းများ ရဟန်းအဖြစ် ရောက် မရောက် သိလိုပါတယ်တဲ့ အရှင်ဘုရား"

"ရဟန်းဆိုတဲ့စကားအတွင်းမှာ ဖေဟိဘိက္ခုရဟန်းကစပြီး ရဟန်း ၈–ပါးလုံး ပါဝင်နေတယ်၊ သို့သော်လည်း သည်နေရာမှာ အလိုရှိတဲ့ ရဟန်းဆိုတာက ဉတ်လျှင် လေးချက်မြောက်သော ဥပသမ္ပဒ ကမ္မဝါစာဖြင့် ရဟန်းအဖြစ်ကို ရောက်တဲ့ 'ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါ'ကို အလိုရှိတယ်၊ အဲဒီ 'ဉတ္တိစတုတ္ထ ကမ္မူပသမ္ပ[illegible]ခေါ်ရတဲ့ ယခု ရဟန်းတော်များဟာ ဘယ်လိုရဟန်းအဖြစ် ဆိုက် ရောက်တော်မူလာကြသလဲဆိုတော့–

"ဣမာသု အဋ္ဌသု ဥပသမ္ပဒါသု ဉတ္တိစတုတ္ထေန ဥပသမ္ပဒကမ္မေန အကုပ္ပေန ဌာနာရဟေန ဥပသမ္ပန္နော၊ တဿ ပန ကမ္မဿ ဝတ္ထု–ဉတ္တိ–အနုဿာဝန–သီမာ–ပရိသာသမ္ပတ္တိဝသေန အကုပ္ပတာ ဝေဒိတဗ္ဗာ"

လို့ ကင်္ခါဝိတရဏီအဋ္ဌကထာ ပထမပါရာဇိကအဖွင့်မှာ ပြဆိုတော်မူတဲ့အတိုင်း–

၁။ ဝတ္ထုဆိုတဲ့ ရဟန်းလောင်းရယ်၊

၂။ ဉတ်ဆိုတဲ့ သတိပေးချက်ရယ်၊

၃။ အနုဿာဝနာဆိုတဲ့ ကမ္မဝါစာရယ်

၄။ သီမာဆိုတဲ့ သိမ်ရယ်၊

၅။ ပရိသာဆိုတဲ့ ဥပဇ္ဈာယ်နှင့် ကာရကသံဃာပရိသတ်ရယ်

သည်အင်္ဂါငါးချက် ပြည့်စုံခဲ့ကြတဲ့အတွက် ရဟန်းတော်အဖြစ်ကို ဆိုက်ရောက် တော်မူလာကြခြင်းဖြစ်တယ်၊ ဒါကြောင့် ရဟန်း ဖြစ်မဖြစ်ဆိုတာကို သည်အင်္ဂါ ၅–ချက်နှင့် တွက်ကြည့်ရတယ်၊ သည်အင်္ဂါ ၅–ချက်က တစ်ချက်ချက်ပျက်ကွက် ခဲ့လျှင် ရဟန်းမဖြစ်ဘူး၊ ၅–ချက်ပြည့်စုံလျှင် ရဟန်းဖြစ်တယ်လို့ ဆုံးဖြတ် ရမယ်၊ သည်အင်္ဂါ ၅–ချက်အတွင်းမှာ သပိတ်,သင်္ကန်း, ပရိက္ခရာ မပါဝင်ဘူး၊ ဒါကြောင့် သင်္ကန်း,သပိတ် မပြည့်စုံတဲ့ရဟန်းလောင်းကို ရဟန်းခံပေးလျှင် အင်္ဂါ ၅–ပါးပြည့်စုံတဲ့အတွက် ရဟန်းဖြစ်တယ်၊ သည်အကြောင်းကို ဝဇိရဗုဒ္ဓိဋီကာ ၄၁၁–မှာ–

'ဥပဇ္ဈာယော စေ ကောသမသုံ ဩရောပနာဒီနိ အကတွာ ပဗ္ဗဇ္ဇတ္ထံ သရဏာနိ ဒေတိ၊ န ရုဟတိ ပဗ္ဗဇ္ဇာ၊ ကမ္မဝါစံ သာဝေတွာ ဥပသမ္ပာဒေတိ၊ ရုဟတိ ဥပသမ္ပဒါ။အပတ္တစီဝရာနံ ဥပသမ္ပဒါသိဒ္ဓိဒဿနတော, ကမ္မဝိပတ္တိယာ အဘာဝတော စေတံ ယုဇ္ဇတေဝါတိ ကေ– လို့ဖွင့်ပြထားတယ်ကွယ့်"

"သည်ပါဠိရဲ့ အဓိပ္ပာယ်ကို အမိန့်ရှိပါဦးဘုရား"

"ရှင်ပြုရန်အတွက် ရှင်လောင်းကို ဆံပင်မုတ်ဆိတ်ချခြင်း စသည်တို့ကို မပြုဘဲ လူသားအသွင်သက်သက် ဥပဇ္ဈာယ်ဆရာက သရဏဂုံပီပီသသ ပေးသော်လည်း ရှင်လောင်းဟာ ရှင်သာမဏေအဖြစ်ကို မရောက်ဘူးတဲ့၊ ကမ္မဝါစာ ရွတ်ဖတ်ပြီး သိမ်တွင်းမှာ ရဟန်းခံပေးခဲ့လျှင် ရဟန်းအဖြစ်ကိုတော့ ရောက်ပါသတဲ့၊ ဘာကြောင့်လဲဆိုတော့ သပိတ်သင်္ကန်းမရှိသောသူတို့အား ရဟန်းခံမှု ပြီးခြင်းကိုပြတဲ့အတွက်ကြောင့်ပါပဲတဲ့၊ ဒါက ပါဠိရဲ့ဆိုလိုရင်း အဓိပ္ပာယ် ဖြစ်သကွယ့်"

"ဒီလိုဆို ဝိနည်းမဟာဝဂ္ဂပါဠိ ၁၂၅–မှာ ဟောတော်မူတဲ့ န ဘိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာဒေတဗ္ဗော–ရဟန်းတို့ သပိတ် သင်္ကန်းမရှိတဲ့ ရဟန်းလောင်းကို ရဟန်းခံမပေးအပ်ဆိုတာ ဘယ်လို အဓိပ္ပာယ်ကောက်မလဲ ဘုရား"

"ဟုတ်တယ်လေ၊ သပိတ်, သင်္ကန်း မရှိတဲ့ ရဟန်းလောင်းကို ရဟန်း ခံမပေးအပ်ဘူး၊ ရဟန်းခံပေးလျှင် ရဟန်းခံပေးတဲ့ ဥပဇ္ဈာယ်ဆရာ ဒုက္ကဋ် အာပတ်သင့်တယ်၊ သို့သော်လည်း ရဟန်းလောင်းကတော့ ကံမပျက်တဲ့အတွက် ရဟန်းအဖြစ်ကို ရောက်တယ်"

"သည်လိုဆိုလျှင် ယခုအမေးမှာပါဝင်တဲ့ ဥပဇ္ဈာယ်ဆရာဟာ ကိုယ်ပိုင် မဟုတ်သော ဒုကုဋ်ဖြင့် ရဟန်းခံပေးတဲ့အတွက် ဒုက္ကဋ်အာပတ်သင့်တယ်လို့ ဆိုရတော့မှာပေါ့ ဘုရား"

"ဟုတ်တယ်၊ မဟာဝဂ် ဥပသမ္ပဒဝိဓိနှင့် မညီတဲ့အတွက် ဆရာဖြစ်သူ ဒုက္ကဋ်အာပတ်သင့်တယ်လို့ပဲ ဆိုရလိမ့်မယ်ကွယ့်"

"မှန်ပါ–သည်လောက်ဆိုလျှင် ပထမအမေးဟာ ပြေလောက်ပါပြီ၊ ဒုတိယ အမေးကို ဆက်ပြီး မေးခွင့်ပြုပါဦး ဘုရား"

"မေးပါလေ၊ မေးတာပေါ့"

## သိမ်စပ်မှုပြဿနာ

"ဒုတိယအမေးက ကံဆောင်သော ခဏ္ဍသိမ်နှင့် ဂါမသိမ်တို့ ခေတ်ကြိုး သွယ်တန်းရာ ထိုခေတ်ကြိုးကိုမဖြုတ်ဘဲ ကံဆောင်ရှက်သော် သိမ်ဆက်စပ်မှု သိမသမ္ဘေဒ ဖြစ်မဖြစ်နှင့်၊ အကယ်၍ သိမ်စပ်မှုဖြစ်သော် ခေတ်ကြိုးကို မဖြုတ်ဘဲ ခေတ်ကြိုးကိုဖြတ်သော မိန်းခလုတ်ကိုချ၍ ကံပြုသော် ဖြစ်မဖြစ် မေးလျှောက်ထားပါတယ် ဘုရား"

"သည်အမေးက ဝိနည်းနှင့်ပတ်သက်တဲ့ အမေးသက်သက်မို့ ဝိနည်း မလေ့လာဖူးသူများက ဘာကိုမေးမှန်းမသိဘဲ ဖြစ်နေလိမ့်မယ်၊ ဒါကြောင့် စာကြည့်ပရိသတ်များပါ နားလည်သွားအောင် နည်းနည်းချဲ့ပြီး ပြောချင်သေး တယ်"

"အမိန့်ရှိပါဘုရား"

"ဘုရားရှင်က သူ့သာသနာတော်အတွင်း ဝင်ရောက် အမှုထမ်းနေကြ တဲ့ ရဟန်းသံဃာတော်များကို သာမန်လူသား ဗုဒ္ဓဘာသာဝင်များထက် စိတ်ဓာတ် အဆင့်အတန်း မြင့်တော်မူစေလိုတယ်၊ မိမိတို့သန္တာန်မှာ ကိန်းအောင်းနေတဲ့ အနုသယကိလေသာကိုအကြွင်းမဲ့ပယ်သတ်စေချင်တယ်၊ အကြွင်းမဲ့မပယ်သတ် နိုင်သည့်တိုင်အောင် မထကြွလာအောင် ထိန်းချုပ်ထားစေလိုတယ်၊ ရဟန်းတော် အချင်းချင်းကိုလည်း တစ်ပါးနှင့်တစ်ပါး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရင်းနှီးချစ်ခင်စေ ချင်တယ်၊ ကြီးသူကဖြစ်စေ၊ ငယ်သူကဖြစ်စေ အပြစ်မြင်လျှင် ရှောင်ကြဉ် အောင် ပြောပြစေချင်တယ်၊ အပြောခံရသူကလည်း ဝမ်းမြောက်ဝမ်းသာ လိုက်နာစေချင်တယ်၊ အမှုကိစ္စကြုံခဲ့လျှင် တိုင်တိုင်ပင်ပင် ညီညီညွတ်ညွတ် ပြုလုပ်စေချင်တယ်၊ တစ်ကွဲတစ်ပြားစီ မပြုလုပ်စေချင်ဘူး၊ ဘုရားရှင်လက်ထက် တော်က ဆဗ္ဗဂ္ဂီရဟန်းများဟာ မိမိအဖွဲ့မျှဖြင့် ဥပုသ်ပြုကြတော့ ဘုရားရှင်က 'ရဟန်းတို့၊ မိမိအဖွဲ့မျှဖြင့် ဥပုသ်မပြုရဘူး၊ ပြုသောရဟန်း ဒုက္ကဋ်အာပတ်သင့်စေ၊

ရဟန်းတို့ ညီညွတ်သောရဟန်းများအတွက် ဥပုသ်ကံကိုခွင့်ပြုတော်မူတယ်’ လို့ မိန့်တော်မူတယ်၊ ဒါကြောင့် ရဟန်းတော်များ သံဃာ့အမှုကိုဆောင်ရွက်ခဲ့လျှင် သံဃာညီညွတ်မှ ဆောင်ရွက်ကြရတယ်၊ မညီညွတ်လျှင် မဆောင်ရွက်ကြရဘူး၊ သည်နေရာမှာ ညီညွတ်ခြင်းဆိုတာ အတူနေရဟန်းများရဲ့ ညီညွတ်ခြင်းကို ဆိုလိုသတဲ့၊ အတူနေရဟန်းဆိုတာလည်း တစ်သိမ်တည်းအတူနေရဟန်းကို ဆိုလိုခြင်းဖြစ်တယ်၊ ဒါကြောင့် တစ်သိမ်တည်းအတူနေရဟန်းများ မညီညွတ်လျှင် ကံပြုလို့မအောင်မြင်ဘူး၊ ညီညွတ်တယ်ဆိုတာလည်း ပါးစပ်က ညီညွတ်ပါတယ်၊ စိတ်တွင်းက ညီညွတ်ပါတယ်ဆိုရုံနဲ့ မရဘူး၊ ကိုယ်ဖြင့်ညီညွတ်ပါမှ ညီညွတ်ခြင်းလို့ ခေါ်တယ်၊ ကိုယ်ဖြင့်ညီညွတ်ခြင်းဆိုတာက တစ်သိမ်တည်းမှာ ရဟန်းတော်များ အချင်းချင်း နှစ်ထောင့်ထွာဟတ္ထပါသ်အတွင်း ချဉ်းကပ်နေထိုင်သော ကာယသာမဂ္ဂီကိုသာ ညီညွတ်ခြင်းလို့ဆိုတယ်၊ ဒါကြောင့် သံဃာတော်များ ဥပုသ်စသော သံဃာ့ကံကိုပြုလုပ်မည်ဆိုလျှင် တစ်သိမ်တွင်းရှိ ရဟန်းတော်အားလုံး တစ်နေရာတည်းမှာ စုရုံးချဉ်းကပ်ကြရတယ်၊ မချဉ်းကပ်နိုင်လျှင် သံဃာ့ကံကို သဘောတူပါကြောင်း ဆန္ဒပေးကြရတယ်၊ အကယ်၍ တစ်သိမ်တည်းမှာ သံဃာကွဲပြားနေပါလျှင် ပြုလုပ်သော သံဃာ့ကံဟာ ပျက်စီးတယ်။

“သည်နေရာမှာ သိမ်ဆိုတာ မြန်မာလိုတော့ အပိုင်းအခြားကို ဟောတယ်၊ အဲသည်သိမ်ဟာလည်း ဥတ်ကမ္မဝါစာဖြင့် ဖွဲ့ထားသော ဗဒ္ဓသိမ်, ပကတိ တည်သော အဗဒ္ဓသိမ်ရယ်လို့နှစ်မျိုးပြသတယ်၊ ဗဒ္ဓသိမ်ဟာလည်း ကျယ်ဝန်းသော မဟာသိမ်နှင့် မဟာသိမ်ကိုဖြတ်ထားသော ခဏ္ဍသိမ်ရယ်လို့ နှစ်မျိုးရှိတယ်၊ အဗဒ္ဓသိမ်ဟာလည်း ရွာအပိုင်းအခြားဖြစ်တဲ့ ‘ဂါမသိမ်’၊ ရေတစ်ကျ သဲတစ်ကျဖြင့်ပိုင်းခြားအပ်သော ‘ဥဒကုက္ခေပသိမ်’၊ တောဖြစ်သော ‘အရညသိမ်’၊ အဗ္ဘန္တရ ခုနစ်ခုတို့ဖြင့်ပိုင်းခြားအပ်သော သတ္တဗ္ဘန္တရသိမ်ရယ်လို့ လေးမျိုးရှိတယ်၊ သည်ဗဒ္ဓ, အဗဒ္ဓသိမ်များအတွင်းမှာ ရဟန်းကိစ္စမှန်သမျှကို ဆောင်ရွက်နိုင်တယ်၊ သို့သော်လည်း သံဃာ့ကံဆောင်ရွက်နေစဉ် သံဃာမကွဲရဘူး၊ သံဃာကွဲလျှင် ကံပျက်တယ်၊ သည်နေရာမှာ သံဃာကွဲတယ်ဆိုတာ စုရုံးနေတဲ့ သံဃာအချင်းချင်း နှစ်တောင့်ထွာ ဟတ္ထပါသ်ရဲ့ ပြင်ပရောက်နေတာကို ဆိုလိုတယ်။

"သံဃာ့ကံရဲ့ သည်အခြေခံသဘောကိုသိထားပြီးသည့်နောက် သိမ်ရဲ့ သဘာဝကို သိထားရသေးတယ်၊ သိမ်ရဲ့သဘာဝက ဥတ်ကမ္မဝါစာဖြင့် ဖွဲ့ထားသော ဗဒ္ဓသိမ်ဟာ ဥတ်ကမ္မဝါစာဖြင့် မဖွဲ့သော ဂါမသိမ်က ခွဲထွက်ထားတယ်၊ ဒါကြောင့် ဂါမသိမ်က နိဿယ(အမှီခံ)ဖြစ်ပြီး ဗဒ္ဓသိမ်က နိဿိတ (မှီတတ်သော) သိမ်ဖြစ်တယ်၊ နိဿယနှင့်နိဿိတသိမ်အချင်းချင်း သစ်ပင်ချုံနွယ်စသည်တို့ဖြင့် ထိတွေ့လို့ သိမ်ချင်းစပ်သော်လည်း သိမာသမ္ဘေဒအပြစ်မဖြစ်ဘူး၊ ထို့အတူ ဂါမသိမ်အချင်းချင်းစပ်သော်လည်း အပြစ်မဖြစ်ဘူး၊ ဗဒ္ဓသိမ်ဟာ ဂါမသိမ်နဲ့ထိစပ်လို့ အပြစ်မဖြစ်သော်လည်း ဗဒ္ဓသိမ်အချင်းချင်းတော့ မထိစပ်ကောင်းဘူး၊ အကယ်၍ ထိစပ်နေလျှင် သိမ်နှစ်လုံးဟာ တစ်လုံးတည်း အဖြစ်ကို ရောစပ်သွားသတဲ့"

"ဆရာတော်အချို့ကတော့ ဗဒ္ဓသိမ်နှစ်လုံး သစ်ပင်ကြိမ်နွယ်စသည်တို့ဖြင့် ထိခိုက်နေသော် ထိုထိခိုက်သော သစ်ပင်ကြိမ်နွယ်မျှသာ သီမသမ္ဘေဒ(သိမ်စပ်ခြင်း)ဖြစ်တယ်၊ ကျန်တဲ့သိမ်နဲ့တော့ သီမသမ္ဘေဒ မဖြစ်ဘူးလို့ဆိုကြသကွယ့်၊ ဘယ်လိုပင်ဖြစ်စေ သည်ဘက် ဗဒ္ဓသိမ်မှာကံဆောင်လျှင် ဟိုဘက် ဗဒ္ဓသိမ်နှင့် သီမသမ္ဘေဒမဖြစ်အောင် အကြားမှာထိစပ်တဲ့ သစ်ပင်, ကြိမ်, နွယ် စသည်တို့ကို ရှင်းလင်းရမယ်၊ မရှင်းလင်းသည့်အတွက် သိမ်စပ်နေလျှင် သိမ်နှစ်လုံးဟာ တစ်လုံးတည်းအဖြစ်ရောက်သွားလို့ သိမ်တစ်လုံးမှာ ကံဆောင်လျှင် ကျန်တစ်လုံးမှာ ရဟန်းမရှိစေရဘူး၊ အကယ်၍ရှိခဲ့လျှင် ဝဂ္ဂကံဖြစ်ပြီးပြုလုပ်တဲ့ သံဃာ့ကံဟာပျက်စီးတယ်၊ သည်သဘောကိုသိထားလျှင် ယခုမေးတဲ့ဓာတ်ကြိုးပြဿနာကို နားလည်ပါလိမ့်မယ်"

"မှန်ပါ၊ နားလည်ပါပြီဘုရား"

"ဦးလာသနရဲ့အမေးက ခဏ္ဍာသိမ်နှင့် ဂါမသိမ်တို့ ဓာတ်ကြိုးသွယ်တန်းထားရာ ထိုဓာတ်ကြိုးကို မဖြုတ်ဘဲကံဆောင်သော် သိမ်စပ်မှု(သီမာသမ္ဘေဒ) ဖြစ်မဖြစ် မေးထားတယ်၊ ခဏ္ဍာသိမ်(ဗဒ္ဓသိမ်)နှင့် ဂါမသိမ်တို့ဟာ နိဿယနိဿိတဖြစ်တဲ့အတွက် သစ်ပင်,ကြိမ်,နွယ်များ ထိစပ်သော်လည်း သိမ်စပ်မှု(သီမာသမ္ဘေဒ)မဖြစ်ဘူး၊ အကယ်၍ ဗဒ္ဓသိမ်အချင်းချင်း ဓာတ်ကြိုးသွယ်တန်းခဲ့လျှင် ဓာတ်ကြိုးအပေါ် စိစစ်ပြီး အဖြေပေးရမှာပဲကွယ့်"

"ဓာတ်ကြီးအပေါ် ဘယ်လို စိစစ်မှာပါလဲဘုရား"

"ဓာတ်ကြီးဟာ ပကတိသော ကြေး,သံ,သွပ် စသော ဓာတ်ကြီးနှင့် ထိုကြေး, သံ, သွပ်အပေါ် အဝတ်ဖုံးအုပ်ထားသော ဓာတ်ကြီးရယ်လို့ နှစ်မျိုး ရှိတယ်၊ ထိုနှစ်မျိုးအနက် ပကတိသော ကြေး,သံ,သွပ် စသည်တို့ဖြင့် ပြုလုပ်ထားတဲ့ ဓာတ်ကြီးမျိုးကိုတော့ မြေမျိုးဖြစ်လို့ ဗဒ္ဓသိမ်နှစ်လုံး ထိုဓာတ်ကြီးမျိုးတို့ဖြင့် သွယ်တန်းထားသော်လည်း သိမ်စပ်ခြင်း(သီမာသမ္ဘေဒ) မဖြစ်ဘူးလို့ အချို့သော ဆရာတော်များက ယူဆကြတယ်၊ အချို့သော ဆရာတော်များကတော့ သစ်ပင်ချုံနွယ်များဟာလည်း မြေမျိုးပင်ဖြစ်တဲ့အတွက် သစ်ပင်, ချုံနွယ်တို့ဖြင့် ထိစပ်ရာ၌ သီမာသမ္ဘေဒဖြစ်သလို၊ ပကတိသော ဓာတ်ကြီးများနှင့် ထိစပ်လျှင်လည်း သီမာသမ္ဘေဒပင်ဖြစ်တယ်လို့ ယူဆကြတယ်၊ သည်အယူအဆနှစ်မျိုးမှာ (လဟုက ဂရုကေသု ဂရုကေ ဌာသဗ္ဗံ) အလေးအပေါ့နှစ်ပါးတို့တွင် အလေးကိုသာ အတည်ပြု ရမယ်လို့ ဝိနည်းဆောင်ပုဒ်ဆိုတဲ့အတိုင်း ပကတိသောဓာတ်ကြီးဖြင့် ဗဒ္ဓသိမ်နှစ်လုံးထိစပ်လျှင်လည်း သိမ်စပ်ခြင်း (သီမာသမ္ဘေဒ)ဖြစ်တယ်လို့ ယူဆသင့်တယ်၊ ပကတိသော ဓာတ်ကြီးထိစပ်လျှင် သိမ်ဆက်စပ်မှုဖြစ်တဲ့အတွက် ဓာတ်ကြီးကိုမဖြုတ်ဘဲ မိန်းခလုတ်ပိတ်ရုံမျှဖြင့် သိမ်စပ်မှုပျောက်မှာ မဟုတ်ဘူး၊ ဓာတ်ကြီးနှစ်ခုကို ဖြတ်သော်လည်း ခလုတ်အိမ်က ဆက်စပ်နေသေးတာကိုး ကွယ့်၊ ဒါကြောင့် ဓာတ်ကြီးကိုဖြုတ်ပြီးမှသာ ကံပြုသင့်တယ်လို့ အဖြေပေး လိုက်ပါတယ်"

"မှန်ပါ–အလွန်ဝမ်းမြောက်လှပါတယ် ဘုရား၊ သာဓု–သာဓု–သာဓု"

✪✪✪✪ ✪



# အသျှင် အရှင်, ဦးပဥ္စင်း, ကိုရင် ဝေါဟာရ

"တပည့်တော် အလယ်တောရဆိုတဲ့ရွာကိုရောက်တော့ အလယ်တော ဦးပဥ္စင်း ဦးသီရိန္ဒနှင့်စပ်မိလို့ ရဟန်းတော်များရဲ့ အမည်ရှေ့မှာ အသျှင်တပ်တာ, အရှင်တပ်တာ, ဦးတပ်တာ, ဦးပဥ္စင်းခေါ်တာနှင့် ကိုရင်ခေါ်တာများနှင့်ပတ်သက်ပြီး ပြဿနာဖြစ်ခဲ့တယ်ဘုရား၊ သည်ပြဿနာကို ဦးသီရိန္ဒလည်း မဖြေနိုင်ဘူး၊ တပည့်တော်လည်း မသိဘူး၊ အရေးမကြီးသော်လည်း သည်အဖြေကလေးကိုလည်း တပည့်တော်များ သိချင်ပါတယ်ဘုရား"

"ရဟန်းတော်များရဲ့အမည်ရှေ့မှာ (အသျှင်)တပ်တာနှင့်ပတ်သက်ပြီး 'ဝေါဟာရဝိပ္ပလ္လာသ လက္ခဏာဒီပကကျမ်း' ၁၈၇–မှာ သာမိပုဒ်က သျှင်–ဖြစ်လာကြောင်း ဖော်ပြထားတယ်၊ သာမိဆိုတာက 'သံ ဓနံ အဿတ္ထီတိ သာမိ' ဆိုတဲ့ တဒ္ဓိတ်ဝိဂြိုဟ်အတိုင်း ဥစ္စာရှိသူ (သို့မဟုတ်) ဥစ္စာရှင် (သို့မဟုတ်) အစိုးရသော အရှင်သခင်ဆိုတဲ့အနက်ကိုဟောတယ်၊ အမှန်ကတော့ အရှင်သခင်ဟောတဲ့ပုဒ်ဟာ သာမိတစ်ပုဒ်တည်းသာမကဘူး၊ မဂခအဘိဓာန် ဂါထာနံပါတ် ၇၂၅–မှာ (၁) ဣဿရ၊ (၂) နာယက၊ (၃) သာမိ၊ (၄) ပတိ၊ (၅) ဣသာ၊ (၆) အဓိပတိ၊ (၇) ပဘူ၊ (၈) အယျ၊ (၉) အဓိပ၊ (၁၀) အဓိဘူ၊ (၁၁) နေတု–ရယ်လို့ ပုဒ်ပေါင်း ၁၁–ပုဒ်ရှိတယ်၊ သည် ၁၁–ပုဒ်ထဲက 'သျှင်' အသံနှင့် နီးကပ်တာဟာ သာမိနှင့်အယျ နှစ်ပုဒ်ဖြစ်တယ်ကွယ့်၊ ဒါကြောင့် သျှင်ဟာ သာမိက ဆင်းသက်တယ်၊ အယျကဆင်းသက်တယ်၊ ဒါမှမဟုတ် မြန်မာစကားစစ်စစ် ဖြစ်တယ်ဆိုတာ အတိအကျ မပြောနိုင်သော်လည်း အတော်ရှည်

ကြာဝေးတဲ့ ကာလကအစပြုပြီး သျှင်ဆိုတဲ့ပုဒ်ဟာ အကြီးအကဲအထွတ်အမြတ် ရသေ့ရဟန်းများကို ဟောတဲ့ ပုဒ်ဖြစ်ကြောင်းကိုတော့ သိသာသကွယ့်"

"ဘယ်လိုအထောက်အထားရှိလို့ပါလဲဘုရား"

"အထောက်အထားကတော့ အခြားမဟုတ်ပါဘူး၊ သင်္ကန်း, သင်ခမ်း, သင်ပုတ်ဆိုတာပဲကွယ့်"

"သင်္ကန်းဆိုတာ ရဟန်းများဝတ်တဲ့ သင်္ကန်းလားဘုရား"

"ဟုတ်ပါတယ်၊ ရဟန်းများဝတ်တဲ့ သင်္ကန်းပါပဲ၊ အဲသည်သင်္ကန်းဆိုတဲ့ ပုဒ်ကို စဉ်းစားကြည့်စမ်း၊ သင်က ဘာကိုဟောသလဲ၊ ကန်းက ဘာကိုဟောသလဲ သိသလား"

"မသိပါ ဘုရား"

"မှတ်ထားကွယ့်၊ သည်နေရာမှာ သင်ဆိုတာ ရဟန်းကိုဟောပြီး ကန်း ဆိုတာက အဝတ်အထည်ကို ဟောတယ်"

"ကန်းက အဝတ်အထည် ဟောတယ်ဆိုတာ ဟုတ်ပါ့မလားဘုရား"

"ကန်းက အဝတ်အထည်ကို ဟောမဟော ရက်ကန်းကို စဉ်းစားကြည့် ပေါ့ကွယ်၊ ရက်ဆိုတာ ရက်လုပ်တယ်၊ (သို့မဟုတ်) ချည်များကို ဟိုမှသည်မှ (ရက်)တယ်၊ (ရှပ်ရက်)ကန်းဆိုတာက အဝတ်အထည် သို့မဟုတ် (ချည်)လို့ သဘောမရဘူးလား"

"မှန်ပါ–ရပါတယ်ဘုရား"

"အေး–ဒါကြောင့် ကန်းက အဝတ်အထည်ကိုဟောတယ်လို့ ပြောတာ ပေါ့ကွယ်"

"ဟို–သင်ခမ်းဆိုတာကတော့ ဘုရား ဘာများလဲ"

"သင်ခမ်းဆိုတာ ရသေ့ ရဟန်းများနေတဲ့ ကျောင်းငယ်ကိုဆိုလိုတယ်"

"သင်ပုတ် ဆိုတာကကောဘုရား"

"သင်ဆိုတာ အထွတ်အမြတ်ဖြစ်တဲ့ ဘုရား, တရား, သံဃာကိုဟော ပြီး ပုတ်ဆိုတာ (ပူဇာ=ပုဇ်)ပူဇော်ခြင်းကိုဟောတယ်၊ သင်ပုတ်ဆိုတော့ အထွတ်အမြတ်ကို ပူဇော်ခြင်းလို့ အဓိပ္ပာယ်ရတယ်၊ သင်ပုတ်ခွက် သင်ပုတ် ပလ္လင်ဆိုတာ သိတယ် မဟုတ်လား"

"သိကြောင်းပါ ဘုရား"

"အဲသည် သင်ပုတ်ခွက် သင်ပုတ်ပလ္လင်ဆိုတာ အထွတ်အမြတ်ကို ပူဇော် ပြီးတဲ့ စားဖွယ်သောက်ဖွယ်များ စွန့်ပစ်တဲ့နေရာပဲ မဟုတ်လားကွယ့်"

"ဟုတ်ပါတယ်ဘုရား"

"အေး-ဒါကြောင့် (သင်)ဆိုတဲ့ပုဒ်ဟာ အတော်ရှည်ကြာဝေးတဲ့ ခေတ် ဆီကစပြီး ရဟန်း, မင်း စတဲ့ အထွတ်အမြတ် ဟောပုဒ်တစ်ခုဖြစ်ခဲ့တယ် ကွယ့်"

"အဲသည်ကြာရှည်ဝေးတဲ့ ခေတ်ဆိုတာကို မှန်းဆသိဖို့ အထောက်အထား များ ရှိပါသလားဘုရား"

"ရှိတာပေါ့ကွယ့်၊ သက္ကရာဇ် ၄၇၄-ခုနှစ်မှာ ကျန်စစ်သားမင်းရဲ့ သားတော် ရာဇကုမာရမင်းသားရေးထိုးခဲ့တဲ့ နာမည်ကျော် မြစေတီကျောက်စာ စာကြောင်းရေ ၂၂-၂၃-၂၄-၂၅ တို့မှာ 'သင်ဂြီမဟာထေရ်၊ သင်ဂြီမုဂ္ဂလိ ပုတ္တတိဿတ္ထေရ်၊ သင်ဂြီသဃ်သေနဝရပဏ္ဍိတ်' လို့ ရေးထိုးထားတယ်၊ နို့ပြီး သက္ကရာဇ် ၄၈၂-ခုနှစ်ထိုး သင်ကြီး ငါတ္တေ ဂံသင်ကျောက်စာ ဒုတိယစာကြောင်း မှာလည်း သင်ဂြိ ငါတ္တေဂံလို့ ရေးထိုးထားတယ်ကွယ့်"

"မှန်ပါ-ကျောက်စာပါ 'သင်'ဆိုတာကတော့ ဟုတ်ပါပြီဘုရား၊ 'ဂြိ' ဆိုတာက ဘာကို ဆိုလိုပါသလဲဘုရား"

"ဂြီရဲ့ ယနေ့ရေးထုံးကတော့ (ကြီး)ပေါ့ကွယ်၊ အကြီးအကဲလို့ ဆိုလို တာပါပဲ၊ ရဟန်းကြီးမို့ (သင်ဂြိ) လို့ ရေးတာပါပဲ"

"ရဟန်းငယ်ကိုတော့ ကျောက်စာမှာ ဘယ်လိုရေးထိုးသလဲဘုရား"

"ရဟန်းငယ်ကိုတော့ (သင်လျှင်)လို့ ရေးထိုးတတ်တယ်ကွယ့်"

"ဒါထက် မဆိုင်တာလျှောက်တယ်လို့တော့ ထင်တော်မမူပါနှင့်၊ သင်တုန်း ဓားဆိုတဲ့ စကားမှာပါဝင်တဲ့ (သင်)ဆိုတဲ့ပုဒ်ကကော ရသေ့ရဟန်း ဟောပါပဲလား ဘုရား"

"သင်တုန်းဓားမှာပါဝင်တဲ့ သင်ကိုတော့ ရသေ့ရဟန်းဟောတဲ့ပုဒ်လို့ မထင်ဘူး၊ သုတ်သင်ဆိုတဲ့ပုဒ်မှာ ပါရှိတဲ့ သင်-လို့ ထင်သကွယ့်"

"သုတ်သင်ဆိုတော့ ဘယ်လိုအနက်ထွက်သလဲဘုရား"

"သုတ်ဆိုတာ (သုဓောတ်) အနက်က သုစိ–စင်ကြယ်ခြင်းအနက်၊ သောဓန–သုတ်သင်ခြင်းအနက်ကိုဟောတယ်၊ သင်ဆိုတဲ့ ကြိယာကတော့ ရှင်းလင်းပစ်ခြင်းဆိုတဲ့ မြန်မာစကားပဲ၊ အခွံသင်တယ်ဆိုတဲ့ ပုဒ်မှာပါတဲ့ သင်–နှင့် အဓိပ္ပာယ်တူသပေါ့၊ ဒါကြောင့် သုတ်သင်ဆိုတာ စင်ကြယ်အောင် ရှင်းလင်းပစ်တယ်လို့ အဓိပ္ပာယ် ရရှိသကွယ့်"

"သင်က သျှင်–ဖြစ်လာပုံကိုလည်း အမိန့်ရှိပါဦး ဘုရား"

"မြန်မာစကားနယ်ပယ်မှာ (ယ)အသံဟာ အဖြည့်အစွက်သဘောမျိုးနှင့် ပါဝင်လာတတ်တယ်၊ ဥပမာမှာ ပညာ, ပညောင်ပင်ဆိုတဲ့စကားကို ကြည့်ပေါ့၊ ရေးသားထားတာက (ပ)ဖြစ်မှန်းသိလျက်နှင့် ဖတ်တော့ ပြင်ညာ၊ ပြင်ညောင်ပင်၊ ပြည်ညောင်ပင်လို့ဖတ်တတ်ကြတယ်၊ ထို့အတူ သင်္ဂဟကို သင်္ဂြိုဟ်, သက်န္တကို သကြိန်, ပက္ခဒိန်ကို ပြက္ခဒိန်ရယ်လို့ ရေးသားပြောဆိုနေကြခြင်းဟာလည်း အဖြည့်အစွက်သဘောမျိုးနှင့် ယ–အသံဝင်လာခြင်းပဲဖြစ်တယ်ကွယ့်၊ ယခု(သင်)ဆိုတဲ့ အသံထဲကို ယ–အသံဟာ အလိုအလျောက် တိုးဝင်လာတယ်၊ သ–နှင့် ယ ပူးကပ်သွားလျှင် စာရေးတော့(သျှ)ဖြစ်သွားတယ်၊ အသံထွက်တော့ သယလို့မထွက်ဘူး၊(ယှ)လို့ ထွက်တယ်၊ ဒါကြောင့် ရှေးဦးစွာ သျှင်ရေးရာမှာ ယခုခေတ်လို ဟထိုးမပါသေးဘူး၊ (သျှ)လို့သာ ရေးတယ်၊ ဥပမာပြပါဆိုလျှင်–

(၁) ထိလိုင်အသျှင် ကလန်စစ်သည်။ (၄၇၃–ခု၊ လှည်းထောင်ဘုရားကျောက်စာ)

(၂) သျှင်မင်းကြီးပေသော။ (၅၅၆–ခု၊ သုဘာရာဇ် ကျောက်စာ)

(၃) သျှင်တပြည်၊ တိသာထွေရ။ (၅၆၈–ခု၊ မောင်းမခင်မိငယ်ကျောက်စာ)

(၄) သျှင်ဒိသာပြာမုတ်။ (၆၄၇–ခု၊ ဒိသာပြာမုတ်ကျောက်စာ)–

ယခုပြောခဲ့တာက သျှင်–မှာ မူလက ဟထိုးမပါသေးဘူးဆိုတဲ့ ဥပမာပဲကွယ့်၊ နောက်တော့ သျှ–ဟာ ယှ–အသံထွက်သော်လည်း ဟထိုးမပါတဲ့အတွက် စိတ်ထဲမှာ လေးလေးနက်နက်မရှိကြဘူး၊ ဒါကြောင့် လေးလေးနက်နက်ဖြစ်သွားအောင် ဟထိုးထည့်ပြီး(သျှင်)လို့ ကျောက်စာများမှာ ရေးထိုးခဲ့ကြတယ်၊

ဥပမာမှာ သက္ကရာဇ် ၇၇၀–ခုနှစ်ကထိုးတဲ့ တန်ဆောင်းကျောင်း ကျောက်စာမှာ (ငါ၏ချစ်လင် ဆင်ဖြူသျှင်)လို့ ရေးထိုးသလိုပေါ့ကွယ်၊ ရှေးကျောက်စာများမှာ ယခုဘုန်းကြီးကို ဖုံးမြတ်စွာလို့လည်းရေးတယ်၊ သင်ကြီးလို့လည်း ရေးတယ်၊ သခင်လည်းရေးတယ်၊ အသျှင်လည်းရေးတယ်၊ မူလက(သျှင်)ဆိုတဲ့ ပုဒ်ဟာ နောင်အခါ ဝိသေသနပုဒ်တပ်ပြီး (အသျှင်)လို့ ရေးခဲ့ကြတယ်ကွယ့်"

## အသျှင်–အရှင်

"အသျှင်ဆိုတဲ့ပုဒ်ရဲ့အစမှာ ရောက်လာတဲ့ (အ)က ဘယ်လိုအနက်ထွက်ပါသလဲဘုရား"

"အဘိုး–အဘေး–အဘွား–အမိ–အဖ–အစ်ကို–အစ်မ တို့မှာပါတဲ့ (အ) ပုဒ်ဟာ မူလက (အစ်)ဆိုတဲ့ပုဒ်တဲ့ကွယ်၊ အခုထိ အစ်ကို အစ်မလို့ရေးနေကြသေးတယ်မဟုတ်လား၊ အစ်ဆိုတာ ယခုအခါ (ချစ်)ဆိုတဲ့ပုဒ်ပဲ၊ ဒါကြောင့် အသျှင်ရဲ့အစမှာပါတဲ့ အ–ရဲ့အနက်ဟာ (ချစ်သော)လို့ အဓိပ္ပာယ်ရတယ်၊ ဒါကြောင့် အစ်ကို, အစ်မ, အမေ, အဖေ, အသျှင်တို့ရဲ့အနက်ဟာ ချစ်သောကို, ချစ်သောမမ, ချစ်သော မေမေ, ချစ်သောဖေဖေ၊ ချစ်သော အရှင်လို့ ဆိုလိုရင်းဖြစ်တယ်ကွယ့်"

"သည်လိုဆိုလိုတော့ အလွန်ယဉ်ကျေးလှပါတယ်၊ ဒါနဲ့ အခုခေတ်ရေးကြတဲ့ အရှင်ဆိုတာကကော အသျှင်နှင့် ဘယ်လိုကွာခြားပါသလဲဘုရား"

"အရှင်–ဆိုတာကတော့ (ပိုင်ရှင်)ဆိုတဲ့ အနက်မှာ ထင်သကွယ့်၊ ဥမ္မာဒန္တီပျို့ ၆၆–မှာ (မိဘ သခင်၊ ရေမြေ့ရှင်နှင့်၊ အသျှင်တို့မှ)လို့ ရှင်နှင့်သျှင်ကို ခွဲထားစပ်ထားတယ်၊ ရှင်ကပိုင်ရှင်, အသျှင်က ရဟန်းလို့ အဓိပ္ပာယ်ရတယ်၊ သုဝဏ္ဏသျှံပျို့ သစ္စာခန်း ၂၈–မှာလည်း–

"ဣသိမြတ်စင်၊ ရသေ့သျှင်လည်း၊ နတ်ရှင်ရန်နှင်း၊ ထိုသည့်မင်းနှင့်' လို့ သျှင်နှင့်ရှင်ကို ခွဲထားစပ်ထားသေးတယ်၊ သျှင်က ရသေ့ကိုဟောပြီး ရှင်က နတ်တို့၏ပိုင်ရှင်လို့ပဲအဓိပ္ပာယ်ရတယ်၊ သို့သော်လည်း ရှေးဟောင်းကျောက်စာများကို လေ့လာဖတ်ရှုကြည့်တဲ့အခါ ရှေးဦးစွာ (သင်)ဆိုတဲ့ပုဒ်က (သျှင်)ဖြစ်လာတယ်၊ နောက် ဟထိုးမပါတဲ့ (သျင်)က ဟထိုးပါတဲ့ (သျှင်)ဖြစ်လာတယ်၊

သျှင်နှင့်ရှင်တို့ဟာ အသံထွက်ချင်းတူညီကြတယ်၊ ဒါကြောင့် နောင်သောအခါ သျှင်အစား ရှင်လို့လည်းရေးသားကြပြန်တယ်၊ သက္ကရာဇ် ၈၀၄–ခုနှစ်ထိုး ပုဂံမြို့ တက်နွယ်ကျောင်းကျောက်စာမှာ (ဖုရာရှင် ဟောသတရာ)လို့ ရေးထိုးပြီး ၈၁၃–ခုနှစ်ထိုး ပုဂံမြို့ ရွှေစည်းခုံစေတီကျောက်စာမှာ (ရွှေနန်းသိခင်ဖုရာရှင်) လို့ ရေးထိုးထားတယ်ကွယ့်၊ ဒါကြောင့် သျှင်နှင့်ရှင်ဟာ အသံချင်းတူညီသလို အဓိပ္ပာယ်ချင်းလည်းတူညီတယ်လို့ ယူဆတယ်၊ သည်နေရာမှာ ရှင်သုံးနှုန်းပုံ ပြန့်ပြန့်ကျယ်ကျယ်သိရအောင် နည်းနည်းလောက်ချဲ့ပြီးကြည့်ကြဦးစို့"

"ရှင်ပင်, ရှင်တော်ဘုရား, ဘုရားရှင်, ရှင်စောမြတ်စွာ' သည်စကားလုံးတွေမှာပါဝင်တဲ့ရှင်က ဘုရားရှင်ကိုဟောတယ်ကွယ့်၊ ရှင်ဆိုး, ရှင်ပျက်, ရှင်ကောင်း, ရှင်မွန်, ရှင်ယောင်, ရှင်ပြု, မောင်ရှင်, ရှင်လောင်း, ရှင်လူထွက်, ရှင်လိင်ပြန် သည်စကားလုံးတွေမှာပါဝင်တဲ့ ရှင်က ရဟန်းရှင်သာမဏေကို ဟောတာကွယ့်၊ ရှင်ဘုရင်, အရှင်သခင်, အရှင်မ, အရှင်မင်းကြီး, အရှင်ကောင်း, ရှင်မ–သည်စကားလုံးများမှာပါဝင်တဲ့ရှင်က အစိုးရခြင်း(သာမိ) အနက်ကိုဟောတယ်ကွယ့်၊ 'အရှင်, အသေ, ရှင်သန်ခြင်း–သည်ပုဒ်များမှာ ပါဝင်တဲ့ ရှင်က လှုပ်ရှားခြင်းအနက်ကို ဟောတယ်ကွယ့်"

"ခေါ်လိုက်လျှင် မိန်းမများပြန်ထူးသံ(ရှင်)ကကော ဘယ်အနက်ထွက်ပါသလဲဘုရား"

"အစ်ကိုဖြစ်သူက ညီမရေလို့ခေါ်လိုက်လျှင် ညီမလေးက ရှင်မထူးဘဲ အစ်ကိုရေလို့ ပြန်ထူးတာကြားဖူးရဲ့လား"

"မှန်ပါ–ကြားဖူးပါဘုရား"

"အခေါ်ခံရတဲ့သူက ခေါ်တဲ့သူ့နာမည်ကိုပြန်ခေါ်ပြီး တုံ့သံပေးသလို သည်နေရာမှာလည်း မိမိကိုခေါ်တဲ့သူကို အရှင်သခင်သဘောထားပြီး (ရှင်)လို့ ကျိုးကျိုးနွံနွံပြန်ထူးတာပါပဲ၊ သည်ရှင်ရဲ့အနက်ကလည်း အရှင်သခင်အနက်ပါပဲကွယ့်"

## ဦးပဉ္ဇင်း ကိုရင်

"သျှင်–ရှင်ရဲ့ သဘောကိုတော့ သဘောကျသွားပါပြီဘုရား၊ ရဟန်းတော်ရှေ့မှာတပ်တဲ့ (ဦး)ရဲ့ အဓိပ္ပာယ်ကိုလည်း အမိန့်ရှိပါဦးဘုရား"

"ဦး–ဆိုတာ ဦးဦးဖျားဖျားပေါ့ကွယ်၊ သူတစ်ပါးထက် ဦးစွာဖြစ်သူဟာ (ဦး)ပဲပေါ့၊ လူသားများမှာ မိမိထက်ဦးစွာဖွားမြင်သူ, မိမိထက်အသက်အရွယ်ကြီးသူလို့တင်စားပြီး အသက်ကြီးသူများကို ဦးဖြူ ဦးမည်းခေါ်သလို ရဟန်းတော်များကိုလည်း မိမိထက်အသက်ဂုဏ်၊ သီလဂုဏ်ကြီးမားသူလို့ယူဆပြီး (ဦး) တပ်ခေါ်ဝေါ်ကြတာပါပဲ၊ တစ်နည်းပြောရမယ်ဆိုလျှင် ဦးစီးဦးကိုင်, ဦးခေါင်း, အိမ်ဦး, လှေဦး, ဦးခန်းများမှာပါဝင်တဲ့ (ဦး)ဟာ မြင့်မြတ်တဲ့ အနက်ကိုဟောသလို မိမိထက်မြင့်မြတ်သူလို့ တင်စားပြီး (ဦး)တပ်ခေါ်ဝေါ်ကြခြင်းဖြစ်တယ်ကွယ့်"

"သာမဏေကို ကိုရင်ခေါ်တာလည်း အမိန့်ရှိပါဦးဘုရား"

"ကိုရင်ဆိုတဲ့ စကား နှစ်လုံးအနက် ကို–ဆိုတာ မိမိထက်ဦးစွာမွေးဖွားတဲ့ (အစ်ကို)လို့ တင်စားတဲ့စကားလုံးပါ၊ လူသားလောကမှာ ဦးကြီး–ဦးလေးတို့လောက်မကြီးသေးတဲ့ နောင်တော်အရွယ်ကို ကိုမည်း–ကိုဖြူလို့ ကိုတပ်ပြီးခေါ်သလို သာမဏေကိုလည်း ထို့အတူ ကို–တပ်ခေါ်တာပါပဲ၊ အထူးအဆန်းမဟုတ်ပါဘူး၊ ရင်–ဆိုတာကတော့ အထက်ကပြောခဲ့တဲ့ (ရှင်)နှင့်အဓိပ္ပာယ်တူ ရသေ့ရဟန်းဟောပုဒ်ပါပဲ၊ နောက်တော့ သာမဏေများအပေါ် တင်စားမှုကြာမြင့်သွားတဲ့အတွက် (ရှင်)ဆိုလျှင် သာမဏေလို့ သိနေကြတယ်၊ မူလက ရှင်ပုဒ်ဟာ မြန်မာလူမျိုးများရဲ့ လေပေါ့သုံးနှုန်းမှုကြောင့် ဟထိုးပျောက်ပြီး (ရင်)ဖြစ်လာတယ်၊ ဒါနရှင်, သီလရှင်ကို ဒါနရင်, သီလရင် ခေါ်ဝေါ်သလိုပေါ့ကွယ်၊ ဒါကြောင့် (ကိုရင်)ဆိုတဲ့ ပုဒ်စပ်အဓိပ္ပာယ်ကို အစ်ကိုသာမဏေလို့ပဲ မှတ်တော့တာပေါ့"

"မှန်ပါ–ဝမ်းသာလှပါတယ်၊ ပဉ္ဇင်းရဲ့အဓိပ္ပာယ်ကိုလည်း ဖြေရှင်းပေးတော်မူပါဦး ဘုရား"

"ရဟန်းဖြစ်မြောက်ဖို့အတွက် အင်္ဂါ ငါးပါးရှိသကွယ့်၊ အင်္ဂါ ငါးပါးက (၁) ရဟန်းလောင်းတည်းဟူသော ဝတ္ထု၊ (၂) ဉတ်၊ (၃) ကမ္မဝါစာ၊ (၄) သိမ်၊ (၅) ပရိသတ်များဖြစ်ကြတယ်၊ သည်အင်္ဂါငါးပါးပြည့်စုံမှ ရဟန်းဖြစ်တယ်၊ အင်္ဂါ ငါးပါးအနက် တစ်ပါးပါးချို့ယွင်းလျှင် ရဟန်းမဖြစ်ဘူး၊ ဒါကြောင့် ရဟန်းလောင်းကိုဆုံးမတဲ့အခါ (ဝတ္ထု,ကမ္မဝါ၊ ဆရာ,သိမ်,ဉတ်,ပရိသတ်

ကြောင့်၊ ရအပ်လေကြောင်း၊ ပဋ္ဌင်းလောင်း)လို့ ဆိုကြရတယ်၊ သည်အင်္ဂါ ငါးပါးပြည့်စုံမှ ရဟန်းအဖြစ် ရောက်တဲ့အတွက် ရဟန်းတော်များကို(ပဋ္ဌင်္ဂ) လို့ခေါ်ကြသတဲ့ကွယ်၊ အဲဒီပဋ္ဌင်္ဂပုဒ်ကိုပင် နောက်ဆုံး ဂငယ်အက္ခရာကိုဖျောက်ပြီး ပဋ္ဌင်း၊ ပဋ္ဌင်းလို့ခေါ်ကြတယ်လို့ဆိုကြတယ်ကွယ့်၊ သို့သော်လည်း ပဋ္ဌင်္ဂပါဠိ ကပျက်ပြီး (ပဋ္ဌင်း)ဖြစ်လာတယ်ဆိုတာကို မြန်မာစကားစိစစ်ကြတဲ့ ပုဂ္ဂိုလ် များက မကြိုက်ကြဘူးကွယ့်"

"ဘာကြောင့် မကြိုက်ကြတာတဲ့လဲဘုရာ့"

"မကြိုက်ကြတာက ပဋ္ဌင်းဆိုတဲ့စကားဟာ ပါဠိပျက်မဟုတ်၊ မြန်မာ စကားစစ်စစ်လို့ ယူဆကြတဲ့အတွက်ကြောင့်ပေါ့ကွယ်"

"မြန်မာစကားဆိုလျှင် ဘယ်လိုအနက်ထွက်သတဲ့လဲဘုရား"

"မြန်မာစကားဟာ ကေဝဏ္ဏ အက္ခရာတစ်လုံးတည်းသာရှိတဲ့ စကားတဲ့၊ အကယ်၍ အက္ခရာနှစ်လုံး၊ သုံးလုံးတွဲစပ်နေလျှင် အက္ခရာတစ်လုံး၊ တစ်လုံး မှာ အနက်တစ်ခုစီ၊ တစ်ခုစီရှိသတဲ့၊ ယခု ပဋ္ဌင်းပုဒ်မှာ အက္ခရာနှစ်လုံး တွဲနေ တယ်၊ အဲသည် နှစ်လုံးတွဲအနက် (ပဉ်)ဆိုတာဟာ မူလပုဒ်ရင်းက(ပန်)တဲ့ကွယ်၊ ပန်ဆိုတဲ့ မြန်မာစကားက ပိုင်ဆိုင်ခြင်းအနက်ကို ဟောသတဲ့၊ (စင်)ဆိုတာက (သျှင်)နှင့်အတူတူပဲတဲ့၊ သျှနှင့် စ,ဆ တို့ဟာ အသံချင်းတူသတဲ့၊ ဒါကြောင့် သျှင်က စင်ဖြစ်လာတယ်လို့ယူဆကြတယ်၊ သျှင်ဆိုတာကတော့ ပြောခဲ့ပြီးတဲ့ အတိုင်း အကြီးအမြတ်၊ ရဟန်း, သာမဏေ, ရသေ့တို့ကို ဟောတာပဲကွယ့်၊ အခုခေါ်နေကြတဲ့ ဆင်ဆိုတဲ့သတ္တဝါရဲ့ ဗျုပ္ပတ်ဟာလည်း သျှင်က ဆင်ဖြစ်တဲ့ အတွက် အကောင်ကြီးလို့ ဆိုလိုသတဲ့၊ ဒါကြောင့် ပင်စင်ဆိုတာ စိုးပိုင်သော ရဟန်း, ကြီးမြတ်သောရဟန်းလို့ ဆိုလိုသတဲ့၊ အဲသည် ပင်စင်ကရွေ့လျောပြီး (ပဋ္ဌင်း)ဖြစ်လာတယ်လို့ ယူဆကြတယ်၊ ဒါပေမယ့် ယခုတော့ အင်္ဂါငါးပါး နှင့်ပြည့်စုံသော (ပဋ္ဌင်္ဂ)က ပဋ္ဌင်းဖြစ်လာတယ်ဆိုတာကို အများက လက်ခံ အတည်ပြုထားကြတယ်ကွယ့်၊ ဘယ့်နှယ့်လဲ၊ နားရှင်းပါရဲ့လား"

"မှန်ပါ–ရှင်းပါတယ်ဘုရား၊ သာဓု–သာဓု–သာဓု"

# ရဟန်းတော်များနှင့် အစားလေးမျိုး

"တပည့်တော် ကသာမြို့ကိုရောက်တော့ ကသာမြို့ သိင်္ဂီရပ် ကိုညိုဝင်းက ပြဿနာတစ်ခု လျှောက်ထားတယ်ဘုရား"

"ဘယ်လို ပြဿနာလဲကွယ့်"

"ပြဿနာကအခြားမဟုတ်ပါဘူး၊ မန်လည်ဆရာတော်ဘုရား ရေးသားတော်မူတဲ့ မဃဒေဝလင်္ကာသစ်ကို သူကြည့်ရှုလေ့လာတဲ့အခါ စာပိုဒ် ၄၂၅– မှာ–

"ရှင်နှင့်မတော်၊ ပစ္စည်းမျှော်၍၊ မလျော်လျောက်ပတ်၊ မြေကြန်တတ်က၊ နက္ခတ်ပညာ၊ စေပါဒူတ၊ အင်္ဂဝိဇ္ဇာ၊ တိရစ္ဆာဖြင့်၊ ယုတ်မာဝမ်းရေး၊ သက်မွေးကြငြား၊ လေ့ကျက်မှားသည်၊ ငုံ့စား,မော်စား၊ အမျှော်စားနှင့်၊ ထောင့်စားခေါ်ရိုး၊ ရဟန်းဆိုးတို့၊ စားမျိုးလေးဖြာ"

ဆိုတဲ့ အစားလေးမျိုးကို တွေ့ပါသတဲ့၊ 'ရဟန်းဆိုးတို့ စားမျိုးလေးဖြာ' လို့ ဖွဲ့ဆိုထားတဲ့အတိုင်း သည်အစားလေးမျိုးဟာ ရဟန်းကောင်းတို့ စားတာမဟုတ်မှန်းတော့သိတယ်၊ ငုံ့စား, မော်စား, အမျှော်စား, ထောင့်စားဆိုတာ ဘာကို ဆိုလိုမှန်း မသိဘူးတဲ့၊ သူ့ရဲ့အမေးကို တပည့်တော် မှတ်လာခဲ့တယ်၊ အဲဒါ ဆရာတော် အဖြေပေးပါဦး"

"သည်ပြဿနာက သူ့စာထဲမှာ အဖြေပါပြီးသားပဲကိုးကွယ့်"

"ဘယ်လို ပါသလဲဘုရား"

"ရှင်နှင့်မတော်၊ ပစ္စည်းမျှော်၍ဆိုတဲ့အတိုင်း ရဟာန်းဖြစ်ပါလျက်နှင့် ရဟာန်းနှင့်မသင့်တော် လာဘ်လာဘကိုမျှော်သော (၁) မြေကြန်အတတ်၊ (၂) နက္ခတ်အတတ်၊ (၃) အစေအပါးခံခြင်း၊ (၄) အင်္ဂဝိဇ္ဇာအတတ်များဖြင့် အသက်မမွေးကောင်းဘူး၊ (၁) မြေကြန်အတတ်နှင့်အသက်မွေးလျှင် ငုံ့စားတယ်လို့ခေါ်တယ်၊ (၂) နက္ခတ်အတတ်ဖြင့် အသက်မွေးလျှင် မော့စားတယ်လို့ခေါ်တယ်။ (၃) အစေအပါးခံပြီး အသက်မွေးလျှင် အရပ်လေးမျက်နှာမျှော်စားတယ်လို့ ခေါ်တယ်၊ (၄) အင်္ဂဝိဇ္ဇာအတတ်ဖြင့် အသက်မွေးလျှင် အထောင့်လေးမျက်နှာကို လှည့်စားသူလို့ခေါ်သတဲ့၊ အဲဒါ အဖြေပဲပေါ့ကွယ်"

"လင်္ကာမှာ အင်္ဂဝိဇ္ဇာ တိရစ္ဆာဖြင့်လို့ ရေးသားထားပါတယ်၊ တိရစ္ဆာ ဆိုတာ တိရစ္ဆာန်နှင့်တူတယ်လို့ ပြောတာလားဘုရား"

"တိရစ္ဆာဆိုတာ တိရစ္ဆာန်မဟုတ်ပါဘူး၊ သို့သော်လည်း အနက်ချင်းကတော့ တူပါတယ်"

"ဘယ်လိုတူပုံလဲဘုရား"

"တိရစ္ဆာန်ဆိုတာ 'တိရ–အစ္ဆာန' ပုဒ်ပဲကွယ့်၊ တိရဆိုတဲ့ပုဒ်က ဖီလာကို ဟောတယ်၊ အစ္ဆာနဆိုတဲ့ပုဒ်က သွားတတ်တယ်လို့ဟောတယ်၊ တိရစ္ဆာန် သတ္တဝါဟာ လူလို မိုးပေါ်ကိုဦးခေါင်းထားပြီး တည့်တည့်မတ်မတ် မသွားတတ်ဘူး၊ မိုးကိုကျောပေးပြီး ဖီလာသွားတတ်တယ်၊ ဒါကြောင့် တိရစ္ဆာန်လို့ခေါ်တာတဲ့၊ ယခုလင်္ကာမှာပါဝင်တဲ့ တိရစ္ဆာန်ကလည်း မဂ်ဖိုလ်ဆီကို ဖြောင့်ဖြောင့်မသွားတတ်ဘူး၊ မဂ်ဖိုလ်ရဲ့ဆန့်ကျင်ဘက် ဖီလာသွားတတ်တယ်၊ မြေကြန်အတတ်, နက္ခတ်အတတ်, အင်္ဂဝိဇ္ဇာအတတ်, အစေအပါးခံခြင်းများဟာ မဂ်ဖိုလ်နှင့် ဖီလာဆန့်ကျင်ဘက်ဖြစ်လို့ 'အင်္ဂဝိဇ္ဇာ တိရစ္ဆာဖြင့် ယုတ်မာဝမ်းရေး' လို့ ဖွဲ့ဆိုထားခြင်း ဖြစ်တယ်ကွယ့်"

"သည်လင်္ကာကို ဆရာတော်ကြီးဟာ သူ့စိတ်ကူးအတိုင်း ရေးတာလား၊ အမှီရှိလို့ ရေးတာလား ဘုရား"

"သည်လင်္ကာကို ဆရာတော်ကြီးက သူ့အထင်နှင့်ရေးတာမဟုတ်ပါဘူး၊ အမှီရှိလို့ရေးတာပါကွယ့်"

"ဘယ်ကျမ်းကို မှီပါသလဲဘုရား"

"ခန္ဓဝဂ္ဂ သာရိပုတ္တသံယုတ် သုစိမုခီသုတ်ကို မှီတာပဲကွယ့်"
"အဲသည်မှီရာ ကျမ်းရင်းအဆိုကို နာပါရစေဘုရား"
"ကောင်းပြီလေ နာတာပေါ့"

## သုစိမုခီသုတ်

"အခါတစ်ပါး ရှင်သာရိပုတ္တရာဟာ နံနက်အချိန် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်တော်မူသတဲ့၊ ဆွမ်းခံပြီးတော့ နံရံတစ်ခုကိုမှီပြီး ဆွမ်းဘုဉ်းပေးနေတုန်း သုစိမုခီအမည်ရတဲ့ ပရိဗိုဇ်မဟာ ရှင်သာရိပုတ္တရာ ဆွမ်းဘုဉ်းပေးရာအနီး ချဉ်းကပ်လာပြီး သည်လိုပြက်ရယ်စကားပြောသတဲ့၊ 'အရှင်ရဟန်း၊ ဘယ့်နှယ့်၊ ငုံ့ပြီး ဆွမ်းစားပါသလား'တဲ့၊ သည်တော့ ရှင်သာရိပုတ္တရာက 'ငုံ့မစားပါဘူး' လို့ ပြန်ပြောသတဲ့၊ 'ငုံ့မစားလျှင် မော့စားတာပါလား'လို့ ပြောပြန်တယ်၊ ရှင်သာရိပုတ္တရာက 'မော့လို့လည်းမစားဘူး'လို့ ပြန်ဖြေတယ်၊ 'ငုံ့လို့လည်းမစား၊ မော့လို့လည်းမစားလျှင် အရပ်လေးမျက်နှာကို လှည့်စားပါသလား' လို့ မေးပြန်တယ်၊ 'အရပ်လေးမျက်နှာကိုလည်း လှည့်မစားဘူး' လို့ ပြန်ဖြေတော့ ပရိဗိုဇ်မက 'သို့ဖြစ်လျှင် အထောင့်အရပ်ကို လှည့်စားပါသလား'လို့ မေးပြန်တယ်၊ ရှင်သာရိပုတ္တရာက 'အထောင့်အရပ်ကိုလည်း လှည့်မစားဘူး' လို့ ပြန်ဖြေတော့ ပရိဗိုဇ်မက သည်လိုဆို 'အရှင် ဘယ်သို့စားပါသလဲ' လို့ မေးသတဲ့၊

ရှင်သာရိပုတ္တရာက 'နမ–မြေကြန်အတတ်ဖြင့် အသက်မွေးသူတို့ကို အောက်သို့ ငုံ့စားသူလို့ဆိုအပ်တယ်၊ နက္ခတ်အတတ်ဖြင့် အသက်မွေးသူတို့ကို အထက်သို့ မော့၍စားသူတို့လို့ဆိုအပ်တယ်၊ အစေအပါးအမှုဖြင့် အသက်မွေးသူတို့ကို အရပ်လေးမျက်နှာသို့လှည့်၍စားသူတို့လို့ ဆိုအပ်တယ်၊ အင်္ဂဝိဇ္ဇာအတတ်ဖြင့် အသက်မွေးသူတို့ကို အထောင့်အရပ်သို့လှည့်၍စားသူတို့လို့ ဆိုအပ်တယ်၊ နမ–ငါကား ဤလေးမျိုးဖြင့် အသက်မမွေး၊ တရားသဖြင့် ဆွမ်းရှာ၍ အသက်မွေးတယ်'လို့ ပြန်လည် မိန့်ကြားတော်မူသတဲ့၊ သည်အခါ ပရိဗိုဇ်မဟာ ရဟန်းများအပေါ်ကြည်ညိုပြီး 'ရဟန်းများကို ဆွမ်းလောင်းလှူကြပါ၊ ရဟန်း

တော်များဟာ တရားနှင့်အလျော် အပြစ်မရှိသောအစာကိုသာ စားကြပါတယ်’လို့ ရာဇဂြိုဟ်မြို့အတွင်း လှည့်လည်ပြောကြားသတဲ့၊ ဒါဟာ လက်ာရဲ့ မှီရာကျမ်းရင်းအဆိုပဲကွယ့်”

“မှန်ပါ–လွန်စွာ ဝမ်းမြောက်လှပါတယ် ဘုရား”

“သာဓု–သာဓု–သာဓု”

❂❂❂❂❂



# မသမာဖြေ စာအောင်ပုဂ္ဂိုလ်များ

"သည်တစ်ခါ လျှောက်ထားရမည့်စာလွှာက ကောလင်းမြို့ တောင်အင်းရပ် အလယ်ကျောင်းတိုက် ဦးပညာဇောတနှင့် ဦးအဂ္ဂဝံသတို့ထံက အမေးစာလွှာ ဖြစ်ပါတယ်ဘုရား"

"ဆိုစမ်းပါဦး၊ သူတို့ရဲ့အမေးက ဘာများလဲကွယ့်"

"သူတို့ရေးထားတာက အစိုးရပထမပြန်စာမေးပွဲများ၌ မသမာသော နည်းများဖြင့် ဖြေဆိုအောင်မြင်ကြသော ရဟန်းတို့အား ငယ်–လတ်–ကြီး အတန်းအသီးသီး သင့်ရောက်နိုင်သည့်အာပတ်များကို အဆုံးအဖြတ်ပေးစေချင် ပါသတဲ့ ဘုရား"

"သည်ပြဿနာဟာ သာသနာတော် မှာ အလွန်အရုပ်ဆိုးတဲ့ ပြဿနာပဲ ကွယ့်"

"ဘယ်လို အရုပ်ဆိုးတာလဲဘုရာ့"

"ရဟန်းတော်များရဲ့ဘဝဆိုတာ အလွန်ဖြူစင်သန့်ရှင်းတဲ့ ဘဝဖြစ်တယ်၊ သန့်ရှင်းဖြူစင်တဲ့အဝတ်မှာ အမည်းစက်တစ်စက်ကျရုံနှင့် အဝတ်တန်ဖိုးယုတ် သွားသလို ရဟန်းရဲ့ဘဝမှာလည်းအပြစ်တစ်စက် ကျရောက်ရုံနှင့် ရဟန်းတန်ဖိုး ယုတ်သွားတတ်တယ်၊ ရဟန်းရဲ့တန်ဖိုးကို ယုတ်စေတဲ့ အပြစ်ကလည်း ကြမ်း တမ်းတဲ့ အပြစ်, နူးညံ့တဲ့အပြစ်လို့ အပြစ်နှစ်မျိုးရှိပြန်တယ်၊ သူ့အသက်ကိုသတ် ခြင်း, မေထုန်မှီဝဲခြင်း ဆိုတာတွေက ကြမ်းတမ်းတဲ့အပြစ်တွေပဲ၊ သည်အပြစ်

တွေကို ငါကျူးလွန်ပြီးပြီ၊ ငါဟာ ရဟန်းမဟုတ်တော့ဘူးလို့ ကိုယ့်ကိုယ်ကို ကိုယ်ဆုံးဖြတ်လို့ဖြစ်တယ်၊ သူ့ဥစ္စာကိုခိုးခြင်း, မင်္ဂဖိုလ်နိဗ္ဗာန်ကို ပြောကြားခြင်းဆိုတဲ့ အပြစ်တွေက နူးညံ့သိမ်မွေ့တယ်၊ ကိုယ်အပြစ်ကိုယ်ကျူးလွန်နေတာကိုပင် ကိုယ်မသိဘဲ ဖြစ်နေတတ်တယ်၊ အလွန်သတိရဖို့ရာ ကောင်းတယ်။

ယခုအမေးပြဿနာဟာ နူးညံ့သိမ်မွေ့တဲ့ ဒုတိယပါရာဇိကသိက္ခာပုဒ်မှာ အလွန်နူးညံ့သိမ်မွေ့လွန်းတဲ့ ပြဿနာဖြစ်ပါတယ်၊ ဒါကြောင့် စာမေးပွဲခိုးဖြေခြင်းဟာ ဒုတိယပါရာဇိကအတွင်း ပါသလား၊ မပါဘူးလား၊ ဒုတိယပါရာဇိက အတွင်းပါလျှင် ဘယ်လိုအသွင်နှင့် ပါတယ်ဆိုတာတွေကို စိတ်ရှည်ရှည်ထားပြီး လေ့လာသင့်တယ်ကွယ့်၊ ရှေးဦးစွာ သတိပြုသင့်တာက ရဟန်းဖြစ်သူရဟန်းဘဝက လျောကျစေနိုင်တဲ့အာပတ်ဟာ လေးမျိုးရှိတယ်၊ ပါရာဇိက လေးပါးလို့ ခေါ်တာပေါ့၊ အဲသည်လေးပါးက–

၁။ မေထုန်မှီဝဲခြင်း၊

၂။ သူ့ပစ္စည်းကိုခိုးယူခြင်း၊

၃။ သူ့အသက်ကိုသတ်ခြင်း၊

၄။ မိမိ၌မရှိသော မင်္ဂဖိုလ်နိဗ္ဗာန်ကိုပြောကြားခြင်း

တို့ဖြစ်ကြတယ်၊ သည်လေးပါးအနက် ယခုစာမေးပွဲပြဿနာက ဒုတိယပါရာဇိကဆိုတဲ့ သူ့ပစ္စည်းကိုခိုးခြင်း ဖြစ်သင့်မဖြစ်သင့်ပဲပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဟုတ်တယ်ဆိုလျှင် ဒုတိယပါရာဇိကကျရောက်တဲ့ အင်္ဂါ ဘယ်နှစ်ပါးရှိသလဲကွယ့်"

"ငါးပါးရှိပါတယ် ဘုရား"

"ဆိုစမ်းပါဦး၊ အင်္ဂါငါးပါးက ဘာတွေတဲ့တုန်း"

၁။ လူဇာတ်ရှိ သူ၏ဥစ္စာဖြစ်ခြင်း၊

၂။ သူတစ်ပါးဥစ္စာဟုသိခြင်း၊

၃။ ပါရာဇိကကျလောက်သော ဥစ္စာဖြစ်ခြင်း၊

၄။ ခိုးလိုသောစိတ်ရှိခြင်း၊

၅။ ခိုးခြင်း–ပေါင်း အင်္ဂါ ငါးပါးဖြစ်ပါတယ် ဘုရား

"အဲသည် အင်္ဂါငါးပါးကို တည်ထားကွယ့်၊ စာမေးပွဲဖြေသူဟာ သည်အင်္ဂါငါးပါးနှင့် ကိုက်မကိုက် ချိန်ထိုးစမ်း၊ စာမေးပွဲဖြေဆိုတဲ့ပုဂ္ဂိုလ်ဟာ ဘာဖြစ်လို့စာမေးပွဲဖြေတာတုန်း၊ စာတတ်ချင်လို့ ဖြေဆိုတာဖြစ်တယ်၊ စာတတ်ချင်တယ်ဆိုတာ ပရိယတ္တိသာသနာတော်ကို ထမ်းဆောင်ချင်တာဖြစ်တယ်၊ ဘယ်လောက်မွန်မြတ်သလဲ၊ သို့သော် 'ကိုးကွယ်ရာမှ ဘေးဖြစ်' ဆိုတဲ့စကားလို မွန်မြတ်တဲ့အလုပ်လုပ်ရာမှာ မမွန်မြတ်တဲ့စိတ်ထားကြောင့် ကတိမ်းကပါး ဖြစ်သွားတတ်တယ်"

ဥပမာပေးကြစို့ဆိုလျှင် တောင်တက်သမား ဥပမာပေါ့၊ ဝေရက်တောင်ထိပ်တက်ကြတဲ့ပုဂ္ဂိုလ်တွေဟာ ခြေတစ်လှမ်းချတာကစပြီး သတိထားပြီး ချကြရတယ်၊ ခြေတစ်လှမ်းအချမှားလျှင် အသူတစ်ရာနက်တဲ့ ချောက်ထဲကျပြီး အသက်ဆုံးကြရတယ်၊ ရဟန်းတော်များလည်း ဝေရက်တောင်နဲ့တူတဲ့ ပရိယတ္တိ, ပဋိပတ္တိ, အဓိဂမဆိုတဲ့ တောင်ထွတ်ကြီးကို တက်နေကြတာနော်၊ ခြေတစ်လှမ်းအချော်မခံဘူး၊ ခြေတစ်လှမ်းချော်သည်နှင့် တစ်ပြိုင်နက် ပါရာဇိကချောက်တွင်း ကျသွားတတ်တယ်၊ ဒါကြောင့် စာမေးပွဲဖြေဆိုကြတာဟာ အလွန်မွန်မြတ်ပါတယ်၊ အလွန်မွန်မြတ်လွန်းလို့ နိုင်ငံတော်အစိုးရမင်းနှင့်တကွ နိုင်ငံတော်သူ နိုင်ငံတော်သားအားလုံးတို့က အားပေးချီးမြှောက်နေကြပါတယ်၊ အားပေးချီးမြှောက်တဲ့အတိုင်း စင်စင်ကြယ်ကြယ်နှင့် အောင်မြင်သွားကြတဲ့ပုဂ္ဂိုလ်များအတွက်လည်း အလွန်ဝမ်းမြောက်ကြပါတယ်။

သို့သော်လည်း 'ဆွမ်းဆန်တွင်း ကြွက်ချေးရော' ဆိုသလို တကယ်စင်ကြယ်သော ပုဂ္ဂိုလ်များအကြားမှာ မသမာသောနည်းဖြင့် စာမေးပွဲဖြေဆိုကြတဲ့ မစင်ကြယ်သူများအတွက် စင်ကြယ်သောသူများပါ မျက်နှာပျက်ကြရတယ်၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ခံကြရတယ်၊ သည်လို မသမာသောပုဂ္ဂိုလ်များကြောင့် ယခုလိုအမေးပြဿနာမျိုး ပေါ်ကြရတယ်၊ ဒါကြောင့် ရဟန်းဘဝကို တွယ်တာသောပုဂ္ဂိုလ်များအတွက် ဤပြဿနာရဲ့အဖြေကို အထူးကြိုးစားပြီး ဖြေဆိုလိုက်ပါမယ်"

"မှန်ပါ–ဖြေဆိုတော်မူပါ ဘုရား"

"ဒုတိယပါရာဇိက အင်္ဂါ ငါးပါးနှင့် ချိန်ထိုးကြည့်လိုက်တော့ မသမာသောနည်းဖြင့် စာမေးပွဲဖြေဆိုသူဟာ တစ်စုံတစ်ခုသောပစ္စည်းကို ခိုးယူခြင်းမဟုတ်တဲ့အတွက် အင်္ဂါ ငါးချက်လုံး တစ်ချက်မှမထိဘူး၊ မငြိဘူး၊ အင်္ဂါငါးချက်နှင့်မထိမငြိတဲ့အတွက် ခိုးခြင်းမဖြစ်သင့်ဘူးလို့ ဆိုကြလိမ့်မယ်၊ အမှန်ကတော့ ခိုးခြင်း ၂၅-ပါးအနက် မသမာသောနည်းဖြင့် စာမေးပွဲခိုးဖြေခြင်းဟာ (ထေယျာဝဟာရ)ခိုးခြင်းအတွင်းမှာ ပါဝင်သကွယ့်"

"ထေယျာဝဟာရ ခိုးခြင်းဆိုတာ ဘယ်လိုခိုးနည်းလဲဘုရာ့"

"ထေယျာဝဟာရ ခိုးခြင်းဆိုတာ ဓားပြတိုက်သလို အတင်းဝင်လုခြင်းမျိုးမဟုတ်ဘဲ အခိုးခံရသူမသိအောင် တိတ်တဆိတ်ခိုးခြင်းမျိုးဖြစ်တယ်၊ သည်ခိုးနည်းက ခိုးပုံခိုးနည်း အဆင့်ဆင့် သိမ်မွေ့သွားတယ်ကွယ့်"

"ဘယ်လိုအဆင့်ဆင့် သိမ်မွေ့သွားတာလဲဘုရား"

"ခိုးတယ်ဆိုတဲ့ မြန်မာစကားဟာ သူတစ်ပါး ပစ္စည်းကို ပိုင်ရှင်မသိအောင် တိတ်တဆိတ်ခိုးယူခြင်းကို ဆိုလိုတာပဲ၊ သူတစ်ပါးပစ္စည်းကို တိတ်တဆိတ်ယူရာမှာလည်း (၁) ပုန်းလျှိုးကွယ်လျှိုးခိုးယူခြင်း၊ (၂) ချိန်စဉ်းလဲတောင်းစဉ်းလဲပြု၍ခိုးယူခြင်း၊ (၃) ရွှေတု ငွေတုပြု၍ခိုးယူခြင်း၊ (၄) ဥစ္စာရှင်ကို လှည့်ပတ်လှည့်စား၍ခိုးယူခြင်းလို့ ခိုးယူပုံအဆင့်ဆင့် သိမ်မွေ့သွားတယ်၊ သူတစ်ပါးပစ္စည်းကို ပုန်းလျှိုးကွယ်လျှိုး ခိုးစဉ်က ခိုးလိုသောစိတ်ကလည်း ထင်ရှားတယ်၊ ခိုးသူအဖြစ်လည်း ထင်ရှားတယ်၊ ချိန်စဉ်းလဲ တောင်းစဉ်းလဲကျတော့ ခိုးလိုတဲ့စိတ်ကတော့ ထင်ရှားပါရဲ့၊ ခိုးသူအဖြစ်ကတော့ မထင်ရှားဘူး၊ ရွှေတုငွေတုလုပ်ရာကျတော့ ခိုးသူအဖြစ်တော့ ထင်ရှားရဲ့၊ ခိုးလိုသောစိတ်ကျတော့ မထင်ရှားဘူး၊ ဥစ္စာရှင်ကို လှည့်ပတ်ကာ လှည့်စားတာမျိုးကျတော့ ခိုးလိုသောစိတ်ရော ခိုးသူ အဖြစ်ရော မထင်ရှားဘူးကွယ့်"

"မှန်ပါ-ဥစ္စာရှင်ကို လှည့်ပတ်တာနှင့် လှည့်စားတာဟာ တူပါသလားဘုရာ့"

"အေး-သူက စကားပြောစရာကျယ်တယ်၊ ဒါကြောင့် တူတယ်လို့လည်း ဆိုချင်ဆိုနိုင်တယ်၊ မတူဘူးလို့လည်း ဆိုချင်ဆိုနိုင်တယ်"

"တူပုံတူနည်း မတူပုံမတူနည်းကို အမိန့်ရှိပါဦးဘုရား"

"လှည့်ပတ်တယ်ဆိုတာ ဥစ္စာရှင်ရဲ့ ပစ္စည်းငှားပြီး ပြန်မပေးခြင်းမျိုး၊ ပြန်ပင်ပေးသော်လည်း အတုပေးခြင်းမျိုး၊ အဖိုးတန်သော ဒါယကာပစ္စည်းနှင့် အဖိုးမတန်သော မိမိပစ္စည်း လှည့်ပတ်၍လဲလှယ်ခြင်းမျိုး၊ တရားဥပဒေပုဒ်မ အရ (၄၀၆)အတွင်း သက်ဝင်သောအမှုမျိုးတို့ကို လှည့်ပတ်ခြင်းလို့ဆိုနိုင်တယ်၊ လှည့်စားခြင်းဆိုတာက ဒါယကာကိုလှည့်ပြီး သူ့ပစ္စည်းကိုစားခြင်းလို့ ဆိုလို တယ်၊ လှည့်တယ်ဆိုတာ ဉာဏ်အမြင်ဖောက်ပြန်သွားအောင် လုပ်ခြင်းမျိုးပေါ့"

ဥပမာဆိုကြပါစို့–ရှေးက ပုဏ္ဏားတစ်ယောက် ဆိတ်သေကောင်တစ်ကောင် ဈေးကဝယ်ပြီးထမ်းလာသတဲ့၊ လူနောက်သုံးယောက်က မြင်တော့ ပုဏ္ဏားကိုလှည့်ပြီး ဆိတ်သားစားရအောင် တိုင်ပင်ကြကာ သုံးဌာနကစောင့်ကြသတဲ့။

ပထမဌာနရောက်တော့ လူနောက်က 'ဘယ့်နှယ်ပုဏ္ဏားကြီး ခွေးသေကို ဘာလုပ်ဖို့ထမ်းခဲ့တာတုန်း' လို့ မေးသတဲ့၊ ပုဏ္ဏားက 'ခွေးမဟုတ်ပါဘူး၊ ဆိတ်ပါ' လို့ပြောတော့ 'ဆိတ်မဟုတ်ပါဘူး၊ ခွေးပါ၊ သေသေချာချာကြည့်ပါဦး' လို့ ပြောသတဲ့၊ ပုဏ္ဏားလည်းဟုတ်များဟုတ်သလားလို့ ပခုံးပေါ်ကဆိတ်သေကို ချကြည့်ပြီး 'ခွေးမဟုတ်ပါဘူး၊ ဆိတ်ပါပဲ'ဆိုကာ ထမ်းသွားတယ်။

ဒုတိယလူနောက်ထံရောက်တော့ လူနောက်က 'ခွေးသေကြီးထမ်းပြီး ဘယ်သွားမလို့တုန်း'လို့ မေးပြန်သတဲ့၊ နှစ်ကြိမ်တိုင်အမေးခံရသောပုဏ္ဏားစိတ်မှာ ခွေးဆိုတာ ဟုတ်များဟုတ်နေရော့သလားလို့ သံသယဖြစ်သွားသတဲ့။

တတိယလူနောက်ထံရောက်ပြန်တော့ လူနောက်က 'ပုဏ္ဏားကြီး ခွေးသေပစ်မလို့လား၊ ဘယ့်နှယ့်ခွေးသေကြီးထမ်းခဲ့ရတယ်လို့၊ ကြိုးနဲ့ဆွဲခဲ့ပါတော့၊ ခင်ဗျားဟာရွံစရာကြီး'လို့ ပြောပြန်တယ်၊ သည်အခါကျတော့ ပုဏ္ဏားကြီးရဲ့စိတ်မှာ 'ငါထမ်းခဲ့တဲ့အကောင်ဟာ ငါကသာဆိတ်သေထင်နေတာ၊ အများက ခွေးသေလို့ပြောကြတာထောက်လျှင် ဧကန်ခွေးသေကောင်ဖြစ်ရမယ်' လို့ ဆိတ်သေကိုပစ်ချပြီးသွားသတဲ့၊ သည်အခါမှာ လူနောက်သုံးယောက်ဟာ ဆိတ်သေကို ကောက်ယူပြီး ဟင်းချက်စားကြသတဲ့။

ယခုပြောခဲ့တာကလှည့်စားပုံတစ်မျိုးပေါ့လေ၊ လှည့်စားပုံတစ်မျိုးက တောသားတစ်ယောက်ဟာ မြို့ဈေးကိုလာပြီး နွားသားအမိကိုရောင်းသတဲ့၊

ရောင်းဈေးက နွားငယ်ကိုဝယ်ချင်လျှင် ၁ဝိ၊ အမိကိုဝယ်လျှင် ၂ဝိ – ကြေညာထားတယ်၊ မြို့သားလူလည်က နွားရောင်းသူထံက နွားငယ်ကို ငွေ ၁ဝိ – နှင့် ဝယ်တယ်၊ ခဏကြာတော့ နွားငယ်ကိုပြန်ယူလာပြီး 'ကျွန်တော် နွားမကြီးကို ယူပါ့မယ်၊ နွားငယ်ကို မယူချင်တော့ဘူး၊ ခင်ဗျားထံကျွန်တော် ငွေ ၁ဝိ – ပေးပြီးပြီ၊ သည်နွားငယ်က ၁ဝိ – တန်ဖြစ်တယ်၊ သည်နွားငယ်နှင့် ငွေ ၁ဝိ – ထေပြီး နွားမကြီးကို ပေးပါ' ပြောပြီး နွားမကြီးကို ဆွဲသွားသတဲ့။

သည်ဥပမာများက လှည့်စားခြင်းရဲ့ ဥပမာများဖြစ်တယ်ကွယ့်၊ သည်လို လှည့်စားပြီး ခိုးခြင်းကျတော့ အလွန်သိမ်မွေ့သွားပြီး သိမ်မွေ့သည်ပင်ဖြစ်စေ၊ မသိမ်မွေ့သည်ပင်ဖြစ်စေ သည်လိုခိုးခြင်းမျိုးဟာ 'ထေယျာဝဟာရ' ခိုးခြင်းမျိုးပဲ။

ယခုစာမေးပွဲဖြေဆိုရာမှာ အောင်ဆုအဆင့်အသီးသီးအတွက် ကြေညာထားပြီးဖြစ်တယ်၊ ပထမအဆင့်အောင်မြင်လျှင် မည်မျှ၊ ဒုတိယ, တတိယအဆင့် စသည်အောင်လျှင် မည်မျှလို့ပေါ့၊ စာမေးပွဲဖြေဆိုသူဟာ မိမိဖြေဆိုသော အဆင့်အလျောက် အောင်မြင်ခဲ့လျှင် သည်အောင်ဆုများကို ရမည်ဟု သိထားပြီးဖြစ်တယ်၊ သည်အောင်ဆုများဟာ အလကားပေးခြင်းမဟုတ်ဘူး၊ သံသရာရိက္ခာအတွက် ဒါနပြုခြင်းမဟုတ်ဘူး၊ ကြိုးစားသူအတွက် ထိုက်တန်သော ဆုများဖြစ်တယ်လို့လည်း သိပြီးဖြစ်တယ်။

သည်ဆုများဟာ ထိုက်တန်သူသာ ရခွင့်ရှိတယ်၊ မထိုက်တန်သူရခွင့် မရှိဘူး၊ ဆုနှင့်ထိုက်တန်သူဖြစ်အောင် မိမိတို့ဟာကြိုးစားကြရမယ်၊ ကြိုးစားလို့အောင်မြင်လျှင် ထိုက်တန်သောဆုကိုရမယ်၊ ဆုကိုတော့ရချင်တယ်၊ ထိုက်တန်အောင်တော့ မကြိုးစားချင်ဘူး၊ သည်တော့ ဘာလုပ်သလဲ၊ သူများအောင်သလိုအောင်အောင်၊ သူများဖြေပြီးသားအဖြေကိုခိုးချတယ်၊ သို့မဟုတ် စောစောက မေးခွန်းရအောင်လုပ်ပြီး စာအုပ်ထဲကခိုးချတယ်၊ ခိုးချတဲ့အတွက် အောင်သွားပြီ၊ အောင်တဲ့အတွက် ဆုလာဘ်တွေရသွားပြီ။

ကဲ–စာမေးပွဲခိုးဖြေသူကို ဒုတိယပါရာဇိကသိက္ခာပုဒ် အင်္ဂါ ငါးချက်နှင့် တိုက်ကြည့်ကြဦးစို့။

၁။ သူရလာတဲ့လာဘ်ဟာ လူရဲ့ပစ္စည်းမဟုတ်လား၊ ဟုတ်တယ်။

၂။ အဲဒီပစ္စည်းကို သူတစ်ပါးရဲ့ပစ္စည်းရယ်လို့ သူမသိဘူးလား၊ သိတယ်။

၃။ ပါရာဇိကကျလောက်သော (ရွှေတစ်မတ်သား) တန်ဖိုးရှိသလား၊
ဒါတော့ မသိသေးဘူး ဘုရား။

၄။ ခိုးလိုစိတ်ကော ရှိသလား၊ ရှိတယ်။

၅။ ခိုးကော ခိုးသလား၊ (ခိုးပြီး ဖြေတာဟုတ်ပါတယ်)

ဒုတိယ ပါရာဇိကအင်္ဂါ ငါးချက်နှင့်ညှိလိုက်တော့ ၃–နံပါတ် အင်္ဂါတစ်ချက်မျှသာ နည်းနည်းထစ်နေတယ်၊ ဒါကြောင့် စာမေးပွဲခိုးဖြေသောရဟန်းကို ဝိနိစ္ဆယ ချရမယ်ဆိုလျှင်–

"ပဉ္စမာသကေ ဝါ အတိရေကပဉ္စမာသကေ ဝါ ပါရာဇိကံ'ဆိုတဲ့ ကင်္ခါဝိတရဏီ အဋ္ဌကထာအရ ရွှေစင် ၅–ပဲ၊ ၅–ပဲထက်လွန်သော် ပါရာဇိက လို့ ချရတယ်။

"အတိရေကမာသကေ ဝါ ဦနပဉ္စမာသကေ ဝါ ထုလ္လစ္စယံ' လို့ ဆိုတဲ့အတိုင်း ရွှေစင်တစ်ပဲထက်အလွန် ၅–ပဲအောက်ယုတ်သောဆု ဖြစ်ခဲ့သော် ထုလ္လစည်းအာပတ်လို့ ချရမယ်"

"မာသကေ ဝါ ဦနမာသကေ ဝါ ဒုက္ကဋံ'လို့ဆိုတဲ့အတိုင်း ရွှေစင်တစ်ပဲ၊ တစ်ပဲအောက် ယုတ်သောဆုဖြစ်ခဲ့သော် ဒုက္ကဋ်အာပတ်လို့ ဆုံးဖြတ်ချက် ချရလိမ့်မယ်ကွယ့်"

"သည်လိုဆို စာမေးပွဲခိုးဖြေခြင်းဟာ တော်တော်ကြောက်စရာ ကောင်းပါလားဘုရာ့"

"ကြောက်စရာကောင်းတာတော့ ပြောစရာမရှိတော့ပါဘူး၊ ဘာမျှမပြောလောက်တဲ့ ဆုလာဘ်ကလေးအတွက်နှင့် အလွန်မွန်မြတ်တဲ့ သာသနာတော်က ဆုံးရှုံးရတာပဲ၊ ရဟန်းငယ်များအလွန်သတိထားစရာကောင်းတယ်၊ ပါရာဇိကကျတယ်၊ ပါရာဇိကကျတယ်ဆိုတာ ရဟန်းဘဝနှင့်နေသမျှ အပြစ်ဖြစ်နေတာပဲ၊ ကံထပ်လို့လဲ ရဟန်းပြန်မဖြစ်ဘူး၊ လူဝတ်ချွတ်ပြီး သိမ်ပြန်တက်လို့လည်း ရဟန်းပြန်မဖြစ်တော့ဘူး၊ သာသနာတော်က အပြီးအပြတ် နှင်ထုတ်ခံရခြင်းမျိုးဖြစ်တယ်၊ ဒါကြောင့် စာမေးပွဲဖြေဆိုခါနီးမှာ စာမေးပွဲအောင်ခြင်း, မအောင်ခြင်းဟာ ပဓာနမဟုတ်ဘူး၊ မိမိတတ်သိလိမ္မာခြင်းက ပဓာန၊ ငါဟာကြိုးစားသလောက်

ကြိုးစားထားပြီးပြီ၊ သိသင့်သလောက် သိထားပြီ၊ စာမေးပွဲအောင်ချင်အောင် မအောင်ချင်နေ၊ ငါ့ရဲ့စွမ်းရည် သန့်သန့်ဖြင့် ငါဖြေဆိုမယ်၊ ငါ့ရဲ့ဘဝမှာ အငြိအစွန်းအထိ မခံဘူးလို့ သတိကြီးကြီးထားပြီး ဖြေဆိုကြဖို့ တိုက်တွန်းလိုက်ပါတယ်ကွယ်”

“မှန်ပါ–သာဓုပါဘုရား၊ သာဓု–သာဓု”

**မှတ်ချက်**။ ။၁၉၅၉–ခု၊ ဩဂုတ်လ ၂၈ ရက်နေ့ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့မှ ထုတ်ပြန်သော ‘ကုဋ္ဌမ္မာ ဝဟာရ ဝိနိစ္ဆယစာတမ်း’ ကိုလည်း ဖတ်ရှုလေ့လာစေလိုပါကြောင်း၊ ‘စာမေးပွဲမသမာဖြေစာရင်း’ ကိုလည်း သာသနာရေးဦးစီးဌာနမှ နှစ်စဉ် ထုတ်ပြန်လျက်ရှိပါသည်။



# ရဟန်းယောင်တပေးသော ပြဿနာများ

"ယခုလျှောက်ထားချင်တာကတော့ လူသားလောကနှင့်မဆိုင်ဘူး၊ တပည့်တော်များ ရဟန်းတော်များ လောကသက်သက်ပဲပါဘုရား"

"အင်း–ဆိုစမ်းပါဦးကွယ့်"

"တပည့်တော် ခရီးလှည့်ရင်း ရွာတစ်ရွာကိုရောက်သွားတော့ အဲဒီရွာ ကျောင်းထိုင်ကိုယ်တော် အမှုဖြစ်နေတာနှင့် တွေ့ကြုံခဲ့ရပါတယ်ဘုရား"

"ဘယ်လိုဖြစ်နေတာတုန်း"

"အမှုကတော့ ဝက်သေမှုဘုရား၊ ကျောင်းရဲ့အနီးအပါးမှာ ဒကာ တစ်ယောက်က ဝက်တွေမွေးထားတယ်၊ ဝက်မွေးထားပြီး ဝက်တွေကို ကောင်း ကောင်းမစောင့်ရှောက်ဘဲ ပေါက်လွှတ်ပစ်ထားတော့ ဝက်တွေဟာ မကြာမကြာ ကျောင်းထဲရောက်လာပြီး ကျောင်းဝင်းထဲက စိုက်ပျိုးထားတဲ့ သစ်ပင်ကလေး များကို ဖျက်ဆီးပစ်တတ်သတဲ့ဘုရား၊ တစ်ရက်တော့ ကျောင်းဝင်းအတွင်း ဝင်ရောက်လာတဲ့ဝက်ကို ကျောင်းထိုင်ကိုယ်တော်က ကျောင်းပေါ်ကဆီးပြီး ကျောက်ခဲနဲ့ ပစ်ပေါက်လိုက်တာ ချက်ကောင်းထိမှန်ပြီး ဝက်သေဆုံးသွားတော့ ကျောင်းထိုင်ကိုယ်တော်လည်း ဘာလုပ်ရမှန်းမသိဘဲ အနီးရှိတာနှင့် ဆွဲအုပ်ထား လိုက်တယ်၊ ဒါကို ရွာသားတွေ တစ်ယောက်စကား တစ်ယောက်ကြားတဲ့ပြီး ဝက်ပိုင်ရှင်က ကျောင်းထိုင်ကိုယ်တော်ကို ပါရာဇိက အာပတ်နဲ့စွပ်စွဲလို့ အမှု ဖြစ်ကြတာ၊ ဒီကိစ္စနဲ့ ပက်သက်ပြီး တပည့်တော်သိချင်တာ အဲဒီကိုယ်တော် ဘယ်အာပတ်နဲ့ ဆုံးဖြတ်မယ်ဆိုတာပါဘုရား"

"သည်ကိစ္စကို သည်မျှလောက်ထားရုံနှင့် မပြည့်စုံဘူး၊ ဝက်သတ်မိတဲ့ ကိုယ်တော်ဟာ ဘယ်လိုစိတ်နှင့် ဝက်ကိုသတ်တာလဲ"

(၁) ခိုးလိုတဲ့စိတ်နှင့် သတ်မိသလား၊

(၂) ဝက်ကို သေစေလိုတဲ့စိတ်နှင့် သတ်မိသလား၊

(၃) ကျောင်းဝင်းအတွင်းက ထွက်ခွာစေလိုတဲ့စိတ်နဲ့ မောင်းရင်းသတ်မိ သလား

ဆိုတာတွေကို စုံစမ်းစစ်ဆေးဖို့ ကျန်နေသေးတယ်၊ အကယ်၍ (၁) ခိုးယူလိုသော စိတ်ဖြင့် သူသတ်တယ်ဆိုလျှင် 'ပါရာဇိက ရှေး ဒုက္ကဋ်ပြေး'ဆိုတဲ့ အတိုင်း ဒုက္ကဋ်အာပတ်ဖြင့် ဦးစွာဆုံးဖြတ်ရလိမ့်မယ်၊ ခိုးယူလိုသောစိတ်ဖြင့် သတ်ပြီး ဝက်သေကို တည်ရာက မပြောင်းရွှေ့တဲ့အတွက် ခိုးခြင်းကိစ္စ မပြီးမြောက် သေးဘူး၊ ဒါကြောင့် ပါရာဇိကဖြင့်မဆုံးဖြတ်ဘဲ ဘဏ္ဍာစားပေးစေလို့သာ ဆုံးဖြတ်သင့်တယ်၊ (၂) ခိုးယူလိုသောစိတ်ဖြင့် မဟုတ်ဘဲ သေစေလိုသော စိတ်ဖြင့် သတ်ခဲ့လျှင် ဝက်သေခြင်းကြောင့် ပါစိတ်အာပတ်ဖြင့် ဆုံးဖြတ်ပြီး ဝက်သေကို ထိန်ဝှက်ဖုံးအုပ်ထားခြင်းကြောင့် ဘဏ္ဍာစားပေးစေလို့ပင် ဆုံးဖြတ် ရပေလိမ့်မယ်၊ (၃) ကျောင်းဝင်းအတွင်းက ထွက်သွားစေလိုတဲ့စိတ်ဖြင့် ခြောက်လှန့်တာဆိုလျှင်တော့ တစ်စုံတစ်ခုသောအာပတ်နှင့်မျှ မပတ်သက်ဘဲ ဝက်သေကို ထိန်ချန်မိတဲ့အတွက် ဘဏ္ဍာစားပေးစေလို့ပင် ဆုံးဖြတ်ရမယ်ကွယ့်"

"မှန်ပါ–သည်အဆုံးအဖြတ်ကို တပည့်တော် သဘောကျပါပြီဘုရား၊ ဒါပေမယ့် ကျောင်းထိုင်ကိုယ်တော်ဟာ ဝက်ကို ခိုးလိုသောစိတ်ဖြင့် သတ်ပြီး ဝက်သေကို ရွှေ့ပြောင်းထားလျှင်ကော ဝိနည်းမိုရ်တစ်ဦးအနေဖြင့် ဘယ်အာပတ် ဖြင့် ဆုံးဖြတ်သင့်ပါသလဲဘုရား"

"ဝက်သေကိုယူဆောင်ဖို့ သွားခဲ့လျှင် ခြေလှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့် တယ်၊ ဝက်သေကိုသုံးသပ်ခဲ့လျှင်လည်း ဒုက္ကဋ်အာပတ်သင့်ပြန်တယ်၊ ပါရာဇိက ထိုက်တဲ့ ဝတ္ထုကို တုန်လှုပ်သွားစေလျှင် ထုလ္လစ္စည်းအာပတ်သင့်တယ်၊ တည်ရာက ရွှေ့စေလျှင် ပါရာဇိကကျတယ်ကွယ့်"

"ပါရာဇိကထိုက်တဲ့ ဝက်သေဆိုတာလည်း မိန့်တော်မူပါဦး"

"ပါရာဇိကထိုက်တယ်ဆိုတာ ပစ္စည်းကိုခိုးယူတိုင်း ပါရာဇိကမကျပါဘူး၊ ပါရာဇိကကျလောက်တဲ့ ဝတ္ထုကိုခိုးယူမှ ပါရာဇိကကျတယ်၊ ပါရာဇိကကျလောက်တဲ့ဝတ္ထုဆိုတာက ရွှေစင်ငါးပဲသား(သို့မဟုတ်) တစ်မတ်တန်တဲ့ဝတ္ထု၊ တစ်မတ်ထက်တန်ဖိုးမြင့်တဲ့ဝတ္ထုဖြစ်တယ်၊ ဝက်သေဟာ ရွှေစင်တစ်မတ် (သို့မဟုတ်) ငါးပဲ, ငါးပဲထက်အဖိုးထိုက်လျှင် ပါရာဇိက၊ တစ်ပဲ, တစ်ပဲအောက်သာ တန်ဖိုးရှိလျှင် ထုလ္လစ္စည်းအာပတ်သင့်တယ်ကွယ့်"

"ရွှေစင်ဆိုတာ ရွှေအစစ်ကိုဆိုလိုတာလား၊ စပ်ထားတဲ့ ကာရက်ရွှေမျိုးကို ဆိုတာလားဘုရား"

"ဒီနေရာမှာ ရွှေစင်လို့ သုံးသော်လည်း ရွှေအစစ်မဟုတ်ပါဘူး၊ စပ်ထားတဲ့ ရွှေမျှသာ ဖြစ်တယ်ကွယ့်"

"စပ်ထားတဲ့ရွှေဆိုတာ ဘယ်လိုစပ်ထားသလဲ၊ ရွှေတစ်ကျပ်သားမှာ ခေတ်တန်ဖိုးနဲ့ ဘယ်လောက်တန်မလဲဆိုတာလည်း မိန့်တော်မူပါဦးဆရာတော်"

"စပ်ထားတဲ့ရွှေစင်ကို နီလကဟာပဏလို့ခေါ်သကွယ့်၊ နီလကဟာပဏ စပ်ပုံက ရွှေစစ်တစ်မတ်, ငွေစစ်တစ်မတ်, ကြေးနီနှစ်မတ်၊ ယင်းတစ်ကျပ်သားကို အရည်ကျို၊ အရောင်အဆင်းကောင်းအောင် အချိန်တစ်စပါးလောက်ရှိ၍ သံကောင်းကောင်းကိုထည့်၊ အားလုံးပြန်သွန်တဲ့အခါ လေးမတ် (သို့မဟုတ်) တစ်ကျပ်သားပဲကျန်တယ်၊ အဲဒီရွှေစင် တစ်ကျပ်သားအပေါ်မှာ အရုပ်စတဲ့ အမှတ်တံဆိပ်ခတ်ထားတယ်၊ ယခုခေတ် ရွှေဒင်္ဂါးများလိုပေါ့၊ အဲဒီလို အမှတ်တံဆိပ်ခတ်ထားတဲ့ ရွှေစင်တစ်ကျပ်သားကို နီလကဟာပဏလို့ ခေါ်တယ်၊ နီလကဟာပဏဟာ ရွှေအစစ်မဟုတ်ဘူး၊ ရွှေစစ်လေးပုံတစ်ပုံမျှသာ ပါဝင်တယ်၊ ကမ္ဘာပေါ်မှာ ရွှေဈေးဟာ မတည်ငြိမ်ဘူး၊ အတက်ဈေး အကျဈေးရှိနေတယ်၊ တစ်နေရာနှင့်တစ်နေရာလည်း ဈေးချင်းမတူညီဘူး၊ သူ့ကာလ သူ့ဌာနအားလျော်စွာ ရွှေဈေး–ကြေးဈေး–ငွေဈေးတို့နှင့် တန်ဖိုးဖြတ်လို့ အာပတ်ကို ဆုံးဖြတ်ရလိမ့်မယ်၊ ဒါကြောင့် ကင်္ခါဋီကာသစ်မှာ–

ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ၊ အဂ္ဃံ ပရိဘောဂပဉ္စမံ။

တုလယိတွာ ပဉ္စဋ္ဌာနာနိ၊ ဓာရေယျတ္ထံ ဝိစက္ခဏော–

လို့ ပြထားတာပေါ့ကွယ်"

"မှန်ပါ–အဲဒီဂါထာရဲ့ အဓိပ္ပာယ်က ဘယ်လိုပါတဲ့လဲဘုရား"

"ဂါထာရဲ့အဓိပ္ပာယ်က ခိုးမှုကိုဆုံးဖြတ်မယ်ဆိုလျှင် ခိုးအပ်သောဝတ္ထု, ခိုးသောကာလ, ခိုးယူသောဒေသ, ပစ္စည်းတန်ဖိုး, သုံးဆောင်ပြီး ဟုတ်မဟုတ်–သည်အချက်ငါးချက်နှင့် နှိုင်းချိန်ပြီးမှ ဆုံးဖြတ်ရမယ်လို့ ဆိုလိုတာပေါ့ကွယ်၊ ဒုတိယ ပါရာဇိကအာပတ်ဟာ အလွန်သိမ်မွေ့သကွယ့်"

## အန္တိမရောက် ရဟန်းယောင်

"မှန်ပါ–သည်လောက်ဆိုလျှင် ဝက်သေမှုပြဿနာနဲ့ပတ်သက်ပြီး ဝိနည်းအဆုံးအဖြတ်ဟာ ရှင်းလင်းသလောက် ဖြစ်သွားပါပြီဘုရား၊ ကြုံတုန်း ဒီပြဿနာနဲ့ တစ်ဆက်တည်း ခေါင်းထဲပေါ်လာတဲ့ ပြဿနာတစ်ရပ်ကို လျှောက်ထားပါရစေ ဘုရား"

"ဘယ်လိုပြဿနာလဲကွယ့်"

"ပြဿနာက ရဟန်းဖြစ်တဲ့ပုဂ္ဂိုလ်ဟာ လေးပါးသော ပါရာဇိကအနက် တစ်ပါးပါးသော ပါရာဇိကအာပတ်ကို ကျူးလွန်တဲ့အတွက် သာသနာတော်က ဆုံးရှုံးခြင်းဆိုတဲ့ ပါရာဇိကရောက်သွားပြီဆိုပါတော့ ဘုရား၊ ပါရာဇိကရောက်သွားပြီးတဲ့နောက် သူ့အပြစ်ကို ရိုးသားစွာ သူဝန်ခံပြီး လူထွက်သွားလျှင် ဘာမှပြဿနာမဖြစ်ဘူးပေါ့ဘုရား၊ အကယ်၍ လူလည်းမထွက်ဘဲ (ဝိနည်းမိုရ်အဖွဲ့အစည်းက စစ်တာမှာလည်း ဝန်မခံဘဲ အယောင်ဆောင်နေခဲ့သော် အဲဒီပုဂ္ဂိုလ်တစ်ဦးကပေးတဲ့ ပြဿနာဟာ သာသနာတော်အဖို့လည်း မကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်နေကြတဲ့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကိုလည်း မထေမဲ့မြင်ပြုရာရောက်တာပေါ့ဘုရား၊ အဲဒီပုဂ္ဂိုလ်ဟာ သာသနာတော်မှာ နေမြဲတိုင်းနေမယ်၊ ပြုမြဲတိုင်းပြုမယ်တဲ့၊ အကယ်၍) သူကိုယ်တိုင်ဆရာလုပ်ပြီး သာမဏေပြုပေးလျှင် သူ့တပည့်သာမဏေလောင်းဟာ သာမဏေစစ်ဖြစ်မဖြစ်၊ သူကဆရာလုပ်ပြီး ရဟန်းခံပေးလျှင် သူ့တပည့်ရဟန်းလောင်းဟာ ရဟန်းစစ် ဖြစ်မဖြစ် စတဲ့ပြဿနာကိုလည်း ဆရာတော် ဖြေပေးတော်မူပါဦး ဘုရား"

"အေး–အဲဒီပြဿနာကတော့ အတော်ကြီးလေးတဲ့ ပြဿနာပဲကွယ့်၊ အတိအကျ အဖြေရေးသားထားတာတွေလည်း မှတ်မှတ်ရရ မကြည့်မိဘူး၊

သဘောအရ ဖြေရမယ်ဆိုလျှင် ပါရာဇိကရောက်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ရဟန်း မဟုတ်တော့ဘူး၊ ရဟန်းမဟုတ်သူကပြုပေးတဲ့ သာမဏေဟာလည်း သာမဏေ စစ်မဖြစ်ဘူး၊ ရဟန်းမဟုတ်သူက ပြုပေးတဲ့ရဟန်းဟာလည်း ရဟန်းစစ် မဖြစ်ဘူး၊ ယုတ္တိပြပါဆိုလျှင် ပါရာဇိကရောက်ပြီးသူဟာ မီးလောင်ပြီးတဲ့ သစ်စေ့နှင့်တူတယ်၊ မီးလောင်ပြီးသောသစ်စေ့ဟာ အပင်မပေါက်နိုင်သလို ပါရာဇိကရောက်ပြီး သူဟာလည်း ရှင်စစ် ရဟန်းစစ်ဆိုတဲ့အပင်ဟာ မပေါက် နိုင်ဘူးလို့ ဖြေဆိုရလိမ့်မယ်၊ သို့သော်လည်း ဝိနည်းတရားဆိုတာ အာဏာ ဒေသနာတော်မို့ သုတ္တန်တရား အဘိဓမ္မာတရားတို့လို သဘောကြည့်ပြီး ဖြေဆိုလို့ မမှန်ဘူး၊ ဒါကြောင့် သဘောအရဖြေဆိုချက်ကို ဘေးဖယ်ထားပြီး ဝိနည်းတော်က ဘယ်လိုမိန့်သလဲဆိုတာသိရအောင် ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာဂဏ္ဌိကျမ်းများကို စိစစ်ကြည့်ကြရမယ်၊ အဲဒီလို စိစစ်တဲ့အခါ ရှေးဦးစွာ ဝိနည်းမဟာဝါ မဟာခန္ဓကကို စိစစ်ကြည့်လိုက်တော့ ရှေးဦးစွာ ဗုဒ္ဓဘုရားရှင်ဟာ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းအနီး ဗောဓိပင်ရင်းမှာ သစ္စာလေးပါးကိုသိလို့ ဘုရားဖြစ်တော်မူတယ်၊ ဘုရားဖြစ်တော်မူပြီးနောက် ခုနစ်ရက် ခုနစ်လီ သတ္တ သတ္တာဟ အဆင့်ဆင့် စံနေတော်မူတယ်”

“နောက်ဆုံး ရာဇာယတနခေါ်တဲ့ လင်းလွန်းပင်ရင်းမှာ ခုနစ်ရက်စံနေ တော်မူပြီးနောက် လင်းလွန်းပင်ရင်းက အဇပါလခေါ်တဲ့ ဆိတ်ကျောင်း ညောင်ပင်ရင်းကို ကြွရောက်သီတင်းသုံးတော်မူရင်း ‘ငါသိတဲ့တရားဟာ ခက်ခဲ နက်နဲတယ်၊ သာမန်ပုဂ္ဂိုလ်တို့ ဉာဏ်သက်ဝင်ဖို့ခဲယဉ်းတယ်၊ သတ္တဝါတွေဟာ အလွန် ကိလေသာထူပြောကြတယ်၊ ကာမဂုဏ်ညွန်အိုင်အတွင်းမှာ နစ်မြုပ်နေ ကြတယ်၊ ဒီသတ္တဝါတွေကို တရားဟောသော်လည်း ငါ့တရားကို နားမလည် ခဲ့လျှင် ငါသာ ပင်ပန်းရုံဖြစ်လိမ့်မယ်’လို့ သတ္တဝါများအပေါ် တရားဟောဖို့ စိတ်မညွှတ်ဘဲ ကြောင့်ကြမဲ့နေဖို့သာ စိတ်ညွှတ်တော်မူတယ်၊ ဒီအခါ သဟမ္ပတိ ဗြဟ္မာမင်းဟာ ဘုရားရှင်ရဲ့အကြံတော်ကို မိမိစိတ်ဖြင့်သိတဲ့အတွက် ဗြဟ္မာ့ ပြည်ကအမြန်လာပြီး တရားဟောရန် တောင်းပန်သတဲ့၊ ဒီအခါမှ ဘုရားရှင်က တရားဟောဖို့ ဝန်ခံတော်မူပြီး၊ ဗုဒ္ဓစက္ခုဖြင့် လောကကိုကြည့်တော်မူတယ်၊ ရှေးဦးစွာ ကာလာမအနွယ်ဖြစ်တဲ့ အာဠာရ ရသေ့ကို မြင်တော်မူတယ်၊ သို့သော် လည်း အဲဒီအချိန်မှာ အာဠာရ ရသေ့ ကွယ်လွန်တာ ခုနစ်ရက်ရှိသွားပြီဖြစ်လို့

ရာမရဲ့သား ဥဒကရသေ့ထံ စိတ်ညွတ်တော်မူပြန်တယ်၊ ဥဒကရသေ့ဟာလည်း ယမန်နေ့ကပင် ကွယ်လွန်သွားကြောင်း သိမြင်တော်မူလို့ ပဉ္စဝဂ္ဂီ ငါးဦးတို့ရှိရာ မိဂဒါဝုန်တောကိုကြွပြီး ဓမ္မစကြာတရား ဟောကြားတော်မူပြန်တယ်။

ပဉ္စဝဂ္ဂီတို့ဟာ တရားတော်ကို နာကြားရတဲ့အတွက် အသိဉာဏ်ပေါက်ပြီး အားလုံး ဧဟိဘိက္ခု ရဟန်းများဖြစ်ခဲ့ကြတယ်၊ အဲဒီနောက် ဗာရာဏသီ သူဌေးသား ယသနှင့် သူငယ်ချင်း ငါးကျိပ်လေးယောက်တို့ ရဟန်းဖြစ်ကြပြန်တယ်၊ အားလုံးပေါင်းလိုက်လျှင် ပဉ္စဝဂ္ဂီ ငါးပါးရယ်, ယသရယ်, သူငယ်ချင်း ငါးကျိပ်လေးယောက်ရယ် ရဟန္တာပေါင်း ခြောက်ဆယ်ရှိသွားပြီ၊ ဒီရဟန္တာခြောက်ဆယ်တို့ဟာ အားလုံး ဧဟိဘိက္ခုရဟန်းတွေချည်းပဲ၊ ဣသိပတန မိဂဒါဝုန်တောမှာ ပထမဝါကပ်ဆိုစဉ် တရားသိမြင်သွားကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြတယ်၊ ဝါလကျွတ်တော့ ဘုရားရှင်က ရဟန္တာခြောက်ကျိပ်တို့ကို ခေါ်တော်မူပြီး 'ရဟန်းတို့၊ ငါဟာ တဏှာညွတ်ကွင်းမှ ကင်းလွတ်ခဲ့ပြီ၊ သင်တို့လည်း ကင်းလွတ်ကြပြီ၊ သတ္တဝါတွေဟာ တဏှာညွတ်ကွင်းမှာမိနေကြတယ်၊ သင်တို့ဟာ အရပ်ရှစ်မျက်နှာမှာ ဒေသစာရီလှည့်လည်ကြပြီး တဏှာကျော့ကွင်းမိနေကြတဲ့ သတ္တဝါတွေကို ကယ်တင်ကြ၊ ဉာဏ်မျက်စိရှိကြတဲ့ သတ္တဝါတွေဟာ အမှန်တရားကို မနာကြားရတဲ့အတွက် မဂ်ဖိုလ်က ဆုံးရှုံးနေကြရှာတယ်၊ တရားတော်ကိုဟောပြခဲ့လျှင် အမှန်ကိုသိတဲ့ပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာလိမ့်မယ်' လို့ မိန့်တော်မူပြီး သာသနာပြု စေလွှတ်တော်မူလိုက်တယ်။

ရဟန္တာအရှင်မြတ်များဟာ အမိန့်တော်အတိုင်း အရပ်အသီးသီး ဒေသစာရီ ကြွချီတော်မူကြပြီး တရားဓမ္မဟောပြတော်မူတဲ့အတွက် ရှင်ဖြစ်လို ရဟန်းဖြစ်လိုတော်မူကြတဲ့ပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာခဲ့လျှင် ရဟန္တာအရှင်မြတ်များဟာ ရှင်လောင်း ရဟန်းလောင်းများကို ဘုရားရှင်ထံ ခေါ်ဆောင်လာကြတယ်၊ ဒီလို ခေါ်ဆောင်လာကြတဲ့အတွက် ရဟန္တာများရော, ရှင်လောင်း ရဟန်းလောင်း များရော အလွန် ပင်ပန်းကြတယ်၊ ဒီအကြောင်းကို ဘုရားရှင်သိတော်မူလို့ 'ရဟန်းတို့ ယခုအခါ သင်တို့ကိုယ်တိုင်သာလျှင် ထိုထိုအရပ် ထိုထိုဇနပုဒ်တို့မှာ ရှင်ရဟန်းပြုပေးကြ၊ ရဟန်းတို့ ဤသို့ ရှင်ရဟန်းပြုပေးကြရမယ်။

(၁) ရှေးဦးစွာ ဆံ, မုတ်ဆိတ်တို့ကို ပယ်ကြရမယ်၊

(၂) ထို့နောက် သင်္ကန်းတို့ကို လက်ဝဲတစ်ဘက် ပခုံးထက်မှာ ကိုယ်

ဝတ်စံပါယ် တင်ပေးရမယ်၊

(၃) ထို့နောက် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီစေပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–

အစရှိတဲ့ သရဏဂုံကို ရွတ်ဆိုစေခြင်းဖြင့် ရှင်အဖြစ်, ရဟန်းအဖြစ် ပြုပေးကြရမယ်’လို့ မိန့်ဆိုတော်မူတယ်၊ အဲဒီမိန့်ဆိုချက်အတိုင်း ပထမဦးစွာ ရှင်ပြုခြင်း, ရဟန်းခံခြင်းများဟာ သရဏဂုံကိုရွတ်ဆိုနေခြင်းမျှသာဖြစ်တယ်၊ နောင်အခါ ရာမပုဏ္ဏား သာသနာတော်အတွင်း ဝင်ရောက်ချိန်မှာ ဘုရားရှင်က သရဏဂုံ သုံးပါးမျှနှင့် ရဟန်းခံခြင်းကိစ္စကို ပယ်ဖျက်တော်မူပြီး ဉတ္တိစတုတ္ထကံဖြင့် ရဟန်းခံဖို့ခွင့်ပြုတော်မူခဲ့တယ်၊ အခုပြောခဲ့တာက ရှင်ပြုမှု ရဟန်းခံမှုရဲ့ အခြေခံ နိဒါန်းပေါ့ကွယ်၊ ဒီအခြေခံနိဒါန်းမှာ သာမဏေစစ်ဖြစ်မှုအတွက်–

(၁) ပထမ ဆံ, မုတ်ဆိတ်တို့ကို ပယ်ရမယ်၊

(၂) ဒုတိယ လူဝတ်ကိုချွတ်ပြီး သင်္ကန်းဝတ်ပေးရမယ်၊

(၃) တတိယ ဆရာချပေးတဲ့ သရဏဂုံကို ရွတ်ဆိုရမယ်–

သည်အင်္ဂါသုံးချက် ပြည့်စုံလျှင် သာမဏေစစ်ဖြစ်နိုင်တယ်၊ သည်အင်္ဂါသုံးပါး အနက် ဆံ,မုတ်ဆိတ် ပယ်ရိတ်ခါနီးလျှင် သံဃာကို ပန်ကြားရမယ်၊ ပန်ကြားရခြင်းအကြောင်းက–

ဘုရားရှင်လက်ထက်တော်ကာလက ရွှေပန်းထိမ်သည်ရဲ့သားဟာ မိဘတို့ကို အသိမပေးဘဲ ဘုန်းကြီးကျောင်းကိုလာပြီး သာမဏေဝတ်တယ်၊ မိဘများက ကျောင်းကိုလာပြီး သည်လိုပုံသဏ္ဍာန် ကလေးတစ်ယောက် ကျောင်းကို မလာဘူးလားလို့ ရဟန်းတော်များကိုမေးတော့ ရဟန်းတော်များက မသိတဲ့အတွက် မမြင်ဘူးလို့ပြောကြတယ်၊ နောက် သူတို့ဘာသာလိုက်ရှာကြတော့ တွေ့သွားတဲ့အတွက် ရဟန်းတွေဟာ လိမ်တတ်တယ်လို့ ကဲ့ရဲ့ကြတာကိုးကွယ့်၊ ဒါကြောင့် ဘုရားရှင်က ဆံချကာနီး သံဃာ့ထံပန်ကြားရမယ်လို့ ပညတ်တော်မူရတယ်၊ ထင်ထင်ရှားရှား ဝတ်တာမျိုးကျတော့ မပန်ကြားလည်း ကိစ္စမရှိပါဘူး၊ ဒါယကာများ သူတို့ဘာသာ ဆံချပေးလျှင်လည်း ခွင့်ပန်ဖို့မလိုပါဘူး၊ သံဃာတော်တွေ များလွန်းလို့ ပန်ကြားဖို့ခက်လျှင်လည်း မပန်ကြားဘဲ ခဏ္ဍသိမ် အတွင်းမှာ ဆံချနိုင်တယ်။

## အဋ္ဌကထာ ဋီကာ ဂဏ္ဌိတို့၏ အဆိုများ

ဒီအင်္ဂါသုံးပါးနှင့်ပတ်သက်ပြီး မဟာဝါ မဟာခန္ဓက အဋ္ဌကထာ ၁၄၈–၂၅၁–တို့ရဲ့ ဖွင့်ဆိုပုံကိုလည်း အကျဉ်းချုပ်ပြောပြဦးမယ်၊ ပထမအင်္ဂါအရ သာမဏေလောင်းကို ဆံ, မုတ်ဆိတ်ပယ်ပြီးလျှင် ဒုတိယအင်္ဂါအရ သင်္ကန်း ဝတ်ပေးရမယ်၊ သင်္ကန်းဝတ်ပေးရာမှာ ဆရာကိုယ်တိုင်ဝတ်နိုင်လျှင် ဝတ်ပေး၊ ကိုယ်တိုင်ဝတ်ပေးဖို့ မအားလပ်လျှင် 'ဧကော ဒဟရဘိက္ခု ဝတ္တဗ္ဗော ဧတံ ပဗ္ဗာဇေတိ' ဆိုတဲ့အတိုင်း ရဟန်းငယ်ကိုသော်လည်း သူ့ကို သင်္ကန်းဝတ်ပေး လိုက်လို့ခိုင်းနိုင်တယ်၊ ရဟန်းငယ်ကိုသာမဟုတ်ဘူး၊ သင်္ကန်းကိုကောင်းစွာ ဝတ်ပေးတတ်တဲ့ သာမဏေများ, ဒါယကာများကိုလည်း ခိုင်းနိုင်တယ်၊ သာမဏေလောင်းကိုယ်တိုင် သင်္ကန်းဝတ်တတ်လျှင်လည်း မင်းဘာသာဝတ်လို့ ခိုင်းနိုင်တယ်၊ ဒီနေရာမှာ သတိပြုစရာက ရဟန်းကဝတ်ခိုင်းလို့ဝတ်တာမဟုတ် ဘဲ ကိုယ့်ဘာသာတော့ဖြင့် သင်္ကန်းမဝတ်ကောင်းဘူး၊ သင်္ကန်းဝတ်ပေးပြီးလျှင် 'သရဏာ နိပန သယံ ဒါတဗ္ဗာနိ'လို့ဖွင့်ဆိုတဲ့အတိုင်း သရဏဂုံပေးရာမှာတော့ ဆရာကိုယ်တိုင် ပေးရမယ်တဲ့၊ ဒီနေရာမှာ 'အထသ ဥပဇ္ဈာယေန ဝါ အာစရိယေန ဝါ'လို့ ပြထားတဲ့အတွက် ဥပဇ္ဈာယ်ဆရာဖြစ်စေ၊ နိဿရည်း ဆရာဖြစ်စေ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–စသောနည်းဖြင့် သရဏဂုံကို အစဉ်အတိုင်း ပေးကြရမယ်တဲ့၊ အစဉ်မဟုတ်သောအားဖြင့် မပေးကြရဘူးတဲ့၊ ပုဒ်တစ်ပုဒ် အက္ခရာတစ်လုံးမျှသော်လည်း အစဉ်မဟုတ်ပေးခဲ့လျှင် သရဏဂုံပေးသည် မမည်ဘူးတဲ့။

သည်နေရာမှာ အဋ္ဌကထာဆရာ အထူးပြုထားတာက ရဟန်းခံတာက ကေတောသုဒ္ဓိ–တဲ့၊ ဆရာဖြစ်သူဘက်က ဉာန်ကရိဏ်းပီသလို့ စင်ကြယ်ခဲ့လျှင် ကံအောင်မြင်သတဲ့၊ သာမဏေပြုတာကျတော့ ဥဘတောသုဒ္ဓိတဲ့၊ ဆရာရော တပည့်ရော နှစ်ပါးလုံး သရဏဂုံပီသမှန်ကန်ပါမှ သာမဏေအစစ်ဖြစ်ပါသတဲ့၊ ဒါကြောင့် သာမဏေပြုပေးတဲ့အခါ သာမဏေအစစ်ဖြစ်အောင် ဆရာရော တပည့်ရော နှစ်ပါးလုံး ဉာန်, ကရိဏ်း, ပယတ် ပီပီသသ ရွတ်ဆိုကြရမယ် တဲ့၊ နိဂ္ဂဟိတန္တ, မကာရန္တ နှစ်မျိုးဖြင့် ဆက်ရွတ်နည်း, ဖြတ်ရွတ်နည်း မှန်ကန် အောင် ရွတ်ဆိုကြရမယ်တဲ့၊ ဆရာ တပည့် နှစ်ပါးလုံး သရဏဂုံပီသလျှင်

ဉဘတောသုဒ္ဓိဖြစ်ပြီး စင်ကြယ်တဲ့သာမဏေဖြစ်သတဲ့ကွယ်။

အခုပြောခဲ့တာက သာမဏေဖြစ်မှုနှင့်ပတ်သက်ပြီး မဟာဝါ အဋ္ဌကထာ ဖွင့်ဆိုချက် အကျဉ်းချုပ်ဖြစ်တယ်၊ ဒီဖွင့်ဆိုချက်ထဲမှာ ဆရာနှင့်တပည့် သရဏဂုံ မှန်ကန်အောင် ရွတ်ဆိုမှုကို အဓိကထားပြီး ပြထားတယ်၊ ဆရာဖြစ်သူရဲ့အကျင့် သီလကိုတော့ ဖွင့်ပြမထားဘူး၊ သို့သော် ပါရာဇိကရောက်ပြီးတဲ့ပုဂ္ဂိုလ်ဟာ လူသားမဟုတ်သေးဘူး၊ ရဟန်းလည်းမဟုတ်ဘူး၊ ဒါဖြင့် ဘာလဲဆိုတော့ ဝဇ္ဇနီယပုဂ္ဂိုလ်နှစ်ကျိပ်တစ်ယောက်အတွင်းမှာ 'အန္တိမဝတ္ထုရောက်သူ'လို့ ဆိုထားတယ်၊ သူဟာ လူသားမဟုတ်တဲ့အတွက် ရဟန်းယောင်, ရဟန်းတု ဖြစ်နေတယ်၊ သူ့အပြစ်ကို သူဝန်ခံခြင်းမရှိသေးတဲ့အတွက် သူ့ကိုအခြား ရဟန်းတော်များက ရဟန်းကောင်းလို့ထင်နေကြတယ်၊ အဲဒီလိုရဟန်းကောင်း အမှတ်နှင့် ပေါင်းဖော်တဲ့အတွက် ပေါင်းဖော်သောရဟန်းမှာလည်း အာပတ် မသင့်ဘူး၊ သူ့ကိုယ်၌ကလည်း ရဟန်းအသွင်ရှိနေတဲ့အတွက် ထေယျသံဝါသက မဖြစ်ဘူး၊ ဒါမျှမကသေးဘူး၊ တစ်စုံတစ်ခုသော ကံကြီးကံငယ် ရွက်ဆောင် ရာမှာ သူက ကမ္မဝါစာကို မှန်ကန်စွာရွတ်ဖတ်နိုင်ခဲ့လျှင် အကယ်၍ အဲဒီကံဟာ သူမပါဘဲ သံဃာလည်း ပြည့်စုံလုံလောက်တယ်ဆိုလျှင် အဲဒီကံဟာမပျက်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူ့ကို အများရဟန်းက ရဟန်းလို့ မှတ်ယူနေသေးတဲ့ အတွက်ကြောင့်ပဲလို့ တေရသကဏ်ဍီကာ ဦနဝီသတိ သိက္ခာပုဒ်အဖွင့်မှာ ဆိုထားတယ်။

## လူဖတ်သော ကမ္မဝါစာ

ဒီနေရာမှာ သတိမူဖို့ပြောလိုက်ရဦးမယ်၊ မန်လည်ဆရာတော်ဘုရားက မေးပြီး မင်းကွန်းအလယ်တောရဆရာတော်ဘုရားက ဖြေဆိုတော်မူတဲ့ သတပဒိက ပုစ္ဆာဝိသဇ္ဇနာကျမ်းမှာ မန်လည်ဆရာတော်က ဘယ်လိုမေးသလဲဆိုတော့–

ကမ္မဝါရွတ်မှု၌၊ ဘိက္ခုမှ ပြည်စုံ၊ ဆိုပုံက လွန်များ၊

လူဖြစ်သူ မှန်မှန်ရွတ်က၊ ကံချွတ်မည်လား–

လို့မေးတယ်၊ မင်းကွန်းအလယ်တောရဆရာတော်က–

ကမ္မဝါရွတ်မှု၌၊ ဘိက္ခုမှ ပြည့်စုံ၊ ဆိုပုံက လွန်များ။

လူ့အသွင် သမဏ သညာကြဉ်လို့၊

ထိုသူလျှင် မှန်အောင်ရွတ်သော်လည်း၊ ကံချွတ်လောက်သား– လို့ ဖြေဆိုတော်မူတယ်၊ သည်အမေးအဖြေကို သာမန်ကြည့်ရှုခဲ့လျှင် ကမ္မဝါစာကို လူဖြစ်သူ မှန်အောင်ရွတ်ဖတ်ခဲ့ပါလျှင် ကံပျက်မည်လားလို့ မေးတော့ လူဖြစ်သူရွတ်ဖတ်လျှင် မှန်အောင်ရွတ်စေကာမူ ကံပျက်မှာပဲလို့ အဓိပ္ပာယ်ပေါက်သွားလိမ့်မယ်၊ အဖြေကဗျာကို အသေအချာကြည့်ရှုခဲ့လျှင် 'သမဏသညာကြဉ်လို့' ဆိုတဲ့ စကားအထူးကိုတွေ့ရလိမ့်မယ်၊ အဲဒီစကားအထူးကြောင့် ရဟန်းလို့ မမှတ်သားနိုင်တဲ့ လူသားဖြစ်သူ ကမ္မဝါဖတ်တဲ့အတွက် ကံပျက်တာမှန်သော်လည်း ရဟန်းအမှတ်အသားရှိနေသေးတဲ့ ပါရာဇိကကျပြီးသောသူ ကမ္မဝါစာ ဖတ်ခဲ့လျှင် ကံမပျက်ဘူးတဲ့ကွယ်။

ဒီအဖြေကို မင်းကွန်းအလယ်တောရ ဆရာတော်ဘုရားဟာ သူ့စိတ်ကူးနှင့် ဖြေဆိုတာမဟုတ်ဘူး၊ ဝဇီရဗုဒ္ဓိဋီကာ စာမျက်နှာ ၁၀၉–ကို ကိုးကားပြီး ဖြေဆိုထားခြင်းဖြစ်တယ်၊ ဒီနေရာမှာ ဝဇီရဗုဒ္ဓိဋီကာရဲ့ ဖွင့်ပြချက်ကို အတိုချုပ်ပြောပြဦးမယ်၊ 'ဗျတ္တေန ပဋိဗလေန ဘိက္ခုနာ သံဃော ဉာပေတဗ္ဗော'လို့ ဟောတော်မူတဲ့နေရာမှာ ရဟန်းမဟုတ်သူ ကမ္မဝါကိုရွတ်ဖတ်သော်လည်း ကံမပျက်ဘူးတဲ့၊ ဘာကြောင့် ကံမပျက်တာလဲ၊ ယုတ္တိထုတ်ပြပါဆိုလျှင်တဲ့ ရဟန်းဖြစ်ဖူးသူ ကမ္မဝါကိုရွတ်ဖတ်ခဲ့လျှင် သံဃာအများကလည်း ကမ္မဝါစာရွတ်ဖတ်သူကို ရဟန်းလို့ အမှတ်ရှိနေလျှင် ကံမပျက်ဘူးတဲ့၊ ဒီပုဂ္ဂိုလ်ဟာ ရဟန်းမဟုတ်တော့ဘူးလို့ သံဃာအများက ယူဆခဲ့လျှင်တော့ ကံပျက်သတဲ့၊ သည်စကားရပ်ဟာ ပါဠိတော် အဋ္ဌကထာကလာတဲ့ စကားတော့မဟုတ်ပါဘူး၊ ဋီကာဆရာရဲ့ အယူအဆမျှသာ ဖြစ်ပါသတဲ့။

"သံဃော ဉပသမ္ပာဒေယျ'လို့ ဟောတော်မူတဲ့အတွက် သံဃာကပင် ကမ္မဝါစာကိုရွတ်ရွတ်၊ သံဃာအတွင်းအကျုံးဝင်သော ရဟန်းကောင်းတစ်ပါးပါးကပင်ရွတ်ရွတ်၊ သံဃာအတွင်းအကျုံးဝင်တယ်လို့ ထင်မှတ်အပ်သော ပါရာဇိကရောက်ပြီးတဲ့ ပုဂ္ဂိုလ်ပင်ရွတ်ရွတ် သံဃာရွတ်တယ်လို့ပင် ယူဆသင့်ပါတယ်လို့ ဖွင့်ဆိုထားပါတယ်၊ ဒါကြောင့် ပါရာဇိကရောက်ပြီးတဲ့ ပုဂ္ဂိုလ်ဟာ ရဟန်းစစ်တော့မဟုတ်ဘူး၊ သို့သော်လည်း သမဏသညာရှိနေသေးတဲ့

အတွက် ကံကြီးကံငယ်တွေမှာ ကမ္မဝါစာ ရွတ်ဖတ်လို့ ကံမပျက်တာကို ထောက်ဆခဲ့လျှင် ယခု ရှင်ပြုတဲ့နေရာမှာလည်း ပါရာဇိကရောက်ပြီးတဲ့ ဆရာရဟန်းနှင့် သာမဏေလောင်း နှစ်ပါးစုံ သရဏဂုံ အစဉ်မပျက်ဘဲ ပီသခဲ့လျှင် သာမဏေအဖြစ် ပြီးမြောက်တယ်လို့ ဖြေဆိုရလိမ့်မယ်ကွယ့်"

"ရဟန်းခံယူရာမှာကော ဘယ်လို ထင်မြင်ပါသလဲဘုရား"

"ရဟန်းခံမှုနှင့် ပတ်သက်ပြီး ဝဇိရဗုဒ္ဓိဋီကာမှာ–

ဥပဇ္ဈာယော စေ ကေသမဿုဩရောပနာဒီနိ အကတွာ ပဗ္ဗဇ္ဇံ သရဏာနိ ဒေတိ၊ န ရုဟတိ ပဗ္ဗဇ္ဇာ၊ ကမ္မဝါစံ သာဝေတွာ ဥပမ္ပာဒေတိ၊ ရုဟတိ ဥပသမ္ပဒါ"

လို့ ပြထားသကွယ့်၊ အဓိပ္ပာယ်ကတော့ ဥပဇ္ဈာယ်ဆရာများက ဆံ, မုတ်ဆိတ်တို့ကို မပယ်စေဘဲ လူ့အသွင်မှာတည်နေတဲ့ ရှင်လောင်းကို သရဏဂုံပေးသော်လည်း ရှင်အဖြစ်ကို မရောက်ဘူး၊ လူ့အသွင်မှာ တည်သော်လည်း ရဟန်းလောင်းကို သိမ်အတွင်းမှာ သံဃာခြံရံပြီး ဥပသမ္ပဒ ကမ္မဝါစာကို ဖတ်ရွတ်ခဲ့လျှင် ရဟန်းအဖြစ်ကို ရော က်သတဲ့ ဒီအကြောင်းကို ကျမ်းဆရာက ဂါထာတောင် ဖွဲ့ထားသေးတယ်ကွယ့်"

"ဘယ်လိုများ ဖွဲ့ထားပါသလဲဘုရား"

"ဂါထာကတော့ ဒီလိုတဲ့ကွယ်–

**သလိင်္ဂဿေဝ ပဗ္ဗဇ္ဇာ၊ ဝိလိင်္ဂဿာပိ စေတရာ။**

**အပေတပုဂ္ဂဝေသဿ၊ တံ ဒွယံ ဣတိ စာပရေ။**

သလိင်္ဂဿေဝ– ရှင်အသွင်ရှိသော လူအားသာလျှင်၊ ပဗ္ဗဇ္ဇာ– ရှင်၏အဖြစ်သည်၊ ရုဟတိ– ရောက်၏၊ ဝိလိင်္ဂဿပိ– ရှင်၏အသွင် မရှိသောသူအားသော်ကား၊ ဣတရာ– ဤရှင်အဖြစ်မှ တစ်ပါးသော ပဉ္စင်း၏အဖြစ်သည်၊ ရုဟတိ– ရောက်၏၊ အပေတပုဗ္ဗဝေသဿ– ကင်းပြီးသော ရှေး သာမဏေအသွင်ရှိသော သူအားလည်း၊ (ဝါ) လိင်ကျပြီးသော သာမဏေအားလည်း၊ တံ ဒွယံ– ထို ရှင်၏အဖြစ် ပဉ္စင်း၏အဖြစ် နှစ်ပါးစုံသည်၊ ရုဟတိ– ရောက်၏၊ ဣတိ စ– ဤသို့လည်း၊ အပရေ– တစ်ပါးသောဆရာတို့သည်၊ ဝဒန္တိ– ဆိုတော်မူကြကုန်၏–တဲ့။

သည်ဂါထာရဲ့ အဓိပ္ပာယ်က သင်္ကန်းဝတ်ထားတဲ့သူအားသာ သရဏဂုံ ပေးလို့ သာမဏေဖြစ်တယ်၊ လူဝတ်နှင့်ပုဂ္ဂိုလ်အား သရဏဂုံပေးသော်လည်း သာမဏေမဖြစ်ဘူးတဲ့၊ သို့သော် ရဟန်းခံတဲ့အခါမှာတော့ လူအသွင်ရှိနေတဲ့ ရဟန်းလောင်းအားသော်လည်း ကံဆောင်ခဲ့လျှင် အောင်မြင်သတဲ့၊ သာမဏေဟာ လိင်ကျပြီးဖြစ်နေသော်လည်း သရဏဂုံပြန်တည်ဆောက်နေလျှင် သာမဏေစစ် ပြန်ဖြစ်တယ်၊ ရဟန်းခံလျှင်လည်း ရဟန်းကောင်းဖြစ်တယ်တဲ့၊ သည်စကား ဟာ ပါဠိတော် အဋ္ဌကထာတို့က တိုက်ရိုက်လာတဲ့စကားမဟုတ်သော်လည်း အပရေဆရာများ မိန့်ဆိုခဲ့တဲ့ စကားဖြစ်သတဲ့ကွယ်၊ အပရေဆိုတာ–

ကေအတူ၊ ပရေမူ၊ ယူလေအမြတ်သာ။

ကေစိထိုးငြား၊ အယုတ်ထား၊ ကျမ်းများထိုထိုမှာ–

ဆိုတဲ့ နိယံအတိုင်း ကျမ်းများမှာ 'ကေ'လို့ ပြခဲ့လျှင် ကျမ်းပြုသူနှင့် ဉာဏ် အရည်အချင်းတူသူလို့ မှတ်ရမယ်တဲ့၊ 'အပရေ'လို့ပြခဲ့လျှင် ကျမ်းပြုဆရာထက် ဉာဏ်အရည်အချင်းသာသူလို့ မှတ်ရမယ်၊ 'ကေစိ'ထိုးခဲ့လျှင် ကျမ်းပြုဆရာ အောက် ဉာဏ်အရည်အချင်းယုတ်နိမ့်သူလို့ မှတ်ရမယ်တဲ့၊ ဒီနေရာမှာ ကျမ်း ဆရာက 'အပရေ' ထိုးထားတယ်၊ ယခုအယူအဆဟာ ကျမ်းပြုပုဂ္ဂိုလ်ရဲ့ အယူအဆ မဟုတ်ပါဘူး၊ ကျမ်းပြုပုဂ္ဂိုလ်ထက်သာလွန်တဲ့ သူ့ဆရာရဲ့အယူအဆ ပါလို့ ဆိုလိုရင်းဖြစ်တယ်၊ သည်အဆိုကို ထောက်ခဲ့လျှင် အကယ်၍ ရဟန်း လောင်းဟာ ပါရာဇိကရောက်ပြီးသော ဆရာ၊ မစင်ကြယ်တဲ့အတွက် သာမဏေ အဖြစ်ကိုပင် မရောက်သည်ပင် ရှိစေဦးတော့ ရဟန်းခံတဲ့အခါမှာတော့ 'ဝတ္ထု ဉတ္တိ အနုသာဝန သီမာ ပရိသာသမ္ပတ္တိဝသေန အကုပ္ပတာ ဝေဒိတဗ္ဗာ'လို့ ကင်္ခါအဋ္ဌကထာမိန့်ဆိုတော်မူတဲ့အတိုင်း (၁) ရဟန်းလောင်းတည်းဟူသော ဝတ္ထုရယ်၊ (၂) ဉတ်ရယ်၊ (၃) ကမ္မဝါစာရယ်၊ (၄) သိမ်ရယ်၊ (၅) ကာရက သံဃာရယ် အင်္ဂါငါးပါးပြည့်စုံတဲ့အတွက် ရဟန်းစင်စစ် ဧကန်ဖြစ်တယ်လို့ပင် ဆုံးဖြတ်ရမှာပဲကွယ့်၊ သို့သော်လည်း ယခုအဆုံးအဖြတ်ဟာ အင်မတန် သိမ်မွေ့ လွန်းတယ်၊ သည်ထက်ခိုင်မာသော အဖြေများ ပေါ်ထွက်လာလျှင်လည်း သည်အဖြေကို ချေဖျက်ပစ်လိုက်တော့တာပေါ့ကွယ်"

"မှန်ပါ–သာဓု–သာဓု–သာဓု"

✪✪✪✪✪

# အလင်္ကာကိုလှူ၍ အကျိုးရှိမရှိ

## အမိန့်တော်ပြန်တမ်း

ကောဇာသက္ကရာဇ် ၁၂၁၇–ခုနှစ်က သာသနာတော်စင်ကြယ်ရန် မင်းတုန်းမင်းတရားကြီးက တောင်းပန်လျှောက်ထားတဲ့အတွက် ရှမ်းကလေးကျွန်းဆရာတော်က ဓမ္မဝိနယအမိန့်တော်ပြန်တမ်း ရေးသားတော်မူသတဲ့ဘုရား၊ ၎င်းဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကို မှန်နန်းဆောင်မှာ သုဓမ္မာသာသနာပြုဆရာတော်များ ကြည့်ရှုပြုပြင်တော်မူကြပြီးနောက် သာသနာပိုင်ဆရာတော်ထံ အပ်နှံပြီး နိုင်ငံတော်တစ်ဝန်း ပြန်တမ်းထုတ်ခဲ့ပါသတဲ့ဘုရား၊ အဲသည်ပြန်တမ်းအမိန့်ကို အချို့ဆရာတော်များက မကြိုက်ကြဘူးတဲ့ဘုရား၊ ဗန်းမော်ဆရာတော်ကြီးက တော့ အောင့်မနေဘဲ ၁၂၁၇–ခုနှစ်၊ တပို့တွဲလဆုတ် ၆–ရက်နေ့ နံနက် ၄–ချက်တီးကျော်အချိန် အတွင်းဝန် ဦးချိန့်အိမ်ဝင်းအတွင်း ပစ်စာတစ်စောင် ပစ်ထားသတဲ့ဘုရား၊ ပစ်စာရဲ့အဆုံးမှာလည်း–

"ရာဇဝင်ထုံးကျမ်း၊ အရှည်ကိုလှမ်းပေသည့်–

ပြန်တမ်းတော်မှာ၊ စာများတွေ ဗရာချာနှင့်၊ တို့ရှက်ပါဘိ။

တစပ်ကယ် ဝိနည်းကျယ်၊ တယ်ချင်လှ မောင်ရှမ်း။

ထွက်ခဲ့နော် ဘက်ပေါ်လျှင် အမြန်ထုတ်ကရော့၊ ရှူးထိပ်ပုတ်တမ်း–

လို့ ရေးသားသေးသတဲ့ဘုရား၊ အဲသည်အမိန့်တော်ပြန်တမ်းအတွက် အထက်အောက်မြန်မာပြည်မှာ မကျေမလည်ဖြစ်ခဲ့ကြလို့ မင်းတုန်းမင်းကြီးနှင့် သုဓမ္မာတိုင်အောင် တင်သွင်းဆုံးဖြတ်ရသတဲ့ဘုရား။

"နေပါဦး၊ သည့်ကလောက် အဓိကရဏ်းဖြစ်လောက်အောင် အဲသည် ပြန်တမ်းမှာ ဘာတွေပါသတဲ့လဲကွယ့်"

"မှန်ပါ–ပြန်တမ်းရဲ့ဆိုလိုရင်းကတော့ ရဟန်းများဟာ အနာမရှိဘဲ ရထား၊ ထမ်းစင်၊ ယာဉ်၊ သန်လျင်း၊ လှည်းစီးခြင်း၊ ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း မလုပ်ကြရဘူး၊ ကွမ်းစားခြင်း၊ ဆေးသောက်ခြင်း မပြုလုပ်ကြရဘူး၊ ပြုလုပ်ခဲ့လျှင် အလဇ္ဇီလို့ သတ်မှတ်ပြီး ထိုအလဇ္ဇီများကို မကိုးကွယ် မလှူဒါန်းကြရဘူး၊ မြို့ရွာရှင်တို့က နိုင်နင်းအောင် တားမြစ်ကြရမယ်လို့ ဆိုလိုပါတယ် ဘုရား"

"အင်း–ဆက်စမ်းပါဦး"

"အဲဒီပြန်တမ်းစာဟာ ကြာပါပြီဘုရား၊ ခုခေတ်နှင့်တော့ မသက်ဆိုင်တော့ပါဘူး၊ သို့သော်လည်း ပြန်တမ်းထဲမှာပါတဲ့ ရဟန်းတော်များ မနာဖျားဘဲ ရထားစီး၊ ကားစီး၊ သင်္ဘောစီး၊ လှည်းစီး၊ ဖိနပ်စီး၊ ထီးဆောင်း မသွားလာရ၊ ဆေးမသောက် ကွမ်းမစားရ ဆိုတာနဲ့ပတ်သက်ပြီး ဟုတ်သင့် မဟုတ်သင့် အမိန့်ရှိပါဦး ဘုရား"

## ဖိနပ်စီးမှု ယာဉ်စီးမှု

"ဖိနပ်စီးမှု ယာဉ်စီးမှုနှင့်ပတ်သက်ပြီး ဝိနယမဟာဝဂ္ဂ ဓမ္မက္ခန္ဓကမှာ ဘုရားရှင် ခွင့်ပြုတော်မူပြီး ဖြစ်တယ်ကွယ့်"

"ဘယ်လိုခွင့်ပြုတော်မူပါသလဲဘုရား"

"ခွင့်ပြုပုံ သိချင်ရင်တော့ နည်းနည်းချဲ့ပြီး ပြောရသေးတာပေါ့ကွယ့်၊ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်မှာ ဘုရားရှင်သီတင်းသုံးတော်မူစဉ်က စမ္ပာမြို့ သူဌေးသား သောဏဟာ အလွန်နူးညံ့သိမ်မွေ့တယ်၊ ခြေဖဝါးအပြင်မှာတောင် အမွေးနုကလေးများ ပေါက်နေတယ်လို့ သတင်းကြားတဲ့အတွက် မဂဓတိုင်းရှင် ဗိမ္ဗိသာရမင်းကြီးက အခေါ်လွှတ်ပြီး ကြည့်တော်မူသတဲ့ကွယ်၊ ကြည့်ပြီးတော့ ရာဇဂြိုဟ်မြို့ကို သင်တို့လာခိုက် ဘုရားရှင်ကိုလည်း ဖူးသွားကြဦးလို့ တိုက်တွန်းတဲ့အတွက် သူဌေးသားသောဏနှင့် အခြံအရံပရိသတ်များဟာ ဘုရားရှင်သီတင်းသုံးရာ ဂိဇ္ဈကုဋ်တောင်ကိုသွားကြတယ်၊ ဂိဇ္ဈကုဋ်တောင် ရောက်တော့ ရှေးဦးစွာ ဘုရားရှင်ရဲ့အလုပ်အကျွေး အရှင်သာဂတနှင့်တွေ့ကြ

တယ်၊ အရှင်သာဂတထံဘုရားဖူးခွင့်တောင်းကြတော့ အရှင်သာဂတက 'သင်တို့ ခဏနေကြဦး၊ ဘုရားရှင်ထံ ငါသွားပြီး လျှောက်ထားဦးမယ်' လို့ ပြောပြီး ပရိသတ်ရှေ့မှာပင် လှေကားဦးကျောက်ဖျာအောက် တန်ခိုးဖြင့်ငုပ်သွားပြီး ဘုရားရှင်ထံ သွားရောက်လျှောက်ထားတယ်။

ဘုရားရှင်ထံ ဖူးမြော်ခွင့်ရတော့ ဘုရားရှင်ထိုင်တော်မူရန် အင်း ပျဉ်ကို ယူ၊ ဘုရားရှင်ရှေ့တော်မှာပင်ငုပ်ပြီး ဝိုင်းကြည့်နေကြတဲ့ ဒကာများရဲ့ ရှေ့ လှေကားဦး ကျောက်ဖျာမှာ ပေါ်လာသတဲ့၊ ပေါ်လာပြီး ယူလာတဲ့ အင်းပျဉ် ကို ကျောင်းစွန်းအရိပ်မှာခင်းတယ်၊ ဘုရားရှင်လည်း ကျောင်းတော်က ထွက်ကြွ လာပြီး အရှင်သာဂတခင်းထားတဲ့ အင်းပျဉ်မှာ ထိုင်တော်မူတယ်၊ ဘုရားရှင် ထိုင်တော်မူတော့ ဒကာများလည်း ဘုရားရှင်ထံပါးချဉ်းကပ်ပြီး ရှိခိုးကန်တော့ ကြတယ်၊ သို့သော်လည်း ဒကာများဟာ ဘုရားရှင်ကို နှလုံးမသွင်းကြဘူး၊ တန်ခိုးပြသွားတဲ့ ရှင်သာဂတကိုသာ နှလုံးသွင်းမိကြသတဲ့၊ သည်အကြောင်း ဘုရားရှင်သိတော်မူလို့ အရှင်သာဂတကိုခေါ်ပြီး 'သာဂတ–သည်ဒကာတွေကို တန်ခိုးပြလိုက်စမ်း' လို့ စေခိုင်းတော်မူတယ်၊ အရှင်သာဂတလည်း ဘုရားရှင်ရဲ့ အမိန့်တော်အတိုင်း ကောင်းကင်ကိုပျံတက်ပြီး ကောင်းကင်အပြင်မှာ စင်္ကြံ သွားပြတယ်၊ ရပ်ပြတယ်၊ ထိုင်ပြတယ်၊ အိပ်ပြတယ်၊ အခိုးအလျှံထွက်ပြတယ်၊ ကိုယ်ဖျောက်ပြတယ်၊ ပြီးမှ ကောင်းကင်ကဆင်းသက်ပြီး မြတ်စွာဘုရားရဲ့ ခြေတော်ကို ဦးခိုက်တယ်၊ ဦးခိုက်ပြီးမှ 'အရှင်မြတ်စွာဘုရား၊ အရှင်မြတ်စွာ ဘုရားသည် တပည့်တော်၏ဆရာဖြစ်ပါတယ်၊ တပည့်တော်သည် အရှင်မြတ် ရဲ့ တပည့်ဖြစ်ပါတယ်' လို့ လျှောက်ထားသတဲ့၊ သည်တော့မှ ပရိသတ်များက 'အလို–အရှင်သာဂတက တပည့်၊ ဘုရားရှင်က ဆရာဆိုပါလား' လို့ အံ့သြ ကုန်ကြပြီး ဘုရားရှင်ထံ စိတ်ရောက်ခဲ့ကြသတဲ့၊ သည်တော့မှ ဘုရားရှင်က တရားဟောတော်မူတယ်။

သည်တရားပွဲမှာ အခြားပရိသတ်များကတော့ ဥပါသကာများသာဖြစ်ကြ ပါတယ်၊ သူဌေးသားသောဏကတော့ လူ့ဘဝကိုစွန့်ပြီး ရဟန်းဝတ်တယ်၊ ရဟန်းဝတ်ပြီးတဲ့ သောဏမထေရ်ဟာ ယင်းတိုက်တောမှာ စင်္ကြံကြွပြီး တရား အားထုတ်ရာမှာ အလွန်နူးညံ့လွန်းတဲ့အတွက် ခြေဖဝါးတွေပေါက်ကွဲကုန်သတဲ့

ကွယ်၊ သည်အကြောင်းကြောင့် ဘုရားရှင်က သောဏထေရ်ကို ဖိနပ်စီးခွင့် ပေးတော်မူတယ်၊ သောဏထေရ်က အများရဟန်းတွေ ဖိနပ်မသုံးဆောင်လျှင် တပည့်တော်လည်း မသုံးဆောင်ပါဘူးလို့ လျှောက်ထားတဲ့အတွက် အားလုံး ရဟန်းတော်များကို ဖိနပ်စီးခွင့်ပေးတော်မူတယ်၊ ဒါကြောင့် အပ်တဲ့ဖိနပ်ကို စီးလျှင်အပ်ပါတယ်၊ အပ်တဲ့ဖိနပ်ကိုစီးလျှင်အပ်သလို အပ်တဲ့ယာဉ်ကိုစီးလျှင် လည်း အပ်တာပါပဲ၊ ထို့အတူ အပ်တဲ့ထီးကိုခွင့်ပြုတော်မူသလို ဆေးတံသောက် ခြင်းကိုလည်း အခြေအနေအရ ခွင့်ပြုတော်မူထားပါတယ်၊ ဒါကြောင့် ဖိနပ် စီးရုံ, ယာဉ်စီးရုံ, ထီးဆောင်းရုံ, ကွမ်းစား ဆေးသောက်ရုံမျှနှင့်တော့ အလဇ္ဇီ လို့ မစွပ်စွဲသင့်သေးပါဘူး၊ မင်းတုန်းမင်းကြီးလက်ထက် ပြန်တမ်းတော်ထုတ်တာ ကတော့ ပညတ်တော်များကို လေးလေးနက်နက် လိုက်နာစေလိုတဲ့အတွက် ထုတ်ပြန်တာဖြစ်ပါလိမ့်မယ်၊ အမိန့်တော်ပြန်တမ်းထုတ်သော်လည်း ဖိနပ်စီး, ယာဉ်စီး, ထီးဆောင်း, ဆေးသောက်, ကွမ်းစားတဲ့ ရဟန်းများ ပြင်းပြင်း ထန်ထန် အပြစ်ပေးကြောင်း မှတ်တမ်းမရှိလို့ ပြန်တမ်းဟာ အသက်ဝင်သင့် သလောက် ဝင်ခဲ့ပုံမပေါ်ဘူးကွယ့်"

"နို့-အလဇ္ဇီဆိုတာကို ဘုရားရှင်က ဘာနှင့်တိုင်းတာကြလို့ ညွှန်ကြား တော်မူခဲ့ပါသလဲဘုရား"

## အလဇ္ဇီ သုံးမျိုး

"အလဇ္ဇီ တိုင်းတာဖို့ ပေတံကတော့-

(၁) သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ–စေတနာနှင့် အာပတ်ကို ကျူးလွန်တဲ့ အလဇ္ဇီက တစ်ယောက်ကွယ့်၊

(၂) အာပတ္တိံ ပရိဂူဟတိ–မိမိ၌သင့်ရောက်နေတဲ့ အာပတ်ကို ထိမ်ချန် ထားတဲ့ အလဇ္ဇီက တစ်ယောက်ကွယ့်၊

(၃) အဂတိဂမနဉ္စ ဂစ္ဆတိ–အဂတိလိုက်စားတဲ့ အလဇ္ဇီက တစ်ယောက်ကွယ့်

ဧဒိသော ဝုစ္စတိ အလဇ္ဇီ ပုဂ္ဂလော–လို့ ပရိဝါပါဠိတော်မှာ ဟောတော် မူတဲ့အတိုင်း သည်ပုဂ္ဂိုလ် (၃)မျိုးကို အလဇ္ဇီပုဂ္ဂိုလ်လို့ သတ်မှတ်သကွယ့်"

"သည်လိုဆို ပထမအလဇ္ဇီအရ အာပတ်သင့်သောပုဂ္ဂိုလ်တိုင်း အလဇ္ဇီလို့ခေါ်ရတော့မှာလား၊ အာပတ်ပေါင်းကလည်း ကုဋေကိုးထောင်ကျော်ရှိလေတော့"

"သည်လိုလဲ မဟုတ်သေးပါဘူးကွယ်၊ 'သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ' ဆိုတဲ့ပုဒ်ကို ကင်္ခါဋီကာဟောင်း နိဒါနဝဏ္ဏနာ ၉-မှာ 'သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတီတိ ဧတ္ထ အနာဒရိယဝသေန အာပဇ္ဇန္တော ဝေ အလဇ္ဇီ ဟောတိ၊ န ဣတရော'လို့ ဖွင့်ပြထားသကွယ့်၊ အဓိပ္ပာယ်ကတော့ သိက္ခာပုဒ်တော်ကိုတော့ ရှိသေပါရဲ့၊ မသိလို့ လွန်ကျူးမိခြင်း၊ သိပင်သိသော်လည်း မိမိရဲ့ကိလေသာကို မနိုင်တဲ့အတွက် လွန်ကျူးမိခြင်းကိုတော့ အလဇ္ဇီလို့မခေါ်ပါဘူးတဲ့၊ ထို့အတူ အာပတ်လျှို့ဝှက်ရာမှာလည်း ဖွင့်ပြောရမှာခက်လို့ လျှို့ဝှက်တာမျိုးကို အလဇ္ဇီလို့မခေါ်ရဘူးတဲ့၊ သိက္ခာပုဒ်တော်ကို မရိုသေသောအားဖြင့် လျှို့ဝှက်မှသာ အလဇ္ဇီလို့ ခေါ်သတဲ့ကွယ့်"

"သည်လိုဆို တော်သေးတာပေါ့ဘုရား၊ အာပတ်သင့်တိုင်းသာ အလဇ္ဇီဖြစ်ရလျှင်ဖြင့် ခက်ရချေရဲ့"

"ပြီးတော့ အလဇ္ဇီဆိုတာကိုလည်း ကေန်သတ်မှတ်လို့ မရဘူးကွယ့်"

"ဘယ်လိုကြောင့်တုန်းဘုရား"

## လဇ္ဇီကို ပြစ်မှားမိလျှင်

"သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ'အရ စေတနာနှင့်တကွ အားထုတ်ပြီး မအပ်မှန်းသိလျက်နှင့် လွန်ကျူးကျင့်မိလို့ အလဇ္ဇီအဖြစ် ရောက်သွားသော်လည်း သင့်ရောက်တဲ့အပြစ် (အာပတ်)ကို ပညတ်တော်အတိုင်း ကုစားလို့ အာပတ်ကင်းစင်သွားပြန်လျှင် အလဇ္ဇီဟာလဇ္ဇီဖြစ်သွားပြန်တယ်ကွယ့်၊ ဒါကြောင့် သည်ပုဂ္ဂိုလ်ဟာ အလဇ္ဇီပဲရယ်လို့ အမြဲ မှတ်သားမထားသင့်ဘူး၊ အကယ်၍ အလဇ္ဇီပဲလို့ အမြဲမှတ်ထားလျှင် ထိုကိုယ်တော်အပြစ်ကင်းစင်ပြီး အလဇ္ဇီအဖြစ်နှင့် ကိုယ်ကစွပ်စွဲမိလျက် ဖြစ်နေတတ်တယ်၊ လဇ္ဇီကို အလဇ္ဇီအစစ်နှင့် ပြစ်မှားမိခဲ့လျှင် အင်မတန် အပြစ်ကြီးမားတယ်ကွယ့်"

"ဘယ်လိုများ အပြစ်ကြီးမားပါသလဲဘုရား"

"အပြစ်ကြီးမားပုံကိုတော့ ကောသလသံယုတ်မှာ ဘုရားရှင်ဟောတော်မူတယ်၊ အခါတစ်ပါး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ပသေနဒီ ကောသလမင်းကြီးဟာ ဘုရားရှင်ထံတော်ပါးချဉ်းကပ်ပြီး အရှင်ဂေါတမဟာ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းပြီးသိတယ်လို့ ဝန်ခံပါသလားလို့ လျှောက်ထားတယ်၊ ဘုရားရှင်က ဝန်ခံကြောင်းမိန့်တော်မူတော့ ကောသလမင်းကြီးက 'အရှင်ဂေါတမ–အရှင်ဂေါတမ ရဟန်းဖြစ်လာတာလည်း မကြာသေးဘူး၊ အသက်အရွယ်အားဖြင့်လည်း ကြီးမားကြတဲ့ ပုရဏကဿပ, မက္ခလိဂေါသာလ, နိဂဏ္ဌနာဋပုတ္တ, သဉ္စယ, ပကုဓကစ္စာယန, အဇိတတို့သော်မှမေးမြန်းကြည့်တဲ့အခါ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းပြီးသိတယ်လို့ ဝန်မခံကြဘူး၊ အရှင်က ဘာကြောင့် ဝန်ခံသလဲ' လို့မေးတယ်၊ သည်အခါ ဘုရားရှင်က မင်းကြီး ငယ်တယ်ရယ်လို့ မထိမဲ့မြင်မပြုအပ်တဲ့အရာလေးပါး ရှိတယ်၊ လေးပါးဆိုတာက–

(၁) မင်းသားကို ငယ်တယ်ရယ်လို့ မထိမဲ့မြင် မပြုအပ်၊ ပြက်ရယ် မပြုအပ်ဘူး၊
(၂) မြွေကို ငယ်တယ်ရယ်လို့ မထိမဲ့မြင် မပြုအပ်၊ ပြက်ရယ် မပြုအပ်ဘူး၊
(၃) မီးကို သေးငယ်တယ်ရယ်လို့ မထိမဲ့မြင် မပြုအပ်၊ ပြက်ရယ် မပြုအပ်ဘူး၊
(၄) ရဟန်းကို ငယ်တယ်ရယ်လို့ မထိမဲ့မြင် မပြုအပ်၊ ပြက်ရယ် မပြုအပ်ဘူး။

မင်းကြီး–မင်းသားကို ငယ်တယ်ရယ်လို့ မထိမဲ့မြင်ပြုမိလျှင် မင်းသားမင်းဖြစ်တဲ့အခါ ကြီးစွာသောရာဇဒဏ်ကိုခံရတတ်တယ်၊ မြွေကို ငယ်တယ်လို့ မထိမဲ့မြင်ပြုခဲ့လျှင် မြွေကိုက်ခံရတတ်တယ်၊ မီးကိုသေးငယ်တယ်လို့ မထိမဲ့မြင်ပြုခဲ့လျှင် မီးလောင်ခံရတတ်တယ်၊ ရဟန်းကိုလည်း ထို့အတူ မထိမဲ့မြင်ပြုခဲ့လျှင် ရဟန်း မီး အလောင်ခံရတတ်တယ်၊ မင်းကြီး–ရဟန်း မီး အလောင်ခံရလျှင် ပကတိသောမီး အလောင်ခံရသည်ထက် ပိုပြီးနာတယ်၊ ပကတိသောမီးဟာ

မြက် သစ်ပင်တွေကို ဘယ်လိုလောင်သော်လည်း မိုးကျလာလျှင် မီးအလောင်ခံရတဲ့ မြက်သစ်ပင်တွေဟာ တစ်ဖန် ပြန်လည်ပေါက်ရောက်နိုင်ဘယ်၊ ရဟန်း– မီး အလောင်ခံရလျှင် မထီမဲ့မြင် ပြုလုပ်သူကိုမျှသာမက ထိုသူနှင့် စပ်သော သား, သမီး, ကျွဲ, နွားများကစပြီး အညွန့်မပေါက်ကြဘူး၊ သားမဲ့, သမီးမဲ့, အခြံအရံမဲ့ဖြစ်ပြီး ထန်းပင်ငုတ်တိုကြီးလို တရိရိ ဆွေးသွားတယ်၊ ဒါကြောင့် ကြောင်းကျိုးမြင်သိ ပညာရှိမှန်လျှင် မင်းကိုဖြစ်စေ၊ မြွေကိုဖြစ်စေ၊ မီးကိုဖြစ်စေ၊ ရဟန်းကိုဖြစ်စေ မထီမဲ့မြင် မပြုသင့်ဘူး၊ ပြက်ရယ်မပြုသင့်ဘူး၊ ကောင်းမွာ ကျင့်သုံးသင့်တယ်လို့ ဟောတော်မူတယ်၊ သည်အခါမှ ကောသလမင်းကြီးဟာ အမြင်မှန်ရပြီး ရတနာသုံးပါးကို ဆည်းကပ်တဲ့ ဥပါသကာဖြစ်သွားသတဲ့ကွယ်၊ ဒါက ရဟန်းတော်ကို ပြစ်မှားလျှင် အပြစ်ကြီးကြောင်း ဘုရားဟောပေါ့ကွယ်”

“မှန်ပါ–လဇ္ဇီ, အလဇ္ဇီ သဘာဝကိုတော့ နည်းနည်းသဘောပေါက်သွားပါပြီ၊ အလဇ္ဇီနှင့် ဒုဿီလဆိုတာကော အတူတူပါပဲလား ဘုရား”

“အင်း–တူတာလည်းရှိ၊ မတူတာလည်း ရှိသပေါ့ကွယ်”

“ဘယ်လို တူ–မတူရှိတာလဲ၊ မိန့်တော်မူပါဦးဘုရား”

“ဒုဿီလဆိုတဲ့ပုဒ်ရဲ့ အနက်ကို စဉ်းစားကြည့်ပေါ့ကွယ်၊ ဒု–ဆိုတာက မကောင်းဘူး၊ သီလကတော့ သီလပဲပေါ့၊ နှစ်ခုစပ်လိုက်တော့ မကောင်းတဲ့ သီလလို့ အဓိပ္ပာယ် မရဘူးလား”

“ရပါတယ်ဘုရား”

“အေး–မကောင်းတဲ့ သီလရှိသူဟာ ဒုဿီလဆိုတော့ ပါရာဇိကကျပြီးတဲ့ ပုဂ္ဂိုလ်၊ ပါရာဇိကပင်မကျသော်လည်း ကျန်သိက္ခာပုဒ်များ ပျက်စီးနေတဲ့ ပုဂ္ဂိုလ်ဟာ ဒုဿီလလို့ အမည်ရနေတယ်၊ ဒါကြောင့် ဒုဿီလကို ခွဲလိုက်လျှင်–

(၁) ပါရာဇိကကျလို့ သီလ လုံးဝမရှိတဲ့ ဒုဿီလပုဂ္ဂိုလ်၊

(၂) ကြွင်းသော သိက္ခာပုဒ်ပျက်စီးတဲ့ ဒုဿီလပုဂ္ဂိုလ်–

ရယ်လို့ နှစ်မျိုးထွက်လာတယ်၊ သည်အကြောင်းကို ဝိမတိဝိနောဒနီဋီကာမှာ ‘ဒုဿီလာတိ နိဿီလာ ဒုဿိတသီလာ စ’ လို့ ဖွင့်ပြထားတယ်၊ နိဿီလပင်ဖြစ်စေ၊ ဒုဿီလပင်ဖြစ်စေ ကျူးလွန်လိုသောစိတ်ဖြင့် သိက္ခာပုဒ်ကိုကျူးလွန်

ခြင်း၊ သင့်ရောက်သောအာပတ်ကို လျှို့ဝှက်ခြင်းရှိခဲ့လျှင် အလဇ္ဇီလို့ ခေါ်ဆိုရတယ်၊ အလဇ္ဇီအင်္ဂါနှင့် မညီညွတ်လျှင်တော့ အလဇ္ဇီလို့ မခေါ်နိုင်ဘူး၊ ဒါကြောင့် တူတာလည်းရှိ မတူတာလည်းရှိလို့ ပြောရတာပဲကွယ့်"

"မှန်ပါ–သည်လောက်ဆိုလျှင် အလဇ္ဇီ–ဒုဿီလရဲ့ သဘောကို သိပါပြီဘုရား"

## အဆိပ်ပင်ကို ရေမလောင်းသင့်

"ယခုတစ်ဖန် ထပ်မံလျှောက်ထားချင်တာက ထိုအလဇ္ဇီ ဒုဿီလပုဂ္ဂိုလ်ကို လှူဒါန်းပူဇော်လို့ အကျိုးရှိ–မရှိဆိုတာပါပဲဘုရား"

"အင်း–သည်အမေးရဲ့အဖြေကတော့ လှူသူရဲ့စိတ်ထားပေါ်မှာ တည်တယ်ကွယ့်၊ လှူတဲ့သူက ဘယ်စိတ်နှင့်လှူသလဲ၊ အလဇ္ဇီ ဒုဿီလအမှုကို ချီးမြှောက်အားပေးလိုတဲ့စိတ်ဖြင့် လှူသလား၊ ဒါမှမဟုတ် အလဇ္ဇီ ဒုဿီလရဲ့ ကောင်းကွက်တစ်ခုခုကိုကြည်ညိုလို့လှူသလား၊ ဒါမှမဟုတ် မိမိရဲ့ဒါန စေတနာသန့်သန့်ကို ရည်ရွယ်ပြီးလှူသလားဆိုတာ ရှေးဦးစွာ စိစစ်သင့်တယ်၊ မကောင်းမှုလုပ်နေသူကို ထိုမကောင်းမှု ပိုပြီးလုပ်နိုင်အောင် အားပေးအားမြှောက်သဘောမျိုးနှင့် လှူတယ်ဆိုလျှင် လှူသူရဲ့စိတ်ထားက မကောင်းဘူး၊ အဆိပ်ပင်ကို ရေလောင်းပေးနေသလို ဖြစ်တယ်၊ ဒါကြောင့် အဲသည်စိတ်ထားမျိုးနှင့် လှူဒါန်းပူဇော်လို့ အကျိုးမရတဲ့အပြင် အပြစ်ဖြစ်တယ်လို့ ဖြေဆိုရလိမ့်မယ်၊

အလဇ္ဇီ ဒုဿီလပင် ဖြစ်စေကာမူ အားလုံးမကောင်းတာချည်းတော့ မဖြစ်သင့်ဘူး၊ ကောင်းကွက်ကလေးတော့ တစ်ခုခုရှိဦးမှာပဲ၊ ဥပမာ–ကျားသတ္တဝါဟာ သူတစ်ပါးအသက် သတ်ဖြတ်ညှဉ်းဆဲတတ်လို့ အလွန်ရက်စက်တဲ့အကောင်လို့ ဆိုရသော်လည်း သူ့သား သူ့သမီးများအပေါ်တော့ ချစ်ခင်ကြင်နာတဲ့မေတ္တာမျိုး ရှိသေးသလိုပေါ့ကွယ်၊ အလှူရှင်ဟာ အဲသည်လိုကောင်းကွက်ကလေးကိုကြည့်ပြီး လှူတယ်ဆိုလျှင် အဲဒီအလှူစေတနာဟာ သိပ်မဆိုးလှဘူးပေါ့ကွယ်"

## ပဏ္ဍာရက်ဝတ္ထု

မဂဓရာဇဝါဟိနီကျမ်းမှာ ပဏ္ဍာရက်အမည်ဖြင့် ဝတ္ထုတစ်ပုဒ်လာတယ်၊ ဝတ္ထုရဲ့ဆိုလိုရင်းကတော့ သီဟိုဠ်ကျွန်း မဟာဂါမရွာစား တိဿအမတ်ဟာ

ဆွမ်းဦးကိုမလှူဘဲ ထမင်းမစားဘူးတဲ့၊ တစ်ရက်တော့ အမှုကိစ္စတွေများနေလို့ မွန်းတည့်ချိန်လွန်မှ ထမင်းစားခွင့်ကြုံသတဲ့၊ သည်အချိန်မှာ ဆွမ်းဦးကိုလှူဖို့ ဆိုတာလည်း ရဟန်းတော်များ ဆွမ်းစားချိန်မဟုတ်တော့ဘူး၊ သည်တော့ ဆွမ်းဦးကို ဘယ်သူ့ပေးလှူရပါ့မလဲလို့ စိတ်ကူးလိုက်တော့ သချိုင်းမှာနေတဲ့ ပစ္စေကဗုဒ္ဓကိုသတိရတယ်၊ ပစ္စေကဗုဒ္ဓဟာ အကျင့်ကောင်းတဲ့ပုဂ္ဂိုလ် မဟုတ်သော်လည်း ရဟန်းများနှင့် အသွင်တူသူဖြစ်တယ်၊ ဒါကြောင့် ဆွမ်းဦးကို ပစ္စေကဗုဒ္ဓထံ ပေးလှူဖို့ အကြံရပြီး မင်းချင်းတစ်ယောက်ကို ဆွမ်းဦးအလှူခိုင်းလိုက် သတဲ့၊ မင်းချင်း ဆွမ်းဦးကို ဆောင်ယူသွားတဲ့အချိန်မှာ ပစ္စေကဗုဒ္ဓဟာ အရက်မူးမူး နှင့် ကန်ပေါင်မှာ ငါးမျှားနေတယ်၊ ငါးမျှားရာက လူရိပ်လူခြည်မြင်တော့ ငါးမျှားတံကို ရေမှာနှစ်ပြီး ခြေဖြင့်နင်းကာ ယောင်ချာချာလုပ်နေသတဲ့။

သည်အခြင်းအရာကို မင်းချင်းကမြင်တော့ သည်လောကဲယုတ်မာသူဟာ ဆွမ်းဦးနှင့်မတန်ဘူးလို့ယူဆပြီး ဆွမ်းဦးကို တိဿအမတ်ထံ ပြန်ယူသွားတယ်၊ တိဿအမတ်က ဘာကြောင့် ပြန်ယူခဲ့တာလဲလို့မေးတော့ မင်းချင်းက အကြောင်းပြန်ပြောတယ်၊ သည်အခါ တိဿအမတ်က အချင်းယောကျာ်း– ပစ္စေကဗုဒ္ဓဟာ ဘယ်လောကဲယုတ်မာသူပင်ဖြစ်စေ သင့်ကိုမြင်တော့ မကောင်းမှုမှ ရှက်သောစိတ်ဖြင့် ငါးမျှားတံကို ရေမှာနှစ်မြှုပ်ပြီး ဝှက်ထားရှာတယ်၊ အဲသည် မကောင်းမှုမှရှက်ခြင်းဆိုတဲ့ ဟိရိတရားတစ်ခုသည်ပင်လျှင် ပစ္စေကဗုဒ္ဓအဖို့ အလှူခံ ထိုက်သောအကြောင်းဖြစ်တယ်၊ ထိုအကြောင်းကို ရည်ရွယ်ပြီး ငါ၏စားဦး ဖြစ်သော ခဲဖွယ်ဘောဇဉ်ကို ပစ္စေကဗုဒ္ဓအား ပေးလှူပါလို့ဆိုပြီး စားဦးကို အလှူ ခိုင်းတယ်။

တိဿအမတ်ဟာ ကြီးကျယ်တဲ့အလှူတွေ အများအပြား လှူဒါန်းခဲ့ဖူး သော်လည်း သေကာနီးကာလရောက်တော့ အခြားအလှူများကို မအောက်မေ့ မိဘဲ ပစ္စေကဗုဒ္ဓကိုပေးလှူရတဲ့ ဆွမ်းဦးအလှူကိုသာ အဖန်တလဲလဲ အောက်မေ့ မိပြီး စုတိတဲ့အခါ ပစ္စေကဗုဒ္ဓကိုလှူဖူးတဲ့ ကုသိုလ်စေတနာက အကျိုးပေးတဲ့ အတွက် တည်ပင်နတ်ကြီးရှိရာ မဟာဝိဟာရကျောင်းအနီး စရည်းပင်ကြီးမှာ နတ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်များပြည့်စုံတဲ့ ဘုမ္မစိုးနတ်ကြီးဖြစ်သတဲ့ကွယ်၊ ဒါကြောင့် အလှူရှင်က စေတနာသန့်ရှင်းစင်ကြယ်ပါလျှင် အလှူဆိုတာ

အကျိုးမပေးဘူးရယ်လို့ မရှိကောင်းပါဘူး၊ ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏ ဝိဘင်္ဂသုတ်တော်မှာ–

**ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝ ကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ–**

လို့ ဘုရားရှင် ဟောထားတယ် မဟုတ်လားကွယ့်"

"မှန်ပါ–အဲဒီဘုရားရှင်ဟောထားတဲ့ အဓိပ္ပာယ်ကိုလည်း မိန့်တော်မူပါဦး ဘုရား"

"အဓိပ္ပာယ်ကတော့ နောင်သောအခါ ရဟန်းယောင်မျှသာဖြစ်၍ သင်္ကန်း လည်ပင်းမှာပတ်ထားသော သီလမရှိတဲ့ ရဟန်းယုတ်တွေ ဖြစ်ပေါ်လာလိမ့်မယ်၊ ထိုရဟန်းယုတ်များကို သံဃာ အမှတ်ထားပြီး လှူဒါန်းပူဇော်ခဲ့လျှင် မရေတွက်နိုင် မနှိုင်းယှဉ်နိုင်တဲ့ အကျိုးရှိတယ်လို့ ဆိုလိုတယ်ကွယ်"

"သည်လိုဆို တပည့်တော် နည်းနည်း စောဒကတက်ချင်ပါသေးတယ်၊ လျှာရှည်တယ်လို့တော့ အောက်မေ့တော်မမူပါနှင့် ဘုရား"

"မအောက်မေ့ပါဘူးလေ၊ ပြောမှာသာပြောပါ"

## မြေကောင်းမြေသန့် ရွေးစိုက်ပါ

"သံဃာတော်ရဲ့ ဂုဏ်တော်ကိုးပါးမှာ 'ပုညက္ခေတ္တံ အနုတ္တရံ' ပါတယ်၊ မဟုတ်လားဘုရား"

"အေး–ပါတယ်လေ၊ အဲဒါ ဘာဖြစ်တုန်း"

"သံဃာတော်ဟာ တစ်လောကလုံးရဲ့ ကောင်းမှုတည်းဟူသော မျိုးစေ့ ကိုစိုက်ပျိုးရာ လယ်မြေယာမြေနှင့် တူတယ်ဆိုကိုးဘုရား၊ လယ်မြေယာမြေဟာ မြေဩဇာထက်သန်ကောင်းမွန်ပါမှ စိုက်ပျိုးသလောက် အကျိုးဖြစ်ထွန်းပါတယ် ဘုရား၊ **'နွားခွာလည်းတုံး၊ ကျတ်တီးကုန်း၊ သုံးတင်းကြဲမှ တစ်ခွဲရ'** ဆိုတဲ့ မြေမျိုးကျတော့ စိုက်ပျိုးသလောက် အကျိုးမဖြစ်ထွန်းဘူးပေါ့ဘုရား၊ သံဃာတော် ရဲ့မြေဩဇာဟာ ဘာလဲဆိုတော့ သီလလို့ ဆိုရမှာပါပဲဘုရား"

"ဆိုရမှာပါပဲမလုပ်ပါနဲ့၊ သီလပါပဲကွယ်"

"ဒါတော့ တပည့်တော်က ကေန်မပြောနိုင်လို့ ဆိုရမှာပါပဲလို့ သုံးရတာကိုးဘုရား"

"ကေန်မပြောနိုင်စရာမရှိပါဘူး၊ သံဃာတော်ရဲ့ မြေသြဇာဟာ သီလဖြစ်ကြောင်း သဂါထာ ဝဂ္ဂသံယုတ် ဣဿတ္တသုတ်မှာ ဘုရားဟောရှိပါတယ်ကွယ့်"

"ဟုတ်လား၊ အဲဒီသုတ်ကို တပည့်တော်နာချင်လိုက်တာဘုရား"

"နာချင်လည်း ပြောပြရသေးတာပေါ့ကွယ်၊ ဘုရားသခင် သာဝတ္ထိပြည်မှာ သီတင်းသုံးတော်မူစဉ်ကာလက ကောသလမင်းကြီးဟာ ဘုရားရှင်ထံချဉ်းကပ်ပြီး ပြဿနာတစ်ခုလျှောက်ထားတယ်၊ သူလျှောက်ထားတဲ့ ပြဿနာက 'ဘယ်လိုပုဂ္ဂိုလ်ထံ အလှူပေးလှူသင့်ပါသလဲ' ဆိုတဲ့ပြဿနာပဲကွယ့်၊ သည်ပြဿနာလျှောက်ထားတော့ ဘုရားရှင်က မိမိကြည်ညိုတဲ့ပုဂ္ဂိုလ်ထံ ပေးလှူသင့်တယ်လို့ ဖြေကြားတော်မူတယ်၊ ကောသလမင်းကြီးက ဘယ်ပုဂ္ဂိုလ်မျိုးကိုလှူလျှင် အကျိုးတရား ပိုမိုကြီးမားပါသလဲလို့ ထပ်ပြီးလျှောက်ထားပါတယ်၊ သည်တော့ ဘုရားရှင်က သီလရှိသောပုဂ္ဂိုလ်အား ပေးလှူခြင်းဟာ ပိုမိုအကျိုးတရားကြီးမားတယ်၊ သီလမရှိသောပုဂ္ဂိုလ်အား ပေးလှူလျှင် အကျိုးတရားမကြီးမားဘူးလို့ ဖြေကြားတော်မူတယ်ကွယ့်၊ ဒါကြောင့် ကောင်းမှုတည်းဟူသောမျိုးစေ့ရဲ့မြေသြဇာဟာ သီလပဲလို့ မှတ်သင့်တာပေါ့"

"မှန်ပါ-ဝမ်းသာလှပါတယ်ဘုရား၊ ဆက်ပြီးလျှောက်ထားပါရစေဦး၊ ကောင်းမှုတည်းဟူသော မျိုးစေရဲ့မြေသြဇာဟာ သီလဖြစ်လေတော့ သီလမရှိတဲ့ ရဟန်းယုတ်တွေကိုလှူလျှင် ဘယ်ပုံဘယ်နည်း အကျိုးကြီးတယ်ဆိုတာ တပည့်တော် သိချင်ပါတယ်ဘုရား"

"သည်အမေးကို ဥပမာနှင့်ဖြေကြစို့ကွယ်၊ မြေသြဇာအင်မတန် ထက်သန်ကောင်းမွန်တဲ့ လယ်မြေယာမြေမှာ စိုက်ပျိုးခဲ့လျှင် မျိုးစေ့ကျရုံနှင့် ဖြစ်ထွန်းနိုင်တယ်၊ သို့သော်လည်း ပေါင်းသင်ခြင်း, မြေတောင်မြှောက်ခြင်း စသည်ဖြင့် ဂရုတစိုက်မပြုခဲ့လျှင် ဖြစ်ထွန်းလာတဲ့အပင်ဟာ စိတ်ထင်သလောက် မကြီးပွားဘူး၊ ဒါဟာ ယခုစိုက်ပျိုးရေးခေတ်မှာ လက်တွေ့ပဲကွယ့်၊ သည်ဥပမာအတိုင်း အလွန်မြေသြဇာထက်သန်ကောင်းမွန်တဲ့ ဘုရား ရဟန္တာပုဂ္ဂိုလ်တို့ထံမှာ မျိုးစေ့နှင့်တူတဲ့ အလှူဒါနကိုလှူသော်လည်း လှူသောသူ စေတနာချို့တဲ့ခဲ့လျှင်

အကျိုးကျတော့ ကြီးပွားသင့်သလောက် မကြီးပွားဘူး၊ ထို့အတူ ကျတ်တီးကုန်းဖြစ်လို့ ဘာမျှစိုက်ပျိုးမဖြစ်တဲ့ မြေပင်ဖြစ်စေ စိုက်ပျိုးတဲ့သူက မြေဩဇာထည့်ခြင်း, ရေလောင်းခြင်း, မြေတောင်မြှောက်ခြင်း, ပေါင်းသင်ခြင်း စသည်ကို ပြုလုပ်ပေးခဲ့လျှင် အဲသည်မြေညံ့ကသော်လည်း ထွားကျိုင်းတဲ့အပင်များ ဖြစ်ထွန်းလာနိုင်တယ်၊ ဒါဟာလည်း ယခုခေတ်မှာ လက်တွေ့ပဲမဟုတ်လားကွယ့်၊ သည်ဥပမာအတူ အလှူခံပုဂ္ဂိုလ်က အလဇ္ဇီ ဒုဿီလ ပါပဘိက္ခုပင်ဖြစ်သော်လည်း အလှူရှင်စေတနာသန့်ရှင်းလျှင် အကျိုးကျတော့ ကြီးမားတာပေါ့ကွယ်၊ သည်နေရာမှာ ဒက္ခိဏာဝိသုဒ္ဓိလေးပါးကို သတိပြုထားသင့်သကွယ့်"

"ဒက္ခိဏာဝိသုဒ္ဓိ လေးပါးဆိုတာ ဘယ်လိုပါလဲဘုရား"

## ဒက္ခိဏာဝိသုဒ္ဓိ လေးပါး

ဒက္ခိဏာဝိသုဒ္ဓိ လေးပါးဆိုတာ စင်ကြယ်သော အလှူဒါန လေးမျိုးလို့ ဆိုလိုတယ်၊ အလှူဒါန စင်ကြယ်မှုဟာ လေးမျိုးရှိတယ်ကွယ့်၊ လေးမျိုးဆိုတာ–

၁။ ဒါယကာကြောင့် စင်ကြယ်တာရယ်၊

၂။ အလှူခံပုဂ္ဂိုလ်ကြောင့် စင်ကြယ်တာရယ်၊

၃။ နှစ်ပါးစုံကြောင့် စင်ကြယ်တာရယ်၊

၄။ နှစ်ပါးစုံကြောင့် မစင်ကြယ်တာရယ်၊

ပေါင်း လေးပါးပေါ့ကွယ်၊ အဲသည် လေးပါးအနက် (၁) အချို့သော အလှူဟာ အလှူပေးပုဂ္ဂိုလ်ရဲ့ သီလရှိခြင်း, စေတနာသန့်ရှင်းခြင်းတို့ကြောင့် စင်ကြယ်တယ်၊ (၂) အချို့အလှူဟာ အလှူပေးပုဂ္ဂိုလ် သီလမရှိသော်လည်း အလှူခံပုဂ္ဂိုလ်ရဲ့ သီလစသည်ရှိမှုကြောင့် စင်ကြယ်တယ်၊ (၃) အချို့သော အလှူဟာ အလှူခံ, အလှူပေး နှစ်ပါးစုံ သီလစသည် ပြည့်စုံမှုကြောင့် စင်ကြယ် တယ်၊ (၄) အချို့သောအလှူဟာ အလှူခံ, အလှူပေး နှစ်ပါးစုံ သီလစသည် ချို့တဲ့မှုကြောင့် မစင်ကြယ်ဘူး၊ ဒက္ခိဏာဝိဘင်္ဂသုတ်မှာ ဒါနစင်ကြယ်မှု လေးမျိုး ဘုရားရှင်ဟောထားတဲ့အတွက် အလှူခံပုဂ္ဂိုလ်ဟာ အလဇ္ဇီ ဒုဿီလ ပါပပုဂ္ဂိုလ် ဖြစ်စေ အလှူပေးပုဂ္ဂိုလ်ရဲ့ သီလ, သဒ္ဓါတရား သန့်ရှင်းစင်ကြယ်လျှင် အလှူဟာ သန့်ရှင်းစင်ကြယ်တာပဲ၊ သည်အကြောင်းကို ဒက္ခိဏာဝိဘင်္ဂသုတ်မှာ–

ယော သီလဝါ ဒုဿီလေသု ဒဒါတိ ဒါနံ၊
ဓမ္မေန လဒ္ဓံ သုပ္ပသန္နစိတ္တော။
အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
သာ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ–
လို့ ဟောတော်မူထားသကွယ့်”

“အနက်က ဘယ်လိုပါတဲ့လဲဘုရား”

“အနက်ကတော့ သည်လိုတဲ့ကွယ်၊ ယော သီလဝါ–အကြင်သီလရှိသော ပုဂ္ဂိုလ်သည်၊ ဓမ္မေန–တရားသဖြင့်၊ လဒ္ဓံ–ရအပ်သောပစ္စည်းကို၊ သုပ္ပသန္နစိတ္တော –ကောင်းစွာကြည်လင်သောစိတ် ရှိသည်ဖြစ်၍၊ ဥဠာရံ–ကြီးကျယ်မြင့်မြတ်သော၊ ကမ္မဖလံ–ကံ၏အကျိုးကို၊ အဘိသဒ္ဒဟံ–အလွန်ယုံကြည်သည်ဖြစ်၍၊ ဒုဿီ လေသု–ဒုဿီလပုဂ္ဂိုလ်တို့၌၊ ဒါနံ–အလှူကို၊ ဒဒါတိ–ပေးလှူ၏၊ သာ ဒက္ခိဏာ– ထိုအလှူသည်၊ ဒါယကတော–အလှူပေးပုဂ္ဂိုလ်ကြောင့်၊ ဝိသုဇ္ဈတိ–စင်ကြယ် လေ၏တဲ့ကွယ်၊ ဒါကြောင့် အလှူဆိုတာ ‘ဒါနံ နာမ ယဿ ကဿစိ န ဒိဝါရိတံ’ လို့ဆိုတဲ့အတိုင်း ဒုဿီလသော သုဿီလသော လူသော ခွေးသော ဘယ်ပုဂ္ဂိုလ်ပင်ဖြစ်စေ မပေးလှူအပ်လို့ မတားမြစ်ကောင်းဘူး၊ အယုတ်အလတ်အမြတ်မရွေး ပေးလှူသင့်တယ်လို့ မှတ်တော့တာပေါ့ကွယ်”

“မှန်ပါ–ဝမ်းသာလှပါပြီ ဘုရား၊ သာဓု–သာဓု–သာဓု”

⊛⊛⊛⊛⊛



# အရာမ်တွင်းနှင့် ထီးဖိနပ်

"မေးစရာလေးတစ်ခုရှိသေးတယ် ဘုရား"

"ဘာများရှိသေးတာလဲ၊ ဆိုစမ်းပါဦး"

"ယနေ့ မြန်မာနိုင်ငံတော် တချို့အရပ်မှာ များသောအားဖြင့် မြို့ကြီးပြကြီးတွေမှာပေါ့ဘုရား၊ ကျောင်းကန်ဘုရားဝင်းအတွင်း အချို့လူသားများဟာ ဖိနပ်စီး, ထီးဆောင်း သွားလာလှုပ်ရှားနေကြပါတယ်၊ ဒါဟာ ကျမ်းဂန်သဘောနှင့် ဘယ်လိုဆိုထားတယ်ဆိုတာ သိချင်ပါတယ် ဘုရား"

"ကျောင်းအရာမ်, ဘုရားအရာမ်အတွင်း ဖိနပ်စီးခြင်း, ထီးဆောင်းခြင်း, ယာဉ်စီးခြင်းတို့ကို ရှေးအခါကစပြီး လူယဉ်ကျေးများ မပြုလုပ်ခဲ့ကြဘူး၊ ဒီလို မပြုလုပ်ခဲ့ခြင်းဟာ အမှန်တော့ ဘုရားရှင်ရဲ့ပညတ်တော်ကြောင့် မဟုတ်ဘူး၊ စောင့်ထိန်းခဲ့ကြတဲ့ ဓမ္မတာသဘောမျိုးဖြစ်တယ်၊ မဟာနိပါတ် နာရဒဇာတ်တော်မှာ ကြည့်လျှင် မိထိလာပြည့်ရှင် အင်္ဂတိမင်းကြီးဟာ တန်ဆောင်မုန်းလပြည့်နေ့ ညဦးယံမှာ ကြယ်ပေါင်းခတဲ့ လမင်းရဲ့ အသရေကိုမြင်တော့ စိတ်နှလုံးကြည်ရွှင်လာတဲ့အတွက် ဒီလိုသာယာတဲ့အချိန်မှာ ဘာများပြုလုပ်ရန်သင့်ပါမလဲလို့ ပညာရှိအမတ်ကြီးသုံးယောက်တို့ကို တိုင်ပင်တော်မူတယ်။

"အမတ်သုံးယောက်အနက် စစ်သူကြီးဖြစ်တဲ့ အလာတအမတ်က စစ်တိုက်ရလျှင် ကောင်းမယ်လို့ အကြံပေးတယ်၊ သုနာမအမတ်က ကာမဂုဏ်ခံစားရလျှင် ကောင်းမယ်လို့ အကြံပေးတယ်၊ ဝိဇယအမတ်က ပညာရှိတို့ထံ ချဉ်းကပ် ဆွေးနွေးရလျှင် ကောင်းမယ်လို့ အကြံပေးတယ်၊ ဒီအကြံသုံးမျိုးအနက်

နောက်ဆုံးအကြဲကိုသဘောကျပြီး မိဂဒါဝုန်တောမှာ အဝတ်မဝတ်သော ပညာရှိလို့အများက သမုတ်ထားကြတဲ့ ကဿပတက္ကတွန်းထံကို တရားဆွေးနွေးရအောင်ရယ်လို့ အခြွေအရံပရိသတ်နှင့်တကွ ရထားစီးပြီး သွားကြတယ်၊ တက္ကတွန်းနေရာ ဥယျာဉ်အနီးရောက်တော့ ယာဉ်ကဆင်းတယ်၊ ခြေလျင်ဖြင့်သာ တက္ကတွန်းထံကို ချဉ်းကပ်ကြတယ်လို့ ပြဆိုထားတယ်၊ ဒီပြဆိုချက်ကို ထောက်လျှင် ရှိသေလေးစားအပ်တဲ့ ပုဂ္ဂိုလ်များထံ ချဉ်းကပ်တဲ့အခါ ယာဉ်မှဆင်းခြင်း, ဖိနပ်ချွတ်ခြင်း, ထီးရုပ်ခြင်းဆိုတာတွေဟာ ဗုဒ္ဓပညတ်ထားတဲ့ ဗုဒ္ဓယဉ်ကျေးမှုမဟုတ်ဘူး၊ ကမ္ဘာဦးကရှိနေတဲ့ ရှေးဟောင်းယဉ်ကျေးမှုလို့ မှတ်သင့်တာပေါ့ကွယ်"

"ဒီလိုဆို ဒီယဉ်ကျေးမှုဟာ ဗုဒ္ဓယဉ်ကျေးမှု မဟုတ်တဲ့အတွက် ဗုဒ္ဓသာသနာတော်နှင့် မသက်ဆိုင်ဘူးပေါ့ဘုရား"

"ဒါကတော့ ဒီလိုရှိတယ်ကွယ့်၊ ဗုဒ္ဓရဲ့ယဉ်ကျေးမှုစစ်စစ်ဟာ သစ္စာလေးပါးတရားမျှသာဖြစ်တယ်၊ သစ္စာလေးပါးကို သိတယ်ဆိုတာ ကိုယ်မှု နှုတ်မှုနှင့်မသက်ဆိုင်ဘူး၊ စိတ်မှုသက်သက်သာဖြစ်တယ်၊ ပညတ်, ပရမတ်လို့ ရှိရာမှာပရမတ်မျှသာ ဖြစ်တယ်၊ ပညတ်မဟုတ်ဘူး၊ သို့သော် ဘုရားရှင်ဟာ ပညတ်ကိုလည်း ပစ်ပယ်တော်မမူခဲ့ဘူး၊ လောကအစဉ်အလာကိုလည်း ပစ်ပယ်တော်မမူခဲ့ဘူး၊ ပညတ်မပစ်ပယ်ပုံကို မူလပဏ္ဏာသပါဠိတော် မူလပရိယာယသုတ်တော်မှာ–

"ရဟန်းတို့–ငါဘုရားသည် သတ္တဝါတို့ကို သတ္တဝါဟူ၍ အထူးသိ၏၊ အထူးသိ၍ သတ္တဝါတို့ဟုမကြံ၊ သတ္တဝါတို့ကို ရှေးရှုမနှစ်သက်၊ ထိုသို့ဖြစ်ခြင်းသည် အဘယ်ကြောင့်နည်းဟူမူ ငါဘုရားသည် ထိုအားလုံးကို သိပြီးဖြစ်သောကြောင့်တည်း" လို့ ဟောတော်မူထားတယ်၊ ဒါကြောင့် အမိအဖနှင့်သားသမီးဟာ ပရမတ်အားဖြင့် ရုပ်နာမ်ချင်းတူသော်လည်း ပညတ်ချင်းကျတော့မတူဘူး၊ ထို့အတူ ရဟန္တာနှင့် တိရစ္ဆာန်ဟာ ရုပ်နာမ်ချင်းကတော့ အတူတူပဲ၊ ပညတ်ချင်းမတူဘူး၊ ပညတ်ချင်းမတူလို့ ဂုဏ်ချင်းမတူဘူး၊ အဖေသတ်တာနှင့် ပရွက်ဆိတ်သတ်တာဟာ သတ်တာချင်းအတူတူ အသက်ခံရတဲ့ ရုပ်နာမ်ချင်းအတူတူ ဒါပေမယ့် ပညတ်ချင်းမတူ ဂုဏ်ချင်းမတူလို့ အပြစ်ခံရချင်းလည်း

မတူဘူးလို့ ဘုရားရှင်ဟောတော်မူတယ်၊ ဒါကြောင့် ဘုရားရှင်ရဲ့ဉာဏ်အမြင်ဟာ ပရမတ်ဖြစ်သော်လည်း သတ္တဝါတို့ရဲ့ ပညတ်အမြင်နှင့် ရှေးထုံးစဉ်လာများကိုလည်း ဘုရားရှင်လက်ခံတော်မူတယ်၊ ကမ္ဘာဦးက စတင်လာခဲ့တဲ့ ဖိနပ်ချွတ်ခြင်း, ထီးရုပ်ခြင်းစတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံကိုလည်း ဘုရားရှင်က မပယ်ခဲ့ဘူး၊ သာသနာတော်အတွင်းမှာ ထပ်ပြီး ပညတ်တော်မူခဲ့တယ်၊ စူဠဝါပါဠိတော် ဝတ္တက္ခန္ဓကမှာ ဘယ်လိုပညတ်တော်မူခဲ့သလဲဆိုတော့–

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် အာဂန္တုရဟန်းများဟာ ဖိနပ်စီးပြီးတော့လည်း အရာမ်အတွင်းကို ဝင်ကြတယ်၊ ထီးဆောင်းပြီး ဦးခေါင်းခြုံပြီးတော့လည်း အရာမ်အတွင်းကို ဝင်ကြတယ်၊ အာဝါသိကများ တည်ထားတဲ့ သောက်ရေကိုလည်း မမေးမမြန်းကြဘဲ ခြေဆေးကြသတဲ့၊ ရဟန်းများက ဘုရားရှင်ကို ဒီအကြောင်း လျှောက်ထားကြတော့ ရှေးဟောင်းယဉ်ကျေးမှုကို မလိုက်နာကြတဲ့ အာဂန္တုရဟန်းများကို ကဲ့ရဲ့တော်မူပြီး–

"ရဟန်းတို့–အာဂန္တုရဟန်းသည်. ယခုအရာမ်အတွင်းသို့ ဝင်အံ့ဟု ဖိနပ်ချွတ်၍ နိမ့်လျက်ခါပြီးလျှင် ယူ၍လည်းကောင်း၊ ထီးကိုပိတ်၍လည်းကောင်း၊ ဦးခေါင်းခြုံကို ဖွင့်၍လည်းကောင်း၊ သင်္ကန်းကို ပခုံး၌တင်၍လည်းကောင်း၊ မနှေးမလျင် အရာမ်အတွင်းသို့ ကောင်းစွာဝင်ရမည်" (စူဠဝဂ္ဂပါဠိ–၃၇၄) လို့ ပညတ်တော်မူခဲ့တယ်၊ သည်ပညတ်ချက်အရ ရဟန်းအချင်းချင်းသော်လည်း သူ့အရာမ်အတွင်းကို ဖိနပ်စီး ထီးဆောင်းပြီး မဝင်ရဘူး၊ ဝင်လျှင် ဝတ်ပျက်ပြီး ဒုက္ကဋ်အာပတ်သင့်တယ်၊ ဒါကြောင့်မို့ ဘုရားအာရာမ်, ကျောင်းအရာမ်အတွင်း လူသားများထီးဆောင်းခြင်း, ဖိနပ်စီးခြင်း, ဦးခေါင်းခြုံခြင်း, ဦးထုပ်ဆောင်းခြင်းမျိုး မပြုလုပ်သင့်ဘူးကွယ့်"

"အရှင်ဘုရား မိန့်တော်မူတဲ့ သတ်ပုံ ရေစီးကြောင်းဆိုတာလို ယဉ်ကျေးမှုဟာလည်း ရေစီးကြောင်းတစ်မျိုးပဲမဟုတ်လားဘုရား၊ တစ်ချိန်က သည်အပြုအမူဟာ ယဉ်ကျေးတယ်ထင်သော်လည်း နောင်တစ်ချိန်ကျတော့ မယဉ်ကျေးဘူးလို့ ထင်ချင်ထင်တတ်သပေါ့ဘုရား၊ ဥပမာ–တစ်ချိန်သောအခါက အမျိုးသမီးများဟာ ဆံပင်ရှည်တာကို ယဉ်ကျေးတယ်လို့ အသားပေးထားကြတယ်၊ နောက်

တစ်ချိန်ကျတော့ ဆံတိုကလေးတွေကိုပဲ ယဉ်သလိုလို ထင်ကြပြန်တယ်၊ တစ်ချိန်က ဆံထုံးကြီး ဆံပတ်ကြီးများ လေ့ကားထောင်တက်ရမလောက် ကြီးကြီးမားမားကို ယဉ်ကျေးတယ်လို့ ယူဆကြသော်လည်း ခုခေတ်ကျတော့ ဆံပင်ကို မထုံးမဖွဲ့ဘဲ ဖိုးရိုးဖားရားထားတာကိုပင် ယဉ်ကျေးတယ်လို့ ထင်ကြသကိုးဘုရား၊ ဒီဥပမာအတိုင်းပါပဲ၊ ယဉ်ကျေးမှုဆိုတာအတည်အကျမရှိပါဘူး၊ ဒါကြောင့် ရှေးခေတ်က ဖိနပ်မစီး ထီးမဆောင်းတာကိုပင် ယဉ်ကျေးတယ်လို့ ယူဆကြသော်လည်း ခုခေတ်က ပြောင်းပြန်ဖြစ်လာတယ် ဘုရား”

“ဘယ်လိုပြောင်းပြန်လဲ ဆိုစမ်းပါဦး”

“အရာမ်တွင်းကို ဖိနပ်မစီးဘဲဝင်တော့ ခြေဖဝါးကို ဖုံကပ်တယ်ဘုရား၊ ဖုံကပ်တဲ့ခြေနဲ့ ကျောင်းပေါ်တက်တော့ ဖုံတွေကျောင်းပေါ်ပါသွားတယ်ဘုရား၊ ခုခေတ်ကျောင်းတွေက ရှေးခေတ်ကျောင်းများလို ရိုးရိုးမဟုတ်ကြဘူးဘုရား”

“ရိုးရိုးမဟုတ်လို့ ဘယ်လို ဖြစ်ကုန်ကြသတုန်းကွယ့်”

“ရိုးရိုးမဟုတ်ဆိုတာက ရှေးအခါက ကျောင်းတို့, တန်ဆောင်းတို့ဆိုလျှင် အထွတ်ပါမှကြိုက်ကြတယ်၊ ကျောင်းတံခါးပေါက်များကိုလည်း ခပ်ကျဉ်းကျဉ်း ဖောက်ကြတယ်၊ ဒါကြောင့် ကျောင်းတော်တော်ကြီးလျှင် မှောင်မိုက်နေလို့ ကိစ္စကြီးငယ်ရှိလျှင် နေ့ခင်းကြီးကြောင်တောင် မီးထွန်းထားကြရတယ်၊ ခုတော့ ဒီလို မဟုတ်တော့ဘူးဘုရား၊ ကျောင်းအထွတ်ဆိုတာ ငွေကုန်ပစ္စည်းကုန် အလုပ်များပြီး ကျောင်းလေးတာပဲအကျိုးရှိတယ်လို့ ယူဆကြပြီးခေတ်ကျောင်းများမှာ အထွတ်မထည့်ချင်ကြဘူး၊ ကျောင်းခန်းအတွင်းကိုလည်း လင်းသည်ထက် လင်းအောင် ကျောင်းခန်းများကို နှစ်ကိုယ်တွေ့ပေါက်, မြိုင်ထပေါက်ဆိုတဲ့ တံခါးပေါက်တွေဖောက်ကြတယ်၊ မျက်နှာကျက်ကို ရှေးကလို ပန်းမဖောက်ကြတော့ဘဲ အချောကျက်ပြီး ဆေးသုတ်ကြတယ်၊ ကျောင်းအခင်းကိုလည်း မှန်ရောင်ထအောင် ပါလစ်ရောင်တွေ တင်ထားကြတယ်။

ဒီလို ခေတ်မီကျောင်းများအပေါ် ဖိနပ်မစီးတဲ့ ခြေဖဝါးနှင့် တက်နင်းလိုက်လျှင် နင်းသူရဲ့ခြေရာတွေဟာ အကွင်းလိုက်အကွင်းလိုက် ထင်နေတတ်တယ်၊ ဒီလိုကျောင်းမျိုးတွေမှာ ခြေဆေးရန် ခြေဆေးရေ ခြေဆေးအင်းပျဉ်, ခြေသုတ်ရန် ခြေသုတ်ပုဆိုးဆိုတာတွေ ထားဘွာတ်ကြသော်လည်း လူတစ်ရာမှာ

တစ်ယောက်လောက်သာ ခြေဆေးခြင်း၊ ခြေသုတ်ခြင်း ပြုလုပ်တတ်ကြတယ်၊ အချို့လူသားများကျတော့ သံဃာတော်တည်ထားတဲ့ ခြေဆေးရေကို မဆေးရဲကြဘူးဘုရား၊ ဒီလိုပြဿနာတွေများလာတော့ စာတတ်ကျမ်းတတ် ဆရာတော်ကြီးအချို့တောင် ကျောင်းဝင်းအတွင်း ဖိနပ်စီးတာကို သဘောကျလာကြတယ်၊ ဖိနပ်မစီးလို့ ဖုံအလိမ်းလိမ်းနှင့်ခြေကို ရှိုင်းတယ်၊ ဖိနပ်စီးထားလို့ ဖုံမလိမ်းကျံတာကို ယဉ်တယ်လို့အထင်အမြင်ဟာ ဒီလိုဖြစ်နေတယ်ဘုရား၊ ဒါကြောင့် ထိုင်းနိုင်ငံဘက်မှာဆိုလျှင် ကျောင်းဝင်း, ဘုရားဝင်းအတွင်း ဖိနပ်စီးကုန်ကြပြီလို့ဆိုတယ်၊ မြန်မာနိုင်ငံတော်အတွင်း အချို့အရပ် အချို့ကျောင်းတိုက်များအတွင်း ဖိနပ်စီး ထီးဆောင်းနေကြပြီလို့ သိရပါတယ်၊ ဒီဟာကို ဆရာတော်ဘုရား ဘယ်လိုများ မြင်ပါသလဲဘုရား"

"ခေတ်အဟုန်ဆိုတာ တားဆီးလို့မရဘူးလို့မြင်တာပေါ့ကွယ်"

"ခေတ်အဟုန်ဆိုတာ ဘာတုန်းဘုရား"

"ခေတ်အဟုန်ဆိုတာ ခုန ကိုယ်တော်အမိန့်ရှိတဲ့ ခေတ်ရေစီးကြောင်းပေါ့၊ မိုးအလွန်အားကြီးလို့ ရေအဟုန် အားကောင်းလာတာကို ဘယ်သူမျှ တားဆီးလို့မရနိုင်သလို ခေတ်စားလာတဲ့အပြုအမူကိုလည်း တားဆီးလို့မရဘူးကွယ့်၊ (ဥပမာ–ခုခေတ် လမ်းသရဲဆိုသူကလေးများကိုကြည့်စမ်း၊ ဆံပင်ဖိုးရိုးဖားရား၊ အင်္ကျီ ဘောင်းဘီ ပိုသီပတ်သီနှင့် ဘယ်လိုမျှ ပုံစံမတည့်ဘူး၊ ဒါပေမယ့် တားဆီးလို့ ရရဲ့လား၊ မရဘူးကွယ့်၊ ဖိလေထလေဆိုတာလို ပြောလေ ကဲလေဖြစ်လာတာပဲ)၊ ကောင်းတာပဲဖြစ်စေ, မကောင်းတာပဲဖြစ်စေ အများသဘောကျပြီး ခေတ်စားလာလျှင် အဲဒီအပြုအမူတွေဟာ လွှမ်းမိုးလာခဲ့တတ်တာပေါ့၊ ဒါပေမယ့် ဒီ ထီးဖိနပ်အရေးမှာတော့ တပည့်တော်က တစ်မျိုးမြင်တယ်"

"ဘယ်လိုမြင်ပါသလဲဘုရား၊ အမိန့်ရှိပါဦး"

"ခုခေတ်မှာ လူတွေဟာ အတော်တိုးပွားလာတယ်၊ ရှေးက တောဟာ ယခုရွာဖြစ်လာပြီး ရှေးကရွာဟာ ယခုမြို့ဖြစ်လာတယ်၊ ရှေးတုန်းကချောင်ကျကျ တည်ထားတဲ့ ကျောင်း ဘုရားဟာ ခုတော့ မြို့လယ် ရွာလယ် ဖြစ်လာတယ်၊ လူဦးရေများပြားလာတာနှင့်အမျှ လူတွေရဲ့ နေရေးလည်း ကျပ်တည်းကျဉ်းမြောင်း

လာတယ်၊ မြို့တွင်းမှာဆိုလျှင် ဆယ်တောင်လောက် မြေကလေးတောင် သိန်းခိုက်အောင် စျေးရှိနေတယ်လို့ ကြားရတယ်၊ လူတွေဟာ နေစရာ ကျပ်တည်းလာတော့ ရှေးတုန်းက ချောင်ချောင်တည်ထားလို့ လူဦးရေ နည်းပြီး မြေဧရိယာများတဲ့ ကျောင်းဝင်း, ဘုရားဝင်းအတွင်း နည်းအမျိုးမျိုးနဲ့ ဝင်တိုးနေကြတယ်၊ ကျောင်းဝင်းအတွင်း ဘုရားဝင်းအတွင်း တစ်ခါတစ်ရံ သွားရောက်ခြင်း မဟုတ်ဘဲ အမြဲ နေထိုင်ပြန်တယ်ဆိုတော့လည်း ဖိနပ်မစီး ထီးမဆောင်းလို့ မဖြစ်တော့ဘူးလေ၊ ဒီတော့ သံသရာအပြစ်ဆိုတာ နောင်အခါမှ တွေ့ကြုံရမှာ ဖြစ်တယ်၊ ဆူးစူးခြင်း၊ ခြေပူခြင်း၊ မိုးမိခြင်း၊ နေထိခြင်း စတဲ့ ဒုက္ခတွေက အခုတွေ့နေတော့ နောင်ခါလာ နောင်ခါချေးဆိုပြီး ကျောင်းဝင်း ဘုရားဝင်း အတွင်း ဖိနပ်စီး ထီးဆောင်း လုပ်ကုန်ကြတာပေါ့၊ အဲဒီ လူတွေက ကူးစက်ပြီး ကျန်လူများမှာ ဒီပြဿနာ ဖြစ်လာတယ်လို့ မြင်တယ်ကွယ့်"

"ဒီလိုဆိုတော့ ကျောင်းဝင်း ဘုရားဝင်းအတွင်း ဖိနပ်စီး ထီးဆောင်း ပြုလုပ်ကြရခြင်းဟာ ကျန်းမာရေးအတွက် မလွှဲမကင်းသာလို့ ပြုလုပ်ကြရလေတော့ အပြစ်ဖြစ်လိမ့်မယ်လို့ မထင်မိဘူးဘုရား"

"အပြစ် ဖြစ်,မဖြစ်တော့ မသိဘူး၊ ကျမ်းဆရာများ အလိုအားဖြင့် အရာမ်အတွင်း ထီးဆောင်း ဖိနပ်စီးသူကို ရတနာသုံးပါး မရှိသေးသူလို့ သတ်မှတ်တယ်ကွယ့်"

"ဘယ်လို သတ်မှတ်ပါသလဲဘုရား"

"ပရိဝါ အဋ္ဌကထာမှာဆိုတာက 'စေတိယင်္ဂဏေ သဆတ္တော သဥပါဟနော ဝိစရတိ၊ နတ္တေ တဿ ဗုဒ္ဓေ အဂါရဝေါတိ ဝေဒိတဗ္ဗော'တဲ့၊ စေတီရင်ပြင်၌ ထီးဆောင်းလျက် ဖိနပ်စီးလျက် သွားငြားအံ့၊ ထိုသူအား ဘုရား၌ ရိုသေခြင်း မရှိသူလို့ သိရမယ်တဲ့၊ သုတ်ပါထေယျ အဋ္ဌကထာမှာလည်း 'စေတိယဿ ပဉ္စာယနဋ္ဌာနေ သတ္ထုဒဿနဋ္ဌာနေ ဥတ္တံ့ သဖ္ဖ ကရောတိ၊ အယံ သတ္တုရိ အဂါရဝေါ နာမ'လို့ ပြဆိုထားတယ်၊ စေတီတော်ကို မြင်ရာ အရပ် သို့မဟုတ် ဟတ္ထပါသ်အရပ်က စပြီး ဖိနပ်စီး ထီးဆောင်းအမှုကို ပြုခဲ့လျှင် ထိုသူဟာ ဘုရား၌ မရိုသေသူ မည်သတဲ့၊ သံယုတ် အဋ္ဌကထာမှာက 'ယော ခေတိယင်္ဂဏံ အာရောဟန္တော ဆတ္တံ ဓာရေတိ၊ ဥပါဟနံ ဓာရေတိ၊ အညတော

ဩလောကေတွာ ကထံ ကထေန္တော ဂစ္ဆတိ၊ အယံ သတ္တရိ အဂါရဝေါ နာမ’ လို့ဆိုထားတယ်၊ စေတီတော်ရင်ပြင်ကိုတက်လျှင် ထီးဆောင်းပြီးတက်မယ်၊ ဖိနပ်စီးပြီးတက်မယ်၊ ဘုရားကိုဂရုမထားဘဲ ဟိုကြည့်သည်ကြည့် ကြည့်မယ်၊ ထင်ရာမြင်ရာစကားကို ပြောနေမယ်ဆိုလျှင် ဘုရားရှင်ကို မရိုသေရာရောက်တယ်လို့ ဆိုလိုသကွယ့်”

“ရိုသေထိုက်တဲ့ပုဂ္ဂိုလ်များ၊ ရိုသေထိုက်တဲ့ဌာနများကို မရိုသေရုံနှင့် အပြစ်ဖြစ်ပြီလို့ကော ဆိုနိုင်ပါသလားဘုရား”

“အပြစ်ဆိုတဲ့ စကားကလည်း အင်မတန်ကျယ်ဝန်းတယ်ကွယ့်၊ လောကပြစ် သံသရာပြစ် စသောအားဖြင့်ပေါ့ကွယ့်၊ ရတနာသုံးပါးအပေါ် ပြစ်မှားလိုစိတ်မရှိဘူး၊ သို့သော် အများအမြင်မှာ ပြစ်မှားသလိုဖြစ်လာလျှင် အပြစ်ဆိုတာ ဖြစ်ပေါ်လာတတ်တာပဲကွယ့်၊ တို့ငယ်ငယ်တုန်းက မြို့တွင်းဆွမ်းခံဝင်ကြလျှင် ဝါစဉ်အလိုက် စီတန်းပြီးဝင်ကြရတယ်၊ သံဃာတော် ဆွမ်းခံချိန်မှာ လှည်းမောင်းခြင်း၊ မြင်းစီးခြင်း၊ စက်ဘီးစီးခြင်းမလုပ်ကြဖို့ အရပ်လူကြီး အရပ်သားများက ဆော်ဩထားတယ်၊ တစ်နေ့ သံဃာတော်များ ဆွမ်းခံကြွတုန်း လှည်းကစ်စီးဟာ သံဃာတော်ကြားထဲ ဖွတ်မောင်းလာတယ်၊ အဲဒီလှည်းသမားကို အရပ်သားများက ဝိုင်းရိုက်ကြလို့ ဆွမ်းခံဘုန်းကြီးများက မနည်းတောင်းပန်ခဲ့ကြရဖူးတယ်၊ ဒါက ရိုသေထိုက်တဲ့ပုဂ္ဂိုလ်ကို မရိုသေသလိုဖြစ်လို့ အပြစ်ရတတ်ပုံကို ပြောတာပါ၊ ဆိုလိုတာက ဒီအပြုအမူဟာ မရိုသေတဲ့အပြုအမူပဲလို့ အများကယူဆခဲ့လျှင် အပြစ်ဖြစ်တတ်တယ်ပေါ့၊ မရိုသေတဲ့ အပြုအမူသာမက ဒါဟာ စော်ကားတာပဲလို့ အများကယူဆလာလျှင် လောကအပြစ်ဟာ ပိုမိုကြီးထွားလာတယ်၊ သံသရာအပြစ်ကျတော့ အပြင်အပ အပြုအမူနှင့် ဆုံးဖြတ်လို့မရဘူး။

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနော သေဋ္ဌာ မနော မယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံ ဝ ဝဟတော ပဒံ–

ဆိုတဲ့ ဓမ္မပဒဂါထာနှင့် အဆုံးအဖြတ်ပေးရလိမ့်မယ်”

“ဂါထာရဲ့အဓိပ္ပာယ်က ဘယ်လိုတဲ့လဲဘုရား”

"နာမက္ခန္ဓာတရား လေးပါးထဲမှာ ဝိညာဏက္ခန္ဓာဆိုတဲ့စိတ်က ရှေ့သွားဖြစ်သတဲ့၊ မကောင်းတဲ့စိတ်နှင့် ပြောမိလုပ်မိလျှင် မကောင်းကျိုး ကေနိကြုံရတတ်သတဲ့၊ ဥပမာမှာ လှည်းကိုဆွဲတဲ့နွားခြေရာနောက် လှည်းဘီးလိုက်သလိုပဲလို့ ဆိုလိုတယ်ကွယ့်"

"ဒီလိုဆို ဗိမ္ဗိသာရမင်းကြီး ခြေဖဝါး ဓားခွဲခံရတာဟာ စေတီတော်ရင်ပြင်မှာ ဖိနပ်စီးရှံ အဂါရဝမျှသာမဟုတ်ဘဲ ပြစ်မှားလိုတဲ့ ပဒုဋ္ဌစိတ်ပါတဲ့အတွက် မကောင်းကျိုးခံရတယ်လို့ ဆိုရတော့မှာပေါ့ဘုရား"

"ဒီလိုလည်း မဆိုနိုင်သေးဘူးကွယ့်"

"ဘာကြောင့်တုန်း ဘုရား"

"သာမညဖလသုတ် အဋ္ဌကထာဆိုထားပုံကို ကိုယ်တော်စဉ်းစားကြည့်နော်"

"ရာဇာ ကိရ ပုဗ္ဗေ စေတိယင်္ဂဏေ သဉပါဟနော အဂမာသိ၊ နိသဇ္ဇနတ္တာယ ပညတ္တကငှသာရကဋ္ဋ အဓောတေဟိ ပါဒေဟိ အက္ကမိ၊ တဿာယံ နိဿန္ဒောတိ ဝဒန္တိ တဲ့ကွယ် –

ဗိမ္ဗိသာရမင်းကြီး ခြေဖဝါး ဓားခွဲခံရတာဟာ ရှေးရှေးတုန်းက စေတီရင်ပြင်တော်ပေါ် ဖိနပ်စီးသွားဖူးသောကြောင့်လို့ ဆိုကြတယ်တဲ့၊ နေထိုင်ဖို့ရာခင်းထားတဲ့ သင်ဖြူးပေါ် ခြေမဆေးဘဲ နင်းဖူးလို့ ဓားခွဲခံရတာလို့လည်း ဆိုကြတယ်တဲ့၊ အဋ္ဌကထာဆရာက ကေံစကားကိုမသုံးဘူး၊ (သတဲ့) ဆိုတဲ့ တစ်ဆင့်ကြားစကားမျိုးကို သုံးထားတယ်၊ ကျမ်းဆရာများရဲ့ လျှို့ဝှက်ချက်ဆိုတာ ကြားဖူးတယ် မဟုတ်လားကွယ့်"

"မကြားဖူးပါဘုရား"

"လျှို့ဝှက်ချက်ဆိုတာ သူ့ရဲ့အယူအဆကို တိုက်ရိုက်မပြဘဲ ပညာသားနှင့် ပြသွားတာမျိုးကို ဆိုလိုသကွယ့်"

"ဘယ်လို ပညာသားနှင့် ပြတာလဲဘုရား"

"ကျမ်းထဲမှာ (ကိရ)လို့ ပြခဲ့လျှင် ဒီစကားရပ်ဟာ ခိုင်မာတဲ့ ကျမ်းလာစကားမဟုတ်ဘူး၊ ခိုင်မာတဲ့ပညာရှင်က ပြောတာလည်း မဟုတ်ဘူး၊ ပုံပြင်များလို အဆင့်ဆင့်ပြောလာတဲ့စကားလို့ ဆိုလိုတယ်၊ ပြီးတော့ ကြိယာအချမှာ

'ဒဠ္ဍမ္ဘ'လို့ ပြခဲ့လျှင် ဤစကားကို အသေအချာမှတ်လို့ ဆိုလိုတယ်၊ 'ဝေဒိတဗ္ဗံ' ပြခဲ့လျှင် ဒီစကားရပ်ဟာ သံသယရှိတယ်၊ ဒီထက်ခိုင်မာသော အထောက်အထား ကို မရခင်မှာ မှတ်သားထားပြီး ခိုင်မာတဲ့ အထောက်အထားကိုရလျှင် ပယ်လိုက်ပါလို့ ဆိုလိုတယ်၊ 'ဝဒန္တိ'လို့ ပြခဲ့လျှင် 'ဝဒန္တိသဒ္ဒါ၊ ရှိတုံပါ၊ ဆရာ မနှစ်သက်'တဲ့၊ ဒီစကားရပ်ကို အများက ယုံကြည်စွာ ပြောဟောနေကြလို့သာ ဖော်ပြရတယ်၊ ကျမ်းဆရာကတော့ ဒီအယူအဆကို မကြိုက်ဘူးလို့ ဆိုလိုတယ်၊ ဒါဟာ ကျမ်းဆရာများရဲ့ လျှို့ဝှက်ချက်ပဲကွယ့်။

သုတ် သီလက္ခန် အဋ္ဌကထာကလာတဲ့ ဒီစကားရပ်ကလေးကို ပြောခဲ့ပြီး ဟဲ့ လျှို့ဝှက်ချက်နဲ့တိုက်ဆိုင်ပြီး ကြည့်လိုက်စမ်း၊ စာပိုဒ်စကတည်းက ရာဇာ ကိရလို့ (ကိရ)ပုဒ်နှင့် စ,ထားတယ်၊ အဆုံးသတ်ပြန်တော့လည်း (ဝဒန္တိ)ကြိယာ နှင့် အဆုံးသတ်ထားတယ်၊ ဒီဝါကျဟာ ဘာမျှခိုင်မာတဲ့ ဝါကျမဟုတ်ဘူး၊ သူပြောလူပြောစကားကို ဆွဲထည့်ထားတဲ့ 'အနိစ္ဆိတဝါကျ'မျှသာဖြစ်တယ်၊ ဒါကြောင့် ဒီပုံပြင်ကို မှန်တယ်လို့လည်း မပြောနိုင်ဘူး၊ မမှန်ဘူးလို့လည်း မပြောနိုင်ဘူး၊ ဘယ်ဘုရားရှင်လက်ထက်က နင်းတာလဲ၊ ဘယ်လိုစိတ်နဲ့ နင်းတာလဲလို့လည်း အစစ်အဆေးမခံနိုင်ဘူး၊ တကယ်တော့ ဗိမ္ဗိသာရမင်းကြီးဟာ ပဒုဋ္ဌစိတ်နှင့်သာနင်းခဲ့လျှင် ဒီထက်ကြီးလေးတဲ့ အပြစ်မျိုးရသင့်တယ်၊ ပဒုဋ္ဌစိတ် မပါခဲ့လျှင်လည်း စင်္ကြပါလမထေရ်လို ဘာအပြစ်မျှ ဖြစ်ခွင့်မရှိဘူး"

"ဒီလိုဆို ပဒုဋ္ဌစိတ်မရှိလျှင် ကျောင်းဝင်း ဘုရားဝင်းအတွင်း ဖိနပ်စီး ထီးဆောင်းတဲ့အတွက် အပြစ်မရှိဘူးပေါ့ဘုရား"

"အေး–ဒီအမေးဟာ အတော်အဖြေရခက်တဲ့ အမေးပဲကွယ့်၊ ဒါကြောင့် အမေးရှင်ကို ပြန်ပြီးအဖြေခိုင်းမှ အဖြေမှန်ထွက်ဖို့ရှိတယ်"

"အမေးရှင်ကို ဘယ်လို အဖြေခိုင်းမှာလဲဘုရား"

"ဒါက ဒီလိုပါလေ၊ ကျောင်းဝင်းထဲ ဘုရားဝင်းထဲဖိနပ်စီး ထီးဆောင်း သူက ကျွန်တော်ဟာ အန္တရာယ်အတွက်ကြောင့်သာ ကျောင်းဝင်းဘုရားဝင်းထဲ ဖိနပ်စီးခြင်း, ထီးဆောင်းခြင်း ပြုပါတယ်၊ မရိုသေမလေးစားလို့ မဟုတ်ပါဘူး လို့ ဆိုခဲ့ရင် သူ့ကိုမေးရမှာက ဘယ်လိုအန္တရာယ်ရှိနေသလဲ၊ နေပူလို့လား၊ မိုးရွာလို့လား၊ ဆူးညှောင့်ရှိလို့လား၊ နေမကောင်းလို့လားပေါ့၊ ဒါတွေကြောင့်

ပါလို့ စိတ်ရှင်းရှင်းနှင့် အဖြေပေးခဲ့လျှင် သူ့ကိုအပြစ်က ခွင့်လွှတ်ပါလိမ့်မယ်၊ ဒီလိုမဟုတ်ဘဲ ကျောင်းဝင်း ဘုရားဝင်းအတွင်း ဖိနပ်စီး ထီးဆောင်းတာဟာ အဂါရဝဖြစ်တယ်, ရိုင်းပြတယ်, စော်ကားသလိုဖြစ်နေတယ်ဆိုတာ လူသား တစ်ယောက်အနေနှင့် သိပါလျက် မသိယောင်ဆောင်ပြီး လုပ်ခဲ့လျှင် ပါးစပ်က ပဒုဋ္ဌစိတ်မပါဘူးဆိုပေမယ့် ပဒုဋ္ဌစိတ်ပါသည်မှာ သေချာနေတယ်၊ ဒါကြောင့် အပြစ်က ခွင့်လွှတ်လိမ့်မယ် မဟုတ်ဘူးပေါ့ကွယ်"

"ဆရာတော်ရဲ့အမိန့်အတိုင်းဆိုလျှင် ပြစ်မှားစိတ်မရှိ၊ ကျန်းမာရေးတည်း ဟူသော အကြောင်းကြောင့် ဖိနပ်စီးထီးဆောင်းနေထိုင်လျှင် အပြစ်မရှိဘူးလို့ အဓိပ္ပာယ်သက်ရောက်နေပါတယ်၊ ဒီနေရာမှာ တပည့်တော် ကြားဖူးတာကို လျှောက်ထားချင်ပါသေးတယ်ဘုရား"

"လျှောက်ထားစမ်းပါဦး၊ ဘယ်လိုများကြားဖူးလဲ"

## စိမ်ရေသင့်ခြင်း စိမ်ရေချခြင်း

"မြန်မာဆေးလောကမှာ စိမ်ရေသင့်ခြင်း, စိမ်ရေချခြင်းဆိုတာ ထင်ရှား ရှိပါတယ်၊ မြေအတွင်းမှာနစ်မြုပ်နေတဲ့ ဓာတ်တော်မွေတော်များ၊ ရုပ်ပွားတော် များအပေါ် နင်းကျော်မိခြင်း၊ တရားပိဋကတ်တော်များ ပျံ့လွင့်နေသည်ကို နင်းကျော်မိခြင်း၊ ရဟန်းတော်များအသုံးအဆောင် သပိတ်ကွဲ, သင်္ကန်းစုတ်, ယပ်တောင်, ဖိနပ်မှစပြီး မြေ၌တင်ကျန်နေသည်ကို နင်းကျော်မိခြင်း၊ ရတနာ သုံးပါးနှင့်စပ်တဲ့ သံ,ကြေး,ရွှေ,ငွေ,ကျောက်,ကြေး,သခွဲ,ခတ်ပြာ,ဆား,သကြား, ထောပတ်,ဘောဇဉ်များကို ယူဆောင်သုံးစားမိခြင်း၊ ဘုရားပိုင် သံဃာပိုင်ပစ္စည်း များကို အမှတ်မဲ့ ယူဆောင်သုံးစွဲမိခြင်း၊ ရတနာသုံးပါး မိဘဆရာသမားတို့ရဲ့ အဦးအဖျားကို စားသောက်မိခြင်း၊ အိပ်ရာပေါ်တက်ရောက်မိခြင်း၊ အရိပ်ကို နင်းကျော်မိခြင်း၊ လှည့်ဖျားပြောဆိုမိခြင်း၊ ပြန်လှန်ပြောဆိုမိခြင်း၊ တန္တရ, မန္တရဆရာများ စီရင်မြုပ်နှံထားသော အင်းစသည်တို့ကို ကျော်နင်းမိခြင်း၊ မတရားသက်သေလိုက်မိခြင်း၊ နတ်များကို ပြစ်မှားလွန်ကျူးမိခြင်း၊ ဤအပြစ် များကို ကျူးလွန်သူဟာ စိမ်ရေသင့်တတ်သတဲ့ဘုရား။

လူတစ်ယောက်မှာ စိမ်ရေသင့်နေတယ်ဆိုလျှင် ကျန်းမာရေးပျက်စီးခြင်း, အခြံအရံများပျက်စီးခြင်း, စီးပွားပျက်စီးခြင်း, အာဏာပျက်စီးခြင်း, အယူပျက်စီးခြင်း, အကျင့်ပျက်စီးခြင်းဆိုတဲ့ ဗျသနတရားမျိုးတွေ ဆိုက်ရောက်လာတတ်ပါသတဲ့၊ ကျရောက်လာတဲ့ ဒီဗျသနတရားမျိုးကိုလည်း ပျောက်ကင်းအောင် ဘယ်လိုမျှ ကုစားလို့မရတတ်ဘူးတဲ့ဘုရား၊ ဒါကြောင့် နာတာရှည်ရောဂါစွဲကပ်နေလျှင် အဲဒီရောဂါပျောက်ကင်းအောင်၊ စီးပွားပျက်စီးလျှင် စီးပွားတိုးတက်လာအောင်၊ ကံအားနည်းပါးနေလျှင် ကံအင်အား တိုးတက်လာအောင် စိမ်ရေမှာ ချရမယ်လို့ လောကီဆေးကျမ်းများမှာ ဆိုထားပါတယ်ဘုရား၊ ဒီဆေးကျမ်းအဆိုကို လေးစားသောအားဖြင့် ရှေးအခါက မင်းများဘိသိက်မသွန်းမီ စိမ်ရေချရပါသတဲ့၊ သာသနာတော်အတွင်း ဝင်ရောက်တော့မည့် သာမဏေလောင်းများလည်း လူ့ဘဝကစိမ်ရေသင့်ခဲ့လျှင် စိမ်ရေကင်းစင်ပြီး သာသနာတော်အတွင်းမှာ ကုသိုလ်စိတ်နှင့်ပျော်မွေ့နိုင်အောင် စိမ်ရေချကြတယ်ဘုရား၊ မင်္ဂလာဦးအခါမှာလည်း လုပ်စီးပွား ကိုင်စီးပွား တိုးတက်အောင်ရယ်လို့ စိမ်ရေချကြတယ်ဘုရား"

"စိမ်ရေချတော့ ဘယ်လိုချရသတဲ့လဲကွယ့်"

"မှန်ပါ–စိမ်ရေဆိုကတည်းက ဒီအယူအဆဟာ ဗုဒ္ဓရဲ့အယူအဆမဟုတ်၊ ဗြာဟ္မဏတို့ရဲ့ ဥဒကသုဒ္ဓိအယူအဆမျိုးဆိုတာတော့ သိသာနေတယ်ပေါ့ဘုရား"

"ဥဒကသုဒ္ဓိ အယူအဆမျိုးဆိုတာက ဘာလဲကွယ့်"

"ရေဖြင့် စင်ကြယ်နိုင်တယ်ဆိုတဲ့ ဗြာဟ္မဏတို့ရဲ့ အယူအဆပေါ့ဘုရား၊ ရွှံ့ စတဲ့အညစ်အကြေးတွေ ငြိကပ်နေလျှင် ရေဆေးတော့စင်ကြယ်သွားသလို စိတ်အညစ်အကြေးတွေ ရောဂါ စတဲ့ အညစ်အကြေးတွေကိုလည်း ရေဖြင့် စင်ကြယ်စေနိုင်တယ်လို့ ယူဆတဲ့အယူအဆမျိုးကို 'ဥဒကသုဒ္ဓိ'အယူအဆမျိုးလို့ လွယ်လွယ်ခေါ်ကြတာပါပဲဘုရား၊ ပရိတ်ရေဆိုတာလည်း ဒီဥဒကသုဒ္ဓိအယူအတွင်း ပါဝင်တယ်လို့ ဆိုချင်ဆိုနိုင်ပါတယ်၊ ဒီအယူအဆဟာ ရှေးရှေးတုန်းကတည်းက မြန်မာနိုင်ငံအတွင်းသို့ စိမ့်ဝင်နေတယ်ဘုရား၊ ဘိသိက်သွန်းခြင်း, ရေမန်းသောက်ခြင်း, ရေစင်ဖျန်းခြင်း, ရေပက်ကစားခြင်းဆိုတာတွေဟာ တကယ်တော့ ဥဒကသုဒ္ဓိအယူအဆမျိုးချည်းပဲဘုရား၊ ဒါပေမယ့် မြန်မာနိုင်ငံ

မှာတော့ ဆေးဂိုဏ်း, အင်းဂိုဏ်း, သိဒ္ဓိဂိုဏ်း, ဣဒ္ဓိဂိုဏ်းများက အသုံးပြုနေကြတယ် ဘုရား"

"ဟုတ်တာပေါ့ကွယ်၊ ဆေးဂိုဏ်း, အင်းဂိုဏ်း, သိဒ္ဓိဂိုဏ်း, ဣဒ္ဓိဂိုဏ်းဆိုကတည်းက ဗြာဟ္မဏတို့ရဲ့ တန္တရ, မန္တရအသွင်ကို ဆောင်နေတာကိုး၊ ရိုးရိုးဗိန္ဒောဆရာ ဓာတ်ဆရာမဟုတ်ဘဲ ဂိုဏ်းဆရာဆိုလျှင်တော့ တန္တရ, မန္တရ ဝါဒပဲဖြစ်ရပေမပေါ့၊ ကိုင်း–ကိုယ်တော့် စိမ်ရေချပုံကို ဆက်ပြောစမ်းပါဦး"

"ဆရာများ စိမ်ရေချပုံကတော့ ရှေးဦးစွာ စင်ကြယ်သန့်ရှင်းတဲ့ရေကို ခပ်ယူရပါတယ်၊ အဲဒီရေထဲမှာ နံ့ခုနစ်ပါး, ပန်းခုနစ်မျိုး စိုက်ထိုးထားရပါတယ်၊ ပြီးတော့ ဆရာက ရေချမ်းခွက်ကို လက်ဝဲလက်ဖြင့်ကိုင်၊ ပန်းများကို လက်ယာလက်ဖြင့်ဆုပ်ကိုင်ပြီး စိမ်ရေချစာများကို ပါးစပ်ကရွတ်ဆိုရင်း ပန်းဖြင့် ရေကိုဆွတ်ပြီး ဖျန်းပေးတာပဲဘုရား"

"စိမ်ရေချစာကိုလည်း ဆိုပြစမ်းပါဦး၊ စာဖတ်ပရိသတ်များ ဗဟုသုတရတာပေါ့ကွယ်"

"စိမ်ရေချစာဟာ မူအမျိုးမျိုးရှိတယ်ဘုရာ့၊ မူတစ်ခုကတော့ အခုရွတ်ဆိုပြပါမယ်"

## စိမ်ရေချစာ

"သီတာရေဖျန်း၊ အေးစိမ့်ချမ်းမှု၊ ပန်းမျိုးခုနစ်ပါး၊ ခယားကုက္ကို၊ စိမ်းညိုမြေဇာ၊ သောကြာနံ့သီး၊ ထည့်ပြီးတစ်ခန်း၊ ညွန့်လန်းသပြေ၊ မသွေထန်းအုန်း၊ သုံးသုံးသမျှ၊ ကမ္ဘာ့ဆောင်ပန်း၊ ထုံးတမ်းရှိရာ၊ ဘုရားစိမ်ရေ၊ တရားစိမ်ရေ၊ သံဃာစိမ်ရေ၊ မာတာပိတာ အမိအဖစိမ်ရေ၊ ဆရာသမားစိမ်ရေ၊ စိမ်ရေရှိသမျှအပေါင်း၊ မကောင်းအန္တရာယ်၊ ကိုယ်ဝယ်မချောက်၊ ဖြစ်စေသောဝ်။

ဥုံ–ဘဒ္ဒကမ္ဘာ၊ ပေါ်ဦးစွာက၊ သဒ္ဓါကြည်ဖြူ၊ လူတို့ပြည်မှာ၊ ကပ်ရောက်လာသည့်၊ ရောဂါအပေါင်း၊ မကောင်းအိပ်မက်၊ သက်သည့်အနေ၊ ဤစိမ်ရေကို၊ မသွေတကယ်၊ ရန်မျိုးကွယ်အောင်၊ ပယ်မည်ယခု လာသတည်း။

ဥပုံ–ဘုရား–တရား–သံဃာ၊ ရတနာမျိုး၊ ပုထိုးဂူကျောင်း၊ တန်ဆောင်းဇရပ်၊ ပြာသာဒ်စေတီ၊ သရီကိုယ်စား၊ သိမ်ကျောင်းများလည်း၊ ပြစ်မှားတစ်နင်းကျော်မိ၍၊ သင့်သည့်အနေ၊ ဤစိမ်ရေသည်၊ မသွေခဏ လျော့စေသား။

ဥပုံ–ပုဆိုးကြွက်ခဲ၊ မလှဲ့ဝတ်ဆင်၊ မီးနေအိမ်အောက်၊ အလျောက်အလျား၊ သွားမိချေဖူး၊ တစ်ထွေဘူး,ဖရုံ၊ ဝင်တုံလေကြား၊ လှေခါးလက်ကသုံး၊ ကုန်းလျှိုးမိက၊ သင့်သည့်အနေ၊ ဤစိမ်ရေလည်း၊ မသွေခဏ လျော့စေသား။

ဥပုံ–ရွှေငွေဖလ်မှန်၊ ကျောက်သံပတ္တမြား၊ ဖလားလင်ပန်း၊ တစ်ခန်းအလျောက်၊ ယောက်မ,ယောက်ချို၊ စဖိုခနောက်၊ မှောက်ခုံမှောက်နှင့်၊ အလျောက်အခင်း၊ ဝက်စားကျင်းနှင့်၊ အခင်းသွားထား၊ တိုင်မိမှား၍၊ သင့်ပြားတစ်ထွေ၊ ဤစိမ်ရေလည်း၊ မသွေခဏ လျော့စေသား။

ဥပုံ–အဘိုး အဘွား၊ အမိအဖ၊ စသည့်တစ်ထွေ၊ ဤစိမ်ရေသည်၊ မသွေခဏ လျော့စေသား။

ဥပုံ–ဒုသကုဏာ၊ ငှက်မျိုး စ,သား၊ မိုးဝတိန်ညင်း၊ ငှက်ပျင်းစင်ရော်၊ ငှက်တော်, ဥဒေါင်း၊ မကောင်းခင်ပုတ်၊ ငှက်ယုတ်ငှက်မာ၊ မြည်လာညိုးည်၊ အသံမစဲ၊ လက်ဝဲလက်ယာ၊ ငှက်တကာလည်း၊ ဝေးရာလွှင့်၍ ပျောက်စေသား။

ဥပုံ–သမင်,ဒရယ်၊ ချေငယ်,စိုင်ဆတ်၊ ဖွတ်ပုတတ်နှင့်၊ သားမြတ်ထူးထွေ၊ ရေနေအမျိုး၊ မြွေဆိုး,မြွေဟောက်၊ ငန်းပြောက်,ငန်းကြီး၊ စပါးကြီး, လင်းမြွေ၊ ငန်းတော်ရေကာ၊ မြွေမျိုး စသည်၊ ကြောက်စရာမြင်ချေ၊ ဤစိမ်ရေလည်း၊ မသွေခဏ လျော့စေသား။

ငါးဖြာရန်သူ၊ ဆယ်ဆူသောဒဏ်၊ ရှစ်တန်သောအပြစ်၊ အညစ်ဆယ်ပါး၊ နှစ်ဆယ့်ငါးဘေး၊ ကင်းဝေးစေရာ၊ ဆယ့်ခြောက်ဖြာနှင့်၊ ကင်းကွာဥပါဒ်၊ မကပ်ဒွတ္တိသ၊ ဆနဝုတိ၊ မရှိကိုယ်ဝယ်၊ လွင့်ပျောက်ပြယ်သည်၊ မတွယ်ရှင်းကွာ ဝေးစေသား။

သုခချမ်းသာ၊ ကိုယ်၌သာလျှင်၊ မကွာအမြဲရှိစေသား။

မာဃက္ကနွာ၊ အသုရာနှင့်၊ ဒေဝါဒေဝ၊ စသည့်ကျော်သောင်း၊ နတ်အပေါင်းတို့၊ ကောင်းကျိုးချမ်းသာပေးစေသား။

တနင်္ဂနွေ, တနင်္လာ, အင်္ဂါ, ဗုဒ္ဓဟူး, ကြာသပတေး, သောကြာ, စနေ၊ ခုနစ်ရက်မွေးဖွား၊ ယောကျ်ား မိန်းမ၊ ဟူသမျှလည်း၊ မြင်ကစုံမက်၊ ရန်ဝယ် ထွက်သို့၊ မပျက်မေတ္တာမျှစေသား။

ဘင်နာ, စိန်, ဒန်၊ သံနှင့်ဆေးဒန်း၊ ယမ်း, ဆား, ဒုတ္တာ၊ သီလာကျောက်မျိုး၊ ပြီးမျိုးကာယ၊ အကွယ်စ,သည်၊ မြှုပ်ထစက်မှု၊ အနုနတ်ဆေး၊ ရုပ်သေး ခါးလှည့်၊ လက်ဖွဲ့အင်းဆောင်၊ ကြံတိုင်အောင်၍၊ ဆောင်တိုင်းမကြာ ပြောက်စေသား။

သူကျင့်သူပြု၊ ပညာမှုလည်း၊ မယုမယိုင်၊ မခိုင်နက္ခတ်၊ စန်းပြတ် လွှန်းပြတ်၊ နဝင်းပြတ်နှင့်၊ ဂြိုဟ်ပြတ် ဂြိုဟ်ဝင်၊ ဂြိုဟ်ဆင် ဂြိုဟ်နင်း၊ ဂြိုဟ် ချဉ်း ဂြိုဟ်စီး၊ လင်္ဂစီးဂြိုဟ်သွား မြှုပ်ထားအင်းပျက်၊ အိပ်မက်အပေါင်း၊ မကောင်းအသံ၊ ငှက်ပျံငှက်ဝဲ၊ ကြွက်ခဲတမျှ၊ ဂြိုဟ်ပါပနှင့်၊ ဆနဝုတိ၊ မရှိကိုယ်ဝယ်၊ လွင့်ပျောက်ပယ်၍၊ မတွယ်ရှင်းကွာ ဝေးစေသား။

အနူ့အရှုသိမ်၊ အပိန်အညှော်၊ နာသော်အပေါင်း၊ မကောင်းသောစိမ်ရေ၊ မကောင်းသော ဥပဒ်အန္တရာယ်၊ မကောင်းသောဘေးဒဏ်တို့သည်၊ ဗုဒ္ဓါနုဘာဝေန–မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်လည်းကောင်း၊ ဓမ္မာနုဘာဝေန–တရားတော်၏ တန်ခိုးအားဖြင့်လည်းကောင်း၊ သံဃာနုဘာဝေန–သံဃာတော်၏ တန်ခိုးတော်အားဖြင့်လည်းကောင်း၊ ဝိနာသန္တု–ပိန်းကြားဖက်တွင် ရေမတင် သကဲ့သို့ လျှင်မြန်စွာ ကင်းပျောက်ကြပါစေကုန်သတည်း။

## မိစိမ်ရေ ဘစိမ်ရေ

"စိမ်ရေချစာတော့ နားထောင်ပြီးပြီ၊ ဆိုလိုရင်းကို ပြောစမ်းပါဦးကွယ်"

"ဆိုလိုရင်းကတော့ ကျောင်းဝင်း ဘုရားဝင်းအတွင်း ဖိနပ်စီး, ထီးဆောင်း အမှုမျိုးပြုလုပ်ခဲ့လျှင် ပြစ်မှားလိုသည်ဖြစ်စေ၊ မပြစ်မှားလိုသည်ပင်ဖြစ်စေ စိမ်ရေသင့်တတ်တယ်၊ လောကမှာ စိမ်ရေသင့်တယ်ဆိုလျှင် လောကဝိဇ္ဇာမျိုးမို့ သံသရာပြစ်လည်း ဖြစ်သင့်တယ်လို့ တပည့်တော်ယူဆပါတယ်၊ ဆရာတော်က မနောပုဗ္ဗင်္ဂမာဂါထာနှင့် ပဒုဋ္ဌ, အပဒုဋ္ဌ ခွဲလိုက်တော့ တပည့်တော် ဘဝင်မကျ သလို ဖြစ်သွားပါတယ် ဘုရား"

"ဒီလိုဆို ကိုယ်တော်ရဲ့ စိမ်ရေချစကားနှင့်ပင် ကိုယ်တော့်ကို ပြန်မေးပါရစေဦး"

"မှန်ပါ–မေးတော်မူပါဘုရား"

"စိမ်ရေသင့်တာဟာ သာသနာ့မြေပေါ် ကျူးကျော်သွားလာနေသူကိုသာ မကဘူး၊ ရတနာသုံးပါး ဆရာမိဘများနှင့် ရှည်ကြာစွာ နေထိုင်ဖူးသူအချို့လည်း စိမ်ရေသင့်ရောက်တတ်သတဲ့၊ ဥပမာ–မိစိမ်ရေ, ဘစိမ်ရေဆိုပါစို့ကွယ်၊ ဒီစိမ်ရေ ဘာကြောင့်သင့်တာလဲ၊ မိဘနှင့်နေရုံကာမျှနှင့် သင့်တာလားဆိုတော့ မဟုတ်ဘူးကွယ့်၊ မိအိုဘအိုများနှင့် ရှည်ကြာစွာနေရတော့ တစ်ခါတစ်ရံ စိတ်အလိုမကျတာရှိမယ်၊ ပါးစပ်က ပြန်လှန်ပြောဆိုမိမယ်၊ ကိုယ်အားဖြင့် အဂါရဝမှုပြုကျင့်မိမယ်၊ စိတ်ကပြစ်မှားမိမယ်ပေါ့၊ ဒီပြစ်မှုတွေဟာ တကယ်တော့ ကြီးကြီးမားမား မဟုတ်ကြဘူး၊ ဒါပေမယ့် ကျပါများတော့ အိုးစရည်းကြီးအတွင်း မိုးရည်စက်တွေပြည့်လာသလို ရက်လနှစ်တွေကြာညောင်းလာတော့ မကောင်းမှုတွေပြည့်လာခဲ့တယ်၊ အဲဒါကို ဆေးဘာသာအားဖြင့် စိမ်ရေသင့်တယ်လို့ ခေါ်လိုက်တယ်၊ ဒီဥပမာမှာ မိစိမ်ရေဘစိမ်ရေဟာ ပဒုဋ္ဌဆိုတဲ့ပြစ်မှားလိုစိတ်မပါဘဲ မသင့်ရောက်နိုင်သလို ကျောင်းမြေ ဘုရားမြေအတွင်း ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်းတို့ကိုလည်း ဒီဥပမာအတိုင်း မှတ်သင့်တယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာမှန်သမျှ သတိပြုသင့်တာက ကျောင်းဝင်း, ဘုရားဝင်းအတွင်း ကြည်ညိုစိတ်နှင့် ဖိနပ်ချွတ်သွားလျှင်, ထီးရုပ်သွားလျှင် သွားရင်း လာရင်း မိမိတို့သန္တာန်မှာ ကုသိုလ်တရားတွေ တိုးပွားလာတယ်၊ ဘာဖြစ်ဖြစ်ဆိုပြီး ဖိနပ်စီး ထီးဆောင်းသွားခဲ့လျှင် မိမိသန္တာန်မှာ ပြစ်မှားလိုသော ပဒုဋ္ဌစိတ်ဟာ မသိမသာသော်လည်းကောင်း၊ သိသိသာသာသော်လည်းကောင်း ပါသွားတတ်တဲ့အတွက် သွားရင်းလာရင်း အကုသိုလ်ဖြစ်တယ်လို့ မှတ်သင့်ပါတယ်။

"မှန်ပါ–ဒီအဖြေကို တပည့်တော် သဘောကျသွားပါပြီ၊ ဒါနဲ့ တစ်ဆက်တည်း လျှောက်ထားစရာ ရှိနေပါသေးတယ် ဘုရား"

"ဘာများလဲကွယ့်–လျှောက်ထားစမ်းပါဦး"

## သာသနာ့မြေကိစ္စ

"အခုအခါ လူဦးရေဟာ ဒီရေတက်သလို တက်နေတယ် ဘုရား၊ လူဦးရေ တိုးပွားလာတဲ့အတွက် လူတွေ နေစရာထိုင်စရာ ရှားပါးလာပါတယ်၊

ရှေးအခါကာလက မြေနေရာ ကျယ်ဝန်းတဲ့အတွက် သာသနာ့မြေများကို အတော် ကျယ်ကျယ်ဝန်းဝန်း ယူထားကြပါတယ်၊ အခြေအနေအရ အချို့သော သာသနာ့ မြေများဟာ အစောင့်အရှောက် မရှိတော့ဘဲ တောထနေကြပါတယ်၊ အချို့ အစောင့်အရှောက် ရှိပါသော်လည်း ကျောင်းဝင်းကြီးတစ်ဝင်းလုံးမှ အစောင့် အရှောက် တစ်ပါးတလေမျှသာ ရှိတတ်ကြပါတယ်၊ ဒီလို မြေနေရာ မညီမမျှ ဖြစ်နေတဲ့အချိန်မှာ အချို့ဒကာများက ဘုန်းကြီးများကို လျှောက်ထားပြီး မြေနေရာ တောင်းနေကြပါတယ်၊ ဒီနေရာမှာ ပြဿနာက ဒကာ တောင်းတဲ့ မြေနေရာကို ပေးသင့် မပေးသင့်၊ ပေးနိုင် မပေးနိုင် ဖြစ်နေပါတယ် ဘုရား”

“အင်း– ဒီ ပြဿနာက အမေး လွယ်သလောက် ဖြေဆိုဖို့ မလွယ်ကူဘူး ကွယ့်၊ ဒါကြောင့် ပြဿနာကို မဖြေဆိုခင် ဂရုဘဏ်, လဟုဘဏ်ကို ဦးစွာ သိထား သင့်သေးတယ်”

“မှန်ပါ– မိန့်တော်မူပါ ဘုရား”

“ဘုရားရှင် လက်ထက်တော်ကာလက သာဝတ္ထိပြည်ရဲ့ အနီးမှာ ရွာငယ် တစ်ရွာရှိတယ်၊ ထို ရွာငယ်ရဲ့အနီးမှာလည်း ဘုန်းကြီးကျောင်းတစ်ကျောင်း ရှိတယ်၊ ဒီကျောင်းဟာ သာဝတ္ထိပြည်ရဲ့ အနီးမှာ တည်နေတဲ့အတွက် ဘုရားဖူး ကြွလာကြတဲ့ အာဂန္တုကရဟန်းများလည်း မပြတ်ရောက်တတ်တယ်၊ ကျောင်းနေ ရဟန်းများဟာ အာဂန္တုရောက်လာတိုင်း ကျောင်းအိပ်ရာနေရာများကို ခင်းပေး နေကြရတဲ့အတွက် အနှောင့်အယှက် ဖြစ်နေကြတယ်၊ ဒါကြောင့် ရဟန်းတော် များ တိုင်ပင်ကြပြီး သံဃိက(သံဃာပိုင်း) ကျောင်း, အိပ်ရာ, နေရာတို့ကို ရဟန်းတစ်ပါးအား သဘောတူ ပေးလိုက်ကြတယ်၊ မကြာမီ အာဂန္တုကရဟန်းများ ရောက်လာကြပြီး ‘ငါ့ရှင်တို့ ငါတို့အတွက် ကျောင်း အိပ်ရာ နေရာခင်းများ ခင်းကြပါ’လို့ ပြောကြတယ်၊ ဒီအခါ ရဟန်းတော်များက ‘ငါ့ရှင်တို့ သံဃိက ကျောင်း, အိပ်ရာ, နေရာ မရှိကုန်တော့ဘူး၊ တပည့်တော်များ သဘောတူ ရဟန်း တစ်ပါးအား ပေးလိုက်ကြပြီ’လို့ ပြောကြတယ်၊ အာဂန္တုများက ‘အရှင်ဘုရားများ သံဃိက ကျောင်း, အိပ်ရာ, နေရာကို ပေးလိုက်ကြသလား’လို့ မေးတော့ ရဟန်းတော်များက ‘ဟုတ်တယ်၊ ပေးလိုက်ကြတယ်’ လို့ ပြန်ဖြေတယ်၊ ဒီအကြောင်းကို အာဂန္တုကရဟန်းတော်များ သာဝတ္ထိပြည်ကို ရောက်တော့

ဘုရားရှင်ကို လျှောက်ထားကြတယ်၊ ဘုရားရှင်က သံဃိက ပစ္စည်းပေးလိုက်ကြတဲ့ ရဟန်းတော်များကို အပြစ်ဆိုတော်မူပြီး–

"ရဟန်းတို့–ဤမစွန့်ထိုက်တဲ့ ဘဏ္ဍာငါးပါးတို့ကို သံဃာသည်လည်းကောင်း, ဂိုဏ်းသည်လည်းကောင်း, ပုဂ္ဂိုလ်သည်လည်းကောင်း မစွန့်ထိုက်ကုန်၊ စွန့်သော်လည်း စွန့်ရာမရောက်ကုန်၊ စွန့်သောရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်စေ၊ ငါးပါးသော ဘဏ္ဍာတို့ဆိုသည်မှာ–

(၁) အရာမ်–အရာမ်ရာ၊
(၂) ကျောင်း–ကျောင်းရာ၊
(၃) ညောင်စောင်း–အင်းပျဉ်–ဖုံ–ခေါင်းအုံး၊
(၄) ကြေးအိုး–ကြေးအင်တွဲ–ပဲခွပ်–ပုဆိန်–ဓားမ–ပေါက်တူး–ဆောက်၊
(၅) နွယ်–ဝါး–ဖြူဆံမြက်–ပြိတ်မြက်–မြက်–မြေညက်–သစ်ဘဏ္ဍာ–မြေဘဏ္ဍာ–

ဆိုတဲ့ ဤငါးမျိုးသောဘဏ္ဍာတို့ကို မစွန့်ထိုက်ကုန်၊ စွန့်သော်လည်း စွန့်သည်မမည်၊ စွန့်သောရဟန်းအား ထုလ္လစ္စည်းအာပတ်သင့်စေ'လို့ စူဠဝါပါဠိတော် သေနာသနက္ခန္ဓကမှာ ဘုရားရှင်ပညတ်တော်မူထားတယ်၊ အရာမ်–အရာမ်ရာ, ကျောင်း–ကျောင်းရာများဟာ အကယ်၍ သံဃိကဖြစ်ခဲ့လျှင် ဒီပညတ်ချက်မှာ ပါတဲ့အတိုင်း ဂရုဘဏ်ဖြစ်တယ်၊ ဂရုဘဏ်ဆိုတာ လေးလံသောပစ္စည်းပေါ့၊ အမှန်လေးလံတဲ့ပစ္စည်းဟာ တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့မရသလို ဂရုဘဏ်ပစ္စည်းများကိုလည်း သံဃိကအဖြစ်မှ ဂဏိက, ပုဂ္ဂလိကအဖြစ်သို့ ရောက်အောင် ပြောင်းရွှေ့လို့မရဘူး၊ ဝေဖန်ပေးကမ်းလို့ မရဘူး၊ ဝေဖန်ပေးကမ်းသော်လည်း ဝေဖန်ပေးကမ်းသည်မမည်၊ မူလသံဃိကအဖြစ်ကို မစွန့်ဘူး၊ ဒါကြောင့် 'အဝေဘင်္ဂိယ–မဝေဖန်ကောင်းသော ဝတ္ထု၊ အဝိဿဇ္ဇိယ–မစွန့်အပ်, မပေးအပ်သောဝတ္ထု'လို့ကျမ်းများကဆိုတယ်၊ ဒီအဆိုအရ သံဃိကမြေကို ဒကာကတောင်းလျှင် ရဟန်းဖြစ်သူဟာ မပေးထိုက်ဘူး၊ ပေးသော်လည်း ပေးသည်မမည်ဘူးလို့ မှတ်သင့်တယ်၊ ဒီလိုဂရုဘဏ်မြေကို မဆိုထားနှင့်၊ သံဃိကမြေမှာပေါက်တဲ့ သရက်ပင် ပိန္နဲပင်တို့က သီးတဲ့အသီးကိုသော်လည်း ဒကာတောင်းတိုင်း မပေးအပ်ဘူး၊ သံဃာကိုသုံးကြိမ်ပန်ကြားပြီးမှ ပေးအပ်

တယ်၊ ဒီအကြောင်းကို 'ဒေဿေန ပန သံဃံ သန္တိပါတေတွာ ယာဝတတိယံ သာဝေတွာ အပလောကနကမ္မံ ကတွာဝ ဒါတဗ္ဗံ'လို့ ပရိဝါအဋ္ဌကထာမှာ ဆိုထားတယ်ကွယ့်"

"ဒီလိုဆို သာသနိကမြေကို ဘယ်လိုနည်းနှင့်မျှ အပမြေပြုလုပ်လို့မဖြစ်တော့ဘူးလားဘုရား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ လုပ်လို့ဖြစ်တဲ့နည်းလည်း ရှိပါတယ်"

"ရှိလျှင် အမိန့်ရှိပါဦး ဘုရား"

"ဝိနယသင်္ဂဟ အဋ္ဌကထာ ဂရုဘဏ္ဍဝိနိစ္ဆယကထာမှာ ဆိုထားတာက ထာဝရဝတ္ထုနှင့် ထာဝရဝတ္ထု လဲလှယ်ခွင့်ရှိတယ်၊ ဂရုဘဏ်နှင့် ဂရုဘဏ်ချင်း လဲလှယ်ခွင့်ရှိတယ်၊ လဲလှယ်ပုံက သံဃာပိုင်တဲ့ အုန်းတောအရာမ်ကဝေးနေတယ်၊ ဝေးနေတဲ့အတွက် စောင့်ရှောက်ဖို့ခက်နေလျှင် စောင့်ရှောက်ရန် လွယ်ကူတဲ့ ဒကာရဲ့အရာမ်နှင့် သံဃာကိုပန်ကြားပြီး အရာမ်ချင်း လဲလှယ်နိုင်တယ်၊ ဒီနည်းအတိုင်း အရာမ်ရာကိုလည်းကောင်း, ကျောင်းကိုလည်းကောင်း, ကျောင်းရာကိုလည်းကောင်း လဲလှယ်နိုင်ခွင့်ရှိတယ်"

"လဲလှယ်နိုင်ခွင့် ရှိတယ်ဆိုတာတော့ ဟုတ်ပါပြီဘုရား၊ အကယ်၍ ဒကာက လဲလှယ်စရာမြေမရှိဘူး၊ မြေမရှိတဲ့အတွက် တန်ရာတန်ဖိုး ဝတ္ထုကြေးငွေပေးပြီး ယူလျှင်ကော ဖြစ်နိုင်ပါ့မလားဘုရား"

"ဘိက္ခုပါတိမောက် ငွေကလောမဝဂ်မှာ ရဟန်းတော်များ အရောင်းအဝယ် မလုပ်ရဘူးလို့ တားမြစ်ချက်ရှိနေတော့ ရဟန်းများနှင့် အရောင်းအဝယ်လုပ်လို့တော့မဖြစ်ဘူး၊ အပ်အောင်လုပ်တတ်တဲ့ ကပ္ပိယကာရကနှင့် ဒါယကာ အချင်းချင်း ဝတ္ထုကြေးငွေနှင့်ဖလှယ်ပြီး ရတဲ့ကြေးငွေဖြင့် ကပ္ပိယဘဏ္ဍာကို အစားထောင်ပေးမယ်ဆိုလျှင်တော့ ဖြစ်နိုင်လောက်စရာရှိပါတယ်၊ ဒါလည်း သံဃာကို မပန်ကြားဘဲတော့ မဖြစ်ဘူးကွယ့်"

"သာသနိက မြေနှင့်စပ်ပြီး ဒီလောက်ဆို အဓိပ္ပာယ်ပေါက်ပါပြီ၊ ဒါပေမယ့် အဓိပ္ပာယ်မပေါက်တဲ့ အပိုင်းကလေးကလည်း ရှိနေသေးတယ်ဘုရား"

"ဆိုစမ်းပါဦး၊ ဘယ်အပိုင်းလဲကွယ့်–အဓိပ္ပာယ် မပေါက်တာ"

"သာသနိကမြေဟာ ဘုရားရှင်ကိုလှူတဲ့ ဗုဒ္ဓသန္တကမြေ၊ သံဃာတော်ကို လှူတဲ့ သံဃသန္တကမြေ၊ ပုဂ္ဂိုလ်ကိုလှူတဲ့ ပုဂ္ဂလိကမြေရယ်လို့ သုံးမျိုးရှိနေပါတယ်၊ သည်သုံးမျိုးလုံး ဂရုဘဏ်မြေဖြစ်ပါသလားဘုရား"

"သံဃဿ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍံ ဟောတိ' လို့ အဋ္ဌကထာ ဆိုတဲ့အတိုင်း ဂရုဘဏ်ဆိုတာ တစ်ဦးတည်းပိုင်မဟုတ်တဲ့ အများပိုင် (သံဃိက)ကို ဆိုလိုတယ်၊ ခုခေတ်စကားနှင့်သုံးရလျှင် ပြည်သူပိုင်ပေါ့ကွယ်၊ အများပိုင်ဖြစ်နေလို့ ပုဂ္ဂိုလ်ဂိုဏ်းတို့က မဝေဖန်နိုင်တာပေါ့"

"သံဃိကမြေဆိုတာ သံဃာတော်များ သီတင်းသုံး နေထိုင်ဖူးတဲ့မြေကို ဆိုလိုပါသလား၊ ဒါမှမဟုတ် သံဃာအား ရေစက်သွန်းချပြီး လှူဒါန်းထားတဲ့မြေကို ဆိုလိုပါသလားဘုရား"

"သံဃာတော်များ သီတင်းသုံးနေထိုင်ဖူးရုံကာမျှနှင့်တော့ သံဃိကမြေလို့ မခေါ်နိုင်ဘူး၊ မြေပိုင်ရှင်တစ်ဦးဦးက သံဃာတော်အား လှူဒါန်းထားတဲ့မြေကိုမှ သံဃိကမြေလို့ ခေါ်နိုင်သကွယ့်"

"သံဃာအား လှူဒါန်းပုံကလည်း နှစ်မျိုးရှိပါတယ် ဘုရား"

"ဘယ် နှစ်မျိုးလဲကွယ့်၊ ဆိုစမ်းပါဦး"

"သံဃာတော်များ သီတင်းသုံးရန်လှူထားတဲ့ အရာမ်မြေ(အာရာမဝတ္ထု) ကျောင်းမြေ (ဝိဟာရဝတ္ထု)နှင့် အရာမ်မြေ ကျောင်းမြေများကို အရှည်တည်တံ့အောင် စောင့်ရှောက်နိုင်ဖို့အတွက် သီးခြားလှူဒါန်းထားတဲ့ ဝတ္ထုကံမြေဖြစ်ပါတယ်ဘုရား၊ ရှေးမင်းများ, အမတ်များ, သူဌေး သူကြွယ်များဟာ ကျောင်း, ဘုရား တည်ထားပြီးနောက် ထိုကျောင်းဘုရားပြုပြင်ရန်အတွက် နယ်နိမိတ်သတ်မှတ်ပြီး လယ်ယာမြေများကို လှူဒါန်းတတ်ကြပါတယ်၊ ဒီနေရာမှာ အာရာမဝတ္ထု, ဝိဟာရဝတ္ထုခေါ်တဲ့ အရာမ်မြေ ကျောင်းမြေများအပေါ် မေးမြန်းဖို့ မကျန်သော်လည်း ဝတ္ထုကံမြေနှင့် ပတ်သက်လို့တော့ မေးမြန်းစရာ ရှိနေပါသေးတယ်"

"ဘယ်လို မေးမြန်းစရာလဲကွယ့်"

"ရှေးဟောင်းကျောက်စာများကို လေ့လာပါလျှင် ရှေးမင်းကောင်းများ လှူဒါန်းထားတဲ့ ဝတ္ထုကံမြေဟာ လယ်ယာမျှသာမက အချို့ရွာတွေ, မြို့တွေကိုပါ ငုံနေတာကို တွေ့ကြရပါတယ်၊ ကျောက်စာပါအတိုင်းသာဆိုလျှင် ရွာတွေ မြို့တွေ ပါ သာသနိကမြေ ဖြစ်နေလို့ ပြောင်းရွှေ့ပေးရမလို ဖြစ်နေပါတယ်၊ ဒီဟာကို တပည့်တော်များက သဘောမပေါက်ပါဘူး၊ ဒီဝတ္ထုကံမြေကိုလည်း ပရိဘောဂ စေတီအဖြစ် ဂရုဂါရဝထားပြီး ဖိနပ်မစီး, ထီးမဆောင်း ရှောင်ကြဉ်ကြရမှာလား ဘုရား"

ဝတ္ထုကံမြေဆိုတာက အာရာမဝတ္ထု, ဝိဟာရဝတ္ထုတို့လို ဂရုဘဏ်မြေ မဟုတ်ပါဘူး၊ ဒီမြေကထွက်တဲ့ အခွန်ဘဏ္ဍာသည်သာ ဗုဒ္ဓသန္တက, သံဃသန္တက ဖြစ်ပါတယ်၊ ဒါကြောင့် ဂရုဘဏ်ငါးပါးမှာ ဒီမြေမပါဝင်ဘူးလို့ မှတ်သားသင့်တာ ပေါ့ကွယ်"

## ဘုရားကျွန် ကျောင်းကျွန်ဆိုသည်

"မှန်ပါ- ဒီလိုဆို တော်သေးတာပေါ့ဘုရား၊ အချို့က ပြောကြတော့ ဝတ္ထုကံမြေအတွင်း နေထိုင်သူမှန်သမျှကို ဘုရားကျွန် ကျောင်းကျွန်လိုလို ပြောဆို ကြတဲ့အတွက် ဝတ္ထုကံမြေနှင့် ပတ်သက်ပြီး အောင့်သက်သက် ဖြစ်နေကြသကိုး ဘုရား"

"မဟုတ်ပါဘူးကွယ်၊ ဘုရားကျွန် ကျောင်းကျွန်ဆိုတာက ကျောင်း,ဘုရားကို ပြုပြင်ဖို့အတွက် လှူဒါန်းထားတဲ့ လူတွေပါ၊ ဒီလူတွေဟာလည်း အများထင်သလို လူယုတ် လူညံ့တွေ မဟုတ်ကြပါဘူး၊ သာသနာတော်ရဲ့ ဝေယျာဝစ္စ ပြုလုပ်နေကြ သူတွေဖြစ်လို့ လူကောင်းလူတော်တွေ ဖြစ်ကြပါတယ်၊ တချို့များ မိမိကိုယ် ကို မိမိဘာသာ ဘုရားထံ သံဃာ့ထံမှာ ကျွန်အဖြစ် အပ်နှင်းထားတာတွေ တောင် ရှိနေပါတယ်၊ ဒါကြောင့် ဘုရားကျွန် ကျောင်းကျွန်ရဲ့ အဖြစ်ဟာ မယုတ်ညံ့ပါဘူး၊ တကယ် မယုတ်ညံ့ပါဘဲနှင့် ဘုရားကျွန် ကျောင်းကျွန်များ ယုတ်ညံ့တဲ့စာရင်းထဲ ပါဝင်သွားကြရတာဟာ သူတို့ရဲ့ စိတ်ဓာတ် ယုတ်ညံ့မှုကြောင့် ပဲကွယ့်"

"ဘယ်လို ယုတ်ညံ့မှုကြောင့်ပါလဲဘုရား"

"သူတို့ကို မင်းအစရှိတဲ့ပုဂ္ဂိုလ်ကြီးတွေက သင်တို့ဟာ ဘုရား သံဃာတော်တို့ရဲ့ ဝေယျာဝစ္စအမှုကိုသာ ပြုလုပ်ကြတော့၊ ငါတို့ရဲ့အလုပ်ကို မလုပ်ကြနှင့်တော့၊ သင်တို့ကို ဘုဇိဿရအဖြစ်ဖြင့် ဘုရားသံဃာတို့အား လှူလိုက်ပြီဆိုပြီး သူတို့ရဲ့ ကျေးကျွန်ဘဝကို ဖျက်ပစ်လိုက်ကြတယ်ကွယ့်"

"မှန်ပါ–ဘုဇိဿရအဖြစ်ဆိုတာ ဘာကိုဆိုလိုပါသလဲဘုရား"

"ဘုဇိဿရဆိုတာ ပေါရာဏစကားအားဖြင့် တော်လှန်တယ်လို့ သုံးတယ်၊ အရပ်စကားအားဖြင့် ကျွန်အဖြစ်ကို ပယ်ဖျက်လိုက်တယ်၊ ကျွန်မဟုတ်တော့ဘူးလို့ဆိုလိုတယ်၊ ဒီ ဘုဇိဿရဆိုတဲ့ပါဠိကို ပေါရာဏသုံး အရပ်သုံးစကားထက် သဒ္ဒါအသုံးအနှုန်းက ပိုပြီး အဓိပ္ပာယ်ရှိသကွယ့်"


"ဘယ်လိုအဓိပ္ပာယ် ရှိပါသလဲဘုရား"

"ဘုဇိဿရကို သန္ဓိပုဒ်ဖြတ်လိုက်တော့ ဘုဇ–ဣဿရလို့ ဖြစ်လာသကွယ့်၊ ဘုဇသဒ္ဒါက လက်ရုံးကိုဟောပြီး ဣဿရသဒ္ဒါက အစိုးရခြင်းအနက်ကို ဟောတယ်၊ ဆိုလိုရင်းက သူ့ကျွန်ဖြစ်ရသူဟာ ကိုယ့်လက်ရုံးကို ကိုယ်အစိုးမရဘူး၊ အရှင်သခင်ကသာ အစိုးရတယ်၊ ဒါကြောင့် ကျေးကျွန်ဖြစ်သူကို ပါဠိဘာသာအားဖြင့် 'ဒါသ'လို့ခေါ်တယ်၊ ဒါသဆိုတာ အရှင်သခင်က ငါ့ကို ဘာများခိုင်းဦးမှာလဲလို့ အမြဲပူပန်ရသူလို့ဆိုလိုတယ်၊ ဒါကြောင့် ကျေးကျွန်ဖြစ်သူဟာ အရှင်သခင်ရဲ့အလုပ်ကိုသာ လုပ်ကိုင်ရတယ်၊ ကိုယ်လုပ်ချင်တာကို လုပ်ပိုင်ခွင့်မရှိဘူး၊ ယခု ဘုဇိဿရအဖြစ်ဖြင့် တော်လှန်လိုက်တော့ ကိုယ့်လက်ရုံးကို ကိုယ်အစိုးရသူဖြစ်လာပြီး ကိုယ်လုပ်ချင်တာကို လုပ်နိုင်ပြီလို့ဆိုလိုတယ်၊ မူလက ကျွန်ဖြစ်သူတွေဟာ ဘုဇိဿရအဖြစ်ဖြင့် ကျောင်းဘုရားကိုလှူလိုက်တော့ကိုယ့်လက်ရုံးကို ကိုယ်ပိုင်သွားကြပြီ၊ ကိုယ့်အလုပ်ကို ကိုယ်လုပ်ကိုင်နိုင်ပြီ၊ ဒါပေမယ့် ထိုသူများဟာ သူ့ကျွန်အဖြစ် သူ့အရိပ်အောက်မှာ နေထိုင်ခဲ့ရတာ ကြာမြင့်လေတော့ ကိုယ့်လက်ရုံး ကိုယ်ပိုင်တဲ့ဘဝရောက်တဲ့အခါ ကိုယ့်စားဝတ်နေရေးအတွက် ကိုယ့်ဒူးကိုယ်ချွန်အဖြစ်ဖြင့် ကိုယ့်လက်ရုံးကို ကိုယ်အားကိုးလိုစိတ်မရှိကြတော့ဘူး၊ စိတ်ဓာတ်တွေ အောက်ကျနောက်ကျဖြစ်

နေကြပြီ၊ ဒါကြောင့် မိမိတို့ရဲ့စားဝတ်နေရေးအတွက် သူတစ်ပါးထံ အချောင် တောင်းစားခဲ့ကြတယ်၊ ဒီလို သူတောင်းစားအဖြစ်ရောက်လာတော့ လူပေါင်းများစွာ တို့ရဲ့ အထင်သေးအမြင်သေးခံရမှု ဖြစ်လာကြတယ်၊ အမှန်စင်စစ် ရတနာသုံးပါး ရဲ့ ဝေယျာဝစ္စကို ပြုစုရခြင်းဟာ အနုတ္တရိယတရားခြောက်ပါးအနက် ပါရိစရိယာ နုတ္တရိယအဖြစ် ပါဝင်တဲ့အတွက် အလွန်မွန်မြတ်ပါတယ်၊ ဒါကြောင့် ဘုရားကျွန် ကျောင်းကျွန်ဆိုကာမျှဖြင့် ယုတ်ညံ့တယ်လို့ မဆိုသင့်ပါဘူး၊ ဝတ္ထုကံမြေအတွင်း နေထိုင်ရုံမျှနှင့်လည်း ဘုရားကျွန် ကျောင်းကျွန် မဟုတ်ပါဘူးကွယ်"

"မှန်ပါ ဒီလိုသိရတဲ့အတွက် အလွန်ဝမ်းသာလှပါတယ် ဘုရား"

"သာဓု-သာဓု-သာဓု"



# ပဗ္ဗာဇနီယကမ္မဝါ
# သာသနိကပစ္စည်း, လူ့စိတ်နှင့် ပြုပြင်နက္ခတ်တာရာ

"၁၆-၇-၈၂-နေ့စွဲဖြင့် သီပေါမြို့ ပန်းထိမ်ရပ်နေ ဦးသုခဆိုသူထံက ဆရာတော်ထံကပ်ဖို့ စာတစ်စောင် ပေးလိုက်ပါတယ်ဘုရား"

"ဘာစာများတုန်းကွယ့်"

"စာကတော့ သူသိလိုတဲ့ပုစ္ဆာကို ဆရာတော်ထံ လျှောက်ထားတာပါပဲ ဘုရား"

"သူသိချင်တာက ဘာတွေတဲ့လဲ၊ ဆိုစမ်းပါဦးကွယ့်"

### ပဗ္ဗဇနီယကမ္မဝါ

"သူသိချင်တဲ့ပုစ္ဆာက သုံးမျိုးပါဝင်ပါတယ်ဘုရား၊ ပထမမေးခွန်းက ရှေးက ရဟန်းတော်များဟာ ရွာတွင်း မြို့တွင်း ပရိတ်တရားဟောကြားပြီးလျှင် ဥပသမ္ပဒကမ္မဝါစာကို ရွတ်ဖတ်တတ်ကြပါသတဲ့၊ နောက်ကိုယ်တော်တွေကျတော့ ဥပသမ္ပဒကမ္မဝါအစား ပဗ္ဗဇနီယကမ္မဝါစာကို ရွတ်ဖတ်တာကြုံတွေ့ရပါသတဲ့၊ ဒီနေရာမှာ ဦးသုခရဲ့အလိုအားဖြင့် ဥပသမ္ပဒကမ္မဝါစာဟာ ဘုရားရှင်ရဲ့နှုတ်ကမ္မတ်တော်ဖြစ်လို့ ပဗ္ဗာဇနီယကမ္မဝါစာထက် ပိုပြီး သင့်မြတ်လိမ့်မယ်ထင်ပါသတဲ့၊ ပဗ္ဗာဇနီယကမ္မဝါစာဟာ သူတစ်ပါးကို မောင်းနှင်တဲ့ ကမ္မဝါစာဖြစ်တဲ့အတွက် မေတ္တာကို အဓိကထားတဲ့ ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်နေပါသတဲ့၊ ဒီအကြောင်းကို ဆရာတော်ရဲ့သဘော ဘယ်လိုဆိုတာ သူသိချင်ကြောင်း ရေးသားထားပါတယ် ဘုရား"

"သူ့အမေးက ခပ်တိုတိုပဲကွယ့်၊ အဖြေကတော့ အတော်လေးရှည်ရှည် ဖြေမှ လိပ်ပတ်လည်လိမ့်မယ်၊ ဒါကြောင့် ခပ်ရှည်ရှည်ကလေး ဖြေကြစို့ရဲ့"


"မှန်ပါ–လိပ်ပတ်လည်အောင် ဖြေတော်မူပါဘုရား"

"ဇပ္ပနဆိုတဲ့ ပါဠိစကားဟာ မြန်မာလို စကားပြောဆိုခြင်း, ဂါထာစုပ်ခြင်း, မန်းမှုတ်ခြင်းဆိုတဲ့အနက်ကို ဟောတယ်၊ လူသားတွေဟာ ကမ္ဘာဦးအချိန် လောက်ကစတင်ပြီး ဂါထာမန္တရားမန်းမှုတ်ခြင်း အလေ့အထကို ယုံကြည်ခဲ့ကြတယ်၊ ဂါထာမန္တရားများ ရွတ်ဖတ်သရဇ္ဈာယ်တဲ့အခါ မှတ်သားတဲ့ပုတီးကို စိပ်ပုတီးလို့ခေါ်ကြတယ်၊ ဒီနေရာမှာ စိပ်ဆိုတာ ဇပ္ပနကိုဇိပ်လို့ပြန်ဆိုရာက စိပ်ဖြစ်လာတယ်လို့ယူဆကြသကွယ့်၊ ပြီးတော့ ဂါထာစုပ်တယ်, မန္တန်စုပ်တယ် ဆိုတဲ့နေရာမှာ ပါဝင်တဲ့ (စုပ်)ဟာလည်း ပါးစပ်နှင့်စုပ်တဲ့စုပ်နှင့် အသံချင်း တူသော်လည်း အနက်ချင်းမတူဘူးတဲ့၊ မန္တန်စုပ်တယ်ဆိုတဲ့ သဒ္ဒါမှာပါဝင်တဲ့ (စုပ်)က စိပ်ပုတီးမှာပါဝင်တဲ့ (စိပ်)လိုပဲ (ဇပ္ပနသဒ္ဒါ)က ဖြစ်တာမို့ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအနက်ကိုဟောတယ်၊ ပါးစပ်ဖြင့်စုပ်တယ်, ပြွန်ဖြင့်စုပ်တယ်ဆိုတဲ့ သဒ္ဒါမှာ ပါဝင်တဲ့စုပ်က (စုဗိ)သဒ္ဒါကဖြစ်လာတဲ့ (စုပ်)တဲ့ကွယ့်၊ စုဗိသဒ္ဒါက ဓာတ်နက်လုစ်တော့ (ဝဒန သံယောဂေ)နှုတ်ခမ်းချင်းစပ်ယှဉ်ခြင်းလို့ အနက် ဖော်တယ်"

"သည်စုပ်နှစ်မျိုးအနက် ယခုပြောလိုတာက မန္တန်စုပ်ခြင်း, ဂါထာစုပ်ခြင်း, မန်းမှုတ်ခြင်းဆိုတဲ့ဓလေ့ပါပဲ၊ သည်ဓလေ့ဟာ ကမ္ဘာဦးလောက်ကစပြီး လူသားများရဲ့အတွင်းမှာ စိမ့်ဝင်နေတယ်၊ အချို့ဂါထာမန္တရားတွေဟာလည်း အမှန်တကယ်ပဲထိရောက်တယ်၊ ဥပမာအားဖြင့် မြွေမန္တန်များကို ထောက်ဆကြည့်မယ်၊ မြွေမန္တာဒန်များကို ယနေ့အထိအလမ္ပာယ်ဆရာများ အသုံးပြုနေကြဆဲဖြစ်တယ်၊ နောင်အခါကျတော့ သည်မန္တန်တွေဟာ ဘာသာရေးနယ်ပယ်ထဲ ဝင်ရောက်လာကြပြီး စုန်းနတ်တစ္ဆေသရဲများရဲ့ စွမ်းရည်များလို့ ယူဆလာခဲ့ကြတယ်၊ ရှေးဦးစွာ သည်မန္တန်များကို လက်သင့်ခံခဲ့ကြတာက ဗြာဟ္မဏာများ ဖြစ်ကြတယ်၊ ဗြာဟ္မဏာတို့ရဲ့ ဘာသာရေးနယ်ပယ်မှာ သည်လို မန်းမှုတ် ရွတ်ဖတ်ခြင်းမျိုးကို တန္တရ, မန္တရအဖြစ်ဖြင့် ကျမ်းတင်ခံရတဲ့ဘဝရောက်လာတယ်၊ နောက်ပိုင်းကျတော့ သည်တန္တရ မန္တရဝါဒတွေဟာ–

(၁) ဒက္ခိဏာတန္တရ–လက်ယာဂိုဏ်း(သို့မဟုတ်) အထက်လမ်းဂိုဏ်း၊ (၂) ဝါမတန္တရ·လက်ဝဲဂိုဏ်း(သို့မဟုတ်) အောက်လမ်းဂိုဏ်းရယ်လို့ ဂိုဏ်းနှစ်မျိုးပြားလာတယ်၊ အထက်လမ်းဂိုဏ်းကို ဗြဟ္မာ၏မိဖုရား သွရဿတီနတ်ဘုရားမက ခေါင်းဆောင်ပြီး အောက်လမ်းဂိုဏ်းကို သျှိဝ၏မိဖုရား ကာလီခေါ်တဲ့ ပါရဝတီဒေဝီက ဦးဆောင်တယ်ရယ်လို့ ယူဆလာကြတယ်။

သည်အယူအဆတွေဟာ အမှန်တော့ ဗုဒ္ဓသာသနာတော်နှင့် မပတ်သက်ပါဘူး၊ သက်သက်သော ဗြာဟ္မဏဝါဒတွေပဲ၊ သို့သော် သီရိဓမ္မာသောကမင်းတရားလက်ထက်မှာ ဗြဟ္မဏများဟာ စားရ နေရ မချောင်ကြတော့တဲ့အတွက် သာသနာတော်အတွင်း ရဟန်းအသွင်ယူခဲ့ကြတယ်၊ သာသနာတော်အတွင်း ရဟန်းဖြစ်လာကြသော်လည်း ဗြဟ္မဏက ရဟန်းဖြစ်လာသူတွေဟာ သူတို့ရဲ့ဝါဒကို မစွန့်ဘဲ သာသနာတော်အတွင်း သူတို့ရဲ့ဝါဒများကို မျိုးစေ့ချပေးလိုက်ကြတဲ့အတွက် ယနေ့အထိ သာသနာတော်အတွင်းမှာ ဗိုထိုးခြင်း, အင်းချခြင်း, ဓာတ်ရိုက်ခြင်း စသော တန္တရအရိပ်အယောင်များဟာ ထင်ဟပ်နေခြင်းဖြစ်တယ်၊ သည်တန္တရအရိပ်အယောင်ထဲမှာ ပရိတ်လည်းပါသတဲ့ကွယ့်”



"ပရိတ်က တန္တရက လာတာလားဘုရား၊ ပါဠိတော်က လာတာ မဟုတ်ဘူးလား"

"အေးကွယ့်–ပါဠိတော်ကလာတဲ့ ဘုရားဟောပရိတ်လည်း ရှိတယ်၊ တန္တရကလာတဲ့ ပရိတ်လည်းရှိသကွယ့်"

"တန္တရကလာတဲ့ ပရိတ်က ဘယ်လိုပရိတ်ပါလဲဘုရား"

"ပရိတ်ကြီး၊ ပရိတ်ငယ်ဆိုတာ ကြားဖူးရဲ့လား"

"မှန်ပါ၊ စလင်းမူ ပရိတ်ကြီးနိဿယ နှာ ၂၅၂–မှာ အမွှမ်းဂါထာတို့၌ ပရိတ္တံ တံ ဘဏာမ ဟေ–ပါသော ရတနပရိတ်၊ မေတ္တပရိတ်၊ ခန္ဓပရိတ်၊ မောရပရိတ်၊ ဝဋ္ဋပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်၊ အင်္ဂုလိမာလပရိတ် တို့ကို ပရိတ်ကြီး၊ ပရိတ္တံမပါသော မင်္ဂလပရိတ်၊ ဗောဇ္ဈင်္ဂပရိတ်များကို ပရိတ်ငယ်ခေါ်ကြောင်း မှတ်သားဖူးပါတယ်ဘုရား"

"အေးကွယ့်–အဲဒါလည်း ဗဟုသုတတစ်မျိုးပေါ့၊ အမှန်က ပရိတ်ငယ် ဆိုတာ ပိဋကတ်တော်ကလာတဲ့ ပရိတ်မဟုတ်ဘူး၊ တန္တရကျမ်းများကလာတဲ့ အန္တရာယ်ကင်းပရိတ်များဖြစ်တယ်ကွယ့်၊ သည်ပရိတ်ငယ်တွေဟာ အချို့သော ဆေးကျမ်း အင်းကျမ်းများမှာ အတော်များများ ရှိပါတယ်၊ တွေ့ဖူးသလောက် ပြောရမယ်ဆိုလျှင်–

၁။ ကျေးမင်းပရိတ်၊ ၂။ ဟင်္သာမင်းပရိတ်၊ ၃။ မျောက်မင်းပရိတ်၊ ၄။ နွားမင်းပရိတ်၊ ၅။ ကြိုးကြာမင်းပရိတ်၊ ၆။ ခြင်္သေ့မင်းပရိတ်၊ ၇။ ဝက်မင်း ပရိတ်၊ ၈။ မြွေခွေးမင်းပရိတ်၊ ၉။ ဒုတိယဝက်မင်းပရိတ်၊ ၁၀။ ယုန်မင်းပရိတ်၊ ၁၁။ သမင်မင်းပရိတ်၊ ၁၂။ ဂဠုန်မင်းပရိတ်၊ ၁၃။ ခိုမင်းပရိတ်၊ ၁၄။ ဆက်ရက်မင်းပရိတ်၊ ၁၅။ ပုစွန်မင်းပရိတ်၊ ၁၆။ ဗျဂ္ဃမင်းပရိတ်၊ ၁၇။ မဟိံသမင်းပရိတ်၊ ၁၈။ စွန်မင်းပရိတ်၊ ၁၉။ ရှဉ့်မင်းပရိတ်၊ ၂၀။ ဥသြမင်းပရိတ်၊ ၂၁။ ဖျံမင်းပရိတ်၊ ၂၂။ ခါမင်းပရိတ်း၊ ၂၃။ လနတ်သားပရိတ်၊ ၂၄။ နေနတ် သားပရိတ်၊ ၂၅။ သိရသ္မိပရိတ်၊ ၂၆။ ရှင်ဥပဂုတ်ပရိတ်၊ ၂၇။ ပုတ်သင်မင်း ပရိတ်၊ ၂၈။ မိကျောင်းမင်းပရိတ်၊ ၂၉။ ဆင်မင်းပရိတ်၊ ၃၀။ ကျီးမင်းပရိတ်၊ ၃၁။ ကြက်မင်းပရိတ်၊ ၃၂။ မြင်းမင်းပရိတ်၊ ၃၃။ လမင်းပရိတ်၊ ၃၄။ နေမင်း ပရိတ်၊ ၃၅။ နဂါးမင်းပရိတ်၊ ၃၆။ ဒုတိယရှဉ့်မင်းပရိတ်၊ ၃၇။ လိပ်မင်းပရိတ်၊

၃၈။ ဆိတ်မင်းပရိတ်၊ ၃၉။ ဂဠုန်မင်းပရိတ်၊ ၄၀။ ဒုတိယဆိတ်မင်းပရိတ်၊ ၄၁။ ဒုတိယဟင်္သာမင်းပရိတ်၊ ၄၂။ ဒုတိယဖျံမင်းပရိတ်၊ ၄၃။ ဒုတိယဆက်ရက်မင်းပရိတ်၊ ၄၄။ ဆဒ္ဒန်ဆင်မင်းပရိတ်၊ ၄၅။ လင်းတမင်းပရိတ်၊ ၄၆။ ဒုတိယပုတ်သင်မင်းပရိတ်၊ ၄၇။ ငုံးမင်းပရိတ်၊ ၄၈။ ဒုတိယရှင်ဥပဂုတ်ပရိတ်ရယ်လို့ ပရိတ်ငယ် ၄၈–မျိုးတွေ့ဖူးတယ်၊ တန္တရကလာတဲ့ သည်ပရိတ်များဟာလည်း သူ့ နေရာနှင့်သူ ကျေးဇူးပြုတာတွေရှိပါတယ်၊ ဒါကြောင့် သည်လို တန္တရ ပရိတ်မျိုးကိုသော်လည်း ဘုရားရှင်က ခွင့်ပြုတော်မူခဲ့ပါတယ်"

"ဘယ်မှာ ခွင့်ပြုတော်မူပါသလဲဘုရား"

"ပါစိတ်ပါဠိတော် ဘိက္ခုနီဝိဘင်း တိရစ္ဆာနကထာ ၄၀၂–၄၀၃–မှာ 'အနာပတ္တိ လေခံ ပရိယာပုဏာတိ၊ ဓာရဏံ ပရိယာပုဏာတိ၊ ဂုတ္တတ္ထာယ ပရိတ္တံ ပရိယာပုဏာတိ' လို့ ခွင့်ပြုထားသကွယ့်"

"အဓိပ္ပာယ် အမိန့်ရှိပါဦး ဘုရား"

"အဓိပ္ပာယ်က ဘိက္ခုနီမဟာ မဂ်ဖိုလ်မှဖီလာဖြစ်သော အတတ်မျိုးကို မသင်ကြားရဘူး၊ မပို့ချရဘူး၊ သင်ကြားပို့ချခဲ့လျှင် ပါစိတ်အာပတ်သင့်တယ်၊ သို့သော်လည်း စာအရေးအသားမျိုးကို သင်ကြားပို့ချသော်လည်းကောင်း, အာဂုံဆောင်ထားဖို့ သင်ကြားပို့ချပေးသော်လည်းကောင်း, ကိုယ်ခြံလုံခြုံဖို့ ပရိတ်အရံအတား သင်ကြားပို့ချပေးသော်လည်းကောင်း အာပတ်မသင့်ဘူးလို့ ဆိုလိုတယ်"

"ပရိတ်အရံအတားဆိုတာက ပါဠိတော်ကလာတဲ့ ပရိတ်ကြီးကို ဆိုလိုတာမဟုတ်ဘူးလားဘုရား"

"မဟုတ်ဘူးကွယ့်၊ ဒီနေရာမှာ ပရိတ္တံဆိုတာကို အဋ္ဌကထာက 'ပရိတ္တန္တိ ယက္ခပရိတ္တံ နာဂမဏ္ဍလာဒိဘေဒံ သဗ္ဗမ္ပိ ဝဋ္ဋတိ' လို့ ဖွင့်တယ်၊ အဓိပ္ပာယ်က ပရိတ်ဆိုတာ ဘေးဒဏ်အရံအတားပဲ၊ ဘေးဒဏ်ကိုပြုတတ်တဲ့ ဘီလူးသရဲတို့ မလာနိုင်အောင် အကာအကွယ်ပေးတဲ့ မန္တန်မျိုး၊ မြွေနဂါးများမဝင်နိုင်အောင် ဆီးတားခြင်းမျိုးစတဲ့ ဘေးဒဏ်အရံအတားမှန်သမျှကို ဒီနေရာမှာ ပရိတ်လို့ ဆိုလိုတယ်ကွယ့်"

"မှန်ပါ–ဆက်ပြီး အမိန့်ရှိတော်မူပါဦးဘုရား"

"ဘေးဒဏ် အတားအဆီးအတွက် ရွတ်ဖတ်တဲ့ ပရိတ်ဟာ ဂါထာ မန္တရားမန်းမှုတ်တဲ့ ဇပ္ပနသဘောမျိုးသက်ဝင်လို့ တန္တရအတွင်းပါဝင်တယ်၊ တန္တရမျိုးဟာ သံသရာကလွတ်ကြောင်းမျိုးမဟုတ်ဘူး၊ သံသရာကလွတ်စေနိုင်တဲ့ မဂ်ဖိုလ်တို့ရဲ့ ဆန့်ကျင်ဘက် တိရစ္ဆာနဝိဇ္ဇာမျိုးဖြစ်တယ်၊ သို့သော် သည် တိရစ္ဆာနဝိဇ္ဇာမျိုးက ကျန်းမာရေးကိုအထောက်အပံ့ပေးတယ်၊ ကျန်းမာရေးက မဂ်ဖိုလ်ကို အထောက်အပံ့ပေးတယ်၊ ဒါကြောင့် ဆင်အတတ်, မြင်းအတတ်, ရထားအတတ်, လေးအတတ်, အာတဗ္ဗဏစတဲ့ မန္တန်အတတ်များလို သူတစ်ပါးကို ညှဉ်းဆဲဖို့ သန့်သန့်မဟုတ်တဲ့အတွက် အနာပတ္တိဝါရမှာ ဘုရားရှင်က ခွင့်လွှတ်တော်မူထားတယ်"

"အခုပြောဆိုခဲ့တဲ့စကားက ပရိတ်ဟာ တန္တရမျိုးဖြစ်လို့ ရဟန်းတော်များ မရွတ်ကောင်းဘူးလို့ထင်မှာစိုးလို့ ပြောဆိုနေခြင်းဖြစ်တယ်၊ အမှန်မှာ ပရိတ်ကို ရဟန်းတော်များရွတ်ဆိုကောင်းတယ်၊ ဘုရားရှင်လက်ထက်တော်က ဝေသာလီပြည်မှာ ရတနသုတ်ပရိတ်တော်ကို အရှင်အာနန္ဒာရွတ်ဆိုခဲ့တာဟာ အလွန်ထင်ရှားပါတယ်၊ ဒါကြောင့် ပရိတ်ရွတ်တာဟာ အလွန်ကောင်းပါတယ်၊ သို့သော်လည်း ပရိတ်ရွတ်ပြီး ဥပသမ္ပဒကမ္မဝါစာ ရွတ်ဖတ်တာကတော့ မဆီလျော်ဘူးကွယ့်"

"ဘာကြောင့် မဆီလျော်တာတုန်းဘုရား"

"ဦးပဥ္စင်းစဉ်းစားကြည့်လေ၊ ဥပသမ္ပဒကမ္မဝါစာဆိုတာက–

(၁) ဧဟိဘိက္ခုူပသမ္ပဒါ –ဧဟိဘိက္ခုရဟန်း၊
(၂) သရဏာဂမနူပသမ္ပဒါ –သရဏဂုံဖြင့်ဖြစ်သောရဟန်း၊
(၃) ဩဝါဒပ္ပဋိဂ္ဂဟနူပသမ္ပဒါ –ဩဝါဒခံယူ၍ဖြစ်သောရဟန်း၊
(၄) ပဉှာဗျာကရဏူပသမ္ပဒါ –ပြဿနာကိုဖြေဆိုခြင်းဖြင့် ဖြစ်သော ရဟန်း၊
(၅) အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ–ဂရုဓံတရား ၈–ပါးကို ဝန်ခံခြင်းဖြင့် ဖြစ်သောရဟန်း၊
(၆) ဒူတေနူပသမ္ပဒါ –တမန်ဖြင့် ဖြစ်သောရဟန်း၊
(၇) အဋ္ဌဝါစိကူပသမ္ပဒါ –ကမ္မဝါစာ ၈–ကြိမ်ဖြင့် ဖြစ်သော ရဟန်း၊

(၈) ဥတ္တိစတုတ္ထကမ္မုပသမ္ပဒါ –ဥတ်လျှင် ၄–ကြိမ်မြောက်ဖြစ်သော ဥပသမ္ပဒကမ္မဝါစာဖြင့် ဖြစ်သော ရဟန်း

ရယ်လို့ ရှစ်မျိုးရှိရာမှာ ရှစ်ယောက်မြောက်ရဟန်းဖြစ်ဖို့အတွက် ဘုရားရှင် ပညတ်ထားတဲ့ ကမ္မဝါစာဖြစ်တယ်၊ သည်ကမ္မဝါစာက ဥပသမ္ပဒကံဆောင်ဖို့ သက်သက်မျှသာဖြစ်တယ်၊ အန္တရာယ်ကင်းနှင့် ဘယ်လိုမျှ မပတ်သက်ဘူး ဒါကြောင့် အန္တရာယ်ကင်းနှင့် ဥပသမ္ပဒ ကမ္မဝါစာဟာ မဆီလျော်ဘူးလို့ ဆို တာပဲကွယ့်”

“နို့–ရှေးဆရာတော်များ ရွတ်ဖတ်ကြတာက ဘယ်လိုသဘောလဲဘုရား”

“ရှေးဆရာတော်များက သည်ကမ္မဝါစာကို အန္တရာယ်ကင်းရန်အတွက် မရည်ရွယ်ပါဘူး၊ အန္တရာယ်ကင်းရန်အတွက် ပရိတ်ရွတ်ဖတ်ပြီးဖြစ်ပါတယ် ပရိတ်ရွတ်ပြီးတဲ့နောက် ပရိတ်နာ ဒါယကာများ ဓမ္မဿဝနကုသိုလ်ဖြစ်ပွားကြ ဖို့ရည်ရွယ်ပြီး ဥပသမ္ပဒကမ္မဝါစာကို ဖတ်ခဲ့ကြခြင်းဖြစ်ပါတယ်”

“ပဗ္ဗာဇနီယ ကမ္မဝါစာက ဘယ်လိုပေါ်လာတာလဲဘုရား”

“တစ်ဆင့်စကားကြားဖူးတာကတော့ မြို့ကြီးတစ်မြို့မှာ ရောဂါကပ်ဆိုး ကြီး ဆိုက်ရောက်လာသတဲ့၊ သည်ရောဂါကပ်ဆိုးကြီးကင်းငြိမ်းအောင် ရဟန်းတော် များက ပရိတ်အရံအတားနဲ့ ကာကွယ်ကြပေမယ့် ရောဂါကမရပ်ဘူးတဲ့ကွယ် ဒါကြောင့် ဆရာတော်ကြီးတစ်ပါးက အမိန့်တော်ပြန်ပြီး ပဗ္ဗာဇနီယ ကမ္မဝါစာ ရွတ်ဖတ်မှ ဘေးဥပါဒ်အန္တရာယ်ကင်းရှင်းသွားသတဲ့၊ သည်အရေးအခင်းကို အကြောင်းပြုပြီး နောက်နောက်ဆရာတော်များက ရောဂါဝေဒနာကိုပြုတတ်တဲ့ အမနုဿခေါ်ကြတဲ့ တစ္ဆေသရဲများအနက် ပရိတ်မေတ္တာနှင့် တားဆီးလို့မရတဲ့ အမနုဿများလည်းရှိတယ်၊ မေတ္တာကိုအရေးမထားတဲ့ အမနုဿများလည်း ရှိတယ်၊ မေတ္တာကိုအရေးမထားတဲ့ အမနုဿများကိုတော့ ပဗ္ဗာဇနီယ ကမ္မဝါစာနှင့် နှင်ထုတ်မှ ဖြစ်မှာပဲလို့ သဘောပေါက်လာကြပြီး ပရိတ်ရဲ့အခြားမဲ့မှာ ပဗ္ဗာဇနီယ ကမ္မဝါစာကို ရွတ်လာကြတယ်၊ ဒါပေသိ ဆဋ္ဌသင်္ဂါယနာတင်ပြီးနောက်ပိုင်း ကျတော့ ရဟန်းတော်များဟာ ပဗ္ဗဇနီယ ကမ္မဝါစာကို အသုံးနည်းလာကြပြီး ပဗ္ဗာဇနီယကမ္မဝါစာအစား အနန္တရာယိက ကမ္မဝါစာကို အသုံးများနေကြတယ် ကွယ့်”

"ပဗ္ဗာဇနီယကမ္မဝါစာရော, အန္တရာယိက ကမ္မဝါစာရော ဘုရားပညတ်တာ မဟုတ်ပါဘူး ဘုရား၊ ဘုရား မပညတ်ပါဘဲ ပညတ်သလို ကမ္မဝါစာ အသစ်ဖတ် ရွတ်ကြတာဟာ အပြစ်ဖြစ်မကုန်ဘူးလား ဘုရား"

"အန္တရာယ်ကင်းအတွက် တန္တရပရိတ်မျိုးတောင် ဘုရားခွင့်လွှတ်တော် မူသေးတာ ကမ္မဝါစာရွတ်ဖတ်ရုံနှင့်တော့ အပြစ်မဖြစ်ပါဘူးကွယ်"

"မှန်ပါ– အပြစ်မဖြစ်လျှင် အနာကုလာ စ ကမ္မန္တာ ဧတံ မင်္ဂလမုတ္တမံ- ဆိုတဲ့ မင်္ဂလသုတ်တော်အရ မင်္ဂလာအတွင်းမှာ ပါဝင်တဲ့အတွက် ရွတ်ဖတ်သင့် တာပေါ့ဘုရား၊ သည်ပုစ္ဆာတော့ ရှင်းပါပြီ၊ ဒုတိယမေးခွန်းကို လျှောက်ထားခွင့် ပြုတော်မူပါဦးဘုရား"

## သာသနိကပစ္စည်း

"ဆိုစမ်းပါဦး၊ ဒုတိယမေးခွန်းက ဘာတဲ့လဲကွယ်"

"မှန်ပါ– ဒုတိယမေးခွန်းက စာဖြင့် မေးမြန်းသူ သီပေါ ဦးသုခဟာ စာပေ ပညာရှင် တစ်ဦးဖြစ်တဲ့အတိုင်း မန်လည်ဆရာတော်ဘုရား စီရင်တော်မူတဲ့ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကို လေ့လာကြည့်ပါသတဲ့ဘုရား၊ ကြည့်ရှု တဲ့အခါ လင်္ကာအပိုဒ် ၄၅၂–မှာ

> ပညာမဲ့ထ၊ မောဟဒ္ဓကြောင့်၊ သံဃိကဖြစ်ပြီး၊ ကျောင်းသစ်သီးနှင့်၊ ကျောင်းမီးကျောင်းရေ၊ သဃ်္ဃမြေကို၊ မထိလေးစား၊ ကိုယ်ပိုင်လားသို့၊ သုံးစားတတ်စွာ၊ လူတကာကား၊ ပြိတ္တာတို့ထက်၊ ပြိုးပြက်အရောင်၊ ဘုံဆောင်ခြေရံ၊ ပတ်ခြံဝန်းလျား၊ ပြည့်စုံဝြားလျက်၊ မစားရတတ်၊ အာမစွတ်ဘဲ၊ ငတ်မွတ်စားရေ၊ ခံနေရဘိ၊ တန်ခိုးရှိသည့်၊ မဟိဒ္ဓိကာ၊ ဤသို့စ,သား"

လို့ ရေးထားတဲ့ လင်္ကာရဲ့ အဓိပ္ပာယ်ကို သိချင်ပါသတဲ့ဘုရား"

"သည်လင်္ကာရဲ့ အဓိပ္ပာယ်က လောကပညတ္တိကျမ်းက လာတဲ့ ပြိတ္တာ ဘစ်ဆယ့်နှစ်မျိုးဆိုတာ ကြားဖူးတယ် မဟုတ်လား"

"အမိန့်ရှိပါဦးဘုရား"

"ပြိတ္တာ ၁၂–မျိုးဆိုတာက–

(၁) ဝန္တာသပြိတ္တာ–တံတွေး, နှပ်ချွဲ, အန်ဖတ်စားတတ်သောပြိတ္တာ၊
(၂) ကုဏပါသပြိတ္တာ–အကောင်ပုပ်ကို စားတတ်သောပြိတ္တာ၊
(၃) ဂူထခါဒကပြိတ္တာ–ကျင်ကြီးကို စားတတ်သောပြိတ္တာ၊
(၄) အဂ္ဂိဇာလမုခပြိတ္တာ–ခံတွင်းက မီးထွက်စေတတ်သော ပြိတ္တာ၊
(၅) သုစိမုခပြိတ္တာ–ခံတွင်း အပ်နဖားမျှလောက်ရှိသော ပြိတ္တာ၊
(၆) တဏှာဋ္ဋိကပြိတ္တာ–အစာငတ်, ရေငတ်ခြင်းတဏှာဖြင့် အနှိပ်စက်ခံရသော ပြိတ္တာ၊
(၇) သုနိဇ္ဈာမကပြိတ္တာ–မီးလောင်ငုတ်နှင့်တူသောပြိတ္တာ၊
(၈) သတ္ထင်္ဂပြိတ္တာ–လက်နက်နှင့်တူသော ခြေလက်အင်္ဂါရှိသောပြိတ္တာ၊
(၉) ပဗ္ဗတင်္ဂပြိတ္တာ–တောင်မျှလောက် ကိုယ်အင်္ဂါရှိသောပြိတ္တာ၊
(၁၀) အဇဂရင်္ဂပြိတ္တာ–စပါးကြီးမြွေနှင့်တူသော ကိုယ်အင်္ဂါ ရှိသော ပြိတ္တာ၊
(၁၁) ဝေမာနိကပြိတ္တာ–ဘုံဗိမာန်၌ဖြစ်သောပြိတ္တာ၊
(၁၂) မဟိဒ္ဓိကပြိတ္တာ–တန်ခိုးကြီးမားသောပြိတ္တာ၊

အားလုံးပြိတ္တာအမျိုးပေါင်း ၁၂–မျိုးရှိသတဲ့၊ သည်ပြိတ္တာ ၁၂–မျိုးထဲက တန်ခိုးကြီးသော မဟိဒ္ဓိကပြိတ္တာ ဖြစ်လာပုံကို သည်လက်ာက ပြတယ်ကွယ့်"

"မဟိဒ္ဓိကပြိတ္တာက ဘယ်လိုကြောင့် ဖြစ်လာတာလဲဘုရား"

"အေးကွယ့်–မဟိဒ္ဓိကပြိတ္တာဖြစ်ပုံတင် ပြောလို့မစုံမလင် ဖြစ်နေမှာပဲ၊ အမှန်တော့ မဃဒေဝလင်္ကာသစ် ၄၅၁၊ ၄၅၂–နှစ်ပိုင်းလုံးပေါင်းပြောမှ အဓိပ္ပာယ် စုံလင်လိမ့်မယ်"

"ပေါင်းပြီး အဓိပ္ပါယ်ရှိပေးပါဦးဘုရား"

"ခပ်တိုတိုပြောကြစို့ကွယ့်"

(၁) ရတနာသုံးပါးကို ပြစ်မှားတဲ့ပုဂ္ဂိုလ်, သီလရှိတဲ့ သူတော်ကောင်းများကို ပြစ်မှားတဲ့ပုဂ္ဂိုလ်, စားကြွင်းစားကျန် နှပ်တံတွေးတို့ဖြင့် ပြစ်မှားတဲ့ ပုဂ္ဂိုလ်များဟာ အလွန်အရုပ်ဆိုးပြီး သူတစ်ပါး အန်ဖတ်, နှပ်, တံတွေးကို စားသောက်ရတဲ့ ဝန္တာသပြိတ္တာမျိုး ဖြစ်တတ်သတဲ့။

(၂) စက်ဆုတ်ဖွယ်အရာဝတ္ထုများကို မရိုမသေပေးတတ်တဲ့သူဟာ အကောင်ပုပ်ကို စားရတဲ့ ကုဏပါသပြိတ္တာမျိုး ဖြစ်တတ်သတဲ့။
(၃) သူတော်ကောင်းများရဲ့ အစာထဲ ရွံရှာဖွယ်တွေ ထည့်ကျွေးတဲ့သူဟာ ဂူထခါဒက ပြိတ္တာမျိုးဖြစ်တတ်သတဲ့။
(၄) ပူလောင်တဲ့အစာမျိုး မရိုမသေကျွေးခဲ့ဖူးလျှင် အဂ္ဂိဇာလပြိတ္တာမျိုးဖြစ်တတ်သတဲ့။
(၅) သူတစ်ပါးအလှူ ပိတ်ပင်ခဲ့ဖူးသူဟာ သုစိမုခပြိတ္တာမျိုးဖြစ်တတ်သတဲ့။
(၆) ဆိုးမိုက်တဲ့စိတ်ဖြင့် ရေတွင်းရေကန်များကို ဖျက်ဆီးခဲ့ဖူးသူဟာ တဏှာဋ္ဋိကပြိတ္တာမျိုးဖြစ်တတ်သတဲ့။
(၇) သက်ကြီးသူအိုတို့ကို မရိုမသေ မလေးမစား ပြက်တိပြက်ချော် ပြုလုပ်ခဲ့ဖူးတဲ့သူဟာ သုနိဇ္ဈာမကပြိတ္တာမျိုး ဖြစ်တတ်သတဲ့။
(၈) မုဒိမ်းမှုကျူးလွန်သူများဟာ သတ္တင်္ဂပြိတ္တာမျိုး ဖြစ်တတ်သတဲ့။
(၉) သူတစ်ပါးဆောက်လုပ်လှူဒါန်းထားတဲ့ ပြာသာဒ်၊ ကျောင်း၊ သိမ် စသည်များကို မီးတိုက်ဖျက်ဆီးခဲ့ဖူးသူဟာ ပဗ္ဗတင်္ဂပြိတ္တာမျိုး ဖြစ်တတ်သတဲ့။
(၁၀) သူတစ်ပါးကိုကြောက်အောင် ခြောက်လှန့်ခဲ့ဖူးသူဟာ အဇဂရင်္ဂပြိတ္တာမျိုး ဖြစ်တတ်သတဲ့။
(၁၁) ကုသိုလ်ကောင်းမှုကို တစ်ဘက်ကပြုပြီး တစ်ဘက်က အကျင့်ပျက်တဲ့ မိန်းမများဟာ ဝေမာနိကပြိတ္တာမျိုး ဖြစ်တတ်သတဲ့။

"အခုပြောခဲ့တာ ပြိတ္တာအမျိုးပေါင်း ၁၁–မျိုး ရှိသွားပြီနော်"

"တင်ပါ့ ဘုရား"

"သီပေါ ဦးသုခရဲ့စာမှာပါတဲ့ လက်္ခာကတော့ မဟိဒ္ဓိကပြိတ္တာမျိုးကို ပြသကွယ့်၊ ပြိတ္တာမျိုးဖြစ်ပါလျက်နှင့် ဘာကြောင့် တန်ခိုးကြီးသလဲ၊ တန်ခိုးကြီးပါလျက်နှင့် ဘာကြောင့် ပြိတ္တာဖြစ်နေရသလဲဆိုတော့ ကုသိုလ်အကုသိုလ် ရောစပ်နေတဲ့ မိဿကကံကြောင့်ဖြစ်တယ်၊ ကုသိုလ်အကုသိုလ် ရောနေပုံကို လက်္ခာမှာပြန်ပြီးကြည့်ပါ၊ လက်္ခာကိုပြန်ကြည့်ခဲ့လျှင် သည်လိုတွေ့လိမ့်မယ်၊

သည်ပုဂ္ဂိုလ်ဟာ အစိုးရတဲ့အာဏာလည်းရှိတယ်၊ ဥစ္စာပစ္စည်းလည်း ပေါများတယ်၊ ဒါကြောင့် ကျောင်းအရာမ်ဖိမာန်များကို ဆောက်လုပ်လှူဒါန်းခဲ့တယ်၊ လှူဒါန်းပြီး ကျောင်းဒကာ ကျောင်းအမဆိုတဲ့ဂုဏ်နှင့် ကျောင်းပစ္စည်းများကို မတရားသုံးစားခဲ့ဖူးတယ်တဲ့၊ ဒါကြောင့် သူသေတော့ တန်ခိုးကြီးသော ပြိတ္တာဖြစ်တယ်လို့ ဆိုထားတယ်ကွယ့်"

"မှန်ပါ–သည်လောက်ဆိုလျှင် လက်ာသစ်ရဲ့ အဓိပ္ပာယ် ပေါက်လောက်ပါပြီ ဘုရား"

"လင်္ကာရဲ့အဓိပ္ပာယ်ပေါက်လျှင် သည်ပြဿနာရဲ့အဖြေလည်း ပြီးရောပေါ့ကွယ်"

— —

"မှန်ပါ–နောက်ဆက်တွဲ နည်းနည်း လျှောက်ထားစရာ ကျန်နေပါသေးတယ် ဘုရား"

"ဘာများကျန်နေပြန်တာတုန်းကွယ့်"

"ကျောင်းဒကာ ကျောင်းအမများက ငါတို့ဆောက်လုပ်တဲ့ ကျောင်းဆိုတဲ့ အစွဲအလမ်းနှင့် သံဃိကပစ္စည်းများကို ပိုင်စိုးပိုင်နင်း စားသုံးလို့ မဟိဒ္ဓိက ပြိတ္တာဖြစ်တာရှိပါစေတော့၊ ကျောင်းဒကာ ကျောင်းအမမဟုတ်တဲ့သူတွေ သံဃိက ပစ္စည်း သုံးဆောင်တော့ကော ဘယ်လိုအဆုံးအဖြတ်ရှိပါသလဲဘုရား"

"သံဃိက ပစ္စည်းသုံးဆောင်တယ်ဆိုတာလည်း အမျိုးမျိုးရှိသေးတာကိုး၊ တချို့ကတော့ တန်ရာတန်ကြေးပစ္စည်းနဲ့ဖလှယ်ပြီး သုံးဆောင်တယ်၊ တချို့ကတော့ သံဃာ့ထံရောက်ခိုက် သံဃာကစွန့်ကြဲလို့ သုံးဆောင်တယ်၊ သည်လိုစိတ်သန့်သန့်နှင့် သုံးဆောင်တဲ့အတွက် ဘာအပြစ်မှ မရှိပါဘူး"

"သံဃာကိုလှူထားတဲ့ သံဃိကပစ္စည်းကို သံဃာက လှူဒါယကာ ဒါယိကာမများကို စွန့်ကြဲပေးကမ်းခွင့်ကော ရှိပါသလားဘုရား"

"ရှိပါတယ်၊ ဝေဖန်သုံးဆောင်နေခိုက် ဆိုက်ရောက်လာကြတဲ့ ဒကာ ဒကာမများကို ထိုက်သင့်သလောက် ဝေဖန်ပေးကမ်းခွင့်ရှိပါတယ်၊ ဝိနယသင်္ဂဟ စတုပစ္စယဘာဇနေ ဝိနိစ္ဆယမှာ 'ထပိတယာဂုဘာဇကောဒီဟိ စ ဘာဇနီယဋ္ဌာနံ အာဂတမနုဿာနံ အာပုစ္ဆိတ္ဝာ ဥပမုဘာဂေါ ဒါတဗ္ဗော'လို့ ဖွင့်ပြထားတယ်ကွယ့်"

"ပေတဝတ္ထုမှာ အရှင်အာနန္ဒာဟာ ကုဏ္ဍီမြို့က သာဏတောင်မှာ နေတော်မူစဉ် ခိုကိုးရာမဲ့ ရောက်လာသော သူငယ်အား ဆွမ်းများကို ခွဲခြမ်း ကျွေးမွေးကြောင်း ပြဆိုထားတယ်"

"မှန်ပါ– အဲသည်အကြောင်း အနည်းငယ် အကျယ်ချဲ့ပြီး မိန့်တော်မူပါဦး ဘုရား"

"သိချင်တယ်ဆိုလည်း ပြောရသေးတာပေါ့"

"ရှေးက ဗာရာဏသီပြည့်ရှင် ကိတဝမင်းရဲ့သားတော်ဟာ အလွန် အမျက် မာန်စောင် ကြီးတယ်၊ တစ်ရက်သော နံနက်အချိန်မှာ ဆင်စီးပြီး ဥယျာဉ်ကစား အထွက်မှာ သုနေတ္တပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွလာတာနှင့် ကြုံတယ်၊ သုနေတ္တ ပစ္စေကဗုဒ္ဓါဟာ သူ့ထုံးစံအတိုင်း သပိတ်ကို ပိုက်ပြီး ဘယ်ကိုမျှ မကြည့်ဘဲ စိုက်စိုက် စိုက်စိုက် ကြွတော်မူတာကို မင်းသားက သူ့ကို လက်အုပ်မချီဘဲ သွားရ မလားလို့ အပြစ်ရှာပြီး ဆင်ပေါ်က ခုန်ဆင်း၊ ရှင်ပစ္စေကဗုဒ္ဓါရဲ့ သပိတ်တော်ကို ဆွဲယူကာ မြေပေါ်ပေါက်ခွဲလိုက်တယ်၊ ရှင်ပစ္စေကဗုဒ္ဓါက သနားသောစိတ်ဖြင့် ကြည့်တာကိုတောင် ငါ့ကို မင်းရဲ့သားမှန်း မသိဘူးလား၊ သင်က ငါ့ကို ဘာလုပ် ချင်လို့ ကြည့်တာလဲလို့ မာန်မဲပြီး ထွက်ခွာသွားတယ်"

"ထွက်ခွာသွားပြီး မကြာခင်မှာ မင်းသားကိုယ်မှာ လောင်မီးကျပြီး သေလွန်တော့ အဝီစိငရဲကျသွားသတဲ့၊ အဝီစိက လွတ်လာပြန်တော့ ပြိတ္တာ ဖြစ်ပြန်တယ်၊ ပြိတ္တာဘဝက ကျွတ်တော့ ကုဏ္ဍီမြို့အနီး တံငါရွာမှာ ဖြစ်လာတယ်၊ ရှေးဘဝကိုမြင်တဲ့ ဇာတိဿရဉာဏ်ရတဲ့အတွက် ငါးတွေကို မသတ်ဝံ့ဘူး၊ ဒါကြောင့် တံငါဖြစ်ကြတဲ့ မိဘဆွေမျိုးများက နှင်ထုတ်လိုက်လို့ ခြေဦးတည့်ရာ လာရင်း သာဏတောင်ခြေကို ရောက်လာတယ်၊ သာဏတောင်ခြေမှာ ရှင်အာနန္ဒာ ဆွမ်းစားရာဝင်ပြီး မျှော်နေလို့ ရှင်အာနန္ဒာက ဆွမ်းကို ခွဲပြီး ကျွေးတယ်၊ ကျွေးမွေး ပြီးတဲ့နောက် သနားလို့ သင်္ကန်းဝတ်ပေးတယ်၊ သင်္ကန်းဝတ်ပေးထားသည့် တိုင်အောင် အလွန် အကုသိုလ်ကြီးလို့ ဆွမ်းခံလို့ ဆွမ်းမရဘူး"

"သည်အကြောင်း ဘုရားရှင် သိတော်မူလို့ သာမဏေကို သံဃာတော် များရဲ့ သောက်ရေ သုံးဆောင်ရေဖြည့်ဖို့ တိုက်တွန်းတော်မူတယ်၊ သံဃာတော် များအတွက် သောက်ရေ သုံးဆောင်ရေကို မပြတ်ထည့်တော့မှ လာဘ်လာဘ

ပေါ်များလာသတဲ့၊ သည်သာမညောဟာ နောင်ရဟန်းဖြစ်တော့ ပေါဋ္ဌပါဒထေရ်လို့ ခေါ်ကြောင်း ဝိမာနဝတ္ထုမှာ ပြထားသကွယ့်၊ ဒါတင်မကသေးဘူး၊ မဟာဝါအဋ္ဌကထာ ၄၀၀–၄၀၁–မှာ ဘုရားရှင်ကိုယ်တော်တိုင် ဗိမ္ဗိသာရမင်းကြီးကို ဆွမ်းခွဲကျွေးကြောင်း ဖော်ပြထားသေးတယ်”

“ဗိမ္ဗိသာရမင်းကြီးကို ဘုရားရှင်က ဘာကြောင့် ဆွမ်းခွဲကျွေးတာလဲဘုရား”

“ဝိနည်းမဟာဝါ အဋ္ဌကထာ ၄၀၀–၄၀၁–မှာ သည်လိုဖော်ပြထားသကွယ့်၊ မြတ်စွာဘုရားသခင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်က ဓာတ်ချုပ်တော်မူတဲ့အတွက် ဆရာဇီဝကထံ အရှင်အာနန္ဒာကို စေလွှတ်ပြီး ဓာတ်နှုတ်ဆေးအလှူခံခိုင်းလိုက်တယ်၊ ဆရာဇီဝကက ဘုရားရှင်ရဲ့ဝမ်းတော်ကို ဆီဖြင့် နှစ်ရက်သုံးရက် နူးစေပြီး ကြာလက်သုံးလက်မှာ ဆေးထုံပြီးမှ ဘုရားရှင်ထံသွားကပ်တယ်”

“အရှင်ဘုရား–ဤပထမကြာလက်ကိုရှူလျှင် ကြမ်းတမ်းသော စမြင်းဆယ်ကြိမ်ဝမ်းသက်ပါလိမ့်မယ်၊ ဒုတိယဤကြာလက်ကို နမ်းရှူလျှင် အလတ်ဖြစ်သော စမြင်းဆယ်ကြိမ်သက်ပါလိမ့်မယ်၊ တတိယဤကြာလက်ကို ရှူလျှင် သိမ်မွေ့သော စမြင်းဆယ်ကြိမ်ဝမ်းသက်ပါလိမ့်မယ်”လို့ လျှောက်ထားပြီး အိမ်ကိုပြန်တယ်၊ ကျောင်းဝင်းပြင်ဘက်ရောက်တော့ မြတ်စွာဘုရားရဲ့ဝမ်းတော်မှာ စမြင်းဒေါသတွေများနေတယ်၊ ကြာသုံးလက်ရှူရုံနှင့် အကြိမ်သုံးဆယ်ဝမ်းသွားမှာ မဟုတ်ဘူး၊ ၂၉–ကြိမ်သာ ဝမ်းသွားလိမ့်မယ်၊ သို့သော် ဘုရားရှင် ရေနွေးချိုးတော်မူတဲ့အခါ တစ်ကြိမ်သက်လိမ့်မယ်လို့ အကြံဖြစ်သတဲ့၊ ဆရာဇီဝကရဲ့အကြံကို ဘုရားရှင်သိတော်မူလို့ ရေနွေးအသင့်ကျိုထားစေတယ်။

နောက်တစ်နေ့ ဆရာဇီဝကလာပြီး အခြေအနေလျှောက်ထားတယ်၊ ဘုရားရှင်က ၂၉–ကြိမ် ဝမ်းသက်ပြီးကြောင်း မိန့်တော်မူတော့ ဆရာဇီဝကက အကြိမ်သုံးဆယ်သက်အောင် ရေချိုးတော်မူပါလို့ လျှောက်ထားတဲ့အတိုင်း ရေချိုးတော်မူတဲ့အခါ အကြိမ် ၃၀–ဝမ်းသက်တော်မူပြီး ပကတိကျန်းမာတော်မူလာတယ်၊ ဘုရားရှင် ကျန်းမာတော်မူလာကြောင်းသိကြလို့ မြို့သူမြို့သားများက မြတ်စွာဘုရားအတွက် အလှူဝတ္ထုကိုစီစဉ်ကြတယ်၊ သည်အကြောင်းသိလို့ ဆရာဇီဝကက ဘုရားရှင်ထံလာပြီး ယနေ့မြို့သူမြို့သားများ ဒါနပြုရန်စီစဉ်

နေကြပါတယ်၊ ယနေ့ဆွမ်းခံကြွတော်မမူပါနှင့်လို့ လျှောက်ထားတယ်၊ ရှင်မောဂ္ဂလာန်ကလည်း သည်ယနေ့ ဘုရားရှင်အား ဘယ်သူ့ထံကဆွမ်းကို ကပ်ရမလဲလို့ ဆင်ခြင်တဲ့အခါ သောဏသူဌေးရဲ့ဆွမ်းကို မြင်တော်မူသတဲ့။

သည်နေရာမှာ သောဏသူဌေးသားအကြောင်း နည်းနည်းတော့ ပြောရဦးမှ ဖြစ်မယ်ကွယ့်"

"မိန့်တော်မူပါဘုရား"

"စမ္ပာနဂိုပြည် ဥပသေဋ္ဌိသူဌေးရဲ့သား သောဏဟာ အလွန်နူးညံ့သိမ်မွေ့သတဲ့၊ ခြေဖဝါးမှာတောင် အမွေးဖြူနုကလေးတွေပေါက်နေသတဲ့၊ သူ့မိဘတွေကလည်းသူ့ကို အင်မတန်ချစ်လို့ ဘုရားလောင်းသိဒ္ဓတ္ထမင်းသားလို ဆောင်း, နွေ, မိုး ပြာသာဒ်သုံးဆောင်နှင့်ထားသတဲ့၊ သူ့အတွက် ထမင်းချက်ဖို့စပါးဟာ နို့ရည်, နံ့သာရည်, ပကတိရည်ဆိုတဲ့ ရေသုံးမျိုးနှင့်စိုက်တဲ့ လယ်က ထွက်တဲ့ စပါးဖြစ်တယ်၊ သည်စပါးကိုလည်း မှည့်ချိန်တန်လျှင် ရိတ်ရိုးရိတ်စဉ်မရိတ်ကြဘူး၊ လူပေါင်းများစွာ လယ်ထဲဆင်းပြီး စပါးနှံများကို ဆွတ်ယူကာ အခြောက်လှမ်းကြရတယ်၊ စပါးနှံတွေခြောက်တော့ ကျီထဲမှာ နံ့သာတစ်ထပ် စပါးတစ်ထပ်ထပ်ပြီး ကျီကိုပိတ်ရတယ်၊ သုံးနှစ်လည်မှ ဖွင့်ကြရသတဲ့၊ ကျီဖွင့်လိုက်တဲ့အခါ တစ်မြို့လုံး နံ့သာနံ့များကြိုင်လှိုင်သွားသတဲ့၊ အဲသည်စပါးကို ကောင်းမွန်စွာဖွတ်ပြီး ရွှေဆန်ကာဖြင့် အကြိမ်တစ်ရာချရတယ်၊ အဲသည်ဆန်ကိုမှ ကျိုက်ကျိုက်ဆူတဲ့ရေနွေးထဲတစ်ကြိမ်နှစ်ပြီး ဆယ်ယူရတယ်။

အဲသည်ထမင်းကို ရွှေခွက်ထဲထည့်၊ အဲသည်ရွှေခွက်ကို ကျိုက်ကျိုက်ဆူပြီး ရေမပါတဲ့ ဃနာနို့ချိုထည့်ထားတဲ့ ငွေခွက်ပေါ်တင်ပြီးမှ သူဌေးသားရဲ့ရှေ့မှောက်ချကြရတယ်၊ ဒါကြောင့် သူဌေးသားရဲ့ထမင်းဟာ အလွန်သင်းပျံ့မွှေးကြိုင်နေသတဲ့၊ ဒါကြောင့် နာလန်ထစဖြစ်တော်မူတဲ့ ဘုရားရှင်အတွက် သည်ဆွမ်းဟာ အလျောက်ပတ်ဆုံးဖြစ်လိမ့်မယ်လို့ အရှင်မဟာမောဂ္ဂလာန်က မြင်တော်မူတယ်၊ မြင်တော်မူတဲ့အတိုင်း ထိုနေ့နံနက်အချိန် တန်ခိုးဖြင့်ကြွပြီး သောဏသူဌေးသားရဲ့ ပြာသာဒ်အပြင်က မိမိကိုယ်ကိုပြတယ်။

သောဏသူဌေးသားလည်း ရှင်မဟာမောဂ္ဂလာန်လက်က သပိတ်ကိုယူပြီး မွန်မြတ်တဲ့ ဆွမ်းကိုလောင်းလှူတယ်၊ ဆွမ်းရတော့ ရှင်မဟာမောဂ္ဂလာန်က

ကြွသွားမည့်ဟန်ပြင်တယ်၊ သည်တော့ သူဌေးသားက 'အရှင်ဘုရား–သည်မှာပဲဘုဉ်းပေးတော်မူပါ'လို့ လျှောက်တယ်၊ ရှင်မဟာမောဂ္ဂလာန်က 'သည်ဆွမ်းဟာ ဘုရားရှင်အတွက်ဖြစ်တယ်၊ သည်ယနေ့ ဘုရားရှင်ဟာ သည်ဆွမ်းကို ဘုဉ်းပေးလိမ့်မယ်'လို့ ပြန်ပြောတယ်၊ သူဌေးသားက 'အရှင်ဘုရား–ဘုဉ်းပေးတော်မူပါ၊ ဘုရားရှင်အတွက် သီးသန့်ထပ်လှူပါ့မယ်'လို့ လျှောက်ထားတဲ့အတွက် ရှင်မဟာမောဂ္ဂလာန် ဆွမ်းဘုဉ်းပေးတယ်၊ ဆွမ်းဘုဉ်းပေးပြီးတော့ သူဌေးသားက သပိတ်ကို နံ့သာရည်ဖြင့် ပွတ်ဆေးပြီး ဘုရားရှင်အတွက် ဆွမ်းအပြည့် လှူပြန်တယ်၊ ရှင်မဟာမောဂ္ဂလာန်လည်း အဲသည်ဆွမ်းကို ဆောင်ယူပြီး ဘုရားရှင်ကို ဆက်ကပ်တယ်။

အဲသည်နေ့မှာပဲ ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားရှင်သည် ယနေ့ ဘယ်ဆွမ်းကို ဘုဉ်းပေးတော်မူပါသလဲလို့ကြံပြီး ဝေဠုဝန်ကျောင်းတော်ကို လာခဲ့ရာ ကျောင်းအတွင်းဝင်ကာမျှနှင့် မွှေးကြိုင်တဲ့ဆွမ်းနံ့ကိုရလို့ စားလိုတဲ့စိတ်ဖြစ်လာသတဲ့၊ သည်အကြောင်းကိုသိလို့ ဘုရားရှင်က မင်းကြီးကို ဆွမ်းနည်းနည်းခွဲပေးတယ်၊ မင်းကြီးဟာ ဘုရားရှင်ခွဲပေးတဲ့ဆွမ်းကိုစားပြီးတဲ့နောက် 'အရှင်ဘုရား–သည်ဆွမ်းဟာ မြောက်ကျွန်းကလှူတဲ့ဆွမ်းလားဘုရား' လို့ လျှောက်ထားသတဲ့၊ ဘုရားရှင်က မြောက်ကျွန်းကဆွမ်းမဟုတ်၊ သောဏသူဌေးသားရဲ့ဆွမ်းဖြစ်ကြောင်းနှင့် သောဏသူဌေးသားရဲ့ ဂုဏ်များကို မိန့်တော်မူသတဲ့၊ မင်းကြီးဟာ ဘုရားရှင်ရဲ့ မိန့်တော်မူချက်ကြောင့် သောဏသူဌေးသားကို မြင်တွေ့လိုစိတ်ပြင်းပြပြီး သူဌေးသားအား ခေါ်ယူကြည့်ရှုရာက သောဏသူဌေးသား ရဟန်းဖြစ်သွားကြောင်းကို ဝိနယမဟာဝါ စမ္မက္ခန္ဓကမှာ အကျယ်ဖွင့်ပြထားတယ်ကွယ့်"

"ဒါကြောင့် ရဟန်းဖြစ်သူကလည်း ဝတ္တရားနှင့်အညီ ကျွေးမွေးကောင်းတယ်၊ ဒါယကာကလည်း စိတ်သန့်သန့်ရှင်းရှင်းနဲ့ဆိုလျှင် သုံးဆောင်လို့အပြစ်မရှိပါဘူး"

**"စိတ်သန့်သန့်ရှင်းရှင်းဆိုတာက ဘယ်လိုပါလဲဘုရား"**

**"စိတ်သန့်သန့်ရှင်းရှင်းဆိုတာက** ခိုးလိုသောစိတ်၊ ချုပ်ချယ်လိုသောစိတ်၊ ပိုင်စိုးပိုင်နင်းစိတ်မျိုး မဟုတ်တာကို ဆိုလိုတာပဲကွယ့်"

"အကယ်၍ ခိုးလိုသောစိတ်မျိုးနှင့် သုံးဆောင်ခဲ့လျှင်ကောဘုရား"

"ခိုးလိုတဲ့စိတ်မျိုးနှင့် သာသနိကပစ္စည်းကို သုံးဆောင်ခဲ့လျှင် သူ့ရဲ့စိတ်က ဆွဲဆောင်တဲ့အတွက် အပါယ်ဘုံကိုရောက်မှာပဲကွယ့်၊ သာဓကထုတ်ပြပါဆိုလျှင် တိရောကုဋ္ဋပေတဝတ္ထုကို ညွှန်ပြရမှာပဲ"

"တိရောကုဋ္ဋပေတဝတ္ထုကိုလည်း အတိုချုပ် အမိန့်ရှိပေးပါဦး ဘုရား"

"သည်ကမ္ဘာက နောက်ဆုတ်ရေတွက်ခဲ့လျှင် ၉၂–ကမ္ဘာထက်မှာ ဖုဿဘုရားပွင့်တော်မူတယ်၊ ဖုဿဘုရားရဲ့ခမည်းတော် ဇယသေနမင်းကြီးဟာ ဘုရားလည်း ငါ့ဘုရား, တရားလည်း ငါ့တရား, သံဃာလည်း ငါ့သံဃာဆိုတဲ့ အစွဲအလမ်းဖြင့် ရတနာသုံးပါးကို မိမိချည်းသာလုပ်ကျွေးတယ်၊ သူတစ်ပါးကို မလုပ်ကျွေးစေရဘူး၊ သည်အခါ မိထွေးတော်ရဲ့သားဖြစ်ကြတဲ့ ညီတော်သုံးယောက်တို့ဟာ ပစ္စန္တ ရစ်မှာထကြွတဲ့ သူပုန်ကို အောင်မြင်တဲ့အထိမ်းအမှတ်နှင့် အောင်ဆုယူကြတဲ့အခါ အခြားဆုများကိုမယူကြဘဲ ဖုဿဘုရားရှင်ကို လုပ်ကျွေးမည့်ဆုကိုယူကြပြီး ဝါတွင်းသုံးလပတ်လုံး ဖန်ရည်စွန်းသော အဝတ်များကိုဝတ်၊ ၂၅၀၀–မျှလောက်ကုန်သော ယောကျ်ားအခြံအရံတို့ဖြင့် ဘုရားရှင်နှင့် သံဃာတော်များကို လုပ်ကျွေးကြသတဲ့၊ အဲသည်လိုလုပ်ကျွေးကြရာမှာ တချို့ကလည်း သဒ္ဓါတရားကောင်းကောင်းနှင့် လုပ်ကျွေးကြတယ်၊ တချို့ကလည်း မသန့်တဲ့စိတ်ထားဖြင့် လှူဖွယ်ဝတ္ထုများကို တိတ်တဆိတ်စားကြတယ်၊ မရှိမသေ လုပ်ကြတယ်၊ မသန့်သောစိတ်ဖြင့် သာသနိကပစ္စည်းများကို စားသုံးခဲ့ကြတဲ့ သူများဟာ သေသည်၏အခြားမဲ့မှာ ငရဲဖြစ်ကြသတဲ့၊ ငရဲက ကျွတ်ပြန်တော့လည်း ငရဲမှာပဲထပ်ဖြစ်ခဲ့ကြသတဲ့၊ ယခုကမ္ဘာအတွင်း ကဿပဘုရားရှင် ပွင့်တော်မူတော့ အဲသည်ပုဂ္ဂိုလ်တွေဟာ ငရဲကလွတ်ပြီး ပြိတ္တာဘဝရောက်ကြပြန်သတဲ့၊ ပြိတ္တာဘဝဖြင့် ဘုရားရှင်ထံဝင်ပြီး သူတို့ဘယ်တော့ကျွတ်မှာလဲလို့ လျှောက်ထားကြသတဲ့၊ ကဿပဘုရားသခင်က နောင်အခါ ဂေါတမဘုရား ပွင့်လိမ့်မယ်၊ ဂေါတမဘုရားလက်ထက်တော်မှာ သင်တို့ရဲ့အမျိုးထဲက ဗိမ္ဗိသာရမင်းကြီးဖြစ်လိမ့်မယ်၊ ထိုဗိမ္ဗိသာရမင်းကြီးအလှူပေးပြီး အမျှဝေတဲ့အခါ သာဓုခေါ်ရတဲ့အတွက် သင်တို့ဟာ ပြိတ္တာဘဝကကျွတ်လိမ့်မယ်လို့ မိန့်တော်မူသတဲ့၊ အဲဒီလိုမိန့်တော်မူတဲ့အတိုင်း ကဿပနှင့် ဂေါတမဘုရားနှစ်ဆူအကြား

ရှည်ကြာသောကာလပတ်လုံး အဲသည်ပြိတ္တာများဟာ ဆင်းရဲဒုက္ခခံကြရပြီး ဂေါတမဘုရားရှင်လက်ထက် ဗိမ္ဗိသာရမင်းက အမျှပေးဝေသောအခါမှ ကျွတ်လွတ်ကြောင်း ပေတဝတ္ထုမှာ ပြဆိုထားတယ်ကွယ့်"

"မှန်ပါ–သည်လိုဆိုတော့ သာသနာ့ပိုင်ပစ္စည်းကို မတရားသုံးဆောင်ခြင်းဟာ အလွန်အပြစ်ကြီးတာပေါ့ဘုရား"

"အေးကွယ့်–ဘယ်ပစ္စည်းကိုပဲဖြစ်စေ ခိုးလို့ဝှက်လို့ မတရားသုံးဆောင်ခဲ့လျှင် အပြစ်ရှိတာချည်းပေါ့ကွယ်၊ သာမန်ပစ္စည်းတောင် အပြစ်ရှိသေးလျှင် သာသနိကပစ္စည်းဆိုတော့ ပိုပြီးအပြစ်ကြီးမားတာပေါ့"

"မှန်ပါ–သည်လောက်ဆိုလျှင် သည်အဖြေကိုကျေနပ်သင့်ပါပြီ၊ တတိယမေးခွန်းကို ဆက်ပြီးလျှောက်ထားခွင့်ပြုတော်မူပါဦး ဘုရား"

"လျှောက်ထားတာပေါ့ကွယ်"

## လူ့စိတ်နှင့် ဂြိုဟ်နက္ခတ်တာရာ

"သီပေါ ဦးသုခက သူ့ရဲ့တတိယမေးခွန်းကို မဃဒေဝလင်္ကာသစ်ပိုဒ်ရေ ၂၇၈–ကို ကိုးကားပြီး မေးလျှောက်ထားတယ်ဘုရား"

"မဃဒေဝလင်္ကာသစ် ၂၇၈–မှာက ဘယ်လိုဆိုသတဲ့လဲကွယ့်"

"မဃဒေဝလင်္ကာသစ် ၂၇၈–မှာ ဖွဲ့ဆိုထားတာက 'မင်းတို့မတော်၊ တရားချော်က၊ မြေပေါ်လူများ၊ မဆိုထားနှင့်၊ မိုးဖျားနက္ခတ်၊ အာကာစက်က၊ ဂြိုဟ်နတ်ရာသီ၊ သွားမညီဘူး' စသည်ဖြင့် ဖွဲ့ဆိုထားပါတယ် ဘုရား"

"သည်အဖွဲ့မှာ ဘာများမေးချင်စရာ ဖြစ်နေသတဲ့လဲကွယ့်"

"ကောင်းကင်မှာ သွားလာနေကြတဲ့ ဂြိုဟ်နက္ခတ်တာရာများဟာ လူ့ပြည်က လူသားများ တရားပျက်တဲ့အတွက် အသွားအလာဖောက်ပြန်တယ်ဆိုတာဟာ လက်တွေ့သိပ္ပံပညာနှင့်မကိုက်ညီဘူးလို့ ထင်မြင်ပါသတဲ့၊ သိပ္ပံနည်းနှင့် ကောင်းကင်ရှိ နေလနက္ခတ်တာရာများကို တိုင်းတာကြည့်တဲ့အခါ ဘယ်ဂြိုဟ်သည် ဘယ်အချိန်တွင် နိယထုံကျင့်မည် သီဟဇကျင့်မည်–စသည်ကို ကြိုတင်တွက်ချက်နိုင်ကြပါသတဲ့၊ တွက်ချက်တဲ့အတိုင်း မှန်လည်း မှန်ကန်ပါသတဲ့၊ ဒါကြောင့် ကောင်းကင်က နေလနက္ခတ်တာရာတို့ရဲ့ အသွားအလာ မမှန်ကန်မှု

ဟာ လူသားတို့ တရားစောင့်မစောင့်နှင့် မသက်ဆိုင်ဘဲ နေလနက္ခတ်တာရာတို့ရဲ့ သဘာဝနိယာမမျှသာဖြစ်လိမ့်မယ်လို့ ထင်မြင်ပါသတဲ့၊ သူ့ရဲ့အထင်အမြင်ဟာ မဃဒေဝလင်္ကာသစ်အဆိုနှင့် ဆန့်ကျင်နေတဲ့အတွက် ဖြေရှင်းပေးဖို့ လျှောက်ထားခြင်း ဖြစ်ပါတယ်ဘုရား"

"မဃဒေဝလင်္ကာသစ် စာပိုဒ် ၂၇၈–ဟာ အင်္ဂုတ္တရစတုက္ကနိပါတ် ပတ္တကမ္မဝဂ် အဓမ္မိကသုတ်ကို ဖွဲ့ဆိုထားခြင်းဖြစ်တယ်ကွယ့်၊ အဓမ္မိကသုတ်က ဘယ်လိုဟောသလဲဆိုတော့ လူ့ပြည်ကလူသားတွေတရားပျက်ခဲ့လျှင် နေလနက္ခတ်တာရာတို့ဟာ မညီမညွတ်လှည့်လည်ကြသတဲ့၊ ညဥ့် နေ့တို့ဟာ မညီမညွတ်ဖြစ်ကြတယ်တဲ့၊ လနှင့်လခွဲတို့ဟာ မညီမညွတ်ဖြစ်ကြတယ်တဲ့၊ ဥတုနှစ်တို့ဟာ မညီမညွတ်ဖြစ်ကြတယ်တဲ့၊ လေများဟာ မညီမညွတ်တိုက်ကြတယ်တဲ့၊ မိုးလေဝသ မမှန်ကန်ဘူးတဲ့၊ ကောက်များဟာ အမှည့်မညီကြဘူးတဲ့၊ လူတွေဟာ အသက်တိုကြသတဲ့၊ အဆင်းမလှကြဘူးတဲ့၊ အားနည်းကြသတဲ့၊ အနာရောဂါပေါများကြသတဲ့။

လူ့ပြည်ကလူသားတွေ တရားစောင့်ခဲ့လျှင် လ နေ နက္ခတ်တာရာများဟာ ညီညွတ်စွာလှည့်ပတ်ကြသတဲ့၊ ညဥ့်,နေ့,လ,လခွဲ,ဥတု,နှစ်တို့ဟာညီညွတ်ကြသတဲ့၊ လေမှန်မှန်တိုက်ပြီး မိုးမှန်မှန်ရွာသတဲ့၊ ဒါကြောင့် ကောက်ပဲသီးနှံများအမှည့်ညီကြတယ်၊ လူတွေဟာ အသက်ရှည်ကြတယ်၊ အဆင်းလှကြတယ်၊ အားတိုးကြတယ်၊ အနာကင်းကြတယ်လို့ ဟောတော်မူတယ်ကွယ့်"

"သည်အဓမ္မိကသုတ်နှင့် ဆက်စပ်ကြည့်ဖို့ ၅၅၀–နိပါတ်၊ စတုက္ကနိပါတ်မှာ ရာဇောဝါဒဇာတ်ဆိုတာလည်း ရှိသေးတယ်ကွယ့်"

"အမိန့်ရှိတော်မူပါဦးဘုရား"

"ရာဇောဝါဒဇာတ်ရဲ့ ဆိုလိုရင်းက သည်လိုတဲ့ကွယ့်၊ ရှေးက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းဟာ တရားစောင့်တဲ့အတွက် တိုင်းပြည်ဟာအင်မတန်သာယာသတဲ့၊ တစ်နေ့တော့ မင်းက တိုင်းရေးပြည်ခင်း စုံစမ်းမယ်လို့ မထင်ရှားတဲ့အသွင်ဖြင့် စုံစမ်းရင်း ဟိမဝန္တာတောအတွင်း ရသေ့တစ်ပါးသီတင်းသုံးရာဌာနသို့ ရောက်သွားသတဲ့၊ ရသေ့ဟာ ရောက်လာတဲ့ဧည့်သည်ကို ညောင်သီးများနှင့်ဧည့်ခံသတဲ့၊ မင်းဟာ ညောင်သီးကိုစားကြည့်တော့ အလွန်အရသာရှိတာကို

တွေ့တဲ့အတွက် 'အရှင်ဘုရား ညောင်သီးဟာ အနံ့အရသာနှင့်ပြည့်စုံလှချည်ကလား'လို့ လျှောက်ထားတယ်၊ ရသေ့က 'ဟုတ်တယ် ဒကာ–မင်းနှင့်တကွ တိုင်းသူပြည်သားများ တရားစောင့်ကြတဲ့အတွက် ညောင်သီးမှည့်ဟာ အနံ့ အရသာနှင့် ပြည့်စုံခြင်းဖြစ်တယ်'လို့ ပြန်ပြောတယ်။

မင်းနှင့်တကွတိုင်းသူပြည်သားများ တရားစောင့်တာနှင့် ညောင်သီးချိုတယ်ဆိုတာဟာ ယုံကြည်နိုင်ဖွယ်မရှိဘူး၊ ဒါကြောင့် ဗြဟ္မဒတ်မင်းဟာ တိုင်းပြည်ကို ပြန်သွားပြီး တိုင်းပြည်ကိုအဓမ္မနည်းနှင့် အုပ်ချုပ်သတဲ့၊ ကာလအတန်ကြာတော့ ရသေ့ကျောင်းပြန်သွားပြီး ညောင်သီးစားကြည့်လိုက်တော့ ညောင်သီးဟာ ရှေးကလိုမချိုတော့ဘဲ ခါးနေသတဲ့၊ ဒီအကြောင်းရသေ့ကို လျှောက်ထားတော့ ရသေ့က 'ဒါယကာ–သည်အချိန်မှာ တိုင်းသူပြည်သားများ တရားမစောင့်ကြဘူး၊ တရားမစောင့်ကြလို့ နေ လ နက္ခတ် ဂြိုဟ်တာရာများ အသွားအလာ မမှန်ဘူး၊ အသွားအလာမမှန်လို့ ရာသီဥတုပျက်တယ်၊ ရာသီဥတုပျက်လို့ သစ်သီးများ အရသာပျက်တယ်'လို့ ပြန်ပြောသတဲ့။

သည်တော့မှ ဗြဟ္မဒတ်မင်းဟာ သဘောပေါက်သွားပြီး 'တပည့်တော်က ဆင်းရဲသားမဟုတ်ပါဘူး၊ ဗာရာဏသီပြည့်ရှင်ဖြစ်ပါတယ်၊ တိုင်းသူပြည်သားအများ တရားစောင့်ပြီး ညောင်သီးချိုအောင်ပြုပါ့မယ်'လို့ လျှောက်ထားပြီး တိုင်းပြည်ပြန်သွားသတဲ့ကွယ်၊ ယခုပြောခဲ့တာဟာ ရာဇောဝါဒဇာတ်ပဲကွယ့်"

"မှန်ပါ–အဓမ္မိကသုတ်ရော ရာဇောဝါဒဇာတ်ပါ မှတ်သားစရာများ ပါရှိပါတယ်၊ သို့သော်လည်း လူသားတရားပျက်တာနှင့် နေလနက္ခတ် အသွားမမှန်ဘူးဆိုတာ ဘယ်လိုဆက်စပ်ကြောင်း မသိသာပါဘူး၊ သိသာအောင်အမိန့်ရှိပေးပါဦးဘုရား"

"စိတ္တေန နိယျတိ လောကော၊ စိတ္တေန ပရိကဿတိ၊
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမနွဂူ"

ဆိုတဲ့ဂါထာကိုတော့ ကြားဖူးရဲ့ မဟုတ်လားကွယ့်။

"မှန်ပါ–ကြားဖူးပါတယ်ဘုရား၊ သဂါထာဝဂ္ဂသံယုတ် စိတ္တသုတ်မှာ ဟောထားပါတယ်ဘုရား"

"သည်သုတ်ရဲ့အဓိပ္ပာယ်က ဘယ်လိုဆိုသလဲကွယ့်"

"စိတ်သည် လောကကိုဆောင်အပ်၏၊ စိတ်သည် လောကကိုဆွဲငင်အပ်၏၊ အလုံးစုံသောတရားတို့သည် စိတ်ဟုဆိုအပ်သော တစ်ခုသောတရား၏အလိုကိုသာလျှင် အစဉ်လိုက်ရ၏လို့ ဆိုပါတယ်ဘုရား"

"သည်လိုဆိုလျှင် လူတို့ရဲ့စိတ်ဓာတ်ကြောင့် နေလနက္ခတ်တာရာများ အသွားမှန်တယ် မဖှန်ဘူးဆိုတာဟာ ရှင်းလောက်ပါပြီ၊ တကယ်တော့ သည်စကြဝဠာ လောကကြီးအတွင်းမှာ များစွာသောသတ္တဝါတွေ တည်နေကြသော်လည်း လူသားဟာအဓိကပုဂ္ဂိုလ်မို့ (မနုဿဘုံ)လူ့လောကကြီးလို့ ခေါ်ကြရတယ်၊ လူ့လောကအတွင်းဖြစ်တဲ့ အရာဝတ္ထုမှန်သမျှတွေဟာ တစ်နည်းမဟုတ်တစ်နည်း လူသားနှင့်ဆက်စပ်တာချည်းပဲကွယ့်၊ တစ်နည်းပြောရလျှင် လူ့ဘုန်းကံကြောင့် ဖြစ်ပေါ်လာတာတွေချည်းပဲဖြစ်တယ်၊ နေလနက္ခတ်တာရာဆိုတာတွေဟာလည်း လူ့ကံကြောင့်ဖြစ်လာတာတွေပါပဲ၊ ဒါကြောင့် လူသားတို့ရဲ့စိတ်ဓာတ်နှင့် ဆက်စပ်နေတယ်၊ လူသားတွေရဲ့စိတ်ဓာတ် သန့်ရှင်းစင်ကြယ်လျှင် နေလနက္ခတ်တာရာများ အသွားမှန်ကန်တယ်၊ လူသားတို့ရဲ့စိတ်ဓာတ် မသန့်ရှင်းမစင်ကြယ်လျှင် နေလနက္ခတ်တာရာများလည်း အသွားအလာ မမှန်ကန်ဘူး၊

သည်အကြောင်းကို ဗေဒင်နည်းနှင့် တွက်ချက်ကြည့်လျှင်လည်းသိသာပါတယ်၊ ဥပမာဆိုပါစို့၊ ကောင်းကင်က တာရာတစ်လုံးဟာ အသွားမမှန်ဘူး၊ သို့မဟုတ် အရောင်မှိန်တယ်၊ တာရာအရောင်ဖောက်ပြန်တယ်ဆိုလျှင် သည်တာရာဟာ ဘယ်ပြည်နှင့်တည့်သလဲ၊ ဘယ်ပြည်အပေါ် ဖြတ်သန်းသွားသလဲလို့ တွက်ကြည့်ရတယ်၊ တွက်ကြည့်လို့ ထိုတာရာဖြတ်သန်းသွားတဲ့ပြည်ကိုတွေ့လျှင် အဲသည်ပြည်ကိုစစ်ဆေးကြည့်လိုက်ကွယ့်၊ စစ်ဆေးကြည့်လိုက်လျှင် ဘာတွေ့မလဲဆိုတော့ အဲသည်ပြည်သားများဟာ တရားပျက်နေတာကိုတွေ့ရလိမ့်မယ်၊ တရားပျက်တဲ့အတွက် စစ်ဘေး၊ ရောဂါဘေး၊ ငတ်မွတ်ခြင်းဘေးများ ကြုံနေကြရတာကို တွေ့ရလိမ့်မယ်၊ ဒါကြောင့် နေလနက္ခတ်တာရာများဟာ လူသားတို့ရဲ့ စိတ်ဓာတ်နှင့် ဆက်စပ်နေကြောင်းကို ယုံကြည်သင့်ပါတယ်ကွယ့်"

"မှန်ပါ-ဝမ်းသာလှပါပြီ ဘုရား"

"သာဓု-သာဓု-သာဓု"

⊙⊙⊙⊙⊙



# သီလခံယူမှုနှင့် ကျင့်သုံးမှု

"သည်တစ်ခါလျှောက်ထားရမှာကတော့ သီလနှင့်ပတ်သက်တဲ့ပြဿနာပါဘုရား"

"ဘယ်လိုပြဿနာများလဲကွယ့်၊ ဆိုစမ်းပါဦး"

"တစ်နေရာမှာ ဒါယကာတွေအငြင်းအခုံဖြစ်နေကြတယ်ဘုရား၊ ဒါယကာတစ်ယောက်က သီလ, သမာဓိ, ပညာဆိုတာဟာ သူတစ်ပါးနှင့် မဆက်စပ်ဘူး၊ မိမိနှင့်သာဆက်စပ်တယ်၊ ဒါကြောင့် သီလကို ဘယ်သူ့ထံမှ သွားတောင်းဖို့ မလိုဘူး၊ သီလပေးပါလို့သွားတောင်းလည်း အတောင်းခံရသူက ရော့ယူတော့လို့ ပေးမဖြစ်ဘူး၊ ကိုယ့်ဘာသာကိုယ် ကျင့်သုံးလျှင် သီလပြည့်စုံတာပဲလို့ ပြောတယ်ဘုရား၊ ကျန်တဲ့ပုဂ္ဂိုလ်များက သူ့အပြောကိုမကြိုက်ကြဘူး၊ သို့သော်လည်း အဲသည်လူကအပြောကောင်းတော့ သူ့ကိုနိုင်အောင် မပြောနိုင်ကြဘူး၊ တပည့်တော်ထံ စစ်ကူတောင်းကြတယ်၊ တပည့်တော်ကတော့ ဒါဟာ အချက်တစ်ခုပဲလို့ မှတ်လာပြီး ဆရာတော်ကိုလျှောက်တာပါပဲ၊ တပည့်တော် လျှောက်လိုရင်းကတော့–

(၁) သီလတရားကို ဘယ်မှာမှုမခံယူဘဲ မိမိဘာသာကျင့်သုံးလို့ ဖြစ်မဖြစ်၊

(၂) သီလခံယူဆောက်တည်ရာမှာလည်း ရတနာသုံးပါးထံ မခံယူဘဲ မိမိဘာသာခံယူလို့ ဖြစ်မဖြစ်၊

(၃) သီလခံယူပြီး မိမိအိမ်မှာပင် ကျင့်သုံးနေထိုင်လို့ ဖြစ်မဖြစ် ဆိုတာပါပဲဘုရား"

## ပတ်ဝန်းကျင်နှင့် ထိုက်တန်သောတရား

"သီလခံယူတာနှင့်ပတ်သက်ပြီး ဘုရားရှင်လက်ထက်တော်က ဝိသာခါ အနာထပိဏ်တို့ကစပြီး ဒကာ ဒကာမများ ဘုရားကျောင်းတော်ကိုသွားပြီး သီလခံယူကြကြောင်း ကျမ်းဂန်များမှာ ဖော်ပြထားတယ်၊ ဘုရားရှင်ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးတဲ့နောက် ယနေ့တိုင်အောင် ဗုဒ္ဓဘာသာဝင်များဟာ ကျောင်းကန် ဘုရားသွားပြီး သီလခံယူ နေကြတာဟာ အထင်အရှားပဲကွယ့်၊ သည်အထဲက သီလဆိုတာ ကျောင်းကန်ဘုရားသွားရောက်ခံယူဖို့ မလိုဘူး၊ ကိုယ့်ဘာသာကိုယ် ကျင့်သုံးလျှင်ပြီးတာပဲလို့ ဆိုနေတာက ရိုးရိုးစိတ်နှင့်ပြောဟန်မတူဘူး၊ အဲသည် ဒါယကာများ နေထိုင်ရာအရပ်ကို တရားထူးတရားဆန်းတွေ ရောက်နေဟန် တူတယ်၊ သူတို့အရပ်မှာ ကျောင်းကန်ဘုရား ရဟန်းသံဃာများနှင့် စည်စည် ပင်ပင်ရှိသေးရဲ့လားကွယ့်"

"ဆရာတော်တွေးတာ မှန်တယ်ဘုရား၊ အဲသည်အရပ်မှာ ကျောင်းကန် ဘုရားတွေတော့ ရှိပါသေးတယ်၊ ဘုန်းကြီးတွေတော့ကြာကြာမနေနိုင်ကြတော့ဘူး၊ တစ်ဝါတစ်ပါး၊ နှစ်ဝါတစ်ပါးဆိုသလို ဖြစ်နေကြပြီ၊ အချို့ကျောင်းများမှာ ဘုန်းကြီးပြတ်လို့ ကျောင်းတွေတောင်ပျက်ကုန်ပြီဘုရား"

"အေး-ဖြစ်ရမယ်လေ၊ အဲသည်အရပ်ဟာ ခေါင်းပါးတဲ့အရပ်မျိုးလည်း ဖြစ်လိမ့်မယ်၊ ပစ္စည်းခေါင်းပါးတော့ မပိုလျှံဘူး၊ မပိုလျှံတော့ မပေးလှူနိုင်ဘူး၊ မပေးလှူနိုင်တော့ ပတ်ဝန်းကျင်နှင့်ထိုက်တန်တဲ့တရားမျိုး သူတို့ထံ ရောက် သွားလိမ့်မယ်ကွယ့်"

"ပတ်ဝန်းကျင်နှင့်ထိုက်တန်တဲ့တရားဆိုတာ ဘယ်လိုပါလဲဘုရား"

"သည်လောကကြီးကပတ်ဝန်းကျင်နှင့် ဆန့်ကျင်လို့မဖြစ်ဘူး၊ ပတ်ဝန်း ကျင်နှင့်အထပ်သင့်ကျင့်မှ ဖြစ်နိုင်တယ်ကွယ့်၊ ခေါင်းပါးတဲ့အရပ်မှာ ဒါနပြုဖို့ မလွယ်ဘူး၊ သည်တော့ ဒါနပြုတာအကျိုးမရှိဘူးဆိုတဲ့တရားမျိုး ထွန်းကား လာတတ်တယ်၊ ဒါနမှုမပြုနိုင်တဲ့အရပ်မှာ အူမ,မတောင့်တော့ သီလ မစောင့်နိုင်ကြဘူး၊ သည်တော့သီလစောင့်လို့ အကျိုးမရှိဘူးဆိုတဲ့ တရားမျိုးလည်း ထွန်းကားလာတတ်တယ်၊ ဒါနပြုမည့်သူလည်းမရှိ၊ သီလ စောင့်မည့်သူလည်း

မရှိတဲ့အရပ်မှာ ဘယ်ဘုန်းကြီးနေလို့ဖြစ်ပါ့မလဲ၊ ဘုန်းကြီးမရှိတဲ့အရပ်မှာနေတဲ့ လူက ဘုန်းကြီးထံ သီလခံယူတာဟာ အဓိပ္ပာယ်မရှိဘူးလို့ပြောတာလည်း ဘာဆန်းတော့သလဲကွယ်၊ ဒါကြောင့် သည်လူကို ဂရုမစိုက်ကြပါစို့လားကွယ်"

"မှန်ပါ–သည်လူကိုဂရုစိုက်ဖို့မလိုပါဘူး၊ ဒါပေမယ့် သူ့စကားကတော့ သူတစ်ပါးနားမှာ ဝင်ခိုနေမှာမို့ ရှင်းလင်းချက် ထုတ်ပေးစေချင်ပါသေးတယ် ဘုရား"

"အေးကွယ့်–သည်လိုဆိုလည်း ဖြေရှင်းကြသေးတာပေါ့၊ ပထမအမေး ပြဿနာက သီလကိုဘယ်သူ့ထံမှမခံယူဘဲ ကိုယ့်ဘာသာကျင့်သုံးလို့ ဖြစ်မဖြစ် ဟုတ်လား"

"မှန်ပါ့ဘုရား"

## စာရိတ္တသီလနှင့် ဝါရိတ္တသီလ

"သီလဆိုတာ စာရိတ္တသီလ, ဝါရိတ္တသီလလို့နှစ်မျိုးရှိတယ်၊ စာရိတ္တသီလ ဆိုတာ ကျင့်ဝတ်ကိုဟောတယ်၊ မိမိပြုအပ်ပြုထိုက်တဲ့ အမိကျင့်ဝတ် အဖကျင့်ဝတ်, သားသမီးကျင့်ဝတ်စတဲ့ ကျင့်ဝတ်မျိုးကို စာရိတ္တသီလလို့ ခေါ်တယ်၊ စာရိတ္တသီလအရာမှာ သည်ကျင့်ဝတ်ကိုဖြည့်ကျင့်ပါမယ်လို့ ဘယ်သူ့ထံမှ ဝန်ခံတောင်းဆိုမှုပြုဖို့ မလိုဘူး၊ အမှန်တကယ် ပြုကျင့်ရမည့် ဝတ္တရားဖြစ်တယ်၊ မပြုလျှင်အပြစ်ဖြစ်တယ်၊ ဝါရိတ္တသီလအရာမှာတော့ နှစ်မျိုး ခွဲပြီးမှတ်သား သင့်တယ်၊ နှစ်မျိုးဆိုတာက ငါးပါးသီလလို အမှန်တကယ်ရှောင်ကြဉ်ရမည့် ဝါရိတ္တသီလမျိုးရယ်၊ ရှစ်ပါးသီလလို ဝါရိတ္တနှင့် စာရိတ္တနှစ်ပါးစုံ ရောနှောနေတာ မျိုးရယ်ဖြစ်တယ်၊ ငါးပါးသီလလို ဝါရိတ္တစစ်စစ်ကျတော့ သူတစ်ပါးထံ တောင်းခံသည်ဖြစ်စေ, မတောင်းခံသည်ဖြစ်စေ အမှန်တကယ် လိုက်နာရှောင်ကြဉ် ရမည့် သီလမျိုးဖြစ်တယ်၊ သည်သဘောကို အမြင်ရှင်းသွားအောင် ဝိရတီ သုံးမျိုးနှင့်ရှင်းပြရလျှင် ပိုကောင်းလိမ့်မယ်ထင်တယ်"

"မှန်ပါ–ရှင်းပြတော်မူပါ ဘုရား"

"ဝါရိတ္တလို့ခေါ်ရတဲ့ ဝိရတီသီလဟာ သုံးမျိုးရှိပါတယ်၊ (၁) သမ္ပတ္တ ဝိရတီ၊ (၂) သမာဒါနဝိရတီ၊ (၃) သမုစ္ဆေဒဝိရတီ တို့ပေါ့ကွယ်၊ သမ္ပတ္တ

ဝိရတီဆိုတာ သီလကို ခံယူဆောက်တည်ထားတာမျိုး မဟုတ်ဘူး၊ ကိစ္စကြုံပါမှ ကျင့်သုံးတဲ့ သီလမျိုးဖြစ်တယ်၊ သမာဒါနဝိရတီမျိုးကတော့ သီလကို ကြိုတင်ခံယူဆောက်တည်ထားတာမျိုး ဖြစ်တယ်၊ သမုစ္ဆေဒဝိရတီမျိုးကတော့ အရိယာအဖြစ်ရောက်တဲ့အတွက် မကောင်းမှုတရားတွေကို မဂ်ဖြင့် အကြွင်းမဲ့ ပယ်ခွါတာမျိုးဖြစ်တယ်၊ (ဣတိဝုတ်၊ ဌ၊ ၂၂၃)သည် ဝိရတီသုံးမျိုးအနက် သမုစ္ဆေဒဝိရတီသီလဟာ ပုထုဇဉ်တို့ရဲ့ သီလ မဟုတ်ဘူး၊ အရိယာပုဂ္ဂိုလ်တို့ရဲ့ သီလဖြစ်တယ်၊ ပုထုဇဉ်များရဲ့ သီလနှစ်ပါးမှာ– (၁) သမ္ပတ္တဝိရတီသီလဟာ ခံယူဆောက်တည်ခြင်း မရှိတဲ့ သီလ၊ (၂) သမာဒါနဝိရတီသီလဟာ ခံယူဆောက်တည်တဲ့ သီလဖြစ်တယ်ကွယ့်"

"ခံယူဆောက်တည်တဲ့သီလနှင့် မခံယူ မဆောက်တည်တဲ့ သီလနှစ်ပါးအနက် ဘယ်သီလက သာလွန်ပါသလဲဘုရား"

"မေးမှ မေးတတ်ပလေကွယ်၊ မခံယူ မဆောက်တည်တဲ့ သီလက ကျင့်သုံးခွင့်ကြုံမှ သီလကို ဖြစ်စေတယ်၊ ခံယူဆောက်တည်တဲ့သီလက ခံယူတဲ့အချိန်ကစပြီး သီလကုသိုလ်ဖြစ်နေတာပဲ၊ ဘယ်မှာ တူပါ့မလဲ၊ ခံယူဆောက်တည်ထားတဲ့ သီလက သာလွန်တာပေါ့ကွယ်"

မှန်ပါ– နားရှင်းပါပြီ၊ ဒုတိယပြဿနာကို အဖြေပေးတော်မူပါဦး"

## သီလဆောက်တည်မှု လေးနက်ရန်

"ဒုတိယပြဿနာက သီလကို ရတနာသုံးပါး ဆရာသမားများထံ မခံယူဘဲ မိမိဘာသာ ခံယူဆောက်တည် ကျင့်သုံးလို့ ဖြစ်,မဖြစ် ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"သီလ ခံယူ ဆောက်တည်တဲ့ နေရာမှာတော့ အခြေအနေအရပေါ့ကွယ်၊ ရတနာသုံးပါး ဆရာသမားများနှင့် နီးစပ်လျှင် နီးစပ်ရာမှာ ယူရမယ်၊ မနီးစပ်တဲ့ ဌာနမှာဆိုလျှင်တော့ ရတနာသုံးပါးကို ရည်မှန်းပြီး မိမိဘာသာ သီလဆောက်တည်၊ မိမိဘာသာ သင်္ကန်းဝတ်ဆင်ကြတဲ့ နာလကထေရ်၊ မဟာကဿပထေရ်တို့လို ပေါ့ကွယ်၊ ဒါကြောင့် တစ်စုံတစ်ဦးထံက သီလမခံယူဘဲ မိမိဘာသာ ခံယူကျင့်သုံး

လို့ဖြစ်ပါတယ်၊ သို့သော် ရတနာသုံးပါးထံ ခံယူကျင့်သုံးတာလောက်တော့ မလေးနက်ဘူးပေါ့ကွယ်”

“ဘာကြောင့်တုန်းဘုရား”

“အကြောင်းကတော့ ရတနာသုံးပါးထံ လက်အုပ်ချီမိုးရှိခိုးပြီး သီလတောင်းခံ ဆောက်တည်သူမှာ သက်သေနှစ်ဦးရှိတယ်၊ တစ်ဦးကရတနာသုံးပါးဖြစ်ပြီး တစ်ဦးကမိမိဖြစ်တယ်၊ ဒုစရိုက်မှုတစ်ခု ကျူးလွန်ခွင့်ကြုံခဲ့လျှင် မိမိကတော့ ကျူးလွန်မည့်ပုဂ္ဂိုလ်မို့ မိမိအတွက်ငဲ့စရာမရှိဘူး၊ သို့သော် ငါဟာ ယနေ့ ရတနာသုံးပါးထံက သည်ဒုစရိုက်မျိုးမပြုလုပ်ပါဘူးလို့ သီလတောင်းခံ ဆောက်တည်ထားတယ်၊ တောင်းခံဆောက်တည်ထားပြီးမှ ကျူးလွန်ရန်မသင့်လျော်ဘူးလို့ ရတနာသုံးပါးတည်းဟူသော သက်သေကိုငဲ့ပြီး ကျူးလွန်လုနီးနီးအဖြစ်ကို ရှောင်ကြဉ်နိုင်တယ်၊ ဒါကြောင့် မိမိဘာသာ ဆောက်တည်တာထက် ရတနာသုံးပါးထံ တောင်းခံဆောက်တည်တာက ပိုပြီး လေးနက်တယ်”

## ဥပုသ်သီလ

“ဥပုသ်သီလနှင့် ပတ်သက်လို့လည်း အမိန့်ရှိပါဦး ဘုရား”

“ရှစ်ပါးစသောသီလကို ဥပုသ်သီလလို့ဆိုကြတယ်၊ ဥပုသ်ဆိုတာ ‘ဥပဝသထ=ဥပေါသထ’ ဆိုတဲ့ပုဒ်ကို ခေါ်တာပဲကွယ့်၊ ဥပဝသထဆိုတဲ့ပုဒ်မှာ ဥပ တစ်ပုဒ်၊ ဝသထ တစ်ပုဒ်ရယ်လို့ နှစ်ပုဒ်ပါတယ်၊ ဥပဆိုတဲ့ပုဒ်က ရတနာသုံးပါးထံချဉ်းကပ်တယ်လို့ ဟောတယ်၊ ဝသထပုဒ်က နေထိုင်တယ်လို့ဟောတယ်၊ ပုဒ်နှစ်ခုစပ်လိုက်တော့ ရတနာသုံးပါးအနီး ချဉ်းကပ်နေထိုင်တယ်လို့ အဓိပ္ပာယ်ရတယ်၊ ဒါကြောင့် ဥပုသ်သီလကျတော့ မိမိဘာသာ စိတ်ဖြင့် ဆောက်တည်ခြင်း, အိမ်မှာဆောက်တည်ခြင်း, အိမ်မှာပင်သီလယူပြီး နေလိုက်ခြင်းများဟာ စာဆိုနှင့် မကိုက်ညီချင်ဘူးကွယ့်”

“စာက ဘယ်လိုများဆိုထားပါသလဲ၊ မိန့်တော်မူပါဦး”

“အင်္ဂုတ္တိုရ် တိကနိပါတ်အဋ္ဌကထာ (ဒု–၁၉၉)မှာ ဥပုသ်သီလခံယူဆောက်တည်ပုံကို ‘တံ ပန ဥပဝသန္တေန၊ သွေ ဥပေါသထိကော ဘဝိဿာမိတိ’ စသောအားဖြင့် ဖွင့်ပြထားတယ်၊ အဓိပ္ပာယ်က ဥပုသ်သီလကျင့်သုံးဆောက်

တည်လိုတဲ့ပုဂ္ဂိုလ်ဟာ ဥပုသ်မသုံးမီ ရှေ့တစ်ရက်ကကြိုတင်ပြီး ဘောဇဉ်, ခဲဖွယ်, အစားအာဟာရများကို စီရင်ထားရမယ်၊ ဥပုသ်နေ့ရောက်တဲ့အခါ နံနက်စောစောကပင် ရဟန်းယောကျာ်း ရဟန်းမိန်းမထံမှာဖြစ်စေ၊ သီလရဲ့ လက္ခဏာကိုသိတဲ့ ဒါယကာ ဒါယိကာမများထံမှာဖြစ်စေ နှုတ်ကမြွက်ဟပြီး ဥပုသ်ဆောက်တည်ရမယ်၊ ဆောက်တည်တဲ့အခါမှာ ပါဠိအစဉ်ရလျှင် တစ်ပါးစီ တစ်ပါးစီ ဆောက်တည်ရမယ်၊ ပါဠိအစဉ်ကိုမရလျှင် 'ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိ' ဘုရားရှင်ပညတ်တော်မူအပ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏ လို့ တပေါင်းတည်းဆောက်တည်နိုင်တယ်၊ သည်နေရာမှာ သိက္ခာပုဒ်တစ်ပါးစီ တစ်ပါးစီခွဲပြီး ဆောက်တည်ခဲ့လျှင် သိက္ခာပုဒ်တစ်ပါးပျက်ရုံနှင့် ကျန်သိက္ခာပုဒ်များမပျက်ဘူး၊ တပေါင်းတည်းခံယူဆောက်တည်ခဲ့လျှင်တော့ သိက္ခာပုဒ်တစ်ပါးပျက်စီးလျှင် ကျန်သိက္ခာပုဒ်အားလုံးလည်း ပျက်စီးတတ်သတဲ့"

"မှန်ပါ–ဥပုသ်သီလခံယူ တဲ့နေရာမှာ ရတနာသုံးပါး ဆရာသမားထံ ခံယူဆောက်တည်တာကောင်းကြောင်းသိရပါပြီ၊ ရတနာသုံးပါးနှင့် ကင်းဝေးတဲ့ အရပ်ရောက်ခိုက် မိမိဘာသာစိတ်ဖြင့် ခံယူဆောက်တည်လျှင်ကော ဘယ်လိုလဲ ဘုရား"

## သီလကိုစိတ်ဖြင့်ဆောက်တည်၍မရ

"ဥပုသ်ဆောက်တည်တဲ့အခါ ရတနာသုံးပါးဆရာသမားထံ ခံယူဆောက်တည်တာက ပိုပြီးကောင်းပါတယ်၊ သို့သော်လည်း အခြေအနေအရ ရတနာသုံးပါးနှင့် ကင်းကွာတဲ့အရပ်ရောက်လျှင်တော့ မိမိဘာသာခံယူဆောက်တည်လို့လည်းဖြစ်ပါတယ်၊ မဟာဇနကမင်းဟာ သင်္ဘောပျက်တော့ သမုဒ္ဒရာတွင်းကူးခတ်ရင်း သည်ယနေ့ဟာ လပြည့်နေ့ဖြစ်တယ်၊ ငါဥပုသ်စောင့်မယ်လို့ ဆားငန်ရေဖြင့် ခံတွင်းကိုဆေးကြောပြီး ဥပုသ်စောင့်ကြောင်း ဖော်ပြထားတယ်၊ ဒါကြောင့် သီလခံယူထိုက်တဲ့ပုဂ္ဂိုလ်ရှိလျှင် ထိုပုဂ္ဂိုလ်ထံမှာ သီလခံယူရမယ်၊ မရှိဘူးဆိုလျှင်တော့ မိမိဘာသာ ခံယူဆောက်တည်နိုင်တယ် ပေါ့၊ သို့သော်လည်း 'ဝစီဘေဒေါ ပန ကာတဗ္ဗောယေဝ' လို့ ဧဝပုဒ်နှင့်ပြထားတဲ့အတွက် သီလခံယူတဲ့အခါမှာ စိတ်ဖြင့်ဆောက်တည်ရုံနှင့်မရဘူး၊ နှုတ်ကမြွက်ဆိုဆောက်တည်ပါမှ ဥပုသ်အရာမြောက်တယ်ကွယ့်"

## ဥပုသ်သီလကို အိမ်မှာစောင့်သင့်မစောင့်သင့်

"ဥပုသ်သီလခံယူပြီး တချို့မိမိအိမ်မှာသာ ဥပုသ်စောင့်သုံးနေကြတယ်၊ တချို့က ကျောင်းကန်ဘုရားချဉ်းကပ်ပြီး ဥပုသ်စောင့်သုံးကြတယ်၊ သည်နှစ်မျိုးရဲ့ကွဲပြားချက်ကိုလည်း မိန့်တော်မူပါဦး"

"ဥပုသ်သီလဆိုတာ အနာဂါမ်, ရဟန္တာတို့ အပြည့်အဝကျင့်သုံးတဲ့ သီလမျိုးပဲကွယ့်၊ ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့ကအတုယူပြီး ကျင့်သုံးကြခြင်း ဖြစ်တယ်၊ သည်အကြောင်းကို တိကင်္ဂုတ္တရပါဠိ ၂၁၁–မှာ 'သ ခေါ သော ဝိသာခေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ' စသောအားဖြင့် ဘုရားဟော ရှိတယ်ကွယ့်"

"ဘုရားဟောအဓိပ္ပာယ်ကိုလည်း မိန့်တော်မူပါဦး ဆရာတော်"

"ဘုရားဟောအဓိပ္ပာယ်က ဗုဒ္ဓဘာသာဝင် သူတော်စင်ပုဂ္ဂိုလ်ဟာ ရဟန္တာများရဲ့သီလကို သည်လိုဆင်ခြင်တယ်တဲ့၊ ရဟန္တာပုဂ္ဂိုလ်များဟာ တစ်သက်လုံး သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်တော်မူကြတယ်၊ သူတစ်ပါးဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်တော်မူကြတယ်၊ မမြတ်သောမေထုန်အကျင့်မှ ရှောင် ကြဉ်တော်မူကြတယ်၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်တော်မူကြတယ်၊ အရက် သောက်ခြင်း, ဘိန်းရှူခြင်းမှ ရှောင်ကြဉ်တော်မူကြတယ်၊ ညစာစားခြင်းမှ ရှောင်ကြဉ်တော်မူကြတယ်၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ကြည့်ရှု နား ထောင်ခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်းမှ ရှောင်ကြဉ်တော်မူကြတယ်၊ မြင့်သောနေရာ မြတ်သောနေရာမှ ရှောင်ကြဉ်တော်မူကြတယ်၊ ငါလည်းပဲ ဤနေ့ဤရက်ဤလအတွင်း ရဟန္တာများကဲ့သို့ ဤရှစ်ပါးသောအင်္ဂါများကို ရှောင်ကြဉ်ပြီး ဥပုသ်ကျင့်သုံးမယ်လို့ ဥပေါသထသီလကို ခံယူကျင့်သုံးခြင်း ဖြစ်ပါသတဲ့၊ သည်စကားရပ်ကိုထောက်သောအားဖြင့် ငါးပါးသီလဆောက်တည် တာက ပကတိသဘောအားဖြင့် ဆောက်တည်ခြင်းဖြစ်တယ်၊ ဥပုသ်သီလဆောက် တည်တာက ရဟန္တာများကိုအတုယူပြီး ရဟန္တာများနှင့်တူနိုင်သမျှတူအောင် ဆောက်တည်ကျင့်သုံးခြင်းဖြစ်တယ်၊ ရဟန္တာများနှင့်တူအောင်ကျင့်သုံးဆောက် တည်တဲ့အတွက် မိမိအပေါ် ကိလေသာမြူအညစ်အကြေးများ နည်းနိုင်သမျှ

နည်းအောင်, ကင်းနိုင်သမျှကင်းအောင် ကျင့်သုံးရမည့်တာဝန်ဝတ္တရားရှိနေတယ်၊ လူတို့ရဲ့နေအိမ်ဆိုတာ အဆင်း, အသံ, အနံ့ စသော ကိလေသာမြူတွေအလွန် ပေါများတယ်၊ ကျမ်းများက 'ရဇပထ'လို့ ခေါ်တယ်ကွယ့်"

"ရဇပထဆိုတာ ဘယ်လိုအဓိပ္ပာယ်ပါလဲဘုရား"

"ရဇပထဆိုတာ ဖုန်တွေ မြူတွေအလွန်ပေါများတဲ့ လမ်းမကြီးလို့ဆိုလို တယ်၊ လူတစ်ယောက်ဟာ မိမိခန္ဓာကိုယ်ကို ဘယ်လောက်စင်ကြယ်အောင် တစ်ကိုယ်တော်သန့်ရှင်းရေး လုပ်ထားသည်ပင်ဖြစ်စေ ဖုန်မြူတွေအားကြီးတဲ့ လမ်းမကြီးမှာထိုင်နေလျှင် မကြာမီ ဖုန်တွေပြန်ကပ်ပြီး ညစ်ပတ်ကုန်မှာပဲတဲ့၊ လူသားများရဲ့အိမ်ဆိုတာလည်း ဖုန်မြူတွေအားကြီးတဲ့ လမ်းမကြီးနှင့်တူသတဲ့၊ အိမ်မှာနေသမျှတော့ ဘယ်လိုပင် စင်ကြယ်အောင်ထိန်းထားသည်ပင်ဖြစ်စေ ကိလေသာမြူတွေ မကြာခဏပြန်ကျလာတတ်ပါသတဲ့၊ ဒါကြောင့် ဥပုသ်သီလ ခံယူဆောက်တည်ပြီး အိမ်မှာပြန်နေတာထက် ကျောင်းကန်ဘုရား ရတနာသုံးပါး အနီးမှာနေတာက ပိုပြီးသင့်မြတ်တယ်၊ အဲဒါကြောင့် ရှေးရှေးကစပြီး ယနေ့ တိုင်အောင် ဥပုသ်သီလဆောက်တည်ကျင့်သုံးတဲ့ ပုဂ္ဂိုလ်များက အိမ်ကခွာပြီး ရတနာသုံးပါး အနီးအပါးမှာ နေထိုင်ကြတာများပါတယ်"

"အကယ်၍ ဥပုသ်သီလခံယူပြီး အိမ်ပြန်နေတော့ ဘယ်လိုဆုံးဖြတ်မှာလဲ ဘုရား"

"မိမိကျင့်သုံးတဲ့ ဥပုသ်သီလ မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ရှောက်ထိန်းသိမ်းနိုင်တယ်ဆိုလျှင် အိမ်ပြန်ပြီးဥပုသ်စောင့်လည်း အပြစ် တော့မရှိပါဘူး"

"မှန်ပါ–သည်ပြဿနာတော့ ပြေတန်သလောက်ပြေပါပြီ၊ ဆက်ပြီး လျှောက်ထားစရာ အနည်းငယ်ကျန်နေပါသေးတယ် ဘုရား"

"ဘာများကျန်သေးတာလဲ၊ ဆိုစမ်းပါဦး"

## ဥပုသ်ချ၍ ညစာစားမှု

"အချို့သောပုဂ္ဂိုလ်များဟာ နံနက်အချိန်အခါမှာ ဥပုသ်သီလခံယူဆောက် တည်ပြီး ညနေကျတော့ ထမင်းဆာတယ်ရယ်လို့ ဥပုသ်ကိုချပြီး ညစာစားတတ် ကြပါတယ်တဲ့၊ အဲဒါမျိုးကျတော့ ဘယ်လိုဆုံးဖြတ်မှာလဲဘုရား"

"အဲသည် ဥပုသ်သည်မျိုးကျတော့ အလွန်အားနည်းသော ဥပုသ်သည်လို့ ဆိုရမှာပေါ့ကွယ်၊ ဥပုသ်ဆိုတာ ခံယူခြင်းနှင့် ဆောက်တည်ကျင့်သုံးခြင်းရယ်လို့ အပိုင်းနှစ်ပိုင်းရှိတယ်ကွယ့်၊ အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ–ဆိုတာ သီလခံယူတဲ့အပိုင်း၊ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ–ဆိုတာက ဆောက်တည်ကျင့်သုံးတဲ့အပိုင်း ဖြစ်တယ်၊ သီလကို ခံယူရုံသာခံယူပြီး မကျင့်သုံးမဆောက်တည်လျှင် ဘာမျှ အဓိပ္ပာယ်မရှိဘူးကွယ့်၊ သည်နေရာမှာ သမာဒိယာမိ–ဆိုတဲ့စကားရပ်ဟာ အလွန်နက်နဲတယ်၊ အလွန်နက်နဲတဲ့အတွက် မြန်မာပြန်တဲ့အခါ 'ကျင့်သုံးဆောက်တည်ပါ၏'လို့ ပြန်ဆိုရတယ်၊ သည်ပြန်ဆိုချက်ရဲ့ အနက်အဓိပ္ပာယ်ကို သေသေချာချာ လေ့လာကြည့်မယ်ဆိုလျှင် 'ကျင့်–သုံး–ဆောက်–တည်'ရယ်လို့ အက္ခရာလေးလုံးပါသလို အနက်ကလည်း လေးမျိုးထွက်တယ်"

"ဘယ်လိုထွက်ပါသလဲဘုရား"

"သီလခံယူတဲ့ပုဂ္ဂိုလ်ဟာ ရတနာသုံးပါးထံမှာဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ–တပည့်တော်သည် နေ့လွဲညစာစားခြင်းမှ ရှောင်ကြဉ်ခြင်း သိက္ခာပုဒ်ကို ကောင်းစွာကျင့်သုံး ဆောက်တည်ပါ၏လို့ နှုတ်မြွက်ခံယူထားတယ်၊ သည်ခံယူချက်ထဲမှာ–

(၁) ယခုတောင်းခံသောတရားကို ကျင့်ပါ့မယ်၊

(၂) ကျင့်ပြီး သီတင်းသုံးနေထိုင်ပါ့မယ်၊

(၃) ဤတရားကို လုံ့လပြု၍ရှောင်ကြဉ်ပါ့မယ်၊

(၄) ရှောင်ကြဉ်ရန် လေးလေးနက်နက် အဓိဋ္ဌာန်ချထားပါတယ်–

တဲ့၊ <u>သည်အနက်လေးပါးကို</u>ပေါင်းပြီး သမာဒိယာမိ–ကောင်းမွန်စွာ ကျင့်သုံးဆောက်တည်ပါ၏လို့ မြန်မာပြန်ထားတယ်၊ မလေးနက်ဘူးလားကွယ်" .

"မှန်ပါ–လေးနက်ပါတယ်၊ သို့သော်လည်း သမာဒိယာမိဆိုတဲ့ ပါဠိက သည်အနက်လေးမျိုး ထွက်ပေါ်လာနိုင်ပါသလားဘုရား"

ပါဠိတစ်ချက် အနက်ဆယ်ထွေဆိုပဲကွယ့်၊ ထွက်ပေါ်လာနိုင်တာပေါ့၊ အမှန်တော့ သမာဒိယာမိဆိုတဲ့ ပုဒ်ကလည်း စပ်ထားလို့သာ တစ်ပုဒ်တည်း ဆိုရတာကိုး၊ တစ်ပုဒ်စီခွဲလိုက်လျှင် သံ–တစ်ပုဒ်၊ အာ–တစ်ပုဒ်၊ ဒါ–ဓာတ်က

တစ်ပုဒ်၊ ယ–ပစ္စည်းကတစ်ပုဒ်၊ မိ–ဝိဘတ်ကတစ်ပုဒ်၊ အဲဒီလိုပုဒ်တွေ အများကြီး ပြားလာတယ်၊ ဒါ–ဓာတ်ဟာ သူ့ချည်းသီးသန့်ဆိုလျှင် များသောအားဖြင့် ပေးကမ်း စွန့်ကြဲခြင်းဆိုတဲ့ အနက်ကို ဟောတယ်၊ ဓာတ်နက်ရသလောက် ထုတ်မယ်ဆိုလျှင် တော့ 'ဒါ–ဒါနေ, သောဓနေ, သုဒ, ဆေဒ, ရက္ခာ, ပလာယနော, ပတာပေသု' ဆိုတဲ့အတိုင်း ပေးခြင်း, သုတ်သင်ခြင်း, စင်ကြယ်ခြင်း, ဖြတ်ခြင်း, စောင့်ရှောက် ခြင်း, ပြေးသွားခြင်း, ပူပန်ခြင်း စသော အနက်များကို ဟောတယ်၊ ဒါ–ဓာတ်ရဲ့ ရှေ့မှာ အာဆိုတဲ့ ဥပသာရပုဒ် ရှိခဲ့လျှင် အာဒါန်– ယူခြင်းအနက်ကို ဟောတယ်၊ သမာဒိယာမိ–ဆိုတဲ့ ပုဒ်ကျတော့ အာချည်း ရှေးရှိတာ မဟုတ်ဘူး၊ သံ–ရော အာ– ရော ရှေးရှိနေတယ်၊ ဒါကြောင့် ဒါဓာတ်ဟာ သူ့ရဲ့အနက်ကို မဟောနိုင်တော့ဘဲ 'ကောင်းမွန်စွာ ကျင့်သုံးဆောက်တည်'ဆိုတဲ့ ဝိသေသအနက်ကို ဟောရတယ် ကွယ့်"

"မှန်ပါ– မိန့်တော်မူပါဦးဘုရား"

"ဥပုသ်သီလ ခံယူသူဟာ သည်မျှလောက် လေးနက်တဲ့ စကားလုံးနှင့် ရတနာသုံးပါးအထံမှာ ဝန်ခံထားပြီးတော့ ဝန်ခံတဲ့အထိုင်း မလိုက်နာဘူးဆိုလျှင် ဘယ်မှာ သင့်လျော်ပါ့မလဲ၊ ဥပုသ် ကျင့်သုံးတယ်ဆိုတာ မိမိကိုယ်မှာ ဖြစ်ပွားနေ တဲ့ ကိလေသာ အညစ်အကြေးတွေကို တတ်နိုင်သလောက် ပယ်သတ်တာပဲကွယ့်၊ ပါးစပ်က လူကြားကောင်းအောင် ပယ်ခွာပါ့မယ် ဝန်ခံပြီး လွန်ကျူး ဖွယ်ဝတ္ထုနှင့် တွေ့တော့ ဝန်ခံသလို မပယ်ခွာဘဲ ပြုကျင့်တယ်ဆိုလျှင် လောကအမြင်နှင့်ပင် အလွန် အောက်တန်းကျတဲ့လူ ဖြစ်သွားပြီ၊ ယုံကြည်ထိုက်သူ မဟုတ်တော့ဘူး၊ သစ္စာရေသောက်ရင်း သေးပေါက်ရင်းဆိုသလို ဖြစ်နေပြီ"

"မအောင့်နိုင်လို့ ညစာလေး စားမိရုံနှင့် သည်လောက် မဆိုသင့်ဘူး ထင်ပါ ရဲ့ဘုရား"

"ဆိုသင့်တာပေါ့ကွယ်၊ ဘယ်မှာ မဆိုသင့်ဘဲ ရှိပါ့မလဲ၊ ဦးပဥ္စင်း စဉ်းစား ကြည့်၊ သူဟာ မအောင့်နိုင်လို့ ညစာကို စားပါသတဲ့၊ ညစာလေးကိုတောင် သည်းခံပြီး အောင့်မထားနိုင်လျှင် သူဟာ သတ်ချင်စိတ် ပေါ်လာလျှင်လည်း သတ်မှာပဲ၊ ခိုးချင်စိတ် ပေါ်လာလျှင်လည်း ခိုးမှာပဲ၊ မေထုန်မှီဝဲချင်စိတ် ပေါ်လာ လျှင်လည်း မှီဝဲမှာပဲ။ လိမ်ချင်လည်း လိမ်မှာပဲ၊ အရက်သောက်ချင်လည်း

သောက်မှာပဲ၊ ဘိန်းရှူချင်လည်း ရှူမှာပဲ၊ သည်တော့ သူစောင့်ရှောက်ကျင့်သုံးတာဟာ ဘာကျန်ပါ့မလဲ၊ ဘာမျှကျန်မှာမဟုတ်ပါဘူး၊ ဒါကြောင့် သည်လို ဥပုသ်မျိုးကျတော့ အလွန်ပေါ့သော သစ်ကျုတ်ဥပုသ်လို့ ဘုရားရှင် ဟောတော်မူတယ်ကွယ့်"

"ဘယ်မှာဟောပါသလဲဘုရား၊ အမိန့်ရှိပါဦး"

"နာချင်လည်း ပြောရသေးတာပေါ့ကွယ်၊ သစ်ကျုတ်ဥပုသ်က သည်လိုတဲ့"

## သစ်ကျုတ်ဥပုသ်

ရှေးက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းလက်ထက်မှာ ဘုရားလောင်းဟာ သိကြားမင်းဖြစ်သတဲ့၊ တစ်နေ့တော့ သစ်ကျုတ်တစ်ကောင်ဟာ ဂင်္ဂါမြစ်ကမ်း ကျောက်ဖျာမှာ အိပ်နေသတဲ့၊ သူအိပ်နေတုန်း ဂင်္ဂါမြစ်ရေတွေ တအားတိုးလာပြီး ကျောက်ဖျာအပြင်ကို ရေလာဝိုင်းတယ်၊ သစ်ကျုတ်ဟာ အိပ်စက်ရာကနိုးလို့ ကြည့်လိုက်တော့ ရေတွေ ပတ်လည်ဝိုင်းနေတာကို မြင်တယ်၊ သည်အခါ သစ်ကျုတ်မှာ အကြံဖြစ်သတဲ့၊ ရေတွေက ဘယ်မှသွားမဖြစ်အောင် ဝိုင်းနေပြီ၊ သည်ရေတွေ မကျမချင်း ဘယ်ကမှ အစာရဖို့မမြင်ဘူး၊ သည်တော့ အချည်းနှီး မဖြစ်ရအောင် ငါဟာ ဥပုသ်စောင့်မှတော်မယ်လို့ သည်လိုအကြံကောင်းရပြီး သည်ယနေ့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို ကောင်းမွန်စွာ ကျင့်သုံးဆောက်တည်ပါ၏လို့ သီလခံယူပြီး အိပ်သတဲ့။

သည်အကြောင်း အလောင်းတော်သိကြားမင်းသိလေတော့ သစ်ကျုတ်ရဲ့ သီလ ခိုင်မာမှုရှိမရှိ စုံစမ်းမယ်လို့ ဆိတ်အယောင်ဆောင်ပြီး သစ်ကျုတ်အိပ်စက်ရာ ကျောက်ဖျာအနီးချဉ်းကပ်လာသတဲ့၊ ချဉ်းကပ်လာတဲ့ဆိတ်ကို သစ်ကျုတ်က မြင်လေတော့ သည်ယနေ့ ဘာမျှစားရပုံမပေါ်လို့ ငါဥပုသ်စောင့်နေလိုက်တာ စားရဖို့ကံကြုံတော့ ဆိတ်က ငါ့အနားရောက်လာပါလား၊ ဥပုသ်ဆိုတာ ဘယ်နေ့စောင့်စောင့်ဖြစ်တာကပဲ၊ သည်ယနေ့တော့ ဥပုသ်ဖျက်ပြီး ဆိတ်ကို တွယ်မှတော်မယ်လို့ ဆိတ်ကိုဖမ်းရအောင် အိပ်ရာကထလိုက်သတဲ့၊ သစ်ကျုတ်ထတော့ ဆိတ်ကအဖမ်းမခံဘဲ တစ်ဘက်ကိုပြန်ကူးပြေးတယ်၊ သစ်ကျုတ်ဟာ ဆိတ်ကို မဖမ်းနိုင်လေတော့ အင်း–တော်သေးရဲ့၊ တော်သေးရဲ့၊ ငါ့သီလ

မပျက်သေးဘူးလို့ဆိုပြီး ပြန်အိပ်သတဲ့၊ သည်အခါ သိကြားမင်းက ကိုယ်ထင်ပြပြီး ဟဲ့–သစ်ကျုတ်၊ နင်ဟာ သည်လို ပေါ့ပေါ့လျော့လျော့ ဥပုသ်စောင့်လို့ ဘာအကျိုး ရှိမလဲလို့ ကဲ့ရဲ့ပြီး နတ်ပြည်ကို ပြန်သွားသတဲ့၊ သည်အကြောင်းနှင့် ပတ်သက်လို့ ဘုရားရှင်က 'ဝေမေဝ– ဤသစ်ကျုတ်အတူသာလျှင်၊ ဣဓ– ဤသာသနာတော်၌၊ ကေစ္စေ– အချို့ကုန်သောသူတို့သည်၊ သမာဒါနမ္ပိ– ကောင်းစွာ ကျင့်သုံး ဆောက်တည်အပ်သော သီလ၌၊ ဒုဗ္ဗလာ– အားနည်းကုန်သည်ဖြစ်၍၊ အဓာကာ ရဏာ– ဆိတ်ဟူသော အကြောင်းကြောင့်၊ ဝကောဋ္ဌဝ– သစ်ကျုတ်ကဲ့သို့၊ အတ္တာနံ– မိမိကိုယ်ကို၊ လဟုံ– ပေါ့သည်ကို၊ ကရောန္တိ– ပြုကုန်၏'လို့ ဟော တော်မူထားတယ်၊ ဒါကြောင့် သီလစောင့်ရှောက် ထိန်းသိမ်းတယ်ဆိုတာ ယုံယုံ ကြည်ကြည် လေးလေးနက်နက် ခံယူ ကျင့်သုံး ဆောက်တည်ပါမှ အကျိုးကြီးမား တယ်၊ ဝတ်ကျေ ဝတ်ကုန် ခံယူ ဆောက်တည်တာမျိုးကတော့ သစ်ကျုတ်သီလ မျိုးမို့ အကျိုးမကြီးဘူးကွယ့်"

"မှန်ပါ–လေးလေးနက်နက် သီလတရား ကျင့်သုံး ဆောက်တည်နိုင်အောင် ဘယ်လို လုပ်ရမှာတဲ့လဲဘုရား"

"မူလပဏ္ဏာသ အဋ္ဌကထာ အာကင်္ခေယျသုတ်အဖွင့်မှာ 'ဒွိဟိ ကာရဏေဟိ သမ္ပန္နသီလတာ ဟောတိ' စသည်ဖြင့် ဖွင့်ဆိုပြတဲ့အတိုင်း သီလပျက်စီးလျှင် ဘယ်လောက် အကျိုးယုတ်စေနိုင်တယ်၊ သီလပြည့်စုံလျှင် ဘယ်လောက် အကျိုး ကြီးတယ်ဆိုတာ ဉာဏ်ထဲမှာ ထင်လာအောင်, စိတ်ထဲမှာ စွဲဝင်လာအောင် ဆင်ခြင် တွေးတောနိုင်လျှင် သီလကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်နိုင် တယ်၊ သီလရဲ့ အကျိုးအပြစ်ကို မသိ၊ သူတစ်ပါးစောင့်လို့ စောင့်ရတဲ့သီလမျိုး ကတော့ ပျက်စီးခွင့် မကြုံခင်သာ တည်ပြီး ပျက်စီးခွင့်ကြုံလျှင် ပျက်စီးသွားတတ် တယ်ကွယ့်"

"မှန်ပါ– သည်လောက် သိရတဲ့အတွက် အလွန် ဝမ်းမြောက်ပါတယ်ဘုရား"

## ကိုးပါးသီလ

"ဥပုသ်သီလနှင့်ဆက်ပြီး ကိုးပါး သီလကိုလည်း လျှောက်ထားချင်ပါသေး တယ် ဘုရား"

"လျှောက်စေဗျား–လျှောက်စေဗျား"

"အချို့သောပုဂ္ဂိုလ်များက ကိုးပါးသီလဟာ အလွန်အကျိုးကြီးတယ်၊ အလွန်တန်ခိုးကြီးတယ်၊ ဒါကြောင့် ကိုးပါးသီလကို စောင့်ရှောက်ထိန်းသိမ်းသင့်ကြောင်း ဟောပြောကြတယ်ဘုရား၊ အချို့သောပုဂ္ဂိုလ်များကတော့ ကိုးပါးသီလအတွင်း ပါဝင်တဲ့ မေတ္တာတရားဟာ သီလမျိုးမဟုတ်ဘူး၊ သမာဓိမျိုးဖြစ်တယ်၊ သမာဓိမျိုးဖြစ်တဲ့မေတ္တာကို သီလအတွင်းထည့်သွင်းပြီး မခံယူမဆောက်တည်ကောင်းဘူးလို့ ပြောကြတယ်၊ သည်အပြောနှစ်မျိုးအနက် ဘယ်အပြောကမှန်တယ်ဆိုတာ အဖြေသိလိုပါတယ်အရှင်ဘုရား"

"ကိုးပါးသီလဆိုတာ သာမန်ပညာရှင်တစ်ပါးက တီထွင်ဆန်းသစ်ထားတဲ့ သီလမဟုတ်ဘူး၊ အင်္ဂုတ္တရ နဝကနိပါတ် သီဟနာဒဝဂ် ၁၉၂–မှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူတဲ့ သီလဖြစ်တယ်ကွယ့်၊ ဘုရားရှင်က 'ရဟန်းတို့–အင်္ဂါကိုးပါးနှင့်ပြည့်စုံသော ဥပုသ်သည် အကျိုးအာနိသင်ကြီး၏၊ တန်ခိုးကြီး၏၊ ကြီးသောပျံ့နှံ့ခြင်းရှိ၏' လို့ ဟောထားတယ်၊ သည်လိုဟောထားတော်မူတဲ့အတွက် ကိုးပါးသီလဟာ ခံယူကျင့်သုံးကောင်းသော သီလဖြစ်ကြောင်းထင်ရှားတယ်၊ သို့သော်လည်း ကိုးပါးသီလအဆုံးမှာပါဝင်တဲ့ မေတ္တာတရားဟာ ရှစ်ပါးသီလမှာပါဝင်တဲ့ အခြားသိက္ခာပုဒ်များနှင့် ကျင့်သုံးပုံချင်းဆန့်ကျင်ဘက်ဖြစ်တယ်၊ ရှစ်ပါးသီလမှာပါဝင်တဲ့ အခြားသိက္ခာပုဒ်များကို ကျင့်သုံးဆောက်တည်တဲ့အခါ သည်အမှုတွေကို မပြုလုပ်ပါဘူးလို့ ကျင့်သုံးဆောက်တည်တယ်၊ နောက်ဆုံးမေတ္တာတရားကျတော့ မေတ္တာနှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့၍နေပါ့မယ်၊ သတ္တဝါများအပေါ် မေတ္တာစိတ်ထားပါ့မယ်လို့ ကျင့်သုံးဆောက်တည်တယ်၊ သည်လိုကျင့်သုံးဆောက်တည်ပုံချင်း ဆန့်ကျင်နေရခြင်းဟာ သီလနှင့် သမာဓိ ကွဲပြားတဲ့အတွက်ဖြစ်တယ်၊ သီလဆိုတာ ကာယကံမှု, ဝစီကံမှုကိုသာ စောင့်ရှောက်တယ်၊ သီလအတွင်းမှာ မနောကံမပါဘူး၊ မေတ္တာတရားက ကာယကံ, ဝစီကံမဟုတ်ဘူး၊ မနောကံဖြစ်တယ်၊ ဒါကြောင့် ကိုးပါးသီလကို ဘုရားရှင်ဟောတော်မူတာမှန်သော်လည်း ခံယူရာမှာ ရှစ်ပါးသီလကိုသာခံယူပြီး ကျင့်သုံးတဲ့အခါကျမှသာ ကမ္မဋ္ဌာန်းကို စီးဖြန်းပြီး နေထိုင်သင့်တယ်ကွယ့်"

## မေတ္တာကမ္မဋ္ဌာန်းဖြင့် နေအပ်ပုံ

"ဘုရားရှင်က နဝင်္ဂဥပုသ်လို့ ဟောထားပါလျက်နှင့် ကိုးပါးသီလရယ်လို့ သီးသန့်မယူဘဲ ရှစ်ပါးသီလခံယူပြီးမေတ္တာနှင့်နေရမယ်ဆိုတဲ့ အဆုံးအဖြတ်ဟာ စိတ်ထဲမှာသိပ်ဘဝင်မကျအောင်ဖြစ်နေပါတယ်၊ ထပ်ဆင့်ပြီး ဖြေနိုင်လျှင် ဖြေပေးတော်မူပါဦးဘုရား"

"အင်္ဂုတ္တရ နဝကနိပါတ်ကလာတဲ့ နဝင်္ဂုပေါသထသုတ်ကို သေသေချာချာလေ့လာကြည့်ကွယ့်၊ သူ့အသက်ကိုသတ်မှု, သူ့ဥစ္စာခိုးမှုစသော သိက္ခာပုဒ်ရှစ်ပါးရှောင်ကြဉ်ပုံကို 'ဣမိနာပင်္ဂေန အရဟတံ အနုကရောမိ၊ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတီတိ၊ ဣမိနာ အင်္ဂမေန အင်္ဂေန သမန္နာဂတော ဟောတိ'လို့ ဥပေါသထသဒ္ဒါအထူးထည့်ပြီး ဟောတော်မူတယ်၊ နောက်ဆုံး မေတ္တာတရားကျတော့ 'ဣမိနာ နဝမေန အင်္ဂေန သမန္နာဂတော ဟောတိ' လို့ ဥပေါသထသဒ္ဒါ မထည့်ဘဲ ဟောတော်မူထားတယ်၊ သည်ဟာကိုထောက်လို့ ကိုးပါးသီလဟူ၍ သီးသန့်မခံယူဘဲ ရှစ်ပါးသီလခံယူပြီး မေတ္တာစိတ်နှင့်နေတာကိုပင် နဝင်္ဂဥပုသ်ခေါ်တယ်လို့ သိသင့်တယ်ကွယ့်"

"သည်မျှနှင့်တော့ နားမရှင်းဘူးဘုရား၊ သည်အတိုင်းသာဆိုလျှင် ရှစ်ပါးသီလခံယူပြီး အသုဘစသောကမ္မဋ္ဌာန်းများ ပွားများနေထိုင်လျှင်ကော မဖြစ်ဘူးလားဘုရား၊ ဖြစ်ခဲ့လျှင် အဲဒါကိုလည်း နဝင်္ဂဥပုသ်လို့ပဲ ခေါ်ရမလားလို့ စိတ်ထဲမှာ သံသယဝင်လာတယ် ဘုရား"

"ဗုဒ္ဓရဲ့ အဆုံးအမတော်ကို လိုက်နာနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ကို 'ဝေနေယျပုဂ္ဂိုလ်'လို့ ခေါ်ရတယ်၊ ဝေနေယျပုဂ္ဂိုလ်ဟာ ယခုဘဝမှ ဗုဒ္ဓသာသနာတော်နှင့်ကြုံတွေ့ဖူးတဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ဘူး၊ ရှေးရှေးသောဘဝတို့က ရှေးရှေးသောဘုရားရှင်တို့ရဲ့ သာသနာတော်နှင့်လည်းကြုံတွေ့ခဲ့ဖူးသူဖြစ်တဲ့အတိုင်း ဘုရားရှင်တို့ရဲ့ အဆုံးအမတရားတော်များကို ကျင့်ကြံပွားများ အားထုတ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်၊ အဲသည်ပုဂ္ဂိုလ်ဟာ တစ်စုံတစ်ခုသောကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအားထုတ်ခဲ့ဖူးတဲ့အတွက် အဲသည်ကမ္မဋ္ဌာန်းဟာ သူ့ရဲ့သန္တာန်မှာစွဲထင်နေတယ်၊ အဲသည်စွဲထင်နေတဲ့ လွန်ကဲသောအလိုဆန္ဒကို 'အဇ္ဈာသယ' လို့

ခါတယ်၊ ယောဂီပုဂ္ဂိုလ်တစ်ဦးဟာ ရှေးဘဝက မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပွားများမှု အားကောင်းခဲ့တဲ့အတွက် 'မေတ္တာအဇ္ဈာသယဓာတ်' လွန်ကဲနေလျှင် ယခုဘဝ ဗုဒ္ဓသာသနာတော်မှာ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တစ်ယောက်အဖြစ်ဖြင့် ရိုးရိုးဥပုသ် သီလခံယူ ဆောက်တည်ရှုမှုနှင့် အားမရဘူး၊ ပေါ့ဆဆဖြစ်နေတတ်တယ်၊ အဲသည်ပုဂ္ဂိုလ်မျိုးအတွက်ရည်ရွယ်ပြီး ဘုရားရှင်က ရှစ်ပါးသီလမှာ မေတ္တာ ကမ္မဋ္ဌာန်းကိုထည့်ပြီး ကိုးပါးသီလရယ်လို့ ဟောတော်မူ တာတဲ့၊ သည်အကြောင်း ကို အင်္ဂုတ္တရအဋ္ဌကထာမှာ 'ဝေနေယျဇ္ဈာသယဝသေန မေတ္တာဘာဝနံ ပက္ခိပိတွာ နဝင်္ဂသမန္နာဂတောတိ ဝုတ္တံ'လို့ ဖွင့်ပြထားတယ်ကွယ့်"

"မေတ္တာအဇ္ဈာသယ ပုဂ္ဂိုလ်အတွက် မေတ္တာကိုထည့်ပြီး ကိုးပါးသီလ ပညတ်နိုင်သလို ကျန်သောကမ္မဋ္ဌာန်းများမှာ အဇ္ဈာသယ အားကောင်းသော ပုဂ္ဂိုလ်များလည်း မိမိတို့အားသန်ရာ အဇ္ဈာသယအားလျော်စွာ ကမ္မဋ္ဌာန်းကို ထည့်ပြီး ကိုးပါးသီလခံယူလျှင်လည်း ဖြစ်နိုင်မှာပေါ့ဘုရား"

"အခုပြောဆိုခဲ့တဲ့ စကားထဲမှာ ကိုးပါးသီလရယ်လို့ သီးခြားခံယူရမှာ မပါဘူးနော်၊ ရှစ်ပါးသီလ ခံယူကျင့်သုံးနေတဲ့ရက်လအတွင်း မေတ္တာနှင့်နေပါ့ မယ်လို့ ဝန်ခံချက် ဆောက်တည်ချက်သာပါတယ်၊ သည်နည်းအတိုင်း သီလ ခံယူပြီး သီလရက်အတွင်း အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေထိုင်ပါ့မယ်၊ အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်း နေထိုင်ပါ့မယ်လို့ ဆောက်တည်ကျင့်သုံးနေထိုင်လျှင်လည်း ဖြစ်နိုင်ပါတယ်"

"မှန်ပါ–နည်းနည်းအမိပ္ပာယ်ပေါက်ခဲ့ပါပြီဘုရား၊ သို့သော်လည်း ယခု အခါမှာ ကိုးပါးသီလနှင့်ပတ်သက်ပြီး ဆရာတော်မိန့်သလို ရှစ်ပါးသီလခံယူပြီး မေတ္တာကမ္မဋ္ဌာန်းကို ဆောက်တည်ရှုမှုမဟုတ်ပါဘူးဘုရား၊ 'အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ'လို့ နှုတ်မြွက်ပြီး တောင်းခံကြတယ်၊ ဆောက် တည်ရာမှာလည်း 'မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ'လို့ ဆောက်တည်ကြပါတယ်၊ မေတ္တာကမ္မဋ္ဌာန်းကို သီလနှင့်ရောပြီး သည်လိုဆောက်တည်တဲ့အတွက် အပြစ်ရှိပါသလားဘုရား"

"အပြစ်ဆိုတာ ဘာကို ဆိုလိုတာလဲကွယ့်"

"မှန်ပါ–လောကပြစ်, သံသရာပြစ်ကို ဆိုလိုပါတယ် ဘုရား"

"သည်မှာကွယ့်–အပြစ်ဆိုတာ တရားကိုယ်အရ ကောက်လိုက်တော့ မိမိသန္တာန်မှာဖြစ်ပွားတဲ့ လောဘတရား, ဒေါသတရား, မောဟတရားများ ဖြစ်ကြတယ်၊ မိမိသန္တာန်မှာ လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ်တရား ဖြစ်ပွားခဲ့လျှင် လောကမှာလည်းအပြစ်ရှိတာပဲ၊ သံသရာမှာလည်းအပြစ်ရှိတာပဲပေါ့၊ နဝင်္ဂသီလကိုကျင့်သုံးဆောက်တည်တဲ့အတွက် ဆောက်တည်သူရဲ့သန္တာန်မှာ ကုသိုလ်ဖြစ်သင့်သလား၊ အကုသိုလ်ဖြစ်သင့်သလား စဉ်းစားပြီးဖြေစမ်းပါ"

"မှန်ပါ–စဉ်းစားကြည့်လိုက်တော့ သီလခံယူဆောက်တည်ကျင့်သုံးတဲ့အတွက် အကုသိုလ်တော့ မဖြစ်သင့်ဘူး၊ ကုသိုလ်သာဖြစ်သင့်တယ်လို့ ယူဆပါတယ် ဘုရား"

"နဝင်္ဂသီလ ခံယူကျင့်သုံးဆောက်တည်တဲ့အတွက် အကုသိုလ်မဖြစ်ဘူး၊ ကုသိုလ်ဖြစ်တယ်ဆိုလျှင် အပြစ်မရှိဘူး၊ အကျိုးသာရှိတယ်လို့ မှတ်သင့်တာပေါ့၊ တစ်နည်းပြောကြစို့ဆိုလျှင် သီလကိုသာ တောင်းခံကျင့်သုံးသင့်တာမဟုတ်ဘူး၊ သမာဓိမျိုး, ပညာမျိုးဖြစ်တဲ့ ကမ္မဋ္ဌာန်းတရားဟာလည်း တောင်းခံကျင့်သုံးသင့်တဲ့တရားပါပဲ၊ ဘုရားရှင်လက်ထက်တော်က တောရမထေရ်တွေဟာ ဘုရားရှင်ထံက ကမ္မဋ္ဌာန်းတောင်းခံပြီး တောအရပ်မှာကျင့်သုံးတော်မူကြကြောင်း ကျမ်းလာစကားရှိပါတယ်၊ ယခုအခါ ယောဂီပုဂ္ဂိုလ်များလည်း ကမ္မဋ္ဌာန်းပြဆရာထံမှာ ကမ္မဋ္ဌာန်းတောင်းခံပြီး သင့်လျော်ရာဌာနမှာကျင့်သုံးအားထုတ်ကြတယ်၊ ဒါကြောင့် ရှစ်ပါးသီလနှင့်ရောပြီး မေတ္တာကမ္မဋ္ဌာန်းတောင်းခံဆောက်တည်တဲ့အတွက် ဘာအပြစ်မှမဖြစ်ပါဘူး၊ အပြစ်မဖြစ်တဲ့အပြင် သည်ယနေ့ ဥပုသ်မှာ ငါဟာ ရတနာသုံးပါးထံက မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပွားများပါ့မယ်လို့ ကတိခံယူထားတယ်၊ ခံယူချက်နှင့်ညီအောင် မေတ္တာကမ္မဋ္ဌာန်းပွားများမှတော်မည်လို့ လုံ့လကို ထက်မြက်အောင်သွေးပြီး မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပွားများနိုင်တဲ့အတွက် အလွန်ကျေးဇူးများကြောင်း သတိထားသင့်ကြတာပေါ့ကွယ်"

"မှန်ပါ–ဝမ်းသာလှပါပြီ ဘုရား၊ သာဓု–သာဓု–သာဓု"

ooooo

# ကာလပရိယန္တသီလ

"၇–၁၂–၈၂ ရက်စွဲဖြင့် ဆရာတော်ထံ စာတစ်စောင် ရောက်လာပါတယ် ဘုရား"

"ဘယ်ကလာတဲ့စာလဲကွယ့်"

"သီပေါမြို့ ပန်းထိမ်ရပ် ဦးသုခထံကပါဘုရား"

"ဩော်–အင်း–အင်း၊ ဟိုကမ္ပဝါစာကိစ္စလျှောက်ဖူးတဲ့ ဦးသုခပါလား၊ စာက ဘာတဲ့တုန်းကွယ့်"

"သူ့စာရဲ့ဆိုလိုရင်းက ဓမ္မဇျုပ္ပာစာစောင်မှာပါတဲ့ ဆောင်းပါးအမှတ် (၁၂)တွင် ဥပုသ်ချပြီးညစာစားသူများကို သစ်ကျုတ်၏ သီလနှင့် ခိုင်းနှိုင်းထားတာကို ဖတ်ရှုရပါသတဲ့၊ မန်လည်ဆရာတော်ဘုရားရေးသားတဲ့ ဝဇီရဂ္ဂဒီပနီကျမ်းမှာ မိမိစောင့်နိုင်သမျှ တစ်အောင့်တစ်ခဏ, တစ်ညတစ်ရက်, တစ်လ, တစ်နှစ်စသည် ဆောက်တည်နိုင်သမျှ ဆောက်တည်ခြင်းဟာ အကျိုးရတယ်လို့ ပါပါတယ်တဲ့၊ ဒါကြောင့် အချို့နေကုန်အောင် မစောင့်နိုင်ကြလို့ နေ့ဝက် ညဥ့်ဝက်စောင့်ခြင်းများလည်း ရှိကြပါတယ်၊ သည်လိုတတ်နိုင်သလောက် သီလစောင့်ရှောက်ခြင်းများ သင့်မသင့်အကျိုးရှိမရှိ သိလိုပါသတဲ့ ဘုရား"

"အေးကွယ့်–သူ့အမေးက မေးသင့်မေးထိုက်တဲ့အမေးပါပဲ၊ လူတိုင်းလည်း အလွန်သိဖို့ကောင်းပါတယ်၊ ဒါကြောင့် သူ့အမေးကို ဂရုတစိုက်အဖြေပေးလိုက်ပါ့မယ်၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ(ပ)စာမျက်နှာ ၁၈၈–မှာ ပရိယန္တသိက္ခာပုဒ်ဆိုတာကို ဖွင့်ဆိုထားပါတယ်၊ ပရိယန္တသိက္ခာပုဒ်ဆိုတာ အပိုင်းအခြားရှိသော

သိက္ခာပုဒ်လို့ဆိုလိုတယ်၊ သည်နေရာမှာ အပိုင်းအခြားက နှစ်မျိုးရှိသကွယ့်"

"အမိန့်ရှိတော်မူပါ ဘုရား"

"(၁) အပိုင်းအခြားတစ်မျိုးက သိက္ခာပုဒ်အပိုင်းအခြား၊ (၂) အပိုင်းအခြားတစ်မျိုးက ကာလအပိုင်းအခြားဖြစ်တယ်၊ သိက္ခာပုဒ်အပိုင်းအခြားဆိုတာ မိမိစောင့်ရှောက်မည့် သိက္ခာပုဒ်အရေအတွက်ကိုဆိုလိုတယ်၊ အချို့သော ဒကာဒကာမများဟာ သိက္ခာပုဒ်တစ်ပါး, နှစ်ပါး, သုံးပါး, လေးပါး, ငါးပါး, ရှစ်ပါး, ဆယ်ပါးအထိ ဆောက်တည်တတ်ကြတယ်၊ သာမဏေများကျတော့ ဆယ်ပါးသီလကို ဆောက်တည်ကြတယ်၊ သည်လိုသိက္ခာပုဒ်အရေအတွက် အပိုင်းအခြားဖြင့် ဆောက်တည်တာကို 'သိက္ခာပဒပရိယန္တ' သိက္ခာပုဒ်အပိုင်းအခြားဖြင့် ဆောက်တည်တယ်လို့ခေါ်တယ်၊ ကာလအပိုင်းအခြားဖြင့် ဆောက်တည်တယ်ဆိုတာက အချို့သော ဒကာ ဒကာမများဟာ အလှူပေးစဉ် ပရိဝုဏ်အပိုင်းအခြားအတွင်းမျှသာ သီလဆောက်တည်တတ်ကြတယ်၊ ကျောင်းဝင်းအတွင်းရောက်လာကြတဲ့ အချို့သောသူများလည်း ကျောင်းဝင်းအပိုင်းအခြားအတွင်းနေသမျှသာ သီလကို ဆောက်တည်တတ်ကြတယ်၊ ကျောင်းဝင်းအပရောက်သွားလျှင် သီလကိုမယူတော့ဘူးပေါ့၊ အချို့ကျတော့လည်း သူ့အသက်သတ်ခြင်းကို တစ်ရက်ရှောင်မယ်၊ တစ်လရှောင်မယ်၊ တစ်နှစ်ရှောင်မယ်၊ သေရည်အရက် ဘိန်းဘင်းကဆော် သောက်စားရှူရှိုက်ခြင်းကို တစ်ရက်ရှောင်မယ်၊ တစ်လရှောင်မယ်၊ တစ်နှစ်ရှောင်မယ်စသောအားဖြင့် အချိန်ကာလပိုင်းခြားပြီး ဆောက်တည်တတ်ကြတယ်၊ သည်လိုကာလအပိုင်းအခြားဖြင့် ဆောက်တည်သောသီလကို 'ကာလပရိယန္တသီလ'လို့ ခေါ်တယ်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ပ-၁၁) သီလပ္ပဘေဒကထာ နှစ်ပါးစုသီလအပြားမှာလည်း (၁) ကာလပရိယန္တသီလ၊ (၂) အာပါဏကောဋိကသီလလို့ သီလနှစ်မျိုးပြားကြောင်းပြဆိုထားတယ်၊ ထိုသီလနှစ်ပါးအနက် ကာလပရိယန္တသီလကို 'ကာလပရိစ္ဆေဒံ ကတွာ သမာဒိန္နံ သီလံ ကာလပရိယန္တံ'လို့ ဖွင့်ပြထားတယ်၊ အချိန်ကာလပိုင်းခြားပြီး ဆောက်တည်ကျင့်သုံးအပ်သော သီလသည် ကာလအပိုင်းအခြားရှိသော ကာလပရိယန္တသီလမည်သတဲ့၊ 'ယာဝဇီဝံ သမာဒိယိတွာ တထေဝ ပဝတ္တိတံ အာပါဏကောဋိကန္တိ' အသက်ထက်ဆုံး

ဆောက်တည်ပြီး ထိုဆောက်တည်သည့်အတိုင်း ကျင့်သုံးအပ်သောသီလသည် 'အာပါဏကောဋိကသီလ'မည်သတဲ့၊ ယခုပြောခဲ့တဲ့ သီလနှစ်မျိုးအနက် ဗုဒ္ဓဘာသာဝင်များ ကျင့်သုံးဆောက်တည်နေကြတဲ့ ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလတို့ဟာ ဘယ်သီလအတွင်း ပါဝင်တယ်လို့ ထင်မြင်သလဲကွယ့်"

"ယခုဗုဒ္ဓဘာသာဝင်များ ခံယူကျင့်သုံးကြတဲ့သီလဟာ တစ်ရက်တစ်သီတင်း, တစ်လ တစ်နှစ်မျှသာ ခံယူ ဆောက်တည်ကြတာဖြစ်လို့ ကာလပရိယန္တသီလအတွင်း ပါဝင်တယ်လို့ ထင်ပါတယ်ဘုရား"

"ဟုတ်ပါတယ်ကွယ့်၊ ယခုသီတင်းသည်များအနက် အသက်ထက်ဆုံး ကျင့်သုံးဆောက်တည်ကြမည့် ပုဂ္ဂိုလ်ဟာ ရှိတော့ရှိမှာပါပဲ၊ ဒါပေမယ့် အလွန်ရှားပါလိမ့်မယ်၊ ဒါကြောင့် သီလကို မိမိကျင့်သုံးနိုင်တဲ့ကာလအတွင်း ဆောက်တည်ကျင့်သုံးနိုင်ပါတယ်၊ တစ်အောင့်တစ်ခဏပင်ဖြစ်စေ သီလကျင့်သုံးဆောက်တည်နိုင်ခြင်းဟာ အလွန်ကျေးဇူးများပါတယ်၊ ဒီဆောင်းပါး အမှတ် ၁၂–မှာဆိုလိုတာက မိမိခံယူဆောက်တည်ထားတဲ့ကာလအပိုင်းအခြားအတွင်း ခံယူထားသောကတိနှင့်အညီ ကျင့်သုံးနိုင်ဖို့ကိုဆိုလိုတယ်၊ တစ်အောင့်တစ်ခဏဖြစ်စေ, တစ်နာရီနှစ်နာရီဖြစ်စေ သည်အချိန်ကာလအတွင်းမှာ မကောင်းမှုကို ရှောင်ကြဉ်ပါ့မယ်လို့ ကတိခံယူထားပြီး မိမိခံယူထားတဲ့ ကတိသစ္စာကို မိမိချိုးဖျက်လျှင် လောကအနေအထားအားဖြင့်သော်လည်း ကဲ့ရဲ့ထိုက်တယ်၊ အကယ်၍ မိမိခံယူထားသော ကတိအတိုင်း လိုက်နာကျင့်သုံးခဲ့လျှင် အသက်သေဆုံးသည့်တိုင်အောင် အချည်းအနှီးမဖြစ်ဘူးကွယ့်"

"ဟာ–ဆရာတော်ကလည်း အသက်သေတဲ့အထိတော့ လွန်သွားပြီထင်ပါတယ်"

"မလွန်ဘူးကိုယ်တော်ရေ့၊ မူလပဏ္ဏာသအဋ္ဌကထာ ကောသမ္ဗိယသုတ်အဖွင့်ကလာတဲ့ ရက္ခစိုးနတ်မင်းအကြောင်း ကြားဖူးတယ်မဟုတ်လား"

"အမိန့်ရှိပါဘုရား"

"ကြားများကြားဖူးသလားလို့ မေးလိုက်ပါတယ်၊ အမိန့်ရှိပါဘုရားဆိုတော့ အင်း–မိန့်ရဦးတော့မှာပ၊ ကဲ–နားထောင်ဗျ၊ နားထောင်"

"ဘုရားရှင်ပွင့်လုကာနီးကာလက ကောသမ္ဗီပြည်မှာ သူဌေးကြီး သုံးဦး ရှိကြသတဲ့၊ သူဌေးကြီးသုံးဦးဆိုတာက (၁) ဃောသကသူဌေး၊ (၂) ကုက္ကုဋ သူဌေး၊ (၃) ပါဝါရိကသူဌေးတို့ဖြစ်ကြတယ်၊ သူဌေးကြီးသုံးဦးတို့ဟာ ဗုဒ္ဓဘုရားရှင်နှင့် မကြုံတွေ့ကြဖူးသေးတဲ့အတွက် ဗုဒ္ဓဘာသာဝင်များတော့ မဖြစ်ကြသေးဘူး၊ သို့သော်လည်း ကံ–ကံရဲ့အကျိုးကိုယုံကြည်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိပုဂ္ဂိုလ်ကြီးတွေဖြစ်ကြတယ်၊ ဒါကြောင့် သူဌေးကြီးသုံးဦးတို့ဟာ ဘဝကူးကောင်းမွန်ရန်အတွက် ရသေ့ငါးရာတို့ကို နှစ်စဉ်လုပ်ကျွေးကြမြဲဖြစ်သတဲ့။

ရသေ့ငါးရာတို့ဟာ ဟိမဝန္တာတောအရပ်မှာ ဆောင်းရာသီ နွေရာသီ ပတ်လုံး ကျင့်သုံးနေထိုင်ကြပြီး မိုးရာသီရောက်လာတော့ ဟိမဝန္တာအရပ်မှာ မိုးကအားကြီးရွာတယ်၊ မိုးအားကြီးရွာတော့ ရွှံ့ဗွက်တွေထူတယ်၊ မှက်,ခြင်, ကျွတ်စသော ဘေးရန်တွေများပြားတယ်၊ ဒါကြောင့် ဟိမဝန္တာတောက ထွက်ပြီး မိုးလေးလပတ်လုံး လူတို့ရွာအနီးအပါးမှာ နေထိုင်ကြတယ်၊ သူဌေးကြီး သုံးဦးတို့ဟာ တောပျော်ရသေ့ကြီးငါးရာတို့ကို နှစ်စဉ်နှစ်တိုင်း လုပ်ကျွေးပူဇော် ကြတယ်။

တစ်နှစ်မှာတော့ နွေလကုန်ဆုံးကာနီး ကဆုန် နယုန်အချိန်မှာပေါ့ကွယ်၊ ရသေ့များဟာ ဟိမဝန္တာကခွာပြီး လူတို့နေထိုင်ရာ ကောသမ္ဗီပြည်ကို လာခဲ့ကြ တယ်၊ အဲသည်နှစ်မှာ မိုးကခေါင်တော့ ကဆုန် နယုန်မှာ ရာသီမိုးတောင် မကျဘူးတဲ့၊ မိုးမကျတော့ နေကအလွန်ပူတယ်၊ ခရီးသွားဖြစ်ကြတဲ့ ရသေ့များဟာ ခရီးလမ်းကလည်းကြမ်း၊ နေကလည်းပူပြင်းတော့ အင်မတန်ရေငတ်ကြသတဲ့၊ ရေငတ်ကြသော်လည်း ရေရှာလို့မတွေ့ကြဘူး၊ သို့သော်လည်း ကံတော်ကံညား အရိပ်အဝါသနှင့်ပြည့်စုံတဲ့ ညောင်ပင်ကြီးကိုတွေ့ကြတယ်။

အလွန်ပူပြင်းတဲ့အချိန် ညောင်ပင်ကြီးကိုတွေ့ကြတော့ တစ်နည်းအား ဖြင့် ဝမ်းသာကြရသေးတာပေါ့၊ ဒါကြောင့် ညောင်ပင်ကြီးအောက် စုရုံးထိုင်ကြ ပြီး ညောင်ပင်ကြီးကိုမော့ကြည့်ကြတယ်၊ မော့ကြည့်ကြပြီးတော့ သည်ညောင်ပင် ကြီးဟာ သည်တောမှာရှိသမျှ သစ်ပင်တွေထက် စည်လည်းစည်ပင်တယ်၊ သာလည်းသာယာတယ်၊ နှစ်သက်ဖွယ်လည်းကောင်းတယ်၊ ဤသို့နှစ်သက်

ဖွယ်ကောင်းသည်ကို ထောက်သောအားဖြင့် သည်ပဉ္စောင်ပင်စောင့်နတ်မင်းဟာ အလွန်တန်ခိုးကြီးသော နတ်မင်းဖြစ်ရလိမ့်မယ်။

"အို–နတ်မင်း၊ အရှင်နတ်မင်းကား တန်ခိုးကြီးမားလှပါ၏၊ တန်ခိုးကြီးသော အရှင်နတ်မင်းသည် ငါတို့ရဲ့ဆင်းရဲခြင်းကိုမြင်သဖြင့် ကြည်လင်သောရေကိုလှူပါ၊ ငါတို့အလွန်ရေငတ်နေကြပါတယ်'လို့ ပြောကြားကြသတဲ့။

ရသေ့တို့ရဲ့စကားကို ပဉ္စောင်ပင်စောင့်နတ်ကြားတော့ မိမိကိုယ်ထင်ရှားပြပြီး အဖျော်ယမကာနှင့်တကွ ရသေ့များအလိုရှိသော ပစ္စည်းများကို မိမိလက်ကယိုထွက်စေပြီး ရသေ့များကို လုပ်ကျွေးသတဲ့ကွယ်။

ရသေ့များဟာ ဝမ်းမြောက်ဝမ်းသာအံ့သြကြပြီး 'အိုနတ်မင်း–အရှင်နတ်မင်းကား တန်ခိုးကြီးပေစွ၊ အဘယ်ကောင်းမှုပြုခဲ့၍ ဤမျှတန်ခိုးအာနုဘော်ကြီးမားပါသလဲ'လို့ မေးမြန်းကြသတဲ့။

ညောင်ပင်စောင့်နတ်မင်းက 'အရှင်ရသေ့တို့–လောကသုံးပါး၌ ယခုဘုရားပွင့်နေပါပြီ၊ ဘုရားရှင်ဟာ ယခုအခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးစံနေတော်မူပါတယ်၊ ဘုရားကျောင်းဒါယကာ အနာထပိဏ်သူဌေးကြီးဟာ ဘုရားရှင်အားလုပ်ကျွေးပြုစုပြီး နေ့တိုင်းဆည်းကပ်ကိုးကွယ်ပါတယ်၊ သားသမီးကျေးကျွန်များကိုလည်း တစ်လ လေးသီတင်း ဥပုသ်သီလဆောက်တည်ကျင့်သုံးစေပါတယ်၊ အကျွန်ုပ်ဟာယခင်ဘဝက ထိုအနာထပိဏ်သူဌေးကြီး၏ လယ်အလုပ်သမားတစ်ဦးဖြစ်ပါတယ်၊ ဥပုသ်တစ်နေ့မှာ အကျွန်ုပ်ဟာ စောစော လယ်တောရှိရာသွားပြီး လယ်ထွန်ပါတယ်၊ မွန်းတည့်ချိန်လွန်တော့ လယ်အလုပ်ကိုနားထားပြီး ထမင်းစားဖို့ သူဌေးအိမ်ကိုပြန်ခဲ့ပါတယ်၊ သူဌေးအိမ်ရောက်တော့ ထမင်းချက်ကျွန်မက အကျွန်ုပ်အတွက် ထမင်းဟင်းများကို ခူးခပ်ပေးပါတယ်၊ သို့သော်လည်း အကျွန်ုပ်စိတ်ထဲမှာ တစ်မျိုးဖြစ်နေပါတယ်၊ ခါတိုင်းနေ့များမှာဆိုလျှင် ခုလိုထမင်းစားချိန်မှာ ထမင်းစားကြတဲ့အလုပ်သမားများဟာ ပွဲတမျှ စည်ကားလှပါတယ်၊ သည်ယနေ့တော့ အကျွန်ုပ်တစ်ဦးတည်း ခြောက်တောက်တောက်ဖြစ်နေတယ်၊ ဒါကြောင့် ထမင်းချက်ကျွန်မကို အခြားအလုပ်သမားများ ဘယ်သွားကြသလဲလို့ မေးမိတယ်။

ထမင်းချက်ကျွန်မက 'သည်ယနေ့ ဥပုသ်နေ့ဖြစ်ပါတယ်၊ ဥပုသ်နေ့မို့ အလုပ်သမားများရော အိမ်သားများပါ အားလုံးဥပုသ်စောင့်ကြလို့ ညစာမစားကြပါဘူးလို့ ပြန်ပြောတော့ အကျွန်ုပ်စိတ်ထဲမှာ ထိတ်ကနဲ သံဝေဂဉာဏ် ဖြစ်ပေါ်လာပါတယ်၊ ဥပုသ်နေ့မှာ သူတစ်ပါးကတော့ ဥပုသ်စောင့်သုံးကြတယ်၊ ငါကတော့ အလုပ်လုပ်နေတယ်၊ ငါ့ဘဝမှာ အလုပ်လုပ်ရင်းပင် သေရဖို့ရှိတော့တယ်၊ ဘယ်တော့မှ ဥပုသ်စောင့်ခွင့်ရဖို့ မမြင်ဘူး၊ သူတစ်ပါးတောင် ဥပုသ်စောင့်နိုင်လျှင် ငါက ဘာလို့ မစောင့်နိုင်ရမှာလဲ၊ ငါလည်း သူများလို ဥပုသ်စောင့်မယ်၊ အဲသည်လို သံဝေဂဉာဏ်ပေါ်လာတဲ့အတွက် ထမင်းချက်ကျွန်မကို 'အို အမိ–ယခုလို မွန်းလွဲချိန်ရောက်မှ ဥပုသ်စောင့်လို့ ဖြစ်မဖြစ် သူဌေးကြီးကို မေးပေးပါ၊ ဥပုသ်စောင့်လို့ဖြစ်လျှင် ကျွန်တော် ဥပုသ်စောင့်သုံးချင်ပါတယ်' လို့ သူဌေးကြီးထံအမေးခိုင်းလိုက်ပါတယ်၊ ကျွန်မက သွားရောက်မေးမြန်းတော့ သူဌေးကြီးက ဥပုသ်ဆိုတာ ကိုယ်စောင့်နိုင်တဲ့အချိန်မှာ စောင့်သုံးနိုင်တယ်၊ နေ့ဝက်စောင့်လျှင်လည်း အကျိုးရှိတာပါပဲလို့ ပြန်ပြောလိုက်တယ်။

အကျွန်ုပ်လည်း သူဌေးကြီးရဲ့အဖြေစကားကိုကြားတော့ ဝမ်းသာသောစိတ်ဖြင့် ဥပုသ်အင်္ဂါများကို ခံယူဆောက်တည်ပြီး မိမိနေရာမှာ သီလကိုဆင်ခြင် ပြီးအိပ်ပါတယ်၊ ညဦးအခါကျတော့ ခန္ဓာကိုယ်မှာ အစာလုံးဝမရှိတဲ့အတွက် ဝမ်းတွင်းက လေတက်လာပါတယ်၊ တက်လာတဲ့ လေလုံးဆို့တဲ့အတွက် နံနက် မိုးသောက်ထချိန် စုတိပြတ်ကြွေသေလွန်ပြီး ဥပုသ်နေ့ဝက်မျှ ဆောက်တည်ကျင့်သုံးခဲ့ရတဲ့ ကောင်းမှုကံကြောင့် သည်ပညောင်ပင်ကြီးမှာ ညောင်စောင့်နတ်ဖြစ်လာပါတယ်'လို့ ပြန်ပြောသတဲ့ကွယ်။

ဒါကြောင့် ဥပုသ်သီလကို မိမိခံယူထားတဲ့ ကတိကဝတ်အတိုင်း ကျင့်သုံးဆောက်တည်လျှင် သေသည့်တိုင်အောင် အချည်းနှီးမဖြစ်ဘူးလို့ ပြောတာပေါ့ကွယ်"

"မှန်ပါ–နေ့ထက်ဝက် ဥပုသ်စောင့်ရတဲ့အကျိုး နာကြားရလို့ ဝမ်းသာပါတယ်၊ ဒါပေမယ့် မဝရေစာစားရသလို နာရတာအဆင်မပြေဘူး ဘုရား"

"ဘာကို ဆိုလိုတာလဲကွယ့်၊ ရှင်းရှင်းပြောစမ်းပါ"

"ဆရာတော် အမိန့်ရှိတဲ့ ဝတ္ထုကြောင်းက မဆိုးဘူးဘုရား၊ ရသေ့တွေ ဘာဖြစ်သွားကြသေးသလဲလို့ သိချင်နေပါတယ်၊ ဆက်ပြီး အမိန့်ရှိပါဦး ဘုရား"

"ဩော်– အဲဒါလား၊ အဲဒီအပိုင်း ယခုအမေးနှင့် မသက်ဆိုင်လို့ ချန်ထား ခဲ့တာကိုး၊ နာချင်လည်း ဆက်ပြောရသေးတာပေါ့လေ"

"အမိန့်ရှိပါဦး ဆရာတော်"

"ရသေ့များဟာ ရက္ခစိုးနတ်မင်းရဲ့ စကားကို ကြားကြတော့ ဘုရားရှင် သီတင်းသုံးရာ သာဝတ္ထိပြည်ကို သွားလိုတဲ့ဆန္ဒ အလွန်ဖြစ်လာကြသတဲ့၊ သို့သော် လည်း ကောသမ္ဗီပြည်မှာ ငါတို့ရဲ့ ဆွမ်းဒကာများ ရှိကြသေးတယ်၊ သူတို့ကို အကြောင်းကြားပြီးမှ သွားကြမယ်လို့ အကြံဖြစ်ကြပြီး ကောသမ္ဗီပြည်ကို လာခဲ့ကြတယ်၊ ကောသမ္ဗီပြည်ကို ရောက်တော့ သူဌေးကြီးသုံးဦးတို့က ခရီးဦးကြိုဆိုပြီး နောက်တစ်ရက် ဆွမ်းလှူကြတယ်၊ ရသေ့များက ဆွမ်းစားပြီး တော့ သူဌေးကြီးများကို ငါတို့ သွားကြမယ်လို့ ပန်ကြားကြသတဲ့၊ သူဌေးကြီး များက–

"အရှင်တို့– အရှင်တို့ဟာ ယခင်က တစ်လ နှစ်လ သုံးလ လေးလ ကြာအောင်နေပြီးမှ အရပ်တစ်ပါး ကြွသွားတတ်ကြပါတယ်၊ ခုတော့ မြန်လှချည့် လား"လို့ မေးမြန်းကြတော့ ရသေ့များက "ဒကာတို့– လောကမှာ ဘုရားပွင့်နေပြီ၊ အသက်အန္တရာယ်ကို မသိနိုင်ဘူး၊ အသက် မသေခင် ဘုရားရှင်ကို ဖူးမြင်ဖို့ အလွန် အရေးကြီးတယ်၊ ဒါကြောင့် ခပ်မြန်မြန် သွားလိုကြခြင်းဖြစ်တယ်"လို့ ပြန်ပြောသတဲ့၊ သူဌေးကြီးများက 'အရှင်တို့– ဘုရားပွင့်နေလျှင် အကျွန်ုပ် တို့လည်း လိုက်ပါကြပါမည်၊ အကျွန်ုပ်တို့နှင့် အတူတကွ ကြွတော်မူကြပါ'လို့ လျှောက်ထားကြတယ်၊

ရသေ့များက 'ဒကာတို့– လူသားဆိုတာ အမှုကိစ္စ များပြားတယ်၊ နောက်မှ တဖြည်းဖြည်း လိုက်ခဲ့ကြ၊ ငါတို့ ယခု သွားနှင့်ကြမယ်'လို့ ပြောပြီး ကောသမ္ဗီပြည် က သာဝတ္ထိပြည်အရောက် တောက်လျှောက်လာကြတယ်၊ ဘုရားရှင်ထံတော် ရောက်တော့ ဘုရားရှင်က ရသေ့များနှင့် သင့်လျော်တဲ့ တရားတော်ကို ဟောကြား တဲ့အတွက် ရသေ့အားလုံး ရဟန်းဝတ်ပြီး တရားအားထုတ်ကြလို့ ရဟန္တာဖြစ်သွား ကြသတဲ့ကွယ်"

“သူဌေးကြီးတွေအကြောင်းလည်း ဆက်ပါဦးဆရာတော်”

“သူဌေးကြီးသုံးဦးတို့လည်း လှည်းအစီးပေါင်းငါးရာစီနှင့် လှူဖွယ်ဝတ္ထု အပြည့်တင်ဆောင်ပြီးလာကြရာ သာဝတ္ထိပြည်ရောက်တော့ ဘုရားရှင်ထံ ဝင်ရောက် လှူဒါန်းပူဇော်ကြသတဲ့၊ ဘုရားရှင်က သူဌေးများနှင့်သင့်လျော်တဲ့ တရားတော်ကို ဟောကြားတဲ့အတွက် သူဌေးသုံးဦးတို့လည်း သောတာပန် တည်ကြသတဲ့၊ သောတာပန်တည်ကြပြီးတဲ့နောက် ဘုရားရှင်ကို ကောသမ္ဗီပြည် ကြွရောက်ချီးမြှောက်တော်မူပါရန် လျှောက်ထားကြတော့ ဘုရားရှင်က ‘ဒကာတို့– ဘုရားရှင်တို့မည်သည် ဆိတ်ငြိမ်ရာ၌သာ မွေ့လျော်တော်မူကြတယ်’ လို့ မိန့်တော် မူသတဲ့၊ သူဌေးများက သိပါပြီဘုရားလို့ လျှောက်ထားကြပြီး ကောသမ္ဗီပြည် ပြန်ရောက်ကြတဲ့အခါ ဘုရားအမှူးရှိသော သံဃာတော်များ သီတင်းသုံးဖို့ အတွက် ဃောသကသူဌေးက ‘ဃောသိတာရုံကျောင်းကြီး’ ကို ဆောက်လုပ် သတဲ့၊ ကုက္ကုဋသူဌေးက ‘ကုက္ကုဋာရုံကျောင်းကြီး’ ကို ဆောက်လုပ်သတဲ့၊ ပါဝါရိက သူဌေးက သူပိုင်ဆိုင်တဲ့ သရက်ဥယျာဉ်အတွင်းမှာ ‘ပါဝါရိကာရုံ ကျောင်းကြီး’ ဆောက်လုပ်လှူဒါန်းသတဲ့ကွယ့်၊ ကဲ–ဆုံးပါပြီဗျာ၊ သဘောကျရဲ့ လား”

“မှန်ပါ–သဘောကျပါပြီ ဘုရား”

“သာဓု–သာဓု–သာဓု”



# သရဏဂုံတင်ပြဿနာ

"မန္တလေး ဦးဇေဌက ထံက စာတစ်စောင် ရောက်လာပြန်တယ်ဘုရား"

"ဘယ်ဦးဇေဌက တုန်းကွယ့်"

"ဟို–လွန်ခဲ့တဲ့ ငါးနှစ်လောက်က တကောင်းမြို့ဟောင်း ချမ်းသာကြီးကျောင်းတိုက်မှာ သီတင်းသုံးဖူးတဲ့ ဦးဇေဌကပါဘုရား"

"ဪ–သိပြီ သိပြီ၊ ဦးဇေဌက ယခု စိန်ပန်းရိပ်သာမှာ တရားအားထုတ်နေတယ်ဆို ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား၊ ယခု ရိပ်သာကပေးလိုက်တဲ့ စာပါပဲဘုရား"

"ဖတ်စမ်းပါဦး၊ စာက ဘာတဲ့တုန်း"

"ရိုသေစွာလျှောက်ထားပါသည်ဘုရား၊ ဗုဒ္ဓဘာသာဝင် လူမျိုးအားလုံးရှေးအခါမှစ၍ ယခုအချိန်ထိ လူသေလျှင် သရဏဂုံတင်ကြပါသည်၊ အချို့က လူသေလျှင် သရဏဂုံတင်ရန်မလို၊ သရဏဂုံတင်သော်လည်း သေသူအတွက် ဘာမျှအကျိုးမရှိဘူးဟု ယူဆပြောဆိုနေကြပါသည်ဘုရား၊ လူသေလျှင် သရဏဂုံတင်၍အကျိုး ရှိမရှိကို ဆရာတော်ဘုရားက အများမှတ်သားကြစေရန် ဓမ္မဗျူဟာစာစောင်မှ ဖြေရှင်းပေးတော်မူပါမည့်အကြောင်းနှင့် လူသေလျှင် ခုနစ်ရက်အတွင်း ဘာကြောင့် ရက်လည်ဆွမ်းစဉ် ပြုလုပ်ကြရသည်ကိုလည်း ဖြည့်စွက်ဖြေကြားတော်မူပါမည့်အကြောင်း ရိုသေစွာလျှောက်ထားပါသည် ဘုရား၊ တပည့် ဇေဌက၊ ခေတ္တ–မန္တလေးပါတဲ့ဘုရား"

"သည်ပြဿနာဟာ အမေးတိုပေမယ့် အဖြေကိုတော့ တိုတိုဖြေရုံနှင့် မပြည့်စုံဘူးကွယ့်၊ အနည်းငယ်တော့ ရှည်ရှည်ဖြေမှ ပြည့်စုံလိမ့်မယ်"

"မှန်ပါ– စာဖတ်သူ နားလည်အောင် အဖြေပေးတော်မူပါဘုရား"

"သရဏဂုံဆိုတဲ့ စကားကို ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးကြတယ်နော်"

"ကြားဖူးပါတယ် ဘုရား"

"ကြားတော့ ကြားဖူးကြရဲ့၊ သို့သော်လည်း အဓိပ္ပာယ်ပေါက်သူကတော့ နည်းလိမ့်မယ် ထင်တယ်၊ ဒါကြောင့် သရဏဂုံဆိုတဲ့ စကားက စပြီး ပြောကြစို့ ရဲ့၊ သရဏဂုံဆိုတာ **သရဏနှင့် ဂမန** နှစ်ပုဒ်စပ်ထားတဲ့ သရဏ–ဂမနကို သရဏဂုံလို့ မြန်မာပြန်ထားခြင်း ဖြစ်တယ်၊ သရဏဂုံဆိုတဲ့ပုဒ်က သဒ္ဒါအားဖြင့် သရဓာတ် ယုပစ္စည်း၊ ယုပစ္စည်းကို အနပြုထားတယ်၊ သရဓာတ်က ဘူဝါဒိဂိုဏ်း ဖြစ်လျှင် အောက်မေ့ခြင်း (စိန္တာ)၊ ညှဥ်းဆဲခြင်း (ဟိံသာ)၊ အသံပြုခြင်း (သဒ္ဒ) အနက်များကို ဟောတယ်၊ ပြယုဂ်ကတော့ စိန္တာအနက်မှာ သတိ အာပတ္တိ ပရိယန္တံ န သရတိ စသည်–၊ ဟိံသာအနက်မှာ သရဏဓာတ် သရဏတော ဘယံ– စသည်၊ သဒ္ဒအနက်မှာ သရော– အသံ အင္ဂသရော– ကြင်နာသောအသံ စသည်တို့ ဖြစ်ကြတယ်။

အကယ်၍ သရဓာတ်ဟာ ဘူဝါဒိဂိုဏ်း, စုရာဒိဂိုဏ်း နှစ်ဂိုဏ်းတို့နှင့် ဆက်ဆံခဲ့လျှင် သွားခြင်း လာခြင်းဆိုတဲ့ ဂတိအနက်ကို ဟောတယ်၊ ပြယုဂ် ကတော့ သရတိ– သွား၏၊ သံသရတိ– ကျင်လည်၏၊ ဝိသရတိ– ရွေ့၏ စသည် တို့ ဖြစ်ကြတယ်၊ သရဓာတ်ဟာ စုရာဒိဂိုဏ်းသန့်သန့် ဖြစ်ခဲ့လျှင် ပစ်ပယ်ခြင်း (အက္ခေပ) ချဲ့ခြင်း, ဖြန့်ခြင်း (ပ သာရဏ)အနက်များကို ဟောတယ်၊ ပြယုဂ် ကတော့ သရီယတေ– ပစ်လွှတ်အပ်၏ စသည်တို့ဖြစ်ကြတယ်။

သည်အနက်တွေထဲက သရဏမှာ ပါဝင်တဲ့ သရဓာတ်ကတော့ ညှဥ်းဆဲခြင်း (ဟိံသာ) အနက် ကို ဟောတယ်၊ ဘာကို ညှဥ်းဆဲတာလဲဆိုတော့ အပါယ်ဆင်းရဲ, သံသရာဆင်းရဲ တို့ကို ညှဥ်းဆဲတတ်တယ်တဲ့၊ ဝိဂြိုဟ်ဆိုလျှင်တော့ (သရတိ ဟိံသတီတိ သရဏံ) လို့ ဝိဂြိုဟ်ဆိုရမှာပ၊ သည်အဓိပ္ပာယ်ကို မူလပဏ္ဏာသ အဋ္ဌကထာ ပ–၁၃၆–မှာဟိံသတီတိ သရဏံ၊ တေနေဝ သရဏဂမနေန ဘယံ သန္တာသံ ဒုက္ခံ ဒုဂ္ဂတိပရိကိလေသံ ဟနတိ ဝိနာသေတီတိ အတ္ထော–လို့ ဖွင့်ပြ ထားတယ်ကွယ့်"

"သည်အဋ္ဌကထာပါဌ်ရဲ့ အနက်က ဘယ်လိုပါလဲဘုရား"

"ဟိ သတိ–ညှဉ်းဆဲတတ်၏၊ ဣတိ–ထို့ကြောင့်၊ သရဏံ–သရဏမည်၏၊ တေနေဝ သရဏဂမနေန–ထိုသရဏဂုံဖြင့်သာလျှင်၊ ဘယံသန္တာသံ–ကြောက်ခြင်း ထိတ်လန့်ခြင်းသဘောရှိသော၊ ဒုက္ခဥ္စ–ဆင်းရဲကိုလည်းကောင်း၊ ဒုဂ္ဂတိ ပရိကိလေသံ–ဒုဂ္ဂတိသို့လားစေတတ်သော ကိလေသာကိုလည်းကောင်း၊ ဟနတိ–ညှဉ်းဆဲတတ်၏၊ ဝိနာသေတိ–ပျက်စီးစေတတ်၏၊ ဣတိ–အယံ ဤသည်ကား၊ အဓိပ္ပာယ်အနက်တည်းတဲ့ကွယ်"

"မှန်ပါ–သရဏဆိုတဲ့ပုဒ်ဟာ ကြောက်ရွံ့ထိတ်လန့်ခြင်းဘေး, ဒုဂ္ဂတိဘေးများကိုညှဉ်းဆဲတတ်တယ်၊ ဖျက်ဆီးတတ်တယ်ဆိုတာတော့ သဘောရပါပြီ၊ သရဏကို အရကောက်တော့ ဘာကို အရကောက်ရမှာလဲဘုရား"

"သရဏပုဒ်ရဲ့ အရကောက်ကို (ရတနတ္တယသေဝေတံ အဓိဝစနံ)လို့ မူလပဏ္ဏာသ အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်၊ ဧတံ–ထိုသရဏဂုံဟူသော အမည်သည် ရတနတ္တယဿေဝ–ဘုရား တရား သံဃာ ရတနာမြတ်သုံးပါး အပေါင်း၏သာလျှင်၊ အဓိဝစနံ–အမည်တည်း–လို့ ဆိုတဲ့အတိုင်း သရဏပုဒ်ရဲ့ အရကောက်ကတော့ ရတနာသုံးပါးကို အရကောက်ရတယ်"

"ဂမနဆိုတဲ့ ပုဒ်ကိုလည်း အမိန့်ရှိပါဦး ဘုရား"

"ဂမနဆိုတဲ့ပုဒ်က သဒ္ဒါရေးအားဖြင့် ဂမုဓာတ်, ယု–ပစ္စည်း၊ ယုပစ္စည်းကို အနပြုထားတာပဲကွယ့်၊ ဂမုဓာတ်က လားခြင်းဆိုတဲ့ ဂတိအနက်ကိုဟောတယ်၊ အဲသည်ဂတိအနက်ကလည်း ယေသံ ဓာတူနံ ဂတျတ္ထော ဗုဒ္ဓိပိ တေသံ အတ္ထော–ဆိုတဲ့ ဓာတ်စကားအရ သိခြင်းဆိုတဲ့ (ဗုဒ္ဓိ)အနက်ကိုလည်း ဟောနိုင်ပြန်တယ်၊ ဤမှတစ်ပါး ဂမနသဒ္ဒါကို ရောက်ခြင်း(ဂတိ)၊ ဆည်းကပ်ခြင်း (ဘဇ)၊ မှီဝဲခြင်း(သေဝန)၊ ကပ်ရောက်ခြင်း(ပယိရုပါသန)အနက်များ ဟောကြောင်းသိရတယ်ကွယ့်၊ ဒါကြောင့် သရဏနှင့် ဂမန နှစ်ပုဒ်တွဲအဓိပ္ပာယ်ကို ဆင်းရဲကို ညှဉ်းဆဲပယ်ဖျောက်တတ်သော ရတနာသုံးပါးကို သိခြင်း, ရောက်ခြင်း, ဆည်းကပ်ခြင်း, မှီဝဲခြင်း, ကပ်ရောက်ခြင်းကို သရဏဂမန (သရဏဂုံ) လို့ မှတ်ရတယ်။

ဆိုလိုရင်းကတော့ ဗုဒ္ဓသရဏဂုံနှင့်စပ်လို့ ဘုရားရှင်ကို သစ္စာတရား သိသောပုဂ္ဂိုလ်ဟူ၍သိခြင်း၊ ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်

ခြင်း၊ ဘုရားရှင်ကို ဆည်းကပ်မှီဝဲ ကပ်ရောက်ခြင်းကို ဗုဒ္ဓသရဏဂုံရယ်လို့ ခေါ်တယ်၊ ကျန်သော ဓမ္မသရဏဂုံ, သံဃသရဏဂုံများလည်း သည့်အတိုင်းပဲ ပေါ့ကွယ်၊ ဘုရား, တရား, သံဃာ သရဏသုံးပါးကို ယခုပြောခဲ့တဲ့အတိုင်း သိတဲ့ပုဂ္ဂိုလ်, ဆည်းကပ်မှီဝဲတဲ့ပုဂ္ဂိုလ်ကို သရဏဂုံတည်တဲ့ပုဂ္ဂိုလ်လို့ ခေါ်ကြရတယ်၊ ယခုလို အသိစာတ်နှင့် သရဏဂုံတည်မှုဟာ အလွန်ခက်တယ်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ရဲ့အစဟာ သရဏဂုံတည်မှုဖြစ်တယ်။

ဥပရိပဏ္ဏာသ အဋ္ဌကထာမှာ သည့်အကြောင်းကို–

သောတာပတ္တိဖလသစ္ဆိကိရိယာ ပဋိပန္နောတိ ဧတ္ထ ဟေဋ္ဌိမကောဋိယာတံ သရဏံ ဂတော ဥပါသကော ပိ သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နောနာမ–လို့ ဖွင့်ပြထားတယ်၊ အဓိပ္ပာယ်ကတော့ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ကျင့်တဲ့ပုဂ္ဂိုလ်ဆိုတာ အယုတ်ဆုံးအားဖြင့် သရဏဂုံတည်တဲ့ ဥပါသကာ ပုဂ္ဂိုလ်ကို ဆိုလိုပါသတဲ့၊ ဒါကြောင့် ဗုဒ္ဓသာသနာတွင်း သက်ဝင်ခြင်းရဲ့အစဟာ သရဏဂုံတည်ခြင်းပဲဖြစ်တယ်၊ သရဏဂုံတည်သူ ဟာ ဗုဒ္ဓဘာသာဝင်အစစ်ဖြစ်တယ်၊ သရဏဂုံမတည်သူဟာ ဘယ်လောက်အကျင့်ပင်ကောင်းစေကာမူ ဗုဒ္ဓဘာသာဝင်အစစ်မဟုတ်ဘူး၊ ဗုဒ္ဓဘာသာဝင်ဖြစ်သူ ဟာ ဗုဒ္ဓတရားကို ယုံကြည်သူဖြစ်လို့ အနိစ္စ, ဒုက္ခ, အနတ္တကို မြင်အောင်ရှုနိုင်တယ်၊ ဗုဒ္ဓဘာသာဝင် မဟုတ်သူကတော့ ဗုဒ္ဓတရားတော်ကို ယုံကြည်သူမဟုတ်တဲ့အတွက် အနိစ္စ, ဒုက္ခ, အနတ္တတရားကို မြင်အောင်မရှုနိုင်ဘူး။

ဗုဒ္ဓဘာသာဝင်တို့အတွက် လက္ခဏာရေးသုံးပါးကိုတင်ပြီး မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်မြင်ဖို့ဟာ အရေးအကြီးဆုံးဖြစ်တယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များဟာ မိမိလည်းသရဏဂုံဆောက်တည်တယ်၊ မိမိရဲ့သားမြေးမြစ်များကိုလည်း ငယ်စဉ်ကစပြီး သရဏဂုံတည်စေတယ်၊ ဗောဓိမင်းသားရဲ့ မယ်တော်ဟာ ကိုယ်ဝန်တည်စကပင် ဝမ်းတွင်းကသားကိုရည်ရွယ်ပြီး သရဏဂုံဆောက်တည်ထားသတဲ့ကွယ်၊ သို့သော်လည်း သရဏဂုံဟာ လောကီသရဏဂုံ, လောကုတ္တရာသရဏဂုံရယ်လို့ နှစ်မျိုးရှိရာမှာ လောကုတ္တရာသရဏဂုံဟာ မဂ်ရသည်နှင့်တစ်ပြိုင်နက်ပြီးတဲ့အတွက် လောကီသရဏဂုံလို 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသည်ဖြင့် ဆောက်တည်ဖို့လည်း မလိုဘူး၊ သရဏဂုံရဲ့ ညစ်ညူးခြင်းလည်း

မရှိတဲ့အတွက် ဘယ်သောအခါမှ ပျက်စီးတယ်လို့မရှိဘူးကွယ့်၊ လောကီသရဏဂုံကတော့ ပုထုဇဉ်တို့သန္တာန်မှာဖြစ်တဲ့အတွက် လောကုတ္တရာသရဏဂုံလို မခိုင်မာဘူး၊ ယနေ့သာ ရတနာသုံးပါးရဲ့ကျေးဇူးကိုယုံတယ်၊ နက်ဖြန်ယုံချင်မှ ယုံတယ်၊ ရတနာသုံးပါးရဲ့ဂုဏ်ကျေးဇူးကို ယုံကြည်ခိုက် သရဏဂုံတည်တယ်၊ မယုံကြည်တော့ဘူးဆိုလျှင် သရဏဂုံမတည်တော့ဘူး၊ သရဏဂုံပျက်တတ်တယ်၊ အကယ်၍ အသက်ရှင်စဉ် သရဏဂုံမပျက်သော်လည်း သရဏဂုံဟာ အသက်ထက်ဆုံးမျှသာတည်တယ်၊ အသက်ဆုံးသည်နှင့် တစ်ပြိုင်နက် သရဏဂုံပျက်တယ်ကွယ့်။

ဗုဒ္ဓဘာသာဝင်တို့အတွက် သရဏဂုံတည်မှုဟာ အလွန်အရေးကြီးတယ်၊ သရဏဂုံပျက်သည်နှင့် မဂ်ဖိုလ်ရဖို့ အခွင့်အရေးဟာလည်း ပျက်တော့တာကိုးကွယ့်၊ ဒါကြောင့် ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များဟာ မိမိတို့လည်း သရဏဂုံမပျက်ချင်ဘူး၊ မိမိနှင့်ရင်းနှီးသူများကိုလည်း သရဏဂုံမပျက်စေချင်ကြဘူး၊ သို့သော်လည်း သေမင်းကို မနိုင်လို့, သေခြင်းကိုမတားနိုင်လို့ သေမင်းနောက်လိုက်ပါတဲ့သူဟာ ခုဘဝ သရဏဂုံဆောက်တည်ထားတာ ပျက်သွားပြီ၊ လူသေရဲ့သန္တာန်မှာ သရဏဂုံမရှိတော့ဘူး၊ တစ်သက်လုံး ဆောက်တည်ထားတဲ့ သရဏဂုံပျက်သုဉ်းသွားတဲ့အတွက် ကျန်ရစ်တဲ့ ဆွေမျိုးဉာတကာများက အလွန်ဝမ်းနည်းကြတယ်၊ ဒါပေမယ့် ဘယ်လိုမျှ မတတ်နိုင်ကြဘူး၊ သည်ဘဝအတွက် လက်လွှတ်လိုက်ကြရပြီ၊ ဟိုဘဝမှာ သတိရလျှင် သရဏဂုံဆက်ပြီး ယူပါစေတော့လို့ လူသေတဲ့အခါ သရဏဂုံတင်ကြခြင်းဖြစ်တယ်ကွယ့်”

“လူသေကောင်ကို သရဏဂုံတင်ရုံနှင့် နောင်ဘဝမှာ သတိရပြီး သရဏဂုံတင်ပြီး ဖြစ်နိုင်ပါ့မလားဘုရား”

“သည်ဘဝက သရဏဂုံတင်လိုက်တာနှင့် ဟိုဘဝမှာ သရဏဂုံတင်ပြီးဖြစ်ဖို့ ဆိုတာ ခက်တော့ ခက်တာပေါ့ကွယ်၊ သို့သော် သတိပြုစရာက ဗောဓိမင်းသားရဲ့မယ်တော်ဟာ သူ့ဝမ်းတွင်းသန္ဓေသားကို ရည်ရွယ်ပြီး သရဏဂုံခံယူကြောင်း ဓမ္မပဒ–အဋ္ဌကထာ ဗောဓိရာဇကုမာရဝတ္ထုမှာ ပြဆိုထားတယ်၊ သားကိုရည်ပြီး မယ်တော် သရဏဂုံဆောက်တည်တာနှင့် သားဖြစ်သူ သရဏဂုံတည်နိုင်ပါ့မလား၊ တရားကိုယ်အားဖြင့် အမေတခြား သားတခြားပါပဲ၊

သို့သော် မိခင်ရဲ့ကြီးမားသော မေတ္တာကရုဏာဖြင့် သားဖြစ်သူဟာ မိမိရည်မှန်းသလို ဖြစ်သွားစေချင်တယ်ပေါ့၊ သား သရဏဂုံတည်ခြင်း မတည်ခြင်းက ပဓာနမဟုတ်ဘူး၊ မိခင်ရဲ့မေတ္တာ ကရုဏာက ပဓာနဖြစ်တယ်ပေါ့။

အဲသည်လိုပဲ လူသေကို သရဏဂုံတင်ခြင်းဟာလည်း သေသောသူဟာ နောက်ဘဝမှာ သရဏဂုံတည်ခြင်း မတည်ခြင်းက ပဓာနမဟုတ်ဘူး၊ ကျန်ရစ်သူများရဲ့ မေတ္တာ ကရုဏာက ပဓာနလို့ယူဆစေချင်တယ်၊ ဥပမာပြောကြစို့ဆိုလျှင် လူသေအလောင်းကို အကောင်းဆုံးအဝတ်များ ဆင်ယင်ခြင်း, အလှဆုံးပန်းကို ပန်ပေးခြင်း၊ အတီးအမှုတ် အကအခုန်တို့ဖြင့် ဖြေဖျော်ခြင်း၊ အလှဆုံးဖြစ်တဲ့ စံကျောင်း မဏ္ဍပ်များမှာထားခြင်း စသည်များဟာ သူသေအတွက် ဘာမျှအကျိုးမရှိဘူး၊ ကျန်ရစ်တဲ့လူတွေအတွက်လည်း ဘာမျှအကျိုးမရှိဘူး၊ သို့သော်လည်း သေသောသူအပေါ် ချစ်သောမေတ္တာ, သနားသောကရုဏာကိုပြချင်လို့ ဒါမျိုးတွေလုပ်ကြတာပဲ၊ နောက်ဆုံးချီးမြှင့်ခြင်းဖြင့် ချီးမြှောက်ကြတာပဲ၊ အဲသည်ဥပမာအတိုင်း သေသူကို သရဏဂုံတင်တဲ့အတွက် သေသူလည်းအကျိုးမရှိဘူး၊ ကျန်ရစ်တဲ့သူလည်းအကျိုးမရှိဘူး၊ သို့သော်လည်း သေသူအပေါ် ကျန်ရစ်သူများက ဒါလောက်အထိ မေတ္တာ ကရုဏာရှိပါတယ်လို့ မိမိတို့ရဲ့ မေတ္တာကရုဏာကို ပြတာပဲ၊ နောက်ဆုံးအနေနဲ့ အတတ်နိုင်ဆုံး ချီးမြှောက်လိုက်တာပဲပေါ့ကွယ်"

"သည်လိုဆို လူသေကို သရဏဂုံတင်ခြင်းဟာ ကျန်ရစ်သူရဲ့ မေတ္တာကရုဏာကိုပြရုံမျှဖြစ်လို့ ဘာမျှအကျိုးထူး မရှိဘူးပေါ့ဘုရား"

"ဟုတ်တယ်၊ သရဏဂုံဘက်ကကြည့်လျှင်တော့ ဘာမျှအကျိုးထူးမရှိဘူးလို့ ဆိုရမှာပဲ"

"သရဏဂုံဘက်ကကြည့်လျှင်တော့ အကျိုးမရှိဘူး၊ ဘယ်ဘက်ကကြည့်တော့ အကျိုးရှိပါသေးသလဲဘုရား"

"ဒါနဘက်ကကြည့်လျှင်တော့ အကျိုးရှိသေးတယ်လို့ ဆိုရမှာပေါ့ကွယ်"

"ဘယ်လို ဒါနဘက်က ကြည့်နည်းလဲဘုရား၊ အမိန့်ရှိပါဦး"

"ဒါနဘက်ကကြည့်နည်းကိုတော့ အင်္ဂုတ္တရဒသကနိပါတ် ဇာဏုသောဏိသုတ်ကို အကျဉ်းချုပ်ပြောရမှာပဲ"

"အမိန့်ရှိပါဦး ဘုရား"

"တစ်ရက်သောအခါ ဇာဏုသောဏိပုဏ္ဏားဟာ ဘုရားရှင်ထံချဉ်းကပ်ပြီး ပြဿနာတစ်ခုကိုလျှောက်ထားသကွယ်၊ လျှောက်ထားပုံက အရှင်ဂေါတမ–အကျွန်ုပ်တို့ပုဏ္ဏားမျိုးဟာ မိမိတို့နှင့်နီးစပ်သောသူကွယ်လွန်ပါလျှင် ဤအလှူသည် ကွယ်လွန်သူသို့ ရောက်ပါစေလို့ ရည်ညွှန်းပြီး အလှူပြုတတ်ကြပါတယ်၊ အဲဒီအလှူဟာ ကွယ်လွန်သူထံရောက်မရောက် မိန့်တော်မူပါလို့ လျှောက်ထားတယ်၊ ဘုရားရှင်က ရောက်သင့်သောဌာနကိုရောက်လျှင် ရောက်တယ်၊ မရောက်သင့်သောဌာနကိုရောက်လျှင် မရောက်ဘူးလို့ ဖြေကြားတော်မူတယ်၊ ပုဏ္ဏားက ရောက်သင့် မရောက်သင့်သောဌာနဟာ ဘယ်ဌာနပါလဲလို့ ထပ်လျှောက်တော့ ဘုရားရှင်က ကွယ်လွန်သောပုထုဇဉ်တို့အတွက် လားရောက်ရာဌာန (ဂတိ)ငါးပါးရှိရာမှာ တိရစ္ဆာန်, ငရဲ, လူ, နတ်ဆိုတဲ့ ဂတိလေးပါးဆိုက်ရောက်ခဲ့လျှင် အလှူရဲ့အကျိုးကိုမခံစားရဘူး၊ ပေတဂတိဆိုသော ပြိတ္တာဘုံသို့ရောက်လျှင် ခံစားရတယ်လို့ဖြေဆိုတော်မူတယ်၊ ပုဏ္ဏားက အကယ်၍ ကွယ်လွန်သူ ပြိတ္တာဘုံမရောက်ပါက ဤဒါနအကျိုးကို အဘယ်သူခံစားရပါမလဲလို့ လျှောက်ပြန်တယ်၊ ဘုရားရှင်က ပုဏ္ဏား–အခြားဆွေမျိုးတော်ဖူးသော ပြိတ္တာများခံစားရလိမ့်မယ်လို့ ဟောတော်မူတယ်၊ ပုဏ္ဏားက ပြိတ္တာဘုံမှာ အလှူရှင်နှင့်ဆွေမျိုးတော်စပ်သော ပြိတ္တာမရှိခဲ့သော် အဘယ်သူခံစားရပါမလဲလို့ လျှောက်ပြန်တယ်၊ ဘုရားရှင်က ရှည်လျားသောသံသရာကာလတစ်လျှောက်မှာ ဆွေမျိုးမတော်ခဲ့ဖူးသောသူရယ်လို့ မရှိစကောင်းဘူး၊ တစ်ဘဝမှာဆွေမျိုးမတော်ခဲ့သော် အခြားသောတစ်ဘဝမှာ ဆွေမျိုးတော်စပ်ရလိမ့်မယ်၊ အကယ်၍ ပြိတ္တာဘောင်၌ ဆွေမျိုးတော်သူရှိသည်ပင်ဖြစ်စေ မရှိသည်ဖြစ်စေ အလှူ၏အကျိုးကို ပြိတ္တာတို့ရသည်ပင်ဖြစ်စေ မရသည်ပင်ဖြစ်စေ အလှူရှင်ကားအကျိုးမဲ့မဖြစ်နိုင်၊ ဖြစ်တိုင်းသောဘဝတို့၌ အစားအသောက်, ပန်း, အထူးထူးသော အသင်တန်ဆာတို့ကိုရနိုင်တယ်၊ ကာမဂုဏ်ငါးပါးတို့ကို ရနိုင်တယ်လို့ ဟောတော်မူတယ်။

သည်ဇာဏုသောဏိသုတ်ကို ထောက်ရှုပြီး သေသူကိုရည်မှန်းပြီး အလှူအတန်းလုပ်ခြင်းဟာ သူရောကိုယ်ရော အကျိုးရှိနိုင်တာပေါ့၊ သေသူရော

ရှင်သူပါ အကျိုးရှိဖို့အတွက် ဒါနပြုတဲ့အခါမှာ သီလရှိသူပြုသောဒါနနှင့် သီလမရှိသူပြုသောဒါနရယ်လို့ ဒါနနှစ်မျိုးပြားခဲ့ပြန်သကွယ့်၊ သီလရှိသူပြုသော ဒါနက ဩဇာကောင်းသောမြေပေါ် ချတဲ့မျိုးစေ့လို အကျိုးပေးဖွံ့ထွားတယ်၊ သီလမဲ့သူပြုသောဒါနက ကျတ်တီးကုန်းပြင်မှာ ပစ်ချသောမျိုးစေ့လို အကျိုးပေးမဖွံ့ထွားဘူး၊ ဒါကြောင့် ဒါန အကျိုးပေးဖွံ့ထွားအောင် ဒါနမပြုမီ သီလကို ဆောက်တည်ကြရတယ်၊ ဆောက်တည်တဲ့သီလကလည်း သရဏဂုံ အခြေခံသော သာသနာတွင်းသီလနှင့် သရဏဂုံကို အခြေမခံသော သာသနာပ သီလရယ်လို့ နှစ်မျိုးရှိပြန်သကိုး။

ယခုလိုသာသနာတွင်းမှာ ဆောက်တည်တဲ့သီလမျိုးက သရဏဂုံအခြေခံ သကွယ့်၊ ဒါကြောင့် ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလတို့ကို မခံယူမီ ရှေးဦးစွာ သရဏဂုံကိုခံယူကြရခြင်းဖြစ်တယ်၊ သည်အခြေခံသဘောတရားကို စဉ်းစားကြည့်လိုက်လျှင် လူတစ်ယောက်ကွယ်လွန်လျှင် ကျန်ရစ်သောဆွေမျိုး သားချင်းတို့က ကွယ်လွန်သူပြိတ္တာဖြစ်သော် ပြိတ္တာဘဝကကျွတ်လွတ်ဖို့, ကွယ်လွန် သူပြိတ္တာ မဖြစ်သော် ပြိတ္တာဘဝမှာရှိကြတဲ့ ရှေးကဉာတိ ပြိတ္တာများကျွတ်လွတ် ဖို့နှင့် မိမိတို့ ဒါနကုသိုလ်ဖြစ်ဖို့ ကွယ်လွန်သူအတွက် အလှူဒါနပြုရင်း သီလ ဆောက်တည်ခြင်း၊ သရဏဂုံယူခြင်းပြုကြရာက နောင်အခါ ကွယ်လွန်သူအပေါ် တင်စားပြီး သရဏဂုံတင်တယ်ဆိုတဲ့စကား ဖြစ်ပွားလာတယ်လို့ အဖြေပေးရမှာ ပဲကွယ့်၊ ဘယ့်နှယ့် သဘောကျပါရဲ့လား"

"မှန်ပါ့–သရဏဂုံတင်တာကိုတော့ သဘောကျသွားပါပြီ၊ ရက်လည် ဆွမ်းစဉ် ပြုကြခြင်းအကြောင်းကိုလည်း အမိန့်ရှိပေးပါဦးဘုရား"

"ကွယ်လွန်သူကိုရည်ရွယ်ပြီး ဒါနပြုခြင်းဟာ ဘယ်အချိန်မှာပြုရမယ်ဆို တဲ့ ဆုံးဖြတ်ချက်မရှိပါဘူး၊ ပြုလိုသောရက် ပြုလိုသောအချိန်မှာပြုနိုင်ပါတယ်၊ သည်လိုပြုနိုင်လျက်နဲ့ ၇–ရက်အတွင်းမှာဖြစ်စေ, ၇–ရက်မြောက်သောနေ့မှာ ဖြစ်စေ ပြုလုပ်ကြခြင်းဟာ ဗုဒ္ဓဝါဒနဲ့ အတ္တဒိဋ္ဌိဝါဒတို့ ရောထွေးနေတဲ့အတွက် ကြောင့် ဖြစ်တယ်ကွယ့်"

"ဘယ်လိုရောထွေးပုံလဲ၊ အမိန့်ရှိပါဦးဘုရား"

"ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာအဖြစ် ခံယူထားသော်လည်း အတ္တဒိဋ္ဌိကို မပယ်ခွာနိုင်သေးဘူး၊ အတ္တအစွဲအလမ်းက ရှိနေသေးတယ်"

"ဘယ်လိုရှိနေပါသလဲဘုရား"

"ရှိပုံက သည်လိုလေ၊ သည်ခန္ဓာကိုယ်ကောင်ကြီးကို ရုပ်နှင့်နာမ် ၂-ပါး စပ်ပြီး တည်ဆောက်ထားတာမှန်သော်လည်း အန္ဓပုထုဇဉ်က ရုပ်နာမ်ဖြစ်တဲ့ ပရမတ်ကိုမမြင်ဘူး၊ ငါပဲသူပဲဆိုတဲ့ ပညတ်မျှကိုသာမြင်နေတယ်၊ ကလျာဏ ပုထုဇဉ်က ရုပ်နာမ်ဖြစ်သော ပရမတ်ကိုတော့ မြင်ပါရဲ့၊ သို့သော်လည်း ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကိုမမြင်ဘူး၊ အဲသည်လိုမမြင်တဲ့အတွက် ခန္ဓာကိုယ်ရဲ့အတွင်းမှာ ခိုင်မာတဲ့ သတ္တဝါထူးတစ်ခုရှိနေတယ်၊ သည်သတ္တဝါထူးဟာ လူသေသော်လည်း သူကမသေဘဲ ထိုထိုဘဝတွေမှာ ကောင်းမှုမကောင်းမှုရဲ့အကျိုးကို ခံစားတယ်လို့ အယူမှားနေကြတယ်၊ အဲဒီသတ္တဝါထူးဟာ ငါကောင်လို့ ခေါ်ရတဲ့ အတ္တပဲပေါ့။

အချို့က အဲသည်အတ္တဟာ လူသေရဲ့ ခန္ဓာက ထွက်ခွာပြီး နောက်ဘဝမှာ မဝင်စားမီ တစ္ဆေအဖြစ်ဖြင့် အိမ်မှာ ၇-ရက်နေတာကို (အန္တရာဘဝ-စုတိ ပဋိသန္ဓေတို့၏အကြားဘဝ)လို့ ယူဆတတ်ကြတယ်၊ အန္တရဝါဒီပုဂ္ဂိုလ်များက အဲဒီကြားကာလ တစ္ဆေဘဝဟာ တန်ခိုးကြီးသောနတ်များလို မြင်ချင်တာကို မြင်နိုင်တယ်၊ ကြားချင်တာကိုကြားနိုင်တယ်၊ ရောက်လိုရာကို ချက်ချင်းရောက် နိုင်တယ်လို့ အယူရှိကြတယ်၊ အဲဒီအန္တရာဘဝအယူဖြင့် သေသောသူရဲ့ အတ္တဟာ ဘဝတစ်ပါးမှာ မဖြစ်မီ သာဓုအနုမောဒနာ ခေါ်နိုင်အောင်ရယ်လို့ ၇-ရက် အတွင်း သေသူအတွက် အလှူလုပ်ကြခြင်း ဖြစ်တယ်ကွယ့်"

"အန္တရာဘဝဆိုတဲ့ ၇-ရက်အတွင်း အိမ်မှာ တစ္ဆေဖြစ်တယ်ဆိုတာ တကယ်တော့ မဟုတ်ဘူးပေါ့ဘုရား"

"မဟုတ်ပါဘူးကွယ်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ-

ပစ္ဆုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊
တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ ပဋိသန္ဓိသင်္ခါတံ မာနသံ
ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ-

လို့ တိတိကျကျ ပြထားပါတယ်"

"သင်္ဂဟာကျမ်းကလာတဲ့ အဲဒီပါဠိရဲ့ အဓိပ္ပာယ်ကိုလည်း ရှင်းပါဦးဘုရား"

"သင်္ဂဟာကျမ်းရဲ့ အဓိပ္ပာယ်က ပစ္စုပ္ပန်ဘဝရဲ့ အဆုံးဖြစ်တဲ့ စုတိစိတ်ဖြစ်ပြီး ချုပ်သွားသတဲ့၊ စုတိစိတ်ချုပ်ပြီး အကြားကာလရယ်လို့လည်း မရှိဘဲ ဒုတိယဘဝမှာ ချက်ချင်းပဋိသန္ဓေစိတ်ဖြစ်တယ်လို့ ဆိုလိုတယ်ကွယ့်"

"သည်လိုဆို အိမ်ပတ်ဝန်းကျင်မှာ ၇–ရက် တစ္ဆေဖြစ်နေသေးတယ်ဆိုတာ အလကားပြောတာပေါ့ဘုရား"

"အလကားပြောတာပါကွယ်၊ ဘာမှမဖြစ်ပါဘူး"

"မှန်ပါ–သည်လိုသိရတဲ့အတွက် ဝမ်းသာလှပါတယ် ဘုရား"

"သာဓု–သာဓု–သာဓု"

ooooo



# ဘုံကိုးပါးနှင့် ခုနစ်ပါး

"မန်လည်အောက်တိုက်မှာ ကျောက်အိုက်ဆိုတဲ့ရွာ ရှိပါတယ်ဘုရား၊ အဲသည်ကျောက်အိုက်ရွာကို တပည့်တော် ရောက်သွားတော့ ဦးလှဖေဆိုတဲ့ ဒကာကြီးက တပည့်တော်ကို ပြဿနာတစ်ခုမေးတယ်ဘုရား"

"ဘယ်လိုပြဿနာများ မေးတာလဲကွယ့်"

"ဘုရားရှိခိုးအမျိုးမျိုးဆိုတဲ့ စာအုပ်က အမျှပေးဝေစာတစ်ပုဒ်ကို သူကျက်ထားသတဲ့ဘုရား၊ သူကျက်ထားတဲ့အမျှပေးဝေစာက—

"ဤသို့ပြုရ၊ မြတ်ပုညကို၊ ကြီးထမြင့်ခေါင်၊ မြင်းမိုရ်တောင်ဦး၊ မကကျူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့်၊ ဖခင်တို့အား၊ ရငြားပါစေ၊ အမျှဝေ၏၊ မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေ၏၊ မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ရုက္ခဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ အမြတ်ပုည၊ ကုသလကို၊ ရကြပါစေ၊ အမျှဝေ၏၊ သဗ္ဗေသတ္တာ၊ သတ္တဝါဟု၊ နာနာလောက၊ အနန္တတွင်၊ မပြတ်စဉ်လာ၊ သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား၊ အမျှကုသိုလ်၊ ပေးဝေလို၏၊ ထိုကုသလ ဤပုညကို အမျှရ၍၊ ချမ်းသာကြသည်ဖြစ်စေသော၀်၊ ဝသုန္ဓရေ၊ ဤမြေပံသု၊ သိလာထုလည်း၊ သက်သေအမှု တည်စေသော၀်ပါတဲ့ ဘုရား"

"သည်စာကို ကျက်မှတ်ထားတော့ ဘာဖြစ်သတဲ့လဲ"

"ကျက်မှတ်ထားတာကတော့ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမယ့် စာထဲမှာပါတဲ့ (သတ္တာဝါသ၊ ဘုံကိုးဝနှင့်၊ ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး)ဆိုတာ နားမလည်ဘူး တဲ့ ဘုရား၊ အဲဒါ ဘာကို ဆိုလိုတာပါလဲလို့ တပည့်တော်ကို မေးတယ်ဘုရား"

"သည်တော့ ကိုယ်တော်က ဘယ်လို ဖြေတုန်း"

"တပည့်တော် ဖြေတတ်လျှင် ဆရာတော်ကို လျှောက်ထားဖို့ လိုပါ့မလား ဘုရား၊ အခု မဖြေတတ်လို့ လျှောက်ထားရတာပါပဲ၊ အဲဒါ အဖြေပေးပါဦး ဆရာတော်"

"အေးကွယ့်– သည်စကားရပ်ဟာ ဘုရားရှိခိုးစာမှာ ပါတာဆိုတော့ ဘုရား ရှိခိုးတတ်ကြကဲ့ ဗုဒ္ဓဘာသာဝင် အတော်များများ ကျက်မှတ်ပြီးဖြစ်တဲ့ စကားရပ် ပဲ၊ ကျက်မှတ်ပြီး ဘုရားရှိခိုး၊ အမျှအတန်း ပေးဝေနေကြပေမယ့် သိတဲ့လူက အတော်ရှားပါးဟန်တူတယ်၊ မနှစ်က အင်းရွာ အလှူပွဲရောက်တော့လည်း အင်းရွာ ဒကာများ လျှောက်ထားကြလို့ အဖြေပေးခဲ့ဖူးသေးတယ်၊ ခုလည်း အမေးရောက် ခဲ့ပြန်ပြီ၊ ဒါကြောင့် အဖြေပေးရပြန်ဦးတော့မှာပေါ့"

"မှန်ပါ– အဖြေပေးတော်မူပါဘုရား"

## သတ္တာဝါသ ဘုံကိုးဝ

"သတ္တာဝါသဆိုတာ (သတ္တ–အာဝါသ) သတ္တဝါတို့နေရာဘုံကို ဆိုလို တယ်၊ သတ္တဝါတို့ရဲ့ နေရာဘုံဟာ အပါယ်လေးဘုံ, လူ့ဘုံ, နတ်ပြည် ခြောက် ဘုံ, ဗြဟ္မာဘုံ နှစ်ဆယ်အားဖြင့် သုံးဆယ့်တစ်ဘုံ ရှိတယ်၊ အဲဒီ သုံးဆယ်တစ်ဘုံ ကို တူရာ ပေါင်းလိုက်တော့ ကိုးဘုံသာ ရှိတယ်လို့ ဆိုလိုတယ်ကွယ့်"

"ဘယ်လို တူရာပေါင်းတယ်ဆိုတာ အမိန့်ရှိပါဦးဘုရား"

"တူရာပေါင်းတယ်ဆိုတာ ပဋိသန္ဓေစိတ်တူရာနှင့် ကိုယ်ကာယတူရာ ပေါင်းခြင်းကို ဆိုလိုတယ်ကွယ့်၊ သတ္တဝါတို့ ပဋိသန္ဓေ တည်နေတဲ့ စိတ်က အားလုံး ၁၉–ခု ရှိတယ်၊ ၁၉–ခုအရ ဥပေက္ခာသန္တီရဏစိတ် ၂–ခု၊ မဟာဝိပါက်စိတ် ၈–ခု၊ မဟဂ္ဂုတ်ဝိပါက် ၉–ခု ဖြစ်တယ်၊ သည် ၁၉–ခုအနက် ပဋိသန္ဓေစိတ်ချင်း တူတာကို (ကေတ္တသညီ)လို့ ခေါ်တယ်၊ ပဋိသန္ဓေစိတ်ချင်း မတူလျှင် (နာနတ္တသညီ) လို့ ခေါ်တယ်၊ မှတ်မိရဲ့လား"

"မှတ်မိပါတယ်ဘုရား"

"ကိုယ်ခန္ဓာချင်းတူတာကို (ကေတ္တကာယ)လို့ ခေါ်တယ်၊ ကိုယ်ခန္ဓာချင်းမတူလျှင် (နာနတ္တကာယ)လို့ ခေါ်တယ်၊ မှတ်မိရဲ့လား"

"မှတ်မိကြောင်းပါ ဘုရား"

"ဘုံပေါင်း ၃၁–ဘုံရှိပါလျက်နှင့် ပဋိသန္ဓေချင်း တူရာမတူရာ ကိုယ်ခန္ဓာချင်း တူရာမတူရာ ပေါင်းလိုက်တော့ ၃၁–ဘုံဟာ ကိုးဘုံဖြစ်သွားတယ်၊ အဲသည် ကိုးဘုံကို (သတ္တာဝါသ ဘုံကိုးပါး)လို့ ကျမ်းများက ပြတယ်"

"ပေါင်းပုံ အမိန့်ရှိပါဦးဘုရား"

"ပထမ ဝိနိပါတိကအသုရာရယ်, လူရယ်, နတ်ရယ် စသည်သုံးမျိုးကို တစ်တွဲတွဲရမယ်ကွယ့်"

"ဝိနိပါတိက အသုရာဆိုတာ ဘာလဲဘုရာ့"

"ဘုတ်, တစ္ဆေ, သရဲ, ပြိတ္တာတစ်မျိုးကို ဝိနိပါတိကအသုရာလို့ ခေါ်တယ်ကွယ့်"

"သည်အသုရာက မြင်းမိုရ်တောင်အောက်က အသုရာမျိုးနှင့် မတူဘူးလားဘုရား"

"မတူဘူး၊ မြင်းမိုရ်တောင်အောက်က အသုရာက တာဝတိံသာ နတ်မျိုးပဲ၊ တာဝတိံသာနတ်ကို သုရာလို့ခေါ်တယ်၊ သုရာနတ်တို့နှင့် ဆန့်ကျင်ဘက် စစ်ထိုးဘက်မို့ အသုရာလို့ ခေါ်ခြင်းဖြစ်တယ်"

"မှန်ပါ–အသုရာကလည်း ရှုပ်လှပါလား၊ သည့်ပြင် အသုရာများကော ရှိပါသေးသလားဘုရား"

"အေး–ရှိသေးသကွယ့်"

"ရှိသေးလျှင် အမိန့်ရှိပါဦး ဆရာတော်"

"အသုရာကို ငါးမျိုးခွဲပြီး ကျမ်းများမှာ ပြထားတယ်၊ ငါးမျိုးဆိုတာက–

(၁) မြင်းမိုရ်တောင်အောက် မြခနောက်သုံးလုံးအကြားမှာ နေကြတဲ့ နတ်အသုရာတဲ့၊ သည်အသုရာ သဒ္ဒါမှာပါတဲ့ အ–ပုဒ်က တာဝတိံသာနတ်မဟုတ်ဘူးဆိုတဲ့ ဆန့်ကျင်ဘက် အနက်ကို ဟောတယ်။

(၂) ဘုမ္မစိုးနတ်များကို မှီခိုနေကြတဲ့ ဝိနိပါတိက အသုရာတဲ့၊ သည် အသုရာပုဒ်မှာပါတဲ့ အ–သဒ္ဒါက သေးငယ်တဲ့ အနက်ကိုဟော တယ်၊ နတ်အငယ်စားလေးတွေကို ဆိုလိုတာပေါ့။

(၃) နေ့အခါ နတ်များလို စည်းစိမ်ခံပြီး ညအခါ ပြိတ္တာများလို ဒုက္ခ ခံကြရတဲ့ ဝေမာနိက အသုရာတဲ့၊ သည်အသုရာပုဒ်မှာပါတဲ့ အ–သဒ္ဒါက အတူဆိုတဲ့ သဒိသအနက်ကိုဟောတယ်၊ စည်းစိမ် ခံစားခိုက်မှာ နတ်များနှင့်တူ တယ်လို့ဆိုလိုတယ်၊ ပေတဝတ္ထုကြ လာတဲ့ ရေကန်အနီး ခွေးနက်ကြီးအစားခံရတဲ့ ဗိမာန်ရှင် ကဏ္ဍမုဏ္ဍ ပြိတ္တာမဟာ သည်အသုရာမျိုးပဲကွယ့်။

(၄) ပြီးတော့ စကြဝဠာသုံးခုတို့ရဲ့အကြား ဒုက္ခခံနေကြတဲ့ ငရဲသားများ ကိုလည်း လောကန္တရိကအသုရာလို့ ခေါ်သေးတယ်၊ အသုရာ ဘယ်နှစ်မျိုး ရှိသွားပြီလဲကွယ့်”

“မှန်ပါ–လေးမျိုးရှိသွားပါပြီဘုရား”

(၅) “သည် ၄–မျိုးမှတစ်ပါး ကာလကဉ္ဇိက အသုရာဆိုတာလည်း ရှိသေးသတဲ့ကွယ်”

“မှန်ပါ–အမိန့်ရှိပါဦး ဘုရား”

“ကာလကဉ္ဇိက အသုရာဆိုတာက ပြိတ္တာမျိုးပဲကွယ့်၊ သည်ပြိတ္တာမျိုးဟာ တောအုံချောက်ကြား မြစ်ကမ်းပါးစသည်တို့မှာ နေတတ်ကြတယ်၊ ပြိတ္တာဖြစ် သည်ကစပြီး မစားရမသောက်ရ အလွန်ဆင်းရဲတဲ့ ပြိတ္တာမျိုးပေါ့၊ တချို့ အသုရာများ ဘုရား ၂–ဆူ, ၃–ဆူ ပွင့်သွားသော်လည်း တစ်ကြိမ်တစ်ခါမျှ မစားကြရ မသောက်ကြရဘူးတဲ့၊ သည်အသုရာပုဒ်မှာပါတဲ့ အ–သဒ္ဒါကတော့ နတ်တို့နှင့် ဆန့်ကျင်ဘက်အနက်ကိုဟောတယ်။

နတ်များက မြူးတူးပျော်ပါး ကာမဂုဏ်ခံစားကြရလို့ သုရာလို့ ခေါ်တယ်၊ သည်ပြိတ္တာမျိုးကတော့ မြူးထူးပျော်ပါး ခံစား စံစားရခြင်း လုံးဝမရှိလို့ အသုရာလို့ ခေါ်သတဲ့ကွယ့်၊ အားလုံးပေါင်းလိုက်တော့ အသုရာငါးမျိုး ရှိသပေါ့ ကွယ်၊ သတ္တာဝါသ ဘုံကိုးပါးရဲ့ ပထမအတွဲမှာပါဝင်တဲ့ အသုရာက ဝိနိပါတိက အသုရာဖြစ်တယ်၊ အဲသည် ဝိနိပါတိက အသုရာရယ်, လူရယ်, နတ်ပြည်

ခြောက်ထပ်က နတ်ရယ် သည်သုံးမျိုးက နာနတ္တသညီ နာနတ္တကာယ ပထမအတွဲလို့ မှတ်ပေါ့ကွယ်"

"သည်ပထမအတွဲရဲ့ နာနတ္တသညီ, နာနတ္တကာယဖြစ်ပုံကို နားရှင်းအောင် မိန့်တော်မူပါဦး ဘုရား"

"ဝိနိပါတိက အသုရာရယ်, လူရယ်, နတ်ရယ် သည်သတ္တဝါ ၃-မျိုး ပဋိသန္ဓေနေတဲ့အခါ ပဋိသန္ဓေစိတ်(၁၉)ပါးအနက် သုဂတိအဟိတ်ခေါ်တဲ့ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ သည် ၉-ခုသော ပဋိသန္ဓေစိတ်ထဲက တစ်ခုခုသောစိတ်ဖြင့် ပဋိသန္ဓေတည်နေကြတယ်၊ သည်လို ပဋိသန္ဓေစိတ်ချင်းမတူတာကို နာနတ္တသညီလို့ ခေါ်တာကွယ့်"

"မှန်ပါ-နာနတ္တကာယ ဆိုတာကောဘုရား"

"နာနတ္တကာယဆိုတာက ကိုယ်ကောင်ချင်း မတူဘူးလို့ဆိုလိုတယ်၊ ခွေးချင်းခွေး, ဆင်ချင်းဆင်, လူချင်းလူ, နတ်ချင်းနတ် တစ်ဦးနှင့်တစ်ဦး ကိုယ်ကာယချင်းမတူညီတာကို ဆိုလိုတယ်၊ သည်ပထမအတွဲဟာ ပဋိသန္ဓေစိတ်ချင်းလည်း မတူဘူး၊ ကိုယ်ကာယချင်းလည်း မတူညီကြဘူး၊ ဒါကြောင့် နာနတ္တသညီ, နာနတ္တကာယလို့ ခေါ်ဆိုရတယ်"

"မှန်ပါ-ပထမအတွဲကို နားပေါက်သွားပါပြီဘုရား၊ ဒုတိယအတွဲကို အမိန့်ရှိပါဦးဘုရား"

"ဒုတိယအတွဲက နာနတ္တကာယ, ဧကတ္တသညီအတွဲဖြစ်တယ်၊ ဘုံအရေကောက်တော့ ပထမဈာန်သုံးဘုံရယ်, အပါယ်လေးဘုံရယ်ပေါင်း (၇)ဘုံလို့ အရေကောက်သကွယ့်၊ သည် ၇-ဘုံသော သတ္တဝါများဟာ ကိုယ်ကာယချင်း မတူညီလို့ နာနတ္တကာယလို့ခေါ်ရတယ်၊ ပဋိသန္ဓေစိတ်ချင်းကတော့ တူညီလို့ ဧကတ္တသညီလို့ ခေါ်ရတယ်"

"အပါယ်လေးဘုံနှင့် ပထမဈာန် ဗြဟ္မာသုံးဘုံတို့ဟာ ပဋိသန္ဓေစိတ်ချင်း တူသလားဘုရား"

"အပါယ်ဘုံနှင့် ဗြဟ္မာဘုံ ဘယ်မှာ ပဋိသန္ဓေစိတ်ချင်းတူပါ့မလဲကွယ့်၊ ဒီနေရာမှာ ဧကတ္တသညီပဋိသန္ဓေစိတ်တူတယ်ဆိုတာက အပါယ်လေးဘုံသား အချင်းချင်း အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နှင့် ပဋိသန္ဓေတည်နေကြ

ချင်းတူတယ်၊ အပါယ်ဘုံသားချင်း ပဋိသန္ဓေစိတ် တူသော်လည်း ကိုယ်ကာယချင်းမတူကြဘူး၊ ဒါကြောင့် အပါယ်ဘုံသားကို ကေတ္တသညီ၊ နာနတ္တကာယလို့ ခေါ်တယ်၊ ပထမဈာန် သုံးဘုံမှာ ပဋိသန္ဓေစိတ်ကတော့ ပထမဈာန်ဝိပါက်စိတ်ချင်းတူတယ်၊ ကိုယ်ကာယချင်းမှာ မတူကြဘူး၊ ဒါကြောင့် ပထမဈာန် သုံးဘုံကိုလည်း ကေတ္တသညီ၊ နာနတ္တကာယလို့ ခေါ်ရတယ်၊ ဒီလို နာနတ္တကာယ၊ ကေတ္တသညီချင်း တူညီတဲ့အတွက် ပထမဈာန် သုံးဘုံနှင့် အပါယ်လေးဘုံကို ဒုတိယအတွဲပြုထားရခြင်း ဖြစ်တယ်ကွယ့်"

"မှန်ပါ-တတိယအတွဲကို မိန့်တော်မူပါဦး ဘုရား"

"တတိယအတွဲက နာနတ္တသညီ၊ ကေတ္တကာယအတွဲဖြစ်တယ်၊ ဘုံအားဖြင့်တော့ ဒုတိယဈာန်သုံးဘုံကို ကောက်ယူရတယ်၊ ဒုတိယဈာန်သုံးဘုံဟာ အချို့ ဒုတိယဈာန် ဝိပါက်စိတ်နှင့် ပဋိသန္ဓေနေကြတယ်၊ အချို့ကတော့ တတိယဈာန်ဝိပါက်စိတ်နှင့် ပဋိသန္ဓေနေကြတယ်၊ ပဋိသန္ဓေနေပုံ စိတ်ချင်းမတူလို့ နာနတ္တသညီလို့ခေါ်တယ်၊ ရုပ်ချင်းကျတော့ အတူတူပဲတဲ့၊ ထိုဗြဟ္မာနှင့် ဤဗြဟ္မာ ရုပ်ပုံစံချင်း မကွဲကြဘူး၊ ဒါကြောင့် ကေတ္တကာယလို့ ခေါ်ကြရတယ်၊ မှတ်မိရဲ့လား"

"မှတ်မိကြောင်းပါ ဘုရား"

"စတုတ္ထအတွဲက ကေသတ္တသညီ၊ ကေတ္တကာယအတွဲဖြစ်တယ်၊ ဘုံအားဖြင့်တော့ တတိယဈာန် သုံးဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသငါးဘုံတို့ကိုရတယ်၊ သည်ဘုံတွေထဲက တတိယဈာန်သုံးဘုံ ဗြဟ္မာများဟာ ပဋိသန္ဓေတည်နေတော့ စတုတ္ထဈာန် ဝိပါက်နှင့်ချည်း ပဋိသန္ဓေတည်နေကြတယ်၊ ရုပ်ချင်းကလည်း ဗြဟ္မာအချင်းချင်း တူညီကြတယ်၊ ဒါကြောင့် တတိယဈာန်ဘုံကို ကေတ္တသညီ ကေတ္တကာယလို့ ခေါ်တယ်။

စတုတ္ထဈာန်ဘုံ ၇-ဘုံရှိရာမှာ အသညသတ်ကိုကြဉ်၊ ဝေဟပ္ဖိုလ်နှင့် သုဒ္ဓါဝါသ ၅-ဘုံတို့ဟာ ပဥ္စမဈာန် ဝိပါက်စိတ်နှင့်ချည်း ပဋိသန္ဓေတည်နေကြလို့ ကေတ္တသညီလို့ခေါ်ရတယ်၊ ဗြဟ္မာအချင်းချင်းလည်း ရုပ်ကာယချင်းတူလို့ ကေတ္တကာယလို့ ခေါ်ရတယ်။

ပဥ္စမအတွဲကတော့ ကေတ္တကာယအတွဲဖြစ်တယ်၊ အရကောက်တော့

အသညသတ်ဘုံကိုကောက်ရတယ်၊ အသညသတ်ဘုံဟာ နာမ်နှင့်ပဋိသန္ဓေနေတာမဟုတ်လို့ သညီအမည်မရဘူး၊ 'အသညသတ္တာနံ ပန ရူပမေဝ ပဋိသန္ဓိ ဟောတိ'ဆိုတဲ့ ဝီထိမုတ်လာစကားအတိုင်း ရုပ်ဖြင့် ပဋိသန္ဓေတည်နေပြီး ကိုယ်ခန္ဓာချင်းလည်း တူညီတဲ့အတွက် ဧကတ္တကာယပုဂ္ဂိုလ်လို့ ခေါ်ရတယ်။

ကျန်အတွဲ ၄–တွဲကတော့ အရူပ ၄–ဘုံကိုတစ်တွဲစီကောက်ရတယ်၊ အရူပ ၄–ဘုံဟာ မိမိတို့ဘုံ အားလျော်စွာ ပဋိသန္ဓေစိတ်ချင်းတူညီကြတယ်၊ အာကာသာနဉ္စာယတနဘုံမှာ အာကာသာနဉ္စာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေတယ်၊ ဝိညာဏဉ္စာယတနဘုံမှာ ဝိညာဏဉ္စာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေတယ်၊ အာကိဉ္စညာယတနဘုံမှာ အာကိဉ္စညာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေတယ်၊ နေဝသညာနာသညာယတနဘုံမှာ နေဝသညာနာသညာယတနဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေတယ်၊ အရူပလေးဘုံမှာ အသီးသီး မိမိတို့ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေတဲ့အတွက် ဧကတ္တသညီဘုံများလို့ ခေါ်ကြရတယ်၊ အဲသည်ဘုံတွေမှာ ကာယခေါ်တဲ့ကိုယ်မရှိလို့ ကာယအမည်ကို မရကြဘူး၊ ဤနည်းဖြင့် ၃၁–ဘုံကို တူရာပေါင်းလိုက်လျှင် သတ္တာဝါသဘုံပေါင်း ၉–ဘုံရတယ်"

"အဲသည်ကိုးဘုံရဲ့ ဆောင်ပုဒ်များကော ရှိပါသလားဘုရား"

"ရှိပါတယ်၊ ပါဠိဆောင်ပုဒ်ရချင်လျှင် ဓိနာလင်္ကာရဋီကာပါဌ်နှာ ၉၁ (သုဓမ္မဝတီမူ) မှာ ရှိပါတယ်၊ မြန်မာဆောင်ပုဒ်ဆိုလျှင်တော့ သည်လိုမှတ်ပေရော့"

"မိန့်တော်မူပါဘုရား"

## သတ္တာဝါသ ဘုံကိုးဝ ဆောင်ပုဒ်

ဝိနိပါတာ၊ အသုရာ၊ လူ့ရွာနတ်တစ်ဝ။
ပထမဈာန်၊ ပါယ်လေးတန်၊ ယူရန်တစ်ဌာန။
ဒုတိယဈာန်ဘုံ၊ အလုံးစုံ၊ အကုန်ယူပါကြ။
တတိယနေ၊ ဝေဟပ္ဖေ၊ သုဒ္ဓေငါးအင်ရ။
အသညတ်မှာ၊ သူ့ချည်းသာ၊ ယူရာဘုံတစ်ဝ။
အရူပလေးဘုံ၊ အလုံးစုံ၊ ယူကုန်ပစ္စေက။

"မှန်ပါ၊ သတ္တာဝါသ ဘုံ ၉–ပါးတော့ သိရပါပြီ၊ ဝိညာဏဋ္ဌိတိ ၇–ပါး ဆိုတာ မိန့်တော်မူပါဦး ဘုရား"

## ဝိညာဏဋ္ဌိတိ ၇–ပါး

"ဝိညာဏဋ္ဌိတိဆိုတော့ ဝိညာဉ်၏ တည်ရာလို့ ဆိုလိုသကွယ့်၊ ဝိညာဉ် ဆိုတာ စိတ်နှင့်စေတသိက်ပေါ့၊ သတ္တာဝါသ ဘုံ ၉–ပါးမှာ အသညသတ်ဘုံဟာ ရုပ်သာရှိတယ်၊ ဝိညာဉ်မရှိဘူး၊ ဝိညာဉ်မတည်ဘူး၊ ဒါကြောင့် ဘုံ ၉–ပါး ထဲက အသညသတ်ဘုံကို နှုတ်လိုက်ကွယ့်"

"မှန်ပါ–ရှစ်ဘုံ ကျန်ပါတယ်ဘုရား"

"ပြီးတော့ နေဝသညာနာသညာယတနဘုံဟာ ဝိညာဉ်ရှိတယ်လို့လည်း မဆိုလောက်၊ မရှိဘူးလည်းမဟုတ်၊ ဝိညာဉ်လှုပ်လှုပ်မျှသာ ရှိတဲ့အတွက် အဲသည်ဘုံကိုလည်း နှုတ်လိုက်ဦးကွယ့်"

"မှန်ပါ–ခုနစ်ဘုံကျန်ပါတယ်ဘုရား"

"အေး–ကျန်တဲ့ ၇–ဘုံဟာ ဝိညာဉ်တည်တဲ့ ဘုံများဖြစ်တဲ့အတွက် ဝိညာဏဋ္ဌိတိ ၇–ဘုံလို့ ဆိုရတယ်ကွယ့်"

"မှန်ပါ–ရှင်းပါပြီ၊ သို့သော်လည်း သည် သတ္တာဝါသ ဘုံကိုး၀နှင့် ဝိညာဏဋ္ဌိတိ ၇–ပါးတို့ဟာ ဘယ်ကျမ်းမှာပါတယ်ဆိုတာကိုလည်း အမိန့်ရှိပါဦး ဘုရား"

"ကျမ်းညွှန်း ပြောရမယ်ဆိုလျှင် အင်္ဂုတ္တရပါဠိ သတ္တကနိပါတ်သတ္တဝိညာဏ ဋ္ဌိတိသုတ်, အင်္ဂုတ္တရပါဠိ နဝကနိပါတ် သတ္တာဝါသသုတ်, သုတ်မဟာဝါ မဟာနိဒါနသုတ်နှင့် ခုဒ္ဒက ပါ–၃၊ ဋ္ဌ–၇၃၊ ပဋိသံ–ပါ–၂၃၊ ဋ္ဌ–မ–၁၀၆။ ဒီဃ ၃–ပါ–၂၁၈၊ ၂၅၂၊ ဋ္ဌ ၂၂၈၊ အဘိ ၁–ဋ္ဌ၊ ၁၅၈–၉ များမှာ အကျယ် ဖတ်ကြည့် တာပေါ့ကွယ်"

"မှန်လှပါ–ဝမ်းသာလှပါပြီဘုရား"

"သာဓု–သာဓု–သာဓု"

၀၀၀၀၀

# တရားအားထုတ်သူတိုင်း မဂ်ဖိုလ် ရမရ

"ပြဿနာတစ်ခု ဆက်ပြီးလျှောက်ထားပါရစေဘုရား"

"လျှောက်ပါလေ၊ လျှောက်ထားတာပေါ့"

"ဥပုသ်ဇရပ်တစ်ဆောင်မှာ ဥပုသ်သည်များ တရားဆွေးနွေးနေကြတယ်ဘုရား"

"ဘယ်လိုများ ဆွေးနွေးနေကြတာတုန်း"

"ဥပုသ်သည်တစ်ယောက်က ပြောတယ်ဘုရား၊ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ မြေကြီးအောက်မှာ အမြဲတည်နေတဲ့ရေလို သဘာဝအလျောက် အမြဲတည်နေတဲ့ တရားမျိုးဖြစ်ပါသတဲ့၊ မြေကြီးအောက်ကရေကို အလိုရှိတဲ့သူဟာ လုံ့လဝီရိယ စိုက်ထုတ်ပြီး မြေကြီးကိုတူးယက်လိုက်လျှင် ရေကိုတွေ့နိုင်သလို ယောဂါဝစရ ပုဂ္ဂိုလ်ဟာလည်း ဝီရိယစိုက်ထုတ်ပြီး ဝိပဿနာအလုပ်ကို လုပ်မယ်ဆိုလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသတဲ့၊ ခုကာလ မဂ်ဖိုလ် မရကြတာဟာ မြေကိုမတူးလို့ ရေမရတာလို ဝိပဿနာအလုပ်ကို တကယ် မလုပ်တဲ့အတွက် တကယ်မရကြခြင်းဖြစ်တယ်လို့ အဲသည်ပုဂ္ဂိုလ်က အနိုင်အမာ ပြောတယ်ဘုရား၊ အဲသည်တရားဆွေးနွေးပွဲမှာ သူ့အယူအဆကြိုက်နှစ်သက် သူတွေလည်းရှိကြတယ်၊ မကြိုက်သူတွေလည်းရှိကြတယ်၊ တပည့်တော်ကတော့ သူတို့ဆွေးနွေးချက်ကို မှတ်သားပြီးသာယူခဲ့တယ်၊ ဘာမျှထောက်ခံခြင်း, ကန့်ကွက်ခြင်း, စွက်ဖက်ခြင်းမပြုခဲ့ဘူး၊ သည်ပုဂ္ဂိုလ်ပြောတဲ့စကားဟာ ဟုတ်သင့် မဟုတ်သင့် ဆရာတော် အဖြေပေးပါဦး"

"သည်ပုဂ္ဂိုလ်ရဲ့ စကားဟာ ဟုတ်သင့်သလောက်တော့ ဟုတ်ပြီး၊ မဟုတ်သင့်သလောက်တော့ မဟုတ်ဘူးကွယ့်"

"ဘယ်လိုကြောင့်တုံး ဘုရား"

## သရက်သီးမှည့်ဥပမာ

"အကြောင်းကတော့ သည်လိုကွယ့်၊ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနိုင်တယ်ဆိုတာ အရိယာပုဂ္ဂိုလ်များမှ ပြုနိုင်ကြတယ်၊ အရိယာမဟုတ်လျှင် မပြုနိုင်ကြဘူး၊ အရိယာပုဂ္ဂိုလ်ဆိုတာ ဘယ်လိုအမျိုးအစားလဲလို့ သိဖို့အတွက် သိလွယ်အောင် သရက်ပင်က သရက်သီးနှင့် ဥပမာပေးကြစို့ရဲ့၊ သရက်ပင်ပေါ်က သရက်သီးဟာ သီးကင်းကစပြီး မှည့်ရွှမ်းနေသည်အထိ အဆင့်ဆင့် ရှိကြတယ်၊ သရက်သီး မှည့်ရွှမ်းချိန် မရောက်မီ အဖန်ဓာတ်, အချဉ်ဓာတ်တွေက ပိုကဲနေလို့ အချိုဓာတ်မရှိဘူး၊ အသီးရင့်လာသည်နှင့်အမျှ အဖန်ဓာတ်, အချဉ်ဓာတ်တွေဟာ တစ်စတစ်စ နည်းပါးလာပြီး အချိုဓာတ်က ပိုကဲလာတယ်၊ လောကအတွင်း ကျင်လည်နေကြတဲ့ သတ္တဝါအနန္တဟာလည်း သရက်သီးဥပမာအတိုင်းပဲကွယ့်၊ ပါရမီအင်အားနည်းပါးနေစဉ်ကာလမှာ တဏှာအင်အား, မာနအင်အား, ဒိဋ္ဌိအင်အား စတဲ့အဖန်ဓာတ်, အချဉ်ဓာတ်တွေက များနေတယ်၊ သည်အချိန်မှာ အချိုဓာတ်ဆိုတဲ့ မဂ်ဖိုလ်ရအောင် ပြုလုပ်ဖို့ဆိုတာ မလွယ်ကူဘူး၊ ဒါကြောင့် ဘယ်ပုဂ္ဂိုလ်ဖြစ်စေ ဝိပဿနာအလုပ် အားထုတ်ခဲ့လျှင် အမှန်တကယ် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်တယ်ဆိုတဲ့ စကားဟာ မမှန်ဘူး၊ လောကစကားမှာ ပွင့်ချိန်တန်မှပွင့်, သီးချိန်တန်မှ သီးဆိုတဲ့ စကားရှိသလို အရိယာဆိုတာလည်း ဖြစ်ချိန်တန်မှ ဖြစ်တယ်၊ ဖြစ်ချိန် မတန်လျှင် မဖြစ်ဘူးကွယ့်"

"ဖြစ်ချိန်တန်တယ်ဆိုတာက ဘာကို ဆိုလိုတာပါလဲဘုရား"

"ဖြစ်ချိန်တန်တယ်ဆိုတဲ့ စကားကို အထက်က သရက်သီး ဥပမာနှင့် ပြောခဲ့ပြီးပါပြီ၊ သရက်သီးဟာ မည့်ချိန်တန်မှသာ မှည့်တယ်၊ မှည့်ချိန်မတန်မီ ဘယ်လိုပင် မှည့်အောင်အုပ်အုပ် မမှည့်ဘူး၊ ပုပ်ဆွေးပြီးသာ သွားတယ်၊ ပုဂ္ဂိုလ်ဟာလည်း အရိယာဖြစ်ချိန် မတိုင်မီ ဘယ်လိုပင် တရားအားထုတ်စေကာမူ မဂ်ဖိုလ် မရနိုင်ဘူး၊ သူ့အချိန်ကျမှသာ မဂ်ဖိုလ်ကို ရနိုင်တယ်၊ သည်စကားရပ်ကို

ဘုရားရှင်ရဲ့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်နှင့် ချိန်ဆကြည့်လျှင်သိနိုင်တာပေါ့"

"ဘယ်လို သိနိုင်ပါသလဲ၊ အမိန့်ရှိပါဦးဘုရား"

"သရက်သီးတစ်လုံးဟာ အစေ့ယုက်ပြီး ရင့်ကျက်ပါမှ မှည့်နိုင်သလို ပုဂ္ဂိုလ်တစ်ယောက်ဟာလည်း ဣန္ဒြေရင့်ကျက်ပါမှ မဂ်ဖိုလ်ကိုရနိုင်ပါတယ်၊ သည်နေရာမှာ ဣန္ဒြေဆိုတာ ဗောဓိပက္ခိယတရား ၃၇-ပါးမှာပါဝင်တဲ့ 'သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ' တို့ကို ဆိုလိုတယ်ကွယ့်၊ သည်ဣန္ဒြေတွေ နုနေသေးလျှင် သရက်သီးနုနုကို အုပ်မရသလို ဝိပဿနာတရားအားထုတ်သော်လည်း မဂ်ဖိုလ်ကိုမရနိုင်ဘူး၊ ဥပမာထုတ်ပြရမယ်ဆိုလျှင်-

## အယူမှားသော မဟာဝါစကာလ

ဂင်္ဂါမြစ်တစ်ဘက်ကမ်းမှာ မဟာဝါစကာလအမည်ရှိတဲ့ ဒကာတစ်ယောက်ရှိခဲ့ဖူးတယ်၊ အဲသည်ဒကာဟာ နှစ်ပေါင်း သုံးဆယ်ကြာအောင် သောတာပတ္တိမဂ်ကို မျက်မှောက်ပြုနိုင်အောင်ရယ်လို့ ၃၂-ပါးသော ဒွတ္တိံသကမ္မဋ္ဌာန်းကို စီးဖြန်းပွားများတရားအားထုတ်ခဲ့တယ်၊ သို့သော်လည်း မဂ်ရဲ့ အရိပ်အရောင်မျှကိုတောင် မထင်ခဲ့ဖူးတဲ့ကွယ်၊ သည်တော့ ဒကာရဲ့စိတ်ထဲမှာ ငါဟာ သည်လောက်တရားအားထုတ်ပါလျက်နှင့် မဂ်မရတာကို ထောက်ဆခဲ့လျှင် ဘုရားရှင်ရဲ့ အဆုံးအမတော်ဟာ သံသရာထွက်မြောက်ကြောင်း မဟုတ်ပါဘူးလို့ အယူဖောက်ပြန်သွားရှာတယ်။

အဲသည်အယူဖောက်ပြန်စိတ်နှင့် ကွယ်လွန်တဲ့အခါ မဟာဂင်္ဂါမြစ်အတွင်းမှာ ကိုးဥသဘရှိတဲ့ မိကျောင်းပြိတ္တာကြီးဖြစ်ရှာသတဲ့၊ သည်မိကျောင်းပြိတ္တာကြီးဟာ မိကျောင်းဖြစ်တဲ့နေ့ကစပြီး တစ်ကြိမ်တစ်ခါမျှ ဝမ်းဝအောင် မစားရရှာဘူးတဲ့၊ တစ်နေ့တော့ ကစ္ဆကဆိပ်ကမ်းလမ်းအတိုင်း လှည်းပေါင်း ၆၀ - ကျောက်တွေကို တိုက်လာကြသတဲ့၊ သည်လှည်းတွေကိုမြင်တော့ အလွန်ဆာလောင်နေတဲ့ မိကျောင်းပြိတ္တာကြီးဟာ လှည်းပေါ်က ကျောက်တွေရော နွားတွေပါ အကုန်လုံး ဖမ်းပြီး စားလိုက်သတဲ့ကွယ်။

သည်ဝတ္ထုကြောင်းက အင်္ဂုတ္တရ တိကနိပါတအဋ္ဌကထာ စာမျက်နှာ ၁၀၈-က လာတဲ့ စကားရပ်ဖြစ်တယ်၊ သည်ဒကာက နောက်ဆုံးအယူဖောက်ပြန်သွားလို့ မဂ်ဖိုလ်မရတာဖြစ်ချင်ဖြစ်နိုင်တယ်၊ သည်ထက်မက အသက်ပေးပြီး

တရားအားထုတ်ပါလျက်နှင့် ပါရမီမရင့်တဲ့အတွက် မဂ်ဖိုလ်မရတဲ့ပုဂ္ဂိုလ်တွေလည်း အများအပြားရှိကြတယ်ကွယ့်”

## တောင်ကလပ်ပေါ်က ရဟန်းတော်များ

ကဿပဘုရားရှင်ရဲ့ သာသနာတော်နောက်ပိုင်းမှာ သာသနာတော်ဝန်ထမ်း ရဟန်းတော်များဟာ အကျင့်သီလပျက်စီးခဲ့ကြသတဲ့၊ သည်အခါ သတိသံဝေဂရတော်မူကြတဲ့ ရဟန်းတော် ၇–ပါးတို့ဟာ သာသနာတော် မကွယ်ပျောက်မီကာလမှာ တစ်မဂ်တစ်ဖိုလ်ပိုင်အောင်တော့ အားထုတ်တော်မူကြမယ်လို့ တိုင်ပင်ကြပြီး အလွန်မြင့်တဲ့ တောင်ကလပ်ထိပ်ရောက်အောင် လှေကားထောင်ပြီး တက်ကြသတဲ့၊ တောင်ထိပ်ရောက်တော့ လှေကားရှိနေလျှင် အသက်၌တွယ်တာမှုရှိနေလိမ့်မယ်၊ အသက်စွန့်ပြီး တရားအားထုတ်ကြစို့လို့ သဘောတူလှေကားကိုတွန်းချပြီး တရားအားထုတ်ခဲ့ကြတယ်၊ သို့ကလောက် အသက်ပေးပြီး တရားအားထုတ်တာတောင် အားလုံး မဂ်ဖိုလ်မရကြရှာဘူး၊ ရဟန်းတော် ၇–ပါးအနက် အကြီးဆုံးမထေရ်ကြီးက ၅–ရက်မြောက်တဲ့နေ့မှာ အရဟတ္တဖိုလ်ကိုရသွားတယ်၊ ဒုတိယမထေရ်ကတော့ ၇–ရက်မြောက်တဲ့နေ့မှာ အနာဂါမိဖိုလ်ကိုရသွားတယ်၊ ကျန်တဲ့ပုဂ္ဂိုလ် ၅–ပါးတို့ကတော့ ဘာမဂ်ဘာဖိုလ်မျှ မရကြဘဲပုထုဇဉ်ဘဝဖြင့် စုတေကွယ်လွန်ခဲ့ကြပြီး ကဿပဘုရား သာသနာတော်နှင့်ယခုဂေါတမဘုရား သာသနာတော်အကြားကာလမှာ လူ့ပြည်နတ်ပြည်အလီလီကျင်လည်တော်မူခဲ့ကြတယ်။

ယခု ဘုရားရှင်လက်ထက်ကျတော့ တစ်ဦးက ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်မှာ ပက္ကုသာတိမင်းကြီးဖြစ်လာတယ်၊ တစ်ဦးက မဇ္ဈန္တိကတိုင်းမှာ သဘိယပရိဗိုဇ်ဖြစ်လာတယ်၊ တစ်ဦးက ဗာဟိယတိုင်းမှာ ဗာဟိယဖြစ်လာတယ်၊ တစ်ဦးက ရာဇဂြိုဟ်ပြည်မှာ ကုမာရကဿပဖြစ်လာတယ်၊ တစ်ဦးက မလ္လာတိုင်းမှာ ဒဗ္ဗဖြစ်လာတယ်၊ သည်ပုဂ္ဂိုလ် ၅–ဦးဟာ ယခုဂေါတမ ဘုရားရှင်ရဲ့သာသနာတော်ရောက်မှ ပါရမီပြည့်ဝလို့ မဂ်ဖိုလ်ရခဲ့ကြတယ်၊ ဒါကြောင့်အချိန်မတန်လျှင် ဘယ်လိုပင် တရားအားထုတ်သော်လည်း မဂ်ဖိုလ် မရနိုင်ဘူးကွယ့်”

"သည်လိုဆို ဘယ်ပုဂ္ဂိုလ်ပင်ဖြစ်စေ တရားအားမထုတ်လို့သာ မဂ်ဖိုလ်ကို မရခြင်းဖြစ်တယ်၊ တရားသာအားထုတ်လျှင် ပုဂ္ဂိုလ်တိုင်း မဂ်ဖိုလ်ရနိုင်တယ် ဆိုတဲ့ စကားဟာ မှားတာပေါ့ဘုရား"

"အေး-မှားသလောက်မှားပြီး မှန်သလောက်တော့ မှန်တယ်ကွယ့်"

"ဘယ်လိုမှန်တာလဲ အမိန့်ရှိပါဦး ဘုရား"

"ယခုဘဝ ရဟန္တာအဖြစ်ဖြင့် ကျွတ်တမ်းဝင်မည့် ပုဂ္ဂိုလ်ကို နှစ်မျိုးခွဲရမယ်ကွယ့်၊ တစ်မျိုးက ကေန် ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်၊ တစ်မျိုးက အနေကန် ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်တို့ဖြစ်ကြတယ်၊ ယခုဘဝ ကေန်ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်က ဘာနှင့်တူသလဲဆိုတော့ မှည့်ချိန်တန်လို့ မှည့်တဲ့သရက်သီးနှင့်တူတယ်၊ မဂ်ဖိုလ်ရဖို့အတွက် သေချာပေါက်ဖြစ်နေပြီ၊ မဂ်ဖိုလ်မရသမျှ မြင်းမိုရ်တောင်ကြီးနှင့်ကြိတ်သတ်လို့တောင် သေရိုးထုံးစံမရှိဘူး၊ ဒဗ္ဗထေရ်တို့ သံကိစ္စထေရ်တို့ဟာ မိခင်ကိုကိုယ်ဝန်ကြီးနှင့်မီးသင်္ဂြိုဟ်တုန်း ဖွားမြင်တဲ့ပုဂ္ဂိုလ်တွေပဲ၊ အန္တိမပုဂ္ဂိုလ်တွေဖြစ်လေတော့ မိခင်ရဲ့အလောင်းကောင်သာ မီးကျွမ်းပြီး ပြာကျသွားတယ်၊ သူတို့ကတော့မသေဘူး၊ ဒါကြောင့် မမ္မပဒအဋ္ဌကထာ ပထမတွဲ ၄၂၆-မှာ 'ပစ္ဆိမ-ဘဝိကဿ သတ္တဿ ဟိ သိနေရုနာ ဩတ္ထရိယမာနဿပိ အရဟတ္တံ အပတွာ ဇီဝိတက္ခယော နာမ နတ္ထိ'လို့ ဖွင့်ပြထားတာပေါ့။

အချို့သောပုဂ္ဂိုလ်များကတော့ ပါရမီဓာတ်အား မနုမရင့်ဖြစ်နေတယ်၊ မနုမရင့်သရက်သီးဟာ အလိုအလျောက်တော့ဖြင့် မမှည့်ဘူး၊ အလိုအလျောက် ပစ်ထားလိုက်လျှင် ပုပ်သွားတတ်သလို အချို့သောပုဂ္ဂိုလ်များဟာ တရားအားထုတ်လျှင် မဂ်ဖိုလ်ရနိုင်တယ်၊ အားမထုတ်လျှင် မဂ်ဖိုလ်မရဘူး၊ ဥပမာ အဇာတသတ်မင်းနှင့် မဟာဓနသူဌေးသားတို့လိုပေါ့၊ အဇာတသတ်မင်းဟာ အကယ်၍ ခမည်းတော်ကို မသတ်ခဲ့လျှင် သာမညဖလသုတ်တော်ကို နာယူရာ၌ သောတာပန်ဖြစ်နိုင်တယ်၊ သို့သော်လည်း ခမည်းတော်ကို သတ်မိတဲ့ ဂရုကံကြီးကြောင့် မဂ်ဖိုလ်နှင့်လွဲသွားရတယ်၊ ဗာရာဏသီပြည် မဟာဓနသူဌေးသားဟာလည်း တရားတော်ကို ကြိုးစားကျင့်ကြံခဲ့လျှင် အရိယာဖြစ်ခွင့်ရှိတယ်၊ သို့သော်လည်း တရားတော်ကို မကြိုးစားဘဲ ကာမတရားလိုက်စားမိတဲ့အတွက် မဂ်ဖိုလ်နှင်လွဲသွားရတယ်၊ ဒါကြောင့် ဒုတိယအမျိုးအစားပုဂ္ဂိုလ်ဟာ မဂ်ဖိုလ်ရနိုင်သောဘဝပင်ဖြစ်စေ သောတာပတ္တိ အင်္ဂါလေးချက်နှင့် မကိုက်ညီခဲ့လျှင် မဂ်ဖိုလ်မရနိုင်ဘူး။

## သောတာပတ္တိမဂ် အင်္ဂါ ၄–ချက်

သောတာပတ္တိမဂ်အင်္ဂါလေးချက်ကို မဟာဝဂ္ဂသံယုတ်ပါဠိတော်မှာ–

(၁) **သပ္ပုရိသသံသေဝ**=သူတော်ကောင်းတို့ကိုမှီဝဲရမယ်၊

(၂) **သဒ္ဓမ္မဿဝန**=သူတော်ကောင်းတရားကြားနာရမယ်၊

(၃) **ယောနိသောမနသိကာရ**=အသင့်အားဖြင့် နှလုံးသွင်းရမယ်၊

(၄) **ဓမ္မာနုဓမ္မပဋိပတ္တိ**=တရားအားလျော်သောအကျင့်ကို ကျင့်ရမယ်–တဲ့၊ သည်အင်္ဂါလေးချက်မှာ 'ဓမ္မာနုဓမ္မပဋိပတ္တိ'ဆိုတာ ဝိပဿနာအလုပ်လုပ်တာကို ပြောတာပေါ့ကွယ်၊ ပုဂ္ဂိုလ်လေးမျိုးထဲမှာ မိမိဟာ ဘယ်ပုဂ္ဂိုလ် အတန်းအစားထဲ ပါဝင်သည်ပင်ဖြစ်စေ တရားအားထုတ်တာဟာ အမှန်ကောင်းတယ်၊ အကယ်၍ မိမိဟာ ဉာဏ်ရင့်တဲ့ပုဂ္ဂိုလ်ဖြစ်လျှင်လည်း မဂ်ဖိုလ်ကို ရနိုင်တယ်၊ ဉာဏ်မရင့်ကျက်သေးလျှင်လည်း ပါရမီမျိုးစေ့ဖြစ်နိုင်တယ်၊ မိမိဟာ တရားအားထုတ်လျှင် မဂ်ဖိုလ်ရနိုင်သော ဒုတိယပုဂ္ဂိုလ်မျိုးဖြစ်ပါလျက် တရားအားမထုတ်လျှင် မဂ်ဖိုလ်နှင့်လွဲသွားနိုင်တယ်၊ မဂ်ဖိုလ်နှင့် ခုဘဝမှာ လွဲသွားလျှင် နောင်အခါသည်လိုတရားအားထုတ်ခွင့်ရှိတဲ့ ဗုဒ္ဓသာသနာတော်နှင့် ကြုံချင်မှ ကြုံတော့မယ်၊ ဒါကြောင့် တရားအားထုတ်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုတဲ့ စကားဟာ မှန်သင့်သလောက်မှန်တယ်လို့ ဆိုလိုက်ရခြင်းဖြစ်တယ်ကွယ့်"

"ယခုဆရာတော်အမိန့်ရှိတဲ့ ပုဂ္ဂိုလ်လေးမျိုးဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ဆိုလိုတာပါလဲဘုရား"

## တရားအားထုတ်သောပုဂ္ဂိုလ် ၄–မျိုး

"ပုဂ္ဂိုလ်လေးမျိုးကို ပုဂ္ဂလပညတ် စတုက္ကနိဒ္ဒေသနှင့် အင်္ဂုတ္တရ စတုက္ကနိပါတ် ပုဂ္ဂလဝဂ်မှာ ဘုရားရှင်ဟောတော်မူထားတယ်၊ အရေအတွက်ကတော့ (၁) ဥဂ္ဃါဋိတညူပုဂ္ဂိုလ်၊ (၂) ဝိပဉ္စိတညူပုဂ္ဂိုလ်၊ (၃) နေယျပုဂ္ဂိုလ်၊ (၄) ပဒပရမပုဂ္ဂိုလ်များ ဖြစ်ကြတယ်ကွယ့်"

"အကျယ်အမိန့်ရှိပါဦးဘုရား"

"ဥဂ္ဃါဋိတညူပုဂ္ဂိုလ်မျိုးဟာ ရေနှင့်မထိဘဲ ရေကိုလွန်ပြီးတည်တဲ့ ကြာငုံလို ကိလေသာတည်းဟူသော ရေကိုလွန်ပြီး တည်တဲ့အတွက် ဉာဏ်ပညာအလွန်

ထက်မြက်တယ်၊ တရားတော်ကို အကျဉ်းနာရုံနှင့် အကျယ်ဝေဖန်ပြီး သိနိုင်စွမ်း ရှိတယ်၊ (၂) ဝိပဥ္စိတညျုပုဂ္ဂိုလ်မျိုးကတော့ ရေမျက်နှာပြင်နှင့်အမျှတည်တဲ့ ကြာငုံလို ကိလေသာရေနှင့် ဉာဏ်ရောင်ဟာညီမျှနေတယ်၊ တရားတော်ကို အကျဉ်းနာရုံနှင့် မဂ်ဖိုလ်မရနိုင်ဘူး၊ အကျယ်နာရမှ မဂ်ဖိုလ်ရနိုင်တယ်၊ (၃) နေယျပုဂ္ဂိုလ်ကတော့ ရေအတွင်း နစ်မြုပ်နေကြတဲ့ ကြာငုံလို ကိလေသာရေထဲမှာ နစ်မြုပ်နေတဲ့အတွက် ဉာဏ်ငုပ်နေတယ်၊ တရားအကျဉ်းနာရုံအကျယ်နာရုံ နှင့် မဂ်ဖိုလ်မရနိုင်ဘူး၊ တရားတော်လာအတိုင်း ဝိပဿနာအလုပ် ပြင်းပြင်း ထန်ထန်လုပ်ပါမှ မဂ်ဖိုလ်ရနိုင်တယ်။

## အရှင်ရဋ္ဌပါလ

သည်နေရာမှာ တခြားပုဂ္ဂိုလ်ကို မဆိုထားနှင့်၊ ရှင်မဟာရဋ္ဌပါလကိုပဲ သက်သေထားပြီးကြည့်တော့ ရှင်မဟာရဋ္ဌပါလဟာ လွန်ခဲ့သည့် ကမ္ဘာတစ်သိန်း ထက်က ပဒုမုတ္တရ ဘုရားရှင်ရဲ့ထံတော်မှာ နောင်ခါ ဂေါတမဘုရားလက်ထက် သဒ္ဓါပဗ္ဗဇိတတောဒဂ်ရ ရဟန္တာဖြစ်လိမ့်မယ်လို့ ဗျာဒိတ်တော်ရ ဘုန်းသမ္ဘာ ထက်ကြပ်မကွာ ပါလာခဲ့သူဖြစ်ပါလျက် နေယျပုဂ္ဂိုလ်အမျိုးအစားမို့ တရားတော် ကို တစ်ဆယ့်နှစ်နှစ်ကြာအောင် ပြင်းထန်စွာ အားထုတ်ပြီးမှ ရဟန္တာအဖြစ်ကို ဆိုက်ရောက်တော်မူတယ်၊ သည်အကြောင်းကို မၛ္ဈိမပဏ္ဏာသအဋ္ဌကထာမှာ 'နေယျပုဂ္ဂလော ဟိ အယမာယသ္မာ တသ္မာ ပုညဝါ အဘိနီဟာရသမ္ပန္နောပိ သမနော၊ အဋ္ဌအဋ္ဌဝ အရဟတ္တန္တိ သမဏဓမ္မံ ကရောန္တောပိ ဒွါဒသမေဝသော အရဟတ္တံ ပါပုဏိ' လို့ ဖွင့်ပြထားတယ်ကွယ့်၊ သည်အချိန်ဟာ သာသနာတော် ရဲ့နောက်ပိုင်းရောက်လာချိန်မို့ နေယျခေတ်လို့ ဆိုရလိမ့်မယ်၊ သည်ခေတ်မှာ တရားတော်ကို နာရုံ စာပေကိုကြည့်ရုံမျှနှင့် မဂ်ဖိုလ်မရနိုင်ဘူး၊ အရှင်ရဋ္ဌပါလ တို့လို ပြင်းပြင်းထန်ထန် အလုပ်လုပ်ပါမှ မဂ်ဖိုလ်ကို ရနိုင်ခွင့်ရှိတော့တယ် ကွယ့်။

(၄) ပဒပရမပုဂ္ဂိုလ်ကတော့ ရေထဲမှာ ငါးလိပ်တို့ရဲ့ အစာဖြစ်ရတဲ့ ကြာငုံလို ကိလေသာအလွန်လွှမ်းအုပ်နေတဲ့အတွက် ယခုဘဝဘယ်လိုပင် တရား အားထုတ်သော်လည်း မဂ်ဖိုလ်မရနိုင်ဘူး၊ ပါရမီမျိုးစေ့မျှလောက်သာဖြစ်တယ်။

## ပုဂ္ဂိုလ်လေးမျိုးချိန်ထိုးကြည့်သော်

ဦးပဥ္ဇင်းလျှောက်ထားတဲ့ မူလစကားကို သည်ပုဂ္ဂိုလ်လေးမျိုးနှင့်ချိန်ထိုးကြည့်မယ်ဆိုလျှင် ဥဂ္ဃဋိတညူ, ဝိပဉ္စိတညူဆိုတဲ့ ပုဂ္ဂိုလ်အမျိုးအစားကတော့ သည်ခေတ်မှာ လုံးဝမရှိတော့ဘူးကွယ့်၊ ဘာကြောင့် မရှိတော့ဘူးလို့ ပြောရတာလဲဆိုတော့ သည်ပုဂ္ဂိုလ်တွေက ပဋိသမ္ဘိဒါပတ္တ အမျိုးတွေဖြစ်ကြတယ်၊ ပဋိသမ္ဘိဒါခေတ်ဟာ သာသနာတော် အနှစ်တစ်ထောင်အတွင်းမှာသာရှိတယ်၊ သာသနာတော်ရဲ့နောက်ပိုင်းမှာမရှိဘူး၊ ဒါကြောင့် ခုလို သာသနာတော်နောက်ပိုင်းမှာ သည်ပုဂ္ဂိုလ်မျိုးတွေမရှိတော့ဘူးလို့ ပြောလိုက်ရတယ်၊ သည်ပုဂ္ဂိုလ်ကြီးနှစ်မျိုး သည်ခေတ်မှာမရှိတော့တဲ့အတွက် တရားနာရုံ တရားဆွေးနွေးရုံ စာပေကြည့်ရုံနှင့် တစ်မဂ်တစ်ဖိုလ်မရတော့ဘူးလို့ ပြောခဲ့တာပဲကွယ့်၊ သို့သော် မိမိတို့ဟာ နေယျပုဂ္ဂိုလ်မျိုးဖြစ်လျှင် တရားတော်ကိုလည်း အားထုတ်ခဲ့မယ်ဆိုလျှင် မဂ်ဖိုလ်ကို ရနိုင်ခွင့် ကောန်ရှိနိုင်ပါတယ်၊ သည်နေယျပုဂ္ဂိုလ်မျိုးကို ရည်ရွယ်ပြီး မြေတူးလျှင် ရေရသလို ဝိပဿနာအလုပ်လုပ်လျှင် မဂ်ဖိုလ်ရနိုင်တယ်လို့ ဦးပဥ္ဇင်းရဲ့ဒကာကပြောတာဖြစ်ပါလိမ့်မယ်၊ သို့သော်လည်း ပဒပရမပုဂ္ဂိုလ်မျိုးဖြစ်လျှင်တော့ ဘယ်လိုပင်အားထုတ်သော်လည်းမဂ်ဖိုလ်မရနိုင်ပါဘူး။

မဂ်ဖိုလ်ကို မရပါဘူးဆိုပြီး ဝီရိယတော့ မလျှော့သင့်ကြဘူး၊ တရားအားထုတ်တယ်ဆိုတာ မဂ်ဖိုလ်ကိုပင်မရသော်လည်း စိတ်ပျံ့လွင့်မှုမရှိဘူး၊ စိတ်တည်ငြိမ်တယ်၊ သောကဗျာပါရ စသောအပူအပင်တွေ အေးငြိမ်းတယ်၊ စိတ်ဓာတ်လည်းရင့်ကျက်လာတယ်၊ မဂ်ဖိုလ်ရဲ့ အခြေခံလည်းဖြစ်တယ်၊ ဒါကြောင့် ကြုံရခဲတဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ကြုံတွေ့ရခိုက် ပြုလုပ်ရန် အင်မတန်ခက်ခဲတဲ့ ဝိပဿနာအလုပ်ကို တတ်နိုင်သလောက် အားထုတ်သင့်ကြတယ်လို့ အဖြေပေးလိုက်ပါတယ်”

“သာဓုပါဘုရား–သာဓု–သာဓု”

○○○○○



# အတ္တ အနတ္တ အနတ္တလက္ခဏာ

"၂၃–၁၁–၁၉၈၂–နေ့စွဲဖြင့် ဆရာတော်ထံ စာတစ်စောင်ရောက်လာတယ် ဘုရား"

"ဘယ်ကစာလဲကွယ့်"

"ကသာမြို့ ဒကာကြီး ဦးတင်အုန်းဆိုသူထံကပါ ဘုရား"

"သူက ·ဘာစာတဲ့လဲကွယ့်"

"သူ့စာက အတ္တနှင့်အနတ္တ, အနတ္တနှင့် အနတ္တလက္ခဏာကို အကျယ် သိလိုပါသတဲ့ဘုရား"

"အတ္တ, အနတ္တဆိုတဲ့အမေးဟာ သာသနာတော်မှာ မကြာခဏပေါ်ပေါက် လာတတ်တဲ့ အမေးပဲကွယ့်၊ သည်အမေးကို လယ်တီဆရာတော်က 'အနတ္တ ဒီပနီ'အမည်ဖြင့် ကျမ်းတစ်စောင်ဖွဲ့ပြီး ဖြေဆိုတော်မူထားတယ်၊ အခြားခြား သော ဆရာတော်များလည်း အသီးသီးဖြေဆိုထားကြပြီးဖြစ်တယ်၊ သို့သော် လည်း အမေးရောက်လာပြန်တော့ အဖြေဆိုတာပေးရဦးမှာပေါ့၊ ရှေးဦးစွာ အတ္တဆိုတဲ့အမေးကို ဖြေကြစို့ရဲ့"

"မှန်ပါ–ဖြေဆိုတော်မူပါဘုရား"

## အတ္တ

"အတ္တဆိုတဲ့ပုဒ်ကို သဒ္ဒါနည်းဖြင့်ကြည့်လိုက်တော့ သဒ္ဒါကြီးဥဏာဒ် ဆဒါဒီဟိတခြဏ်ဆိုတဲ့သုတ်မှာ အဒဓာတ်,တ–ပစ္စည်း၊ ဓာကွန်ဒ–ကို တ– ပြုပြီး 'အတ္တ'လို့ ရုပ်ပြီးထားတာတွေ့ရတယ်၊ ဝိဂ္ဂြိုဟ်ကိုတော့–

သုခဒုက္ခံ အဒတိ ဘက္ခတီတိ အတ္တာ၊ ဇာတိ–ဇရာ–မရဏာဒီဟိ ဝါ အဒီယတေ ဘက္ခီယတေတိအတ္တာ–လို့ ဆိုထားတယ်၊ ဝိဂြိုဟ်ရဲ့အနက်ကတော့ သုခ ဒုက္ခံ–ချမ်းသာဆင်းရဲကို၊ အဒတိ ဘက္ခတိ–စားတတ်၏၊ ဣတိ တသ္မာ– ထို့ကြောင့် အတ္တာ–အတ္တမည်၏(ဝါ)တစ်နည်းကား၊ ဇာတိဇရာမရဏာ ဒီဟိ– ဖြစ်ခြင်း ဆွေးမြေ့ခြင်း သေဆုံးခြင်းတို့သည်၊ အဒီယတေ ဘက္ခီယတေ– စားအပ်၏၊ ဣတိတသ္မာ–ထို့ကြောင့်၊ အတ္တာ–အတ္တမည်၏–တဲ့၊ ချမ်းသာဆင်းရဲကို စားတတ်သော (ဝါ)ခံစားတတ်သော ဇာတိဇရာ မရဏာတို့ရဲ့ တိုက်စားမှုကို ခံနေရသောပုဂ္ဂိုလ်ဟာ အရကောက်လိုက်တော့ ‘ခန္ဓာကိုယ်’ကို ရတယ်။

အတ္တာဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရော သိယာ–စတဲ့ ‘ဓမ္မပဒပါဠိတော် အတ္တဝဂ်လာ အတ္တဆိုတဲ့ပုဒ်များဟာ ငါ့ကိုယ်ရယ်လို့ ခေါ် ဝေါ်ပြောဆိုနေကြတဲ့အတွက် သည်ခန္ဓာကိုယ်ပါပဲ၊ သည်ခန္ဓာကိုယ်ဟာ ပညတ် ခန္ဓာကိုယ်မျှသာဖြစ်လို့ အနတ္တမှာဆိုလိုတဲ့ ‘အတ္တ’မဟုတ်ဘူး၊ အနတ္တမှာဆိုလိုတဲ့ အတ္တက တိတ္ထိများ ကြံဆအပ်သော အသက်ကောင်, ဝိညာဉ်ကောင်, ငါကောင်ကို ဆိုလိုတယ်၊ အသက်ကောင်, ဝိညာဉ်ကောင်, ငါကောင်လို့ ယူဆကြတဲ့ သည်အတ္တဟာ ဣဿရနိမ္မာန(ထာဝရဖန်ဆင်းမှု) ဝါဒက ဆင်းသက်လာတာ ဖြစ်လို့ အလွန်ကျယ်ဝန်းတယ်၊ အတ္တကျယ်ဝန်းပုံကို အဘိဓာန်နိဿယသစ် ၃၆–၄၀–တို့က ထုတ်နုတ်ပြီး ပြောပြဦးမယ်။

အတ္တဆိုတာ ‘တိကံ သရီရာဓိပတိဒေဝေ အတ္တနိ’ လို့ အမရကောသ စိန္တာမဏိဋီကာ ဖွင့်ဆိုတဲ့အတိုင်း ခန္ဓာကိုယ်ကိုအုပ်စိုးတဲ့ နတ်ဟူသောအနက်ကို ဟောသတဲ့၊ နတ်လို့ဆိုလိုက်တဲ့အတွက် အဟုတ်နတ်လို့တော့ မယူဆသင့်ဘူး၊ ဒါဖြင့် ဘယ်ပိုနတ်တုန်းဆိုတော့ ဖန်ဆင်းရှင်ဖြစ်တဲ့ ထာဝရဘုရားက ဖန်ဆင်းလိုက်တဲ့ ဇီဝကိုဆိုလိုသတဲ့၊ သည်နေရာမှာ အတ္တဟာ ဇီဝအတ္တ, ပရမအတ္တရယ်လို့ နှစ်မျိုးရှိတယ်၊ ဇီဝအတ္တဆိုတာ ထာဝရဘုရားကြီးလို့ ယူဆကြတဲ့ ဗြဟ္မာကဖန်ဆင်းလွှတ်လိုက်တဲ့ အတ္တဖြစ်တယ်။

တိတ္ထိတို့ရဲ့အလိုအားဖြင့် ဗြဟ္မာကဖန်ဆင်းလွှတ်လိုက်တဲ့ သည်အတ္တဟာ သတ္တဝါတို့ရဲ့ခန္ဓာအိမ်မှာ ခိုအောင်းပြီး ခန္ဓာအိမ်ရဲ့အရှင်သခင်သဖွယ်ဖြစ်နေ တယ်၊ ဒါကြောင့် သည်အတ္တကို သာမိ(အရှင်)၊ ဣဿရ(အစိုးရသူ)လို့လည်း

ခေါ်တယ်၊ ခန္ဓာက ပြုလုပ်သမျှဟာ အတ္တကစေခိုင်းလို့ အတ္တရဲ့အလိုအတိုင်း ပြုလုပ်နေရတဲ့အတွက် ကာရက(ပြုလုပ်သူ)လို့လည်းခေါ်တယ်၊ ခန္ဓာကိုယ်ရဲ့ ချမ်းသာဆင်းရဲကို ခံစားစံစားတတ်တဲ့အတွက်ကြောင့် ဝေဒက (ခံစားတတ်သူ) လို့လည်းခေါ်တယ်၊ ခန္ဓာအိမ်ပျက်စီးသော်လည်း မပျက်မစီးအမြဲတည်နေတတ်တဲ့ အတွက် နိဝါသီ(အမြဲတည်နေသူ)လို့လည်း ခေါ်တယ်၊ ခန္ဓာကိုယ်ကို မိမိအလိုသို့ လိုက်ပါစေနိုင်တဲ့အတွက် သယံဝသီ(မိမိအလိုဖြစ်စေသူ)လို့လည်း ခေါ်တယ်၊ ခန္ဓာအိမ်ရဲ့အကြီးအကဲ စီမံခန့်ခွဲတတ်သူဖြစ်လို့ အဓိဋ္ဌာယကလို့လည်း ခေါ်တယ်၊ သည်အတ္တဆိုတာကို ပါဠိဘာသာအားဖြင့် အရာအားလျော်စွာ 'ဝေဒဂူ, ပုရိသ, ဇီဝ, ဝိညာဏ'စသည် သုံးနှုန်းသော်လည်း အာရဗီဘာသာအားဖြင့် 'ရှုဟ်'၊ အင်္ဂလိပ်ဘာသာအားဖြင့် 'ဆိုးလ်'လို့ ခေါ်သတဲ့၊ မြန်မာတို့ကတော့ အသက် ကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင်လို့ ခေါ်ဆိုကြတယ်။

အမှန်မှာ သည်အတ္တဆိုတဲ့တရားဟာ ခန္ဓာအိမ်အတွင်းမှာ အမှန်တကယ် မရှိဘဲ တိတ္ထိများ ကြံဆတွေးခေါ်ရာက ဖြစ်ပေါ်လာတဲ့ တရားမျှသာဖြစ်တယ်၊ သို့သော်လည်း တိတ္ထိများကတော့ သည်အတ္တ အမှန်တကယ်ရှိကြောင်း ပုံကြီး ချဲ့ပြီးပြကြတယ်၊ တိတ္ထိတို့အလိုအားဖြင့် သည်အတ္တဟာ ပရမာဏုမြူမှုလောက် သာရှိပြီး နှလုံးအိမ်မှာတည်သတဲ့၊ ဂျိန်းစာပေများမှာတော့ အတ္တဟာ ခန္ဓာအိမ် ပမာဏရှိတယ်၊ ခန္ဓာအိမ်ငယ်လျှင်ငယ်တယ်၊ ခန္ဓာအိမ်ကြီးလျှင် ကြီးတယ်လို့ ဆိုကြတယ်၊ ဝေဒန္တကျမ်းများမှာတော့ အတ္တတရားဟာ (အခဏ္ဍာဗြဟ္မတ္တ) မပျက်စီးနိုင်သော ဗြဟ္မာမင်း(ထာဝရဘုရား)ရဲ့ အစိတ်အပိုင်းဖြစ်တယ် အလွန်ကြီးမားတယ်၊ အမြဲတည်တယ်၊ ခန္ဓာဟောင်းကိုစွန့်ပစ်ပြီး ခန္ဓာသစ် ရှာဖွေတဲ့အခိုက်မှာ တစ်လက်မ၊ အပ်နဖားတွင်း၊ စူးဖျားတို့အောက် အငယ် ဆုံးချည်ကို အစိတ်တစ်ရာစိတ် တစ်စိတ်မျှသာရှိတယ်လို့ဆိုတယ်၊ သည်အတ္တဟာ ဗြဟ္မာရဲ့အစိတ်အပိုင်းဖြစ်လို့ ခန္ဓာအိမ်တိုင်းမှာရှိနေတဲ့ အတ္တဟာ တစ်ခုတည်း သာဖြစ်တယ်လို့ ဆိုတယ်၊ ဉာယကျမ်းကတော့ ခန္ဓာအိမ်တစ်ခုလျှင် အတ္တတစ်ခု ဖြစ်တယ်လို့ဆိုပြန်တယ်၊ မိအက္ခရာကျမ်းကတော့ 'နှလုံးသားအရပ်မှ မအူပန်းရဲ့ ဝတ်မှုန်ပြင်ကဲ့သို့ ထွက်သွားကြတဲ့ ဟိတ အဟိတမည်ကုန်သော ခုနစ်သောင်း နှစ်ထောင်ကုန်သော အကြောများရှိကြတယ်၊ အကြောမကြီးကလည်း သုံးခု

ရှိတယ်၊ ထိုသုံးခုအနက် အကြောမကြီး နှစ်ခုတို့ဟာ နှလုံးသားရဲ့ လက်ဝဲလက်ယာ တစ်ဖက်တစ်ချက်စီမှ အထက်သို့တက်ပြီး နှာခေါင်းပေါက်နှင့် စပ်ကြသတဲ့၊ ထွက်လေဝင်လေတို့ရဲ့ သွားရာဖြစ်ကြသတဲ့၊ ကျန်တဲ့အကြောမက အထက်ကို တည့်တည့်တက်သွားပြီး ဦးခေါင်းထိပ်ဆီ ရောက်သွားသတဲ့၊ အဲသည် အကြောမကြီး သုံးခုတို့ရဲ့အလယ်မှာ လရောင်နှင့်တူတဲ့ အရောင်ဝန်းရှိတယ်၊ အတ္တဟာ အဲသည် အရောင်ဝန်းအလယ်မှာ မတုန်မလှုပ် တည်နေသတဲ့။

ယခု ပြောခဲ့တာက တိတ္ထိများ ကြံဆအပ်တဲ့ 'ဇီဝအတ္တ'ရဲ့ အခြင်းအရာ ဖြစ်တယ်၊ ပရမအတ္တဆိုတာက အဲသည် ဇီဝအတ္တကို ဖန်ဆင်းလွှတ်တဲ့ ကောင်းကင်ဘုံစံဖြဟ္မာကြီး (ထာဝရဘုရား) ဖြစ်တယ်၊ သည် ထာဝရဘုရားကို သက္ကတနှင့် ဟိန္ဒီတို့က 'ဤွရ'လို့ ခေါ်ကြတယ်၊ 'ပရမတ္တာ'လို့လည်း ခေါ်ကြတယ်၊ ပါဠိလို တော့ 'ဣဿရ ပရမအတ္တာ ပရမအာတုမာ'လို့ ခေါ်တာပေါ့၊ ပါရှင်းဘာသာ အားဖြင့်တော့ 'ခိုဒါ'၊ အာရဗီဘာသာအားဖြင့် 'အလ္လာဟ်'၊ အင်္ဂလိပ်ဘာသာ အားဖြင့် 'ဂေါ့ဒ်'လို့ ခေါ်ကြတယ်၊ ပရမအတ္တဖြစ်တဲ့ သည်ထာဝရဘုရားကြီးက မိမိရဲ့ ကိုယ်အစိတ်အပိုင်းဖြင့် သတ္တဝါများကို ဖန်ဆင်းပြီး အဖန်ဆင်းခံရတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းကိုတော့ 'ဇီဝအတ္တ'လို့ ခေါ်ကြတယ်၊ အလုံးစုံသော သတ္တဝါတွေဟာ 'ထာဝရဘုရားကြီး' ရှိ၊မရှိဆိုတာ မသိကြသော်လည်း မိမိတို့ရဲ့ ခန္ဓာကိုယ်အတွင်းမှာတော့ ခိုင်မြဲသော အတ္တကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင် ရှိတယ်လို့ ယူဆကြတယ်၊ ခန္ဓာကိုယ် ပျက်စီးသော်လည်း အတ္တကတော့ မပျက် စီးဘဲ ထိုထိုဘဝ လိုက်ပါပြီး မကောင်းမှုကံ ကောင်းမှုကံတို့ရဲ့အကျိုးကို ခံစား စံစားနေတယလို့ ထင်မှတ်ကြတယ်၊ အရိယာအဖြစ်ကို မရောက်သမျှ သည်အတ္တ စွဲလမ်းချက်ကို မစွန့်နိုင်ကြဘူး၊ သည် အတ္တအစွဲအလမ်းကို 'အတ္တဒိဋ္ဌိ'လို့ ခေါ် တယ်ကွယ့်"

"အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိဆိုတာ တူပါသလားဘုရား"

"အတ္တဒိဋ္ဌိနှင့် သက္ကာယဒိဋ္ဌိဆိုတာ အဓိပ္ပါယ်တူပါပဲ၊ သက္ကာယဆိုတာ 'သန္တော ကာယော သက္ကာယော'ဆိုတဲ့ အတိုင်း ထင်ရှားရှိသော ခန္ဓာငါးပါး အပေါင်းကို ခေါ်တယ်၊ ထိုခန္ဓာငါးပါးအပေါင်း၌ အတ္တရှိတယ်လို့ ယူဆချက်

ဟာ 'သက္ကာယဒိဋ္ဌိ'ပေါ့၊ သည်နေရာမှာစကားစပ်မိလို့ သက္ကာယဒိဋ္ဌိနှစ်ဆယ် ဆိုတာ ပြောကြဦးစို့ရဲ့"

"မှန်ပါ–အမိန့်ရှိတော်မူပါဘုရား"

## သက္ကာယဒိဋ္ဌိ ၂၀

"ငါ သူတစ်ပါး ယောက်ျား မိန်းမ လူနတ်ဗြဟ္မာစသော အခေါ်အဝေါ်များဟာ ပညတ်အခေါ်အဝေါ်တွေနော်၊ ပညတ်ဆိုတာ ထင်ရှားရှိတဲ့တရားမဟုတ်ဘူး၊ ထင်ရှားရှိတဲ့ ပရမတ်တရားဆိုတာက ရုပ်တရား နာမ်တရားဖြစ်တယ်၊ ရုပ်တရားနာမ်တရားကို ခန္ဓာဖွဲ့လိုက်တော့ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာရယ်လို့ ခန္ဓာငါးပါးဖြစ်လာတယ်၊ သည်ခန္ဓာငါးပါးမှတစ်ပါး လောကမှာ ဘာမျှမရှိဘူး ဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"တရားကိုယ်အားဖြင့် ခန္ဓာငါးပါးမှတစ်ပါး ဘာမျှမရှိသော်လည်း ပုထုဇဉ်များရဲ့စိတ်ထဲမှာတော့ သည်ခန္ဓာငါးပါးအတွင်းမှာ ငါဆိုတဲ့ အတ္တရှိနေသေးတယ်လို့ ယူဆကြတယ်၊ သည်လိုယူဆရာမှာ–

(၁) ရုပ်နှင့်အတ္တကို ရုပ်သည်ပင် ငါ၊ ငါသည်ပင်ရုပ်လို့ ရုပ်နှင့်အတ္တ မကွဲမပြားယူဆခြင်း၊

(၂) ရုပ်ရှိသောအတ္တလို့ ရုပ်နှင့်အတ္တကို ခွဲခြားပြီးယူဆခြင်း၊

(၃) အတ္တဆိုသော ငါအပေါ်မှာ ရုပ်တရားတည်နေတယ်လို့ အတ္တကို အမှီခံအဖြစ်ဖြင့် ယူဆခြင်း၊

(၄) ရုပ်အပေါ်မှာ အတ္တဆိုတဲ့ ငါတည်တယ်လို့ အတ္တကိုမှီတတ်သော အဖြစ် ယူဆခြင်း–

ရယ်လို့ ရူပက္ခန္ဓာကိုစွဲပြီး အတ္တအစွဲအလမ်း လေးမျိုးပြားခဲ့တယ်။

ထို့အတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်ဆိုတဲ့ နာမ်ခန္ဓာ လေးပါးတို့မှာလည်း တစ်ပါးတစ်ပါးအပေါ် အတ္တအစွဲအလမ်း ၄–ပါးစီ၊ ၄–ပါးစီ ပွားတဲ့အတွက် အတ္တဒိဋ္ဌိ ၂၀–ဆိုတာ ဖြစ်ပွားတယ်၊ သည်အတ္တဒိဋ္ဌိ ၂၀–ကို သက္ကာယဒိဋ္ဌိ ၂၀–လို့လည်း ခေါ်ကြတယ်ကွယ့်"

"မှန်ပါ့ဘုရား"

"သည် သက္ကာယဒိဋ္ဌိ ၂၀-မှာ ခန္ဓာသည်ပင် အတ္တ၊ အတ္တသည်ပင် ခန္ဓာလို့ ခန္ဓာငါးပါးအပေါ် ယူဆမှုငါးမျိုးကို ဥစ္ဆေဒဒိဋ္ဌိငါးပါးလို့ ခေါ်တယ်"

"ဘာကြောင့် ဥစ္ဆေဒဒိဋ္ဌိ ခေါ်တာတုံးဘုရား"

"ဥစ္ဆေဒဒိဋ္ဌိလို့ ခေါ်တာက ခန္ဓာပြတ်လျှင် အတ္တလည်း ပြတ်တယ်လို့ ယူဆလို့ပေါ့ကွယ်၊ ကျန်တဲ့ သက္ကာယဒိဋ္ဌိ ၁၅-ပါးတို့ကိုတော့ သဿတဒိဋ္ဌိလို့ သတ်မှတ်တယ်ကွယ့်"

"ဘာကြောင့် သဿတဒိဋ္ဌိ သတ်မှတ်တာလဲဘုရား"

"ဥစ္ဆေဒဒိဋ္ဌိ ၅-ပါးမှကြွင်းတဲ့ သက္ကာယဒိဋ္ဌိ ၁၅-ပါးတို့က ခန္ဓာနှင့် အတ္တကို အတူတူလို့ မယူဆဘူး၊ ခန္ဓာကတခြား အတ္တကတခြားလို့ ယူဆတယ်၊ ခန္ဓာပျက်သော်လည်း အတ္တကတော့ မပျက်ဘဲ ခန္ဓာဟောင်းကို စွန့်ပြီး ခန္ဓာအသစ်အသစ်မှာနေတယ်၊ ဒါကြောင့် အတ္တဟာ မြဲတယ်၊ အတ္တဟာ ခန္ဓာပျက်သော်လည်း မပျက်ဘူးလို့ ယူဆတဲ့အတွက် သဿတဒိဋ္ဌိလို့ သတ်မှတ်ရခြင်း ဖြစ်တယ်၊ သည်အတ္တတရားကို ပုထုဇဉ်များက အခြင်းအရာ လေးမျိုးနှင့် စွဲလမ်းတတ်ကြသတဲ့ကွယ့်"

"ဘယ်လို အခြင်းအရာလေးမျိုးပါလဲဘုရား"

## စွဲလမ်းမှု အခြင်းအရာလေးမျိုး

(၁) အချို့က သည်အတ္တတရားဟာ ခန္ဓာရဲ့ အတွင်းပစ္စည်းဖြစ်တယ်၊ အတ္တမှတစ်ပါး အခြားသော ရုပ်နာမ်တရားများက အပပစ္စည်းဖြစ်တယ်လို့ စွဲလမ်းတတ်ကြတယ်။

(၂) အချို့က သည်အတ္တတရားဟာ ငါရဲ့ ခန္ဓာကိုယ်အတွင်းမှာ အထည်ကိုယ်အဖြစ် တည်နေတယ်၊ အတ္တမှတစ်ပါး အခြားသော ရုပ်နာမ်များက အတ္တရဲ့နေအိမ်သဖွယ်သာ တည်ရှိတယ်၊ အတ္တကဲ့သို့ အမှန်တကယ် တည်ရှိတာ မဟုတ်ဘူးလို့ စွဲလမ်းတတ်ကြတယ်။

(၃) အချို့က အတ္တတရားဟာ ပုဂ္ဂိုလ်ရဲ့အလိုကို လိုက်တတ်တယ်၊ ပုဂ္ဂိုလ်က သွားလိုသောစိတ်, စားလိုသောစိတ် ဖြစ်လာလို့ စားမှု

သွားမှုကို ပြင်ဆင်လျှင် အတ္တက စားရုပ်, သွားရုပ်အဖြစ်ဖြင့် လိုက်တတ်တယ်၊ ပုဂ္ဂိုလ်က အိပ်လိုတဲ့အတွက် အိပ်မှုကိုပြင်ဆင်လျှင် အတ္တက အိပ်ရုပ်, အိပ်နာမ်ဖြစ်ပြီး လိုက်တတ်တယ်လို့ စွဲလမ်းတတ်ကြတယ်။

(၄) အချို့က ခန္ဓာအိမ်ဟာ ဆွေးမြေ့ ပျက်စီးတတ်တဲ့အတွက် အကာ သဘောကို ဆောင်သော်လည်း အတ္တက ဆွေးမြေ့ပျက်စီးခြင်း မရှိလို့ အနှစ်သဘောကို ဆောင်တယ်လို့ စွဲလမ်းတတ်ကြတယ်။ ယခုပြောခဲ့တာက အတ္တအကြောင်း အတိုချုပ်ပဲကွယ့်"

"အနတ္တရဲ့အကြောင်းကိုလည်း ဆက်ပြီးမိန့်တော်မူပါဦး ဘုရား"

## အနတ္တ

"အနတ္တဆိုတာ အတ္တမဟုတ်သောတရားလို့ ဆိုလိုတယ်၊ တိတ္ထိများက အတ္တရဲ့သဘာဝကို ဘယ်လိုပင် ပုံကြီးချဲ့ပြောပြော ဘုရားရှင်ကတော့ ခန္ဓာကိုယ်ရဲ့အတွင်းမှာ ခန္ဓာငါးပါး ရုပ်နာမ်တရားမှတစ်ပါး ဘယ်အတ္တမျှမရှိဘူး ဆိုတာကို ပြတ်ပြတ်သားသားမြင်တော်မူတယ်၊ အကယ်၍ ခန္ဓာငါးပါးအနက် တစ်ပါးပါးကို အတ္တလို့ စွဲလမ်းယူဆသော်လည်း ခန္ဓာငါးပါးဟာ သူစွဲလမ်း ယူဆသလို မြဲလည်းမမြဲ, ချမ်းသာကိုလည်း မဆောင်,မိမိအလိုကိုလည်း မလိုက်တဲ့အတွက် အနတ္တစင်စစ်သာဖြစ်တယ်၊ သည်အကြောင်းကို ခန္ဓဝဂ္ဂသံယုတ် ယဒနိစ္စသုတ်မှာ–

> "ရဟန်းတို့ ခန္ဓာငါးပါးတို့သည်မမြဲ၊ မမြဲသောခန္ဓာငါးပါးတို့သည် ဆင်းရဲကုန်၏၊ ဆင်းရဲသော ခန္ဓာငါးပါးတို့သည် အတ္တမဟုတ်ကုန်၊ အတ္တမဟုတ်သော ခန္ဓာငါးပါးတို့ကို ဤခန္ဓာတို့သည် ငါ့ဥစ္စာမဟုတ်၊ ငါ့အတ္တမဟုတ်ဟု မှန်ကန်သောပညာဖြင့် ရှုကြရမည်"

လို့ ဘုရားရှင် ဟောတော်မူတယ်၊ ဒါကြောင့် အနတ္တဆိုတာ အတ္တမဟုတ်သော တရားဖြစ်တယ်၊ တရားကိုယ်အရ ကောက်လိုက်တော့ 'ခန္ဓာငါးပါး ရုပ်တရား

နာမ်တရား' ဖြစ်တယ်ကွယ်"

"မှန်ပါ–အတ္တနှင့်အနတ္တကိုတော့ သဘောကျပါပြီ၊ အနတ္တလက္ခဏာ ဆိုတာကိုလည်း ဆက်ပြီး မိန့်တော်မူပါဦးဘုရား"

## အနတ္တလက္ခဏာ

"လက္ခဏာဆိုတာ လက္ခီယတေ အနေနာတိ လက္ခဏံ–ဆိုတဲ့အတိုင်း မှတ်သားကြောင်းဖြစ်သော အနက်ကို လက္ခဏာလို့ခေါ်တယ်၊ ခန္ဓာငါးပါးတို့ဟာ မြဲသလား မမြဲဘူးလား စစ်တမ်းထုတ်ကြည့်လျှင် မမြဲဘူးလို့ တွေ့လိမ့်မယ်၊ ထိုမမြဲသောအဖြစ်ဟာ သင်္ခါရတရား ဟုတ်မဟုတ် စစ်တမ်းထုတ်ရန် မှတ်သားထားကြောင်းဖြစ်လို့ ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာရယ်လို့ ခေါ်တယ်ကွယ့်၊ ရှင်းရဲ့လား"

"မှန်ပါ–ရှင်းပါပြီဘုရား"

"သာဓု–သာဓု–သာဓု"

**ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်(၁)**
**ပြီးပြီ။**

